www.burmeseclassic.com

# ၁၃၀၀ ပြည့် အရေးတော်ပုံ



၁၃၀၀ ပြည့် အရေးတော်ပုံ





BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ပြည့်



# အရေးတော်ပုံ

၁၃၀၀ ပြည့် အရေးတော်ပုံ စိန်ရတုအခမ်းအနား ကျင်းပရေးကော်မတီ (ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com

[illegible]

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

အုပ်ရေ – ၂၀၀၀

တန်ဖိုး – ၂၅၀၀ ကျပ်

[illegible]

မိဘအေးရိပ်

[illegible]

မင်းစံ Book Mart စာပေ

အမှတ်(၂/၁၁)၊ မြန္မာလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဲ့ဘုရားလမ်းအကြား၊ ... 

[illegible]

လင်းအောင်မြည်

[illegible]

ကိုတိန်း၊ ကိုညီ

[illegible]

ဦးသောင်းဟန်၊ မောင်နိုး

[illegible]

လှိုင်ထက်ကို၊ ငြိမ်းချမ်းဝေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်သည် ၁၃၀၀ပြည့်အရေးတော်ပုံကြီး၏(၇၅)နှစ်မြောက်စိန်ရတု အခါသမယဖြစ်ပါသည်။

၁၃၀၀ပြည့် အရေးတော်ပုံသည် မြန်မာပြည်အလယ်ပိုင်း ရေနံမြေအလုပ်သမားထုကြီး၏ နစ်နာဆုံးရှုံးနေသည့်အလုပ်သမားအခွင့်အရေးများကို ရရှိရန်တောင်းဆိုတိုက်ပွဲဝင်ခဲ့သည့်သပိတ်မှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများအပါအဝင်ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သည့်နယ်ချဲ့ဆန့်ကျင်ရေးပြည်သူ့အရေးတော်ပုံကြီးဖြစ်သည်။

၁၃၀၀ပြည့် နတ်တော်လဆန်း(၉)ရက် (၃၀၊၁၁၊၁၉၃၈)နေ့ တွင်ရေနံမြေမှ အလုပ်သမားသပိတ်တပ်ကို သခင်ဘိုးလှကြီးနှင့် တို့ဗမာ အစည်းအရုံးဝင် သခင်များဦးဆောင်လျှက် အလုပ်သမားခေါင်းဆောင် သခင်များ၊ ရေနံမြေ လုပ်သားများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ပြီး ချောက်ရေနံမြေမှ မိုင်၄၀၀ကျော် ကွာဝေးသည့် ရန်ကုန်မြို့သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

၁၃၀၀ပြည့်အရေးတော်ပုံသည် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများနှင့် တိုင်းရင်းသားလူမျိုး များ၏ ရပိုင်ခွင့်များသာမက မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရေးအတွက် လမ်းပြကြယ်ကြီးဖြစ်ခဲ့သည်။

ယခု ၁၃၀၀ပြည့် အရေးတော်ပုံ စိန်ရတု မှတ်တမ်းမှတ်ရာ အဖြစ်ထင်ကျန်ရစ်စေရန် မဂ္ဂဇင်းတစ်စောင် ကြိုးပမ်းစီစဉ်ထုတ်ဝေလိုက်ပါသည်။ ချို့ယွင်းချက်များရှိနေမည်ဖြစ်ပြီး ပြည့်စုံခြင်း၊ သေသပ်ကျနခြင်း၊ ခန့်ထည်ခြင်းတို့ကို ဦးစားပေး မဆောင်ရွက်နိုင်ခဲ့ကြောင်း ဝန်ခံပါသည်။ မဂ္ဂဇင်း အားနည်းချက်များကို တည်းဖြတ်သူများက တာဝန်ယူပါကြောင်းအသိပေးအပ်ပါသည်။

အရေးတော်ပုံ အောင်ရမည်။
တည်းဖြတ်သူများ

www.burmeseclassic.com

၁၃၀၀ပြည့်

# မာတိကာ


| | |
|---|---|
| စိန်ရတုသဝဏ်လွှာများ | ၆ |
| ဓါတ်ပုံမှတ်တမ်း | ၁၇ |
| သစင်၊ သစင်မကြီးများ ဓာတ်ပုံမှတ်တမ်း | ၁၇၅ |


## စိန်ရတုကဗျာများ


| | | |
|---|---|---|
| တင့်ထွန်း (ချောက်) | အရေးတော်ပုံထဲက သခင်မ | ၂၅ |
| သစ္စာမောင် (ရွှေကျွန်း) | စိန်ရတုကို ကြိုဆိုခြင်း | ၂၆ |
| အောင်ထွန်းလင်း (ချောက်) | ၁၃၀၀ပြည့် အရေးတော်ပုံစိန်ရတု တို့ဂုဏ်ပြု | ၂၇ |
| မောင်ချစ်နွယ် (ရေနံချောင်း) | ဘူမိနက်သန် ရေနံမြေ | ၂၈ |
| အောင်ထွန်းလင်း (ချောက်) | ၁၃၀၀[illegible] အရေးတော်ပုံသို့ | ၂၉ |
| သစ္စာမောင် (ရွှေကျွန်း) | မဟာ[illegible] ကျော်မြဲ | ၃၀ |
| တင့်ထွန်း (ချောက်) | ၁၃၀၀[illegible] [illegible]တော်[illegible] | ၃၁ |
| ပါသစ် | [illegible] | ၃၂ |
| [illegible] | [illegible] | ၃၄ |
| [illegible] | [illegible] | ၃၅ |
| [illegible] | [illegible] | ၃၆ |
| [illegible] | [illegible] | [illegible] |
| [illegible] | ၁၃၀၀[illegible] | [illegible] |
| [illegible] | [illegible] | ၃၉ |
| [illegible] | [illegible] | ၄၀ |
| မောင်မှိုင်းလွင် [illegible] | [illegible] | ၄၁ |


## စိန်ရတုကာတွန်းများ


| | |
|---|---|
| [illegible] | ၄၂ |
| [illegible] | [illegible] |
| [illegible] | |
| [illegible] | |
| [illegible] | |
| [illegible] | |


www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀ပြည့်

အရေးတော်ပုံ

## စိန်ရတုအရေးအသားများ


| | | |
|---|---|---|
| မြတ်ထွန်းအောင် | မြင်းခွာတစ်ချက်ပေါက်ရင် | ၄၈ |
| တင်နိုင်တိုး | ၁၃၀၀ပြည့် အရေးတော်ပုံနေ့ | ၅၂ |
| မိုးမြင့်ဝင်း (နည်းပညာ) | ၁၃၀၀ပြည့်နှစ် အရေးတော်ပုံမှသည် မပြီးဆုံးသေးတဲ့ အလုပ်သမားများ၏ ရှုန်းကန်မှုများ | ၅၄ |
| အောင်သန်းဦး (ရေနံ့သာ) | တေးချင်းသံလွင် . . . သခင်အမေ | ၆၀ |
| တင့်ထွန်း (ချောက်) | တစ်ခါတုန်းက ရေနံမြေ | ၆၄ |
| သက်၊ သက်၊ မြင့် | ၁၃၀၀ပြည့် အရေးတော်ပုံနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ | ၇၁ |
| သခင်လှကျွေ | မြန်မာ့မေဒေးအစ ရေနံမြေက | ၇၈ |
| ဦးကျော်လှိုင် (ဂုန်နီစက်ရုံ) | မြန်မာနိုင်ငံ အလုပ်သမားလှုပ်ရှားမှုသမိုင်း ၁၃၀၀ပြည့် အရေးတော်ပုံနေ့ သမိုင်းအဆက် | ၈၃ |
| ထက်မြက် | စိန်ရတု ၁၃၀၀ပြည့် အရေးတော်ပုံ | ၈၇ |
| သခင်ဖေ (လမ်းရှာ) | ၁၃၀၀[illegible] အရေးတော်ပုံ ရေနံမြေသပိတ်ကြီး မိုင် ([illegible]) [illegible] မှတ်တမ်း | ၉၁ |
| [illegible] (မြည်) | သခင်[illegible] | ၁၀၄ |
| [illegible] | [illegible] အရေးတော်ပုံ | ၁၀၈ |
| [illegible] | [illegible] အရေးတော်ပုံ[illegible] | [illegible] |
| [illegible] ဦးဝင်းတင် | [illegible] | ၁၂[illegible] |
| နေဝင်းစံ | ၁၃[illegible] | ၁၂၅ |
| ရေနံမြေဘဖေ | [illegible] | [illegible] |
| ဝဏ္ဏမှုအောင် | [illegible] သခင်[illegible] | [illegible] |
| [illegible] | ၁၃၀၀ပြည့် အရေးတော်ပုံ | [illegible] |
| သိန်းဖေမြင့် | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] (မြည်) | [illegible] | [illegible] |
| အောင်မြင့်ဦး ([illegible]) | [illegible] | [illegible] |


www.burmeseclassic.com

www.burmeseclassic.com





## ၁၃၀၀ ပြည့်အရေးတော်ပုံ စိန်ရတုအခမ်းအနားသို့

## ဒေါ်အောင်ဆန်းစုကြည် ပေးပို့သောသဝဏ်လွှာ

မြန်မာပြည်မှာ အရေးတော်ပုံလို့ပြောရင် အားလုံးက ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ပြေးမြင်ကြမှာပါ။ ဒါဟာ ဒီအရေးတော် ပုံကြီးရဲ့သမိုင်းမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကြောင့်ပဲဖြစ်ပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဆိုတာ မြန်မာ့ လွတ်လပ်ရေးလှုပ်ရှားမှု သမိုင်းမှာ အရေးကြီးတဲ့ အချိုးအကွေ့တစ်ခု၊ မြန်မာ့လွတ်လပ်ရေးအတွက် အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ဝန်ထမ်း၊ လယ်သမား၊ ကျောင်းသား၊ ဝန်ထမ်း၊ ပြည်သူပြည်သားအားလုံး စုစည်းမိတဲ့ လှုပ်ရှားမှု၊ နယ်ချဲ့တဲ့ အစိုးရကို ကျုပ်တို့တွေ လွတ်လပ်ရေးလိုချင် ပါတယ်ဆိုတာ ထင်ထင်ရှားရှား ပြသလိုက်တဲ့ ဆန္ဒထုတ်ဖော်မှု စတဲ့ အရေးကြီးတဲ့ သမိုင်းဆိုင်ရာ လက္ခဏာတွေနဲ့ ပြည့်နှက်နေတဲ့ အရေးတော်ပုံကြီးပဲ ဖြစ်ပါတယ်။

ထူးခြားတာက ဒီလှုပ်ရှားမှုကြီးကို စတင်ခဲ့တာကတော့ ရေနံမြေအလုပ်သမားတွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ဟာ သယံဇာတ ကြွယ်ဝတဲ့နိုင်ငံပါ။ ရေနံထွက်တဲ့တိုင်းပြည်မှာ ၁၃၀၀ပြည့်ကာလက မီးထွန်းစရာ ရေနံဆီမရှိလို့ ရေနံမြေအလုပ်သမားတွေ အမှောင်ထဲမှာ ဖောင်စီးရင်းရေငတ်ခဲ့ကြပါတယ်။ မီးမလင်းတဲ့တိုင်းပြည်ရဲ့ ဘေးဒုက္ခတွေကို မီးမောင်းထိုးပြခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ အခုဆိုရင် စိန်ရတုကာလတိုင်ခဲ့ပါပြီ။ ဒါပေမယ့် အခုလည်း သဘာဝဓာတ်ငွေ့တွေနိုင်ငံခြားကို တင်ပို့ပြီး အိမ်နီးချင်းနိုင်ငံတွေ မီးလင်းနေကြတဲ့အချိန်မှာ အမှောင်ထဲမှာ နေနေကြရဆဲဖြစ်ပါတယ်။

ကျွန်မတို့ တိုင်းသူပြည်သားတွေဟာ အလုပ်သမားတွေ အစပြုခဲ့တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ကျောင်းသားတွေကစခဲ့တဲ့ ၁၃၅၀ ပြည့်အရေးတော်ပုံ အစရှိတဲ့ အရေးတော်ပုံအဆက်ဆက်ကို ဆင်နွှဲခဲ့ကြပြီး တစ်ထောင့်တစ်နေရာက တာဝန်ကျေခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ တိုင်းပြည်ကို တကယ်ပဲ လွတ်လပ်ပြီး၊ ဒီမိုကရေစီအခွင့်အရေးတွေ၊ လူ့အခွင့်အရေးတွေ ပြည့်ဝတဲ့၊ ကိုယ့်တိုင်းပြည် သယံဇာတကို ကိုယ့်ပြည်သူတွေကိုယ်တိုင် ခံစားရပြီး ကိုယ်ပိုင်အလင်းနဲ့ နေနိုင်တဲ့ခေတ် ရောက်အောင် ကျွန်မတို့ဆက်ပြီး ရုန်းကန် ကြိုးစားရပါဦးမယ်။

အဲဒီလိုကြိုးစားနေတဲ့အခါမှာ လွန်ခဲ့တဲ့ ၇၅ နှစ်လောက်က ချောက်ကနေ ရန်ကုန်အထိ မိုင် ၄၀၀ ခရီးကို ချီတက်ခဲ့ကြတဲ့ အရေးတော်ပုံစိတ်ဓာတ်မျိုးနဲ့ ကျွန်မတို့တိုင်းသူပြည်သားတွေ၊ လူတန်းစား အလွှာမရွေး တညီတညွတ်တည်း တာဝန်သိသိနဲ့ ဆက်လက် ကြိုးပမ်းဖို့ လိုအပ်ပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံကို ဆင်နွှဲခဲ့ကြတဲ့ ချီတက်ပွဲကိုပါဝင်ခဲ့ကြတဲ့ အလုပ်သမားအားလုံး၊ ပြည်သူပြည်သား အားလုံးကိုလည်း ဒီသဝဏ်လွှာကလေးနဲ့ ဂုဏ်ပြုချင်ပါတယ်။ ဒီအရေးတော်ပုံ စိန်ရတုအခမ်းအနားကို ကြီးမှူးကျင်းပသူ၊ ပါဝင်ကူညီ တက်ရောက်သူအားလုံးကိုလည်း ကျေးဇူးတင် ဂုဏ်ပြုလိုက်ပါတယ်။

ထိုသဝဏ်လွှာကို ၁၁. ၁၂. ၂၀၁၃ နေ့က ချောက်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကျင်းပသည့် ၁၃၀၀ ပြည့်အရေးတော်ပုံ စိန်ရတုအခမ်းအနားတွင် ဖတ်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း သဝဏ်လွှာ

ယနေ့သည် ပြည်ထောင်စုနိုင်ငံတော်၏ အရင်းရှင်နယ်ချဲ့စနစ်အား တွန်းလှန်မှုသမိုင်းတွင် အရေးပါဆုံးနှင့် သမိုင်း အဝင်ဆုံး ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ၇၅ နှစ်ပြည့်နေ့ဖြစ်သည်။

၎င်းနေ့တွင် နယ်ချဲ့နယ်ချဲ့အရင်းရှင်စနစ်၏ ဖိနှိပ်ကုပ်သွေးစုပ်မှုကြောင့် ချောက်ရေနံမြေ အလုပ်သမားများ၏ အလုပ်သမားအခွင့်အရေး တောင်းဆိုတိုက်ပွဲဝင်မှုမှ အစချီ၍ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကြီးအဖြစ် အောင်မြင်စွာအသွင် ပြောင်းနိုင်ခဲ့ပြီး နိုင်ငံလုံးအနှံ့ လှုည်းနေ လှေအောင်း၊ မြင်းဇောင်းမကျန် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများ၊ စိတ်ဓာတ်များ ပွားများ ပေါ်ပေါက် သန္ဓေတည်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပေသည်။

ယနေ့အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနေသောပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် အလုပ်သမားထု၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ကုလသမဂ္ဂ လူ့အခွင့် အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့၏ နိုင်ငံတကာစံချိန် စံညွှန်းများ နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော အလုပ်သမားအခွင့်အရေးများအား ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားတိုင်း သိရှိနားလည် အရေးဆိုနိုင်ရေး လုပ်ငန်းစဉ်များအား အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ်ခံယူလျက် အလုပ်သမားထုနှင့်အတူ ဆက်လက် လက်တွဲ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ လေးစားစွာ ဆန္ဒပြုလိုက်ရပါသည်။

ထိုသဝဏ်လွှာကို ၁၁. ၁၂. ၂၀၁၃ နေ့က ချောက်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကျင်းပသည့် ၁၃၀၀ ပြည့်အရေးတော်ပုံ စိန်ရတုအခမ်းအနားတွင် ဖတ်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

၁၉၈၈ ပြည့် လူထုအရေးတော်ပုံကြီး၏ (၂၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားသို့ မိမိတို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက လေးစားတန်ဖိုးထားစွာဖြင့် ဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။ အရေးတော်ပုံကြီးအတွင်း အသက်ပေးသွားကြသော သူရဲကောင်း အာဇာနည်အပေါင်းနှင့်တကွ တိုက်ပွဲဝင် အရေးတော်ပုံတပ်သားအပေါင်းတို့အား မိမိတို့ပါတီကလှိုက်လှဲ ဂုဏ်ယူစွာ ဦးညွှတ်ဂါရဝပြုပါသည်။

၁၉၈၈ ပြည့်ဝန်းကျင် နှစ်ကာလများအတွင်း ရေနံမြေအလုပ်သမားများသည်

- အမြတ်အစွန်းမှန်သမျှကို ရေနံကုမ္ပဏီကြီးများကသာ လက်ဝါးကြီးအုပ်ရယူထားခြင်း။
- ရေနံမြေအလုပ်သမားများကို အလုပ်ခွင်အတွင်း စည်းကမ်းများတင်းကြပ်စွာ ချမှတ်ပြီး မတရားဖိနှိပ်ထားခြင်း။
- အလုပ်သားများအတွက် အခြေခံအခွင့်အရေးများကိုပင် ပေးမထားဘဲ ကျေးကျွန်များသဖွယ် မတရားခိုင်းစေခြင်း။
- ထိုခေတ်ကာလအစိုးရ(ဒေါက်တာဗမော်အစိုးရ)ကလည်း အလုပ်သမားများဖက်မှ အကာအကွယ်ပေးမှု လုံးဝမရှိဘဲ အလုပ်ရှင်များဖက်မှသာ တစ်ဖက်သတ် ရပ်တည်ကာကွယ်ပေးခြင်း စသည့် အခြေအနေဆိုးများကို နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ကြရပါသည်။

၁၉၈၈ ပြည့် လူထုအရေးတော်ပုံကြီးသည် ထိုသို့သောအခြေအနေဆိုးများမှ ဖောက်ထွက်ပြီး အခြေခံရပိုင်ခွင့်များ အာမခံနိုင်ငံရေးလှုပ်ရှားမှုမှ အစချီကာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးဆိုင်ရာ လူထုအရေးတော်ပုံကြီးအဖြစ် သယ်ဆောင်စိုက်ထူခဲ့ကြခြင်းဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် အလုပ်သမားထု၏ ညီညီညွတ်ညွတ် ဖြင့် ရဲရဲဝံ့ဝံ့ ဇွဲနဘဲကြီးစွာ တိုက်ပွဲဆင်နွှဲခဲ့မှု၊ အလုပ်သမား လယ်သမား၊ ကျောင်းသားနှင့် ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လက်တွဲဆောင်ရွက်ခဲ့မှု၊ တစ်နေရာ၊ တစ်ဒေသထဲမှာတင်မဟုတ်ဘဲ နိုင်ငံအနှံ့၊ နေရာအနှံ့တွင် ဆောင်ရွက်နိုင်ခဲ့မှု စသည့် အားကောင်း ချက်များသည် အရေးတော်ပုံကြီး၏ အဖိုးမဖြတ်နိုင်သော သမိုင်းတန်ဖိုးများဖြစ်သည်ဟု မိမိတို့ပါတီက အလေးအနက် ခံယူပါသည်။

ယနေ့မြန်မာနိုင်ငံ၏ အခြေအနေကိုကြည့်လျှင် အပြောင်းအလဲတချို့၊ နိုင်ငံရေးဖြစ်ထွန်းမှုအချို့ ပေါ်ပေါက်နေသည်ဟု ဆိုနိုင်သော်လည်း မိမိတို့နိုင်ငံ၏ အလုပ်သမားပြဿနာ၊ လယ်သမားပြဿနာ အပါအဝင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြဿနာအရပ်ရပ်တို့ကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။

အင်အားစု အသီးသီးပါဝင်ပြီး တန်းတူတွေ့ဆုံဆွေးနွေး အဖြေမရှာနိုင်သေးသရွေ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီနှင့် အမျိုးသားတန်းတူအခွင့်ကို အာမခံနိုင်သည့် အနေအထားအထိ မပြင်ဆင်နိုင်သေးသရွေ့ ယနေ့ ရင်ဆိုင်နေကြရသော အကြပ်အတည်းများကို ကျော်လွှားရန်မှာ ခက်ခဲနေဦးမည်ဖြစ်သည်ဟု မိမိတို့ပါတီမှ အခိုင်အမာ ယုံကြည်ပါသည်။

ယနေ့ကာလ အမျိုးသားရေးတာဝန်များအား မိမိတို့ပါတီအနေဖြင့် အလုပ်သမားများ၊ လယ်သမားများ၊ ကျောင်းသား များအပါအဝင် ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအပေါင်းတို့နှင့်အတူ ၁၉၈၈ ပြည့် လူထုအရေးတော်ပုံစိတ်ဓာတ်ကို ကိုင်စွဲပြီး ကျရာအခန်းမှ အတက်ကြွဆုံး ထမ်းဆောင်သွားမည်ဖြစ်ကြောင်း အရေးတော်ပုံကြီး၏ စိန်ရတုအထိမ်းအမှတ် အခါသမယတွင် လေးနက် တည်ကြည်စွာ ကတိသစ္စာပြုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၃၀၀ ပြည့် အရေးတော်ပုံ စိန်ရတုသဘင် အခမ်းအနား (ပြည်ခရိုင်)သို့ ရန်ကုန်ကော်မတီက ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

ပြည်ခရိုင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီး (၇၅) နှစ်မြောက် အထိမ်းအမှတ် စိန်ရတုသဘင် အခမ်းအနားကို ပြည်ခရိုင်မှ လူထုလူတန်းစား အလွှာအသီးသီးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဟု သိရှိရပါသဖြင့် ၁၃၀၀ ပြည့်အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုကျင်းပရေးကော်မတီ (ရန်ကုန်)က ဂုဏ်ယူဝမ်းမြောက်စွာ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့လိုက်ပါသည်။

၁၃၀၀ ပြည့် အလုပ်သမား အရေးတော်ပုံကြီးသည် မြန်မာပြည်၏ နိုင်ငံရေး၊ လွတ်လပ်ရေးနှင့် အလုပ်သမား အခွင့်အရေး ရရှိရေးတို့အတွက် အရေးပါလှသော နိုင်ငံရေးအုံကြွတောင်းဆိုမှုကြီး တစ်ရပ် ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် အလုပ်သမား အခွင့်အရေးရရှိရေး တစ်ခုတည်းသာမက မြန်မာပြည်သူတို့ နိုင်ငံရေးအရ အသိပညာ နိုးကြွားလာစေရန်နှင့် သူ့ကျွန်ဘဝသို့ ရောက်ရှိနေသော မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိစေရန် အချက်ပေးလိုက်သော နိုင်ငံရေးလှုံ့ဆော်မှုကြီး တစ်ခုလည်းဖြစ်ပေသည်။

ဤအရေးတော်ပုံကြီးကြောင့် မြန်မာပြည်သူလူထုတစ်ရပ်လုံး သွေးစည်းညီညွတ်လာကြပြီး နေရာအနှံ့ တိုက်ပွဲဝင်ဆန္ဒပြတောင်းဆိုလာမှုများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဗြိတိသျှနယ်ချဲ့အစိုးရသည် သပိတ်သမားများနှင့် တွေ့ဆုံညှိနှိုင်းကာအလျှော့ပေးစေ့စပ်လာရခြင်းလည်း ဖြစ်ပေသည်။ ထိုမှတစ်ဆင့် နောက်ဆုံးတွင် ဗြိတိသျှနယ်ချဲ့ အစိုးရအား မြန်မာပြည်တွင်းမှ မောင်းထုတ်နိုင်ကာ လွတ်လပ်ရေးရရှိသည်အထိ အောင်မြင်မှုရရှိခဲ့သော အရေးတော်ပုံကြီးလည်း ဖြစ်ပေသည်။ ဤသည်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံစိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။

ယခုခေတ် အရပ်သားတစ်ပိုင်း အစိုးရသည်လည်း ဒီမိုကရေစီကို ဇန်းပြကာ အသံကောင်းဟစ်ကြွေးနေသော်လည်း ယခုအချိန်အထိ အလုပ်သမားအခွင့်အရေး၊ လယ်သမားအခွင့်အရေးနှင့် ကျောင်းသားများအခွင့်အရေးများကို မယ်မယ်ရရ လုပ်ဆောင် အကောင်အထည်ဖော်ခြင်းမရှိဘဲ ယခင်နယ်ချဲ့ အင်္ဂလိပ်အစိုးရနည်းတူ ဟန်ပြလုပ်ဆောင်နေပေသည်။ ဤသည်ကို ၁၃၀၀ ပြည့် အရေးတော်ပုံစိတ်ဓာတ်ကိုင်ဆွဲကာ သတ္တိရှိရှိခွဲရှိရှိဖြင့်စည်းလုံးညီညွတ်စွာ တောင်းဆိုတိုက်ပွဲဝင်သွားကြရန် လိုအပ်လှပေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးအတွင်း ပါဝင်ပတ်သက်ခဲ့သော ပြည်ခရိုင်မှလည်း မမေ့မလျော့ နှင့် သတ္တိရှိရှိ စည်းလုံးညီညွတ်စွာ စိန်ရတုသဘင် အခမ်းအနားကြီးကို ယခုကဲ့သို့ ကျင်းပနိုင်ခြင်းမှာလည်း သမိုင်းအမွေကို တာဝန်ကျေပွန်စွာ ဆက်ခံခြင်း ဖြစ်သကဲ့သို့ နောင်လာမည့် မျိုးဆက်များကို သမိုင်းအမွေ လက်ဆင့်ကမ်းပေးခြင်းလည်း မည်ပေသည်။ ဤအတွက် ရန်ကုန်ကော်မတီမှချီကျူး ဂုဏ်ပြု မှတ်တမ်းတင်လိုက်ပါသည်။ ရန်ကုန်ကော်မတီမှလည်း ပြည်ခရိုင်နည်းတူ စိန်ရတုကျင်းပရေးကော်မတီများ၏ ပူးတွဲ တောင်းဆိုချက် (၆) ချက်ကို ကိုင်ဆွဲရင်း နိုင်ငံရေး အနှစ်သာရ ရှိရှိဖြင့် ၁၃၀၀ ပြည့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း အလေးအနက် အမိဋ္ဌာန်ပြုရင်း ဤဂုဏ်ပြုသဝဏ်လွှာ ပါးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားသို့ ကိုတိုးကျွန်းဖြိုး နိုင်ငံရေးအင်အားစု၏ သဝဏ်လွှာ

၁။ ၁၃၀၀ ပြည့် အရေးတော်ပုံသည် ရေနံမြေအလုပ်သမားများ၏ ဗြိတိသျှနယ်ချဲ့ ကိုလိုနီအစိုးရ အောက်မှ ဂုဏ်ရောင်ပြောင်သော မဟာတိုက်ပွဲကြီး တစ်ရပ်ဖြစ်ပေသည်။

၂။ ရေနံမြေအလုပ်သမားထုအပေါ် ဗြိတိသျှရေနံကုမ္ပဏီမှ သွေးစုပ်အမြတ်ထုတ်မှုကြောင့် ရေနံမြေ လုပ်သားထုတစ်ရပ်လုံးသည် လူလုံးမလှခံစားခဲ့ရသည်။ နေခြစ်ခြစ်တောက်ပူလောင်သော ရေနံမြေရှိ အလုပ်သမားများသည် ပြင်းထန်သော ရာသီဉတုဒဏ် ရေနံငွေ့များမှ ထွက်ရှိသော ဓာတုဗေဒ အဆိပ်ငွေ့များအား ရှူရှိုက်ပြီး ကိုလိုနီအရင်းရှင် ရေနံမြေကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အနစ်နာခံ လုပ်အားစိုက် ထုတ်လုပ်ကိုင်ရသော်လည်း ရရှိသောလုပ်ခလစာနှင့် လူနေမှုဘဝဖူလုံရေးမှာ ဗလာနိတ္တိ ဖြစ်သည်။ ထို့ကြောင့် လုပ်သားထုက မိမိတို့နစ်နာချက်များ၊ ငြိမ်းချမ်းစွာ ဖော်ထုတ်တောင်းဆိုသော်လည်း ဗြိတိသျှ ရေနံကုမ္ပဏီအရင်းရှင်တို့က ဥပက္ခာပြုပြီး ဖိနှိပ်ဖြေရှင်းခဲ့ကြသည်သာဖြစ်သည်။

၃။ ထိုသို့ မတရားဖိနှိပ်မှုများကို မခံမရပ်နိုင်လွန်းသောအခါ ရေနံမြေလုပ်သားထုတရပ်လုံး စည်းလုံးညီညွတ်စွာ စုစည်းခဲ့ကြသည်။ တို့ဗမာသခင်နိုင်ငံရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပေါင်းစပ်ကာ ရန်ကုန်မြို့ရှိ ကိုလိုနီအစိုးရရုံးစိုက်ရာသို့ မိမိတို့ အခွင့်အရေးများ ရရှိရေးအတွက် ပင်ပန်းကြီးစွာ မိုင် ၄၀၀ ခရီးကို ချီတက်ခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှကိုလိုနီအစိုးရ၏ လက်ကိုင်တုတ် စစ်ပုလိပ်များ၏ရိုင်းပျစွာ ဖိနှိပ်တားဆီးမှုကို ကျော်ဖြတ်ခဲ့ကြရပေသည်။

၄။ ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားတိုက်ပွဲသည် အလုပ်သမား အရေးသက်သက်မဟုတ်တော့ဘဲ ဗမာပြည်၏ အဓိက လူမှု အင်အားစုကြီး နှစ်ရပ်ဖြစ်သော လယ်သမားများနှင့် ကျောင်းသား အင်အားစုများပါ ပါဝင်ပူးပေါင်း တိုက်ပွဲဝင်ခဲ့ကြသည်။ ဤတွင် ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားထု၏ တိုက်ပွဲ တစ်ဆင့်မြင့်၍ နိုင်ငံရေးအဓိပ္ပာယ် ပိုမိုပါဝင်ခဲ့တော့သည်။

၅။ ၁၃၀၀ ပြည့် အရေးတော်ပုံသည် မတရားဖိနှိပ်သွေးစုပ်သော နယ်ချဲ့နေရှင်စနစ်ကို ဆန့်ကျင် တိုက်ခိုက်ခြင်း၊ စစ်ပုလိပ် တပ်ဖွဲ့များ၏ ရိုင်းပျစွာ မတရားဖမ်းဆီးထောင်ချ နှိပ်ကွပ်မှုများကို ဆန့်ကျင်သော ဒီမိုကရေစီအရေးတော်ပုံ အသွင်ဆောင်လာခြင်းနှင့် ပြည်သူတရပ်လုံး ပူးပေါင်းပါဝင်လာခြင်းဖြင့် ဗြိတိသျှနယ်ချဲ့ စစ်ဖိနပ်အောက်ကရုန်းထွက်သော အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအသွင် သို့လည်း ဆောင်ခဲ့ရလေသည်။

၆။ ယနေ့သည် နောင်တော်ရေနံမြေအလုပ်သမားကြီးများ၏ အရေးတော်ပုံကား ၇၅ နှစ်တင်းတင်း ပြည့်ခဲ့ပြီး ဤတိုက်ပွဲ၏ အကျိုးရလဒ်ကြောင့်ပင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို အားဖြည့်နိုင်ခဲ့၍ လွတ်လပ်ရေးဆိုသည်လည်းရခဲ့ပြီး သို့သော် မျက်မှောက် ဗမာနိုင်ငံရေး မျက်နှာစာ၌ အလုပ်သမားတို့ ဖိနှိပ်သွေးစုပ်ခံရမှုမှ မလွတ်မြောက်သေး။ ဒီမိုကရေစီ အခွင့်အရေးများ၊ မှောင်ချခံနေရဆဲ။ ပိုဆိုးသည်က ပြည်တွင်းစစ် မရပ်စဲနိုင်သေးချေ။ ဤအခြေအနေများအောက်၌ အလုပ်သမားနှင့်ပြည်သူလူထုကြီး တရပ်လုံး ဒုက္ခ အဝဝကို ခါးစည်းခံနေရဆဲပင် မဟုတ်လော။

၇။ သို့ဖြစ်ပါ၍ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် ပြည်သူလူထုကြီးအပေါ် ဖိစီးနေသောလူမှုဒုက္ခအဝဝကို မှောက်လှန်ပြောင်းလဲပစ်နိုင်ရန် မျက်မှောက်နိုင်ငံရေးအခြေအနေကတောင်းဆိုနေ သောပြဿနာမှာ စစ်တပ်က နိုင်ငံရေးဩဇာ လွှမ်းမိုးထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တိုက်ဖျက်ရေးပင် ဖြစ်ပေသည်။ ထို့ကြောင့် လူမျိုးစုံ ပြည်သူတရပ်လုံးသည် လူတစ်ဦးတည်းသို့ သွေးစည်းညီညွတ်စွာခေါင်းဆောင်မှုတရပ်ကို ထူထောင်ပြီး မှန်ကန်သောတိုက်ပွဲနည်းနာများချမှတ်ကာ ပြတ်ပြတ် သားသားတိုက်ပွဲ ဆင်နွှဲသွားရကြရန် နှိုးဆော်လိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားသို့ (၁၉၇၄/၇၅)ခုနှစ် သပိတ်မှောက်အကျဉ်းကျအလုပ်သမားဟောင်းကြီးများ ကွန်ရက်မှ ပေးပို့သောသဝဏ်လွှာ

ဦးစွာပထမ (၁၃၀၀) ပြည့် အရေးတော်ပုံကြီးတွင် ကျဆုံးသွားခဲ့ကြသော အာဇာနည် အပေါင်းအား အလေးအနက် ဂါရဝပြု ဦးညွှတ်အပ်ပါသည်။

(၁၃၀၀) ပြည့် အရေးတော်ပုံ ရေနံမြေအလုပ်သမား သပိတ်ကြီးသည်ကား ဗြိတိသျှနယ်ချဲ့တို့ လက်အောက် တစ်မျိုးသားလုံး ကျွန်သဘောက်ဘဝကျရောက်နေချိန် အုပ်ချုပ်သူတို့မှ မတရား၊ အမြတ် ထုတ် သွေးစုပ်ချုပ်ချယ်မှုများကို အပြင်းအထန် ခံစားကြရ၍ မခံမရပ်နိုင်သည့်အဆုံး အလုပ်သမား သွေးစည်း ညီညွတ်မှုကို အခိုင်အမာတည်ဆောက်လျက် တို့ဗမာအစည်းအရုံးကြီး၏ ဦးဆောင်လမ်းညွှန်မှု နှင့် ပုဒ်မ (၁၄၄) ကိုပင် အမှုမထားဘဲ ဖီဆန်ကာ မိုင် (၄၀၀) ကျော် ဝေးကွာသော ရန်ကုန်မြို့သို့ခြေလျင် ချီတက်ပြီး တော်လှန်အံတုခဲ့သည့် အရေးတော်ပုံကြီးဖြစ်ပေသည်။

အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ရင်းနှီး ပေးဆပ်ခဲ့ရသော်လည်း တစ်မျိုးသားလုံး လွတ်မြောက်ရေး မီးရှူးတိုင်ကြီးအား ထွန်းညှိပေးခဲ့သော (ပထမ)မြောက် မြန်မာနိုင်ငံအလုပ်သမား လှုပ်ရှားမှုသမိုင်းအဖြစ် မော်ကွန်းတင် စေခဲ့ပြီး သမိုင်းအမွေဆက်ကိုလည်း ပေးဆောင်ခဲ့ပေသည်။

ထိုသမိုင်းအမွေဆက်ကြောင့် (၁၉၇၀) ပြည့် နှစ်လွန်ကာလများမှသည် (၁၉၇၄/၇၅) ခုနှစ်တွင် မြန်မာနိုင်ငံ တာန် တလျား၊ စက်ရုံ၊ အလုပ်ရုံများစွာမှ အလုပ်သမား သပိတ်လှုပ်ရှားမှုများကို မ. ဆ. လ တစ်ပါတီ အာဏာရှင်စနစ်မှ အကြမ်းဖက်၊ သတ်ဖြတ်၊ ထောင်နှစ်ရှည်ချကာ ဖိနှိပ်မှုကြောင့် အသက်သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ခဲ့ရသော်လည်း မ. ဆ. လတပါတီ အာဏာရှင်၏ မင်းသားခေါင်းဆောင်းထားခြင်းကို ချွတ်ခွာစေ၍ ဘီလူးခေါင်းကို ထုတ်ပြနိုင်ခဲ့ပေသည်။ ထိုအလုပ်သမား သပိတ်အား ကျောင်းသား ထုနှင့် ပြည်သူများပါ ထောက်ခံပါဝင်ကြသည့်အတွက် (ဒုတိယ) မြောက် (၁၉၇၄/၇၅) ခုနှစ် မြန်မာနိုင်ငံသပိတ်မှောက် အလုပ်သမား လှုပ်ရှားမှု သမိုင်းဖြစ်ကြောင်း တင်ပြရင်း -

(၁၃၀၀) ပြည့် အရေးတော်ပုံ စိန်ရတုအခမ်းအနား ကော်မတီများ၏ ကြေငြာချက်ပါ တောင်းဆိုချက် (၆) ချက်အား အပြည့်အဝထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

(၁၉၇၄/၇၅) ခုနှစ် သပိတ်မှောက်အကျဉ်းကျ အလုပ်သမားဟောင်းကြီးများ ကွန်ယက်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## "၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားအတွက် ဂုဏ်ပြုသဝဏ်လွှာ"

### ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်

၁။ ၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကို ကျွန်ုပ်တို့၏ "ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ကွန်ရက် (ရန်ကုန်)"က တက်ရောက်၍ ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအရပ်ရပ်ကို အသက်ပေးပြီး ဗမာ့လွတ်လပ်ရေးကို ရှေ့ဆောင် လမ်းပြဆောင်ရွက်ခဲ့ကြသည့် မန္တလေးအာဇာနည် ၁၇ဦးနှင့်တကွ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၊ အောင်လံဗိုလ်ဗဖိုး အစရှိသောအာဇာနည်သူရဲကောင်းအပေါင်း တို့အား ကျွန်ုပ်တို့ ဦးညွှတ်အလေးပြုပါသည်။

၃။ ၁၃၀၀ပြည့်အရေးတော်ပုံကြီးသည် အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ရဟန်းရှင်လူ တိုင်းရင်းသား ပြည်သူလူထု လူတန်းစားပေါင်းစုံ အမျိုးသား ညီညွတ်ရေးစိတ်ဓာတ်ဖြင့် တစ်မျိုးသားလုံး သွေးစည်းကာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံးဝ လွတ်လပ်ရေးကို ဦးတည်နိုင်ခဲ့သော ပြည်သူ့အရေးတော်ပုံကြီးပင်ဖြစ်သည်။

၄။ ယခုအခါ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်းများရှိသော်လည်း တိုင်းပြည်၏ ဒေသအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသော အလုပ်သမားသပိတ်မှောက်မှုများ၊သိမ်းဆည်းခံ လယ်ယာမြေ ပြန်လည်ရရှိရေး ဆန္ဒပြလှုပ်ရှားမှုများ၊ လူမျိုးရေးဘာသာရေး အသွင်ဆောင်သော အကြမ်းဖက်တိုက်ခိုက်မှု အဓိကရုဏ်းများ၊တိုင်းရင်းသားဒေသများတွင်ဖြစ်ပေါ်လျက်ရှိသော စစ်ပွဲများ၊ ပြည်သူလူထု၏ အခွင့်အရေးကာကွယ်မှုဆိုင်ရာ တရားမျှတရေး ပြဿနာများ လာဘ်ပေး လာဘ်ယူ ခြစားမှုများ၊ နိုင်ငံရေးအကျဉ်းသားများရှိနေမှု စသည့် အထွေထွေပဋိပက္ခများရှိနေဆဲ ဖြစ်ရုံသာမက ထိုပဋိပက္ခများ တစ်စတစ်စ ကြီးထွားလျက် ရှိနေသည်။

၅။ ထို့ကြောင့် ယနေ့ကာလတွင် တိုင်းပြည်အတွက် အမျိုးသား သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးတို့ကို ဖြေရှင်းပေးနိုင်စွမ်းမရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြုပြင်ပြောင်းလဲရန် (သို့မဟုတ်) အသစ်ရေးဆွဲရန် လိုအပ်ပါသည်။

၆။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် အမျိုး သား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော် သမ္မတ ဦးသိန်းစိန် လွှတ်တော်၊ တပ်မတော်တို့နှင့် လေးပွင့်ဆိုင်တွေ့ဆုံရန် မေတ္တာရပ်ခံမှုကို ကျွန်ုပ်တို့အနေနှင့် မူအားဖြင့် ထောက်ခံပါသည်။ ထိုသို့တွေ့ဆုံရာတွင် တိုင်းရင်းသား ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦး ပါဝင်သော ငါးပွင့်ဆိုင် တွေ့ဆုံမှုဆောင်ရွက်နိုင်ပါလျှင် ပိုမိုပြည့်စုံမည်ဟု ကျွန်ုပ်တို့ယူဆပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၇။ သို့ဖြစ်ပါ၍ လက်ရှိနိုင်ငံရေး ပြဿနာများကို ဖြေရှင်းနိုင်ရန် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်သည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာစေရန် တိုင်းရင်းသား လူမျိုးစုများ အပါအဝင် လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေး အင်အားစုများ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်း အသီးသီး၊ ဒီမိုကရေစီ အင်အားစုများနှင့်အတူ တပ်မတော်၊ အစိုးရ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စု ညီလာခံကြီးကိုသွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်ပါကြောင်းအလေးအနက် တိုက်တွန်းလိုက်ရပေသည်။ သို့အတွက် -

- တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးကို အစိုးရမှ ကြေညာပေးရန်၊
- ပုဒ်မ (၁၈) နှင့် မတရားသင်းဥပဒေကို ပယ်ဖျက်ပေးရန်၊
- ငြိမ်းချမ်းရေးအတွက် အင်အားစုအားလုံးပါဝင်သော ပြည့်ဝသည့် ယုံကြည်မှုကို တည်ဆောက်ကြရန်၊
- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွင် တိုင်းရင်းသား အင်အားစုများက လက်ခံနိုင်ဖွယ် မရှိသော နိုင်ငံရေးမူဘောင်များ၊ ဥပဒေများကို အကြပ်ကိုင် ဖိအားပေးခြင်းကို ရှောင်ရှားရန်၊
- အလုပ်သမားများ၏ လုပ်ခနှင့် လစာမမျှတမှု၊ လယ်သမားများ၏ သိမ်းဆည်းခံ လယ်မြေများ ပြန်လည်ရရှိရေးနှင့် ပြည်သူလူထု၏ အခွင့်အရေးကာကွယ်ရန်အတွက် ဆန္ဒထုတ်ဖော်မှုများကို အကြမ်းဖက်ဖြေရှင်းခြင်း လုံးဝမပြုလုပ်ရန်၊ အကြမ်းဖက် ဖြေရှင်းခဲ့မှုများတွင် တာဝန်ရှိသူများအား အရေးယူပေးရန် တောင်းဆိုလိုက်သည်။

၁၃၀၀ ပြည့် အရေးတော်ပုံ စိတ်ဓာတ် အမွန်ရှည်ပါစေ။

**သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်(ရန်ကုန်)**

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်သမားအခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့
# LABOUR RIGHTS DEFENDERS & PROMOTERS

**၁၃၀၀ ပြည့်အရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနား (ပဲခူးတိုင်း၊ ပြည်ခရိုင်)သို့ ပေးပို့သော သဝဏ်လွှာ**

၁၃၀၀ ပြည့် အရေးတော်ပုံကြီးသည် နယ်ချဲ့ကအာဏာရှင်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံချပ်တို့မှ စတင်ခဲ့သော အမျိုးသားအရေးတော်ပုံကြီးဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီအစိုးရနှင့် ဘီအိုစီကုမ္ပဏီတို့လက်ဝါးရိုက်၍ ရေနံမြေအလုပ်သမားများအပေါ် ကုတ်သွေးစုပ် အမြတ်ထုတ်မှုကို ဆန့်ကျင်တိုက်ဖျက်ခဲ့သော ပထမဦးဆုံးသော နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားတိုက်ပွဲကြီးတစ်ရပ်လည်းဖြစ် သည်။

မိုင်လေးရာကျော်ခရီးကို ငြိမ်းချမ်းစွာ ချီတက်ဆန္ဒထုတ်ဖော်ခဲ့သော မြန်မာတစ်မျိုးသားလုံးအတွက် ပထမဆုံး စံပြအရေးတော်ပုံကြီးတွင် ချီတက်ရာလမ်းတလျောက် မြို့ရွာများမှ ပြည်သူလူထုများသည် အတူပူးပေါင်း၍ တခဲနက် ပါဝင်ချီတက် ခဲ့ကြရာ ပြည်မြို့သည်လည်း တက်ကြွစွာ ဦးဆောင်ပါဝင်သော ၁၃၀၀ ပြည့်တိုက်ပွဲဝင်မြို့ကြီးတစ်မြို့ဖြစ်သည်။

၁၃၀၀ပြည့်အရေးတော်ပုံဖြစ်ပွားရခြင်းမှာ ကိုလိုနီအစိုးရနှင့် ဘီအိုစီ(အလုပ်ရှင်)ပူးပေါင်း၍ ရေနံမြေအလုပ်သမားထုအားဖိနှိပ်မှုကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယနေ့အခြေအနေသည် အလုပ်ရှင်များမှ အလုပ်သမားထုအပေါ် ဖိနှိပ်နေ ခြင်းကို အစိုးရမှ လျစ်လျူရှုနေမှုနှင့် ထပ်တူကျနေသည်ကို သတိထားဖွယ်ရာအခြေအနေဖြစ်သည်။

ကျွန်ုပ်တို့အလုပ်သမားအခွင့်အရေး ကာကွယ်မြှင့်တင်သူများမှ

(၁) အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေး အပြည့်အဝရရှိရေး

(၂) အလုပ်သမား၊ လယ်သမားတို့၏ မိသားစုဘဝ ပိုမိုတိုးတက်မြင့်မားရေး

(၃) အလုပ်သမား၊ လယ်သမား သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ပြီး ခိုင်မာသည့် အလုပ်သမား အဖွဲ့ချုပ်ကြီး ပေါ်ပေါက်ရေးကို ဦးတည်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်မြို့တွင် ကျင်းပသော ၁၃၀၀ ပြည့် အရေးတော်ပုံ စိန်ရတုအခမ်းအနားသို့ သဝဏ်လွှာပေးပို့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဗမာပြည်
# တို့ဗမာအစည်းအရုံးတိုင်းသို့ဆင့်စာ

သခင်အောင်ဆန်း

ရေနံမြေအလုပ်သမားကိစ္စတွင် မကွေးထောင်တွင်ကျရောက်နေသောသခင်ကွန်းကြီးသည် ယခုအခါ မကွေးထောင်အတွင်းတွင် အနိစ္စ ရောက်ပြီဖြစ်၍ တို့ဗမာအစည်းအရုံးတိုင်းက သခင်ကွန်းကြီး၏ ဈာပနနေ့တွင် ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ် တို့ဗမာအလံကို တစ်ဝက်လွှင့်ထူစေလိုကြောင်း။

ရင်းအပြင် ဈာပနသို့ တက်ရောက်နိုင်သော သခင်များသည် တက်ရောက်ကူညီစေလိုကြောင်း။ ကွယ်လွန်သူသခင်ကွန်းကြီးအား ရည်မှန်း၍ ဆွမ်းသွတ်ခြင်း၊ အမျှအတန်းဝေခြင်းများကိုလည်း ပြုလုပ်စေလိုကြောင်း ငွေကြေးများကိုလည်း တတ်နိုင်သမျှ စုဆောင်း၍ သခင်ကွန်းကြီး၏ ဆွေမျိုးများအား ကူညီထောက်ပံ့စေလိုကြောင်း။

"အရေးတော်ပုံအောင်ပါစေ"

သခင်အောင်ဆန်း
အထွေထွေအတွင်းရေးမှူး
ဌာနချုပ်တို့ဗမာအစည်းအရုံးကြီး
၇၆၊ရေကျော်လမ်း ၊ ရန်ကုန်မြို့။
(မြန်မာ့အလင်းသတင်းစာ)
၂၅. ၁၂. ၃၉

www.burmeseclassic.com

www.burmeseclassic.com



# သပိတ်တပ်ကြီး၏ မေတ္တာရပ်ခံစာ

သခင်ဘိုးလှကြီး

ရေနံမြေ ၊ ရေနံချောင်းမှစ၍ မကွေး၊ တောင်တွင်းကြီး၊အောင်လံ၊ ပြည်လမ်းတစ်လျှောက် ရန်ကုန်အထိ မြို့နယ်အသီးသီးရှိ ပိုက်းဂဏပါတီမရွေး အသင်းအပင်း၊မြို့မိမြို့ဖ၊ မျိုးချစ်တိုင်းချစ်၊ ဆင်းရဲသားချစ်၊ ရဟန်းရှင်လူနယ် သူနယ်သားအပေါင်းတို့အား တင်ကြို နှိုးဆော်၍ မေတ္တာရပ်ခံလိုက်ပါသည်။

အဆွေတော်တို့၏ ဆွေချင်းသားချင်း၊ ဆင်းရဲသားအလုပ်သမားဖြစ်ကြကုန်သော ရေနံချပ်၊ လမ်းရွာ၊ ချောက်၊ ရေနံချောင်း စသည့် (၄)ဌာနတို့မှ သပိတ်မှောက်အလုပ်သမား (၁၀၀၀) ကျော်တို့သည် ပြည်ပိုင်အစိုးရ၊ ဓနရှင်ကုမ္ပဏီကြီးတို့က (၁၁)လကျော်တိုင် လျစ်လျူရှုတင်းမာမှုတို့ကြောင့် ယခုအခါ အိမ်တန်းလျားများမှ နှင်ထုတ်ခံကြရခြင်း၊အနှောင့်အယှက်ဆင်းရဲကြီးစွာခံရပြီး ထောင်ပြစ်တန်ကြရခြင်း၊ ဘေးဒဏ်အရပ်ရပ်တို့ကို မခံမရပ်နိုင်ကြသည့်အားလျော်စွာ အဆွေတို့၏ နယ်ပယ်မြို့ရွာလမ်းခရီးစဉ်အတိုင်း ရန်ကုန်သို့ အရောက် ခြေလျင်လျှောက်ကြမည့် ရေနံမြေသပိတ်တပ်မကြီးမှာ ၃၀. ၁၁. ၃၈ နေ့က စတင်ထွက်ခွာချီတက်လာကြပါပြီ။


သို့ပါ၍ အဆိုပါခရီးစဉ်အတိုင်း အဆွေတို့မြို့နယ်ပယ်သို့ သပိတ်များ ဆိုက်ရောက်လာသောအခါ ခေတ္တအမောပြေတည်းခိုရန် ဆွေရိပ်မျိုးရိပ်ဆွေအား ငွေအား နံနက်စာညစာစသည့် အကူအညီ အထောက်အပံ့ကုသိုလ်ဒါနထူးတို့ကို စေတနာစိတ်အားထက်သန်စွာ ကူညီပိုင်းဝန်းကြပါမည့်အကြောင်း လေးနက်စွာ တင်ကြိုမေတ္တာရပ်ခံလိုက်ကြရပါသည်။

"အရေးတော်ပုံအောင်ကြပါစေ"

သခင်ဘိုးလှကြီး
အုပ်ထိန်းစောင့်ရှောက်ရေးမှူး
ခြေလျင်-ချီတက်စောင့်ရှောက်ရေးတာဝန်ခံအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# အရေးတော်ပုံထဲက သခင်မ

သူတို့နေရာ । တောင်ထိပ်မှာကား
ကြာပေါက်မတတ် । မပြတ်အစဉ်
ရေလျှင်စီးမျော । ဒလဟော။
သူတို့နေရာ । ဝတီ သာသို့
ရောင်ဝါမပြတ် । ခါမလပ်တည့်
လျှပ်စစ်-ါတ်မီး । ထိန်ထိန်ညီး။
သူတို့နေရာ । အိမ်ဂေဟာကား
အိမ်သာဧည့်ခန်း । ရေချိုးခန်းနှင့်
ခြံဝန်းကျယ်၏ । ထယ်ပါဘိ။
လုပ်သားတန်းလျား । နေအထားက
စားလည်းသည်မှာ । အိပ်ရာသည်ပဲ
ဆင်းရဲဘိခြင်း । အခန်းကျဉ်းဝယ်
လင်းရောင်မရှိ । မှောင်အတိနှင့်
နှိုင်းယှဉ်သဖြင့် । ရင်မှာနင့်မိ
မိုးနှင့်မြေမျှ । ခြားနားလှ။
အရာရှိ ကျောမွဲ । ဆင့်တန်းခွဲ၍
မလွဲဧကန် । မခံမရပ်
မကျေနပ်ချိန် । ပြဿနာစ
မိုးကကျသို့ । မမျှော်လင့်ဘဲ ကြုံခဲ့သည်။
လုပ်သားထုလျှင်
အရင်းရှင်က । 'သခင် ခင်'အား
လုပ်ခွင်မှထုတ် । အလုပ်ဖြုတ်သော်
အုတ်အော်သောင်းသဲ၊ စုပေါင်းဖွဲ့၍
တိုက်ပွဲဝင်ခဲ့ကြရရှာ။
၁၉၃၈ ခုနှစ် । နိုဝင်ဘာလ။

သည်အရေးတွင်
ဒေါ်အေး၊ ဒေါ်ဆယ်၊ ပြုံးရယ်ရွှင်လန်း
ဒေါ်သန်း၊ဒေါ်ညို । ပြုံးချိုမပျက်
တက်ကြွခဲ့သား । သပိတ်တား။
ပုလိပ်အများ । သပိတ်တားနှင့်
ဆွဲလားရုန်းလား । ရုံးရှေ့နားတွင်
ကျားကတစ်ပြန် । ဘတစ်ပြန်ပေါ့
ရန်ပွဲရလဒ်ခြေနေဆိုး
သခင်မ ဒေါ်ဆယ်ခြေထောက်ကျိုး။
တိုက်ပိုင်ပါးလျှင် ပန်းရောင်ဆိုး။
တိုက်ပိုင်ကိုမှ । ပါးကိုချ၍
ဒေါ်သမီးမွေး । သည်အရေးတွက်
မကွေးထောင်သို့ ပို့ခဲ့သည်။
"သခင်မတွေရဲသွေးပြောင်
မကွေးထောင်တော့ အပျော့အပျော့"
ငေါ့တော့တော့လေး၊ လေပြည်သွေးသည်
အရေးတော်ပုံထဲက သခင်မ။
ဩော်
ထောင့်သုံးရာမှ । စ၍မှတ်ရစ်
ခုနှစ်ဆယ်ညွန်း । ငါးနှစ်စွန်းလည်း
ထွန်းရှိန်ဝင်းတောက်၊ မေ့မပျောက်သည်
ချောက်သူချောက်သား । နှလုံးသားဝယ်
ကျောက်သားထက်သွင်၊ တမွှည်းတင်ခဲ့
သခင်မဒေါ်ဆယ်မိန်းမသား။
သမိုင်းမှတ်တိုင်စိုက်ထူသွား။
ဦးခိုက်ပါ၏အမေ့သား။

"သခင်မဒေါ်ဆယ်သို့"
တင့်ထွန်း(ချောက်)

www.burmeseclassic.com

www.burmeseclassic.com

# စိန်ရတုကို ကြိုဆိုခြင်း

"အရေးတော်ပုံ"တဲ့
အရေးအခင်းမဟုတ်
အရှုပ်အရှင်းမပါ
ဟန်ဆောင်ညာတင်း၊ လုပ်ကြံခြင်းမနွယ်
သွယ်ဝိုက်ခြင်းမလုပ်
ဆန္ဒကိုဖော်ထုတ်တိုက်ပွဲ
ဆင်နွှဲခဲ့ကြ ဒို့ဘိုးဘွား
အသွေးအသားကိုရင်း
အသက်ကိုနှင်းခဲ့ကြ
အာဂသတ္တိသွေး
စွေးစွေးနီရဲရင့်
လေဟုန်လွင့်ခဲ့ အောင်လံများ
ကြွားကြွားဝင့်ဝင့် တလူလူဝေ
ခရီးတစ်လျှောက်လုံးမှာလေ. . . .။
ရေဘူးအပဲ့ ဘိနပ်အရွဲ့နဲ့ဦးထုပ်ဟောင်း
ဆောင်းလို့သာထွက်ခဲ့ကြ
ဘာရိက္ခာမှမပါ
အဆင်တန်ဆာဆိုတာလုံးဝ
ကိုယ်ဝတ်ကိုယ်စားမှ အနိုင်နိုင်ရဲ့. . .။

ဒါပေမယ့် . . . .
နိုင်လိုက်တဲ့ သံမဏိစိတ်ဓါတ်များ
ကမ္ဘာကိုရိုက်ခတ်သွား
တုန်လှုပ်ရှားစေခဲ့ ခရီးရှည်လမ်း

ကြမ်းတမ်းခြင်းတွေကို ကျော်ဖြတ်
ဝတ်ပြတ်ဆင်းရဲခြင်းများစွာကို ကြံ့ကြံ့ခံ
နှိပ်စက်ချုပ်ချယ်မှုတွေကြောင့် မဆုတ်ကြ
တဗိုလ်ကျ တဗိုလ်တက်
လက်ချင်းယှက်လို့ ခရီးဆက်
ဘဝင်ထိဆန်တဲ့ ကြွေးကြော်သံ
ဇာတိမာန်တွေက ပြည့်လုံးလျှံဖုံး
ပန်းတိုင်ဆုံးကို မရောက်မချင်း
ဖွဲတင်းလို့ လျှောက်ခဲ့ကြ
အာဇာဝကာဘွဲ့နဲ့ သခင်ဘိုးလှကြီး
ဦးဆောင်စီးလို့ အရေးတော်ပုံတပ်ကြီး
မိုင် ၄၀၀ ကျော်ခရီးကို ချီတက်ခဲ့ကြပုံများ
သြ-ချ-ရခဲ့ကြ ဒို့ဘိုးဘွား
ဘယ်လောက်များ ကြိုးစားခဲ့ရသလဲ
သမိုင်းထဲကပုံရိပ်
ဒို့တွေစိတ်ထဲ သံမှိုလိုစွဲနှက်
လွတ်လပ်ရေးအတွက် စွန့်စားခဲ့ကြသတ္တိ ဖွဲ့
၁၃၀၀ပြည့်ထဲက ဇာနည်များ
ဒို့ဘိုးဘွားအပေါင်းကို ဦးခိုက်
စိန်ရတုပွဲကြီးကို ကြိုဆိုလိုက်ပါတယ်. . . . .။

သစ္စာမောင် (ရွှေကျင်း)



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ ပြည့်အရေးတော်ပုံစိန်ရတု တိုဂ္ဂထ်ပြု

လုပ်ခတွေတိုးမြှင့်ပေး
အရေးတွေဆိုကြသံ
ထက်ဘတ်လျှံ။
အရင်းရှင်ဖိနှိပ်ဖျက်
ငုံ့မခံတွန်းလှန်ရေး
ရေနံမြေလုပ်သားများ
ဝင့်ကြွားဟစ်ကြွေး။
သခင်ဖိုးလှ သူခေါင်းဆောင်
တွေ့မရှောင်ဝင့်ဝင့်ကြွား
အရင်းရှင်စနစ်ဆိုး
ရိုက်ချိုးခဲ့တကား။
ထောင့်သုံးရာပြည့်အရေးတော်ပုံ
သိမ့်သိမ့်တုန်ကမ္ဘာတစ်လွှား
ရေနံမြေလုပ်သားထု
စည်းလုံးမှုအား။
လုပ်သားထုအောင်မြင်မှု
စိန်ရတုတိုင်ခဲ့ပြီ။
သမိုင်းကိုပြန်ကာကြည့်
တွေ့ရှိလိမ့်မည်
ဘာဆိုမှ ဘာမထီ
အာဇာနည်ပီပေ့။

ရေနံမြေလုပ်သားများ
ထင်ရှားယနေ့။
ရေနံမြေလုပ်သားထု
ဂုဏ်ပြုလို့ကျင်းပမည်
လုပ်သားထုတစ်ရပ်လုံး
စည်းလုံးညီညီ
ထောင့်သုံးရာပြည့်အရေးတော်ပုံသည်
ကြိုဆိုပြီ ပြည်သူများ
ညီညီညာတစ်ခဲနက်
ချီတက်စို့လား။

အောင်ထွန်းလင်း(ချောက်)



www.burmeseclassic.com

www.burmeseclassic.com

# ဘူမိနက်သန် ရေနံမြေ

ပလ္လင်ဇဟို တနိုင်းပေပ
ဇမ္ဗူသမိုင်း ပျော်စရာ့အခြေ
အိုကွယ် "သခင်ကိုယ်တော်မှိုင်း" ရယ်လို့
လူတိုင်းခေါ်ကြစေ. . . .
လည်ပေါ်တန်ဆောင်း ရေနံချောင်းမြေ
"တို့ဗမာညီလာခံ"
စာဆိုအဘိုး သခင်ဘွဲ့ခံခဲ့။
၁၃၀၀ ပြည့် "ရေနံမြေသပိတ်"
တူတံဇဉ်ချိတ်ဆွဲ တစိတ်တသွေး
လုပ်သားရေးကို စုဝေးမပျက်
ချီတက်တော်လှန်
မြန်မာ့အရေး သွေးနီးခဲ့ကြ။
လည်ပေါ်တန်ဆောင်း ရေနံချောင်းကို
ငဲ့စောင်းကြည့်လျှင် အရင်းရှင်ဘီအိုစီ
တို့လက်မခံ အလုပ်သမားအရေး
"ပထမမြန်မာ့မွေး"
လုပ်သားရေးကို ရေးထိုးမော်ကွန်း
သမိုင်းတင်ခဲ့။
လည်ပေါ်တန်ဆောင်း ရေနံချောင်းမြေ
ဒီမိုကရေစီအရေး မေ့မထားနိုင်
"ခြောက်ရက် ရှစ်လ ရှစ်ဆယ့်ရှစ်"
မျိုးဆက်သစ်သမိုင်း အရိုင်းမခံ
သမိုင်းစဉ်ကား အထင်အရှား. . . . ။

မောင်ချစ်နွယ် (ရေနံချောင်း)



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ ပြည့်အရေးတော်ပုံသို့

အရင်းရှင်လက်အောက် ကျွန်သပေါက်နှင့်
မလောက်မင စားသောက်ရနှင့်
မလှမပ ဝတ်ဆင်ရနှင့်
အောက်ကျနောက်ကျ နေထိုင်ရနှင့်
ဘဝမှောင်ကျ လကွယ်ညသို့
လောကငရဲ ဝဋ်ဆင်းရဲတွင်
လူးလဲကျင်လည် နေရသည်က
မပီမသ လူ့ဘဝဟု
စိတ်ကခံပြင်း နေထိုင်ရင်းက
ငတ်ရင်းမသေ တိုက်ရင်းသေဟု
ရေနံမြေက ရဲစွမ်းလှသည့်
အာဂသူရဲကောင်း များထောင်သောင်းတို့
လက်မောင်းလက်သီး ဆုပ်မြှောက်ပြီးလျှင်
ကြီးမားတိုက်ပွဲ ဆင်ယင်နွှဲသည်
အောင်ပွဲရရှိ ထောင့်သုံးရာပြည့်
သမိုင်းပြန်ကြည့် ထင်ရှားရှိ။
ဩော် . . .
သခင်ဖိုးလှ အာဇာဝကဖြစ်၏
ထကြွနိုးကြား အားမာန်များနှင့်
ဝင့်ကြွားတော်လှန် သမိုင်းမှန်လျှင်
ထိန်ချန်မရ ဝှက်မရ
စိန်ရတုသဘင်က ဖော်ညွှန်းပြ
အလေးပြုကြ ဂုဏ်ပြုကြ။

အောင်ထွန်းလင်း(ချောက်)

www.burmeseclassic.com

# မဟာစိန်ရတုပွဲ ဂုဏ်ပြုနွဲ

၁၃၀၀ ပြည့်အရေးတော်ပုံတဲ့
ရုပ်စုံပန်းချီကားကြီးတစ်ချပ်လို ပြန်အသက်ဝင်
နှစ်ပေါင်းပင်ကြာခဲ့
"၇၅" နှစ်ဆိုတဲ့ကာလခရီး
စိန်ရတုပွဲကြီးကို ကျင်းပ
ရွှင်ပြအားရ ကြည်နူးစွ
ပီတိတွေက ဝေဖြာကျ. . . . ။
"၁၃၀၀" ပြည့်ကလေ တို့ဘိုးဘွား
စွန့်စားခဲ့ကြအရေးတော်ပုံ
စွေ့စွေ့ခုန်ရ နေရှိန်ပူကဲ
ကတ္တရာရွှဲနေတဲ့ လမ်းတွေပေါ်လျှောက်
ပေါက်ပေါက်ကျနေတဲ့ ချွေးကိုမသုတ်အား
ခြေဖဝါးတွေမှာက သွေးချင်းချင်းရဲ
လက်ချင်းတွဲလို့ အားစိုက်ကူ
လဲနေသူကို ထူလို့ထမ်း
ညှင်းပန်းတာတွေကို ကြံ့ကြံ့ခံ
အသက်နှံ့ထားခဲ့ဇာနည်များ
လျှောက်သွားခဲ့ကြတဲ့ မိုင်"၄၀၀" ကျော်ခရီး
ကမ္ဘာကြီးကို ကိုင်လှုပ်ရမ်း
ကြိုးပမ်းခဲ့ကြ လွတ်လပ်ရေးပန္နက်
သွေးအသက်တွေနဲ့ရင်း
အတိတ်ရှုခင်း အကြောင်းစုံ
အရေးတော်ပုံက သက်သေတည်ခဲ့တယ်နော်. . ။
သမိုင်းမှာကျော် ထင်အရှား
ဘိုးဘွားတို့ရဲ့ အားမာန်ဖွဲ့
တို့များလဲ အားကျထိုက်
နွှဲလိုက်ကြစို့ရဲ့ "စိန်ရတုပွဲမဟာ"
ဂုဏ်ပြုခြင်းများစွာနဲ့လေ"

သစ္စာမောင် (ရွှေကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ ပြည့်အရေးတော်ပုံ

ချောက်မြို့တွင်ဘိ　ဒို့ဇာတိကား
ဘူမိနက်သံ　အောင်မြေမှန်သား
သယံဇာတ　၊ ပေါများစွာ။
ကုန်းမြင့်တောတောင်　လျှိုနှင့်မြောင်ကြား
မိုးထောင်ကြွားကြွား　မားမားမတ်မတ်
ရပ်လျှက်အပြိုင်　ရေနံတိုင်တို့
ရေနိုင်မစွမ်း　ရေသူပန်းလိမ့်
ဘယ်ဆီယက်ယက်　ရေနံထွက်၏
ဘယ်ဆီဆွဆွ　ရေနံရ၏
ဘယ်မြေဖော်ဖော်　ရေနံပေါ်၏။
ရေနံတိုင်ပေါင်း　ထောင်သောင်းကုဋေ
ရေနံကန်ပေါင်း　ထောင်သောင်းကုဋေ
ရေနံတွင်းပေါင်း　ထောင်သောင်းကုဋေ
အများတင်စား　တို့မြို့အားလျှင်
"အသားနက်မ"　ခေါ်ဆိုကြသို့
တချို့ကလည်း　ရွှေမည်းထွက်ရာ
ရတနာမြေ　ခေါ်ကြပေ၏
သည်မြေသည်ရွာ　သည်နေရာကို
ကာလများစွာ　မညာထောက်ထား
အဆီစား၍　လက်ဝါးကြီးအုပ်
　ဂုတ်သွေးစုပ်သော်
ငုတ်တုတ်ထိုင်ကာ　မနေသာတော့။
　အာဋ္ဌာဝက
ခေါင်းထောင်ထသည်　မတစ်ထောင်သား

ခေါင်းထောင်ထသည်၊ မတစ်ထောင်သား
နယ်ချဲ့အားလျှင်　၊ လားလားမကြောက်။
သခင်ပေါက်စ　၊ ထောင်ချောက်လတဲ့
စကားအဆို　၊ နားမှာချို၏
ဘယ်လိုခြောက်ခြောက်၊ သူမကြောက်။
ဇာတိပုည　၊ ဂုဏ်မာနနှင့်
သံပဟိုးစုံး　၊ ဘက်မဲ့ကြိုးသည်
သုံးရောင်ခြယ်လံ　၊ တပ်ဦးပန်၍
ရန်ကုန်အထိ ချီတက်ခဲ့။
လမ်းခရီး၌
အဆီးအတား　၊ လေးမထား။
'အာဋ္ဌာဝက' ချောက်မြို့သား။
နံပါတ်တုတ်လျှင်　၊ ပလုပ်တုတ်ထင်ခဲ့
ရင်ဆိုင်ဝံ့သား　၊ မလေးစား။
"သူ့ကျွန်မခံ ဝံ့ဝံ့စား"......။
မြင်းခွာတစ်ချက်ပေါက်၊ မီးထတောက်လိမ့်
ကြောက်ဖို့အရေး　၊ ဝေးပါသေး......။
"ရဲရဲနီခဲ့ ဇာတိသွေး".......။
"မီးတုတ် မီးတုတ် ရှို့ရှို့"
" အရင်းရှင်စနစ် ကျဆုံးပါစေ"
"အရေးတော်ပုံ အောင်ရမည်"
ကြွေး အာဋ္ဌာဝက
အာဂလုပ်သား　၊ ပြည်သူများတွက်
နိုးကြားခေါင်းထောင်၊ သူဦးဆောင်ခဲ့
အမှောင်ကြီးစိုး　၊ စနစ်ဆိုးကို
ရိုက်ချိုးခဲ့သေး　၊ ဟစ်အော်ကြွေး၍
အရေးတော်ပုံစသတည်း။

တင့်ထွန်း(ချောက်)
"အာဋ္ဌာဝကသခင်ဖိုးလှကြီးသို့"



www.burmeseclassic.com

www.burmeseclassic.com

# စကြာဝဠာသံပွင့်များ

သံပွင့်များရဲ့
အရေးပါမှုဟာ
အာကာသထဲက
ကြယ်တာရာလို
ကမ္ဘာမြေကို
လင်းလက်စေပါတယ်. . . .။
သံတစ်ပွင့်မှာ
မျက်ရည်နဲ့
သွေးစက်များရှိတယ်. . .။
သင်တို့ဟာ သံပွင့်ပါ
ဒါပေမဲ့
နေကျောက်ခဲနဲ့တူတဲ့
စကြဝဠာသံပွင့်တွေဖြစ်တယ်. . .။
သင်တို့ရဲ့ဉာဏ်ဆီမီးနဲ့
ရုပ်ပစ္စည်းကို
လူ့သမိုင်းအတွက်
လမ်းခင်းခဲ့ကြ။
သဏ္ဌာရာကြမ်းခင်းနဲ့
မဟာပထဝီမြေထုကို
သံပွင့်များနဲ့
တည်ဆောက်ကြရဲ့. . .။
ကမ္ဘာမြေရဲ့တန်ဖိုးဟာ
သံပွင့်များဖြစ်ခဲ့. . .။
သံပွင့်များရဲ့အရေးပါမှုကို
လူတွေက အမှတ်ရနေတာ
သမိုင်းရဲ့ဝှက်ပြောင်မှုပဲဖြစ်တယ်.
လွတ်လပ်မှု
တရားမျှတမှု
တန်းတူမှုအတွက်သံပွင့်များက
ရှေ့ဆောင်ခဲ့။
မြင့်မြတ်ခြင်းရဲ့တန်ဘိုးကို
မသိသူတွေကမေ့လျော့နိုင်တယ်
ထင်ယောင်ထင်မှားရှိမယ်။
ဒါပေမဲ့
သံပွင့်တွေကတော့
ယိုင်နဲ့မသွားဘူးသူတို့ရဲ့လမ်းအတိုင်း
ဆက်လျှောက်သွားကြတယ်။
ဗိုလ်ကျရမ်းကားသူ
ညစ်ညမ်းသူတွေကလွဲရင်
အလုပ်သမားလယ်သမား
ပညာတတ်
ပညာမတတ်
ဆင်းရဲ
ချမ်းသာ
ဘယ်သူမဆို
ပြည်သူအားလုံး
စကြာဝဠာ စနစ်ထဲက
ကမ္ဘာမြေရဲ့
သံပွင့်များဖြစ်တယ်. . .။



www.burmeseclassic.com

www.burmeseclassic.com

မော်ကွန်းမထိုးသော
ယောကျာ်းမိန်းမ
အမည်နာမ မသိသော
ဘယ်သူမဆို
သဲတစ်ပွင့် ဖြစ်ခွင့်ရှိတယ်. . . . ။
ကျွန်ခေတ်
ရေနံမြေသပိတ်
အလုပ်သမားအရေး
လယ်သမားသူပုန်
ကျောင်းသားအရေး
အမျိုးသားအရေး
လွတ်လပ်ရေး
တော်လှန်ရေး
စားဝတ်နေရေး
ပြည်သူ့အရေးတော်ပုံ
သပိတ်စုံထခဲ့
ခေတ်အဆက်ဆက်
မြို့ပြရဲ့ကတ္တရာလမ်း
ကျေးလက်ကန်သင်းရိုး
လယ်ကွင်းနဲ့မြစ်ကမ်း
လှည်းလမ်းနဲ့တောတန်း
ချိုင့်ဝှမ်းနဲ့တောင်တန်းများအပေါ်မှာ
မြတ်နိုးစိတ်နဲ့
ရှင်သန်ခဲ့ရင်း
ကြီးမြတ်သော
စွန့်လွှတ်သူတွေက
သဲပွင့်များဖြစ်တယ်. . . . ။

အတိအကျ
မသိရသော
အာဇာနည်များအတွက်
သမိုင်းရဲ့စာမျက်နှာကို
ရှိသေစွာ ဦးညွတ်လိုက်တယ်။
သဲပွင့်တွေသာ မရှိရင်
ကမ္ဘာမြေဆိတ်သုဉ်းသွားနိုင်တယ်။
စကြဝဠာသဲပွင့်ဟာ
နေကျောက်ခဲလိုပဲ
အဆုံးအစမသိ
တန်ဖိုးရှိတယ်. . . ။
ကမ္ဘာမြေကို ချစ်သော
သဲပွင့်များဟာ
အမိမြေရဲ့
သူရဲကောင်းများလည်းဖြစ်တယ်. . . . ။

(၁၃၀၀ပြည့်ရေနံမြေတိုက်ပွဲဝင်များသို့. . .)

ပါသစ်



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူ့သမိုင်းမြတ်သလဲ

လုပ်သားဘဝ. . . . ဆင်းရဲပင်ပန်း
လုပ်ရပါလည်း. . . . မဝရေစာ
စားခဲ့ရ၍ . . . . ထက်အောက်ပြည်နယ်
သပိတ်မှောက်ခါ . . . အငတ်တိုက်ပွဲ
ဆင်ခါနွဲတော့ . . . . ဆတ်ဆတ်နာကြည်း
အာဏာလုသူ. . ရန်သူပမာ
အညိုးတကြီး . . . . မညှာမတာ
တောင်းတော့ဆီဆန်. . . ပေးတော့ကျည်ဆန်
လူရယ်မဆန် . . . . . ညှင်းပန်းနှိပ်စက်
အာဏာမက်သူ . . . . မင်းကျင့်မညီ
ဦးနေဝင်းရဲ့ . . . မ. ဆ. လ
စစ်အစိုးရ . . . . သမိုင်းကြောင်းနဲ့
ငတ်ရင်းမသေ . . . . . . တိုက်ရင်းသေမယ့်
ဖိရင်ကြွတယ် . . . ထိရင်ချမယ်
ရဲရဲနီသော . . . သွေးစက်တွေနဲ့
ရှုပ်ရှုပ်ချွန်ချွန်. . . တော်လှန်ခဲ့တဲ့
၇၄-၇၅ အလုပ်သမားများရဲ့သမိုင်း
ဘယ်သူ့သမိုင်းက မြတ်သလဲ. . . . . . ။

ဦးကျော်လှိုင်(အလုပ်ကြပ်)



www.burmeseclassic.com

www.burmeseclassic.com

# သွေးသမိုင်းဆက်မော်ကွန်း

ကိုလိုနီခေတ်
နှံ့နစ်ရုန်းထ
အုံကြွ တွန်းလှန်
အဖိနှိပ်ခံများ. . . . . . . ။
ခံပြင်းချက်မာန်
ဆမတန် ကြီးမား
မီးပွားလေး မဟုတ်ဘူး
စစ်ဘီလူး. . . နယ်ချဲ့အရိုင်း
အရှူးမီးဝိုင်းသွားစေတယ်. . . ။
အရေးတော်ပုံအောင်ရမည်
ညံစီအောင် ဟစ်ကြွေး
တို့-ချွေး-သွေး-တို့ပိုင်မြေမှာ
နယ်ချဲ့တွေ အပြုတ်နှံ့
ဆရာစံ ဖိုးလှကြီးတို့
ကမ္ဗည်းမော်ကွန်း. . . . ။
ဟောင်းတစ်ရစ်
နှောင်းတစ်ခေတ် အတိတ်
အမျိုးသား လောင်းရိပ်မှာ
ခိုနားရာ ဖြစ်ရော့ထင့်. . .
စိတ်နှင့်ပြစ်မှား. . . . ။
'လား' 'လား' 'လား'
'တော်' 'တော်' 'တော်'
ကပေါ်ကရော် စနစ်အောက်
အားလျားမှောက်လဲကျ
ခံလိုက်ရမနဲ့မနော
'ဟော' 'တထောင်' 'ဟော' 'တထောင်'
နောင်ကြဉ်အောင် အဆုံးအမ
သူ့အဆိုကတော့ စံပြု
မြတ်ပွှအလိုကျတော့မဟုတ်ဘူး. . . ။

အရှူးလင်လုပ်မိတဲ့
ပျို့ရွယ်မရဲ့အခြေသရုပ်
ဒူးနဲ့မျက်ရည်သုတ်ဆိုသလိုဘဲဗျို့. . . ။
အံခဲရင်း ထိန်းမတ်
ထိန်းမတ်ရင်း ရပ်တည်
အသက်ရှည်တာဘဲ အဖတ်တင်
မျက်ရည်က စဉ်တယ်မရှိဘူး. . . ။
ဖိရင်လဲ . . ကြွ
ထိရင်လဲ. . ချ
နိယာမအခင်း
ပကတိရှင်းပေမယ့်
အမျိုးသားခြင်းဆိုတဲ့အသိ
ထိ-မိ-စွာ သိထားတော့
မခက်လား-မခက်လား-ကိုယ့်လူ. . . ။
တမိုးသောက်-အရှဏ်သစ်
အလင်းရစ်ထင်လာ
ပီပြင်တာစောင့်စား
အောင်းထားတဲ့မှန်းချက်
နှမ်းထွက်နဲ့ကိုက်ပါမှ
မိန်းမလှ ပန်းပန်သလို
အလှပိုပျံ့မွှေးလို့
တို့-အရေးလှမယ်မဟုတ်လား. . . ။
ဒါ. . . တို့ပြည်. . .
ဒါ. . . တို့မြေ. . .
ငြိမ်းချမ်းကွယ့် မြန်မာပြည်
ကိန်းခမ်းချဲ့ . . . သာယာမြေ
စိမ်းလန်းကွယ့်. . လယ်ယာမြေ
မှိန်းစမ်းမကွယ့် . . . . သဟာဆွေတွေ
ဒါ. . . တို့ပြည်
ဒါ. . . တို့မြေ
ဒါ. . . ငါတို့ပြည် . . . . . . . ။

ကျော်တင့်( ဆေးဝါး )



www.burmeseclassic.com

www.burmeseclassic.com

# ရဲရင့်သော ခြေလှမ်းများ

" သခင်မျိုးဟေ့ တို့ဗမာ "
" သပိတ် သပိတ် မှောက် မှောက်
"
" မီးတုတ် မီးတုတ် ရှို့ ရှို့ "
မိုးသို့တိုင်အောင်၊
သံပြိုင်ကြွေးကြော်
တိုက်ပွဲခေါ်သံ ၊ ပွက်ပွက်ညံခဲ့၊
ရေနံမြေက၊ စတင်ဆင်နွှဲ ချီတက်ပွဲ
ရဲရင့်ခြေလှမ်းများစွာဖြင့်။

လူညစ် အင်္ဂလိပ်
ယုတ်မာစိတ်ဖြင့်၊ ဖိနှိပ်ချုပ်ချယ်၊
နည်းသွယ်သွယ်တည်၊
ချယ်လှယ်ချင်တိုင်း
ထင်ရာစိုင်းသည်
ရိုင်းခဲလုပ်ရပ် - နယ်ချဲ့တတ်။

ရေနံမြေအလုပ်သမား၊
ကျောမွဲများတို့၊ စာဝတ်နေမှု၊
ဘာတစ်ခုမှ၊ မလှပ
ခံရများစွာ၊ နာကြည်းလာသော်
ါသဘာဝ၊ နိယာမ
ၦါသအမျက်ချောင်းချောင်းတည်း။

" သခင်ဘိုးလှ-
အာဇာဝကဟေ့ "၊
တက်ကြွပြင်းထန်
သူ့အားမာန်တည့်၊ အလျှံတညီးညီး

အလုပ်သမား၊ လယ်သမားနဲ့
ကျောင်းသားခွပ်ဒေါင်း၊ သွေးနီမောင်၏
ပေါင်းရုံးအမှန်၊ မုန်တိုင်းထန်ပြီ
တော်လှန်အုံကြွ၊
သူပုန်ထခဲ့
နယ်ချဲ့အလံဖြိုလဲဖို့။

" ထောင်သုံးရာပြည့်အရေးတော်ပုံ
နယ်ချဲ့သမားတို့ဖြို
ကြောက္ကွဲးတုန်ခဲ့။ "
ငါမဆုံခဲ့ရငြား၊
တွေ့ကြုံသူများ၊ ရေးဖွဲ့ထားသည့်
မှတ်သား စာစု၊ ငါဖတ်ရှု့တိုင်း
ရင်လှိုင်းခုန်ခုန်၊
သူတို့ရဲ့ " ဇွဲသတ္တိဂုဏ် "
အာရုံညွှတ်နူး၊
" စိတ်-ဓာတ်ကူး "မီ၊
ရှယ်စူးတိုက်ပွဲဆက်ရန်တကား။ ။

(၁၃၀၀ပြည့် မဟာအရေးတော်ပုံ
စိန်ရတုသဘင် ပွဲကြီးသို့ . . .)

ဇော်နောင်

www.burmeseclassic.com

# ၁၃၀၀ပြည့်အရေးတော်ပုံစိန်ရတု ဂုဏ်ပြုဖွဲ့အလင်္ကာ

အာရုံကျရာမြင်ကွင်းတကြော
အားလုံးတံလျှပ်တောကြီးပဲ
ကျောပြင်က
ကန္တရလို ပူတယ်။
လျှိုငယ် ချိုင့်ဝှမ်း၊ ချုံပုတ် ဆူးပင်
သဘာဝရဲ့အဆီအနှစ်တွေ ရှင်သန်
ရေနံတွင်းကြီးတွေရဲ့ ဦးခေါင်း
သမိုင်းရေစီးကြောင်းကို ပြောပြနေသလိုပင်
တစိမ့်စိမ့်စီးဝင်လာသော ရာဇဝင်ကြီးထဲက သွေး
၁၃၀၀ရာပြည့်အရေးတော်ပုံ
သမိုင်းပုံရိပ်တွေရဲ့ လှိုင်းတံပိုး
ငါ့သွေးကိုလာပြီးနှိုးလို့။
ငါ့မြို့လေးရဲ့
သယံဇာတသွေးကြောကြီးကို
ဝါးမျိုစုပ်ယူ
နယ်ချဲ့မျက်နှာဖြူ ကိုလိုနီ
ဘီအိုစီ ယန္တရားကြီးရဲ့ အစွယ်မှာ
ဘာသာရေးတွေ ချို့ငဲ့ခေါင်းပါး
နေအိမ်တန်းလျားတွေ ချို့ငဲ့ခေါင်းပါး
လူသားမဆန်တဲ့ စနစ်ဆိုးအမှောင်
ဖိနှိပ်ကန့်သတ်ချုပ်ချယ်မှု သံဘောင်ရိုး
ဟော့ဗ်
ကျွန်လှောင်အိမ်ကြီးကို ရိုက်ချိုးဖို့
ရေနံမြေအလုပ်သမားထုကြီးရဲ့ ဝိဉာဉ်
အာဋ္ဌာဝကဘွဲ့အမည်ခံ
ရေနံမြေသခင်ဖိုးလှကြီးတဲ့
မိုင်တိုင်လေးရာကျော်ခရီးကို ခြေဦးနှင်
တဆတ်ဆတ်နာကျင်နေသော စိတ်တွေကို ဝ်ားမိုး
အလုပ်သမားတွေရဲ့
လက်ဖျံရိုးကိုယ်စီပေါ်က
ထ တောက်လာတဲ့ မျိုးချစ်မီး
ရေနံမြေသပိတ်တပ်ကြီးရဲ့ ကြွေးကြော်သံတွေဟာ
တောင်သူလယ်သမားတို့ရဲ့ တပ်ဦး
သုပဏ္ဏက ဂဠုန်ဘွဲ့တော်ခံ
ဆရာစံရဲ့
ဉုံ ဂါထာ မန္တန်တွေနဲ့သွေးချင်းချိတ်
ကြက်ခေါင်းဆိတ် မခံ
လေး မြား ဝ်ား လှံတွေ တဝင့်ဝင့်
နှင်းဆီပွင့်ဖတ်တွေကို ရဲရင့်နီမောင်း
ကျောင်းသား တပ်ပေါင်းစုသပိတ်ကြီးတွေနဲ့ ဆက်စပ်
နယ်ချဲ့မြင်းစီး ပုလိပ်တပ်တွေရဲ့
နံပတ်တုတ်တွေကြားမှာ
ကျဆုံးသွားရှာတဲ့ ကျောင်းသားဗိုလ်အောင်ကျော်
၁၃၀၀ပြည့်အရေးတော်ပုံကြီးထဲက
ကြွေခဲ့ရတဲ့ ကြယ်တစ်စင်း
ကမ္ဘာတည်သရွေ့ လင်းတယ်။
တို့ဗမာ အစည်းအရုံးကြီးရဲ့
မုခ်ဦးသစ်ကြီးထဲကိုဝင်
သခင်ကိုယ်တော်မှိုင်းဘွဲ့တော်အမည်ခံ
ကလောင်တံပေါ်က သွေးစည်းမှု အလင်္ကာစွမ်းအားနဲ့
နယ်ချဲ့ရဲ့နှလုံးသားတွေကို ပစ်ခွင်း
၁၃၀၀ပြည့်အရေးတော်ပုံကြီးထဲက
လွတ်လပ်ဖို့ကို အစဉ်တွေး
ငြိမ်းချမ်းရေးမြစ်ကြီးတစ်စင်းဖြစ်တယ်။
"မြင်းခွာတစ်ချက်ပေါက်ရင်
မီးဟုန်းဟုန်းတောက်စေရမယ်
နယ်ချဲ့အစိုးရ ကျဆုံးပါစေ
-နရှင်စနစ် ကျဆုံးပါစေ
သူပုန် သူပုန် ထ. . . ထ
မီးတုတ် မီးတုတ် ရှို့. . . ရှို့
အရေးတော်ပုံ အောင်ရမည်
ဗမာပြည်သည် တို့ပြည်၏
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ"
ဇာတိမာန်အသွေးအသားထဲက ကြွေးကြော်သံ
သမိုင်းရဲ့သွေးတွန်သံတွေ မရပ်မနား
သောင်းထိုက်စကြာဝဠာ ကြားစေသော်။ ။

မောင်သန်းစိုး(ချောက်)

www.burmeseclassic.com

# ၁၃၀၀

ဂဏန်း၊ သင်္ချာ၊ အက္ခရာတွေမဟုတ်ဘူး
မတရားမှု၊ ဖိနှိပ်မှု၊ ခေါင်းပုံဖြတ် ဂုတ်သွေးစုပ်မှု
သူတို့အားလုံးကို တော်လှန်တိုက်ဖြတ်ခဲ့တဲ့ စကားလုံးတွေ
ပထမကျောင်းသားသပိတ်
တောင်သူလယ်သမား အရေးတော်ပုံ
၁၃၀၀ပြည့်အရေးတော်ပုံ . . .။
ဒီမြေမှာနေသွားပြီး ဒီမြေကို နင်းခြေခဲ့သူတွေ
ကိုယ်ရှိုက်ခဲ့တဲ့ လေရဲ့တန်းဖိုးကိုမသိ
ညှော်သည်က အိမ်ရှင်ကိုနှိပ်စက်ခဲ့တယ်
အကောက်ကြံတဲ့ဉာဏ်ဟာ မြေခွေးတိုင်မှာရှိနေတော့
နှိပ်စက်ညှင်းပန်းခြင်းကိုလည်း
အမှန်တရားလို့လည်းယူဆထားတယ်
ရေနံကိုထုတ်တယ်၊-ဘတ်ဆီကိုသယ်တယ်
အဆီကိုစားအသားကိုမြိုတယ်
အရိုးအရင်းပါ မကျန်ဘူး
လိုချင်သလောက်ယူတယ် ညစ်ချင်သလောက်ညစ်တယ်
သင်ခဲ့ရတဲ့ စကားလုံးတိုင်းဟာ
ကျွန်တော်တို့အတွက်အမှောင်။
ဘယ်လိုပင် တားတား မရတော့ဘူး
ဘယ်လိုပင် ထားထား မနေတော့ဘူး
ဒါကြောင့် ဟော္လီသွေးတွေဟာ စီးခဲ့တယ် ဆင်းခဲ့တယ်
ရေနံမြေအလုပ်သမားတွေရဲ့သွေး
အာဠာဝက သခင်ဖိုးလှကြီးတို့ရဲ့သွေး
ဗိုလ်အောင်ကျော်ရဲ့သွေး
အာဇာနည်(၁၇)ဦးရဲ့သွေး
အလုပ်သမား၊ တောင်သူလယ်သမားတွေရဲ့သွေး
ပြည်သူတွေရဲ့သွေး
ဖ္လီသွေးတွေကို စာလုံးပေါင်းလိုက်ပါတယ်
"၁၃၀၀"
အမှန်တရားမှာ အရောင်ပြောင်ခဲ့တဲ့ သွေးများ
လေးစားစွာ ဦးညွှတ်လိုက်ပါ၏
သူတို့အားလုံးဟာ
ကျွန်တော်တို့ရဲ့ သမိုင်း။ ။

ဟိန်းထက်လွင်



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ပြည့်

ကျွန်တော့်ကို မွေးဖွားမယ့်
ကျွန်တော့် 'အမေ' ဟာ
၁၃၀၀ပြည်မှာ မွေးဖွားခဲ့ပါတယ်။
ငယ်စဉ်က ကျောင်းသားဘဝမှာ
၁၃၀၀ပြည့်မှာရေနံမြေသပိတ်နဲ့အရေးတော်ပုံအကြောင်း
ကျောင်းသင်ခန်းစာမှာ သင်အံခဲ့ရတယ်။
အာဥ၁၀က သခင်ဖိုးလှကြီးရဲ့ခေါင်းဆောင်မှုအောက်မှာ
ချောက်ရေနံမြေသပိတ်ဟာ
အလုပ်သမားထုတစ်ရပ်လုံးအတွက်
လုပ်အားလုပ်ခ မမျှတမှုတွေ
ဘီအိုစီရဲ့သွေးစုပ်မှုတွေကို
ချိုတက်ဆန္ဒပြဖို့
ချောက်မှ ရန်ကုန် မိုင် ၄၀၀ကျော်ခရီး
(မနီးပေမယ့်)
ဖွဲ့ကြီးကြီး ခြေလျှင်လျှောက်
အမောမဖောက်ခဲ့ကြဘူး. . .။
လူတစ်ထောင်လောက်ကစ
လမ်းရှာ၊ ရေနံချပ်မှသည်
အလုပ်သမားသပိတ်တပ် ဇဖွဲ့ပူးပေါင်း
အားကောင်းမောင်းသန်ချီတက်ခဲ့. . .
၁၃၀၀ပြည့် ချောက်ရေနံမြေသမိုင်းကြောင်း
ကောင်းကောင်းရေးခဲ့ကြတယ်။

မန္တလေးရဲ့ ၁၃၀၀ပြည့်အရေးတော်ပုံသမိုင်းကြောင်း
အိမ်တော်ရာဘုရားမှသပိတ်စစ်ကြောင်းချီ
၂၆-ဘီလမ်းနဲ့လမ်း ၈၀ထိပ်
(သိပ်မဝေးတဲ့)
ကြေးနန်းရုံးထောင့်အရောက်
နောက်ကြောင်းပြန်လှည့်ဖို့ သပိတ်တား
နယ်ချဲ့အာဏာပါးကွက်သားတွေကို
ထိမထင်လေ ရှေ့ကိုသာတိုးလို့
အမျိုးချစ်တွေ . . . .
ရဟန်းပျိုတွေရဲရဲတောက် . . .
ဒူးထောက်မခံ . . . အညံ့မခံ. . . အောက်ကျမခံ
အလံမလှဲ ဇွဲနဘဲနဲ့ဆက်ချီ
မန္တလေးအာဇာနည် ၁၇ဦးရဲ့သွေး
ဒီသွေးတွေ မခြောက်သေးကြောင်း
သမိုင်းကောင်းကို ရေးခဲ့ကြတယ်။ ။
(ချောက်ရေနံမြေနဲ့မန္တလေးမှ အာဇာနည်များသို့
ဦးညွှတ်လျက် . . . .)

ပြည့်ဖြိုးသိ

www.burmeseclassic.com

# ၁၃၀၀ပြည့်အရေးတော်ပုံ

ဖိချင်သလောက် ဖိပါစေ
ဖြစ်တဲ့နည်းနဲ့ ဖောက်ထွက်တယ်
ဝေးချင်သလောက် ဝေးပါစေ
သွေးကြောင်ပြီး ခေါင်းရှောင်ဖို့ ထည့်မတွေးနဲ့
တစ်ပင်လဲရင် တစ်ပင်ထူမယ်
မဟုတ်တရားနဲ့ ထုတ်ထားတဲ့ပွဲမကို
စာမဖွဲ့ဘူး
မိုင်လေးရာကျော် ခြေကျင်ခရီးမှာ
မီးကုန်ယမ်းကုန် ဆန့်တန်းလို့
မကြောက်တရားနဲ့
ရဲရဲတောက်လှမ်းနေတဲ့ ခြေထောက်တွေ
မရောက်ရောက်အောင်သွားပြီး
မရ ရအောင် တော်လှန်ခဲ့ကြတယ်။

မင်းလုဇော်


www.burmeseclassic.com

www.burmeseclassic.com

# အရေးတော်ပုံ

တို့ပြည်ကို

လက်သီးဆုပ်စေခဲ့တဲ့ ၁၃၀၀။

တို့နိုင်ငံကို

လက်ရုံးတန်းစေခဲ့တဲ့ ၁၃၀၀။

တို့ပြည်သူကို

ကြွေးကြော်သံညီစေခဲ့တဲ့ ၁၃၀၀။

လတ်လတ်ဆတ်ဆတ် မှီဝဲကြ။

အလေးအမြတ် ဆည်းကပ်ကြ။

တို့တိုင်းပြည်ကို

လက်သီးဆုပ်

လက်ရုံးတန်း

တဝမ်းတသွေး

ကြွေးကြော်သံညီကြရင်

အောင်ပွဲဆင်နိုင်ကြောင်း

မီးမောင်းထိုးခဲ့ မျိုးစေ့ချခဲ့ ၁၃၀၀။

သောင်းသုံးထောင်ရှည် ကျန်းမာစေသော်။

မောင်မှိုင်းလွင် (အင်းဝ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ပြည့် အရေးတော်ပုံ






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

# မြင်းခွာတစ်ချက်ပေါက်ရင်



မြတ်ထွန်းအောင်

ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ၁၃၀၀-ပြည့် အရေးတော်ပုံကြီးဟာ စည်းလုံးညီညွတ်မှု အထူးရှိခဲ့တဲ့ အရေးတော် ပုံကြီးတစ်ခုအဖြစ် တစ်နိုင်ငံလုံးက အသိအမှတ်ပြုခဲ့ကြပါတယ်။ ချောက်ရေနံမြေ အလုပ်သမားတွေက စတင်ခဲ့တဲ့ ၁၃၀၀-ပြည့် ရေနံမြေသပိတ်ကြီးမှာ လယ်သမား၊ စာရေးစာချီ၊ အခြား လုပ်ငန်း နယ်ပယ်စုံမှ လယ်သမားတွေ၊ အလုပ်သမားတွေ၊ ပြည်သူတွေနဲ့အတူ ကျောင်းသားထု တစ်ရပ်လုံးကလဲ ရှေ့တန်းမှ ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ယနေ့ဆိုရင် ရေနံမြေသပိတ်ကြီးဟာ ၇၅ နှစ်ပြည့် စိန်ရတု အောင်ပွဲ ဆင်နွှဲရမယ့် အခါသမယကို ရောက်ရှိလာပါပြီ။ ဒီအောင်ပွဲကြီး ခမ်းခမ်းနားနား ကျင်းပနိုင်ရေးအတွက် ပါဝင် ဆောင်ရွက်ရင်း ရေနံမြေသပိတ်ကြီးမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတဲ့ ကျောင်းသားတွေအကြောင်းကို အတွေးနယ်ချဲ့မိခဲ့ပါတယ်။

မြန်မာ့ နိုင်ငံရေးလှုပ်ရှားမှု ဖြစ်စဉ်တွေမှာ ကျောင်းသားတွေကို ဘေးဖယ် ချန်လှပ်ထားလို့မရတဲ့ အကြောင်း စဉ်းစားမိခဲ့တာပါ။ ဟုတ်ပါတယ်။ ကျောင်းသားတွေဟာ ငယ်ရွယ်နုပျိုခဲ့တာနဲ့ အမျှ သတ္တိလဲရှိကြပါတယ်။ စွမ်းအားလဲရှိကြပါတယ်။ လွတ်လွတ် လပ်လပ် မဟုတ်မခံ မမှန်တာကို မလုပ်တတ်ကြတဲ့စိတ်ဓာတ်နဲ့လည်း ပြည့်ဝသူတွေဖြစ်ကြပါတယ်။ ဒီလိုကောင်းမွန်လှတဲ့ အခြေခံ စိတ်ဓာတ်တွေရှိကြတဲ့အတွက် စစ်အာဏာရှင်အစိုးရ အဆက်ဆက်၊ ပါလီမန် အစိုးရနဲ့ ဗြိတိသျှကိုလိုနီနယ်ချဲ့သမားတို့ရဲ့ အလိုတော်ရိ အစိုးရခေတ်အဆက်ဆက်မှာ ကျောင်းသားထုတစ်ရပ်လုံးဟာ ကိုယ့်အခွင့်အရေးကို ကိုယ်တိုင်တိုက်ပွဲဆင်နွှဲပြီး အောင်ပွဲယူ ခဲ့ကြရသလို အလုပ်သမား၊ လယ်သမားနဲ့ ပြည်သူတွေရဲ့ တိုက်ပွဲတွေမှာလဲ ဘယ်အချိန်အခါမဆို နောက်ကျတာမျိုး၊ ရှောင်ဖယ်နေတာမျိုးမလုပ်ခဲ့ဘဲ ရှေ့တန်းကအမြဲပါဝင်ခဲ့တယ်ဆိုတာကို ဘယ်သူကမှ ငြင်းကြမှာမဟုတ်ပါဘူး။

၁၉၄၈-ခုနှစ်၊ လွတ်လပ်ရေးရရှိပြီး ဒီဘက်ခေတ် ကျောင်းသားတိုက်ပွဲတွေကို ဖြတ်သန်းခဲ့ကြတဲ့ ကျောင်းသားတွေ၊ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေဟာ ယနေ့အချိန်အထိ အသက်ထင်ရှားရှိသေးတယ်ဆိုရင် အသက်အရွယ် ၇၀ ကျော် ၈၀ ကျော်တွေဖြစ်နေကြလောက်ပါပြီ။ အဲဒီကျောင်းသားတွေနဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ဖ-ဆ-ပ-လ အစိုးရရဲ့ ဖိနှိပ်ချုပ်ခြယ်မှုတွေကို ဆန့်ကျင်တဲ့ အောက်တိုဘာ ကျောင်းတစ်လ ပိတ်ရေးတိုက်ပွဲ၊ နယ်ချဲ့ ဆန့်ကျင်ရေးနဲ့ တရုတ်ဖြူကျူးကျော်မှု ဆန့်ကျင်ရေး ဆန္ဒပြပွဲကာအစ ဗိုလ်ချုပ်နေဝင်းရဲ့ စစ်အစိုးရ လက်ထက်၊ ဂျူလိုင် ၇ ရက် အရေးအခင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



# 'ဗိုးဒုတ်ကြီး၊ ဗိုးဒုတ်ကြီး၊ ရေနံမြေကဗိုးဒုတ်ကြီး၊ ဗိုးဒုတ်ကြီးရဲ့အလင်းရောင်၊ ဗမာ ပြည်ထောင် ထွန်းပြောင်စေသား'

အခြားသော ကျောင်းသား တိုက်ပွဲပေါင်းများစွာမှာ ပါဝင်ခဲ့ကြတာကို သတိရမိပါတယ်။ အသက်ထင်ရှား ရှိနေကြတဲ့ ၇၀ နဲ့ ၈၀ ကျော် တန်းများဖြစ်ကြတဲ့ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ကျောင်းသားခေါင်းဆောင် ဦးအုန်းမောင် (ဘဏ်၊ အောက်တိုဘာ အရေးအခင်းတွင် ရာသက်ပန် ကျောင်းထုတ်ခံခဲ့ရသူ)၊ ဦးသာဇန်း၊ ဦးလှရွှေ၊ မန္တလေး တက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင် မြင်းခြံကိုအောင်သူ၊ ၁၉၅၃-ခုနှစ်၊ ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဦးတင်ထွဋ် (အော်ဗီ၊ အောက်တိုဘာ အရေးအခင်းတွင် ရာသက်ပန်ကျောင်းထုတ်ခံရသူ)။ ရန်ကုန်ခရိုင် ကျောင်းသား သမဂ္ဂမှ ကျွန်းပြန်များဖြစ်တဲ့ ဦးတင်အောင်နဲ့ ဦးအုန်းမောင် သာမက၊ ဦးဇော်ထွန်း၊ ဦးနေဝင်း(စာရေးဆရာနေဝင်းစံ)၊ သက်ကြီး တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ဦးအောင်မြင့်၊ ဦးကျော်သန်းစတဲ့ . . . ကျောင်းသားခေါင်းဆောင်တွေထဲက အချို့ပုဂ္ဂိုလ်တွေနဲ့ ယခုအချိန်အထိ မကြာခဏပူးတွဲ လုပ်ပိုင်ခွင့်ရနေတာတွေဟာ ဝမ်းသာစရာပါပဲ။ မျိုးဆက်သစ် ကျောင်းသားလူငယ်တွေကလဲ နောင်တော်ကြီးများရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ဆောင်ကြပြီး ရှစ်လေးလုံး အရေးတော်ပုံကြီးမှအစ၊ ရွှေဝါရောင် သံဃာ့တော်လှန်ရေးကြီး အထိ တိုက်ပွဲပေါင်းများစွာမှာ ပါဝင်ဆင်နွှဲခဲ့ကြတာဟာ ကျောင်းသားတွေရဲ့ ဟိုယခင် အချိန်ကတည်းက အလုပ်သမား၊ လယ်သမား၊ ပြည်သူတွေနဲ့အတူ အမြဲတမ်းလက်တွဲ တိုက်ပွဲဝင်ခဲ့ကြတဲ့ အစဉ်အလာကို ဆက်လက် ထိန်းသိမ်းကြတာပဲ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ဟုတ်ပါတယ် . . . ၁၉၃၈-ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ ကစတင်ခဲ့တဲ့ ရေနံမြေသပိတ်ကြီးဟာ ၁၉၃၈-ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၆း၀၀ နာရီမှာ ချီတက်ဆန္ဒပြမယ့် ရန်ကုန်ခရီးကို စတင်ခဲ့ကြပါတယ်။ ချောက်မြို့ မြို့သူမြို့သား လေးထောင်ကျော်ဟာ "စည်တော်သံလား-မိုးသံလားဟေ့-စည် တော်သံပဲ-မိုးသံပဲဟေ့-အောင်ဘာလေ-သပြေညိုဆိုတဲ့ ပန်းရယ်နဲ့ ရေချမ်းကိုလောင်း" ဆိုတဲ့ စည်တော်သံယွန်းပြီး သပိတ်တပ်သားတွေကို သပြေပန်းကမ်း၊ လိုက်လံပို့ဆောင်နှုတ်ဆက်ကြပါတယ်။ သပိတ်သားတွေရဲ့ "မိုးဒုတ်ကြီး၊ မိုးဒုတ်ကြီး၊ ရေနံမြေကမိုးဒုတ်ကြီး၊ မိုးဒုတ်ကြီးရဲ့အလင်းရောင်၊ ဗမာပြည်ထောင် ထွန်းပြောင်စေသား" ဆိုတဲ့ ကြွေးကြော်သံဟာလဲ ချောက်ရေနံမြေတခွင်မှာသာမက နိုင်ငံတစ်ဝန်းအုံးအုံးထအောင် မြည်ဟိန်းခဲ့ပါတယ်။ ၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်နေ့မှာ မကွေးမြို့ကိုရောက်ရှိ ရပ်နားနေစဉ်အတွင်း၊ အလုပ်သမား ခေါင်းဆောင်တွေဖြစ်တဲ့ သခင်ဗတင်၊ သခင်ဖေကြီး တို့ကို ပုဒ်မ ၁၀၇နဲ့မကွေးထောင်မှာ ဖမ်းဆီး ချုပ်နှောင်ခံခဲ့ကြရတဲ့ အတွက် ရေနံမြေသပိတ်ကြီးဟာ မကွေးမြို့မှာ ရပ်နားနေခဲ့ရပါ တယ်။ ၁၁. ၁၂. ၃၈ နေ့မှာ ရေနံချောင်းက ကျောင်းသား ပြဿနာကို သွားရောက်ဖြေရှင်းပြီး ပြန်လာကြတဲ့ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ သခင်ဗဟိန်းနဲ့အထွေထွေအတွင်းရေးမှူး ဦးဗဆွေတို့က ရေနံမြေသပိတ်မှောက် အလုပ်ထုကြီးကို ဝင်ရောက်ဦးဆောင် အားပေးခဲ့ကြပါတယ်။ ကျောင်းသားခေါင်းဆောင်တွေရဲ့ "မြင်းခွာ တစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေမယ်" ဆိုတဲ့ ဟောပြောချက်တွေက ရေနံမြေသပိတ်တပ်ကြီးကို စိတ်ဓာတ်တက်ကြွစေခဲ့သလို သခင်ဗဟိန်းနဲ့ ဦးဗဆွေတို့ အဖမ်းခံခဲ့ရတဲ့အခါမှာလဲ သခင်လှရွှေနဲ့ သခင်သိန်းအောင်တို့က တစ်ဗိုလ်ကျ၊ တစ်ဗိုလ်တက် ဆက်လက်ဦးဆောင်ချီတက်ခဲ့ကြတာ ဖြစ်ပါတယ်။

မကွေးမြို့မှာ ကျောင်းသားခေါင်းဆောင်တွေ အဖမ်းခံခဲ့ရတဲ့အကြောင်းကို ကြားသိရတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေက ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီးမှာ ကျောင်းသားထု အစည်းအဝေးပွဲကြီးပြုလုပ်ခဲ့ကြပါတယ်။

အဲဒီဒီဇင်ဘာလ ၁၃ ရက်နေ့ ကျောင်းသားထု အစည်း အဝေးကြီးက

၁။ နယ်ချဲ့တို့မတရားဖမ်းထားတဲ့ ကျောင်းသား ခေါင်းဆောင်များ ကို ချက်ချင်းလွှတ်ရန်။
၂။ တရားသဖြင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို သပိတ်မှောက်၍ တောင်းဆိုနေကြသော အလုပ်သမားများအား မချုပ်ချယ်ရန်။



www.burmeseclassic.com

www.burmeseclassic.com



၃။ မန္တလေးမြို့နဲ့ မကွေးမြို့တို့မှာ အစိုးရထုတ်ပြန်ထားတဲ့ ပုဒ်မ ၂၃နဲ့ ပုဒ်မ ၁၄၄ တို့ကို ရုပ်သိမ်းပေးရန်။

စတဲ့ အချက်တွေကို ဆုံးဖြတ်တောင်းဆိုခဲ့ကြပါတယ်။ ဒီတောင်းဆိုချက်တွေကို အစိုးရထံပေးပို့ခဲ့ပြီး သတင်းစာတိုက်တွေကိုလဲ ဖြန့်ချိခဲ့ကြပါတယ်။ ဒီဇင်ဘာ ၁၅ ရက်နေ့ညနေမှာတော့ ပုဒ်မ ၁၄၄ အရ၊ "စီတန်းလှည့်လည်ခြင်းမပြုရ၊ အစည်းအဝေးမလုပ်ရ"ဆိုတဲ့ အမိန့်ကို ဆန့်ကျင်ပြီး ကျောင်းသား တစ်သောင်းကျော်တို့ဟာ ရန်ကုန်တစ်မြို့လုံး စီတန်းလှည့်လည် ဆန္ဒပြ အာဏာဖီဆန်ခဲ့ကြတာပါ။

ဗြိတိသျှနယ်ချဲ့ လက်ပါးစေအစိုးရက ကျောင်းသားထုရဲ့ တောင်းဆိုချက်တွေကို ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ အကြောင်း ပြန်ကြားခြင်းမရှိတဲ့အတွက် တ-က-သ အဆောက်အဦးမှာ အစည်းအဝေး ထပ်မံပြု လုပ်ခဲ့ကြပါတယ်။ ကျောင်းသားထုကြီး တစ်ရပ်လုံးက ဒီဇင်ဘာ ၂၀ ရက်နေ့မှာ အတွင်းဝန်ရုံးကို ဝိုင်းဝန်း ပိတ်ဆို့ပြီးသပိတ်ဆန္ဒပြကြဖို့ လျှို့ဝှက်စီစဉ်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကျောင်းသားတွေကို တို့ဗမာအစည်းအရုံး ၂၁ ဦး ပါတီ၊ ဦးဘဖေ၊ သခင်မြတို့ခေါင်းဆောင်တဲ့ အတိုက်အခံ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၊ ရဟန်းပျို အဖွဲ့တို့ကလည်း ညီညီညွတ်ညွတ်နဲ့ ထောက်ခံအားပေးခဲ့ကြပါတယ်။

၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့ နံနက်ခင်း၊ နှင်းထုကြီးရဲ့အောက်မှာ အတွင်းဝန်ရုံးအရှေ့ဘက် ဂျူဒါ အီစကယ်လမ်း၊ (ယခု သိမ်ဖြူလမ်း)၊ အနောက်ဘက် စပတ်လမ်း၊ (ယခု-ဗိုလ် အောင်ကျော်လမ်း)၊ တောင်ဖက် ဒါလဟိုဇီလမ်း၊ (ယခု-မဟာဗန္ဓုလလမ်း) မြောက်ဘက် ဘီဂန်ဒတ်လမ်း၊ (ယခု-အနော်ရထာလမ်း) လေးဖက်လေးတန် လမ်းအားလုံးမှာ ကျောင်းသားတစ်သောင်း ကျော်တို့က "တို့ခေါင်းဆောင်တွေအမြန်လွှတ်၊" "လွတ်လပ်ရေးအမြန်ပေး" အရေးတော်ပုံ အောင်ရမယ်" "တို့ဗမာဟေ့၊ တို့ဗမာ" စတဲ့ ကြွေးကြော်သံတွေကို ညီညီညာညာ အော်ဟစ်ရင်း အတွင်းဝန်ရုံးတစ်ခုလုံးကို သပိတ်တား ပိတ်ဆို့ထားလိုက်ကြပါတယ်။ ကျောင်းသားတွေဟာ၊ အဆင့်အဆင့်တန်းစီပြီး၊ ထိုင်သူကထိုင်၊ လှဲ သူကလှဲ နဲ့အတွင်းဝန်ရုံးထဲသို့ အလုပ်တက်ကြမယ့် ဝန်ထမ်းတွေကို သပိတ်တားခဲ့ကြတာဖြစ်ပါတယ်။ ဝန်ထမ်းအများစုကတော့ အတွင်းဝန်ရုံးထဲ မဝင်ကြဘဲ လှည့်ပြန်သွားကြပြီး အချို့ကတော့ လဲလျောင်းသပိတ်တားနေကြတဲ့ ကျောင်းသားတွေ အပေါ်ကို၊ ကန်တော့ဗျာလို့ ပြောပြီး ကျော်ဖြတ် ဝင်ရောက်သွားကြတာလည်းရှိပါတယ်။ အဲဒီအချိန်မှာ ကိုလိုနီနယ်ချဲ့ ဗြိတိသျှအရာရှိတွေက ပုလိပ်မင်းကြီးရုံးကို သွားရောက်ပြီး သပိတ်တားနေတဲ့ ကျောင်းသားတွေကို ဖယ်ရှားပေးဖို့ တောင်းဆိုကြပါတယ်။ ကျောင်းသားထု ဆန္ဒပြသပိတ်တား အစီအစဉ် စတင်ချိန်ကတည်းက စုံထောက် ရွှေဘသတင်းပေးပို့မှုကို ရရှိထားတဲ့ ပုလိပ်မင်းကြီး မစ္စတာရေးနီးက ပုလိပ်တပ်သားအင်အား ၄၀၀ကို ဘရွတ်ကင်း လမ်းထဲက ဂတ်တဲ စခန်းမှာ အဆင်သင့်စုထားပြီး မြင်းစီး စစ်ပုလိပ် ၁၀၀နဲ့လက်ထောက် ပုလိပ်မင်းကြီးကို တာဝန်ပေးစေလွှတ်ခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးက ကျောင်း သားတွေ၊ မြူနီစီပယ် မြန်မာစာသင်ကျောင်းတွေမှ ကျောင်းသားတွေက နေပူကျဲကျဲအောက်မှာ ဗွေနပဲနဲ့ ဆန္ဒပြနေတဲ့အချိန်မှာ မိဘပြည်သူတွေက လှူဒါန်းကျွေးမွေးခဲ့ကြပါတယ်။ ကျောင်းသား ခေါင်းဆောင်တွေကလည်း ကျောင်းသားထုရဲ့ပြင်းပြတဲ့ စိတ်ဓာတ်ကို လေးစားတဲ့အတွက် အဲဒီနေ့ သပိတ်တားမှုကို ရုပ်သိမ်းပြီး နောက်ရက်မှာ ဆက်လက်လုပ်ဆောင်ကြဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ ကြပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုလှရွှေ တရားဟောဖို့ စီစဉ်ပြီး အတွင်းဝန်ရုံးကို လေးဘက်လေးတန်မှ ဝိုင်းဝန်း ပိတ်ဆို့ သပိတ်တားနေကြတဲ့ ကျောင်းသားထုကြီးက ဖရေဇာလမ်းထောင့်ရှိ သူရိယ သတင်းစာ တိုက်ရှေ့မှာ စည်းကမ်းတကျ စုစည်းကြပါတယ်။

> "အချို့ကတော့ လဲလျောင်းသပိတ်တားနေကြတဲ့ ကျောင်းသားတွေ အပေါ်ကို၊ ကန်တော့ဗျာလို့ ပြောပြီး ကျော်ဖြတ် ဝင်ရောက် သွားကြတာလည်းရှိပါတယ်။"



www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀ပြည့် အရေးတော်ပုံ
စိန်ရတုမဂ္ဂဇင်း

အဲဒီအချိန်မှာပဲ စပတ်လမ်းဘက်မှ ကျောင်းသားတွေကို မြင်းစီးပုလိပ်တွေက တားဆီးရာမှစတင် ပြဿနာဖြစ်ပေါ်ခဲ့ရတာပါ။ ကျောင်းသားတွေက ပြန်လည်ရုပ်သိမ်းရန် စီစဉ်ခြင်း ဖြစ်ကြောင်း ရှင်းပြတာကို မြင်းစီးပုလိပ်တွေက လက်မခံဘဲ နယ်ချဲ့ ကျွန်ပီသစွာနဲ့ ကျောင်းသားငယ်တွေကို အတင်းဝင်ရောက် ရိုက်နှက်ဖြိုခွဲခဲ့တာဖြစ်ပါတယ်။ ကျောင်းသူ မစောရီ ခေါင်းကွဲသွားပါ တယ်။ ကျောင်းသားတော်တော်များများလဲ ဒဏ်ရာရရှိပြီး လဲပြို သွားကြပါတယ်။ ဦးဘနှင်းဦးဆောင်တဲ့ အမျိုးသားသူနာပြုတပ်ဖွဲ့က ချက်ချင်းရောက်ရှိလာပြီး ဝိုင်းဝန်းကူညီကြပါတယ်။ ကြက်ခြေနီ လက်ပတ်ကိုတောင် မရှောင်ဘဲ အကြမ်းဖက် နေကြတဲ့နယ်ချဲ့ စစ်ပုလိပ်အုပ်စုထဲကို သူနာပြုတွေက အတင်းဝင်ပြီး ဒဏ်ရာရတဲ့ကျောင်းသားတွေကို ကယ်တင်ကြရတာပါ။ ဒဏ်ရာရသူတွေကို သူရိယ သတင်းစာတိုက်ပေါ်သို့ သယ်ယူကုသပေးခဲ့ကြရတာ ဖြစ်ပါတယ်။

ဗြိတိသျှနယ်ချဲ့ မြင်းစီးပုလိပ်တွေနဲ့ နံပတ်တုတ်ကိုင် စစ်ပုလိပ်ခွေးတွေရဲ့ အကြမ်းဖက်မှုတွေကြောင့်၊ မြူနီစီပယ် မြန်မာ စာသင်ကျောင်းတွေမှ ကျောင်းသား ၃၀၀ ကျော် ဒဏ်ရာရခဲ့ကြပြီး တက္ကသိုလ်ကျောင်းသားတွေထဲက ဒဏ်ရာပြင်းထန်တဲ့သူတွေကတော့

(၁) ဂျပ်ဆင်ကောလိပ်၊ အိုင်အေ၊ အထက်တန်းမှ ကိုအောင်ကျော်၊ (၂)ယူနီဗာစတီ၊ အိုင်အေ၊ အထက်တန်းမှ ကိုရွှေမောင်၊

(၃) ယူနီဗာစတီ၊ အိုင်အေအထက်တန်းမှ ကိုသိန်းလှိုင်၊

(၄)ယူနီဗာစတီ၊ အိုင်အေ၊ အထက်တန်းမှ ကိုသန်း၊

(၅)ယူနီဗာစတီ၊ အိုင်အေ၊ အထက်တန်းမှကိုတင်မောင်၊

(၆)ဂျပ်ဆင်ကောလိပ်၊ အိုင်အေ၊ အထက်တန်းမှကိုထွန်းရှိန်၊

(၇) ယူနီဗာစတီ၊ ဘီအေ၊ အထက်တန်းမှ ကိုတင်မောင်တို့ဖြစ်ကြပါတယ်။

ရန်ကုန်တက္ကသိုလ်ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသနေရတဲ့ ကျောင်းသား၊ ကျောင်းသူတွေကတော့

(၁) ယူနီဗာစတီ၊ ဘီအေ၊ အထက်တန်းမှ ကိုဘသန်း၊

(၂) အင်းလျားဆောင်၊ အိုင်အေ၊ အထက်တန်းမှမတင်ညွန့်၊

(၃) အင်းလျားဆောင်၊ အိုင်အေ၊ အထက်တန်းမှ မခင်သန်းတို့ဖြစ်ကြပါတယ်။

ဒီကျောင်းသားတွေထဲက ဂျပ်ဆင်ကောလိပ်၊ အိုင်အေ အထက်တန်းမှ ကိုအောင်ကျော်ဟာ နယ်ချဲ့နောက်လိုက် နံပတ်တုတ်ကိုင် စစ်ပုလိပ်ခွေး တစ်ကောင်က ကျောင်းသူတစ်ယောက်ကို ရိုက်နှက်တဲ့အချိန်မှာဝင်ရောက်ကာကွယ်ပေးရင်း ခေါင်းကိုအရိုက်ခံခဲ့ရတာပါ။ ရန်ကုန်ဆေးရုံကြီးမှာ ဆေးထည့်ကုသပြီး တက္ကသိုလ် ဆေးရုံကိုပြန်ခေါ်ခဲ့တာဖြစ်ပေမယ့် သတိပြန်မရတဲ့အတွက် ၂၂ ရက် နေ့ညနေ ၇း၃၀ မှာ ရန်ကုန်ဆေးရုံကြီးသို့ ပြန်လည်ပို့ဆောင်ခဲ့ကြရပါတယ်။ ဒါပေမယ့် ခွဲစိတ်ကုသမှု မပြုလုပ်ရသေးမီ ည ၁း၂၅ မှာ ကျဆုံး ကွယ်လွန်သွားခဲ့ရပါတော့တယ်။

အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ဟင်္သာတခရိုင် မဲဇလီကုန်းစာတိုက် ဂုန်းဇင်ရွာမှ ကုန်သည်ဦးအောင်ဒင်၏သား တ-က-သ အမှုဆောင် ကျောင်းသားရဲဘော် ကိုအောင်ကျော်ရဲ့ ပြောင်မြောက်တဲ့ စွန့်လွှတ်ကျဆုံးမှုကို ပြည်သူ့ ပရိသတ် ၃၀၀၀၀ ကျော်တို့က ဗိုလ်အောင်ကျော်ဆိုတဲ့ ဘွဲ့ဂုဏ်ထူးနဲ့ချီးမြှင့် သင်္ဂြိုလ်ခဲ့ကြသလိုကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် အရိုက်ခံခဲ့ရတဲ့ လမ်းကို ဒီနေ့အချိန်အခါမှာတော့ ဗိုလ်အောင်ကျော်လမ်း ဆိုပြီး ဂုဏ်ပြုခဲ့တာကို အားလုံးသတိပြုမိကြမှာပါ။

၁၃၀၀ ပြည့် ရေနံမြေသပိတ်ကြီး ၇၅ နှစ်ပြည့်စိန်ရတု အောင်ပွဲ၊ အခမ်းအနားကို မကြာမီ ကာလအတွင်းကျင်းပကြမှာဖြစ်သလို သပိတ်တိုက်ပွဲကြီးရဲ့ ရေနံမြေအလုပ်သမားထုကြီးနဲ့အတူ ရှေ့တန်းက ပါဝင်ခဲ့ကြတဲ့ကျောင်းသားသမဂ္ဂအမှုဆောင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတဲ့ အထိမ်းအမှတ်နေ့ကလဲ နီးကပ်လာနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရေနံမြေသပိတ်ကြီးမှာ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့စုပေါင်း တိုက်ပွဲဝင်ခဲ့ကြတဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတွေနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ မျိုးဆက်သစ်တွေဟာ ၊ အလုပ်သမားအခွင့်အရေးတွေ၊ လယ်သမား အခွင့်အရေးတွေ၊ ကျောင်းသား အခွင့်အရေးတွေ၊ ပြည်သူတစ်ရပ်လုံးရဲ့ ဒီမိုကရေစီအခွင့်အရေးနဲ့ လူ့အခွင့်အရေး အပြည့်အဝရရှိရေးတွေကို ဒီနေ့၊ ဒီအချိန်ထိတိုက်ပွဲဝင်နေကြဆဲဖြစ်တဲ့အတွက် . . ။

***ခွပ်ဒေါင်းအလံတွေ ၊ ဆက်လက် ဖွဲ့ဝဲပါစေ . . . . .***

မြတ်ထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



# ၁၃၀၀ ပြည့် အရေးတော်ပုံနေ့

တင်နိုင်တိုး



၁၃၀၀ ပြည့် အရေးတော်ပုံဟူသည်ကား မြန်မာ သက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ခရစ်နှစ် ၁၉၃၈-ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အုံကြွဖြစ်ပေါ်ခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေး အရေးတော် ပုံကြီးကိုဆိုလိုပါသည်။ ၁၉၃၈-ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ၁၃၀၀ ပြည့် အရေးတော်ပုံသည် ယခု ၂၀၁၃-ခုနှစ်တွင် (၇၅)နှစ်ပြည့် မြောက်ပြီဖြစ်ရာ စိန်ရတုသဘင် အခမ်းအနားကျင်းပရန် ပြင်ဆင်နေကြသည့် သတင်းများကိုလည်း ကြားသိနေရပါသည်။

၁၃၀၀ ပြည့် အရေးတော်ပုံက ချောက်၊ ရေနံမြေ သပိတ်မှ စတင်ခဲ့ကြခြင်း ဖြစ်သည်။ ဘီအိုစီကဲ့သို့သော အရင်းရှင် ကုမ္ပဏီကြီးများ လက်ဝါးကြီးအုပ် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ရေနံမြေအလုပ်သမားများ အရေးပေါ်ပေါက်ခဲ့ရသည်။ ၃၁ အောက်တိုဘာ ၁၉၃၇တွင်ချောက်မြို့ဈေး အနောက်ဘက်ကွက်လပ်၌ တို့ဗမာအစည်းအရုံးမှ ဦးဆောင်ကာ လူထုအစည်းအဝေးကျင်းပခဲ့သည်။ တို့ဗမာ ရေနံမြေ အလုပ်သမားအစည်းအရုံးကို ဖွဲ့စည်းခဲ့သည်။ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် သခင်လေးမောင်နှင့် သခင်အောင်သန်း(နောင်ဗိုလ်စကြာ)တို့ လာရောက် တရားဟောကြသည်။

၆ ဇန်နဝါရီ ၁၉၃၈ တွင် တို့ဗမာရေနံမြေအလုပ်သမား အစည်းအရုံး ဒုဥက္ကဋ္ဌ သခင်ခင်ကို အစည်းအဝေးဖိတ်၍ မန်နေဂျာ မစ္စတာဘီရှော့ထံ ခွင့် ၂ ရက်တင်ခဲ့ရာ တစ်ရက်သာပေး၍ သခင်ခင်ပြန်ရောက်တော့ အလုပ်မှ ထုတ်ပယ် လိုက်သည်။ သို့ဖြင့် သခင်ဖေသန်း၊ သခင်ထား၊ သခင်ဖိုးလှတို့လူစု ဘီအိုစီ ကုမ္ပဏီမန်နေဂျာရုံးရှေ့သို့သွားကာ ဆန္ဒပြကြသည်။ မန်နေဂျာက သခင်ခင်ကို အရေးမယူတော့ကြောင်း နှစ်သိမ့်ပြောဆိုသည်။ သို့သော် လုပ်ခနည်းပါးခြင်း၊ အခွင့်အရေးမရရှိခြင်း စသော အထွေထွေမကျေနပ်မှုများကြောင့် အစည်းအရုံး ရှိရာသို့ ချီတက်သွားကြသည်။

မန်နေဂျာ ဘီရှော့က ကားဖြင့် လိုက်ပါကာလမ်းတွင် သခင်ခင်အား တနင်္လာနေ့ အလုပ်ဆင်းရန် ၄ ကြိမ်တိုင် ပြောသည်။ မရ၍ နောက်ဆုံးလက်လျှော့ကာပြန်သွားသည်။ သို့ဖြင့် ၈ ဒီဇင်ဘာ ၁၉၃၈-တွင် ရေနံမြေအလုပ်သမားများ သပိတ်စတင်မှောက်ကြသည်။ တောင်းဆိုချက်များတောင်းသည်။ ဦးဖိုးချွန်း ဇာတ်ရုံတွင် အလုပ်သမားနှစ်ထောင်ကျော်စုဝေးကာ တို့ဗမာ သီချင်းသီဆိုပြီး သခင်ခင်က မိန့်ခွန်းပြောသည်။ ၁၂ ဇန်နဝါရီ ၁၉၃၈ တွင် မကွေးစီရင်စု ရာဇဝတ် တရားသူကြီးက ပုဒ်မ ၁၄၄ ထုတ်လိုက်သည်။ ဇန်နဝါရီ ၁၃ တွင် ရေနံချောင်းသို့ ကူးစက်သွားသဖြင့် ပုဒ်မ ၁၄၄ ထုတ်ရပြန်သည်။

ရေနံမြေသို့ နန်းရင်းဝန် ဒေါက်တာဘမော်၊ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိန်းမောင်တို့ လာရောက်ညှိနှိုင်းကြသည်။ သို့သော် မပြေလည်ခဲ့ပေ။ ၁၁ လကြာသည်အထိ ထူးခြားမှုမရှိသောကြောင့် ရန်ကုန်သို့ချီတက်ဆန္ဒပြရန် ဆုံးဖြတ် ကြပြီး ၃၀ နိုဝင်ဘာ ၁၉၃၈-နံနက် ၆ နာရီတွင် ၄ ယောက်တစ်တွဲ စီတန်းကာချောက်မြို့မှစတင်ထွက်ခွာခဲ့ကြသည်။ ချောက်ရေနံမြေသပိတ် ဖြစ်ပွားနေချိန်တွင် မန္တလေး၌လည်း နယ်ချဲ့ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် နယ်ချဲ့ အင်္ဂလိပ်တို့က သေနတ်ဖြင့် ပစ်ခတ်

www.burmeseclassic.com



**‘ ဘောက်ထော်ရေနံမြေသပိတ် ဖြစ်ပွားနေချိန်တွင် ပင်လယ်လေးဦးလည်း နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် နယ်ချဲ့ အင်္ဂလိပ်တို့က သေနတ်ဖြင့် ပစ်ခတ် နှိပ်နင်းမှုကြောင့် ရဟန်းတော်အချို့အပါအဝင် အာဇာနည် ၁၇ ဦးကျဆုံးခဲ့ရသည်။ ’**

နှိမ်နင်းမှုကြောင့် ရဟန်းတော်အချို့အပါအဝင် အာဇာနည် ၁၇ ဦးကျဆုံးခဲ့ရသည်။

ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်ရောက်တော့ လူထု လူတန်းစား ပေါင်းစုံပါဝင်လာရာ အထွေထွေသပိတ်ကြီးအဖြစ် ပြောင်းလဲသွားတော့သည်။ ပါဝင်သော အလုပ်သမားဌာနများက သန်လျင်ရေနံချက်စက်ရုံ၊ ပုသိမ်ညွန့်မီးခြစ်စက်၊ ကမာရွတ် ရော်ဘာစက်၊ ရန်ကုန် **RET** ဘတ်စ်ကားဒရိုင်ဘာသပိတ်၊ အလုံ ဧရာဝတီသံရေကျိုဌာန၊ မှော်ဘီအစိုးရရုက္ခဗေဒဌာန၊ မစိန်ညွန့် ဆေးလိပ်ခုံနှင့် ရန်ကုန်သပိတ်မှောက်ကျောင်းသားများ ဖြစ်ကြသည်။

၂၀ ဒီဇင်ဘာ ၁၉၃၈တွင် အတွင်းဝန်ရုံးကို ဝန်းရံ ဆန္ဒပြခဲ့ကြရာမှ ကျောင်းသား ခေါင်းဆောင် ကိုအောင်ကျော် မြင်းစီးပုလိပ်များ၏ ရိုက်နှက်ခြင်းကို ခံရကာ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်သွားပါသည်။ ဤ ၁၃၀၀ ပြည့် အရေးတော်ပုံကြောင့်ပင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျ သွားခဲ့ရသည်။ ယခုအခါ ၁၃၀၀ ပြည့် ရေးတော်ပုံက ၇၅ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ဤတွင် ၁၃၀၀ ပြည့် အရေးတော်ပုံဟူ၍ ၁၉၅၈ က ကျင်းပဖြစ်ခဲ့ပုံကိုလည်း သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရပါသည်။ ၁၀ ဒီဇင်ဘာ ၁၉၅၈ တွင် ၁၃၀၀ ပြည့် အရေးတော်ပုံနေ့ကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မူလအစီအစဉ်အရ ညနေ ၅း၀၀နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပရန်ဖြစ်သော်လည်း အကြောင်း မညီညွတ်သဖြင့် အနှောင့်အယှက် အမျိုးမျိုးဖြင့် ကြုံတွေ့ရကာ ညနေ ၆း၀၀နာရီတွင် ဆူးလေဘုရားလမ်းမထက်၌ကျင်းပခဲ့ရသည်။

အခမ်းအနားတွင် တို့ဗမာအစည်းအရုံး သခင်များ၏ သုံးရောင်ခြယ်တူ တံဆိပ်အလံကို လွှင့်ထူထားပြီး တို့ဗမာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ကျဆုံးသွားကြသည့် အာဇာနည် ရဲဘော်ရဲဘက်များအား ဂုဏ်ပြုသည့်အနေဖြင့် တစ်မိနစ်ငြိမ်သက် စွာရပ်ကာ မေတ္တာပို့သကြသည်။ ယင်းနောက် ဆရာကြီးသခင် ကိုယ်တော်မှိုင်းက မိန့်ခွန်းပြောကြားပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မိန့်ခွန်းတွင် နယ်ချဲ့ အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်မှ ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ၁၃၀၀ ပြည့် အရေးတော်ပုံဆင်နွှဲခဲ့ကြပုံကို ဟောကြားခဲ့သည်။ ယင်းနောက် သဝဏ်လွှာများကို ဖတ်ကြားခဲ့ကြသည်။ အခမ်းအနားတွင် တို့ဗမာအစည်း အရုံးဝင်အများ အပြားတက်ရောက်ခဲ့ကြရာ ရှေ့ခေတ်ဟောင်း အောက်မေ့ဖွယ်ပင် ဖြစ်ပါသည်။

၁၃၀၀ပြည့်အရေးတော်ပုံနေ့ အခမ်းအနားမှ အလုပ်သမား အခွင့်အရေး၊ တောင်သူလယ်သမား အခွင့်အရေး၊ ဖိနှိပ် ချုပ်ချယ်မှုကန့်ကွက်ရေး၊ နယ်ချဲ့အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း သက်တော်ရာကျော်ရှည်စေရေးစသော အဆိုများကို တင်သွင်းကာ အတည်ပြုခဲ့ကြသည်။ အလားတူ အခမ်းအနားမျိုးကို မန္တလေးမြို့ အာဇာနည် ကုန်း၌လည်း ကျင်းပခဲ့ကြသည် ဆိုပါသည်။ မြို့နေလူထုက အာဇာနည် ၁၇ ဦး ဗိမာန်အားသွားရောက်အလေးပြုခဲ့ကြသည်ဆို၏။

ရန်ကုန် ၁၃၀၀ ပြည့်အရေးတော်နေ့မှ ၁၉၅၈-ခုနှစ်က အကြောင်းကြောင်းကြောင့် ဆူးလေဘုရားလမ်းမထက်တွင် ကျင်းပခဲ့ရသော်လည်း အနှစ်သာရရှိရှိ ကျင်းပနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**တင်နိုင်တိုး**

**ကျမ်းကိုး**


**၁။** **မြန်မာ့နိုင်ငံရေးသမိုင်း (ဦးလေးမောင်)**

**၂။** **မြန်မာ့အလင်းသတင်းစာ (၁၁.၂.၁၉၅၈)**




www.burmeseclassic.com

www.burmeseclassic.com



# ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံမှသည် မပြီးသေးဆုံးတဲ့ အလုပ်သမားများရဲ့ ရုန်းကန်မှုများ

မိုးမြင့်ဝင်း (နည်းပညာ)

အလုပ်သမားဆိုတာ မိမိတို့ရဲ့ ကာယ၊ ဉာဏစွမ်းဆောင်မှု လုပ်အားကို အလုပ်ရှင်များထံက ငွေကြေးနဲ့လဲလှယ် အသက်မွေးဝမ်းကြောင်းပြုသူများသာ ဖြစ်တယ်။ အလုပ်ရှင်ဆိုတာ မိမိတို့ စက်ရုံ၊ အလုပ်ရုံစက်ရုံတွေကို ရင်းနှီးစိုက်ထုတ်ပြီး အလုပ်သမားရဲ့ လုပ်အားနဲ့ပေါင်းစပ်မှု ကုန်ချောကိုရတယ်။ အဲဒီ ကုန်ချောကို ရောင်းလို့ ရတဲ့ အမြတ်အစွန်းကို သာမကပဲ အလုပ်သမားရဲ့ လုပ်အားကို နည်းမျိုးစုံနဲ့ခေါင်းပုံဖြတ်လေ့ရှိတယ်။ လုပ်အားခလျှော့ပေးတယ်။ အချိန်ပိုခိုင်းတယ်။ လူမှုရေး၊ ကျန်းမာရေး ခံစားခွင့်တွေ မပေးဘူး။အလုပ်ခွင်တည်မြဲဖို့ အာမခံချက်မရှိဘူး။

အဲဒီလို အစွန်းထွက်တန်ဖိုး Surplus Value တွေ ခေါင်းပုံဖြတ်ယူတာ ခေတ်အဆက်ဆက်ရှိခဲ့တယ်။ အရင်းရှင်၊ မနရှင်၊ လုပ်ငန်းရှင်တွေသာ တဖြည်းဖြည်း ကြီးပွားချမ်းသာကြပြီး အလုပ်သမားလူတန်းစားက ဆင်းရဲမြဲဆင်းရဲလာတော့ မနခွဲဝေမှုတွေ မမျှမတဖြစ်ပြီး နိုင်ငံတစ်ခုရဲ့ တည်ငြိမ်မှုတွေပျက်ပြားလာကြတယ်။

"အရင်းရှင်၊ မနရှင်၊ လုပ်ငန်းရှင်တွေသာ တဖြည်းဖြည်း ကြီးပွားချမ်းသာကြပြီး အလုပ်သမားလူတန်းစားက ဆင်းရဲ မြဲဆင်းရဲလာတော့ မနခွဲဝေမှုတွေ မမျှမတဖြစ်ပြီး"

၁၃၀၀ ပြည့်နှစ်၊ အရေးတော်ပုံကြီးက ရေနံမြေ အလုပ် သမားတွေက စတင်တယ်ဆိုပေမယ့် လယ်သမားတွေလည်း ပူးတွဲပါဝင်လာတယ်။ တို့ဗမာ အစည်းအရုံးရဲ့ ဦးဆောင်မှုကြောင့် လူထုကြီးလည်း ပါဝင်လာတယ်။ တတိယအကြိမ် ကျောင်းသား သပိတ်ကြီးပါ ပူးတွဲဖြစ်ပေါ်လာလို့ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံလို့ ဆိုရလောက်အောင် ကျယ်ပြန့်သွားတယ်။ အစိုးရဘက်က လိုက်လျောမှုတွေမရှိခဲ့ပေမယ့် အဲဒီအရေးတော်ပုံမှာ အမြတ် (၂)ခု ထွက်ခဲ့တယ်။ ဒါတွေက (၁) ဗမာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံး (ဗတလစ)ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ (၂) နယ်ချဲ့ကို လက်နက်စွဲကိုင် တော်လှန်ပုန်ကန်မှုဖြစ်တော့မယ်ဆိုတဲ့ အတွေးအခေါ်တွေ မြန်မာ တစ်မျိုးသားလုံးမှာ နိုးကြားလာခဲ့တယ်။

(၁) အဲဒီ အရေးတော်ပုံကြီးရဲ့ ခေါင်းဆောင်တွေဟာ ဖဆပလ ခေတ်မှာ အလုပ်သမားရေးရာ အဖွဲ့အစည်းတွေရဲ့ တာဝန်ခံတွေဖြစ်လာတယ်။ (၂) ဆိုရှယ်လစ်ခေတ်မှာ အလုပ်သမား လူတန်းစားကို ဦးထိပ်ထားတယ်ဆိုပေမယ့် နည်းလမ်းမကျလို့ ၁၉၇၄-ခုနှစ်၊ အလုပ်သမားအရေးအခင်း ဖြစ်ခဲ့တယ်။ (၃) ၁၉၈၈-ခု နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတော့လည်း ဒီမိုကရေစီတွဲဖက် ပါမလာလို့ အလုပ်ရှင်တွေရဲ့ ခေါင်းပုံဖြတ်မှု တွေက ဒီနေ့အထိ ရှိနေသေးတယ်။ လုပ်အားရှင် အလုပ်သမား ဘဝဟာ ခေတ်အဆက်ဆက် ရုန်းကန်နေမှု တော်တော်ကျသလိုဖြစ်တာတွေ ရေးပြပါမယ်။

## ကိုလိုနီခေတ်အလုပ်သမားများဘဝ

သီပေါမင်းပါတော်မူတဲ့ ၁၈၈၅-ခုနှစ်၊နောက်ပိုင်းမှာပဲ မူလက တွင်းရိုး၊ တွင်းစားတွေနဲ့ မြန်မာပြည်အလယ်ပိုင်း ဒေသက ရေနံကို ရိုးရာနည်းတွေနဲ့ တူးဖော်နေရာ အင်္ဂလိပ်ရေနံ ကုမ္ပဏီကြီးတွေ ရောက်ရှိလို့လာတယ်။

www.burmeseclassic.com



Burma Oil Company B.O.C က အကြီးဆုံးလုပ်ငန်းကြီးပဲ။ သူ့လောက်မကြီးတဲ့ Indo-Burma Petroleum I.B.P, British Burma Pectroleum BBP, နဲ့ Natsen နတ်ဆင်ကုမ္ပဏီတွေက အရပ်ဒေသတွေခွဲလို့ ရေနံ တွင်းပေါင်း (၄၀၀၀) ကျော်ကို တူးဖော်ကြတယ်။ နှစ်စဉ် ရေနံဂါလံကုဋေ (၃၀) ကျော် ထွက်ခဲ့တယ်လို့ မှတ်တမ်းရှိပါတယ်။ ရနိုင်သမျှ အကုန်ယူကြတာပဲ။

သူတို့ ရင်းနှီးမြှုပ်နှံမှုက ရွှေဒင်္ဂါးတစ်ဋေကျော် ရှိပါတယ်။ ကုမ္ပဏီမန်နေဂျာ နဲ့တွင်းတူးအင်ဂျင်နီယာတွေရဲ့ လစာက ၈၀၀၀ ကျပ်ရှိပြီး ရေနံမြေက ခမ်းနားတဲ့အိမ်ကြီးတွေမှာ မပူအိုက်ရအောင် ခေါင်မိုးတွေကို ရေပန်းတွေနဲ့ ပက်ဖြန်းပြီး နေကြပါတယ်။ ရန်ကုန်မြို့ပြည်လမ်း (ယခင်-နိုင်ငံခြားရေးဝန်ကြီးရုံးအနီး)မှာ ရေနံရိပ်သာဆိုတဲ့ အိမ်ကြီး (၆)လုံးရှိပါတယ်။ အခုတိုင် ရေနံအရာရှိကြီးများ နေထိုင်လို့ရသေးတဲ့ ခမ်းနားတဲ့အိမ်ကြီးတွေကို ဟိုခေတ်ကပဲ ဆောက်လို့နေထိုင်ကြပါတယ်။

ရေနံမြေ အလုပ်သမားတွေရဲ့ လစာက အလွန်နည်း ပါတယ်။ အဲဒီတုန်းက လုပ်သား (၅၀၀၀)လောက်ရှိခဲ့ပါတယ်။ ရေနံမြေမှာ မရှိမဖြစ်နေရတဲ့ လုပ်သားများကို အလွန်ကျဉ်းမြောင်းတဲ့ အိမ်ကလေးတွေမှာနေရတယ်။ နေကုန်၊ နေခမ်း အလုပ်လုပ် ကြရတယ်။ ဆေးဝါးကုသခွင့်၊ အလုပ်ပိတ်ရက်ဆိုတာ မရှိသလောက်ပါပဲ။ ကျောင်းသုံးသမိုင်းသင်ရိုးထဲမှာ ရေနံမြေ အလုပ်သမားတွေရဲ့ဘဝကို အပြည့်အစုံသရုပ်ဖော်ခဲ့တာ သိရှိပြီး ဖြစ်ပါလိမ့်မယ်။ ရေနံမြေ အလုပ်သမားခေါင်းဆောင် သခင်ခင်ကို အလုပ်ထုတ်ပစ်တဲ့ကိစ္စက စတင်ပြီး မပြေမလည်ဖြစ်ကြတာပါ။ ချောက်မြို့မှာရှိတဲ့ B.O.C ကုမ္ပဏီကြီးအပေါ် အလုပ်သမားတွေက တရားသဖြင့် တောင်းဆိုချက်တွေ မရခဲ့ပါဘူး။

ရေနံမြေသပိတ်ကြီးစတင်ပြီ

မြန်မာသက္ကရာဇ် (၁၃၀၀) ပြည့်နှစ်က ခရစ်နှစ် ၁၉၃၈-၃၉-ခုနှစ်၊ အတွင်းကျရောက်ပါတယ်။ ၁၉၃၈-ခု၊ ဇန်နဝါရီလ (၈)ရက်နေ့မှာ ရေနံမြေ အလုပ်သမား ရေနံမြေအလုပ်သမား (၄၀၀၀)ကျော် စည်းဝေးကြလို့ သူတို့ ရပိုင်ခွင့် (၂၁)ချက် တောင်းဆိုတာ မရကြပါ။ ချောက်၊ ရေနံချောင်း ရေနံမြေတွေကတစ်ဆင့် သံလျင်ရေနံချက်စက်ရုံအထိ လှုပ်လှုပ်ရွရွ ဖြစ်လာလို့ နန်းရင်ဝန်ဒေါက်တာဘမော်နဲ့ ဝန်ကြီး ဒေါက်တာသိန်းမောင်တို့ ကိုယ်တိုင် ရေနံချောင်းအထိ ရောက်ရှိလာပြီး ကုမ္ပဏီနဲ့ အလုပ်သမားတွေကြားမှာ ဖြေရှင်းပေမယ့် ကုမ္ပဏီက လိုက်လျောမှု မရှိပါ။

အဲဒီနှစ်မတ်လ (၁၇)ရက်နေ့မှာ သခင်လေးမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ရေနံမြေ အလုပ်သမား အစည်းအရုံးကိုဖွဲ့စည်းခဲ့ကြပါတယ်။

ရေနံချပ်၊ လမ်းရွာက အလုပ်သမား (၄၀၀) ချောက်မြို့မှာ စုစည်းကြတယ်။ ကုမ္ပဏီရဲ့ မတရားမှုတွေကို ဘုရင်ခံသိအောင် မိုင် (၄၀၀)ဝေးတဲ့ ရန်ကုန်မြို့ကို ဆင်းလို့ ဆန္ဒပြ ချီတက်အရေးဆိုကြဖို့ ဆုံးဖြတ်ကြပါတယ်။ ၁၉၃၈-ခု၊ နိုဝင်ဘာ (၃၀) ရက်နေ့မှာ စတင်လို့ သခင်ဖိုးလှကြီး၊ သခင်ဗတင်စတဲ့ ခေါင်းဆောင်တွေနဲ့ လူအင်အား (၂၀၀၀)ခန့် ချီတက်လာကြပါတယ်။ ကုမ္ပဏီ၊ ရေနံဝန် တို့က လူစုလူဝေးမလုပ်ရဆိုတဲ့ စည်းကမ်းချက်တွေကို ချိုးဖောက်ကာ ချောက်၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ မကွေး၊ ပြည်၊ သာယာဝတီလမ်းကတဆင့် ရန်ကုန်အထိ ဆင်းလာကြပါတယ်။

ဒီဇင်ဘာ (၄)ရက်နေ့မှာ မကွေးရာဇဝတ်ဝန် **(D.S.P)** က သပိတ်တပ်ကြီးရဲ့ ခေါင်းဆောင် (၆)ဦးနဲ့ ဘုန်းတော်ကြီး (၄)ပါးကို ဖမ်းဆီးသွားလို့ မကွေးမှာသပိတ်တပ်ကြီး ရပ်တန့်သွားတယ်။ အရေးတော်ပုံ စိတ်ပြောင်းသွားရန် နယ်ချဲ့က ရန်ကုန်မှာ ဘာသာရေးအဓိကရုဏ်းတစ်ခုဖန်တီးခဲ့ပေမယ့် အရာမရောက်ခဲ့ပါ။ အရေးတော်ပုံ

**❛ ရေနံမြေမှာ
မရှိမဖြစ်နေရတဲ့လုပ်သားများက
အလွန်ကျဉ်းမြောင်းတဲ့
အိမ်ကလေးတွေမှာနေရတယ်။
နေကုန်၊ နေခမ်း အလုပ်လုပ် ကြရတယ်။
ဆေးဝါးကုသခွင့်၊ အလုပ်ပိတ်ရက်ဆိုတာ
မရှိသလောက်ပါပဲ။ ❜**

www.burmeseclassic.com



ကြီးက တရွေ့ရွေ့အားကောင်းလာတာ တစ်နှစ်ကျော်ကြာခဲ့တယ်။

<u>ကျောင်းသားသမဂ္ဂ တစခန်းထပြီ</u>

တို့ဗမာအစည်းအရုံးဌာနချုပ်က စေလွှတ်တဲ့ သခင်စိုး၊ သခင်ထိန်ဝင်းစတဲ့ သခင် (၄)ဦးနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (ဗကသ)က ကိုဗဟိန်းနဲ့ ကိုဗဆွေတို့က မကွေးက သပိတ်တပ်ကြီး ဆက်လက်ချီတက်နိုင်အောင် တရားဟောကြပါတယ်။ ကိုဗဟိန်းရဲ့ မြင်းခွာတစ်ချက် ပေါက်လျှင် မီးဟုန်းဟုန်း တောက်စေရမယ်ဆိုတဲ့ ကြိမ်းမောင်းသံနဲ့အတူ သပိတ်တပ်ကြီး ထိုးဖောက်ချီတက်လာနိုင်ပေမယ့် သခင် (၄)ဦးနဲ့ ကျောင်းသား (၂)ဦးတို့ မကွေးမှာ အဖမ်းခံရပါတယ်။ မြန်မာ့အလင်း၊ သူရိယ နေ့စဉ်သတင်းစာတွေက ရေနံမြေသပိတ်ကြီးကို ထောက်ခံရေး သားခဲ့ကြတယ်။ ရန်ကုန်နဲ့ ရေနံမြေတစ်လျှောက်မှာ ပုဒ်မ (၁၄၄) ထုတ်ခဲ့ပါတယ်။

**' ကိုဗဟိန်းရဲ့ မြင်းခွာ တစ်ချက် ပေါက်လျှင် မီးဟုန်းဟုန်း တောက်စေရမယ်ဆိုတဲ့ ကြိမ်းမောင်းသံနဲ့အတူ သပိတ်တပ်ကြီး ထိုးဖောက်ချီတက် လာနိုင်ပေမယ့်... '**

အဲဒါကို မကျေနပ်လို့ ရန်ကုန်မြို့က အတွင်းဝန်ရုံးကို ကျောင်းသားများ သပိတ်တားရင်းကဗိုလ်အောင်ကျော်ကျဆုံးတဲ့ဖြစ်စဉ်၊မန္တလေး အာဇာနည် (၁၇) ဦး ကျဆုံးတဲ့ဖြစ်စဉ်တွေ ဖြစ်လာတယ်။ နိုင်ငံအနှံ့ကျောင်းသားတွေ သပိတ်မှောက် ကြွေးကြော်မှုတွေ ဖြစ်ခဲ့တယ်။ ပြည်၊ သာယာဝတီ၊ အင်းစိန်၊ တောင်ငူ၊ ပဲခူး၊ သထုံ (၆) ခရိုင်က လယ်သမားတွေပါ ရန်ကုန် ရောက်လာပြီး ရွှေတိဂုံဘုရားခြေတော်ရင်းမှာ သပိတ်စခန်း ချကြပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးမှာ ဥက္ကဋ္ဌအဖြစ် သခင်မြကို တင်မြှောက်ပြီး ဖွဲ့စည်းနိုင်ခဲ့တယ်။ ရန်ကုန်ကို အလုပ်သမား(၁၂၀၀)နဲ့ လယ်သမား (၁၀၀၈) အင်အား ရောက်ရှိလာကြတာက နယ်ချဲ့ကို ကြောက်ရွံ့စေတယ်။

လမ်းခရီးတလျှောက်မြို့ရွာတွေက တိုင်းရင်းသားမျိုးချစ်တွေနဲ့ တို့ဗမာအစည်းအရုံးဝင်တွေက သပိတ်တပ်ကြီးရဲ့ စားဝတ်နေရေးကို အသီးသီး တာဝန်ယူကြပါတယ်။ ရက်ပေါင်း (၄၀)ကြာ ချီတက်လာကြပြီး အင်းစိန်မြို့အဝင်မှာ တို့ဗမာအစည်းအရုံးဌာနချုပ်ခေါင်းဆောင်တွေဖြစ်တဲ့ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်အောင်ဆန်း၊သခင်နု၊ သခင်သိန်းဖေ စသည်တို့က ကြိုဆိုကြလို့ အရေးတော်ပုံကြီး လေးနက်သွားတယ်။ တစ်နှစ်ကြာဖြစ် ပေါ်နေတဲ့ အရေးတော်ပုံကြီးက တဖြည်းဖြည်းနဲ့ လူစုကွဲသွားကြတယ်။ နယ်ချဲ့က တိုးမြှင့်ဖိနှိပ်လာတယ်။ ဌာနချုပ် အတွင်းရေးမှူး သခင်အောင်ဆန်းနဲ့ သခင်တချို့ ရန်ကုန်ရဲအဖွဲ့လုံခြုံရေး အက်ဥပဒေပုဒ်မ (၂၆)အရ ထောင်(၁၅)ရက်အချခံကြရတယ်။ အရေးတော်ပုံကြီးကြောင့် ရဲဘော်သုံးကျိပ်ဖြစ်တည်မှုနဲ့ အမျိုးသား လွတ်မြောက်ရေး အကြောင်းတရားတွေ ဖြစ်လာတယ်။

ဘာပဲဖြစ်ဖြစ် လူ (၁၀၀၀၀) တက်ရောက်တဲ့ နယ်ချဲ့ ဆန့်ကျင်ရေး အစည်းအဝေးကြီးတစ်ခုကို တို့ဗမာအစည်းအရုံးရဲ့ ဦးဆောင်မှုနဲ့ရန်ကုန်မြို့မှာ ကျင်းပနိုင်ခဲ့ကြလို့ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ အရာထင်ခဲ့တယ်။ **All Burma Trade Union Congress A.B.T.U.C** ကို ဖွဲ့စည်းခဲ့ပေမယ့် စစ်ကြီးအတွင်း မှေးမှိန်သွားတယ်။

<u>ပါတီစုံခေတ် အလုပ်သမားများရှန်းကန်မှု</u>

လွတ်လပ်ရေးရပြီး ဖဆပလသြဇာခံ **Trade Union Congress (Burma) T.U.C. (B)** ခေါ်တဲ့ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (ဗမာပြည်)ကိုထူထောင်လို့ ဥက္ကဋ္ဌ ဦးဗဆွေနဲ့ (ရေနံမြေ)သခင်လွင်တို့က ခေါင်းဆောင်ကြတယ်။ ၁၉၅၀ ပြည့်နှစ်၊ မြောက်ကိုရီးယားအရေးမှာ (ဆိုရှယ်လစ်အုပ်စု အားကောင်းတဲ့) ဖဆပလ အစိုးရရဲ့ ဆုံးဖြတ်ချက်ကို သဘောကွဲလွဲကြလို့ လက်ဝဲမှ ခ်စ်ဝါဒီဝိဓူရ သခင်ချစ်မောင်၊ သခင်လွင်၊ သခင်လှကျွေတို့က အလုပ်သမား/လယ်သမားပါတီ (ဆိုရှယ်နီ)ကို ခွဲထွက်ထူထောင် ကြပါတယ်။ နောင် ပမညတအဖွဲ့ချုပ်ဖြစ်လာမယ့် ဆိုရှယ်နီသြဇာခံ **Burma Trade Union Congress**

www.burmeseclassic.com





B.T.U.C ဗမာပြည် အလုပ်သမားသမဂ္ဂများ ဌာနချုပ်ပေါ် လာပါတယ်။ နောင်အခါ ပမညတ သြဇာခံ အလုပ်သမားတွေကိုB.T.U.C အသင်းဝင်တွေလို့ခေါ်ကြတယ်။

၁၉၅၈-ခု ဖဆပလ အဖွဲ့ချုပ်ကြီး တည်မြဲ-သန့်ရှင်းအုပ်စု ကွဲပြီးနောက် **T.U.C (B)** အလုပ်သမားအစည်းအရုံးက တည်မြဲသြဇာခံ ဖြစ်သွားပြန်တယ်။ တီယူစီဘီက ဝန်ကြီးချုပ်ဟောင်း ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဗဆွေရဲ့ သြဇာခံခဲ့တယ်။ သန့်ရှင်း အုပ်စုက အလုပ်သမားအစည်းအရုံးတစ်ခုကို အမြန်ထူထောင်ခဲ့ရတယ်။ ပို့ဆောင်/ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မင်းခေါင် (ရဲဘော် သုံးကျိပ်)ကို ဥက္ကဋ္ဌပြုလို့ **Union Labour Organization U.L.O** ကို ဖွဲ့စည်းခဲ့တယ်။ ယူအယ်လ်အိုက အာဏာရပါတီရဲ့ သြဇာခံ ပါတီဖြစ်လာတယ်။

တည်မြဲ **B.T.U.C (B)** နဲ့ သန့်ရှင်း **U.L.O**အဖွဲ့ဝင် အလုပ်သမားအချင်းချင်း ဓါးတပြက်တုတ်တပြက် ဖြစ်ခဲ့ကြတယ်။ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေတော့ တိုးလာပေမယ့် ပါတီတွေရဲ့ စည်းရုံးရေးသြဇာခံတွေတော့ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ယခုခေတ် အလုပ်သမားတွေထက် ခံစားခွင့်တွေ တိုးမြှင့်ရအောင် အလုပ်သမားတွေက တရားဝင်တောင်းဆိုပေးနိုင်တယ်။

မဆလခေတ် အလုပ်သမားအဖွဲ့ကြီး

ဗိုလ်ချုပ်နေဝင်းရဲ့ လမ်းစဉ်ပါတီဟာ အလုပ်သမား အရေးကို ဦးစားပေးခဲ့ပါတယ်။ ၁၉၆၄-ခု ချောက်မြို့ (မေဒေး) အလုပ်သမားနေ့ကို အကြီးအကျယ် ပြုလုပ်ခဲ့ပြီး ပြည်သူ့အလုပ် သမားကောင်စီ အဆင့်ဆင့်ကို ဗဟိုမှ အခြေခံအထိ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူပိုင်သိမ်းခဲ့တဲ့ စက်ရုံအလုပ်ရုံတွေ တိုးတက်လာတော့ ပြည်သူ့အလုပ်သမားကောင်စီတွေအများအပြား ဖြစ်လာပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ လုပ်သားကောင်စီကို အလုပ်သမားတိုင်း မဝင်မနေရ စည်းရုံးကြတယ်။

ဒါပေမယ့် အစိုးရရဲ့ အလုပ်သမားအပေါ် ထားရှိတဲ့ မူဝါဒမှားယွင်းတာရယ်၊ တပြည်လုံး စီးပွားရေးကြပ်တည်းလာတဲ့ ဒဏ်ကို စက်ရုံအလုပ်သမားတွေ အရင်ခံရပါတယ်။ ၁၉၇၄-ခုနှစ်၊ မေလ/ဇွန်လတွေမှာ ချောက်၊ ရေနံချောင်း ရေနံမြေအလုပ် သမားများ အပါအဝင် တစ်ပြည်လုံးအလုပ်ရုံစက်ရုံ/ဌာနဆိုင်ရာ အလုပ်သမားတွေ ကုန်ဈေးနှုန်းကျဆင်းရေးနဲ့ စစ်မှန်သော ဆိုရှယ်လစ် ဖြစ်ထွန်းရေးအတွက် ကြွေးကြော်ဆန္ဒပြကြပါတော့တယ်။ ပြည်သူပိုင်သတင်းစာတွေက အစိုးရအကြိုက်ရေးကြတယ်။ စစ်ဗိုလ်တွေ ဗဟိုအလုပ်သမားကောင်စီမှာ ကြီးမှူးနေတာမကြိုက်ကြပါ။ အလုပ်သမားစစ်စစ် ကိုယ်စားလှယ်တွေ မပါသလောက်နဲ့ ဖွဲ့ခဲ့ကြတယ်။

အလုပ်သမားများပြားတဲ့ မြစ်ငယ်မီးရထားတွဲပြင်ရုံက စတင်ကာ ချောက်၊ ရေနံချောင်း ရေနံမြေကိုကူးစက်ပါတယ်။ ပုလိပ်ချည်မျှင်စက်ရုံ၊ ရွာသစ်ကြီးချည်စက်၊ မန္တလေးကုန်းလမ်း ပို့ဆောင်ရေး၊ မိတ္ထီလာချည်စက်၊ မြန်အောင် ရေနံစက်ရုံ၊ ဝမ်းတွင်း ချည်စက်၊ ရွှေညောင် ကုန်းလမ်းပို့ဆောင်ရေးတွေမှာ ဖမ်းဆီးထောင်ချပါတယ်။

ရန်ကုန်တဝိုက်က အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ကြို့ကုန်းဆေးဝါး ထုတ်လုပ်ရေး၊ သမိုင်းချည်စက်၊

> **"အစိုးရရဲ့ အလုပ်သမားအပေါ်ထားရှိ တဲ့ မူဝါဒမှားယွင်းတာရယ်၊ တပြည်လုံး စီးပွားရေးကြပ်တည်းလာတဲ့ ဒဏ်ကို စက်ရုံအလုပ်သမားတွေ အရင်ခံရပါတယ်။"**

www.burmeseclassic.com

www.burmeseclassic.com



အုတ်ကျင်းဂုံနီစက်၊ ဆင်မလိုက်သဘော်ကျင်းတွေမှာ ဆန္ဒပြမှုတွေဖြစ်တယ်။ အလုပ်သမားတွေ တကယ်ကုန်ဈေးနှုန်းတက်လို့ ဆန္ဒပြရတာပါပဲ။ အစိုးရက ဘာမှဖြေရှင်းမပေးနိုင်ပါ။ ဇွန်လ (၆)ရက်နေ့မှာ ဆန္ဒပြရတာပါပဲ။ အစိုးရက ဘာမှ ဖြေရှင်းမပေးနိုင်ပါ။ ဇွန်လ (၆) ရက်နေ့မှာ ဆန္ဒပြစက်ရုံအလုပ်သမားတွေကို နှိမ်နင်းခဲ့တယ်။

အလုပ်သမားတွေ နိုင်ငံပိုင်စက်ရုံကို ဖျက်ဆီးဖို့ကြံတယ် ဆိုပြီး ပစ်ခတ် နှိမ်နင်းလို့ အမြောက်အများသေကြပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း နာမည်ကြီးခဲ့တဲ့ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်လေးမောင်က မြန်မာပြည်အနှံ့ စက်ရုံတွေက အလုပ်သမားတွေကို သွေးထိုးလှုံ့ဆော်လို့ အဲဒီကိစ္စဖြစ်ရတာလို့ အစိုးရက တရားခံဖော်ထုတ်ခဲ့တယ်။ သခင်လေးမောင်ဓာတ်ပုံနှင့်တကွ နိုင်ငံပိုင် သတင်းစာမှာဖော်ပြခဲ့ပါတယ်။ ဖမ်းဆီးထားတဲ့ အလုပ်သမားခေါင်းဆောင် (၂၃)ဦးကို ပြန်လွှတ်ပေးပြီး အလုပ်သမား ကောင်စီတွေကို အခွင့်အာဏာနည်းတဲ့ အလုပ်သမားအစည်းရုံးတွေ ပြန်လည်ဖွဲ့ခဲ့တာ ၁၉၈၈-ခုနှစ်၊ အထိပါပဲ။ အလုပ်သမား သက်သာချောင်ချိရေး အဖွဲ့ဝင်မှ ခံစားခွင့်ရမလိုဖြစ်လာတယ်။

အဖွဲ့တွေမရှိပါ။ အလုပ်ရှင်ပေးသမျှ လုပ်အားခနဲ့ ကျေနပ်ရတဲ့ဘဝကို ရောက်ကြ ရတယ်။ အဲဒါကိုသိတဲ့ ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်း၊ တရုတ် အထည်ချုပ်စက်ရုံတွေ အများအပြားပေါ်လာပြီး အလုပ်သမားတွေကို လုပ်ခ လစာနည်းနည်းနဲ့ နေ့ဆိုင်း ညဆိုင်း ခိုင်းစေကြတော့တယ်။ ကုမ္ပဏီတွေ ခေါင်းပုံဖြတ်ကြတာကို လက်ပိုက်ကြည့်နေရတယ်။

၁၉၉၀နဲ့၂၀၀၀ပြည့်နှစ်အကြား ပြည်ပအလုပ်ရှင်တွေ လာရောက်ရင်းနှီးကြတဲ့ စက်ရုံတွေမှာ မြန်မာအလုပ်သမများ လုပ်ခလစာအနည်းငယ်နဲ့ လုပ်ရတယ်။ စက်ရုံမန်နေဂျာ နိုင်ငံခြား သားက အလုပ်သမားအချို့ကို စော်ကား မော်ကားပြုတာရှိတယ်။ စက်ရုံအထည်ဂိုထောင်ကြား အလုပ်သမအသတ်ခံရတဲ့ ကိစ္စတွေ ရှိလာတယ်။ အလုပ်သမားအဖွဲ့အစည်းများ မရှိလို့အကူအညီ မပေးနိုင်ပါ။ နိုင်ငံခြားသားပိုင်စက်ရုံတွေကို ဆန္ဒပြရင်း မြန်မာအလုပ်သမားခေါင်းဆောင်တွေကိုပဲ ထောင်ချအရေးယူတာတွေ ရှိလာတယ်။ “ငါတို့လည်း မပေးနိုင်/သူတို့ ပေးသမျှလောက်နဲ့ အေးအေးချမ်းချမ်းနေကြ” ဆိုတဲ့သဘော ဖြစ်နေတယ်။ ပဲခူးမြို့ အလုပ်ရုံတွေမှာ တရားမဲ့ဖြစ်ခဲ့တာတွေ အများအပြား ရှိခဲ့တယ်။

**‘ အလုပ်သမားအဖွဲ့အစည်း / သမဂ္ဂများ မရှိတော့ အလုပ်သမားအခွင့်အရေးရပိုင်ခွင့်တွေ တောင်းဆိုရမယ့် အဖွဲ့တွေမရှိပါ။ အလုပ်ရှင်ပေးသမျှ လုပ်အားခနဲ့ ကျေနပ် ရတဲ့ဘဝကို ရောက်ကြ ရတယ်။ အဲဒါကိုသိတဲ့ ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်း၊ တရုတ် အထည်ချုပ်စက်ရုံတွေ အများ အပြားပေါ်လာပြီး အလုပ်သမားတွေကို လုပ်ခ လစာ နည်းနည်းနဲ့.... ’**

နဝတ၊ နအဖခေတ်တွေမှာ လယ်သမား၊ အလုပ်သမား အစည်းအရုံး ထူထောင်ခွင့်တွေမရှိခဲ့ပါ။ ၁၉၉၃-ခု အမျိုးသား ညီလာခံမှာ ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က “အခုအချိန်တွင် အလုပ် သမား လယ်သမားတွေဟာ ပကတိ ညီညွတ်တဲ့ အချိန်အခါ ဖြစ်နေပါတယ်”လို့ မိန့်ခွန်းမှာ ပြောခဲ့ပါတယ်။ သူဆိုလိုတာက ဖဆပလခေတ် **TUC (B).B.T.U.C, ULO** တို့လို ပါတီသြဇာခံ အလုပ်သမား အစည်းအရုံးမရှိလို့ ညီညွတ်နေတယ်လို့ ဆိုလို ဟန်ရှိပါတယ်။

အလုပ်သမားအဖွဲ့အစည်း/သမဂ္ဂများ မရှိတော့ အလုပ်သမားအခွင့်အရေးရပိုင်ခွင့်တွေ တောင်းဆိုရမယ့်

ဒီမိုကရေစီဖြေလျှော့မှုတွေနဲ့အတူ အလုပ်သမား၊ လယ်သမားသမဂ္ဂများ ကွန်ရက်များဖွဲ့ကြတော့လည်း အစိုးရက အားပေးအားမြှောက် မရှိပါဘူး။ ကိုယ့်ဟာကိုယ် ဖွဲ့ကြရတာဖြစ်ပါတယ်။ ဆူပူမှုဖြစ်အောင် နိုင်ငံရေးသမားတွေ၊ အလုပ်သမားတွေကြားမှာ ဝင်ရှုပ်နေတယ်လို့ပဲ အာဏာပိုင်တွေက မြင်တယ်။ နိုင်ငံရေး ပါတီတချို့က အလုပ်ရှင်ထံမှ သင့်မြတ်တဲ့ လုပ်အားခလစာကို အလုပ်သမားတွေ ကိုယ်စားတောင်းပေးနေရတယ်။

အစိုးရသစ်လက်မှာ အနိမ့်ဆုံး လုပ်ခလစာသတ်မှတ်တဲ့ဥပဒေ၊ အလုပ်သမားဖျန်ဖြေရေး ကိစ္စတွေနဲ့ ညှိနှိုင်းပေးနိုင်တယ်။ အလုပ်ရှင်တွေကလည်း အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မပါမချင်း အလုပ်သမားတွေ အပေါ် အစွန်းထွက်တန်ဖိုး **Surplus Value** ကို ရနိုင်သမျှ ဖြတ်ယူနေတယ်။ ဆင်းရဲတဲ့ မြန်မာ့အလုပ်သမားတွေအပေါ် လုပ်ခလစာ နည်းနည်းပေးရင်လည်း ရနိုင်တယ်ဆိုပြီး စက်ရုံအလုပ်ရုံ လာရောက် ထူထောင်တဲ့ ပြည်ပအလုပ်ရှင်တွေဟာ အစိုးရမူဝါဒတွေမပြင်ခင် ခေါင်းပုံနာနာ ဖြတ်သွားမယ်ဆိုတဲ့ သဘောပါပဲ။ အခုလည်း စက်ရုံပိတ်တယ်ဆိုပြီး လျှော်ကြေးပေးလို့ အလုပ်ထုတ်ပစ်တယ်။ နောက်ထပ်အလုပ်သမားအသစ်တွေနဲ့ စက်ရုံ ပြန်လည်နိုင်တယ်။

အခုကာလမှာ ပုဂ္ဂလိက စာနယ်ဇင်းတွေ ပေါ်လာပြီး အလုပ်ရှင်တွေ အလုပ်သမားအပေါ် မမျှမတ ဆက်ဆံနေကြတာ ပိုင်းဝန်း ရေးသားနေကြတာ ဒီမိုကရေစီစနစ်ရဲ့ ထုံးစံဖြစ်ပါတယ်။ ဒါကိုလည်း အုပ်ချုပ်တွေက သိကြလို့ အလုပ်သမားရုံးတွေက ပါဝင်ဖျန်ဖြေမှု ပေးနေကြတယ်။ ဒါတောင် လောဘသမားအလုပ်ရှင် တချို့ တင်းခံနေတာတွေ ရှိနေသေးတယ်။ အလုပ်သမားတွေရဲ့ ရုန်းကန်ရတဲ့ ဘဝက တာရှည်နေဦးမယ်။

အလုပ်သမားအရေးနဲ့ နိုင်ငံရေးအကောက်အယူ


၁၃၀၀ ပြည့် အရေးတော်ပုံမှာ အလုပ်သမားက (၆)ခရိုင် လယ်သမား (၁၀၀၀)ကျော် ပူးပေါင်းပါဝင်တဲ့ အတွက် (ဗတလစ) အဖွဲ့ချုပ်ဖွဲ့စည်းနိုင်တယ်။ နယ်ချဲ့ အစိုးရကို အကြပ်ကိုင်နိုင်တယ်။ အဲဒီလိုပဲ ၁၉၆၃-ခုနှစ်မှာ တော်လှန်ရေးကောင်စီ က ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပစဉ် (၆) ခရိုင် ငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲကြီး ရန်ကုန်မြို့မှာ ဖြစ်ခဲ့တယ်။ လက်ဝဲ အုပ်စု ပြည်သူ့ကော်မတီ က ဦးဆောင်တာသိခဲ့လို့ ဗိုလ်နေဝင်းဟာ မဒညတ အဖွဲ့နဲ့ ဆွေးနွေးနေတုန်း သူ့ကို အကြပ်ကိုင်ခဲ့တယ်ထင်ပြီး ဆွေးနွေးပွဲကိုရပ်ကာ လက်ဝဲအဖွဲ့ဝင်တွေကို ဖမ်းဆီးခဲ့တယ်။

၁၉၇၄-ခု အလုပ်သမားအရေးအခင်း မဖြစ်ခင် လပိုင်း အလိုမှာ ၁၉၇၄-ခု အခြေခံဥပဒေအရ နိုင်ငံတော်ကောင်စီအစိုးရ ဖြစ်ပေါ်လာတယ်။ စစ်ရာထူးစွန့်ပြီး ဦးနေဝင်း သမ္မတဖြစ်တာ (၃)လ သက်တမ်းပဲ ရှိပါသေးတယ်။ သခင် လေးမောင် နိုင်ငံတခွင် စက်ရုံတွေကလျှို့ဝှက်လှုံ့ဆော်ခဲ့တဲ့အထဲမှာ ဗိုလ်နေဝင်းတော့ ခေါင်းပေါင်းပြောင်းပြီး အာဏာသက်ဆက်တော့မယ်ဆိုတဲ့ ပြောဆိုမှုတွေ ရှိခဲ့တယ်။ အဲဒါကို အလုပ်သမားထုကြီး ကျေနပ်မှာ မဟုတ်ကြပါ။

အဲဒီ ၁၉၇၄-ခုက စတင်လို့ (၂)နှစ်အတွင်း (၆)လ တစ်ကြိမ် အရေးအခင်းတွေဆက်တိုက်ဖြစ်နေတယ်။ ၁၉၇၄ ဇွန်လ အလုပ်သမားအရေး ၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေး၊ ၁၉၇၅ စက်မှုတက္ကသိုလ်/ရွှေဂုံတိုင်အရေး၊ ၁၉၇၆-မတ်လ မှိုင်းရာပြည့် အရေးတွေ ဆက်တိုက်ဖြစ်လို့ ပညာရေးဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းကို အနားပေးခဲ့ရတယ်။

သမ္မတ ဦးသိန်းစိန် ၁-၄-၂၀၁၁ သမ္မတသက်တမ်း စတင်လို့ (၂) နှစ်တိတိကြာတဲ့ (၁-၄-၂၀၁၃)နေ့ကြတော့မှ ပုဂ္ဂလိ က သတင်းစာတွေ ထုတ်ဝေခွင့်ပေးခဲ့တယ်။ ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာတွေဟာ အစိုးရကို အနှောင့်အယှက် ပေးနိုင်လို့ လွှတ်တော်အသစ်၊ အစိုးရသစ်တွေ အာဏာမြဲလောက်မှ ခွင့်ပြုခဲ့တယ်လို့ နိုင်ငံရေးအရ ယူလို့ရတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံမှာ ညီညွတ်ခဲ့တဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနဲ့တိုင်းရင်းသားတွေဟာ နိုင်ငံရေးဦးတည်ချက်(၅)ချက်နဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတု သဘင်အခမ်းအနားကြီးကို ယခုနှစ်မှာ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပတော့မယ်။

မိုးမြင့်ဝင်း (နည်းပညာ)





www.burmeseclassic.com

www.burmeseclassic.com



# “တေးချင်းဆိုလှင်....သခင်အမေ”

အောင်သန်းဦး(ရေနံ့သာ)

“ ကြည့်လေ မမြင်ရလေ မျက်စိနဲ့နားဝေးနေသလိုပဲ သားရေ စဉ်းစားလေ မေ့လေပါပဲ၊ နှစ်ပရိစ္ဆေဒကလည်းတွက်ကြည့်ဦး ကြာကြာလှပေါ့၊ သေတဲ့လူတွေကလည်း အရိုးတောင် မရှိလောက်တော့ဘူးသားရယ်” တဲ့။

အမှန်တော့ သူ့အရွယ်သည် အဖွားအရွယ်ဖြစ်သည်။ သို့သော် မိမိသည် ငယ်စဉ်ကတည်းက အဖွားကို အမေ၊ အမေကို မမဟု နှုတ်ကျိုးခဲ့သည်။ သူ့ကိုလည်း အမေဟု နှစ်နှစ်ကာကာကြီး ခေါ်ဖြစ်လိုက်သည်။ သူကလည်း မိမိကို လိုလိုချင်ချင်ကြီးပင် ‘သား’ ဟု ခွန်းတုန့်ပြန်ခေါ်ဖြစ်သည်။ သွေးမတော် သားမစပ် သူနှစ်ဦးတို့ပြောနေကြသည့် စကားများထဲတွင် ‘သား’ ချင်း ‘အမေ’ ချင်း မိုးမွှန်နေတော့သည်။ အသက် (၉၀)တွင်း ရောက်နေပြီးဖြစ်သော အမေသည် ခါးကိုင်းစပြုနေပြီ၊ ဆံပင်များဖြူနေပြီဖြစ်သည်။ ဝါးဘီးလေးနှင့်ထုံးထားသော ဆံထုံးမှာ တမာသီးအရွယ်မက ဂုံညင်းလောက်နီးနီးရှိဦးမည်။ နုပျိုစဉ်ကမူ အမေ့ဆံပင်များသည် အတော်ကောင်းနေလိမ့်မည်ဟု ခန့်မှန်းရနိုင်သည်။

> ‘ သူ့ကိုလည်း အမေဟု နှစ်နှစ်ကာကာကြီး
> ခေါ်ဖြစ်လိုက်သည်။
> သူကလည်း မိမိကို လိုလိုချင်ချင်ကြီးပင်
> ‘သား’ ဟု ခွန်းတုန့်ပြန်ခေါ်ဖြစ်သည်။
> သွေးမတော် သားမစပ် သူနှစ်ဦးတို့
> ပြောနေကြသည့် စကားများထဲတွင်
> ‘သား’ ချင်း ‘အမေ’ ချင်း
> မိုးမွှန်နေတော့သည်။ ’

‘ ဆံကေသာဖြေခါကျလိုက်တော့ အရှည်ပမာဏက သုံးတောင်ထွာတဲ့ သားရဲ့၊ ဆံပင်ကို ဘယ်သူ့မှအကိုင်မခံရဘူး၊ အမေတို့မအေက သူကိုယ်တိုင်ဖြီးသင်ရှင်းပေးတယ်၊ အုန်းဆီလိမ်းပေးတယ်၊ ယောက်ျားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံးလို့ ဆိုတယ်မလား ငါ့သား ’။

အမေ့အသံက တိုးတိုးညင်းညင်းရှိသည်။ အမေ့ဟန်က တည်တည်ငြိမ်ငြိမ်ရှိသည်။ အမေတို့ငယ်ဘဝ ရုပ်ပုံလွှာသည် မြန်မာပီသခဲ့ကြမည်။ မြန်မာ့စရိုက် နှင့် လူလားမြောက်လာသော ချောက်မြို့နယ်၊ ငွေးချိုသူ အမေသည် အရွယ်ရောက်တော့ ငါး ခြောက်ကျွန်းရွာသားနှင့် အိမ်ထောင်ကျခဲ့သည်။ ယောင်နောက် ဆံထုံးပါခဲ့သည်။ ငါးခြောက်ကျွန်းသည် ပွင့်ဖြူမြို့နယ် ပိုင်ဖြစ်သည်။ ဧရာဝတီမြစ်ရေကြီးချိန်တွင် ရွာကိုရေလွှမ်းသည်။ရွာသည် ရေနံချောင်းမြို့နယ်၊ ညောင်လှ၏ အနောက်ဘက်နားဆီတွင် တည်ရှိသည်။ သို့ဖြစ်၍ နီးနီးကပ်ကပ်ရှိသော ရေနံချောင်းမြို့နှင့်သာအထိအတွေ့ အဆက်အဆံများခဲ့သည်။ အမေ့ခင်ပွန်းသည် မျိုးနှင့်ရိုးနှင့် ကိုင်းနှင့် ကျွန်းနှင့်ဖြစ်သည်။ မြေဧကတော်တော်များများပိုင်သည်။ မြေတိုင်းစာရေး ဦးမြမောင်ဆိုလျှင် ထိုနယ်တစ်ကြောတွင် မသိသူ မရှိ။ အမေကလည်း ထိုနည်းနှင်နှင့်ဆွေကြီးမျိုးကြီးပင်။

အမေသည် ပွဲနေပွဲထိုင်များရှိလျှင် ထမင်းရုံတွင် လူပေါင်းစုံနှင့် စားလေ့မရှိ။ မျိုးတူရိုးတူများနှင့်သာ လက်ဆုံစားသော ‘အုပ်စား’ အဆင့်က လာခဲ့သူ ဖြစ်သည်။ ‘ထမင်းအုပ်စား၊ ပန်းအုပ်စား ’ဟုလည်းခေါ်ကြသည်။ မင်္ဂလာပွဲများတွင် ထိုသို့ မျိုးရိုး သန့်သူများကို ‘ လက်ဖွဲ့စား ’(ပန်းအုပ်တွင် လက်ဘက်သို့မဟုတ် စားသောက်ဖွယ်မုန့်တစ်ခုခုတည်ခင်း ဧည့်ခံကျွေးမွေးသည်ကို နှိုက်ယူစားသောက်ခြင်း) အဖြစ် အခွင့်ထူးခလေ့ ရရှိကြသည်။ သို့သော် အမေသည် ‘ ဒေါင်းလန်း’ ကြီးများနှင့်လည်း စားခဲ့ဖူးသည်။ သူ့အစ ငါ့အစ (ထမင်းစ၊ ဟင်းစ) ဆွဲ၍ လုယူစားသောက်ကြသည်။ သူ့ဟင်းစ ထမင်းစ၊ ငါ့ထမင်းစ ဟင်းစတို့အပြန်အလှန် ဒွေးရော ယှက်တင်

www.burmeseclassic.com



စီးဝင်ပျံ့နှံ့နေကြရင် ချစ်ခင်မှုများ ပိုမိုခိုင်မာလာသည် ဟု ဆိုကြသည်။

"ဒါ့ကြောင့်မို့ -××× ညီညွတ်ရေးနဲ့ ××× အသက်ရှည်ရှည် ××× ခင်ခင်မင်မင် ××× လက်ရေတပြင်တည်း ××× ရှေးကတော့ပိုချစ်ကြတယ် ××× လို့ ဆိုခဲ့တာကို သားရဲ့၊ ဒီတုန်းကတော့ ဆန်ကလည်းကောင်းလိုက်မေ့၊ ဆန်ဆေးလိုက်ပြီဆိုရင် လက်မှာ အဆီတွေ တက်လာတယ်၊ အဆီလေးတွေလက်မှာလာပြီး သီနေကြတယ်၊ အဆီအဥပါတဲ့ ဆန်ရဲ့ ဩဇာသတ္တိကို ပြတာပေါ့ သားရယ်"

အမေ့အသံက တိတ်သွားပြန်သည်။ မိမိ၏မျက်စိထဲတွင်မူ အမေပြောပြသောပုံရိပ်များ ထင်ယောင်လာနေသည်။ ကုန်းဇောင်း၊ သရက်တောဆီက လှည်းတပ်ကြီးများချီလာသည်။ လှည်းပေါ်ကို ကြည့်လိုက်ပါဦး။ ထမင်းထုပ်များ တောင်လို ပုံနေသည်။ သည်ရွာတွေက ဆန်ထွက်ရာဒေသတွေဖြစ်သည်။ အမေတို့ရွာက စပါးစိုက်မရ။ ငါးခြောက်ကျွန်းမှာ တောင်ရွာ၊မြောက် ရွာ (၂)ရွာ ရှိသည်။ အနီးအနားတစ်ဆက်တည်း နန်းတော်ကျွန်း၊ ကျွန်းကလေး၊ ငှက်တော့ကုန်း၊ ဘိစပ်ခုံ၊ အနောက်ကိုင်း၊ ကျောင်းတော်ရာ၊ ပွင့်ဖြူ . . . စကု . . ရွာစဉ်မပြတ် အမေတို့ခြေရာတွေ ထပ်ခဲ့ကြသည်။ ဘိစပ်ခုံရွာခေါင်းဆောင်က သခင်သော်ကြီး (ဦးဘိုသော်)ဖြစ်သည်။ သူက ထောင်ကျခံခဲ့ရဖူးသည်။ အမေတို့ရွာ ခေါင်းဆောင်သည် သခင်ထွန်းဖြစ်သည်။ အမေနှင့်လက်တွဲဖော်ကျ သခင်မဒေါ်ငွေလှိုင်။

စဉ်းစားလေ မေ့လေဆိုသည့်အထဲက အမေအမှတ်ရလိုက်သေးတယ်။ ချောက်ရေနံမြေက သခင်ခင်ဇော်၊ ရေနံချောင်း ညောင်လှကသခင်သိန်းမောင်ကြီး။ သူ့မိန်းမကို အမေကောင်း ကောင်းသိသည်။ လယ်ယားသူမရွှေအုံးဖြစ်သည်။ ယက္ကန်းခတ် ကျွမ်းကျင်သည်။ အခုလောက်ဆို သူတိုလည်း ရှိတော့မည်မထင်။ အမေ့ကိုလှမ်းကြည့်လိုက်တော့ အမေ့မျက်စိအစုံက ရီဝေဝေ ရှိနေသည်။ အမေသည် ပြူတင်းပေါက်မှ ဟိုးခပ်ဝေးဝေးဆီသို့ မျှော်ငေးလျှက်ရှိသည်။ မိမိကမူခြေလျင်ခရီးချီတက်ရာတွင် ဝဲလွင့် ပျံနေကြမည့် သုံးရောင်ခြယ် အလံများကို မှန်းဆမြင်ယောင် ကြည့်မိသည်။ မြောင်းဘောင်တစ်လျှောက်တွင် လူတန်ကြီးက တစ်ဖြောင့်တည်း ရှည်ရှည်လျားလျား တမြော်တခေါ်။ သူ့ရွာနှင့် သူ့ခေါင်းဆောင်အတူရှိနေကြသည်။ ဝစီ၊ ခရာမှုတ်သံများကြားတွင် ကြိုဆိုကြသူများကလည်းမနည်း။ ရေအိုးရွက်သူများ၊ မောင်းထောင် ခွက်ကိုင်သူများကလည်း အသင့်ရှိနေကြသည်။ ထန်းလျက်၊ မြေပဲလှော်၊ မုန့်ဆီကြော်၊ မုန့်စိမ်းပေါင်း၊ မုန့်ဖက်ထုပ်၊ ထန်းသီးမုန့်၊ မုန့်လုံး . . . အညာမုန့်မျိုးစုံက တောင်းကြီးတောင်းငယ်နှင့် အပြည့်။ မောရပမ်းရမှန်းမသိကြ။တအုန်းအုန်း တရုန်းရုန်း။

" ဗမာပြည် ××× သခင်များခေတ်ကိုပြင် ××× ထင်ရှား ဖြစ်ဘို့အမြဲမြင်××× ပေါ်ပင်ကိုထွင် ××× မရှောင်ဘူးဆိုတဲ့ဖွဲ့နော် ××× စံနမူနာတင်××× လာမယ် ဘေးပြေးတွေ့ချင် ×××"

အမေ့နှုတ်ဖျားက သီချင်းသံထွက်ပေါ်လာသည်။ တစ် ဆက်တည်းပင် အမေ၏ပြောစကားများသည်အသံမာလာသည်။

'သခင်သွေး ဝင်လာရင် ဘာမှမကြောက်ဘူး ငါ့သား၊ အိမ်ကလူကလည်း အားပေးတယ်၊ အမေတို့က မခံချင်တဲ့စိတ် နာတတ်တဲ့စိတ်တွေနဲ့ လုပ်ခဲ့ကြတာ၊ ခါးမဦးချ စိုက်ပျိုးလာတဲ့မြေကို ချစ်တီးက သိမ်းတယ်၊ ထွက်သမျှအသီးအနှံ သူတို့ထိုးဆက်ပေးရတယ်၊ ကောက်ဆွနဲ့ စကောပြောနိုင်မှကျန်တဲ့၊ ဒီကောင်တွေက ရသမျှအကုန်လိုချင်တော့တာပဲ သားရယ် ဘာတဲ့ - ××× ဗမာ့ပစ္စည်းတွေ ××× ဘဝသစ်ကြီးဆီလိုက်ပါကုန်ကြပြီ ××× ပတ္တမြားကျောက်သံ ××× စပါးကောက်နှံ ×××အဆီအနှစ်ဟူသမျှ ××× လူမျိုးခြားကလက်ဝယ်ကိုယ်စီ ×××ယူတော်မူကြသည်×××ကိုယ့်မင်း ကိုယ်ချင်းနေပါပြီ ××× နှစ်၊ လတွေကရှည်××× သစ်တောနှင့်ရေနံမြေ ××× လယ်မြေအလီလီ ××× ဗမာလက်ဝယ် ချုပ်ခြယ်ယူကြသည် ××× ရွှေကိုယူသည် ငွေကိုယူသည် ××× အမျိုးပျောက်မှာ စိုးကြောက်ပါတော့သည် ××× ကြာရင်နစ်မွန်းမည် ×××ဗမာဘုရင် အာဏာရှင်မရှိလေပြီ ××× ငါတို့ရဲ့ဌာနီ စားခွက်လု

**"သခင်သွေး ဝင်လာရင်**
**ဘာမှမကြောက်ဘူး ငါ့သား၊**
**အိမ်ကလူကလည်း အားပေးတယ်၊**
**အမေတို့က မခံချင်တဲ့စိတ်**
**နာတတ်တဲ့စိတ်တွေနဲ့ လုပ်ခဲ့ကြတာ..."**

www.burmeseclassic.com



ကြသည် ×××’ တဲ့။

မိမိသည် အမေ၏ သီချင်းသံထဲတွင် စီးဝင်မျောပါ သွားသည်။ အမေတို့ ခေတ်သီချင်းများသည် ယနေ့တိုင် လတ်ဆတ်နေမြဲ ဖြစ်သည်။ ထိုခေတ်က တရားပွဲများတွင် သခင်သီချင်းကို စတင်သီဆိုရမြဲဖြစ်သည်။ သီချင်းဆိုနေစဉ် ပရိသတ် အားလုံး ငြိမ်သက်စွာ မတ်တပ်ရပ်ကြရသည်။ သီချင်းဆုံးကာမှ လက်ခုပ် ဩဘာတီး၍ ကောင်းချီးနှုတ်မော်သာစုခေါ် လေ့ရှိကြသည်။ အမေ တို့ကျင်းပခဲ့သော တရားပွဲများသည် ရွာအဝင် ညောင်ပင်ရိပ်များ၊ ဇရပ်များတွင် ဖြစ်သည်။ အမေကိုယ်တိုင် ဟောခဲ့ပြောခဲ့ သီချင်း ဆိုခဲ့သည်။ ဟောရင်း ပြောရင်း စိတ်ဓာတ်များ ပြင်းထန်လာကာ အနီးရှိစားပွဲကို တဘုန်းဘုန်း ပုတ်မိတတ်သည်။ ထိုအခါ ဘေးမှ ‘သခင်မကြီး . . . သခင်မကြီး’ ဟု သတိပေးရင်း လှမ်းထိန်း ကြရသည်။

တရားပွဲအပြီးတွင်မူ ပုလိပ်တို့ ခြေချင်းလိမ်ကုန်ကြသည်။ ဖမ်းရန် ဆီးရန် လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ အခြေအနေကို သိပြီးဖြစ်ကြသော သခင်မများသည် ‘ဘိုကေတွေကံဆိုးလို့၊ သံကြိုးနဲ့ချီ၊ အပျိုတွေဥာဏ်တမျိုးနဲ့ သံကြိုးကိုထိဖြို’ ဟု ရွတ်ဆိုလိုက်သည်။ ထို့နောက် သခင်များကို အလယ်တွင် ထား၍ သခင်မများဘေးမှ ဝန်းရံလိုက်ကြသည်။ ပုလိပ်များသည် လက်ထိပ်သံကြိုးများကို ကိုင်ရင် အတွင်းမှသခင်များ အပြင်သို့ထွက်ရန် အမိန့်ပေးသည်။ သခင်များကလည်း မထွက်ကြ။ သခင်မများ ဝိုင်းရန်ပတ်ထားသည့်ကြားမှ ‘ သခင်မတွေမထိနဲ့ မီးပွင့်သွားမယ်’ဟု အော်ဟစ်ကြသည်။ သခင်များ၏အသံနှင့် တစ်ဆက်တည်းပင် ‘ သခင်မတွေ အသွေးပြောင်တယ်၊ မကွေးထောင်ကို အပျော့ အပျော့’ ဟူသော သံပြိုင်ဟစ်ကြွေးသံက ပေါ်ထွက်လာသည်။ ပုလိပ်များလည်း သခင်မများအနားသို့ မထိရဲ မကပ်ရဲနှင့် ဘေးသို့ရှဲ၍ သွားကုန်ကြသည်။

မိမိသည် ထမီအနီ၊ အင်္ကျီအစိမ်း၊ အဝါရောင်ပိုးပုဝါကို ခေါင်းတွင်ပတ်ထားသော ‘သခင်မ အမေဒေါ်စိန်ရင်’၏ ရုပ်သဏ္ဌာန်ကို ပုံဖော်ခန့်မှန်း နေမိသည်။ လက်ရှိအနေအထားမှာတော့ အမေသည် တုတ်တစ်ချောင်းနှင့် ကြက်ခြောက်၊ ဝက်ခြောက် အလုပ်ကို လုပ်နေရသည်။ ‘ရုပ်သေး ဝန်ဘေးချိတ်’ ဟူသော အမေ့ဆိုစကားနှယ်မှုဆိုး အဖွားအိုကို မည်သူကမျှ အဖက်မလုပ်ကြတော့။ အမေတို့ မိသားစု စားဝတ်နေရေးကလည်း ချို့ချို့ငဲ့ငဲ့ရှိပုံရသည်။ သို့သော် အမေ့အမူအရာတို့ကား အတိတ်အကြောင်းတို့ကို ပြောရင်းဆိုရင်း တက်ကြွနေသည်။ ရီဝေသော မျက်လုံးတို့ ရွှန်းလဲ့ပြောင်လက်လာသည်။

“ဒီမယ်ငါ့သား အမေတို့ ပြည်သူပြည်သား တိုင်းဟာ အခွန်ဟူသရွေ့ကို ထမ်းဆောင်ရတယ်၊အဲဒါ အမေတို့ အားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို တရားသဖြင့် ကာကွယ် စောင့်ရှောက်ဖို့ အခွန်တော်ပေးပြီး ဒင်းတို့ကို ခိုင်းထားတာ၊ ဒါကြောင့်××× အကုန်ပြောပြမယ် နားသောတဆင် ××× မှတ်ပါသီချင် ××× သခင်ဆိုတာ ဒို့သာမဟုတ်ပါ ××× ကြေးငွေအခွန်ပေးသူတိုင်းပင် ××× သာကီနွယ်ဝင် ဗမာတိုင်းသခင်×××-လို့ ဆိုခဲ့ကြတာပေါ့၊ အဲဒီတုန်းကတော့ ငါ့သားရယ်-××× တရားဘဝနဲ့ အရာရာမညီ ××× အလကား အာဏာပြနေတဲ့ဗမာပြည် ×××-ဆိုသလို ပါပဲ။’

**ဒီမယ်ငါ့သား အမေတို့ ပြည်သူပြည်သား တိုင်းဟာ အခွန်ဟူသရွေ့ကို ထမ်းဆောင်ရတယ်၊ အဲဒါ အမေတို့ အားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို တရားသဖြင့် ကာကွယ် စောင့်ရှောက်ဖို့ အခွန်တော်ပေးပြီး ဒင်းတို့ကို ခိုင်းထားတာ၊**



www.burmeseclassic.com



အမေ့နှုတ်ဖျားမှ သီချင်းအပိုင်းအစများသည် အမှတ်ရ တိုင်းထွက်အံကျ လာတတ်သည်။ တစ်ခါတစ်ခါတော့ ဟိုတစ်စ ဒီတစ်စရွှတ်ဆိုရင်း မေ့သွားတတ်ပြန်သည်။ အမေ့အသက်အရွယ်အရ အတိအကျ မှတ်မိနိုင်စွမ်းမရှိတော့။ တခါတရံ အိပ်ယာထဲတွင် သတိလစ်နေတတ်သည် ဟု ဆိုသည်။

" သခင်မကြီး ဒေါ်စိန်ရင်တို့ကို ကျုပ်တို့အပျို ပေါက်တုန်းက ဆားတိုင်ရွာထပ်ကနေ တမင်းထုပ်လိုက်ပို့ရတာပေါ့" မိမိတို့နှင့်အမေ့ဘေးမှ အဒေါ်ကြီးတစ်ဦးက ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ သူသည် ကျွန်တော်တို့ပြောဆိုနေသည်ကို နားထောင်နေသူဖြစ်သည်၊ သူ့ကို မေးမြန်းစုံစမ်းကြည့်တော့ အမည် ဒေါ်ခင်တင့်၊ အသက် ၇၃ နှစ် ရှိပြီဟု သိရသည်။

"အေး ဟုတ်လိမ့်မယ် ဒီတုန်းက ထမင်းမှန်း ဟင်းမှန်းလည်း မသိခဲ့ကြပါဘူးအေ၊ တခါတလေ ထမင်းထုပ်မဆင့်နိုင်တဲ့ အချိန်မတော်မျိုးဆိုရင် ဒန့်ဒလွန်ရွက်တွေ၊ ကဇွန်းဉတွေပြုတ်စား၊ စိမ်းစားဉတွေ စားနဲ့ပေါ့၊

ထမင်းငတ်တာလည်းရှိခဲ့ဘူးရဲ့၊ ဒါပေမယ့် စိတ်ဓာတ်ကတော့ ဘယ်တော့မကျဘူး၊ နာတတ်တဲ့စိတ်က ငယ်ထိပ်တက်နေကြတာလေ၊ ခွေးမျိုးတွေကလည်း မိုက်ရိုင်းကြတယ်၊ သူတို့ သဘော်ကြီးတွေကို သီပေါတဲ့မင်းသားတဲ့၊ မင်းသမီးတဲ့၊ နာမည်တွေ ပေးထားလိုက်ကြတာ၊ ဒါငါတို့အရှင်သခင်ကို စော်ကားတာ၊ နာမ်နှိမ်ပြီး ခြေနင်းတတ်ထားကြတာ၊ ဒါကြောင့်မို့ ငါ့သားရယ် - ××× အောင်ဆန်းမောင်ရေ ××× ကြည့်လှည့်ပါဦးလေ ××× (ဒို့လူထုတွေ)၂ ××× အထုပ်အပိုးကိုထမ်းလို့ ××ခတ်သုတ်သုတ် အမြန်လာနေ ×× လွတ်လပ်တဲ့ ဒို့ပြေရယ်××× မသမာကောင်တွေ မရှိမှကောင်းတော့မလေ ×××-တဲ့ အမေတို့ ဗမာ ဆိုတာ အသားတော် ညိုပြာညက် နန်းတော်ထက်ဖွားတွေကွဲ့

ဘာတဲ့ - ××× အညာတိုင်းပြည်ကို သခင်စိန်မောင်ရယ် ××× ဒို့ပါလိုက်ပါရစေ ××× ရွှေဘိုမြို့မှာ စိုးစံပေ ××× ဦးအောင်ဇေယျပြည်××× ထိုစဉ်ခါဝယ် ယိုးဒယားဆိုတဲ့တိုင်းပြည် ××× ဝါရင်းတုတ်ကိုယ်စီ နှိမ်နှင်းခဲ့ကြသည် ××× (အဲဒါ)၂ ဗမာစစ်သည် ××× ဇာတိသွေးညီ××× ဂုဏ်သတ္တိစုံလင်ပေသည် ××× ရွှေနန်းတော်ကိုဦးနှိမ်ချတော့မည်××× လိုက်ခဲ့ကြသပြေညို့ဝေစည် ××× ရွှေဘိုမှာနေခိုမည် ××× ရှေ့ရှေ့တုန်းက နောင်, ဒိုင်းသံစည် ××× သာကီတို့စံမြန်းဆိုစရာ မကုန်ခမ်း တယ်ကွယ် ××× ထူးတဲ့ရွှေနန်း ××× - "

အမေသည် သီချင်းများဆိုပြနေစဉ် ဦးခေါင်းလေးတမော့မော့ မေးလေး နိမ့်ချည်မြင့်ချည်တုန်နေသည်။ လည်ပင်းမှ အရေပြားရှုံ့တွတွပေါ်တွင် အကြောများထောင်လာသည်။ နဖူးနှင့်မျက်နှာပြင်ပေါ်က အရေးအကြောင်းများသည်လည်း ကွေးလိုက်ဖြောင့်လိုက်လှုပ်ရှားပေါ်လွင်နေကြသည်။ လက်ကောက်ဝတ် သေးသေးလေးမှ အကြောများက အပြိုင်းပြိုင်းထနေကြပြီ။ အမေကား သေးသလောက်မာနေဦးမည့် အသွင်ရှိသည်။ အမေ့အရွယ် အမေ့အတွေ့အကြုံတို့သည် ကနေ့ခေတ်တွင် အတော်ရှားပါး နေရှာမည်။ အမေ၏သက်ကြီးစကားများသည် မိမိတို့အဖို့ တန်ဖိုးကြီးမားလှသည်။ မိမိသည် အမေ့ကိုအသေအချာစိုက်ကြည့် ရင်းဦးခေါင်းသုံးလုံးနှင့် ပုဂ္ဂိုလ်ဆိုသည့် စကားနှယ် အမေ၏ထိုင်ပုံက တစ်ထပ်တည်းကျနေသည်။ အချိန်တို့ကားရပ်တန့်မနေ တစ်ရွေ့ရွေ့ကုန်ဆုံးခဲ့ပြီ။

မိမိသည်အမေ့အား နှုတ်ဆက် စကားဆိုရင်း အသင့် ပါလာသော မုန့်ငယ်နှင့် ရိုသေကိုင်းညွတ်စွာ ဦးချကန်တော့သည်။ ထိုအခါ အမေသည် မိမိကို ကျန်းမာချမ်းသာ အသက်ရှည်စေကြောင်း ဆုများပေးသည်။ ဆုပေး၍ အဆုံးတွင် 'တိုင်းပြည်မှာ အမတ်၊ အရပ်မှာ လူကြီး၊ သားသမီးမှာ မိဘတဲ့ ငါ့သားရဲ့၊ အသိတရားတွေ ရှိကြရမယ်။ ဘာသိဘာသာမနေရဘူး၊ သိတတ် မှတ်တတ် နာတတ်ရတယ်၊ ရာဇဝင်ဆိုတာ ရာဇဝင်လုပ်မှ ရာဇဝင်ဖြစ်တာငါ့သား'ဟု ပြတ်ပြတ်သားသားကြီး ပြောသည်။ အမေ့စကားလုံးမြှားဦးတို့သည် မိမိ၏ ရင်ထဲအသဲထဲ ရိုးတွင်းချဉ်ဆီထဲအထိ စူးဝင်သွားခဲ့ပြီ။ မိမိ သည် အမေ့အိမ်ကလေးမှ အပြန်လမ်းတွင် အမေ၏ ဗမာသွေး တေးချင်းသံလွင်များကို ကြားယောင်ရင်းလျှောက်လှမ်းခဲ့သည်။ မိမိ၏ စိတ်ထဲမှလည်း 'အမေတစ်ယောက် သခင်စိတ်ဓာတ် ရဲရဲ တောက်တွေနဲ့ အသက်ရှည်ပါစေ၊ နောက်နှစ်ခါ တန်ဆောင်မုန်းသားတို့နဲ့အတူ ပွဲကြည့်ပါရစေဦး' ဟု တိုးတိတ်ညင်သာစွာ မေတ္တာပို့ဆုတောင်း လိုက်မိပါတော့သည်။

" ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာနေ သခင်မ ဒေါ်စိန်ရင်နှင့် တွေ့ဆုံဖြစ်ခဲ့သော ၁၉၉၅-ခု ဂျူလိုင်၊ ဩဂုတ် နေ့ရက်များသို့ . . . "

**အောင်သန်းဦး (ရေနံ့သာ)**



www.burmeseclassic.com

www.burmeseclassic.com



❝ ရေနံမြေအလုပ်သမားများ၏ အုံကြွမှုသည် လွတ်လပ်ရေး သမိုင်းတွင် အရေးပါသော အခန်းကဏ္ဍ ဖြစ်သည်။ မြန်မာပြည် ကိုလိုနီဘဝ ကျရောက်သည်နှင့် နယ်ချဲ့တို့၏ အရင်းရှင်စနစ်က နောက်ကတစ်ပါလာခဲ့သည်။ ❞

# “တစ်ခါတုန်းက ရေနံမြေ”



တင့်ထွန်း (ချောက်)

ချောက်မြို့အကြောင်းပြောလျှင် “ ရွှေပုံတောင်” မပါ၍ မပြည့်စုံ။

ရွှေပုံတောင်က ပဒေသရာဇ် ခေတ်တစ်လျှောက် ကိုလိုနီခေတ် တစ်ခေတ်လုံး လွတ်လပ်ရေးရပြီးသည်မှ ယနေ့မျက်မှောက် ခေတ်အထိ ရှေ့မီနောက်မီအဘိုးအို၊ ခေတ်အဆက်ဆက် အဖြစ်အပျက် သမိုင်းကြောင်းကို အားလုံးသိသည်။။

သူသည် ရွှေပုံပေါ်လည်း ထိုင်ဖူးသည်။ဆူးမွေ့ယာလည်း ကြုံဖူးသည်။ လောကဓံ၏ လှည့်စားမှု အဖုံဖုံကို အံတုရင်ဆိုင်ခဲ့ရင်း မျက်မှောက်ခေတ်သို့ တိုင်ခဲ့ပြီ။ ရွှေပုံတောင်မှ မြောက်ဘက်သို့ လှမ်းကြည့်လိုက်ပါက ညို့ညို့မှိုင်းမှိုင်းနှင့် ပေါ်တော်မူကုန်း အရှေ့ တောင်ဘက် ယွန်းယွန်းတွင် ရေနံတိုင်များ မိုးတိုး မတ်တတ်နှင့် ခဲကြီးကုန်း၊ သူ့ပတ်ပတ်လည်တွင် ဇီးကွက်တောင်၊ နွားခေါင်းတောင်တို့ ဝန်းရံပြီး ခြေရင်းမှာကား တသွင်သွင်စီးဆင်းနေသော ဧရာဝတီဝန်းကျင်သည် စိမ်းစိမ်းစိုစိုနှင့် ကြည်နူးစရာ။

တစ်ခါ တစ်ခါ ရွှေပုံတောင်သည် သူ၏ ငယ်ပေါင်း ဧရာဝတီနှင့် ခေတ် အကြောင်း စနစ်အကြောင်း ပြောပြဖြစ်သည်။

------------------- ×-------------------

၁၉၆၄ - ခုနှစ် ၊ (မေလ)။
“ အရင်းရှင် စနစ်ကျဆုံးပါစေ”
“ မီးဒုတ် . . . မီးဒုတ် . . . ရှို့ရှို့”



www.burmeseclassic.com

www.burmeseclassic.com



" သခင်မျိုးဟေ့ . . . ဒို့ဗမာ "

"အရေးတော်ပုံ အောင်ရမည် . . . " ကြွေးကြော်သံများ ဆူညံလျှက်၊ အလုပ်သမားကြီး "ရွှေတောင်" ဆီသို့ ချီတက်လာ သည်။ အောက်သို့ ငုံ့ကြည့်လိုက်၏။

သုံးရောင်ခြယ်အလံ၊ တူ တံစဉ် အလံတို့ကို တပ်ဦးမှာ ပန်ပြီး ချီတက်လာကြသော လူအုပ်ကြီး။ မနည်းမနော။ ချီတက် လာသော လူထုကြီးကို ပန်ချာ ပုလိပ်တပ်က နံပါတ်တုတ် တကားကား လှံစွပ် တရွှယ်ရွှယ်နှင့်ရှေ့က နေ တားနေသည်။

သေချာကြည့်လိုက်သည်။ ရှေ့ဆုံးက သခင်မကြီး ဒေါ်ဆယ်၊ သခင်မကြီး ဒေါ်အေး၊ သူတို့မျက်နှာပေါ်တွင် ကြွေကွဲမှု၊ ဝမ်းနည်းမှု၊ မခံရပ်မှု၊ ကြည်နူးမှု၊ အစိပ္ပါယ်မျိုးစုံ ထင်ဟပ်နေသည်။ နောက်က လူအုပ်ကြီးမှာ မီးတုတ်များ ကိုင်ဆောင် လျှက်. . . . .။

" သခင်မျိုးဟေ့ . . . တို့ ဗမာ. . . .။

"အရေးတော်ပုံ အောင်ရမည် . . . . တခဲနက် ကြွေးကြော်လျှက်။

ရွှေပုံတောင်က သူ့ကိုယ်သူ မယုံမျက်စေ့ကို ပွတ်ပြီး ကြည့်သည်။ စင်စစ် ဤသည်တို့မှာ သရုပ်ပြပွဲမျှသာ ဖြစ်သည်။

၁၉၆၄ ခုနှစ်၊ အလုပ်သမားနေ့ကျင်းပရာ " မေဒေးကွင်း" သို့ ချီတက်လာကြသောအလုပ်သမားထုကြီး၊ ၁၃၀၀ ပြည့် အတိတ် ကို ပြန်လည်အသက် သွင်းလိုက်သည့် ပြယုဂ်။ ကိုလိုနီအစိုးရကို လက်တုန့်ပြန်ခဲ့သော ပြကွက်။ အိပ်ပျော်နေသော ဇာတိသွေး တစ်ဖန် နိုးထလိုက်ခြင်း ဖြစ်သည်။

တစ်ချိန်က ခံစားမှုမျိုး ရင်ထဲမှာ ခံစားလာသည်။ မေ့ဖျောက်၍ မရသော အကြောင်းများကို တနုံ့နုံ့ ခံစားရင်း " ရွှေပုံတောင်" သည် ၁၃၀၀ ပြည့်နှစ် ကာလဆီသို့ အတွေးရောက် သွား သည်။

ရေနံမြေအလုပ်သမားများ၏ အုံကြွမှုသည် လွတ်လပ်ရေး သမိုင်းတွင် အရေးပါသော အခန်းကဏ္ဍ ဖြစ်သည်။ မြန်မာပြည် ကိုလိုနီဘဝ ကျရောက်သည်နှင့် နယ်ချဲ့တို့၏ အရင်းရှင်စံနစ်က နောက်ကကပ်ပါလာခဲ့သည်။ ဗြိတိသျှက မြန်မာပြည်ကို သိမ်းလိုက်သည်တွင် အရင်ရှင်းများ အလုံးအရင်းနှင့် လှိမ့်ဝင်လာသည်။

မြန်မာနိုင်ငံသည် သယံဇတ ပေါများသည်။ ပြည်တွင်း ဖူလုံရုံမက နိုင်ငံခြားကိုပါ ထုတ်လုပ်ရောင်းချနိုင်သည်။ သို့အတွက် နယ်ချဲ့တို့ မျက်စေ့ကျခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းသည် အမြတ်များများရသည်။ ဘီအိုစီကုမ္ပဏီသည် အမြတ်များလေလုပ်ငန်းတိုးချဲ့လေ။

မြန်မာ့မြေပေါ်မှ သယံဇာတ ပစ္စည်းကို မြန်မာအလုပ်သမားတွေက ထုတ်ယူပေးပြီး ထွက်လာသမျှအမြတ်ကို သူတို့က လက်ဝါးကြီးအုပ်လာသည်။ အလုပ်သမားကို လုပ်ခနည်းနည်းပေးပြီး သူတို့တွေက ပန်ကာအောက်မှာ ဇိမ်နှင့်။ အလုပ်သမားများမှာ ရေနံမြေထဲမှာ ချွေးတပြိုက်ပြိုက်၊ ရေနံချေး တရွှဲရွှဲ၊ ပူပူလောင်လောင် အလုပ်လုပ်ကြရသည်။ အလုပ်သမားများမှာ ချွေးသာမက တစ်ခါတစ်လေ သွေးထွက်သံယို ကြုံကြရသည်။ သံလုံးပိုက်လုံးတွေကို မနိုင်တနိုင်မ,ရာက ထိခိုက်ဒဏ်ရာရကြရသည်။ အထိန်းအချုပ်မပါဘဲ သက်စွန့် ဆံဖျား စက်ရုံထိပ်သို့ တက်ကြရသည်။

"ရွှေပုံတောင်" ပတ်လည်တွင် တောင်များ၊ ကုန်းများရံ နေသည်။ ချိုင့်ဝှမ်းများတွင် အစဉ်မပြတ်ဆိုသလို ငိုက်စိုက်ငိုက် စိုက်နှင့် မြင့်လိုက် နိမ့်လိုက် လှုပ်ရှားနေသော ရေနံတွင်း အဆောက်အဦး မောင်းလက်တံများ။ တောင်ကုန်း ကမူထက်တွင် ထယ်ဝါခမ်းနားလှသော တိုက်အိမ်များ၊ ဥဒဟို သွားလာနေသော ကားများ၊ ဝီဝီလည်နေသော ပန်ကာအောက်တွင် ရေခဲစိမ်ဘီယာနှင့် ညိမ့်နေကြသော မျက်နှာဖြူများ၊ ခြံဝန်းကျယ်ကျယ်နှင့် မြက်ခင်းစိမ်းများ၊ ရေကူးကန်များ နှင့် လိုလေသေးမရှိ။

တောင်အောက် ချိုင့်ဝှမ်းတွင်းမှာက တဲအိမ်များ၊ တန်းလျားများ၊ နေရောင် အောက်တွင် တံလျှပ်ငွေ့တရှိန်ရှိန်၊ ကတ္တ တရာငွေ့က တထောင်းထောင်း၊ ညှိုးငယ်သော မျက်နှာ၊ ဒီးဒီးကျသော ချွေးတို့ဖြင့် ရေနံမြေ လုပ်သားများ. . .။

အလုပ်သမားများက ချွေးနှင့် သွေးနှင့် ရင်း, အရင်းရှင် ကသွေးစုပ်၊ မတူညီသောလူတန်းစားအလွှာ နှစ်ခုကို "ရွှေပုံတောင်"သည် တစ်နေရာတည်းမှာပင် မကြည့်ချင်မြင်လျက်သား ဒီတော့လည်း ရင်တနင့်နင့်ခံစားနေ ပေလိမ့်မည်။

အလုပ်သမားနှင့် မျက်နှာဖြူအနေအထားမှာ မိုးနှင့်မြေ ပမာကွာခြား လွန်းသည်။ ကိုလိုနီသည် အလုပ်သမားအချင်းချင်း သွေးခွဲ၊ ဖိလိုက်နှိပ်လိုက်၊ တောင့်မခံနိုင်သည့်အဆုံး ဖိလွန်းတော့ ကြွလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်မခံ၊ အသက်ရှုချောင်ဖို့၊ အလုပ်ခွင်အခြေအနေ ကောင်းဖို့ နည်းလမ်းရှာကြသည်။ လှုပ်ရှားလာကြသည်။ ရုန်းကန်လာကြသည်။ ဤအခြေအနေတွင် နယ်ချဲ့အစိုးရက အရင်းရှင် တွေဘက်က ရပ်တည်သည်။

နေရာတိုင်းမှာ လယ်သမား၊ ကျောင်းသား၊ အလုပ်သမား ဖိနှိပ်ခံအချင်းချင်းပေါင်းစည်းသွားပြီး ၁၃၀၀ ပြည့် အရေးတော် ပုံပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဤတွင် မိုင် ၄၀၀ ကျော် ရှည်လျားသော ချောက် ရေနံမြေမှနေပြီး ရန်ကုန်သို့ ခြေလျင် ချီတက်ခဲ့ကြသည်။

ဗြိတိသျှလက်အောက်က ရုန်းထွက်ရေးအတွက် ပထမဆုံးလှုပ်ရှားမှု၊ တစ်နည်းအားဖြင့် မြန်မာပြည် လွတ်လပ်ရေး အတွက် ကြိုးပမ်းမှုဖြစ်သည်။ ဤတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ကျရာအခန်းမှ ပါဝင်ခဲ့ ကြသည်။

ဟိုး . . . တုန်းက " ဘုမ္မိရာဇာ "

သည်နေရာက သယံဇာတ ထွက်ရှိသဖြင့်ကိုလိုနီတို့ မျက်စိကျခဲ့ကြသည်။ တည်နေရာအနေအထားက မြေပြန့်လွင်ပြင်မဟုတ်၊ ရွှေပုံတောင် ခဲကြီးကုန်း၊ နွားခေါင်းတောင်၊ ဇီးဂွက်တောင် စသည်ဖြင့် ကုန်းတွေ၊ ကျင်းတွေ၊ ချောက်တွေ၊ လျှိုတွေ ပေါများသဖြင့် နောင်အခါမှာ "ချောက်"ဟု တွင်လာသည်။

ချောက်မြို့တွင် ရေနံတွင်းပေါင်း (၈၄၆)တွင်း ခန့်ရှိပြီး နေ့စဉ် ရေနံဂါလံ (၄၁၀၀၀) စုပ်ယူရရှိသည်။ နေ့ဆိုင်း၊ ညဆိုင်းများဖြင့် အလုပ်သမားများ အားလပ်သည်မရှိ။ နေမဝင်သော ဆည်းဆာဟု ခေါ်ရလောက်သည်။ သို့သော် ရေနံမြေ အလုပ်သမားများ ဖောင်စီးရင်း ရေငတ်ခဲ့ကြရသည်။ ဗြိတိသျှအစိုးရက အဆီကို စား၍

' ကိုဘမောင် အခန်းကျဉ်းကလေးထဲမှ
ဟိုးအဝေး ကုန်းမြင့်ဆီသို့
လှမ်းကြည့်လိုက်သည်။
မျက်နှာဖြူအရာရှိတို့စံရာ ဘိုအိမ်များ။
လျှပ်စစ်မီး တထိန်ထိန်နှင့်။ '
မိမိအခန်းမှာကား မီးတပွင့်တည်း မှိန်ဃဲ့ယဲ့...

အသားကိုမျိုခဲ့ကြသည်။

နေရာကား အလုပ်သမား၊ တန်းလျား ၊ ၁၀ ပေ ပတ်လည် အခန်းကျဉ်း ကလေးထဲမှာ။ ကိုဘမောင် တစ်ယောက် တဟင်း. . . ဟင်းနှင့် အဖျားတက်နေသည်။

အချိန်ကား " သခင်ခင် " ကို အလုပ်ဖြုတ်၍ လုပ်သားများ ဆန္ဒပြချိန်။ ဇနီးဖြစ်သူ အိမ်မှာမရှိ။ သပိတ်တားရာတွင် သူက ခေါင်းဆောင် တိုက်ပိုင်ကို ပါးချမှုဖြင့် အချုပ်ခံနေရချိန်။

ကိုဘမောင်အိမ်မှာ တစ်ယောက်တည်း ကိုဘမောင် ဝေဒနာက တစ်နေ့တစ်ခြား ဆိုးဆိုးလာသည်။ ကိုဘမောင်အခန်း ကျဉ်းကလေးထဲမှ ဟိုးအဝေးကုန်းမြင့်ဆီသို့ လှမ်းကြည့် လိုက်သည်။ မျက်နှာဖြူအရာရှိတို့စံရာ ဘိုအိမ်များ။ လျှပ်စစ်မီး တထိန်ထိန်နှင့်။ မိမိအခန်းမှာကား မီးတပွင့်တည်း၊ မှိန်ယဲ့ယဲ့. . . မျက်နှာဖြူ အရာရှိများနှင့် ရေနံမြေလုပ်သားများ ဘဝကား မိုးနှင့်မြေမျှ ခြားနားလှ၏။ အဟွမ်း . . . အဟွမ်း . . . ချောင်းက အဆက်မပြတ် ကိုယ်က ပူလိုက် အေးလိုက်။ အပူအအေးမညီ။ " ကိုဘမောင်" ဒီလိုနေလို့တော့ မဖြစ်ဘူး၊ တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက် နေတာပဲ၊ 'မအေး'ကို အာမခံရအောင်လုပ်မှဖြစ်တော့မယ်။

ကိုဘမောင် ဖျားနေသည်ကြားက လက်ကာပြသည်။

" ကိုဘမောင်ရယ် ဒါလောက်လည်း ခေါင်းမပါနဲ့၊ လင်နဲ့ မယားဆိုတာက သူလဲတော့ ကိုယ်ထရ၊ ကိုယ်မမာတော့ သူပြုစုဆိုမဟုတ်လား "

" ဒါပဲလေ " ဘေးကဝိုင်းပြောသည်။

အဟွပ် . . . အဟွပ် . . . . ချောင်းဆိုးရာက ဆက်ပြောသည်။

" မလုပ်နဲ့ ၊ ကျုပ်မိန်းမစိတ်ကို ကျုပ်အနားလည်ဆုံး "၊ " ကျုပ်မသေနိုင်ပါဘူး "။

အဟွပ် . . . အဟွပ် . . . အဟွပ်

------------------ x -----------------

ချောက် ဘီအိုစီတွင် မော်တော်ယာဉ်ဌာန၊ပစ္စည်းထိန်း ဌာန ၊ ထုတ်လုပ်ရေးဌာန ၊ ငွေစာရင်းဌာန . . ဟူ၍ ဌာနခွဲများရှိသည်။

" သခင်ခင် "မှာ မော်တော်ယာဉ်ဌာနမှ အလုပ်သမား ခေါင်းဆောင်၊ ရေနံချောင်းမှာ ကျင်းပည့်

www.burmeseclassic.com



အလုပ်သမား အစည်း အဝေးတက်ရမှာ ဖြစ်သည်။

တစ်နေ့

" Master, ရေနံချောင်း အစည်းအဝေးသွားရမှာမို့ ကျွန်တော့်ကို ခွင့် (၂) ရက်ပေးပါ။

" NO " အရာရှိက စဉ်းစားမနေဘဲ ခေါင်းယမ်းသည်။

"သခင်ခင်" စိတ်ဓာတ်ကျသွား၏။ သို့သော် အစည်းအဝေးကို တက်ဖြစ်အောင်တက်ခဲ့သည်။ အပြန်တွင် လုပ်ငန်းခွင်သို့ သွားမြဲသွားသည်။ မျက်နှာဖြူအရာရှိက မကျေနပ်သည့်အမူအရာနှင့် ကြည့်ပြီး။

" ရော . . . မောင်ခင် ဒီမှာ မင့်အတွက်၊ ကုမ္ပဏီက ပေးတဲ့ဆု" အရာရှိလက်ထဲက " သခင်ခင် " လှမ်းယူလိုက်၏။

အလုပ်ဖြုတ်တဲ့ စာနီ ' ကုမ္ပဏီက ပေးတဲ့ဆုဆိုတာ ဒါလား "

" ထွီး. . " တံတွေးကို ပစ်ခနဲ ထွေးလိုက်၏။

" ရှိုင်း လိုက်လေကွာ . . . "

မော်တော်ယာဥ်ဌာနမှ လုပ်သားများ တစ်စုတစ်ဝေး ရောက်လာကြ၏။

လုပ်ရပ်ကိုကြည့်ပြီး အားလုံး မခံမရပ်နိုင်ဖြစ်နေကြ သည်။

ဖုတ် . . . ဖုတ် . . . . . .

ဖြုန်း . . . ဖြုန်း . . . . အသံမျိုးစုံထွက် လာသည်။

ညှိထားသည့်အတိုင်း မော်တော်ယာဥ်လုပ်သားများ အလုပ်လုပ်နေရင်းက မိမိတို့ ကိုင်ဆောင်ထားသည့် ပစ္စည်းပစ္စယ်များ ပစ်ချလိုက်ပြီး အလုပ်ခွင်မှ ထွက်သွားကြသည်။ အားလုံးထဲတွင် သခင်ဖိုးလှကြီးကခေါင်းဆောင်။

နဂိုကမှ အလုပ်ရှင်အပေါ် မကျေမနပ်ရှိခဲ့ကြရာ အခု လုပ်ရပ်ကြောင့် အနာပေါ် ဒုတ်ကျ ဖြစ်ခဲ့ကြသည်။

"သပိတ် . . သပိတ်. မှောက်. . မှောက် . . "

"သခင်မျိုးဟေ့ . . . ဒို့ဗမာ . . . " သံပြိုင်အော်လိုက် ကြမည်။

ဤအသံများ ချောက်မြို့ တစ်မြို့လုံး ဟိန်းပျံ့သွားသည်။ အလုပ်သမားများ မိမိတို့ တန်းလျားကို မပြန်ကြွေးကြော်သံများ ဟစ်အော်ပြီး မြို့ထဲသို့ လှည့်ခဲ့ကြသည်။

ဤနေ့ကား ၁၉၃၈ - နိုဝင်ဘာလ (၁၀)ရက်။

--------------- × ---------------

မော်တော်ယာဥ်ဌာနက စလိုက်သည်နှင့်ဆောက်လုပ်ရေး ဌာန၊ ငွေစာရင်းဌာန၊ ပစ္စည်းထိန်းဌာနမှ . . . အလုပ်သမားများ သပိတ်တပ်ထဲ ပါဝင်လာကြသည်။ ရေနံမြေတစ်ခုလုံး မီးခိုးတိတ်သွားသည်။

အလုပ်သမားတို့၏ ဆန္ဒပြမှုသည် ဗြိတိသျှအစိုးရကို စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ စင်စစ် BOC ကုမ္ပဏီက အလုပ်သမားများကို သွေးတိုးစမ်းလိုက်ခြင်းမျှသာ။ ထင်သလို ငုံ့မခံမှန်း သိလာသောအခါ " သခင်ခင် "ကို အလုပ်ပြန်ဆင်းခွင့်ပြုသည်။

" သခင်ခင် "က ခံယူချက်အပြည့်ရှိသူ။ ထွေးပြီးသော တံတွေးပြန်မမျို။ သူ့ဘဝတွင်ထွက်ပြီး ဆင်စွယ်တယ်တယ်မရှိ။ သခင်မျိုးဟေ့ ဒို့ဗမာ. . . ဗမာ ဟူသည်သစ်တုံးကျောက်တုံး မဟုတ်။ ဖိလျှင်ထမည်။ ထိလျှင်ကြွမည်။ ဗမာ့သွေး ရဲရဲနီကြောင်း ပြခဲ့သည်။

ဤသို့ဖြင့် သပိတ်ကာလသည် တစ်စ တစ်စနှင့် ရက်ကြာလာ၏။ သတ္တိ နည်းသူများ၊ သွေးကြောင်သူများ၊ အရေးခြုံများ မသိန်းနားနှင့် အလုပ်ခွင်သို့ ပြန်ဝင်လာကြသည်။

လင် နှင့် မယားဟူသည်။ ဒင်္ဂါးတစ်ချပ်၏ ခေါင်းနှင့် ပန်းမဟုတ်လား။ လင်ဖြစ်သူက ရှေ့တန်းက တက်တက်ကြွကြွနှင့်။ သပိတ်မှောက်ကြတော့ မိန်းမသားများငြိမ်မနေနိုင်နောက်တန်းမှ သပိတ်တားကြသည်။ တိုင်းပြည်တာဝန်ကို မောင်တစ်ထမ်း မယ်တစ်ရွက် ထမ်းဆောင်ခဲ့ကြသည်။

'မညို , ညီစေနော် '

'စိတ်ချ မယ်အေး . . . ဗမာပါနော်'

'အစ်မကြီး ကျမတို့လဲ သွေးမနည်းပါဘူး'

'သိပါတယ် 'ဆယ်ဆယ် 'ရယ် အရေးကြီး သွေးနီးတဲ့၊ အရေးကြုံသွေးဆုံ၊ အရေးကောင်း သွေးပေါင်းရမယ့်အချိန် ရောက်ပြီ မဟုတ်လား' 'မသန်း' က ခုလိုဝင်ပြောသည်။

ဤသို့ဖြင့် ရုံးကြီး၊ ငွေစာရင်းဌာန၊ မော်တော်ယာဥ်ဝပ်ရှော့ . . . နေရာများတွင် လူစုခွဲပြီး သပိတ်တားကြသည်။ တစ်နေရာ တစ်နေရာတွင် သပိတ်တားအမျိုးသမီး ၁၀၀ မှ ၁၅၀ ခန့်ထိ ရှိသည်။

လုပ်ငန်းခွင် ပြန်ဝင်သော စာရေးများကို သရော်သော အားဖြင့် -

" မိန်းမများလောက် သွေးမည်"



www.burmeseclassic.com

www.burmeseclassic.com



စာရေးစာချီ သွေးမကောင်း '. . .'မအေး'တို့ တစ်တွေ သွေးကြွလျက်။ သံချပ်ကို သံပြိုင်ဟစ်၍ ဆန္ဒပြခဲ့ကြသည်။

မျက်နှာဖြူ အရာရှိများ သပိတ်တား အမျိုးသမီးများကို မကြည့်ချင်အောင် မုန်းတီးလာရာက အကြမ်းဖက်လာတော့ သည်။

" မိန်းမများလောက် သွေးမညီ "

" စာရေး စာချီ သွေးလောက် မကောင်း' ဆက်ဆိုသည်. .။

ဗြော. . . ဗြော. . . ရေပိုက်မှ တဝေါဝေါ

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေကြပြီ။ သို့သော် ဇာတိ သွေးက ဆူဝေလျက် . .။

'ဟေး . . . ဟေး . . . ဟား . . . ဟား . . . မထီမဲ့မြင်နှင့် ညာသံပေးပြီး ရေထဲ၌ထဲ ဖင်ပြန်ခေါင်းပြန် အိပ်ပြီး သပိတ်တားသည်။

ထိုနေရာသို့ တိုက်ပိုင် 'ဆွာရမ်ဆင်' ရောက်လာ၏။

'ခေါင်းဆောင်ဘယ်သူလဲ '

'ဘာလုပ်ချင်လဲ' . . . ခေါင်းဆောင်က ငါပဲ . . .'ဒေါ်ညိုက ရင်ကော့ပြီး ရှေ့ကရပ်သည်။

'အလုပ်ဆင်းတဲ့သူကို ဘာကြောင့် ကဖျက်ယဖျက် လုပ်ရတာလဲ '

' အလုပ်သမား အခွင့်အရေးကို တညီတညွတ်တည်း ဖြစ်အောင်တောင်းတာ၊ အဲဒါ အပြစ်လား '

'အခု ဖယ်ပေး'

'မဖယ်ဘူး' ဒေါ်ညိုနှင့် အမျိုးသမီးထုက သံပြိုင်အော်လိုက်သည်။

'ဆွာရမ်ဆင်' မျက်နှာတစ်ခုလုံး ရဲလာ၏။ သပိတ်တားသူ များကို ကားနှင့်တိုက်ရန် လက်ဟန်ခြေဟန်ပြသည်။ ကားသည် ရှေ့သို့ ဝူးကနဲ တိုးလာသည်။ အမျိုးသမီးများ တစ်ယောက်မှ နောက်ဆုတ်။ အသက်အသေခံရန် အသင့်။

'မဖယ်ဘူးလား၊ ဖယ်မှာလား'

**ဒေါ်အေး ရုတ်တရက် လှုပ်လှုပ်ရှားရှား အနားရှိ ခွေးခြေကို လှမ်းယူလိုက်၏။ ထို့နောက် ခွေးခြေပေါ် တက်ကာ... ဖျန်း...မမှီတမှီနှင့် တိုက်ပိုင်ပါးကို လှမ်းရိုက်လိုက်၏။**

'လုံးဝမဖယ်ဘူး' ပြောပြီး တညီတညာထဲ မြေပေါ် တုံးလုံး လှဲအိပ်လိုက်ကြသည်။ ကားက တဖြည်းဖြည်း တိုး၍တိုး၍ လာသည်။ အမျိုးသမီးများ သွေးမကြောင် လုံးဝမဖယ်ပေး။ မော်တော် ကားဘီးသည် လူနှင့်ထိလုမတတ်။

"မိန်းမများလောက် သွေးမညီ စာရေး စာချီ သွေးလောက် မကောင်း" မာန်ပါပါနှင့် အော်ဟစ်နေဆဲ။

'ဆွာရမ်ဆင်' ကားကို ရပ်စေပြီး အမျိုးသမီးထုကို ဖမ်း မည်လုပ်၏။ 'ဖမ်းလျှင် တစ်ယောက်တည်း မဖမ်းနဲ့ အားလုံးကို ဖမ်း ' တစ်ပြိုင်နက်အော်သည်။

" သိကြသေးတာပေါ့။ ဒါလောက်ခေါင်းမာတာ၊ တစ်ယောက်တည်း ဖမ်းပြမယ်" ပြောပြီး တုတ်ဆွဲကာ ဒေါ်အေးရှေ့ ရောက်လာ၏။ တိုက်ပိုင် နည်းတူ လုံ့စွပ်တပ်များ ရှေ့တိုးလာသည်။ သပိတ်တားများ ကလည်း ရင်ဆိုင်တက်လာ၏။

ဒေါ်အေး ရုတ်တရက် လှုပ်လှုပ်ရှားရှား အနားရှိ ခွေးခြေကို လှမ်းယူလိုက်၏။ ထို့နောက် ခွေးခြေပေါ် တက်ကာ. . . ဖျန်း . . . မမှီတမှီနှင့် တိုက်ပိုင်ပါးကို လှမ်းရိုက်လိုက်၏။

ဒေါ်အေးက ရဲရဲတောက် အာဇာနည်။

အခြေအနေမှာ ဆွဲလား ရုန်းလား ရုန်းရင်းဆန်ခတ် ဖြစ် သွားသည်။ တိုက်ပိုင်က တုတ်ဆွဲပြီး ရှေ့တိုးလာသည်။ လုံ့စွပ်နှင့် တပ်သားတွေကလည်း ရှေ့တိုးလာသည်။ ဒေါ်အေးက တုတ်ကို ဆွဲလုရာ ပုလိပ်များ ဒေါ်အေးကို ချက်ချင်းဖမ်းခေါ်ကာ ကားပေါ်တင်လိုက်ကြ၏။

'Go out အာဏာသံနှင့် အမိန့်ပေးသည်နှင့် ကားသည် ရဲဌာနဆီသို့ ဦးတည်မောင်းနှင်၏။ မော်တော်ယာဉ်ရုံးရှေ့မှ ထွက်လာသော ကားသည် တစ်စ တစ်စနှင့် BOC ရုံးနားရောက်လာ၏။ BOC ရုံးကွေ့အရောက် ဒေါ်အေး အကြံရသွားသည်။ ဝတ်ထားသော အပေါ်ထဘီကို ချွတ်ပြီး အစနှစ်ဖက်ကို လက်နှင့်ကိုင်ပြီး အလံထူလိုက်ပါသွားသည်။

လမ်းတစ်လျှောက်လည်း " တစ်ယောက်ဖမ်းလျှင် နှစ် ယောက်တက် " ကြဟု အော်ဟစ်သွားသည်။

ဒေါ်အေးပြောသည့်အတိုင်း အမျိုးသမီးများ တစ်ဖိုလ်ကျ တစ်ဖိုလ်တက် စနစ်ဖြင့် ဆက်ပြီး သပိတ်တားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ချာ ပုလိပ်များ ပွဲကြမ်းလာကြ၏။ ဖမ်းလား ဆီးလား ဆွဲလား ရုန်းလား နှင့်အခြေအနေသည် ပို၍ဆိုးလာသည်။

ပုလိပ်တစ်ယောက်က နီးရာ အမျိုးသမီးဆံပင်ကို ဆွဲမည် အပြု။

' အမျိုးသမီးတွေကို လက်နှင့်မထိနဲ့ ---လွတ်'

နှစ်ဦး နှစ်ဖက် ရုန်းလိုက် ကန်လိုက် လုံးထွေးနေတုန်း . . . ဒုတ် . . . . ရေနံမြေ ပုလိပ်တစ်ယောက်က တုတ်နှင့် ရိုက်လိုက်ရာ သခင်မ ဒေါ်ဆယ်ခွေကနဲ လဲကျသွား၏။ အားလုံး ဝိုင်းထူး ကြသည်။ ခြေထောက်မှာ ချက်ချင်း ယောင်လာသည်။ ထော့ကျိုး၊ ထော့ကျိုးနှင့် မတ်တတ်မရပ်နိုင်။ ခြေကျိုးသွားသည်။ ခြေကိုသာ ချိုး၍ရမည်။ 'မဆယ်' စိတ်ဓာတ်ကိုကား ချိုးနိုင်စွမ်းမရှိ။ အံ့သြဖွယ်ကောင်းလှအောင် မိန်းမသားများ သတ္တိကောင်းကြသည်။ အရင်းရှင်က မည်မျှပင် အကြမ်းဖက်နှိပ်စက်သော်လည်း ပန်းနှင့် ပေါက်သည် ခံယူကြသည်။ လုံးဝလုံးဝမဖြို အပြုံးမပျက်။

အရေးတော်ပုံမှာ တစ်စတစ်စ အစိုင်အခဲ တစ်ခု အဖြစ် ကြီးထွားလာသည်။ အရင်းရှင်ဘက်ကလဲ အလျှော့မပေး။ အခြေ အနေမှာ တင်းမာသည်ထက် တင်းမာလာသည်။

" အားလုံးကို ဖမ်းလိုက်ကြ "

တိုက်ပိုင် အမိန့်အတိုင်း တစ်ယောက်မကျန် အကုန် ဖမ်းသည်။ အယောက် (၄၀) ကျော် ဖမ်းဆီးခေါ်ဆောင်ပြီး မော်တော်ယာဉ်ဌာန သံဆန်ကာများကြား အကျဉ်းချထားလိုက်သည်။ သို့သော် သူတို့၏ စိတ်ကိုကား ဖမ်းချုပ်၍ရမည် မဟုတ်။

ပုလိပ်များက အမျိုးသမီးများကို လမ်းပိတ်ဆို့မှု၊ လုပ်ငန်း နှောင့်ယှက်မှုဖြင့် မြင်းခြံထောင်၊ မကွေးထောင်များသို့ခွဲ၍ ပို့သည်။

ဒေါ်အေးကိုမူကား ချောက်ရဲဌာနတွင် ချုပ်ထားလိုက်သည်။

ဗြိတိသျှ အစိုးရက မည်မျှပင် ကြမ်းကြမ်းတမ်းတမ်း နှိပ်စက်ညှဉ်းပန်းသော်လည်း အမျိုးသမီးများ ထောင်ကျသည့် အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ သွေးထွက်သံယိုဖြစ်သည်ကိုလည်း ဂရုမထား၊အသေခံမည် အလံမလှဲ လုံးဝမဖြို့ . . " သခင်မတွေ ရဲသွေးပြောင် မကွေးထောင်တော့ အပျော့ အပျော့ " ကြွေးကြော်ပြီး ပုလိပ်ကို မထီမဲ့မြင် ပြုခဲ့ကြသည်။

ဒေါ်ဆယ်၊ ဒေါ်သန်း၊ ဒေါ်မြခင်၊ မသိန်းနွဲ့၊ မငွေသက်၊ မစိန်ခင်၊ မလှ၊ မငွေ၊ မဂျမ်း၊ မကျော့ငွေ၊ မငွေကြည်၊ မမြန်၊ မခင်၊ မစောတင်၊ မချစ်၊ မစု၊ မထိုက်၊ မမြချစ်၊ မညိုတို့ တတွေ အပြုံးမပျက်၊ ဒေါ်အေးကမူတိုက်ပိုင် ရိုက်မှုဖြင့် အချုပ်ခန်းထဲရောက်ခဲ့ရသည်။ သို့သော် ဘာကိုမှ နောက်ဆံမတင်း။

ခင်ပွန်းဖြစ်သူ ကိုဘမောင်မှာ အဖျားမကျ၊ တစ်ည နှစ်ည သုံးညအိပ် လေးရက်မြောက် ကိုဘမောင်၏ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်လာသည်။

အခန်းနီးချင်းများ မကြည့်ရက်တော့။ ဒေါ်အေးထံ ရောက်ခဲ့ကြသည်။

"မအေး နင်က အာဇာနည်စိတ် ၊ နင့်စိတ်ကို ဂုဏ်ယူ ပါတယ်။ ဒါပေမယ့် တစ်ထစ်တော့ လျှော့ပါဦး။ ဒီအတိုင်းဆို ဘမောင်အသက်မီမှာ မဟုတ်ဘူး။ နောက်မှ နင်တောင်တရလိမ့် မယ်။

' မအေး တို့စကားကိုနားထောင်ပါ၊ အာမခံယူလိုက်ပါ'

'မအေးခေါင်းကို ညင်သာစွာ ယမ်းလိုက်၏။ မျက်ရည် တစ်စက်မှမကျ လုံးဝအာမခံမယူ၊ ဒေါင်ဒေါင်မြည်တဲ့ သူ့အသည်း။

နေဝင်စပြုပြီ။ တစ်စ တစ်စ မှောင်လာ၏။ ညီအစ်ကို မသိတသိ အချိန်အခန်းနီးချင်းများ မနေနိုင်။ ရဲဌာနသို့ တစ်ခေါက်ရောက်လာပြန်၏။

"ဒီမှာ, မအေး ညည်းဘမောင် အသက်မီချင်လိုက်ခဲ့"

"ညည်း အသည်းမာပုံနဲ့တော့ ဘမောင် အသေဖြောင့်မှာ မဟုတ်ဘူး"

ကရုဏာ ဒေါသနှင့် တစ်ယောက်တစ်ပေါက် ပြောကြသည်။

လူဆိုတာ သံသရာခရီးသည် ' မအေး 'တွေးမိသည်။ တွေ့ဆုံ ကြုံကွဲ ဖြစ်မြဲမမှုတာ။ ဘဝတစ်လျှောက်လုံး အေးတူပူမျှ လက်တွဲလာခဲ့သည့် ခင်ပွန်း။ ခင်ပွန်းသည်၏ နောက်ဆုံးခရီးမှာ ခေါင်းမာနေ၍မဖြစ်။ သူအသေဖြောင့်အောင် ငါသွားတွေ့မည်။

ဒီတစ်ခါ ခွဲခွာခြင်းက သံသရာရဲ့ အဝေးတစ်နေရာကိုပါ။ သံသရာမှာ ပြန်တွေ့ဖို့မလွယ်။ တစေ့စေ့တွေးပြီး အာမခံယူရန် ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com



အိမ်သို့ပြန်ခဲ့သည်။ အိမ်ရှေ့မှာက လူအပြည့်။ မအေးကို မြင်သည်နှင့် အားလုံးလှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

'ကိုဘမောင်'ခေါ်ရင်း 'မအေး' ခင်ပွန်းအပါး ဝင် ထိုင်လိုက်သည်။

နဖူးကို စမ်းကြည့်လိုက်၏။ ကိုယ်ငွေ့က ခပ်နွေး နွေး။ လက်ကို ဆုတ်လိုက်၏။ အေးစက်စက်ရှိသည်။ အပူ အအေးကမညီ။ ခြေဖျားကို စမ်းကြည့်၏။ ခပ်အေးအေး ပဲ။

ကိုဘမောင် မျက်လုံးကို အားယူဖွင့်လိုက်၏။

" မအေး ရောက်ပြီလား " မပီမသ မေးလိုက်၏။

" ဟုတ်ကဲ့ ကျမရောက်ပြီ ကိုဘမောင်နေသာ လား"

ကိုဘမောင် မျက်ရည်စမ်းစမ်းနှင့်။

'မအေး'

'ရှင် . . ဘာပြောချင်လို့လဲ ပြောလေ'

ကိုဘမောင် အသံက မပီမသ၊ ပလုံးပထွေး စကားတစ်ခွန်း နှစ်ခွန်း ပြောပြီး ငြိမ်သွားသည်။

သူပြောလိုက်သော စကား ဘယ်သူမှ နားမလည်။

ကိုဘမောင်က သူ့ဇနီးကို ကောင်းကောင်း နားလည်သည်။ မအေးက စိတ်ဓာတ်ကြံ့ခိုင်သူ၊ ရှပ်ရှပ်ချွံချွံဆောင်ရွက်တတ်သူ။ စွန့်လွှတ်စွန့်စား နာခံသူ။ ဖွဲသတ္တိရှိသူ ဆိုတာသိသည်။

သည်တော့ သူဘာပြောလိုက်သလဲ။ ဒို့မသိ သော်လည်း စဉ်းစားတွေး ကြည့်သိနိုင်ပါသည်။ သူပြော လိုက်သည့် စကားက . . .။

ကိုဘမောင် စကားပြောပြီး ခဏအတွင်း ခေါင်း ငိုက်စိုက်ကျ သွားသည်။

'ကိုဘမောင်၊ ကိုဘမောင်'. . . မအေး အထပ်ထပ် ခေါ်လိုက်၏။

ကြားတော့မည်မထင်. . . ကိုဘမောင် သူကိုယ်တိုင်က သပိတ်တား တပ်သားတစ်ယောက် အခုတော့ အရေးတော်ပုံတွင် သူ့ဘဝကို စတေးလိုက်ပြီ တကား။

" မအေး ခပ်လှမ်းလှမ်း ကုန်းမြင့်သို့ လှမ်းကြည့်လိုက်၏။ ဘိုအိမ်များမှ လျှပ်စစ်မီးများ နတ်ဘုံနတ်နန်းတမျှ။ ဝင်းထိန်လျှက်ရှိ၏။ ခင်ပွန်းသည်ကို ကြည့်လိုက်၏။ ကိုဘမောင် မျက်နှာကိုပင် ကွဲကွဲပြားပြား မမြင်ရ။ မျက်နှာကို ပဝါဖြင့်အုပ်လိုက်၏။ 'မအေး 'အံကို ကြိတ်ပြီး ကြုံးဝါးလိုက်သည်။ 'အရေးတော်ပုံ အောင်ရမည်'ဟု။

-------------------- × ----------------

၁၉၆၄-ခု ၊ အလုပ်သမားနေ့ အခမ်းအနားကို ဘူမိနက်သံမှန်တဲ့ချောက်မြို့၊ ရွှေပုံတောင်အရပ်မှာ ကျင်းပခဲ့သည်။ ၁၃၀၀ ပြည့် ရေနံမြေမှာ ပါဝင်ခဲ့တဲ့ အလုပ်သမားကြီးများ သခင် သခင်မများ ပါဝင်သရုပ်ပြခဲ့ကြသည်။

အရေးတော်ပုံမှာ ပါဝင်ခဲ့တဲ့ သခင် သခင်မများ အလုပ်သမားများ ကိုယ်တိုင် ချောက်ရေနံမြေမှ ရန်ကုန်ကို ချီတက်ပုံအတိုင်း အလံတွေ ၊ မီးဒုတ်တွေ ကိုင်ပြီး ။

"သပိတ် သပိတ် . . . မှောက် မှောက်"

"မီးဒုတ် မီးဒုတ် . . . ရှို့ ရှို့ . . ."

"အရေးတော်ပုံ အောင်ရမည် . . ."

ကြွေးကြော်ကြလျက်အလုပ်သမားနေ့ ကျင်းပရာ ကွင်း သို့ ချီတက်ကြသည်။ ဤအခမ်းအနားသည် အလုပ်သမား အရေးတော်ပုံကို ဂုဏ်ပြုတဲ့ အထိမ်းအမှတ် ဖြစ်သည်။

ကိုလိုနီအစိုးရ ဖိနှိပ်ချုပ်ချယ်သည့်ကြားက ဦးကျိုး၍ မသွားသော အမျိုးသားမာန်သည် နိုင်ငံ့လွတ်လပ်ရေး၏ ရောင်နီဦး ဖြစ်ကြောင်း တွေ့လိုက်ရသည်။

သြော်. . . ၁၃၀၀ ပြည့် ကာလဆီက ရင်နင့်ဖွယ် ဇာတ်လမ်းတစ်ပုဒ်က ပြီးဆုံးခဲ့ပြီ။ သို့သော် သမိုင်းစာမျက်နှာပေါ်မှာကတော့ ဘယ်တော့မှ ပျောက်ကွယ်သွားမည် မဟုတ်။

ကြက်ခေါင်းဆိတ်မခံ အလံမချ ထဘီကို အလံ ထူသော အမျိုးချစ်သော မိန်းမသားတစ်ယောက်၏ တုံ့ပြန်မှုသည် အရေးတော်ပုံတွင် အထိုက်အလျှောက် တာသွားခဲ့သည်။

သည်အဖြစ်တွေကို "ရွှေပုံတောင်" မည်သို့ ခံစားမည်နည်း။ ဧရာဝတီအား ပြောပြလိုက်ဟန်ရှိ၏။ မြစ်ပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ် အသံ မြည်လာသည်။ ဧရာဝတီ ငိုရှိုက်နေတာလား. . .။

(၁၃၀၀)ပြည့်တွင် ပါဝင်လှုပ်ရှားခဲ့သော အမျိုးသမီး များကို ဂုဏ်ပြုရေးဖွဲ့သည်။

**တင့်ထွန်း (ချောက်)**



www.burmeseclassic.com

www.burmeseclassic.com



# ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံနှင့် အမျိုးသမီး၏ အခန်းကဏ္ဍ

သက်၊ သက် မြင့်

**' သပိတ်တား အမျိုးသမီးထုအတွင်း ရေနံမြေအလုပ်သမားများနှင့် စာရေးများ၏ ဇနီး၊ သမီးများ၊ တို့ဗမာအစည်းအရုံးဝင် သခင်မများ ပါဝင်ကြသည်။ အလုပ်ဆင်းမည့် အလုပ်သမားတို့က အမျိုးသမီးများ သပိတ်တားမည့်နေရာမှ လုပ်ငန်းခွင်သို့ မလာဘဲ အခြားနေရာမှ လာရောက်သောကြောင့် သပိတ်တား အမျိုးသမီးများက ရှုတ်ချအော်ဟစ်ကြသည်။ '**

၁၃၀၀ ပြည့်နှစ်၊ ရေနံမြေအလုပ်သမားသပိတ် ပေါ်ပေါက်လာရခြင်းသည် ဘီအိုစီက ဘာသာရေးပိတ်ရက်များလျှော့ချ ခြင်း၊ အလုပ်သမားတို့၏ တောင်းဆိုချက် တစ်ဆယ့်နှစ်ချက်ကို မလိုက်လျောခြင်းနှင့်၊ မော်တော်ယာဉ်ဌာနမှ စက်ပြင်ဆရာ သခင်ခင်ကို အလုပ်မှထုတ်ပစ်ခြင်းတို့ကြောင့်ဖြစ်သည်။ ချောက်ရေနံမြေရှိ အလုပ်သမားများက (၈) ရက် ဇန်နဝါရီ၊ ၁၉၃၈ မှစ၍ အလုပ်မဆင်းကြတော့ပဲ သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်အလုပ်သမားများက ဘီအိုစီ ကိုယ်စားလှယ်ရုံး၏ ရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ ထိုနေ့တွင် အလုပ်သမားများ ဆွေးနွေးပွဲကျင်းပပြီး ချောက်မြို့ တို့ဗမာအလုပ်သမားအစည်းအရုံးဖွဲ့စည်းပြီးကြောင်းနှင့် အမှုဆောင်အဖွဲ့၏ အမည်စာရင်းများကို ကြေညာခဲ့သည်။

ရန်ကုန်မြို့မှ အလုပ်သမားအမတ် ဦးဘလှိုင်နှင့် သခင်လေးမောင်တို့သည် ရေနံချောင်းမြို့သို့ သွားရောက်ခဲ့သည်။ အလုပ်သမားခေါင်းဆောင်များနှင့် ချက်ချင်းဆွေးနွေးခဲ့ကြပြီး သခင်ခင်အား အလုပ်ပြန်ခန့်ရန်နှင့် အလုပ်သမား အားလုံး တနင်္လာနေ့တွင် အလုပ်ပြန်ဆင်းကြစေရန် သဘောတူ ဆွေးနွေးခဲ့သည်။ အစိုးရနှင့် ဘီအိုစီကုမ္ပဏီတို့က သပိတ်မှောက်မှုတွင် ဦးဆောင်ခဲ့သော အလုပ်သမားများကို ဖမ်းဆီးခဲ့သည်။ (၉)ရက် ဇန်နဝါရီ၊ ၁၉၃၈ ၏ ည ၇ နာရီ အချိန်တွင် ချောက်မြို့၊ ကွက်သစ်ရပ်ရှိ မြေကွက်လပ်တွင် အလုပ်သမား ထုအစည်းအဝေးကျင်းပခဲ့သည်။ အစည်းအဝေးသို့ အလုပ်သမားပေါင်း ၄၀၀၀ ကျော် တက်ရောက်ခဲ့သည်။ ဦးဘလှိုင်နှင့် သခင်ခင်တို့က ဦးဆောင်၍ တောင်းဆိုချက် နှစ်ဆယ့်တစ်ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့သည်။ ရေနံမြေ အလုပ်သမားထုအစည်းအဝေး၏ တောင်းဆိုချက်များကို ဘီအိုစီရုံးသို့ပေးပို့ခဲ့သည်။ ဘီအိုစီရုံးက (၁၄)ရက် ဇန်နဝါရီ ၁၉၃၈ အထိ အလုပ်ပြန်မဆင်းသူများအား အလုပ်ပြန်၍ မခန့်တော့၊ အလုပ်ဆင်းသူများကိုလည်း အပြစ်ပေးလိမ့်မည် မဟုတ်ကြောင်းကြေညာခဲ့သည်။ ထို့အတူ ရေနံကြက်နှင့် လမ်းရွာရေနံမြေများတွင်လည်း သပိတ်မှောက် ရေနံမြေအလုပ်သမားထု၏ အစည်းအဝေးများကို ကျင်းပခဲ့ကြသည်။ အလုပ်ထုတ်ပယ်ပစ်ခြင်းကိစ္စများသည် ချောက်မြို့တွင်သာမက အနီးရှိ လမ်းရွာနှင့်ရေနံကြတ်ဒေသတို့ကိုပါ ပျံ့နှံ့နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ရေနံမြေအလုပ်သမားတို့၏ တောင်းဆိုချက်များကို ကြည့်ခြင်းအားဖြင့် ဘီအိုစီကုမ္ပဏီ၏ မတရားဖိနှိပ်မှုများကို ထင်ရှားစွာတွေ့ရှိနိုင်သည်။

ဘီအိုစီကုမ္ပဏီနှင့် အစိုးရအရာရှိများက ချောက်ရေနံမြေကို အဓိကထား၍ဆောင်ရွက်နေခဲ့သည်။ ထို့ကြောင့် အလုပ်သမား ခေါင်းဆောင်များက ရေနံချောင်းရေနံမြေတွင် သပိတ်မှောက်ရန် လျှို့ဝှက်စွာစီစဉ်ခဲ့ကြသည်။ (၁၇)ရက် ဇန်နဝါရီ ၁၉၃၈ တွင် ရေနံချောင်းရေနံမြေ၌ သပိတ်မှောက်ခဲ့သည်။ သပိတ်မှောက် အလုပ်သမား ကိုးဆယ်ကျော် ပါဝင်ခဲ့သည်။ ထိုနေ့မွန်းလွဲပိုင်းတွင် ရေနံချောင်းမြို့ရှိ သက်ဆိုင်ရာအာဏာပိုင်များက ပုဒ်မ (၁၄၄) အမိန့်ကို ထုတ်ပြန်ခဲ့သည်။ (၉)ရက် ဇန်နဝါရီ ၁၉၃၈ တွင် ချောက်မြို့၌ သပိတ်မှောက်အင်အား ပိုမိုကြီးလားရေးအတွက် သပိတ်တွင် မပါဝင်သူများကိုလည်း အလုပ်မဆင်းဘဲနေကြရန် အမျိုးသမီးများကသပိတ်တားကြသည်။ ချောက်မြို့တွင် သခင်မ ဒေါ်ဆယ်၊ ဒေါ်သန်း၊

www.burmeseclassic.com



မညို (ကင်ပွန်းခြံရပ်)၊ မအေး၊ မဂျမ်း၊ မမြင့်၊ မစု၊ မအေးခင်၊ မသန်းစိန်၊ မသန်းရင်စသော အမျိုးသမီးများဦးဆောင်၍ တစ်နေရာလျှင် အမျိုး သမီး ငါးဆယ်မှ တစ်ရာအထိ သပိတ်တားကြသည်။ အမျိုးသမီးများသည် လူစုခွဲ၍ ဘီအိုစီရုံးကြီး၊ ငွေစာရင်းဌာန၊ မော်တော်ကားဝပ်ရှော့ဌာန တို့၏ရှေ့တွင် သပိတ်တားခြင်းကို လုပ်ဆောင်ခဲ့ကြသည်။ ဘီအိုစီ၏ အလုပ်ဆင်းချိန်မှာ နံနက် ၆ နာရီ ဖြစ်သောကြောင့် သပိတ်တားကြမည့် အမျိုးသမီးများက နံနက် ၅ နာရီတွင် ကြိုတင်၍ သပိတ်တားကြမည့် နေရာအသီးသီးသို့ ရောက်ရှိ နေနှင့်ကြသည်။ အလုပ်ဆင်းမည်သူများကလည်း စောစောရောက်ရန် လာကြသော်လည်း သပိတ်တား အမျိုးသမီးများက ရောက်နေနှင့်သည်အထိ ဝီရိယစိုက်ထုတ်ခဲ့ကြသည်။ သပိတ်တားမည့်နေ့တွင် တစ်ညလုံး မအိပ်ကြတော့ပဲ အချင်းချင်းစုစည်း ကာ နှိုးဆော်စေခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။ သပိတ်တား အမျိုးသမီးထုအတွင်း ဒေါ်ပု၊ ဒေါ်မြန့်၊ ဒေါ်ကျော့ရင်၊ ဒေါ်သိန်းရင်၊ ဒေါ်ဖွားစိန်၊ ဒေါ် ညွန့်ညွန့်၊ ဒေါ်တင်ရွှေ၊ ဒေါ်ငယ်၊ ဒေါ်လေး၊ ဒေါ်မြင့်မြင့်၊ ဒေါ် အရွှေ၊ ဒေါ်နန်းစိန်၊ ဒေါ်မမကြီး၊ မအေးလေး၊ မပွေး၊ မသိန်းနွဲ့၊ မအိုင်၊ မမိုး၊ မဇမိ၊ မတင့်၊ မစောညွန့်၊ မလုံးတင်၊ မအုံးခင်၊ မလှရင်၊ မမြတင် စသည့် အမျိုးသမီးများက ဦးစီးခဲ့ကြသည်။

အမျိုးသမီးတို့သပိတ်တားကြမည့်နေရာများ၌ ပုလိပ်များ နှင့်စုံထောက်များက အသင့်စောင့်နေကြသည်။ အမျိုးသမီးများက အလုပ်ဆင်းရန် လာရောက်ခဲ့သည့် အလုပ်သမားများအား အလုပ်မဆင်းရန် တောင်းပန်ခဲ့သည်။ တောင်းပန်၍ မရသူများအား လက်များကို ဆွဲထားပြီး တားမြစ်ခဲ့သည်။ ထို့ကြောင့် ပုလိပ်များက လက်မဆွဲရ အမိန့်ကိုထုတ်ပြန်သည်။ သပိတ်တားအမျိုးသမီးများကြောင့် အလုပ်မဆင်းဘဲနေသော အလုပ်သမား အရေအတွက် များပြားလာခဲ့သည်။ ဘီအိုစီက အလုပ်ဆင်း

> **"အမျိုးသမီးတို့သည် နေ့လည်ခင်း ပူပြင်းသော ကတ္တရာစေးလမ်းမပေါ်တွင် အိပ်၍လည်းကောင်း၊ နံနက် နှင့်ညတွင် အအေးဒဏ်၊ ရေပိုက်ဒဏ်ကိုခံ၍ လည်းကောင်း သပိတ်တားကြသည်။ နေပူဒဏ်၊ ကတ္တရာစေးအပူဒဏ်ကို မမှုသော အမျိုးသမီးများအား ဖြိုခွဲရန် အစိုးရက ကတ္တရာစေးအပူများကို သပိတ်တားမည့် နေရာများတွင် လောင်းချထားခဲ့သည်။"**

လာကြသည့်အလုပ်သမားများအား ကားဖြင့် ကြိုပို့ပေးသည်။ သပိတ်တားအမျိုး သမီးများက ဘီအိုစီရုံးသို့ဝင်မည့် ကားရှေ့တွင် အိပ်၍ဆန္ဒပြကြသည်။ အမျိုးသမီးများကို အကြမ်းနည်းဖြင့်ဖြိုခွဲရန် လုပ်ဆောင်ခဲ့ကြသည်။ အမျိုးသမီးများအားရေဖြင့်အရှိန်ပြင်းစွာပက်၍ လူစုခွဲသည်။ ရေမွန်းသည့်ဒဏ်ကြောင့် မူးဝေလဲကျ၍ အဝတ်အစားများ စုတ်ပြဲသည်အထိ ဖြစ်စေခဲ့သော်လည်း အမျိုးသမီးများက ဇွဲမလျှော့ဘဲ ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ အမျိုးသမီးတို့သည် နေ့လည်ခင်း ပူပြင်းသော ကတ္တရာစေးလမ်းမပေါ်တွင် အိပ်၍လည်းကောင်း၊ နံနက်နှင့်ညတွင် အအေးဒဏ်၊ ရေပိုက်ဒဏ်ကိုခံ၍ လည်းကောင်း သပိတ်တားကြသည်။ နေပူဒဏ်၊ ကတ္တရာစေးအပူဒဏ်ကို မမှုသော အမျိုးသမီးများအား ဖြိုခွဲရန်အစိုးရက ကတ္တရာစေးအပူများကို သပိတ်တားမည့် နေရာများတွင် လောင်းချထားခဲ့သည်။ သို့သော်လည်း အမျိုးသမီးများက အဝတ်

ရေနံမြေအလုပ်သမားများနှင့် စာရေးများ၏ ဇနီး၊ သမီးများ၊ တို့ဗမာအစည်းအရုံးဝင် သခင်မများပါဝင်ကြသည်။ အလုပ်ဆင်းမည့် အလုပ်သမားတို့က အမျိုးသမီးများ သပိတ်တားမည့်နေရာမှ လုပ်ငန်းခွင်သို့မလာဘဲ အခြားနေရာမှ လာရောက်သောကြောင့် သပိတ်တားအမျိုးသမီးများက ရှုတ်ချအော်ဟစ်ကြသည်။ သပိတ်တားသည့်နေ့များတွင် အမျိုးသမီးအချို့ကလည်း လမ်းပေါ်တွင် ဝမ်းလျားမှောက်၍လည်းကောင်း၊ အိပ်၍လည်းကောင်း သပိတ်တားခဲ့ကြသည်။

ရေနံချောင်းမြို့မှ အမျိုးသမီးများကလည်း နံနက်သုံး နာရီမှစတင်၍ သပိတ်တားခဲ့ကြသည်။ အမျိုးသမီးသုံးဆယ်မှ ငါးဆယ်ခန့်အထိ လူစုခွဲ၍ ရေနံချက်ဌာန၊ မါတ်ဆီချက်ဌာန ၊ ရုံးကြီး စသည့်နေရာများတွင် သပိတ်တားကြသည်။ သပိတ်တားအမျိုးသမီးများကို ဘေးမဲ့ဒိုင်နယ်မှ သခင်မကြီး ဒေါ်အောင် အမှူးပြု၍



www.burmeseclassic.com

www.burmeseclassic.com



ခင်း၍ထိုင်ခြင်း၊ တမာကိုင်းများခင်း၍ ထိုင်ခြင်းဖြင့် သပိတ်တားခြင်းများကို ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။

မကွေးခရိုင် ရာဇဝတ်တရားသူကြီး အမိန့်ဖြင့် ချောက်မြို့ ၌ ပုဒ်မ-၁၄၄ကို ထုတ်ပြန်ခဲ့သည်။ ဒုတိယ ရေနံဝန်က စီတန်းလမ်း လျှောက်ခြင်းမပြုရန်နှင့် ရေနံမြေအတွင်း လက်နက်ကိုင်ဆောင်ခြင်းမပြုရန် တားမြစ်သည်။ ထိုအမိန့်များကို ဆန့်ကျင်၍ ၂၂ ဇန်နဝါရီ ၁၉၃၈ ညနေလေးနာရီတွင် အမျိုးသမီးလေးရာကျော် တို့က သပြေပန်းကိုယ်စီကိုင်၍ ချောက်မြို့တောင်ဖက်ရှိ အေးစေတီဘုရားသို့ ပန်းကပ်ဆုတောင်းပွဲပြုလုပ်ရန် သွားကြသည်။ လက်နက်ကိုင်ပုလိပ်များက ရှေ့သို့ချီတက်ခြင်းမပြုရန် တားမြစ်သည်။အမျိုးသမီးများက ဘာသာရေးပွဲဖြစ်၍ တားမြစ်ရန်မလိုဟု ပြောဆိုကာ အတင်းထွက်ခွာခဲ့ကြသည်။ တိုက်ပိုင်ဆိုဟန်ဆင်းက သခင်မမအေးကိုပါးရိုက်သည်။ သခင်မမအေးက ဆိုဟန်ဆင်းကို ပြန်ရိုက်သည်။ ရိုက်သောနေရာကို မထိသဖြင့် ခွေးခြေခုံတစ်ခုပေါ်သို့ တက်ပြီးပါးကို ထပ်မံရိုက်သောကြောင့် သခင်မမအေး ကို ဖမ်းဆီးခဲ့သည်။ သခင်မဒေါ်ဆယ်ကလည်း ရာဇဝတ်ဝန်ထောက်အား ပါးကိုရိုက်သည့်အပြင် ခြေသလုံးမွေးများကိုပါ နုတ်သောကြောင့် အဖမ်းခံရသည်။ ဆိုဟန်ဆင်း၏ သက်သေခံချက်အရ သခင်မ မအေးအား ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်ရန် (သို့မဟုတ်) ထောင်ဒဏ်သုံးလကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

သခင်မဒေါ်ဆယ်၏အမှုအတွက် ရာဇဝတ်ဝန်ထောက်က ကိစ္စရပ်ကို ဘာမှမသိဟု ထွက်ဆိုသောကြောင့် လွတ်မြောက်စေခဲ့သည်။ သခင်မမအေးက ဘာသာရေးနှောင့်ယှက်မှုဖြင့် ပြန်လည်စွဲဆိုသော အမှုအတွက် သခင်မ မအေးအား ကျပ်ငွေတစ်ရာ လျော်ကြေးပေးခဲ့သည်။ သခင်မ မအေးကျူးလွန်ခဲ့သော အမှုအတွက် ချမှတ်သော ဒဏ်ငွေတစ်ရာကျပ်ကို သခင်မမအေးက မပေးဆောင်ခဲ့ပေ။ မိမိအားမတရားနှိပ်စက်မှုကြောင့် ပါးကိုရိုက်ခြင်းဖြစ်၍ အပြစ်မရှိကြောင်း ပြောဆိုခဲ့သည်။ (၂၃) ဇန်နဝါရီ၊ ၁၉၃၈ တွင် သခင်မမအေးအား မြင်းခြံထောင်သို့ ပို့ခဲ့သည်။ အမျိုးသမီးတို့အား အမိန့်အာဏာအမျိုးမျိုး ထုတ်ပြန်၍ နှိပ်စက်ခြင်းများ၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ အမျိုးသမီးတို့က အကြမ်းဖက်နှိပ်စက်မှုများကို အရေး မထားပဲ အမျိုးသားများနှင့်အတူ ရင်ပေါင်တန်း၍ တိုက်ပွဲဝင်ခဲ့ ကြပုံကို အထင်အရှားတွေ့ရှိရသည်။

ရေနံချောင်းမြို့တွင်လည်းအမျိုးသမီးများအား ဆံပင်ဆွဲခြင်း၊ အဝတ်အစားများစုတ်ပြဲသည် အထိ မီးသတ်ပိုက်ဖြင့် ပက်ခြင်း၊ မော်တော်ကားဖြင့်ကြိတ်ဟန်ပြုခြင်း၊ ကားပေါ်သို့ အတင်းအဓမ္မ ဖမ်းဆွဲတင်ခြင်း၊ အချုပ်ခန်းကျဉ်းထဲတွင် စုံပြုံထည့်ထားခြင်း၊ ထမင်းမကျွေးဘဲထားခြင်း၊ သောက်ရေမပေးဘဲထားခြင်းနှင့် ဆီး၊ ဝမ်းသွားခွင့်မပြုခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။ အမျိုးသမီးများကို မြင်းခြံထောင်နှင့် မကွေးထောင်အတွင်းတွင်လည်း နည်း မျိုးစုံဖြင့် ဒုက္ခပေးခဲ့ကြသည်။ ရေနံချောင်းရေနံမြေမှ ထောင်ကျနေသောအမျိုးသမီးများအား ထောင်အတွင်း၌ပင် စုရုံးခြင်းမပြုရန် ထောင်မှူးများက တားမြစ်ခဲ့သည်။ ထိုအကြောင်းများသည်ပင် အမျိုးသမီးတို့၏ဇာတိသွေး၊ ဇာတိမာန်ကို ပိုမိုတက်ကြွစေရန်လှုံ့ ဆော်နေသကဲ့သို့ ရှိကြောင်း တွေ့မြင်နိုင်သည်။ အင်္ဂလိပ်အစိုးရက နည်းမျိုးစုံသုံး ၍ ဖြိုခွဲနှိမ်နှင်းခဲ့သော်လည်း အမျိုးသမီးတို့၏ လှုပ်ရှားမှုများမှာ ရပ်တန့်သွားခြင်းမရှိခဲ့ပါ။

ရေနံချောင်းရေနံမြေတွင် (၃၀)ရက် ဇန်နဝါရီ ၁၉၃၈ နံနက်ပိုင်း အချိန်၌ အမျိုးသမီးများ သပိတ်မှောက်ခဲ့ကြသည်။ ရေနံမြေ ရပ်ကွက်များဖြစ်သော လက်မှတ်ကုန်းနှင့် ဘေးမဲ့တို့တွင် ပုလိပ်များက နည်းအမျိုးမျိုးဖြင့် တားဆီးပိတ်ပင်ခဲ့သည်။ တားဆီး ပိတ်ပင်မှုကြောင့် ရေနံချောင်းမြို့ လည်ပေါ်တန်ဆောင်း အတွင်းတွင် အစည်းအဝေး တစ်ရပ်ကို (၃၀)ရက် ဇန်နဝါရီ ၁၉၃၈ နေ့လည် တစ်နာရီမှ လေးနာရီအထိ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ပရိသတ် (၂၀၀၀) ကျော် တက်ရောက်ခဲ့သည်။ သခင်သုခနှင့် သခင်ဗတို့က ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များယူ၍ ဦးဆောင်ကျင်းပခဲ့သည်။ သခင်သုခ၊ သခင်ဖေချစ်နှင့် သခင်စိုးညွန့်တို့က အသီးသီးဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များမှာ အဓိကအားဖြင့် အလုပ်သမားတို့၏ အရေးကိစ္စများသာဖြစ်သည်။

ရေနံချောင်းမြို့မှ သခင်များနှင့် ချောက်မြို့မှ သခင်မ သုံးဦးတို့သည် (၂)ရက် မတ် ၁၉၃၈ တွင် ရေနံဝန်နှင့် သွားရောက် တွေ့ဆုံသည်။ တွေ့ဆုံရာ၌ သပိတ်မမှောက်သေးသော အလုပ်သမားများအား သပိတ်မှောက်ရန် လိုက်လံပြောဆိုသည့် အမျိုးသမီးများကို စစ်သားများက မနှောက်ယှက်သင့်ကြောင်း ဆွေးနွေးသည်။ ရေနံဝန်က



www.burmeseclassic.com

www.burmeseclassic.com





နှောင့်ယှက်မည် မဟုတ်ကြောင်း ကတိပေးခဲ့သည်။ သခင်မများအားလည်း သပိတ်တားခြင်းများ မပြုလုပ်ကြရန် ရေနံဝန်က သတိပေးခဲ့သည်။ အလုပ်သမားများ၏သပိတ်မှောက်ခြင်းနှင့် ပတ်သက်သော ကိစ္စများကို မဆွေးနွေးခဲ့ရပေ။

တို့ဗမာအစည်းအရုံးအဖွဲ့အစည်း တည်ရှိသည့် ရေနံချောင်းမြို့၊ တွင်းကုန်း ရပ်ကွက်သို့ ရေနံချောင်းမြို့ရှိ အမျိုးသမီး ခေါင်းဆောင်များကို ဖိတ်ကြား၍ အစည်းအဝေးကျင်းပခဲ့သည်။ သခင်မဒေါ်လှဲ့ကို နာယကအဖြစ်နှင့် သခင်မ ဒေါ်သာအိကို အကျိုးဆောင်အဖြစ် တင်မြှောက်သည်။ အစည်းအဝေးက သပိတ်တားအမျိုးသမီးများကို အထူးချီးကျူးခဲ့သည်။ မကွေးရာဇဝတ်ဝန်၏အမိန့်အရ ဖမ်းဆီးထားသော သပိတ်တားအမျိုးသမီးများကို လွှတ်ပေးရန် ကိစ္စအား ဆွေးနွေးခဲ့ကြသည်။

ချောက်မြို့တွင်လည်း အစိုးရမှ သပိတ်တား အမျိုးသမီး လေးဆယ်ကို ဖမ်းဆီးခဲ့သည်။ နှစ်ဆယ့်လေးဦးအား လမ်းပိတ်ဆို့မှုဖြင့် ဒဏ်ငွေရှစ်ကျပ်စီပေးဆောင်ရန်၊ မပေးဆောင်ပါက ထောင်ဒဏ်တစ်ပတ်ကျခံရန်၊ ကျန်အမျိုးသမီးများအား နောင်တွင် မပြုလုပ်ရန်နှင့် ပြုလုပ်လျှင် ဖမ်းဆီးမည်ဟု အမိန့်ထုတ်ခဲ့သည်။ သို့သော်လည်း (၃) မတ် ၁၉၃၈ နေ့တွင် သပိတ်မှောက်မှု ထပ်မံဖြစ်ပွားခဲ့သည်။ သပိတ်မှောက်အလုပ်သမားများအတွက် ရရှိမည့် လုပ်အားခများကို ဘီအိုစီကုမ္ပဏီကအစိုးရသို့ သဿမေမအခွန် အဖြစ်လွှဲပြောင်းပေးခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီး (၁၀၀၀)ခန့် မြို့တွင်းသို့ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ အစိုးရက သပိတ် မှောက် အမျိုးသမီးသုံးဆယ်ခန့်အား ဖမ်းဆီး၍ ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။

ရေနံချောင်းမြို့တွင် (၄)ရက် မတ် ၁၉၃၈ တွင် အမျိုးသမီးများက အလုပ်သမားများအား အလုပ်မဆင်းဘဲနေရန် မေတ္တာရပ်ခံခဲ့သည်။ အစိုးရက သပိတ်တား အမျိုးသမီးများကို ဖမ်းဆီး၍ မတ်လ (၂၁)ရက်နေ့တွင် စစ်ဆေးခဲ့သည်။ သခင်မမမှို၊ သခင်မမစန်း၊ သခင်မ မအုန်းစိန်၊ သခင်မ မအုန်းတင် တို့အား အပြစ်ကျူးလွန်သည်ဟု စွပ်စွဲပြီး ထောင်ဒဏ်နှစ်ဆယ့်ငါးရက် ချမှတ်ကာ မြင်းခြံထောင်သို့ပို့ခဲ့သည်။ သခင်မ မကြည်နှင့်မဖွားမေ တို့အား သပိတ်တားမှုနှင့်ပတ်သက်၍ ဖမ်းဆီးချုပ်နှောင်ထားရာမှ မတ်လ (၂၅)ရက်တွင် ရေနံချောင်းမြို့နယ် ရာဇဝတ်တရားသူကြီးရုံး၌ စစ်ဆေး၍ ပြစ်မှုမကျူးလွန်ကြောင်း ထင်ရှားသဖြင့် အမှုပြီးဆုံးခဲ့သည်။

(၅)ရက် မတ် ၁၉၃၈ တွင် ရန်ကုန်မြို့၌ ကျင်းပသော ပါလီမန်လွှတ်တော်တွင် ကိုယ့်မင်း ကိုယ့်ချင်း ပါတီဝင်အမတ် သခင်မြက လွှတ်တော်အစည်းအဝေး ရွှေ့ဆိုင်းရေးအဆိုကို တင်သွင်းခဲ့သည်။ အစည်းအဝေး ရွှေ့ဆိုင်းရန် တင်ပြရခြင်းမှာ ချောက်မြို့ရှိ ရေနံမြေ သပိတ်မှောက်အလုပ်သမားများအပေါ် အစိုးရ ကဖိနှိပ်နေမှုများနှင့် ပတ်သက်သည့်ကိစ္စများကို ကြားဖြတ် ဆွေးနွေးရန်ဖြစ်သည်။ (၂၄)

www.burmeseclassic.com



ရက် ဖေဖော်ဝါရီ ၁၉၃၈ တွင် သပိတ်တား အမျိုးသမီးများဖြစ်ကြသော သခင်မ မလှ၊ သခင်မ မငွေခိုင်နှင့် သခင်မ ဒေါ်ဆယ်တို့အား ဖမ်းဆီးခြင်း သပိတ်ခေါင်းဆောင် သခင်ဘိုးလှနှင့် သခင်ခင်တို့ကို ဖမ်းဆီးခြင်း၊ (၂၈) ဖေဖော်ဝါရီ ၊ ၁၉၃၈ တွင် သပိတ်တား အမျိုးသမီးလေးဆယ့်ရှစ်ယောက်တို့အား ကြမ်းတမ်းစွာ ရိုက်နှက်ခြင်းကြောင့် နှစ်ယောက်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိခြင်း၊ (၂) မတ် ၊ ၁၉၃၈ တွင် သပိတ်တား အမျိုးသမီး ခေါင်းဆောင်နှစ်ဆယ့်ခုနစ်ဦးအားထောင်ဒဏ် ဆယ်ရက်နှင့် ဒဏ်ငွေပေးဆောင်စေခြင်း၊ သပိတ်မှောက် အလုပ်သမားတိုင်း၏ အေးချမ်းစွာ စီတန်းလမ်းလျှောက်မှုကို ပိတ်ပင်ခြင်း၊ သဿမေအခွန်တော်များ အပူတပင် ကောက်ခံခြင်း ကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်သည်။

သခင်မြ တင်ပြတောင်းဆိုသည့် လွှတ်တော် အစည်းအဝေး ရွှေ့ဆိုင်းရေး အဆိုမှာ ပါလီမန်လွှတ်တော်နည်းဥပဒေ (၈၄)၊ အပိုဒ်(၂) နှင့် ဆန့်ကျင်နေသည့်အတွက် လက်မခံကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။ လွှတ်တော်၏ပြင်ပတွင် ရန်ကုန်မြို့ ရဟန်းပျိုများအဖွဲ့ချုပ်က "သပိတ်တားအမျိုးသမီးများအား ပုလိပ်များက သေနတ်ဖြင့်ချိန်ရွယ်ခြင်း၊ ဆံပင်ဆွဲ၍ ခေါင်းကို ကျောက်ခဲဖြင့်ထုခြင်း၊ ကိုယ်ထိလက်ရောက် ကိုင်တွယ်တွန်းထိုး ခြင်း၊ တုတ်ဖြင့် ရိုက်ခြင်း မော်တော်ကားပေါ်သို့ အတင်းအဓမ္မ တင်ဆောင်ခြင်းတို့သည် သပိတ်တား အမျိုးသမီးများအပေါ် ညှဉ်းပမ်းနှိပ်စက်ရာရောက်သည်သာမက ဗမာ (မြန်မာ) တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၊ သာသနာ တစ်ခုလုံးအပေါ်တွင်ပါ စော်ကားရာရောက်နေသဖြင့် ထိုသို့ပြုမူချက်များကို ကန့်ကွက်ကြောင်း" စသည်ဖြင့် (၂) ဖေဖော်ဝါရီ ၊ ၁၉၃၈ တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**" ရေနံမြေ အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးနှင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို ရရှိရေးအတွက် (၁၀) ရက် နိုဝင် ဘာ၊ ၁၉၃၈ တွင် ရန်ကုန်မြို့သို့စတင် ချီတက်သွားခဲ့သည်။ "**

(၆) မတ် ၁၉၃၈ တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက် စတုဒိသာဇရပ်ကြီးတွင် သပိတ်တားအမျိုးသမီးများအပေါ် ရက်စက်စွာနှိပ်ကွပ်မှုကို ဆန့်ကျင်ဆန္ဒပြကန့်ကွက်သည့် လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့သည်။ သဘာပတိမှာ သမ္မတဟောင်း ဦးစိုးသိမ်း(ရေနံချောင်း) ဖြစ်သည်။ အစည်းအဝေးတွင် ဖိနှိပ်ညှဉ်း ပမ်းခံနေရသော ရေနံမြေအလုပ်သမားများအပေါ် ဝမ်းနည်းကြောင်းအဆို၊ သပိတ်တားအမျိုးသမီးများ၏ ဇွဲသတ္တိကို ချီးကျူးသောအဆို၊ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကို ရှုတ်ချသောအဆို၊ ရေနံမြေသပိတ်မှောက် အလုပ်သမားများအား ငွေကြေးနှင့်ပစ္စည်းများ ထောက်ပံ့ကူညီကြရန် တိုက်တွန်းသော အဆိုများ တင်သွင်းခဲ့ကြပြီး ဘီအိုစီနှင့် အိုင်ဘီစီ စသည့်ရေနံမြေ ကုမ္ပဏီများမှ ထွက်သော ပစ္စည်းများကို မဝယ်ဘဲ သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ရေနံချောင်းမြို့၊ လည်ပေါ်တန်ဆောင်းအတွင်း၌ (၁) မေ၊ ၁၉၃၈ တွင် အလုပ်သမားနေ့ကို အသိအမှတ်ပြုသော အလုပ်သမား အစည်းအဝေး တစ်ရပ် ကျင်းပခဲ့သည်။ မေးဒေးနေ့ အသိအမှတ်ပွဲကို ချောက်မြို့တွင်လည်း ကျင်းပရန် စီစဉ်ခဲ့သည်။ သို့သော် ချောက်မြို့၏ ရေနံဝန်က ရေနံမြေအတွင်း စီတန်းလမ်း လျှောက်ခြင်း၊ အစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ အုပ်စုဖွဲ့၍လှည့်လည်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားမှုကြောင့် မကျင်းပနိုင်ခဲ့ပေ။ အလုပ်သမားများ၏ သပိတ်မှောက်မှုသည် ဇန်နဝါရီ ၁၉၃၈ မှ စတင်ဖြစ်ပွားခဲ့သော်လည်း ကာလအတန်ကြာထိ အောင်မြင်နိုင်မည့်အခြေအနေများ မတွေ့ရှိခဲ့ရချေ။ ပဲခူးခရိုင် ဝေါမြို့နယ်မှ တောင်သူလယ်သမားများက ခြေလျင် တပ်ဖွဲ့၍ ရန်ကုန်မြို့သို့ ချီတက်ကြမည်။ အစိုးရထံသို့ နစ်နာချက်များကို တင်ပြကြမည့် သတင်းသည် ရေနံမြေ အလုပ်သမားထုအတွင်း ရောက်ရှိပျံ့နှံ့လာခဲ့သည်။ ရေနံမြေအလုပ်သမားထု၏ အင်အားသည် တစ်ပြည်လုံး၏ ထောက်ခံမှုကိုရလျှင် ပိုမိုကောင်းမည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် သပိတ်တပ်ဖွဲ့၍ ရန်ကုန်မြို့သို့ ချီတက်အစီအစဉ်ကို ရေးဆွဲခဲ့သည်။ ထိုအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးချက်များ၊ လုပ်ငန်းတာဝန်များကို ချောက်မြို့မှ သခင်ဘိုးလှ၊ သခင်ထွန်းကျော်၊ သခင်တိုး၊ ရေနံကြတ်မှ သခင်ဖဲ၊ သခင်ဖာ၊ လမ်းရွာမှ သခင်ငွေရှိန်၊ သခင်ဖေနှင့် ရေနံချောင်းမြို့မှ သခင်ဗမောင်၊ သခင်ဖေကြီးနှင့် သခင်ခင်တို့အား တာဝန်ခွဲဝေပေးခဲ့သည်။

www.burmeseclassic.com



ချောက်၊ ရေနံကြတ်၊ လမ်းရွာ ရေနံမြေများ၏ သပိတ်တပ်ပေါင်းစု အစည်းအဝေးကို (၁၉)ရက် နိုဝင်ဘာ ၁၉၃၈ တွင် ကျင်းပခဲ့သည်။ သခင်သက်နှင့် သခင်လွင်တို့အား နာယကနှင့် အကျိုးဆောင်များအဖြစ် တင်မြှောက်ခဲ့သည်။ ဆုံးဖြတ်ချက်သုံးရပ် ချမှတ်ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ပြီး ရေနံမြေအလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးနှင့် ပြည်သူ လူထု၏ ထောက်ခံအားပေးမှုကို ရရှိရေးအတွက် (၃၀) ရက် နိုဝင်ဘာ၊ ၁၉၃၈ တွင် ရန်ကုန်မြို့သို့စတင် ချီတက်သွားခဲ့သည်။

ရေနံမြေသပိတ်တပ်ကြီး ရေနံချောင်း ၊ မကွေး စသည် မြို့များသို့ အဆင့်ဆင့် ဆက်လက်ချီတက်ကြရာ အမျိုးသမီးများသည် ယင်းမြို့များမှ ခြောက်မိုင်၊ ခုနှစ်မိုင်ကွာသည်အထိ သပိတ်တပ်နှင့်အတူ လိုက်ပါအားပေး ပို့ဆောင်ခဲ့ကြသည်။ မြို့တိုင်းမှ အမျိုးသမီးများ သည်ချီတက်လာသည့် သပိတ်တပ်ကြီးအား အောင်သပြေပန်းများဖြင့် ဆီးကြိုကာ အစားအသောက် ၊ ဆေးဝါးမှအစ လိုအပ်သော အကူအညီများ ပေးကြသည်၊ သပိတ်တပ်များ ချီတက်စဉ် လမ်း တလျှောက် ခေါင်းဆောင်များကို မကြာခဏ ဖမ်းဆီးသောကြောင့် လူစားဝင်ခေါင်းဆောင်နိုင်ရန် အတွက် တို့ဗမာအစည်းအရုံးမှ စာရင်းတောင်းဆိုရာတွင် ပထမဆုံးစာရင်းပေးသူ တစ်ဆယ့်ခြောက်ဦး အနက် တစ်ဦးတည်းသော အမျိုးသမီး သခင်မမှာ ရန်ကုန်မှ မခင်လှ (ကြည့်မြင်တိုင်) ဖြစ်သည်။

အင်္ဂလိပ်အစိုးရနှင့် ဘီအိုစီကုမ္ပဏီတို့က ရေနံမြေ အလုပ်သမားထုအပေါ် မတရားဖိနှိပ်မှုများကြောင့် (၈)ရက် ဇန်နဝါရီ ၁၉၃၈ တွင် ရေနံမြေအလုပ်သမား သပိတ်ကြီး စတင်ပေါ်ပေါက်လာသည်။ ရေနံမြေ အလုပ်သမားတို့၏ သပိတ်တိုက်ပွဲတွင် တို့ဗမာအစည်းအရုံး ဝင်သခင်မများ၏ ပါဝင်ဆောင်ရွက်မှုများမှာ အရေးပါကြောင်းတွေ့ရသည်။ သခင်မများ၏ ဦးဆောင်မှုအောက်တွင် ရေနံမြေရှိ မျိုးချစ် အမျိုးသမီးများ ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်းကို အထင်အရှားတွေ့ရသဖြင့် ထိုခေတ်ရေနံမြေအမျိုးသမီးများ၏ နိုင်ငံရေးအသိအမြင် တိုးတက်မှုကို လေ့လာသိရှိခွင့်ရခဲ့သည်။ အထူးသဖြင့် အကြမ်းဖက် ဖြိုခွဲမှုများ၊ နှိပ်စက် ညှဉ်းပမ်းမှုများ၊ ငွေဒဏ်၊ ထောင်ဒဏ် အပြစ်ပေးမှုများကို ဂရုမပြုဘဲ 'သပိတ်တား'တိုက်ပွဲဆင်နွှဲကြသည့် အမျိုးသမီးများ၏ ဆောင်

> ' ရေနံမြေအလုပ်သမားမိသားစုများသည်
> ဘီအိုစီ ကုမ္ပဏီမှ ပေးသည့် လစာ၊လုပ်ခနှင့်
> ဆင်းရဲကြပ်တည်း စွာနေထိုင်ခဲ့ကြရာမှ
> သပိတ်မှောက်လိုက်သောအခါတွင်
> စားဝတ်နေရေး အလွန်ကြပ်တည်းခဲ့ကြသည်။ '

ရွက်ချက်များမှာ စိတ်ဓာတ်ကြံ့ခိုင် ပြည့်ဝသည့် ဆောင်ရွက်မှုများဖြစ်ခဲ့ကြောင်း ထင်ရှားစွာတွေ့ ရှိရသည်။

## စားဝတ်နေရေးအကျပ်အတည်းနှင့် အမျိုးသမီးများ၏ရပ်တည်မှု

(၈) ရက် ဇန်နဝါရီ ၁၉၃၈ တွင်ရေနံမြေအလုပ်သမား ထု၏ သပိတ်တိုက်ပွဲစတင်ခဲ့သည်။ သပိတ်တိုက်ပွဲ (၁၀)လ ကျော် ကြာမြင့်လာသည့်အခါ မိမိတို့ သပိတ်တိုက်ပွဲ မပြီးဆုံးသေးကြောင်း ပြသရန်လည်းကောင်း၊ တောင်းဆိုထားသည့် အခွင့်အရေးများ အမြန်ဆုံးရရှိစေရန်လည်းကောင်း၊ ဘီအိုစီကုမ္ပဏီ၏ ရက်စက် ကြမ်းကြုတ်စွာဖိနှိပ်ညှဉ်းပန်းမှုများကို တိုင်းပြည်သို့ တင်ပြရန် လည်းကောင်း ရေနံမြေသပိတ်တပ်မကြီးသည် ၁၀ နိုဝင်ဘာ ၁၉၃၈ (ဗုဒ္ဓဟူးနေ့) နေ့တွင် ရန်ကုန်မြို့သို့အရောက် ခရီးရှည် ချီတက်ပွဲကြီးကို စတင်ခဲ့သည်။ ၁၈ ဇွန် ၁၉၃၉ တွင် ရေနံမြေ သပိတ်တပ်သားအားလုံး ရန်ကုန်မှရေနံမြေသို့ မီးသဘောကြီးဖြင့် ပြန်ခဲ့ကြသည်။ ရေနံမြေသပိတ်တိုက်ပွဲမှာ တစ်နှစ်နှင့်ခြောက်လကျော် ကြာမြင့်ခဲ့သည်။

ရေနံမြေအလုပ်သမားမိသားစုများသည် ဘီအိုစီကုမ္ပဏီမှ ပေးသည့် လစာ၊လုပ်ခနှင့်ဆင်းရဲကြပ်တည်းစွာနေထိုင်ခဲ့ကြရာမှ သပိတ်မှောက်လိုက်သောအခါတွင် စားဝတ်နေရေး အလွန်ကြပ်တည်းခဲ့ကြသည်။ ရေနံမြေအလုပ်သမား မိသားစုများသည်စားဝတ် နေရေးကျပ်တည်းမှုဒဏ်ကို ကာလကြာရှည်စွာ ကြံ့ကြံ့ခံရင် ဆိုင်ခဲ့ကြရသည်။

တို့ဗမာအစည်းအရုံးဝင် သခင်များသည် မြန်မာပြည်အနှံ့ လှည့်လည်ကာ ရေနံမြေသပိတ်အတွက် ရန်ပုံ

www.burmeseclassic.com



ငွေများကို စနစ်တကျကောက်ခံပြီး ထောက်ပံ့ပေးခဲ့ ကြသည်။ သပိတ်စောင့်ရှောက်ရေး ကော်မတီဝင်သခင်များကလည်း သပိတ်တရားပွဲများ ကျင်းပ၍ ပြည်သူလူထုအား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ပရိတ်သတ်များက စိတ်အားထက်သန်စွာ တက်ရောက်ကြပြီး သပိတ် အလှူငွေများလည်း ထည့်ဝင်ကြသည်။

(၈) ဧပြီ ၁၉၃၈ နေ့လည် (၁)နာရီတွင် ရေနံချောင်း မြို့လည်ပေါ် တန်ဆောင်းကြီးအတွင်း တွင်တရားပွဲပြုလုပ်ရာ သပိတ်မှောက်အလုပ်သမားများနှင့် ပရိသတ် ၃၀၀၀ ကျော် တက်ရောက်ကြသည်။ သခင်မောင်က

"သပိတ်ဟာ သုံးလလောက် ကြာခဲ့ပေမယ့် အစက ငွေကြေးမရှိ၊ စည်းလုံးမှုမရှိသေးပဲနှင့် မှောက်လိုက်ရတယ်။ ဒီအထဲ ကြေးနန်းရိုက်ခတို့၊ ခရီးစရိတ်တို့၊ မရှိတဲ့လူတွေကို ပေးရ၊ ကျွေးရတာတို့၊ စာရွက်စာတမ်းရိုက်ခတို့နဲ့ ငွေအတော်များများ ကုန်ကြရတယ်။ ဒီလိုမပြည့်စုံပဲနဲ့ သုံးလနီးနီးကြာအောင် သပိတ်မှောက်လာနိုင်တာ တိုင်းပြည်က ကူညီလို့ဖြစ်တယ်။ တိုင်းပြည်ကို ကျေးဇူးတင်ရမယ်. . ."

စသည်ဖြင့် ရေနံမြေအလုပ်သမား မိသားစုတို့၏ စားဝတ် နေရေး အခက်အခဲပြဿနာများ ရင်ဆိုင်နေရခြင်းကို ထည့်သွင်း ဟောပြောသွားခဲ့သည်။

ရေနံမြေသပိတ်အရေးနှင့်ပတ်သက်၍ (၁) အောက်တိုဘာ၊ ၁၉၃၈ တွင် သခင်ကိုယ်တော်မှိုင်းနေအိမ်တွင် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးသုံးရက်အကြာတွင် သခင်ကိုယ်တော်မှိုင်း၊ သခင်လှိုင် (ရေနံချောင်း)၊ သခင်ဖိုးလှ (ချောက်)၊ သခင်ဖေသန်း (ချောက်)၊ သခင်လှမြိုင်(သန်လျင်)၊ သခင်ဗ (သန်လျင်) တို့၏ လက်မှတ်ဖြင့် ရေနံမြေသပိတ်ကို ကူညီ ထောက်ပံ့ကြရန် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြသည်။

သပိတ်စောင့်ရှောက်ရေးအဖွဲ့သည် သီတင်းကျွတ် လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့များတွင် ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာကြသူများအား သခင်ဘိုးလှကြီး ထုတ်ဝေသည့် "ရေနံမြေအလုပ်သမားတို့၏ သပိတ်တိုက်ပွဲ" စာအုပ်တစ်အုပ်လျှင် လေးပဲနှင့်ဖြန့်ချိပြီး သပိတ်အလှူငွေ ကောက်ခံကြရန်နှင့်သခင် ကိုယ်တော်မှိုင်းက သပိတ်ထောက်ခံရေး တရားပွဲများကို နိုင်ငံအနှံ့ လှည့်လည်ဟောပြောရန်တို့ကို စီစဉ်ဆောင်ရွက်ခဲ့သည်။

တို့ဗမာအစည်းအရုံးဝင် သခင်များနှင့် သပိတ်စောင့်ရှောက်ကော်မတီတို့မှ သပိတ်ရန်ပုံငွေများ ကောက်ခံ ပံ့ပိုးပေးခဲ့ကြသော်လည်း အလုပ်သမားတို့၏ မိသားစုများမှာ သပိတ်တိုက်ပွဲကြီး ကာလအတွင်း အလွန်ကျပ်တည်းဆင်းရဲခဲ့ကြသည်။ သပိတ်မှောက်မှု ကာလကြာရှည်သောကြောင့် စားဝတ်နေရေး အခြေအနေများ အဖက်ဖက်မှဆိုးရွားလာခဲ့သည်။ ဝယ်ယူစားသောက်ရန် ငွေ မရှိသဖြင့် ငှက်ပျောသီးစား၊ ရေသောက်ပြီး ဗိုက်မှောက်နေရသူများပင်ရှိခဲ့သည်။ ဘီအိုစီကုမ္ပဏီ အာဏာပိုင်တို့က အလုပ်သမား မိသားစုများကို တန်းလျားများမှ နှင်ထုတ်ခဲ့ကြသည်။

သပိတ်ကာလ အစောပိုင်းတွင် အလုပ်ပြန်ဆင်းကြသူများအား ဘီအိုစီ ကုမ္ပဏီက အခကြေးငွေပို၍ပေးခြင်းများ ရှိခဲ့သည်။ သပိတ်မှောက်အလုပ်သမား မိသားစုဝင်များက မိမိတို့၏ ဖခင်၊ ခင်ပွန်း၊ အစ်ကို၊ မောင်စသည်တို့အား အလုပ်ပြန်မဆင်းရန် တိုက်တွန်းခဲ့ကြပြီး သပိတ်တားပွဲများကို ဆက်လက် လုပ်ဆောင်စေခဲ့ကြသည်။ အမျိုးသမီးတို့သည် တစ်ဖက်တွင် သပိတ်တိုက်ပွဲဝင် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ရှေ့တန်းမှပါဝင်ကြခြင်း၊ သပိတ်တားခြင်းများ လုပ်ဆောင်ကြသည်။ တစ်ဖက်တွင်လည်း စားဝတ်နေရေးကို စွမ်းအားရှိသမျှ ဆောင်ရွက်ကြရသည်။ အမျိုးသမီးများမှာ သပိတ်မှောက် အလုပ်သမားတို့ အတွက် ပတ်ဝန်းကျင်ရှိ မြို့ရွာများသို့ပင် သွားရောက်ကာ အကူအညီတောင်းခံခဲ့ကြ ရသည်။

ရေနံမြေအမျိုးသမီးများသည် သပိတ်ကာလအတွင်း ဟင်းသီးဟင်းရွက်၊ မုန့်အကြော် စသည်တို့ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး ပြဿနာကို ဖြေရှင်းကြရသည်။ သပိတ်တိုက်ပွဲအတွင်း ဖမ်းဆီးခံကြရသော မိမိတို့၏ခင်ပွန်း၊ အစ်ကို၊ မောင်များရှိရာ အချုပ်စခန်းနှင့် ထောင်များအထိလိုက်ကာ အစားအသောက်နှင့် အသုံးအဆောင်လိုအပ်ရာတို့ကို ပို့ပေးပြီး အားပေးခဲ့ကြသည်။

ကာလရှည်သပိတ်တိုက်ပွဲကြီးအတွင်း ဆင်းရဲကျပ်တည်း မှုဒဏ်ကို နောက်ပိုင်းမှ ကြံ့ကြံ့ခံ ရပ်တည်ပေးခဲ့ကြခြင်းဖြင့် ရေနံမြေအမျိုးထု၏ စိတ်ဓာတ်၊ ယုံကြည်ချက်တို့ ပြင်းထန်ခိုင်မာကြောင်း အထင်အရှားသိရပါသည်။ ရေနံမြေ အမျိုးသမီးထု၏ ခိုင်မာသော စိတ်ဓာတ်သည် ၁၃၀၀ပြည့်နှစ် ရေနံမြေ အရေးတော်ပုံကြီးအောင်မြင်မှုအတွက် အရေးပါသော အင်အား တစ်ရပ်ဖြစ်ကြောင်း လေ့လာသုံးသပ်မိပါသည်။

**သက်သက်မြင့်**




www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့မေဒေးအစ ရေနံမြေက

သခင်လှကျော်



မေလ (၁)ရက်နေ့ ရောက်ရှိသောအချိန်အခါတိုင်းတွင် နိုင်ငံတကာရှိ အလုပ်သမားမြောက်မြားစွာတို့သည် မေဒေးအထိမ်းအမှတ်အခမ်းအနားများ၊ လူထုအစည်းအဝေးကြီးများ၊ အင်အားပြပွဲကြီးများကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ ကြသည်။

ထိုအခမ်းအနားကြီးများတွင် ကိုလိုနီတပိုင်းနိုင်ငံများ၊ မှီခိုနေရသော နိုင်ငံများရှိ အလုပ်သမားများသည် ဘဝလုံခြုံရေး၊ တိုးတက်ရေး၊ လွတ်လပ်ရေး ကြွေးကြော်သံများကို အစွမ်းကုန်မြှင့်တင်ခဲ့ကြသည်။ လွတ်မြောက်ပြီးသော ဆိုရှယ်လစ်နိုင်ငံ၊ ပြည်သူ့ဒီမိုကရေစီနိုင်ငံများ ရှိ အလုပ်သမားများသည် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၊ နိုင်ငံတကာ အလုပ်သမား လူတန်းစား သွေးစည်းညွတ်ရေး၊ ကမ္ဘာစစ်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကြွေးကြော်သံများကို အစွမ်းကုန်မြှင့်တင်ကြသည်။

## မြန်မာနိုင်ငံသို့ အရင်းရှင်စနစ်စဝင်

မြန်မာနိုင်ငံသည် ခေတ်နောက်ကျသော ပဒေသရာဇ် သက်ဦးဆံပိုင်စနစ် အောက်တွင် နှစ်ပေါင်းများစွာနေခဲ့ရသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည်သာ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်ခဲ့သည်။ မြေယာစနစ်သည် ပဒေသရာဇ်ကို အလုပ်အကျွေးပြုရသော စနစ်ဖြစ်ခဲ့သည်။

၁၈၈၅-ခုနှစ်တွင် မြန်မာနိုင်ငံတခုလုံးသည် ဗြိတိသျှနယ်ချဲ့သမား အောက်ကျ ရောက်သွားရသည်။ မြန်မာ နိုင်ငံတွင်ပဒေသရာဇ်စနစ်ချုပ်ငြိမ်း၍ အရင်းရှင်စနစ်စတင် အစားဝင်ရောက်လာသောနှစ်ပင်ဖြစ်သည်။

## စက်ရုံတွေပေါ်လာ နိုင်ငံခြားသားတွေခေါ်လာ

ဗြိတိသျှနယ်ချဲ့ အရင်းရှင်ကြီးများ နိုင်ငံခြားအရင်းရှင်ကြီးများသည် လက်ဝါးကြီးအုပ်သွေးစုပ်နိုင်ရေး အမြတ်ရရှိရေးများအတွက် စက်ရုံအလုပ်ရုံများကို တစတစ ထူထောင်လာခဲ့ကြသည်။ ၁၉၉၀-ခုနှစ်တွင် စက်ရုံပေါင်း ၁၅၀၊ ၁၉၀၅-ခုနှစ်၊ ၂၂၁၊ ၁၉၁၅-ခုနှစ်၊ ၄၈၀၊ ၁၉၂၀-ခုနှစ်၊ ၆၁၇၊ ၁၉၂၅-ခုနှစ်၊ ၉၅၈၊ ၁၉၃၀-ခုနှစ်၊ ၁၀၃၅၊ ၁၉၃၇-ခုနှစ်တွင် စက်ရုံအလုပ်ရုံပေါင်း ၁၀၄၈ရုံအထိ တိုးတက်လာသည်။ လက်ဝါးကြီးအုပ်အရင်းရှင်နယ်ပယ် ကျယ်ပြန့်လာခြင်းပင် ဖြစ်သည်။

အရင်းရှင်တို့သည် လက်ဝါးကြီးအုပ်မှု ခိုင်မြဲရေးအတွက် နိုင်ငံခြားသားများကို ခေါ်သွင်းလာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



**‘ စက်ရုံ ဥပဒေ တည်ရှိလာပြီဖြစ်သော်လည်း စက်ရုံအလုပ်သမားပေါင်း (၁) သိန်းအနက် ၁၂ရာခိုင်နှုန်းသာ လစဉ် တနင်္ဂနွေနေ့တွင် အချိန်ပိုလုပ်ခရရှိခဲ့သည်။ တစ်နေ့ (၁၂) နာရီမှ နာရီ (၂၀) အထိပင် အလုပ်လုပ်ကြရသည်။ ’**

သည်။ မြန်မာနိုင်ငံသို့ ၁၉၀၁-ခုနှစ်၊ နိုင်ငံခြားမှ ဝင်ရောက်လာသူများမှာ ၁၅၂၀၀၀ ဖြစ်သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင်ရောက်လာသည်မှာ ၁၉၃၀-ခုနှစ်တွင် ၃၆၈၅၉၀ ဖြစ်သည်။ ထိုအရေးအတွက်တွင် အလုပ်သမားအဖြစ် ဝင်ရောက်လာသူများမှာ အများဆုံးဖြစ်သည်။ ၁၉၃၇-ခုနှစ်တွင် အလုပ် လုပ်နေသော အလုပ်သမားပေါင်း မှာ(၁) စက်ရုံပေါင်း ၁၀၀,၀၀၀၊ (၂) သတ္တု၊ ရေနံ၊ ဘော်တွင်းတူးအလုပ်သမား ပေါင်း ၄၀,၀၀၀၊ (၃) သင်္ဘော၊ မီးရထားနှင့်သယ်ယူပို့ဆောင်ရေး အလုပ်သမားပေါင်း ၆၇,၀၀၀၊ (၄) အခြားအထွေထွေဌာနများ၌ လုပ်ကိုင်နေသော အလုပ်သမားပေါင်း ၂၂,၀၀၀ ဖြစ်သည်။ ၎င်းအနက် ၇၅ ရာခိုင်နှုန်းသည် အိန္ဒိယအမျိုးသားများဖြစ်၍ မြန်မာမှာ ၂၅ ရာခိုင်နှုန်းခန့်သာ ပါဝင်ခဲ့သည်။

## လုပ်ခနှုန်းအချိန်များ

အလုပ်သမားများ၏ လုပ်ခသည် တနေ့ ၇ ပဲမှ ၈ ပဲ (ယခုငွေနှင့် ၄၅ပြား၊ ပြား ၅၀ ခန့်) တလလျှင် အများဆုံး ၂၀သာ ရရှိကြသည်။ အလုပ်သမား လုပ်ခပေးရာတွင် တလတခါ ဖြစ်သော်လည်း နေ့စားလပေး ယာယီသဘောသာဖြစ်သည်။ တနင်္ဂနွေနေ့ အလုပ်လုပ်ရသော အခါ အချိန်ပို လုပ်ခမရကြပေ။ စက်ရုံ ဥပဒေတည်ရှိလာပြီဖြစ်သော်လည်း စက်ရုံအလုပ်သမားပေါင်း (၁) သိန်းအနက် ၁၂ရာခိုင်နှုန်းသာ လစဉ် တနင်္ဂနွေနေ့တွင် အချိန်ပိုလုပ်ခရရှိခဲ့သည်။ တစ်နေ့ (၁၂)နာရီမှ နာရီ (၂၀) အထိပင် အလုပ်လုပ်ကြရသည်။ အရင်းရှင်စနစ်၏သွေးစုပ်ခေါင်းပုံဖြတ်မှုသည် အမြင့်ဆုံးပင်ဖြစ်သည်။ အလုပ်သမားသည် ပေးသမျှယူ၊ ကျွေးသမျှစား၊ ခိုင်းသမျှလုပ်ဘဝဖြင့် အတိဒုက္ခရောက်နေကြသော ခေတ်ဖြစ်သည်။

## ကမ္ဘာ့ပထမဦးဆုံး အလုပ်သမားသမဂ္ဂ

မြန်မာနိုင်ငံတွင် အရင်းရှင်စနစ် စတင်သော ၁၈၈၅-ခုနှစ်တွင် ဥရောပနိုင်ငံကြီးများနှင့် အမေရိကန်နိုင်ငံတို့၌ အရင်းရှင်စနစ်သည် အမြင့်မားဆုံးသောအဆင့်သို့ ရောက်ရှိနေပေပြီ။ တကမ္ဘာလုံးကို နယ်ချဲ့အရင်းရှင်တို့ ခွဲဝေ ပိုင်ဆိုင်နေကြပြီးဖြစ်သည်။ အလုပ်သမား၊လူတန်းစားသည် ထားရာနေ၊ စေရာသွားရသော အရင်းရှင်တို့၏ အောက် ပြားပြားဝပ်ကျရောက်နေကြသော အချိန်ကာလပင်ဖြစ်သည်။

ထိုအခြေအနေတွင် အမေရိကန်ပြည် ဖီလာဒယ်(လ်) ဖီယာမြို့ စက်ဆရာတို့က ၁၈၂၇-ခုနှစ်တွင် တနေ့ အလုပ်ချိန် ၁၀ နာရီသာ ထားရန် တောင်းဆိုခဲ့ကြသည်မှ စ၍ ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော အလုပ်သမားသမဂ္ဂ ပေါ်ပေါက်လာခဲ့သည်။ တနေ့အလုပ်ချိန် ၁၀ နာရီ သတ်မှတ်ပေးရန် တောင်းဆို ခြင်းမှစတင်သော လှုပ်ရှားမှုသည် အမေရိကန်တပြည်လုံးရှိ အလုပ်သမားများနှင့် ကမ္ဘာ့အလုပ်သမားများ၏ ထောက်ခံမှုဖြင့် ကျယ်ပြန့်လာသည်။ အလုပ်ချိန် ၁၀ နာရီမှ တနေ့အလုပ်ချိန် ၈ နာရီအထိ ပြောင်းလဲတိုးတက်လာခဲ့သည်။

အလုပ်သမားတိုက်ပွဲများတွင် အရင်းရှင်နှင့် လက်ပါးစေတို့၏ ဖိနှိပ်မှုဖြင့် အလုပ်သမားများစွာ အရိုက်အနှက်ခံခဲ့ကြရသည်။ ကြိုးပေး အသတ်ခံခဲ့ရသည်။ သို့သော် တွယ်တာစရာပစ္စည်းဥစ္စာဟူ၍ နတ္ထိဖြစ်နေသော ပစ္စည်းမဲ့ အလုပ်သမားလူတန်းစား၏ တနေ့ ၈ နာရီ တိုက်ပွဲကြွေးကြော်သံသည် မြင့်မား၍ သာနေခဲ့သည်။ စည်းရုံးရေးသည် ကြီးမားကျယ်ပြန့်လာခဲ့သည်။ ဖိလျှင် ကြွမည် ထိလျှင် ချမည့်သဘောပင် ဖြစ်သည်။

## မေဒေး

၁၈၈၆-ခုနှစ်၊ မေလ (၁)ရက်နေ့သည် အရင်းရှင်စနစ်ကို အလုပ်သမား လူတန်းစားက တိုက်ပွဲဝင်တော့မည်ဟူ၍ စတင်ရက်ချိန်း ပေးလိုက်သောနေ့ဖြစ်သည်။ အမေရိကန် အလုပ်သမားထုသည် မေဒေးတိုက်ပွဲ၌ ကျယ်ပြန့်တက်ကြွစွာ ပါဝင်လာကြသည်။ နိုင်ငံတကာရှိ ကြီးမားသော အလုပ်သမားထု၏ ထက်မြတ်စူးရှသော ထောက်ခံမှု

www.burmeseclassic.com

www.burmeseclassic.com



ကို ရရှိလာခဲ့သည်။ ကမ္ဘာ့အလုပ်သမားလူတန်းစား သွေးစည်းညီညွတ်မှုလည်း ရရှိလာခဲ့သည်။ မေဒေးသည် အရင်းရှင်စနစ်ကို အလုပ်သမားလူတန်းစားက စတင် အောင်ပွဲ ဆင်လိုက်သောနေ့ဖြစ်သည်။

မေဒေးအောင်ပွဲသည် နိုင်ငံတကာသို့ ရိုက်ခတ်သွားသည်။ အရင်းရှင်တို့၏ လက်ဝါးကြီးအုပ် သွေးစုပ်မှုကို အလုပ်သမားထုက စည်းရုံး တိုက်ပွဲ ဝင်ခြင်းဖြင့်သာလျှင် ဇောက်ဇကအောင်မြင်ရမည်ဟူသော မေဒေး သင်ခန်းစာကို နိုင်ငံတကာ အလုပ်သမားလူတန်းစားသို့ ညွှန်ပြခဲ့သည်။

<u>မြန်မာလုပ်သားထု စတင်လှုပ်ရှားမှု</u>

တနေ့အလုပ်ချိန်မှာ ပျမ်းမျှခြင်းအားဖြင့် ၉ နာရီမှ ၁၂ နာရီအထိဖြစ်ပြီး အချို့စက်မှုလုပ်ငန်းများတွင် ၁၆ နာရီအထိ လုပ်ကြရသည်။ ကလေးနှင့် မိန်းမများ အလုပ်လုပ်ကြရသော်လည်း အလုပ်သမားယောကျ်ားများ ထက် လုပ်ခနှင့် အခွင့်အရေး နိမ့်ကျရရှိကြသည့် တလပျမ်းမျှခြင်း လုပ်ခ ၁၈ ကျပ်သာ ရရှိခဲ့သည်။ အလုပ်သမားထိခိုက်ဒဏ်ရာရမှုကို ကာကွယ်သောစနစ်မရှိပေ။ ထိခိုက်ဒဏ်ရာရရှိခဲ့သော လျော်ကြေးမရ။ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်လုပ်ခရခြင်းမရှိ၊ အခမဲ့ ဆေးကုသခွင့်မရှိ။ နည်းပါးသော လုပ်ခမှပင် ခေါင်းပုံဖြတ် ခံခဲ့ကြရသေးသည်။

လူနေမှု အဆင့်အတန်းနှင့် အလုပ်ခွင်အခြေအနေကောင်းမွန်ရေးအတွက် မည်သို့သော အာမခံချက်မျှမရှိပေ။ ယင်းသည် ဗြိတိသျှနယ်ချဲ့သမား အောက်ကျရောက်နေသော မြန်မာနိုင်ငံ အလုပ်သမားထု၏ ၁၉၁၀ ခုနှစ်၊ ပတ်ဝန်းကျင်၏ ပုံကြမ်းပင်ဖြစ်သည်။ မေဒေးအောင်ပွဲသည် နိုင်ငံတကာသို့ ရိုက်ခတ်နေပြီ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသို့လည်း တစွန်းတစ ရိုက်ခတ်လာသည်။

၁၉၁၇-ခုနှစ်ခန့်တွင် အမေရိကန်ရေနံတွင်းတူးဗိုလ်များ၏ လုပ်ခကို ဘီအိုစီကုမ္ပဏီက လျှော့ချခြင်းကြောင့်တကြောင်း၊ ၎င်းတို့၏ နေရာတွင် စကော့ လူမျိုး ရေနံတွင်းတူးဗိုလ်များကို အစားထိုးလာခြင်းကြောင့် တကြောင်း၊ သပိတ်တိုက်ပွဲတစ်ခုပေါ်ခဲ့သည်။ မြန်မာနိုင်ငံ၌ အလုပ်သမားများ၏ ပထမဦးဆုံးသပိတ်ဖြစ်သည်။ သပိတ်သည်အောင်မြင်မှုမရ၊ ရက်အနည်းငယ်အတွင်း ပျက်ပြားသွားရသည်။ သို့သော် အလုပ်သမားထု၏ ထက်မြက်သော လက်နက်ကား သပိတ်သာတည်းဟု မြန်မာ အလုပ်သမားတို့သဘောပေါက်သွားကြသည်။ ထိုအချိန်တွင် (၁၉၁၇ ခုနှစ်) မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီးဖြင့်ရုရှားနိုင်ငံ၌ အလုပ်သမား လူတန်းစားက အာဏာသိမ်း၍ ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံကို စတင် ထူထောင်နိုင်ခဲ့သည်။

၁၉၁၉ ခုနှစ်တွင် ဘီအိုစီရေနံချောင်းစာရေးပေါင်း ၂၀၀ ခန့်တို့သည် လစာတိုးပေးရေး ၊ လစာမပျက် လုပ်သက်ခွင့်ရရှိရေး တောင်းဆိုချက်များဖြင့် သပိတ်တိုက်ပွဲဝင်ခဲ့ကြသည်။ အောင်မြင်မှု မရခဲ့ပေ။ သပိတ်ခေါင်းဆောင်များ ရေနံမြေမှနယ်နှင်ခံကြရသည်။ သို့သော်

**❛ ၁၉၂၀ – ခုနှစ် နောက်ပိုင်းတွင် အလုပ်သမား ၀၀၀၀ကျော်ပါဝင်သော သံလျင်ရေနံချက် အလုပ်သမား သပိတ်ပေါ်ခဲ့ရာ စည်းရုံးညီညွတ်သဖြင့် လုပ်ခ ၁၀ ရာခိုင် နှုန်း တိုးတက်ခဲ့သည်။ ၁၉၂၄ – ခုနှစ်၊ မေလ (၆) ရက်နေ့မှ စတင်သော ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားသပိတ် (ကုလားများသာ) ပေါ်ခဲ့ ရာလက်တွန်းလှည်း၊ လန်ချားဆွဲသမားတို့၏ အကူသပိတ်ဖြင့် အင်အား ၁၅၀၀၀ အထိ တိုးတက်ခဲ့သည်။ ရန်ကုန်မြို့တွင် ကြီးမားစွာ ပေါ်ပေါက်ခဲ့သော ပထမဦးဆုံး သပိတ်ဖြစ်သည်။ ❜**



www.burmeseclassic.com

www.burmeseclassic.com



ထိုသပိတ်သည် ၁၉၁၇ ခုနှစ် တွင်းတူး ဗိုလ်များ၏ သပိတ်နှင့်စာသော် အရေအတွက်နှင့်အရည်အချင်းပါ တိုးတက် ကျယ်ပြန့်ခဲ့သည်။

၁၉၂၀-ခုနှစ် နောက်ပိုင်းတွင် အလုပ်သမား ၈၀၀၀ကျော်ပါဝင်သော သံလျင်ရေနံချက် အလုပ်သမားသပိတ်ပေါ်ခဲ့ရာ စည်းရုံးညီညွတ်သဖြင့် လုပ်ခ ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၂၄-ခုနှစ်၊ မေလ(၆)ရက်နေ့မှ စတင်သော ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားသပိတ် (ကုလားများသာ)ပေါ်ခဲ့ ရာလက်တွန်းလှည်း၊ လန်ချားဆွဲ သမားတို့၏ အကူသပိတ်ဖြင့် အင်အား ၁၅၀၀၀ အထိ တိုးတက်ခဲ့သည်။ ရန်ကုန်မြို့တွင် ကြီးမားစွာ ပေါ်ပေါက်ခဲ့သော ပထမဦးဆုံး သပိတ်ဖြစ်သည်။

၁၉၂၀-ခုနှစ်မှ ၁၉၃၀-ခုနှစ်အထိ တစ်နှစ်လျှင် ပျမ်းမျှ သပိတ်တလုံး ပေါ်ခဲ့သည်။ ၁၉၃၆-ခုနှစ်အထိ ပြောက်ကျားသပိတ်များနှင့် သပိတ်ကြီးလေးကြိမ်ပေါ်ခဲ့သည်။ အချိန်အားဖြင့် တနင်္ဂနွေသုံးပတ်မှ တလခွဲအထိ ကြာသည်။ ၁၉၃၆-ခုနှစ်နောက်ပိုင်းတွင် မြန်မာတနိုင်ငံလုံး၌ သပိတ်များအဆက်မပြတ်ပေါ်ခဲ့သည်။ အချို့တို့မှာ ၁၅. ၅. ၃၇ ရက်နေ့တွင် စတင်သော ကမာရွတ် ရော်ဘာစက် အလုပ်သမား ၄၀၀ ကျော်တို့၏ သပိတ်၊ ၁. ၃. ၃၇ ရက်နေ့ သမိုင်းချည်ထည် ဆေးဆိုးသပိတ်၊ မြင်းလှည်းလှူပ်ရှားမှု၊ ကျောင်းဆရာများသပိတ်စသည်ဖြင့် ဆက်ကာဆက်ကာ ပေါ်ပေါက်ခဲ့သည်။ အလုပ်သမားထုသည် နစ်နာချက် တောင်းဆိုသော တိုက်ပွဲမှ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေးအမြင်အထိ တိုးတက်လာသည်။

## မြန်မာ့မေဒေးအစ ရေနံမြေက

မြန်မာနိုင်ငံမေဒေးကျင်းပခြင်းအစသည် ၁၉၃၈-ခုနှစ်၊ မေလ(၁)ရက် နေ့တွင် ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက်ရှိ လည်ပေါ်ကျောင်းတန်ဆောင်ကြီး အတွင်း၌ ကျင်းပခြင်းဖြစ်သည်။

ထိုပထမဆုံးသော မေဒေးသည် အခြေခံကျ၍ ဘဝမှန်သော တိုက်ပွဲကြားတွင် ကျင်းပနိုင်ခြင်းဖြစ်သည်။ အကြောင်းက ချောက်မြို့ ဘီအိုစီရေနံမြေသပိတ် သည် ၁၉၃၈-ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့မှ စတင်တိုက်ပွဲဝင်လျက်ရှိခြင်းကြောင့်ပင်ဖြစ်သည်။ ရေနံမြေသပိတ်မှ အလုပ်သမား ၁၀၀၀ ခန့်တို့ ပါဝင် သော ရေနံမြေသပိတ်တပ်ကြီးသည် ၃၀. ၁၁. ၁၉၃၈ရက်နေ့မှစတင်၍ သပိတ်-သပိတ် မှောက် မှောက်၊ မီးဒုတ်-မီးဒုတ် ရှူ့ရှူ့၊ သူပုန်-သူပုန် ထထ၊ သခင်မျိုးဟေ့ တို့ဗမာ၊ ခနရှင်စနစ် ပျက်စီးပါစေ၊ မနရှင်ဝါဒ ကျဆုံးပါစေ၊ အရေးတော်ပုံ အောင်ပါစေ စသောတခဲနက် ကြွေးကြော်သံများဖြင့် ရန်ကုန်မြို့သို့ ရှေ့ရှု ချီတက်ခဲ့ကြသည်။

ရေနံမြေတပ်ကြီးသည် ဗြိတိသျှနယ်ချဲ့လက်ပါးစေတို့၏ ဖိနှိပ်ဟန့်တား ရက်စက်မှုများကို ရင်ဆိုင်တွန်းလှန်ခဲ့ကြသည်။ မိုင် ၄၀၀ ကျော် ခရီးကို ခြေလျင် ချီတက်ခဲ့



**၃၀.၁၁.၁၉၃၈ရက်နေ့မှစတင်၍ သပိတ် – သပိတ် မှောက် မှောက်၊ မီးဒုတ် – မီးဒုတ် ရှူ့ရှူ့၊ သူပုန် – သူပုန် ထထ၊ သခင်မျိုးဟေ့ တို့ဗမာ၊ ခနရှင်စနစ် ပျက် စီးပါစေ၊ မနရှင်ဝါဒ ကျဆုံးပါစေ၊ အရေးတော်ပုံ အောင် ပါစေ စသောတခဲနက် ကြွေးကြော်သံများဖြင့်...**



www.burmeseclassic.com

www.burmeseclassic.com



သည်။ သထုံ၊ ဝေါ၊ ပဲခူးမှ တောင်သူလယ်သမားတပ်များနှင့် ပူးပေါင်းမိကြသည်။ ရန်ကုန်မြို့သို့ ၈. ၆. ၁၉၃၉ရက်နေ့တွင် ရောက်ရှိကြသည်။ ရေနံမြေတပ်၏ တိုက်ပွဲသည် အလုပ်သမား၊ တောင်သူလယ်သမားများ၊ ကျောင်းသား အမျိုးသမီးများအပါအဝင် တစ်ပြည်လုံးသို့ ကျယ်ပြန့်သွားခဲ့သည်။

ရေနံအလုပ်သမားတို့၏ တောင်းဆိုချက် ၂၁ ချက်တွင် အလုပ်သမား နစ်နာချက်များအပြင် အမှတ် ၁၉ သည် ရေနံလုပ်ငန်းအားလုံးနှင့် ရေနံတွင်း အားလုံး မြန်မာများလက်သို့ ပြန်လည်ပေးရန်ဟူသော နိုင်ငံရေး တောင်းဆိုချက်ပင် ပါရှိမြင့်မားလာသည်။ မေဒေးမှ စတင်လိုက်သော အလုပ်သမား လှုပ်ရှားမှု သမိုင်းစဉ်သည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်တိုက်ထုတ်ရေး၊ ဂျပန် ဖက်ဆစ်တော်လှန်ရေးအဆင့်သို့ ရောက်ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာ့လုပ်သားထုတိုက်ပွဲ

ဒုတိယ ကမ္ဘာစစ်ပြီး နောက်တွင် အလုပ်သမားများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများအထိ တိုးတက်လာခဲ့သည်။ ၁၉၄၆-ခုနှစ်၊ အမှုထမ်းပေါင်းစုံသပိတ်ကြီးတွင် တနိုင်ငံလုံး အတိုင်းအတာရှိသော စာတိုက်ကြေးနန်းအမှုထမ်းများ၊ ရေဝန်အမှုထမ်းများ၊ မီးရထားအမှုထမ်းများ၊ ပုလိပ်များစသော အမှုထမ်းပေါင်းစုံတို့ပါဝင်ကြသည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် ကျယ်ပြန့်၍ထိရောက်သော တပ်ပေါင်းစုအသွင်ကို ဆောင်ခဲ့ပေသည်။ ၎င်းနောက်တွင် အထင်အရှားဆုံးသော သပိတ်သည် အလုပ်သမား သုံးသောင်းကျော် ပါဝင်သော အလုပ်သမားပေါင်းစုံ ၁၉၄၇-ခုနှစ်၊ အထွေထွေသပိတ်ကြီးပင်ဖြစ် သည်။

❝ မေဒေးမှ စတင် လိုက်သော
အလုပ်သမား လှုပ်ရှားမှု သမိုင်းစဉ်သည်
ဗြိတိသျှနယ်ချဲ့ဆန့်ကျင်တိုက်ထုတ်ရေး၊
ဂျပန် ဖက်ဆစ် တော်လှန်ရေးအဆင့်သို့
ရောက်ရှိခဲ့သည်။ ❞

ထိုသပိတ်ကြီးတွင် ဘီအိုစီ၊ ဘုံဘေဘားမား၊ စတီးဘရားသား၊ ရန်ကုန်ဆိပ်ကမ်း၊ သင်္ဘောကြီး ကုန်တင်ကုန်ချ၊ အာရ်-အီး-တီ၊ သယ်ယူပို့ဆောင်ရေး၊ သစ်စက်များ၊ ဆန်စက်များ၊ မြူနီစီပယ် စစ်ဖက်တို့မှ အလုပ်သမားများ ပါဝင်သည်။ အလုပ်သမားသပိတ်တွင် တောင်းဆိုချက် ၂၄ ချက် တင်သွင်းခဲ့သည်။

ယနေ့အလုပ်သမားတို့ ရရှိခံစားနေကြရသော စတီဗဒိုများ ဖျက်သိမ်း၍ ဆိပ်ကမ်းအလုပ်သမား အုပ်ချုပ်ရေးအဖွဲ့ပေါ်လာခြင်း၊ အလုပ်ချိန် တစ်နေ့ ၈ နာရီ၊ တပတ် ၄၄ နာရီ သတ်မှတ်ရခြင်း၊ နေ့တဝက်သာ လုပ်ရ၍ လုပ်ခတဝက်သာရသော စနစ်ပယ်ဖျက်၍ အလုပ်လုပ်လျှင် တနေ့လုံးအတွက် လုပ်ခရရှိကြခြင်း၊ ယောကျ်ားနှင့် မိန်းမအလုပ်သမားများ အခွင့်အရေး တန်းတူရရှိခြင်း၊ အမျိုးသမီးအလုပ်သမားများ ကိုယ်ဝန်ဆောင်ခဲ့သော် မမွေးဖွားမီ ၆ ပတ်၊ မွေးဖွားပြီး နောက် ၆ ပတ်လုပ်ခမပျက်ခွင့်ရက်ရရှိခြင်း၊ လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများ တိုးတက်ရရှိခြင်း စသည်များဖြစ်ပေသည်။

ဖော်ပြပါအလုပ်သမားတိုက်ပွဲများကား ထင်ရှားသော အထွေထွေ သပိတ်မှောက် အရေးတော်ပုံကြီးများပင်ဖြစ်သည်။ ရာအစ ထောင်အလယ် သောင်း အဆုံးရှိ အလုပ်သမားများပါဝင်သော သပိတ်ပေါင်းများစွာလည်း အဆက်မပြတ်ပေါ်ခဲ့သည်။ တိုင်းပြည် လွတ်လပ်ရေးတိုက်ပွဲတွင် အလုပ်သမားလူတန်းစားက အဓိကအခန်းမှ ပါဝင်ခဲ့၏။

မြန်မာပြည် မေဒေးသမိုင်းသည် အလုပ်သမားအခွင့်အရေးမှစတင်ခဲ့သော်လည်း နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်စစ်တော်လှန်ရေး၊ တိုင်းပြည်လွတ်လပ်ရေးမှ ဆိုရှယ်လစ်ရေးသို့ ရွေ့ရှူနေသည်။

မြန်မာအလုပ်သမားထု၏ မေဒေးကြွေးကြော်သံများကား အရင်းရှင်၊ မြေရှင်ဆန့်ကျင်ရေးအလံကို ခိုင်မြဲစွာ စွဲကိုင်ချီတက်ရေး၊ အလုပ်သမား တောင်သူ လယ်သမားသွေးစည်းညီညွတ်ရေး ဒီမိုကရေစီနှင့် ဗဟိုဦးစီးမှုကို မှန်ကန်စွာ ဆက် စပ်ကျင့်သုံးရေး၊ ကမ္ဘာ့အလုပ်သမားနှင့် သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဆိုရှယ်လစ်ရေးများပင် ဖြစ်ပေသတည်း။

သခင်လှကျော်



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံ အလုပ်သမား လှုပ်ရှားမှုသမိုင်း (၁၃၀၀)ပြည့် အရေးတော်ပုံနှင့် သမိုင်းဆက်

ဦးကျော်လှိုင် (ဂုန်နီစက်ရုံ)



ဗြိတိသျှ ကိုလိုနီနယ်ချဲ့ခေတ်

၁၃၀၀ပြည့် ရေနံမြေအလုပ်သမား သပိတ်အရေးတော်ပုံကြီးသည်ကား ကိုလိုနီနယ်ချဲ့တို့ လက်အောက်ကျရောက်နေချိန် ရေနံမြေအလုပ်သမားထုကြီး တစ်ရပ်လုံးအား မတရားအမြတ်ထုတ် သွေးစုပ်ချယ်လှယ်မှုကို အပြင်းအထန် ခံစားရ၍ မခံမရပ်နိုင်သည့်အဆုံး အလုပ်သမား သွေးစည်း ညီညွတ်မှုကို အခိုင်အမာ သမား၊ ကျောင်းသားတက်ကြွသူ၊ ရဟန်းရှင်လူ၊ ပြည်သူအများဖြင့် အင်အားကြီးမားစွာ ပုဒ်မ (၁၄၄)ကိုပင် အလေးမမူဘဲ လူတန်းစားပေါင်းစုံပါဝင်သော အထွေထွေသပိတ်တပ်ကြီးအဖြစ် အင်အားကြီးမားစွာ ချီတက်လှုပ်ရှားခဲ့သော(ပထမအကြိမ်) မြန်မာနိုင်ငံအလုပ်သမား အရေးတော်ပုံကြီးအဖြစ် သမိုင်းမှတ်ကျောက်တင် မော်ကွန်းထိုးခဲ့ပေသည်။

တည်ဆောက်လျက် 'တို့ဗမာအစည်းအရုံးကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အာဠာဝက သခင်ဖိုးလှကြီး၏

မီးဒုတ် - မီးဒုတ် - ရှို့ - ရှို့ ၊

သခင်မျိုးဟေ့ - တို့ဗမာ

အရေးတော်ပုံ - အောင်ရမည် - ဆိုသည့် ကြွေးကြော်သံ ဟစ်ကြူးသံသည် - လည်းကောင်း ။

သခင်ဗဟိန်း၏ မြင်ခွာတစ်ချက်ပေါက်ရင် - " မီးဟုန်းဟုန်း တောက်စေမည် "ဆိုသည့် ကြုံးဝါးမောင်းတင်သော မြည်ဟည်းသံကို လည်းကောင်း -

ရင်ဝယ်ပိုက်ခါ - ရဲစိတ်ရဲမာန်အပြည့်ဖြင့် မိုင် (၄၀၀)ကျော်ဝေးသော ရန်ကုန်မြို့သို့ သပိတ်တပ်ကြီးအသွင်ဖြင့် ခြေလျင်ချီတက်လာကြရင်း လမ်းတစ်လျှောက်မြို့များမှ ပူးပေါင်းပါဝင်လာကြသော အလုပ်သမား၊ လယ်

အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်စတေးခဲ့သော်လည်း ထိုအရေးတော်ပုံကြီးသည် တမျိုးသားလုံးလွတ်မြောက်ရေးအတွက် နိုင်ငံရေးအသိ နှိုးကြားစေလျက် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမျိုးဆက်အမွေကို ပေးဆောင် ခဲ့ပြီးလွတ် လပ်ရေးကြိုးပမ်းမှု မီးရှူးတိုင်ကြီးအား ထွန်းပြီးပေးခဲ့ပေသည်။

မ. ဆ. လ တပါတီအာဏာရှင်ခေတ်

(၁၉၇၄-၇၅) အလုပ်သမားသပိတ်

နွား-မွေးရင်-မြက်ကျွေးရတယ်။

လူ-မွေးရင်-ဆန်ပေးရမယ်။

(၁၃၀၀)ပြည့် ရေနံမြေအလုပ်သမားသပိတ်ကြီး ဖြစ်ပေါ်ပြီးနောက် (၁၉၇၄)ခုနှစ်၊ မေလနှင့်ဇွန်လများ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



**"ဆီကိုရေချိုး၊ ဆေးကို မီးလှုံ၊ စပါးတောင်လိုပုံ" ဆိုတဲ့စကား မြန်မာမှာ ရှိခဲ့ပေမဲ့ ဦးနေဝင်း မ.ဆ.လ စစ်အစိုးရကတော့ အလုပ်သမားတွေကို ဆန်နဲ့ ဆီပေးတာ က မလောက်မင၊ စားရတာက မဝတဝ အုပ်ချုပ်ပုံကိုကြည့် ပြန်တော့လည်း...**

အရပ်ရပ်ရှိ စက်ရုံ၊ အလုပ်ရုံတွေမှာ ရှိကြတဲ့အလုပ်သမားထုကြီးအား အငတ်ပြဿနာနဲ့ဖိနှိပ်မှုတွေကို သည်းမခံနိုင်သည့်အဆုံး ဦးနေဝင်း မ. ဆ. လ စစ်အစိုးရကို တော်လှန်သပိတ်မှောက်တိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းကြောင်းရှိခဲ့ပါသည်။

ဦးနေဝင်းအစိုးရဟာ အလုပ်သမား၊ လယ်သမားကိုခြေခံပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ တိုင်းပြည်ကိုထူထောင်မယ်လို့ကြွေးကြော်ပြီး တိုင်းပြည်မှာ ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေကိုလဲ ပြည်သူပိုင်သိမ်း၍ တပ်မတော်မှ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေကို တာဝန်ပေးကာ အရပ်သားအရာရှိတွေကို ဖယ်ပြီး အုပ်ချုပ်စေခဲ့ပါတယ်။

စားသုံးကုန်နဲ့ လူသုံးကုန်ပစ္စည်းအားလုံးကိုလည်း နိုင်ငံတော်မှ ချုပ်ကိုင်ထားပြီး အလုပ်သမားများအတွက် ဆန်နှင့်ဆီကိုတော့ စက်ရုံအလုပ်ရုံမှတဆင့် ခွဲတန်းဖြင့် ရောင်းချပေးပါသည်။ အလုပ်သမားများအတွက် ရောင်းချပေးသည့် ဆန်မှာ အလုပ်သမားမိသားစုများ၊ ထမင်းဝအောင်စားရသည့် ခွဲတမ်းမဟုတ်သည့်အတွက် အလုပ်သမား မိသားစုတွေမှာ ဆံပြုတ်သောက်ရ၊ အခြားစားလို့ရသည့် အသီးအရွက်တွေကို ကြုံသလို ဖြစ်သလိုစားသုံးနေခဲ့ရ၍ အငတ်ပြဿနာနှင့် ရင်ဆိုင်နေခဲ့ရပြီး အလုပ်မဆင်းရင်လဲ အလုပ်ပြုတ်မှာဖြစ်တဲ့အတွက် ဆင်းရဲ ပင်ပန်းစွာဖြင့် လုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်နေကြရပါသည်။

"ဆီကိုရေချိုး၊ ဆေးကို မီးလှုံ၊ စပါးတောင်လိုပုံ" ဆိုတဲ့စကား မြန်မာမှာ ရှိခဲ့ပေမဲ့ ဦးနေဝင်း မ. ဆ. လ စစ်အစိုးရကတော့ အလုပ်သမားတွေကို ဆန်နဲ့၊ ဆီပေးတာက မလောက်မင၊ စားရတာက မဝတဝ အုပ်ချုပ်ပုံကိုကြည့်ပြန်တော့ လည်း ငယ်ငယ်က ကြားဖူးတဲ့စကား ဖြုတ်ထုတ် သတ်ခေါင်းမဖော်ဝင့်၊ မတရားမှုကို မခံမရပ်နိုင်လို့ပြန်ပြောသည့်အလုပ်သမားပုဒ်မအမျိုးမျိုးတပ်၍ အရေး ယူခံရမှာတော့ သေချာသည်။

အလုပ်သမားတွေရဲ့ဘဝမှာ အနေကလဲဆင်းရဲ၊ အစားကလဲဆင်းရဲ၊ စိတ်ကလဲဆင်းရဲ၊ ချမ်းသာမှုဆိုတာဘာမှမရှိ၊ လူသားတွေရဲ့စိတ်ဓာတ် ဖိနှိပ်တာတွေ အနိုင်ကျင့်တာတွေကို ခေါင်းငုံ့မခံချင်၊ ဒီလောက်ဆင်းရဲ ဒုက္ခရောက်နေမှတော့ သေမထူး၊ နေမထူး၊ ငတ်ရင်မသေဘူး၊ တိုက်ရင်းသေမယ်၊ ဖိရင်ကွဲမယ်၊ ထိရင်ချမယ်၊ ယုံကြည်ချက် ခံယူချက်တူညီကြတဲ့ အလုပ်သမားထုကြီးဟာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အထက်မြန်မာပြည်မှာ ရှိကြတဲ့ မြစ်ငယ်မီးရထား၊ ပုလိပ်ချည်မျှင် နှင့်အထည်စက်ရုံ၊ ချောက်ရေနံမြေ၊ ရေနံချောင်း အစရှိသည့် စက်ရုံ အလုပ်ရုံများ အပါအဝင် စက်ရုံ အလုပ်ရုံတွေအားလုံး (၁၉၇၄)-ခု မေလနဲ့ဇွန်လတွေမှာ မ. ဆ. လ ဦးနေဝင်း စစ်အစိုးရကို စတင်တော် လှန် သပိတ်မှောက်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ အဲဒီသပိတ်မီးဟာ ရန်ကုန်ကို ကူးစက်လာပြီး မီးရထား၊ ဘီပီအိုင်၊ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံအလုပ်ရုံပေါင်း များစွာက မ. ဆ. လ စစ်အစိုးရကို "ဆန် လုံလောက်စွာ ပေးပါ။ ဆီ လုံလောက်စွာပေးပါ။ကုန်ဈေး နှုန်းကြီးမြင့်နေသည့်အတွက် လစာတိုးပေးပါ " ဟု ကြွေးကြော်သံများ ကြွေးကြော်၍ ရန်ကုန်တိုင်းမှာလဲသပိတ်မှောက် တိုက်ပွဲဝင်ခဲ့ကြပါတယ်။

ဦးနေဝင်းအုပ်ချုပ်နေသည့်ကာလတွင် မကြာခဏ ဆူပူမှုတွေ၊ ဆန္ဒပြမှု တွေဖြစ်ပေါ်နေသဖြင့် မြန်မာ့အသံမှနေပြီး တိုင်းပြည်ကို မိန့်ခွန်းပြောကြားရာတွင် 'စစ်သားဆိုတာ မိုးပေါ်ထောင်မပစ်ဘူး၊ ပစ်စရာရှိရင် တည့်တည့်ဘဲ ပစ်သည်" ဟု ပြောကြားသည့်အတိုင်း (၁၉၇၄) ခု၊ ဇွန်လ (၆)ရက်နေ့ ညနေ (၃)နာရီအချိန် တွင် သမိုင်းချည်မျှင်နှင့်အထည်စက်ရုံမှ မ. ဆ. လ စစ်အစိုးရကို ' ဆန်ပေးပါ၊ ဆီပေပါ၊ လစာတိုးပေးပါ 'ဟု အော်ဟစ်တောင်းဆိုနေသော လုပ်သားများကို အင်းစိန်လမ်းမပေါ်မှ လူထုကြီးက ထောက်ခံအားပေးနေကြတာကို မရှုစိမ့်နိုင်သော ဦးနေဝင်းအစိုးရမှ သူ၏လက်ဖြောင့်တပ်သားများကို

www.burmeseclassic.com



လူစုခွဲရန်ဆိုပြီး သေနတ်နှင့်ပစ်ခိုင်းသောကြောင့် အလုပ်သမားများနှင့်ကျောင်းသားများ၊ ပြည်သူများ သေဆုံးကြရပါသည်။

သမိုင်းချည်မျှင်နှင့် အထည်စက်ရုံမှာဘဲ (၇) ရက်နေ့တွင် လူထုကြီးက ဆက်လက်ပြီးအားပေးထောက်ခံနေသည့်အတွက် လူစုခွဲရန်ထပ်ပြီး သေနတ်နှင့် ပစ်ပြန်သဖြင့် အင်းစိန်လမ်းမကြီးပေါ်မှာ ဒုတိယအကြိမ်သေဆုံးကြရပြန်သည်။ ချည်မျှင်နှင့် အထည်စက်ရုံကိုလည်း စစ်တပ် မှသေနတ်များဖြင့်စက်ရုံကိုဝင်စီးပြီး ဆန္ဒပြနေသော အလုပ်သမားများကို စက်ရုံအတွင်းမှ မောင်းထုတ်၍ သပိတ်ကို ဖြိုခွဲလိုက်ပါသည်။

ဆင်မလိုက်သင်္ဘောကျင်းလုပ်သားများ သပိတ်မှောက်နေသည့် (၇)ရက် နေ့ နံနက်(၄) နာရီအချိန်တွင် စက်ရုံ၏အနောက်ဘက်ကို စစ်သင်္ဘောဖြင့် ဝင်စီးပြီး အလုပ်သမားများအားသေနတ်များဖြင့် ပစ်ခတ်၍ သပိတ်ကိုဖြိုခွင်းရာ သင်္ဘောကျင်းလုပ်သားများ၊ အများအပြား သေဆုံးကြရပါသည်။

သန်လျင်ရေနံချက်စက်ရုံရှေ့ (၈) ရက်နေ့နံနက်တွင် သပိတ် မှောက်နေသည့် လုပ်သားများအားရဲတပ်ဖွဲ့မှ သေနတ်ဖြင့်ပစ်၍ သပိတ်ကိုဖြိုခွဲရာ လုပ်သားများသေကြရပါသည်။

ဇွန် (၇) ရက် (၈) ရက်နေ့တွင် လုပ်သားအင်အားများသောစက်ရုံ အလုပ်သမားများကိုညတွင်းခြင်း စစ်တပ်မှသေနတ်များဖြင့် ဝင်စီး၍ စက်ရုံတွင်း သပိတ်မှောက်နေသောလုပ်သားများကို စက်ရုံတွင်းမှမောင်းထုတ်၍ သပိတ်များ ဖြိုခွင်းခြင်းခံလိုက်ရပါသည်။

သပိတ်ဖြစ်ပေါ် ရခြင်းအကြောင်းရင်းမှာ-

(၁၉၇၄) ခုနစ် အလုပ်သမား ဆန္ဒပြမှု စုံစမ်းရေးကော်မီရှင်၏ ပထမ အကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးသို့တင်ပြချက်များကိုကြည့်လျှင်

(က) အဖွဲ့အစည်းအဆင့်ဆင့်သည် (၁. ၁၀. ၇၂) ဖြင့် ထုတ်ပြန်သော အလုပ်သမားဖွဲ့စည်းပုံအသစ်နှင့် ရပိုင်ခွင့်များ လစာညှိနှိုင်းရေးများကို အကောင် အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်း။

(ခ) ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးကောက်ပွဲအပြီးတွင် စည်းရုံးရေးကျ ဆင်းလာခြင်း။

(ဂ) ကုန်ဈေးနှုန်းအဆမတန် တက်နေသဖြင့် အလုပ်သမားများ အကြပ်အတည်းများနှင့်မှာ အမှန်တကယ်ဖြစ်ကြောင်း တင်သွင်းခဲ့သော်လည်းအလုပ်သမားများကိုမူ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်ရှည် (၁၆) နှစ်၊ (၁၅) နှစ်၊ (၁၃) နှစ်၊ (၁၀) နှစ် ဟုအသီးသီးချမှတ်ခြင်းခံခဲ့ရပါသည်။

‘အလုပ်သမားသပိတ် ခေါင်းဆောင်းတွေက
ထောင်ဒဏ်တွေနှစ်ရှည်ချ၊
ညှဉ်းပမ်းနှိပ်စက်မှုတွေခံရ၊
ဘဝတွေအသီးသီးပျက်ခဲ့ရ၊
ထောင်ကထွက်လာတဲ့အခါ မှာ ကိုယ့်အိမ်ကိုယ်
ပြန်တော့လဲ မိသားစုတွေမရှိတော့ဘဲ
အိမ်ရောင်းပြီး ဘယ်ပြောင်းသွားမှန်းမသိ
နေစရာမရှိ စားစရာမရှိ ၊ ဒုက္ခတွေဝင်လယ်ဝေပြီး
သင်းရဲ့ ဒုက္ခအကြီး အကျယ်ရောက်ခဲ့ရတာတာ...
အဝ်လိပ်ဖြိုတီသူ့နယ်ချဲ့ကြောင့်လည်းမဟုတ်ပါ...
ဖက်ဆစ်ဂျပန်တွေကြောင့်လဲမဟုတ်ပါ...
မြန်မာ့မြေမှာနေ၊ မြန်မာ့ရေကိုသောက်...
မြန်မာ့ ဆန်ကိုစားနေတဲ့ မြန်မာလူမျိုး...
အာဏာခံမင်းသူ၊ အာဏာမက်သူ...
ဦးနေဝင်းကြောင့်ဖြစ်ပါသည်။’



www.burmeseclassic.com

www.burmeseclassic.com



(၁၉၇၅) ခုနှစ် ဇွန်လမှာ အလုပ်သမားသပိတ် နှစ်ပတ်လည်သောနေ့တွင် အင်းစိန်မီးရထား၊ ကြို့ကုန်း ဘီပီအိုင်၊ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ ဂုံနီစက်ရုံ လုပ်သားကြီးများက 'ဖမ်းဆီးအလုပ်သမားလွှတ်ပေးရေး' ကျန်ရှိရပိုင်ခွင့်များရရှိရေးတို့အတွက် နှစ်ပတ် လည်နေ့ တွင် သပိတ်ကို ဆင်နွှဲခဲ့ကြပါသည်။

အလုပ်သမားများရဲ့ သပိတ်အားလုံးကိုလက်နက်အားကိုးဖြင့် အင်အားသုံးဖြိုခွင်းပြီးနောက် ဦးနေဝင်းမှ အလုပ်သမားသပိတ် ခေါင်းဆောင်များအား မတရားဖိနှိပ်အုပ်ချုပ်နေတာကို ခေါင်းငုံ့မခံရကောင်းလားဆိုပြီး အငြိုးတကြီး အာဏာလုသူ ရန်သူပမာ ထောင်ဒဏ်တွေကိုနှစ်ရှည်ချ စစ်ကြောရေးနှင့် ထောင်ထဲမှာလဲ ရိုက်နှက်ညှဉ်းပမ်းနှိပ်စက်မှုတွေကြောင့် အလုပ်သမားတွေမှာကိုယ်အင်္ဂါ ချို့ယွင်းသူကချို့ယွင်းအပြင်ကို ရောက်လာသည့်အခါမှာလဲ ညှဉ်းပမ်းနှိပ်စက်မှု ဒဏ်တွေကြောင့် သေဆုံးသူကသေဆုံး မသေလို့ကျန်ခဲ့သည့် အလုပ်သမားတွေမှာလည်း ဘာမှလုပ်စားလို့မရသည့်ဘဝမျိုးနှင့် ဘဝတွေပျက်ခဲ့ရ ဒုက္ခပေါင်းများစွာနဲ့ သပိတ်တိုက်ပွဲကို အရင်းအနှီး တွေ ပေးဆပ်ခဲ့ရပါသည်။

အလုပ်သမားသပိတ် ခေါင်းဆောင်းတွေက ထောင်ဒဏ်တွေနှစ်ရှည်ချ၊ ညှဉ်းပမ်းနှိပ်စက်မှုတွေခံရ၊ ဘဝတွေအသီးသီးပျက်ခဲ့ရ၊ ထောင်ကထွက်လာတဲ့ အခါမှာ ကိုယ့်အိမ်ကိုယ် ပြန်တော့လဲ မိသားစုတွေမရှိတော့ဘဲ အိမ်ရောင်းပြီး ဘယ်ပြောင်းသွားမှန်မသိ နေစရာမရှိ စားစရာမရှိ ၊ ဒုက္ခတွေပင်လယ်ဝေပြီး ဆင်းရဲ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရတာဟာ-

အင်္ဂလိပ်ဗြိတိသျှနယ်ချဲ့ကြောင့်လည်းမဟုတ်ပါ-

ဖက်ဆစ်ဂျပန်တွေကြောင့်လဲမဟုတ်ပါ။

**သမိုင်းကွင်းဆက်များသည် ယနေ့ မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတကာ အလုပ်သမား အခွင့်အရေးများနှင့်အညီ အပြည့်အဝရရှိသေးသည့် အတွက် လှိုင်သာယာစက်မှုဇုံမှ (တိုင်ရီ) ဖိနပ်စက်ရုံ၊ (ဟိုင်မွန်) ဆံပင်တုစက်ရုံ အထည်ချုပ်စက်ရုံများ၊ တော်ဝင်သစ်အချောထုတ်လုပ်ရေး(ဝါးတရာ)စသည့် ...**

မြန်မာ့မြေမှာနေ၊ မြန်မာ့ရေကိုသောက် ၊မြန်မာ့ဆန်ကိုစားနေတဲ့ မြန်မာလူမျိုး အာဏာခုံမင်သူ၊ အာဏာမက်သူ၊ ဦးနေဝင်းကြောင့်ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများဟာ ပုံပြင်လဲ မဟုတ် ဒဏ္ဍာရီလဲမဟုတ် မြန်မာ့သမိုင်းမှာ မေ့ပစ်၍ မေ့ပျောက်၍မရနိုင်သော ယနေ့ထက်တိုင် သမိုင်းဝင် အထင်ကရပင် အဖိုးအဖွားတွေ သက်ရှိထင်ရှား ရှိနေကြပါသေးကြောင်း တင်ပြလိုက်ရပါသည်။

အထက်ပါတင်ပြချက်များအတိုင်း (၁၃၀၀)ပြည့် အရေးတော်ပုံ၏ သမိုင်းအမွေကိုခံယူကာ (ဒုတိယ) အကြိမ် (၁၉၇၄-၇၅)ခုနှစ်၊ အလုပ်သမား သပိတ် အရေးတော်ပုံဖြစ်ပေါ်လာရပေသည်။

<u>မျက်မှောက်ခေတ်</u>

အထက်ပါသမိုင်းကွင်းဆက်များသည် ယနေ့ မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတကာ အလုပ်သမား အခွင့်အရေးများနှင့်အညီ အပြည့်အဝရရှိသေးသည့် အတွက် လှိုင်သာယာစက်မှုဇုံမှ (တိုင်ရီ) ဖိနပ်စက်ရုံ၊ (ဟိုင်မွန်) ဆံပင်တုစက်ရုံ အထည်ချုပ်စက်ရုံများ၊ တော်ဝင်သစ်အချောထုတ်လုပ်ရေး(ဝါးတရာ)စသည့် စက်ရုံများနှင့် စက်မှုဇုံအသီးသီးရှိ စက်ရုံ အလုပ်ရုံပေါင်းများစွာတွင် ဆန္ဒဖော်ထုတ် တိုက်ပွဲဝင်နေရဆဲ ရှိနေပါသေးသည်။

ခေတ်အဆက်ဆက် အလုပ်သမားလှုပ်ရှားမှု သမိုင်းများသည် ဆက်၍---ဆက်၍-----ဖြစ်ထွန်းပေါ်ပေါက်နေဆဲပင်။

ဆင်မလိုက်-သဘော်ကျင်းသပိတ်ခေါင်းဆောင်ရဲဘော် (ဘန်ရွှေ) ၏-တပ်ဦးမိန့်ခွန်း

နွား-မွေးရင်-မြက်ကြွေးရတယ်။
လူ-မွေးရင်-ဆန်ပေးရမယ်။
တောင်းတာက-ဆီ-ဆန်-
ပေးတာက-ကျည်ဆန်
သတ္တ ဘဝ
အာဟာရ နဲ့ အသက်
အသက် နဲ့ အဟာရ
မရလို့ မဖြစ်ဘူး
ရ-ရင်ရ-မရရင်-ချ-။


ဦးကျော်ရှိုင်(ဂုံနီစက်ရုံ)
(၁၉၇၄-၇၅)သပိတ်မှောက်အကျဉ်းကျ
အလုပ်သမားဟောင်းကြီးများ ကွန်ယက်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ လူထုလှုပ်ရှားမှု သမိုင်းတွင် အကြီးဆုံးသောလူထုတိုက်ပွဲကြီး (၂)ခုသာရှိလေသည်။ တစ်ခုမှာ ၁၃၀၀ပြည့် အရေးတော်ပုံတိုက်ပွဲကြီးဖြစ်ပြီး နောက်တစ်ခုမှာ ၁၉၈၈-ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်ပါသည်။ ၁၃၀၀ ပြည့် လူထုအရေးတော်ပုံကြီးမှာ ချောက်ရေနံမြေမှနေစတင်ခဲ့ခြင်းဖြစ်တယ်။ ချောက်မြို့ရှိ ဘီအိုစီရေနံတွင်းတူးသမားများမှနေ အစတေတည်ခဲ့ခြင်းလည်း ဖြစ်သည်။ ထိုအချိန်က ဘီအိုစီရေနံကုမ္ပဏီမှာ အလုပ်သမားကို ဖိနှိပ်ကာ အခွင့် အရေးများကို ပိတ်ပင်ခဲ့လေသည်။ အလုပ်ချိန်ကို ၈ နာရီထက်ပိုပြီး ၁၀ နာရီ ၁၂ နာရီ၊ ၁၄ နာရီ ခိုင်းကာပေးသော လုပ်ခမှာလည်း မဝရေဆာဖြစ်သည်။

ပိတ်ကြီးစတင်ရသည့်အကြောင်းများတွင် ဘီအိုစီမော်တော် ကားစက်ပြင် စက်ရုံမှ သခင်ခင်ဆိုသူကို မတရားအကြောင်းမဲ့ အလုပ်ဖြုတ်ပစ်လိုက်သောကြောင့် အလုပ်သမားများမှာ မကျေနပ်မှုများကြားတွင် ရုတ်တရက်ဖြင့် ပေါ်လာသော ဖိနှိပ်မှုများကြောင့် သပိတ်တိုက်ပွဲကြီးကို ဆင်နွှဲလိုက်ခြင်းဖြစ်၏။ နောင်တစ်နိုင်ငံလုံး ပျံ့နှံ့သွားသော လူထုလူတန်းပေါင်းစုံ ပါဝင်သည့် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို စတင်လိုက်ခြင်းလည်းဖြစ်သည်။

ရေနံမြေ အလုပ်သမားများသည် မိမိတို့၏ နစ်နာမှုများ လိုလားချက်များကို တောင်းဆိုသပိတ်မှောက်ခဲ့သည်မှာ (၁၀)လကျော် ကြာလာခဲ့သည်။ ဘီအိုစီအာဏာပိုင်များကလည်း ပုလိပ်များခေါ်ကာ ဆန္ဒပြသပိတ်မှောက်



အလုပ်သမား မိသားစုမှာ အလုပ်သမားတစ်ယောက်၏ လုပ်ခနှင့်ဝအောင်မထားနိုင်ခဲ့ပေ၊ အချိန်ပိုလုပ်ခလည်း မရှိပေ၊ ကုမ္ပဏီမှပေးမှသာလျှင် အလုပ်သမားတို့၏ အခွင့်အရေးကို ရနိုင်လေသည်။ ကုမ္ပဏီက ညှာတာမှုမရှိလျှင် မရှိသလို ဖိနှိပ်ခံရ၏။ ထို့ပြင် အလုပ်သမားများအား အချိန်မရွေးအလုပ် ဖြုတ်ချင်လျှင် ဖြုတ်၍ရပါသည်။ ထို့ထက်ဆိုးသည်မှာ တချို့အလုပ်သမားများက နိုင်ငံရေးနှင့်နွယ်သည်ဆိုလျှင် ပုလိပ်ကို အကြောင်းကြားကာ နှိပ်စက်ညှင်းပန်းလေတော့သည်။ ဘီအိုစီကုမ္ပဏီသည် အလုပ်သမား လူတန်းစားများအပေါ် တစ်ဖက်သတ်ညှင်းပန်းနှိပ်စက်သဖြင့် အလုပ်သမားများမှာ မခံနိုင်ဖြစ်လာပါတော့သည်။ ရေနံမြေ အလုပ်သမား သူများကို ဖမ်းဆီးကြသည်။ သပိတ်တိုက်ပွဲတွင် ပါဝင်သော အလုပ်သမားများကို အလုပ်ထုတ်ရုံမက သူတို့နေသော အလုပ်သမားတန်းလျားများမှနေ မောင်းထုတ်ပစ်ကြသည်။ အစပိုင်းက သပိတ်မှောက်သူ ၁၀၀၀၀ ခန့်ရှိသော်လည်း ၁၀ လကြာသောအခါ ၂၀၀၀ ခန့်သာရှိတော့သည်။ ဒို့ဗမာအစည်းအရုံးကြီးကလည်း သပိတ်မှောက်သူများကို တစ်ခဲနက်အားပေးထောက်ခံခဲ့လေသည်။ ဗြိတိသျှအစိုးရနှင့် ဘီအိုစီ ကုမ္ပဏီက ရေနံမြေအလုပ်သမားတို့၏ တိုက်ပွဲကို လိုက်လျောမှုမရှိသဖြင့် တိုက်ပွဲကကြာလာသလို တစ်နိုင်ငံလုံးကိုလည်း ကူးစက်ပျံ့နှံ့လာပါသည်။ အင်အား တောင့်တင်းသော ဒို့ဗမာအစည်းအရုံးကြီးကထိုတိုက်ပွဲတွင် ပါဝင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ ကျယ်ပြန့်လာခြင်းလည်းဖြစ်သည်။

တိုက်ပွဲ ကြာလာသည်မှာ အလုပ်သမားများအတွက် မကောင်းလှသဖြင့် ထိုမျောနေသောတိုက်ပွဲကို ပြောင်းလဲဖို့ ကြိုးစားလာကြသည်။ ရေနံမြေမှ သခင်ဖိုးလှကြီး၊ သခင်ဘမောင်၊ သခင်ငွေရှိန်၊ သခင်မာစသည့် ခေါင်းဆောင်များမှက ဒို့ဗမာအစည်းအရုံးမှ သခင်များနှင့် ပူးပေါင်းကာ သပိတ်ကို ကျယ်ပြန့်အောင် အားထုတ်လာခဲ့သည်။ ရန်ကုန် ဒို့ဗမာအစည်းအရုံးမှ သခင်သန်းထွန်း၊ သခင် လှမောင်၊ သခင်စိုး၊ သခင်ဘ၊ သခင်လှိုင်း၊ သခင် စံထွန်းလှ၊ သခင်ဗသာ၊ သခင် ဘရင်စသော သခင်များကလည်း ညှိနှိုင်းကာ ရေနံမြေမှနေ ရန်ကုန်သို့ သပိတ်မှောက် အလုပ်သမားများ ချီတက်ဖို့ရေရှည်အစီအစဉ်ကို ရေးဆွဲလိုက်တော့၏။ ထို့ကြောင့် ၁၉၃၈-ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့ မနက်လင်းအားကြီးတွင် ရေနံမြေမှ အလုပ်သမားများသည် မိုင် ၄၀၀ ကျော် ကွာဝေးသော ရန်ကုန်မြို့ သို့ စတင်ချီတက်လာခဲ့သည်။ ချီတက်ပွဲကို စည်တော်ယွန်း ၍ အလုပ်သမားများ ခြေလျင်ချီတက်ခဲ့ခြင်းဖြစ်၏။ ချီတက်ပွဲကို သခင်ဖိုးလှကြီးက ဦးဆောင်ခဲ့သည်။ တစ်နေ့လျှင် ၁၅ မိုင်ချီတက်သည်။ ရောက်သည့်နေရာတွင် ခေတ္တနားသည်။ ဘုန်းကြီးကျောင်းများတွင် စခန်းချကြသည်။

ချီတက်ရာတွင် ရေနံချက်စက်ရုံမှ သပိတ်အလုပ်သမား ၄၀၀ ချောက်မှ ၅၀၀ နှင့် ရေနံချောင်းမှ ခြေလျင်တပ်သား ၂၀၀ ကျော်လည်း ပါဝင်ခဲ့လေသည်။ ပုလိပ်များကလည်း နောက်မှ လိုက်ပါလာကြသည်။ မြို့ရွာများသို့ဝင်တိုင်း ပြည်သူက အိုးစည်းဗုံမောင်းနှင့် ကြိုဆိုကြသည်။ ထမင်းထုပ်များကမ်းကြသည်။အဝတ်အစားများလည်း ပေးကြလေသည်။ ချီတက်လာသော အလုပ်သမား တပ်ကြီးထဲမှ အလုပ်သမားခေါင်းဆောင်များကို ဗြိတိသျှအစိုးရက ဖမ်းဆီးလိုက်လေသည်။ ထိုခါ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် ရန်ကုန်မှ သခင်ထွန်းခင်၊ သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းစသည့် သခင်များသည် သပိတ်တပ်ကြီးရှိရာ သွားရောက်ခဲ့လေသည်။ ထိုအခါ ရေနံမြေအလုပ်သမားတို့၏ တိုက်ပွဲကို ထောက်ခံသည့် အနေဖြင့် လယ်သမားတို့ ကလည်း ရန်ကုန်သို့ ချီတက်လာကြသည်။ ကျောင်းသားသမဂ္ဂ၊ တက္ကသိုလ်ကျောင်းသားများ၊ အထက်တန်းကျောင်းသားများကလည်း ပါဝင်ဖို့ စာရင်းပေးလာကြသည်။ ထိုအခါ ဒို့ဗမာအစည်းအရုံးကြီးက အာဇာနည်ဗိုလ်စာရင်း တောင်းသော ကြေညာချက်ကို ထုတ်ပြန်လိုက်လေ သည်။

" ဗိုလ်များအလိုရှိသည်။ တစ်ဗိုလ်ဆင်းလျှင် တစ်ဗိုလ်တက် "

ဒို့ဗမာသခင်၊ သခင်မများအပေါင်းတို့ မိမိတို့နစ်နာချက်များ၊ လိုလားချက်များတောင်းဆိုရန် မိမိတို့ဆန္ဒအင်အားပြရန် ရေနံမြေမှ အလုပ်သမား ၁၂၀၀ ကျော် ရန်ကုန်သို့ ချီတက်လာလေပြီ၊ လယ်သမား ၂၀၀၀၀ကျော်တို့လည်း ချီတက်လာတော့မည်။ ထိုသူတို့သည် မိမိတို့လိုလားချက်များကို တောင်းဆိုရန် တရားသောနည်းလမ်းများကို စည်းကမ်းသေဝပ်စွာပြု၍ လုပ်ထားပါလျှက် ငါတို့ အား လွှမ်းမိုးချုပ်ခြယ်ထား၊ သူတို့သည် အဓမ္မစနစ်ကို အသုံးပြု၍လာပေပြီ။

ပုဒ်မ ၁၀၇ ဖြင့် ဖမ်းဆီးခြင်း၊ ပုဒ်မ ၁၄၄ ဖြင့် တားဆီးခြင်းတို့ကို ကြုံတွေ့ခဲ့လေပြီ။

မည်သူ့ကိုမှ ရန်မူရန်ရည်ရွယ်ချက်လည်း မရှိ။ လက်နက်လည်း မဆောင်ပါပဲလျှက် အလိုလိုစိတ်ကြောင့်သာ အဓမ္မစံနစ်အသုံးပြုလာခြင်းအား အလွန် အံ့ဩဖွယ်ကောင်းလှလေသည်။

နောက်ကိုလည်း မည်ကဲ့သို့သော အဓမ္မမှုများကို လာမည်မသိ၊ ရှေ့ကို တိုးတက်လာသမျှကို ခေါင်းဖြတ်ခြင်း ခံရပေတော့မည်။

ငါတို့သည် စတင်လုပ်ခဲ့ပြီးသော အလုပ်များကို ပြတ်စေလို။ တစ်ဗိုလ် ဆင်းလျှင်း တစ်ဗိုလ်တက်ရပေမည်။

ထို့ကြောင့် ရေနံမြေသပိတ်တပ်များ၊ လယ်သမားတပ်များကို ကြီးမှူးအုပ်ချုပ်ရန် ဗိုလ်များ အလိုရှိနေရာ ခေါင်းဖြတ်ခံသော ဗိုလ်များနေရာတွင် အစား တက်လိုသော ဒို့ဗမာသခင်၊ သခင်မအပေါင်းတို့သည် ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ အမှတ် ၂၇၇၊ အောက်ပါသူများထံ ရန်ကုန်နှင့်တကွ ဗမာပြည်အရပ်ရပ်မှ စာနှင့် သော်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အမည်စာရင်းများကို တင်သွင်းပေးပို့ကြစေလိုကြောင်း၊

(အထူးသတိပြုရန်- အလာနှောင်းသဖြင့် အခါကောင်းနှင့်မကြုံကြိုက်၍ နေရာမရလိုက်က ငါတို့တာဝန်မခံ၊)

(၁) ပုံ- သခင်သန်းထွန်း၊ (၂) ပုံ- သခင်လှမောင်(ဗတိုဒို့ဗမာအစည်းအရုံး)၊ (၃) ပုံ- သခင်စိုး၊ (၄) ပုံ-သခင်ဗ (သန်လျင်အလုပ်သမားအစည်းအရုံး)၊ (၅) ပုံ သခင်လှိုင် (ရေနံချောင်းအလုပ်သမားအစည်းအရုံး)၊ (၆) ပုံ- သခင်စံထွန်းလှ၊ (၇) ပုံ-သခင်ဗသာ၊ (၈) ပုံ- သခင်ဘရိုင် (ရန်ကုန် စီရင်စု ဒို့ဗမာအစည်းအရုံး)" ဟု ပါရှိလေသည်။

www.burmeseclassic.com



**၁၃၀၀ ပြည့်အရေးတော်ပုံကိုဗြိတိသျှနယ်ချဲ့သမားကဖြိုခွဲရာတွင် ၁၉၈၈ – အရေးတော်ပုံလောက် သွေးချောင်းမစီးခဲ့ပေ။ ဒီမိုကရေစီအရေးတော်ပုံကြီးတွင်မူ ပြည်သူနှင့် ကျောင်းသား ထောင်ပေါင်းများစွာ အသက်ပေးခဲ့ရသည်။**

ထိုခရီးရှည်ချီတက်ပွဲကို အစိုးရက အပြင်းအထန် တားဆီးချေမှုန်းသော်လည်း နောက်မဆုတ်ပဲ ချီတက်ခဲ့ကြ၏။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်သော သခင်ဗဟိန်းနှင့် သခင်ဘဆွေတို့လည်း တက်ရောက်ခဲ့ကြလေသည်။ ရေနံမြေမှနေ ရန်ကုန်မြို့သို့ မိုင်း ၄၀ ကျော် ချီတက်ပွဲကို တခြားနေရာဒေသအသီးသီးမှပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ၁၃၀၀ ပြည့် အရေးတော်ပုံမှာ ကြီးမားသော တိုက်ပွဲကြီးဖြစ်ခဲ့ရလေသည်။ ရန်ကုန်မြို့အတွင်းဝန်ရုံးကို ဝိုင်းဆန္ဒပြသော ကျောင်းသားများကိုခေါ် ရာ မြင်းစီးပုလိပ်များက ဝိုင်းဝန်းဖြိုခွင်းခဲ့သောကြောင့် ကျောင်းသားခေါင်းဆောင် ကို အောင်ကျော်ကျဆုံးသွား၍ ထိုတိုက်ပွဲမှာ ပြင်းထန်ကြီးမားလာခဲ့၏။ မြန်မာနိုင်ငံတွင် ထိုသို့ ပြင်းထန်သောတိုက်ပွဲမှာ ပထမဆုံးဖြစ်လေသည်။ လွတ်လပ်ရေး အတွက် အစပျိုးလိုက်သော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကြီးဖြစ်သည်။ အင်္ဂလိပ် အစိုးရမှာ ရက်ရက်စက်စက်ဖြိုခွဲခဲ့သော်လည်း တိုက်ပွဲမှာ အရှိန်တက်ပြီး ကြီးမားသထက်ကြီးမားလာခဲ့၏။ ထို့ကြောင့် ၁၃၀၀ အရေးတော်ပုံကို မြန်မာပြည်သူများသည် အမျိုးသားရေး လှုပ်ရှားမှုကြီးအဖြစ် မမေ့မပျောက်ပဲ အလေးထားခဲ့ကြပါသည်။

၁၃၀၀ ပြည့် အရေးတော်ပုံဖြစ်ပြီး နှစ်ပေါင်း ၅၀ ငွေရတုကာလ၌ မြန်မာ နိုင်ငံတွင် ဒုတိယအရေးတော်ပုံဟု ပြောရမည့် ၁၉၈၈ ဒီမိုကရေစီအရေးတော် ပုံကြီးပေါ်ပေါက်ခဲ့ပါသည်။ စစ်အာဏာရှင်တို့၏ ရက်စက်စွာဖိနှိပ်ညှင်းပန်းခြင်းကြောင့် ပြည်သူများက ဒီမိုကရေစီရေးအတွက် တောင်းဆိုခဲ့သော တိုက်ပွဲကြီး ဖြစ်လေသည်။ ရင်နာစရာကောင်းသည် ၁၃၀၀ ပြည့်အရေးတော်ပုံကို ဗြိတိသျှနယ်ချဲ့သမားက ဖြိုခွဲရာတွင် ၁၉၈၈-အရေးတော်ပုံလောက် သွေးချောင်းမစီးခဲ့ပေ။ ဒီမိုကရေစီအရေးတော်ပုံကြီးတွင်မူ ပြည်သူနှင့် ကျောင်းသား ထောင်ပေါင်းများစွာ အသက်ပေးခဲ့ရသည်။ အမျိုးသားအချင်းချင်း သတ်ဖြတ်သော သမိုင်းမှာ အလွန်ရင်နာစရာနာကြည်းစရာကောင်းလိုက်လှလေသည်။

မြန်မာပြည်သူတို့သည် ၁၃၀၀ ပြည့် အရေးတော်ပုံကပေးလိုက်သော စိတ်ဓာတ်ဖြင့် ဖိနှိပ်မှုမှန်သမျှကို ဆန့်ကျင်ရသော စိတ်ဓာတ်နှင့် ဖိနှိပ်မှုကို တွန်းလှန်လျှင် လွတ်လပ်မှုကို ရနိုင်သည်ဆိုသော လက်တွေ့သင်တန်းစာကို ရခဲ့သည်။ ထို့ကြောင့် ၁၃၀၀ ပြည့် တိုက်ပွဲကြီးပြီးသော အခါ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့သည်။

နောက်ထပ်ရောက်လာသော ဖက်ဆစ်ဂျပန်များကိုလည်း တိုက်ထုတ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီးတွင် တိုက်ရဲလျှင်ရနိုင်သည်ဆိုသော စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ရာ လွတ်လပ်ရေးရရှိခဲ့လေသည်။ ယခုဆိုလျှင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးမှာ ၇၅ နှစ်ပြည့် ခဲ့လေပြီ၊ စိန်ရတုတိုင်ခဲ့လေပြီ၊ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ခေါင်းဆောင်ခဲ့သော ဗိုလ်ဗမာအစည်းရုံးခေါင်းဆောင်များ၊ အလုပ်သမား ခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနည်းတူ ၈၈ အရေးတော်ပုံကြီးတွင်လည်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များ၏ အနစ်နာခံတိုက်ပွဲဝင်မှုကြောင့် ယခုအခါစစ်အစိုးရကို ဖယ်ရှားနိုင်ခဲ့လေပြီ။ ဒီမိုကရေစီအစိုးရသည် အထိ ထိုခေါင်းဆောင်များနှင့် ပြည်သူများမှာ ဆက်လက်တိုက်ပွဲဝင်ကြမည်ဖြစ်ပါသည်။

ဒီမိုကရေစီလမ်းခရီးကို အတားအဆီးပြုလုပ်နေသော ၂၀၀၈ ဖွဲ့စည်းပုံ ကို ပြင်ဆင်ရေးသို့မဟုတ် ဖွဲ့စည်းပုံအသစ်ပြန်ရေးဆွဲရေးအတွက် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များသည် အခိုင်အမာစည်းစည်းလုံးလုံး လက်တွဲကာ မိမိတို့ပန်းတိုင်ကို ချီတက်ကြရန် ၁၃၀၀ ပြည့် စိတ်ဓာတ်မွေးမြူပြီး အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်ကြရပေမည်။

ထက်မြက်



www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀ ရာပြည့်အရေးတော်ပုံ ရေနံမြေသပိတ်ကြီး

# မိုင်(၄၀၀)ကျော်ခရီးစဉ်မှတ်တမ်း

သခင်ဖေ (လပ်းရှာ)

www.burmeseclassic.com

www.burmeseclassic.com



၁၂၉၉-ခုနှစ်စ၍ ရေနံကုမ္ပဏီ အလုပ်သမား သပိတ်မှောက်ခဲ့ရာ ၁၃၀၀ ပြည့်နှစ်က ရန်ကုန်မြို့သို့ ခြေလျင်သွားကြသော ခရီးစဉ်မှတ်တမ်း မိုင်ပေါင်း ၄၀၀ ကျော်။

၃၀. ၁. ၃၈ နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီခွဲချိန် ချောက်၊ ညောင်ဖြူပင်ကစ၍ လမ်းရွာ အိုင်ဘီ-ပီ-ကုမ္ပဏီ၊ ရေနံကျပ်ဘီ-အို-စီ နယ်ခြား အာရ်အို-စီ-မိုလာ ပီတီစီ၊ ချောက် ဘီ-အို-စီ ကုမ္ပဏီ တို့၏ အလုပ်သမားပေါင်း ၈၀၀ ကျော်တို့သည် လေးယောက်တစ်တွဲ သခင်ဘိုးလှကြီး တပ်ဗိုလ်မှူးအဖြစ်နှင့် တစ်ဖွဲ့လျှင် အုပ်ချုပ်သောလူကြီးလေးယောက်ကျ အုပ်ချုပ်လျက် ထွက်ကြရာတွင် သားမယားလုပ်သူများမှာလည်း မိမိတို့လင်သား ခြေလျင်သွားမည်ဆိုတော့ ကလေးအကြီးလက်ကဆွဲ၊ အငယ်ကလေးကို ခါးပေါ်မှာတင်ပြီး လင်ယောကျ်ားဘေးနားက မျက်ရည်စက်လက်နှင့် မောမှန်းပန်းမှန်းမသိ လိုက်ကြရာ လင်ယောကျ်ားများကမြင်တော့ အငယ်ကလေးကိုလှမ်းယူပြီးလျှင် အနေအထိုင် အစားအသောက်များကို စုံလင်အောင်မှာထားရင်း လိုက်လာ၍ ခရီးနှစ်မိုင်လောက်ကွာဝေးမှ ငိုပွဲဆင်ကာ ခွဲခွာနေရစ်ခဲ့ကြရတော့၏။ ဤသို့ ပထမဦးဆုံးစွာ တိုက်ခဲ့ရသော သမုဒယစစ်ပွဲပင်ဖြစ်၏။ အစဉ်တစိုက် ခြေလျင်လာခဲ့၍ နေ့၂ နာရီ ငွေးချိုသို့ ရောက်သောအခါ နံနက်စာ ထမင်းများ စားကြရသည်။ နောက် ၇ နာရီ ၁၅ မိနစ်အချိန် ငွေးချိုက ထွက်ခဲ့ကြ၍ ည ၁၀ နာရီ ကိုးဆူဘုန်းကြီးကျောင်းမှာ တပ်စခန်းချပြီးလျှင် အိပ်ကြရတော့သည်။ ၎င်းနေ့မှာ ထမင်းတစ်နပ်သာ စားကြရ၏။ ချောက်မြို့မှ ပုလိပ်များလည်း လိုက်လာကြသည်။

၁. ၁၂. ၃၈ ခု နတ်တော်လဆန်း ၁၀ ရက် ကြာသပတေးနေ့ နံနက် ၆ နာရီ ကိုးဆူဘုန်းကြီးကျောင်းမှ မိမိတို့တပ်များအစီအစဉ်အတိုင်း ထွက်ကြရာ နေ့၁၂ နာရီ ငှက်ပျောတော (ခေါ်) ရေကန်၏အနီး၊ မင်းလမ်းမကြီး၏ ဘေးနား၊ ကုက္ကိုပင်များ၏ အရိပ်များအောက်၌ တပ်စခန်းချ၍နေရာ၊ ထမင်းကားမရောက်မီ အလွန်ဆာလောင်မွတ်သိပ်ကြသဖြင့် အနီးအနားရှိ မြေပဲခင်းများသို့သွား၍ မြေပဲများတောင်းပြီးလျှင် မီးဖုတ်၍ စားကြရ၏။ နောက် ၂ နာရီအချိန်တွင် ရေနံချောင်းတွင်းကုန်မှ သယ်ဆောင်၍ လာသော ထမင်းကားများရောက်မှ နံနက်စာ စားကြရတော့သည်။ ညနေ ၄ နာရီခွဲရောက်သောအခါ ငှက်ပျောတောမှ ခရာများမှုတ်ပြီးလျှင် တပ်ချီ၍ထွက်ခဲ့ရာ တွင်းကုန်းရွာပေါ်သို့ ည ၉ နာရီ ရောက်၍ ကြံသကာနှင့် လက်ဖက်များ ကျွေးမွေးပြီးလျှင် ဇလုံ့ဘဘုန်းကြီးကျောင်းသို့ရောက်မှ ညစာထမင်းစား၍ အိပ်ကြရသည်။

၂. ၁၂. ၃၈-ခု နတ်တော်လဆန်း ၁၁-ရက်၊ သောကြာနေ့ နံနက် ၆ နာရီ အိပ်ယာမှ ထပြီးလျှင် ဇလုံ့ဘကျောင်းဘုန်းကြီးက နာကျင်ကိုက်ခဲသူများကို ဆေးအမျိုးတို့ဖြင့် ကုသလိုက်ပါသည်။ တစ်တပ်လျှင် အလံကိုင် တစ်ယောက်ကျ၊ ဆေးဆရာတစ်ယောက်ဆီ တစ်ဆယ်နှင့် ခုနစ်တပ်၊ ရေနံချောင်းမြို့ကုမ္ပဏီအသီးသီးမှ သပိတ်မှောက်သမားများပါ လူပေါင်း ၁၅၀၀ ကျော်လောက် ဖွဲ့စည်းလိုက်ရာ တစ်တပ်လျှင် ဆေးမှုန့် တစ်ပုလင်းကျ ဘုန်းကြီးက ပေးလိုက်တယ်။ ကျောင်းဝိုင်းထဲမှ တပ်များကို တစ်-နှစ်-အစဉ်လိုက်အတိုင်း ၁၇ ထိ အမှတ်တပ်၍ တပ်စီစဉ်ဆဲတွင် ရေနံဝန်က သခင်ဘိုးလှကြီးကိုခေါ်၍သွားရာ တပ်မထွက်ဘဲ နေကြရ၏။ ၉ နာရီအချိန်ရောက်မှ သခင်ဘိုးလှကြီး ပြန်လာပြီးလျှင် ပြောပြသည်မှာသည်က ပင် ကိစ္စပြီးမည်ဆိုက ပြီးနိုင်သည်။ သို့သော်လည်း မကျေနပ်သေးသဖြင့် တပ်ထွက်မည်ဟု အမိန့်ခရာသံပေး၍ ဇလုံ့ဘကျောင်းမှ ရေနံချောင်းမြို့ကိုဖြတ်၍ ဘေးမဲ့ ဆရာတော်ဦးဝါယမကျောင်းသို့ နေ့ ၁၂ နာရီ အချိန်ရောက်၍ နံနက်စာထမင်းများ စားကြရသည်။ နေ့လယ် ဘေးမဲ့ရွာက ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ကြံသကာ သုံးတင်ကျော်လောက် လှူဒါန်းကြ၍ အားလုံးတပ်သားများကို ဝေငှပေးသည်။ ၎င်းနေ့က လှေတစ်စင်း ငွေ ၄၅-ကျပ်ပေး၍ ဝယ်လိုက်သည်။ ၎င်းကျောင်းမှာပင် ညစာထမင်းစား၍ ညအိပ်ကြသည်။

၃. ၁၂. ၃၈-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက် စနေနေ့ နံနက် ဘုန်းတော်ကြီး ဦးဝါယမဆရာတော်၏ ကျောင်းမှ ၆-နာရီအချိန် နှစ်ယောက် တစ်တွဲတပ်၏ ထုံးစံအတိုင်း ထွက်ခဲ့ကြရာ နေ့ ၁၂-နာရီ ဘဲဆိပ် ဘုန်းတော်ကြီးကျောင်းတွင် တပ်စခန်းချ၍ ၁-နာရီ အချိန်လောက်မှ နံနက်စာ စားကြရသည်။ ညနေ ၄-နာရီ ရောက်သောအခါ အဆိုပါဘုန်းကြီးကျောင်းမှ ဆရာတော် ဦးဝါယမကိုယ်တော်ကြီးနှင့်တကွ တပ်ထွက်ကြပြီးလျှင် မန်းကျည်းခြေထောက် ဘုန်းကြီးကျောင်းသို့ ည ၉-နာရီ ရောက်၍ အိပ်ကြရသည်။ ၎င်းနေ့က ထမင်းတစ်နပ်သာ စားကြရတော့၏။ လှေနှင့်တကွ စားအိုးစားခွက်များပါ

www.burmeseclassic.com

www.burmeseclassic.com



**ရန်ကုန်မှ တို့ဗမာအစည်းအရုံးကြီးက ပေးလိုက်သောအမိန့်ကို နာခံ၍ လာခဲ့သော သခင်ထွန်းခင် ရောက်ရှိလာရာ သခင်ထွန်းခင်က အားလုံးရေနံတပ်သားများကို ပြောပြသည်မှာ ဦးဥတ္တမ သခင်ထိပ်တင်ကိုယ်တော်ကြီးက အစာမစားပဲနေ၍ အကျိုးပေးမည်မဟုတ် မိမိတို့ အားအင်ပြည့်တင်းမှသာလျှင် လိုအင်ဆန္ဒကို ပေါက်ရောက် နိုင်မည်ဖြစ်၍ ယခု အစာစားခွင့်ပြုသည်ဟု ပြောကြားလိုက်မှ အားလုံးရေနံတပ်သားများမှာ အိပ်ယာမှထ၍ ညစာ ထမင်းစားကြရတော့သည်။ ၎င်းနေ့မှစ၍ မဲထီးကျောင်းတိုက်ကြီးအတွင်းမှာ ညတိုင်း ညစျေးတန်းကြီးတစ်ခု စည်းကားလာတော့၏။**

ရေနံချောင်းမှ ယူဆောင်ခဲ့ကြသည်။

၄။ ၁၂။ ၃၈-ခု၊ နတ်တော်လဆန်း ၁၃-ရက်၊ တနင်္ဂနွေနေ့ နံနက် ၆-နာရီ မန်းကျည်းခြေထောက်မှ တပ်အစီအစဉ်အတိုင်း သခင်ဖိုးလှကြီး၏ အမိန့်အတိုင်း ထွက်ခဲ့ကြ၍ မကွေးမြို့အဝင် မြသလွန်ဘုရားကြီးသို့ ဖူးမျှော်ကန်တော့ကြပြီးလျှင် မြို့တွင်းသို့ စည်းကမ်းသေဝပ်စွာ ဝင်ကြရာတွင် နံနက် ၁၁-နာရီ မဲထီးကျောင်းတိုက် ဓမ္မာရုံကြီးသို့ မဝင်မီ ဆရာတော်ဦးဝါယမနှင့် အခြားဘုန်းတော်ကြီးက သုံးပါ၊ သခင်ဖိုးလှကြီး၊ သခင်ဘတင်၊ သခင်ဘမောင်၊ သခင်ဖေကြီး၊ သခင်ခင် အစရှိသော ခေါင်းဆောင် (၉)ဦးတို့ကို ရာဇဝတ်ခန်း **G.E** ဘက်စတောက ဖမ်းဆီး၍ သွားခဲ့ရာ အားလုံးတပ်သားများ ၁-နာရီ မှ နံနက်စာ စားကြပြီးနောက် ဓမ္မာရုံကြီးအတွင်းမှာ အစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ကြသည်။ ၎င်းဆုံးဖြတ်ချက်မှာ ငါတို့၏ ခေါင်းဆောင်ပုဂ္ဂိုလ် (၉)ဦးတို့ကို မလွှတ်သမျှ ကာလပတ်လုံး ငါတို့လူပေါင်း ၁၅၀၀ ကျော်တို့သည် ဘာအစာကိုမျှ မစားကြတော့ဟု ဆုံးဖြတ်ချက် ချလိုက်ကြသည်။

၎င်းနေ့ ည ၈-နာရီအချိန်လောက်မှာ အစိုးရအရာရှိကြီးများလာ၍ တပ်ဖွဲ့လူကြီး လေးငါးခြောက်ယောက်တို့နှင့် ဆွေးနွေးကြရာ အစိုးရအရာရှိများက ခင်ဗျားတို့ ရေနံမြေသပိတ်တပ်ကြီး မကွေးမြို့သို့ လူပေါင်း ၁၅၀၀ ကျော် ရောက်ရှိကြောင်းကို မကွေးခရိုင်ဝန်ရှင်တော်မင်းကြီးက ရန်ကုန်အစိုးရကြီးများထံသို့ အကြောင်းကြားပြီးပြီဖြစ်၍ ၎င်းလူအားလုံးတို့ ရန်ကုန်ကို ဒုက္ခခံ၍ သွားရန်မလိုပါ။ ခေါင်းဆောင်လူကြီးများ ၉-ယောက်၊ ၁၀-ယောက် ရွေးချယ်၍ ရန်ကုန်ကို သွားရောက်တောင်းဆိုကြလျှင် လိုလားချက်များ ရလာမှာပဲဟု တစ်မျိုးတစ်မည်အားဖြင့် ဖြားယောင်းကြ၏။ သို့သော်လည်း ကျွန်တော်တို့မှာ တစ်နှစ်ကျော် သပိတ်မှောက်ခဲ့ကြရသူများဖြစ်သောကြောင့် သူလျှိုတို့၏ပရိယာယ်ကို နားလည်သင့်သလောက်နားလည်ပြီးဖြစ်၍ ကျွန်တော်များက ပြန်ပြောလိုက်သည်မှာ သပိတ်ကိစ္စကြီး ပြီးပြတ်သမျှ ကာလပတ်လုံး အားလုံးများနောက်ကို ဆုတ်တော့မဟုတ် ရှေ့ကိုသာ အသက်ကို ပဓာနမထားပဲ ရန်ကုန်သို့ အရောက်သွားမှသာလျှင် မိမိတို့ ရသင့်ရထိုက်သော အခွင့်အရေးများကိုရမည် ဖြစ်ကြောင်းနှင့် ပြောဆိုလိုက်ရာ ည ၁၂-နာရီအချိန်လောက်တွင် အရေးပိုင်မင်း၏ အမိန့်ဆို၍ ဘင်ခရာများတီးမှုတ်ပြီးလျှင် (၁၄၄) ပုဒ်မကို ၎င်းအချိန်ကစ၍ အတားခံကြရတော့၏။ ၎င်းနေ့ညမှာ မကွေးမြို့သည် ဘုန်းကြီးကျောင်းများသာမကျန် အစိုးရကိုကြောက်သဖြင့် ဖျာတချပ်မျှ ငှားရမ်း၍ မရသောကြောင့် အားလုံးရေနံတပ်သားများမှာ မိမိတို့တွင် ပါလာသော လုံချည်အိုကလေးများကို မြေကြီးပေါ်မှာခင်း၍ အိပ်ကြရတော့၏။

၅။ ၁၂။ ၃၈ -ခု၊ နတ်တော်လဆန်း ၁၄-ရက်၊ တနင်္လာနေ့မှာလည်း မိမိတို့ဆုံးဖြတ်ချက်များကို ရှိသေသောအားဖြင့် တစ်ယောက်အပေါ် တစ်ယောက် ခေါင်းအုံး

www.burmeseclassic.com



၍ မျက်နှာသစ်ရုံမှတပါး ဘယ်ကိုမှမသွားကြပဲ အဆာအလောင်ခံ၍ အားအင်ဖျော့တော့သောအားဖြင့် မည်သူကိုမျှ စကားမပြောတော့ပဲ အိပ်နေကြသည်ကို တချို့မြို့သူမြို့သားများ လာရောက်ကြည့်ရှုသူတို့၏ သနားကြင်နာစိတ်ပေါ်ပေါက်လာသည်ကို ရုပ်အမူအရာကို မြင်ရသောအားဖြင့် သိရှိရပါ၏။ ၎င်းနေ့ နှစ်နစ်ရာရီခွဲအချိန် ရောက်သောအခါ ရန်ကုန်ဗဟို ဒို့ဗမာအစည်းအရုံးကြီးက ပေးလိုက်သောအမိန့်ကို နာခံ၍ လာခဲ့သော သခင်ထွန်းခင် ရောက်ရှိလာရာ သခင်ထွန်းခင်က အားလုံးရေနံတပ်သားများကို ပြောပြသည်မှာ ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီးက အစာမစားပဲနေ၍ အကျိုးပေးမည်မဟုတ် မိမိတို့အားအင်ပြည့်တင်းမှသာလျှင် လိုအင်ဆန္ဒကို ပေါက်ရောက်နိုင်မည်ဖြစ်၍ ယခု အစာစားခွင့်ပြုသည်ဟု ပြောကြားလိုက်မှ အားလုံးရေနံတပ်သားများမှာ အိပ်ယာမှထ၍ ညစာ ထမင်းစားကြရတော့သည်။ ၎င်းနေ့မှစ၍ မဲထီးကျောင်းတိုက်ကြီးအတွင်းမှာ ညတိုင်း ညဈေးတန်းကြီး တစ်ခု စည်းကားလာတော့၏။ ၎င်းနေ့ည သခင်ထွန်းခင်နှင့် သခင်လှမောင်တို့က (၁၄၄)ပုဒ်မကို အာဏာဖီဆန်သောအားဖြင့် မောင်းခတ်ကာ တရားပွဲဆင်ပြီးလျှင် အမျိုးမျိုးဟောပြောပြသည့် အချိန်ကစ၍ မကွေးမြို့သူမြို့သားများမှာ သခင်စိတ် မွေးမြူလာကြတော့သည်။ သခင်ထွန်းခင်ကိုလည်း တရားဟော၍အပြီးတွင် ဖမ်းဆီး၍ ထောင်ကြီးသို့ အပို့ခံရတော့သည်။ သခင်ထွန်းခင်သည် အာဇာနည်တစ်ယောက် ပီသပါပေ၏။ သခင်လှမောင်ကလည်း မကွေးမြို့ကို သခင်မြို့ဖြစ်အောင် အတွင်းကျိတ်ကျိတ်၍ အာဇာနည်ပီပီ ဆောင်ရွက်လာခဲ့ရာ ၎င်းညတရားပွဲမှာ စားပွဲကို လက်သီးနှင့်ထု၍ မကွေးမြို့ကြီးသည် ယခု သခင်မြို့မဖြစ်ဘူးဟု မည်သူဆိုနိုင်မည်နည်းဟု ကြိမ်းမောင်း၍အပြီးတွင် ထောင်ကြီးသို့ လိုက်ပါသွားရရှာတော့၏။ ၎င်း ညကြမှ ရေနံတပ်သားများမှာ ဖျာအခင်းနှင့် အိပ်ကြရတော့၏။

၆။ ၁၂။ ၃၈-ခု၊ နတ်တော်လဆန်း၊ ၁၅-ရက် အင်္ဂါနေ့ ရောက်သောအခါ မကွေးမြို့သည် ရေနံတပ်သားများကို ကြင်နာသောအားဖြင့် ငွေ၊ ဆန်အစရှိသော စားဖွယ်သောက်ဖွယ်များကို အစိုးရကို ကြောက်သောစိတ် မရှိကြတော့ဘဲ ထင်ထင်ရှားရှားကြီး လှူဒါန်းကူညီကြတော့၏။ လေ့တန်းကလည်း ငါးပိလေးပိဿာ လှူဒါန်းသဖြင့် ဆား ခြောက်ပိဿာ၊ ငြုတ်သီးက ခြောက်ပိဿာ၊ မန်းကျည်းသီးမှည့်က ခြောက်ပိဿာ ရော၍ကြော်ပြီးလျှင် ညနေ ၃-နာရီအချိန်ရှိမှ ထမင်းတနပ်သာ စားကြရသော ဒုက္ခသည်များကို ၎င်းငါးပိကြော်တစ်ယောက်လျှင် ဂုံညင်း မရှိတရှိသာပေးသည်။ အပိုမပေး၊ ဟင်းရည်ကတော့ ဧရာဝတီမြစ်ကို ဟင်းရည်လုပ်လျက် မြစ်ကမ်းနား စီတန်းလျက် စားကြရ၏။

၇။ ၁၂။ ၃၈-ခု၊ နတ်တော်လဆုတ် ၁-ရက်၊ ဗုဒ္ဓဟူးနေ့ မှာလည်း နောက်ထပ် (၁၄၄)ပုဒ်မ ထုတ်ပြန်တားမြစ်ပြန်သည်မှာ မကွေးမြို့၏ တောင်ဘက်လမ်းကို မသွားရ၊ နတ်မောက်လမ်းကို မသွားရ၊ အိမ်ကို ပြန်လိုကပြန်နိုင်သည်ဟု အမိန့်ပေးပါသည်။ ညနေ ၃-နာရီမှ ထမင်းတနပ်သာ အဆိုပါ ငါးပိကြော်နှင့် စားကြရသည်။ ချောက်ရေနံချောင်းမှ သခင်လွန်၊ သခင်ကျော်ဒင်၊ သခင်ခင်မောင် ဦးဓမ္မတို့ရောက်လာ၍ ၎င်းနေ့ညမှာ အာဏာဖီဆန်သောအားဖြင့် တရားဟောပြောမှုကြောင့် ဖမ်းဆီး၍ ထောင်ကြီးသို့ အပို့ခံရပြန်၏။

၈။ ၁၂။ ၃၈-ခု၊ နတ်တော်လဆုတ် ၂-ရက် ကြာသပတေးနေ့ကလည်း အဆိုပါ ငါးပိကြော်နှင့် ထမင်း တစ်နပ်သာစား၍ ဆင်းဆင်းရဲရဲ နေနေကြရ၏။

၉။ ၁၂။ ၃၈-ခု၊ နတ်တော်လဆုတ် ၃ရက် သောကြာ နေ့မှာလည်း မကွေးမြို့မှာပင် ထမင်းတစ်နပ်သာစား၍ နေကြရပြန်သည်။ ညတိုင်း ငါးပါးသီလခံ၍ ဝတ်တက်သည်။

၁၀။ ၁၂။ ၃၈-ခု၊ နတ်တော်လဆုတ် ၄-ရက် စနေနေ့ကစ၍ ကျောင်းဝိုင်း အပြင်ဘက် အပေါက်တိုင်း၌ ပုလိပ်များ နေ့ညမပြတ် စောင့်၍နေကြသည်။ အစိုးရက ပရိယာယ်နှင့် ပျက်ဆီးလိုသောအားဖြင့် အလုပ်သမား အစစ်ဟုတ်သည် မဟုတ်သည်ကို သိလိုသည်ဖြစ်၍ ဓာတ်ပုံနံပါတ်များကို ပြကြရမည်ဆို၍ ပြကြရသည်။ စုံထောက်များကလည်း အမျိုးမျိုး သတင်းရအောင် စုံစမ်းမေးမြန်းကြသည်။

၁၁။ ၁၂။ ၃၈-ခု၊ နတ်တော်လဆုတ် ၅-ရက် တနင်္ဂနွေနေ့မှာလည်း အဆိုပါ ကျောင်းဝိုင်းထဲမှာပင် နေကြရသေးသည်။ ၎င်းနေ့ကလည်း တစ်မျိုးပရိယာယ် အားဖြင့် ရွေ့သွားရာဖြစ်သော မကွေးမြို့၏တောင်ဘက် ကမ်းနားတစ်လျှောက်မှာ ရွာသိမ်၊ ရွာငယ်များဖြစ်၍ ခင်ပျားတို့ကို ဧည့်ခံကျွေးမွေးရန် အလွန်ခဲယဉ်းလိမ့်မည်။ အစားအသောက်မလုံလောက်က အခက်အခဲတွေ့မည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ မကွေးမြို့နှင့် အာလံမြို့အကြား စားနပ်ရိက္ခာများ အတွက် ငွေများ လုံလောက်စွာ ထုတ်ပြရမည်ဆို၍ ငွေပေါင်တစ်ထောင်ကျော်လောက်ကို စုဆောင်း၍ ထုတ်ပြလိုက်မှ အစိုးရများ ပြန်သွားကြ၏။ ၎င်းနေ့ ၂-နာရီလောက်တွင် ရန်ကုန်မြို့မှ သမဂ္ဂကျောင်းသားဥက္ကဋ္ဌ ကိုဘဟိန်း၊ အတွင်းရေးမှူး ကိုဘဆွေ၊ ကိုထိန်ဝင်း၊ သခင်ဖေသန်းတို့ ရောက်ရှိလာရာ (၁၄၄) ပုဒ်မကို အာဏာဖီဆန်သောအားဖြင့် ညတရားပွဲပြုလုပ်၍ အသီးသီး ဟောပြောကြသည်။ ကိုထိန်ဝင်းက နောက်ဆုံး နှုတ်ဆက်စကားပြောကြားသည်မှာ ယခုကျွန်တော်တို့ ထောင်ကို လိုက်ပါသွားရတော့မည်။ ခင်ဗျားတို့ နက်ဖြန်နံနက် (၁၄၄)ပုဒ်မကို အာဏာဖီဆန်မည်လားဟု မေးမြန်းရာ အားလုံးသော လူများကဖီဆန်မည်ဟု တညီတညွတ်တည်း ပြောကြသောအခါ ကောင်းပြီ နက်ဖြန်ဆက်ဆက် ခင်ဗျားတို့ ဖီဆန်မည်ဆိုလျှင် ခင်ဗျားတို့ကို တုတ်နှင့် တစ်ချက်ရိုက်လျှင် မြန်မာပြည်ကြီး တုန်လှုပ်သွားမည် ဘာမျှမကြောက်ကြပါနှင့်ဟု အားပေးနှုတ်ဆက်ပြီးလျှင် ကိုဘဟိန်း၊ ကိုဘဆွေ၊ ကိုထိန်ဝင်း၊ သခင်ဖေသန်းတို့ ထောင်ကြီးသို့ လိုက်ပါသွားရရှာတော့၏။ ည ၁၂-နာရီ အချိန် ရောက်သောအခါ အရေးပိုင်းမင်း၏ အမိန့်ဆို၍ (၁၄၄)ပုဒ်မကို ထပ်မံတားမြစ်ပြန်သည့်အနေနှင့် ပုံနှိပ်စာရွက်ကြီးများနှင့် လူ (၂၅)ယောက်လောက် ဝေငှပြန်သည်။ ၎င်းစာရွက်ကြီးများကို စုဆောင်း၍ မီးနှင့်ရှို့သော ရေနံတပ်သားတစ်ယောက်ကို ချက်ချင်းဖမ်းသွား ပြန်သည်။

၁၂. ၁၂. ၃၈-ခု၊ နတ်တော်လဆုတ် ၆-ရက် တနင်္လာနေ့ နံနက်စောစောထ၍ ငါးပါးသီလခံယူ၍ သရဏဂုံတင်၍အပြီးမှ အင်စပိတ်တော်များလာ၍ အားလုံးလူများကို လက်နက်များ ယူဆောင်လာသည်ဟု အထင်ရှိ၍ ဝါရမ်းကို ထုတ်ပြပြီးလျှင် ပါလာသော လွယ်အိတ်များနှင့် အင်္ကျီအိတ်များပါမကျန် အကုန်အစင်ရှာဖွေခြင်းကို ခံကြရ၏။ (၁၄၄)ပုဒ်မကို ဒို့ဌ ဖီဆန်မည်ကို သိသောကြောင့် သူတို့၏အသက်ကို ရန်ရှာမည်စိုး၍ ကာကွယ်သောအားဖြင့် အရှာခံကြရသည်ဟု အထင်ရှိပါသည်။ ၇-နာရီ အချိန်ရောက်သောအခါ တပ်အမှတ် (၁)ကစ၍ အစဉ်အတိုင်း ထွက်မည်ဖြစ်သော အပေါက်ဝသို့ အရောက်တွင် ပထမတုတ်ကိုင် ပုလိပ်တပ်နှင့် ရာဇဝတ်ဝန် **G.E** ဘက်စတော စစ်ဗိုလ်တစ်ယောက်မြို့အုပ် ဦးဖေဆိုသူတို့နှင့် ရှေ့ဦးစွာတွေ့ရှိရာ အဆိုပါ ဦးဖေက ကျွန်တော်လည်း ဗမာပါပဲ၊ ကိုယ့်အမျိုးသားချင်းဖြစ်သည့်အတွက် ရှေ့တိုးလျှင် အလွန်ဒုက္ခကြီးစွာ တွေ့မည်စိုး၍ ကောင်းသောစိတ်ထားနှင့် တားမြစ်ပါသည်ဟု အမျိုးမျိုးအစွမ်းရှိသလောက် ပြောဆိုတားမြစ်၏။ ရှေ့ကိုတိုး၍ သွားကာလည်း ထမင်းငတ်ပါလိမ့်မည်ဟုလည်း ပြောသေး၏။

ကျွန်တော်တို့ ဗမာလူမျိုး အစိုးရအမှုထမ်းများသည် မည်သူကပေး၍ စားရသည်ကို အသေအချာ မစဉ်းစား၍သာ တရားသဖြင့် နစ်နာချက်တောင်းရန် သွားကြမည့် ရေနံတပ်အမျိုးသားလေးများကိုပင်လျှင် အစိုးရ၏ မျက်နှာလိုအားဖြင့် ကူညီတားမြစ်ပေးတာကို ဦးဖေ၏ အပြုအမူကို မြင်ရသောအားဖြင့် သိရှိရပါသည်။ ကျွန်တော်များကလည်း ပြန်ပြောသည်မှာ ယခု ကျွန်တော်တို့မှာ တစ်နှစ်ကျော် သပိတ်မှောက်ခဲ့ကြ၍ အလွန်တရာ ဆင်းနွမ်းပါး၍ နေပါပြီ၊ မိဘသဖွယ်ဖြစ်သော တိုင်းပြည်အစိုးရကလည်း ဓနရှင်များ၏ မျက်နှာကိုကြည့်၍ ကူညီဖိနှိပ်သည့်အတွက် ယခုလို အတိဒုက္ခရောက်၍ နေရခြင်းသည် သေရသည်က မြတ်သေးသည်ဟု ပြောသေး၏။ ဤကဲ့သို့ အတောအတွင်းမှာ တပ်ကြားထဲမှ သခင်ဘိုးတင်က စကားပြောဟော်လန်နှင့် စကားမများနှင့် တိုးသာ တိုးပါဟု ပြောလိုက်ရာ ရာဇဝတ်ဝန်က ပုလိပ်နှစ်ယောက်နှင့် ဖမ်းပြီးလျှင် ထောင်ကို ပို့လိုက်၏။

နောက်တုတ်ကိုင်ပုလိပ်များကို ဖယ်၍ သေနတ်တပ်များကို ရှေ့သို့ အတက်ခိုင်း၏။ ၎င်း သေနတ်တပ်ကိုလည်းအတင်း တိုးကြပြန်ရာ သေနတ်လုံ့စွပ်ကြီးများနှင့် ရင်ဝကို မထိတထိ ချိန်ရွယ်၍ ထားသော်လည်း အတင်းတိုးကြရာ ၎င်းသေနတ်တပ်တို့ဖယ်၍ မြင်းစီးကုလားတပ်ကို ရာဇဝတ်ဝန်က အတင်းရိုက်၍ အတက်ခိုင်းပြန်၏။ မြင်းများကိုရိုက်၍ အတင်းတက်၍အလာတွင် ညာသံပေး၍ အတင်းတိုးသည့်အတွက် မြင်းနှင့် လူနှင့် ထွေးလုံးရစ်ပတ်လျက်နေရာ တဖြည်းဖြည်း မြင်းများကို ရိုက်သော်လည်း မရတော့ပဲ မြင်းတပ်သည် နောက်သို့ဆုတ်၍ မင်းလမ်းမကြီး အနီးသို့အရောက်လျှင် ရာဇဝတ်ဝန်က မြင်းစီးပုလိပ်များကို အရိုက်ခိုင်းရာ လူပေါင်းများစွာ အရိုက်ခံရ၍ မြေသို့လဲမှ အရိုက်ရပ်တော့သည်။ လူတစ်ယောက်၏ ခြေသည်းတစ်ခု - မြင်းနင်းမိ၍ ပြုတ်ထွက်သွားသည်။ အရိုက်ခံရသူများက အသေသတ်ပါဟု



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဝန်ကို ပြောရာ ရာဇဝတ်ဝန်က မင်းတို့ကို မသတ်ဝံ့ ပါဟု ပြန်ပြောပြီးနောက် မင်းတို့ ခေတ္တထိုင်ကြ ပါဟု ပြော၍တား၏။ ဤကဲ့သို့ ဖြစ်ပွားနေစဉ် တပ်သား တစ်ယောက်က ရှေ့သို့တက်၍ လာသည့်အတွက် ဖမ်း၍ ထောင်ကြီးသို့ ပို့လိုက်ပြန်သည်။ ရာဇဝတ်ဝန်ကိုလည်း ခဲနှင့်အပေါက်ခံရသေးသည်။ မည်သူပေါက်သည် မသိပါ။ နောက်များမကြာမီ ထောင်ကြီး၌ရှိသော သခင်များက အော်ကြ-ဈေးအတွင်းက ဈေးသူများက အော်ကြ- မြို့က လည်းဝိုင်း၍အော်ကြသောအခါ စစ်တပ်တွေ ပြန်ခေါက် ၍ ထောင်ကြီးရှိရာသို့ ပြေးကြရာတွင် ရေနံတပ်ကြီးသည် ထိုင်ရာမှထကြပြီးလျှင် စည်းကမ်းသေဝပ်စွာ နှစ်ယောက် တစ်တွဲမြို့က ထွက်ကြရ၏။ မြို့သူမြို့သားများကလည်း တို့ဗမာတွေ အောင်ပြီ-အောင်ပြီဟု ဟစ်အော်ကူညီ အား ပေးကြသည်။

အစဉ်အတိုင်းမြို့၏ အနောက်တောင် ယွန်းယွန်း သောင်းကြီးဘက်သို့သွားရန် မြို့က လမ်းညွှန်သည့်အတိုင်း သွားကြ၍ သောင်ပြင်သို့ ရောက်သောအခါ ရာဇဝတ်ဝန် မြင်းစီးစစ်ဗိုလ် မြင်းစီးပန်ချာပီတပ်က ရှေ့ကနေ၍ တား ပြန်ရာ အထိုင်ခိုင်းပြီးလျှင် အလံကိုင်များ စကားပြောသူ များကို ရွေးချယ်၍ လူပေါင်း ၄၀ ကျော်လောက်နှင့် ဘုန်းကြီးတစ်ပါး သတင်းထောက်တစ်ယောက်ပါ ဖမ်းပြီးမှ မင်းတို့ကို မကွေးထောင်က ကျဉ်း၍ မဖမ်းသေးပါ။ ရန်ကုန်ကျမှ ရန်ကုန်ထောင်ကျယ်သည်ဟု ပြော၍ လွှတ် လိုက်တော့မှ ငါတို့တစ်တွေတော့ စနေဂြိုဟ် -ရာဟုဂြိုဟ် တို့က လွတ်ပြီဟု ပြော၍ ဆက်လက်၍ ခရီးထွက်ကြရ တော့၏။ ဤကဲ့သို့ ဒုတိယတိုက်ခိုက်ခဲ့ရသော ဒုက္ခစစ်ပွဲ ပင်ဖြစ်၏။ မကွေးမြို့မှ နံနက် ၁၁ နာရီလောက်ကစ၍ တစ်နေ့လုံး ဘာအစာကိုမျှမစားရပဲ တပ်ချီလာခဲ့ကြရာ မြင်ကွန်းမြို့သို့ ညနေ ၅-နာရီမှ ရောက်သည်။ မြင်ကွန်း မြို့က ရေနံတပ်ရောက်မည့်အကြောင်းကို မသိနိုင်ကြ၍ ကြိုဆိုခြင်း မပြုကြသော်လည်း ရေနံတပ်ရောက်လျှင် ရောက်ချင်း ဒေါ်ဘောနှင့် သမီးများ၊ ကျောင်းဆရာ ကိုတိုးမြိုင်တို့က တပ်သားပေါင်း ၂၀၀ ကျော် တစ်ဦးတည်း ထမင်းကျွေးမွေးလိုက်သည်။ ပေါက်ဖော်တစ်ဦးကလည်း ထို့နည်းအတူ တပ်သားပေါင်း ၂၀၀ ကျော် ထမင်းကျွေး သည်။ ကျန်လူများကို မြို့က ချက်ချင်းစုဆောင်း၍ ချက် ပြုတ်ကျွေးမွေးသည်။ လှေနှင့် စားအိုးစားခွက်များကို အစိုးရက ဖမ်းထားလိုက်သည်။ ရန်ကုန်ဗဟို တို့ဗမာ အစည်းအရုံးက လွှတ်လိုက်သော သခင်အေးနှင့် သခင် ထွန်းစိန် အသေခံတပ်ဗိုလ်မှူးအဖြစ်နှင့် မြင်ကွန်းမြို့သို့ ရောက်ရှိလာကြသည်။ ၎င်းနေ့က ထမင်းတစ်နပ်သာလျှင် စား၍ ဘုရားတန်ဆောင်းအတွင်းမှာ အိပ်ကြရသည်။

၁၃. ၁၂. ၃၈-ခု၊ နတ်တော်လဆုတ်၊ ၇-ရက်၊ အင်္ဂါနေ့ နံနက် ၆-နာရီ အိပ်ယာက ထကြပြီးလျှင် မိမိတို့ ထုံးစံအတိုင်း သခင်ထွန်းစိန်က တပ်ဗိုလ်မှူးအဖြစ်နှင့် တပ်ထွက်ကြရာ မိချောင်းရဲသို့ နေ့ ၁၂ နာရီ မြို့ အနောက်က ဖြတ်၍ ဝင်ကြပြီးလျှင် မြို့၏ အရှေ့ထိပ် မန်ကျည်းပင်ကြီးများ၏ အောက်၌ အမှိုက်များရှင်းပြီး တချို့နေကြရသည်။ တချို့လူစုမှာ ထန်းပင်များအောက်၌ ထန်းပင်ရိပ်သွားရာကိုလိုက်၍ နေခိုလာခဲ့ရာ ညနေ ၄ နာရီမှ အမှတ်အလှည့်ကျခေါ်၍ ကမ်းနားဆင်းပြီးလျှင် ထမင်းစားကြရ၏။ ထမင်းစားရာမှာလည်း မိမိတို့အိမ်မှာ ကဲ့သို့မဟုတ်ဘဲ ပန်းကန်ပြားထဲမှာ ထမင်းဟင်းစားလောက် ရုံ ပုံပေးလိုက်သည်နှင့် တပြိုင်နက် မြစ်ကမ်းနားတစ် လျှောက်မှာ စီတန်းလျက်မြစ်ရေကို ဟင်းရေသောက်လုပ် ၍ စားကြရတော့၏။ ညရောက်သောအခါ မိချောင်းရဲ မြို့ကအမျိုးကိုချစ်သော ပုဂ္ဂိုလ်များကခင်း၍ အိပ်ရန် ဖျာများ အမြောက်အမြား လှည်းနှင့်တိုက်၍ ပေးလာကြ ရသည်။ ဦးကံထူးက ခက်မီးအိမ် ၂ လုံးလာ၍ ထွန်းပေး သည်။ ကိုဖိုးညိုက ရေနံဆီပေးသည်။ ပွဲစားဦးရေချမ်း ကလည်း လိုတာပြောပါဟု လာ၍ စောင့်ရှောက်ပါသည်။ သခင်တင်ဦးနှင့် သခင်ဖေသန်းတို့ ရန်ကုန်မှ တပ်ဗိုလ် လုပ်ရန် ရောက်ရှိလာသည်။ မိချောင်းရဲမှာပင် ညအိပ် သည်။ မကွေးမြို့မှ ဖမ်းဆီးထားလိုက်သော လှေနှင့် ပစ္စည်းများ မိချောင်းရဲများ မီလာသည်။

၁၄. ၁၂. ၃၈-ခု နတ်တော်လဆုတ် ၈ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄-နာရီထ၍ မိချောင်းရဲက ထွက်ကြ သည်။ ဆဲပေါင်ဝဲမြို့သို့ နေ့ ၁၂-နာရီရောက်၍ ဘုန်းကြီး ကျောင်းပိုင်းအတွင်းမှာ တပ်စခန်းချပြီးလျှင် ၂ နာရီမှ ထမင်းစားကြရသည်။ ဘဏ္ဍာထိန်းလူကြီးက ပေးသ လောက်နှင့် ထမင်းတစ်နပ်သာ စားကြရသည်။ ညနေ ၆ နာရီရောက်သောအခါ အစေခံတိုက်ပိုင်စာရေးလာ၍ မောင်ထွန်း စိန် မရှိဘူးလားဟု မေးရာ သခင်ထွန်းစိန်က မရှိဘူးလားဟု မေးရာ သခင်ထွန်းစိန်က သည်မှာရှိသည် ဟု ပြော၏။ ရာဇဝတ်ဝန်က တွေ့လို၍ ခေတ္တလိုက်ခဲ့ပါဟု ခေါ်သောအခါ သခင်ထွန်းစိန်က ရာဇဝတ်ဝန်အား တွေ့

www.burmeseclassic.com



လိုလျှင် ငါ့ထံလွှတ်လိုက်ဟု ပြောလိုက်၏။ ၎င်းအစေခံသည် သုံးကြိမ်ကြိမ်တိုင်တိုင်လာ၍ အခေါ်မှာ သခင်ထွန်းစိန်က စဉ်းစားသည်မှာ ၎င်း တိုက်ပိုင်သည် ငါတို့ဗမာလူမျိုးဖြစ်သည်။ အကယ်၍ ငါမလိုက်ပဲနေက ငါ၏အမျိုးသား နစ်နာတော့မည်ဟု အမျိုးကို ချစ်သောအားဖြင့် လိုက်၍သွားရာ ရာဇဝတ်ဝန်က ရေနံတပ်ကြီးကို ခေါင်းဆောင်၍မခေါ်ပါနှင့်ဟု တားသောအခါ သခင်ထွန်းစိန်က ပြန်ပြောသည်မှာ ရေနံတပ်ကြီးကို ရန်ကုန်ရောက်အောင် ဆောင်ကြည်းဖို့ ကိစ္စက ကျုပ်ဝတ္တရား၊ ဖျက်ဆီးရန်က ခင်ဗျား၏ ဝတ္တရားဟု ပြောသောအခါ ဤကဲ့သို့ ဆိုလျှင် ကျွန်ုပ်၏နယ်တွင်းမှာ ဆူဆူပူပူဖြစ်အောင် မလုပ်ပါနှင့်ဟု သခင်ထွန်းစိန်ကို တောင်းပန်၍ လွှတ်လိုက်ပါသည်။ ဆင်ပေါင်ဝဲမှာ ညအိပ်သည်။

၁၅. ၁၂. ၃၈-ခု၊ နတ်တော်လဆုတ်၊ ၉-ရက် ကြာသပတေးနေ့ နံနက် ၆-နာရီ ဆင်ပေါင်ဝဲက ထွက်သည်။ နေ့လည် ၂-နာရီ မန်းကျည်းကန်ဘုန်းကြီးရောက်၍ တပ်အသီးသီးတို့ကို နေရာချပြီးလျှင် ကမ်းနားဆင်း၍ မိမိတို့ အလှည့်ကျအတိုင်း ထမင်းယူ၍ စားကြရ၏။ ချောက်မြို့ကစ၍ ပုလိပ်များကလည်း အဆက်မပြတ်လိုက်လာကြ၏။ ၎င်းကျောင်းမှာပင် ညအိပ်သည်။

၁၆. ၁၂. ၃၈-ခု၊ နတ်တော်လဆုတ် ၁၀-ရက် သောကြာနေ့ နံနက် ၅-နာရီ မန်းကျည်းကန်က တပ်ထွက်ခဲ့ရာ အာလံမြို့သို့ နေ ၁၂-နာရီ ရောက်သည်။ မြို့အဝင်မှာ သခင်အစည်းအဝေးအရုံးက စည်တော်များနှင့် ကြိုဆိုကြသည်။ သပိတ်မှောက်ကျောင်းသားများကလည်း ဒေါင်းလံကြီးများနှင့် ကြိုဆိုကြသည်။ အောက်လွှတ်တော်အမတ် ဦးရွှေကလည်း ရေနံတပ်ရောက်လာလျှင် နံနက်စာစားရန် အထူးစောင့်ရှောက်ဂရုစိုက်၍ ထမင်းဟင်းများစီစဉ်၍ ထားနှင့်သည်။ ရေနံတပ်ရောက်လျှင် ရောက်ချင်း ကောင်းမွန်စွာ ထမင်းကျွေးမွေးကြသည်။ တာဝတိံသာ ဓမ္မာရုံကြီး၌ တပ်စခန်းချသည်။ မြို့သူမြို့သားများ ကြိတ်ကြိတ်တိုးမျှ လာရောက်ကြည့်ရှုကြသည်။ ဆံပင်ညှပ်ဆိုင်ကို ကျန်က အားလုံးရေနံတပ်သားများကို အခလွှတ်ဆံပင်ညှပ်ပေးသည်။ ၎င်းနေ့ညစာလည်း ဦးရွှေနှင့် အစည်းအရုံးသခင်များကပါ ကောင်းမွန်စွာ ကျွေးမွေးသည်။ ညတရားပွဲများ ပြုလုပ်မည်ပြုရာ နယ်ပိုင်ဝန်ထောက်က ယခု ကျွန်တော့်မှာ ပင်စင်ယူခါနီးပါပြီ။ ပင်စင်ယူသောအခါ အာလံမြို့မှာပင်လျှင် အခြေစိုက်မည်ဟု အိမ်မြေယာများ ဝယ်ထားပြီးဖြစ်၍ တရားမဟောပါနှင့်။ အကယ်၍ ဟောပြောခဲ့လျှင် (၁၄၄)ပုဒ်မနှင့် တားရမည်ဟု အထက်က အမိန့်ရှိပါသည်။ ၎င်းပုဒ်မ ထုတ်ပြန်တားမြစ်ရလျှင် ခင်ဗျားတို့ကလည်း အာဏာဖီဆန်မည်ဖြစ်၍ မြို့သူမြို့သားများနှင့် ပဋိပက္ခဖြစ်မှာ အလွန်စိုးသည့်အတွက် တောင်းပန်ပါသည်ဟု ပြောသောကြောင့် ၎င်းနေ့ညက တရားမဟောပဲ နေကြရ၏။ ၎င်းနေ့ တောင်တွင်းကြီးက တပ်ဗိုလ်အဖြစ်နှင့် သခင်သိန်းအောင်၊ သခင်စံခနှင့် သခင်လေးယောက် အာလံသို့ရောက်လာကြ၏။ မြို့ကလည်း ဆေးလိပ်များ လှူဒါန်းကြသည်။ ညဝတ်တက်၍ အိပ်ကြ ရသည်။

၁၇. ၁၂. ၃၈-ခု၊ နတ်တော်လဆုတ် ၁၁-ရက် စနေနေ့မှာ ပန်းထိမ်ဆရာ ဦးအောင်ဘို ဒေါ်ခင်တို့က တစ်ဦးတည်းအားလုံး ရေနံတပ်သားများကို ကုသိုလ်ဖြစ်ထမင်းကျွေးမွေးလို၍ ဆိုင်းကြပါဟု တောင်းဆိုသည့်အတွက် ၎င်းနေ့က အာလံမြို့မှာပင် နေကြသည်။ ကောင်းမွန်စွာ ဝက်သားဟင်းများနှင့် ကျွေးမွေးလိုက်ပါသည်။ ဦးအောင်ဘို၊ ဒေါ်ခင်တို့၏ စေတနာသည် ဇာတ်နိပါတ်တော်မှာပါရှိတဲ့ ဘုရားအလောင်း ဝိသယှ သူဌေးပေးလှူတဲ့ အလှူနဲ့ မခြားနားဘူးဟု စာတွေ့မဟုတ် ငါတွေ့ဖြစ်သည်အတွက် တွေးထင်မိပါ၏။ တို့ဗမာအစည်းအရုံးကလည်း ဆန်များ၊ ငွေများထောက်ပံ့ပြီးလျှင် အထူးဂရုစိုက်၍ အလွန်တရာ စောင့်ရှောက်လိုက်ပါသည်။ အာလံမှာပင် ညအိပ်သည်။

၁၈. ၁၂. ၃၈-ခု နတ်တော်လဆုတ် ၁၂-ရက် တနင်္ဂနွေ နေ့ နံနက် ၆-နာရီ အာလံမြို့ ဓမ္မာရုံကြီးမှ နှစ်ယောက်တစ်တွဲ တပ်၏အစီအစဉ်တိုင်း ထွက်ကြသည်။ တို့ဗမာအစည်းအရုံးက စည်တော်ကြီးများတီး၍ လိုက်၍ပို့ကြသည်။ အာလံမြို့က သခင်သုံးယောက် တပ်ဗိုလ်အဖြစ်နှင့် လိုက်ပါလာကြသည်။ ရွာထောင် စတီးစက်ရုံ အလုပ်သမားများကလည်း ထမင်းထုပ်များ တစ်ယောက်လျှင် တစ်ထုပ်ကျ ဝေငှလိုက်သည်။ ပြလို့ မရောက်မီ လမ်းတစ်လျှောက်မှာလည်း ရွာကလေးများက ရေကုသိုလ်လုပ်ကြသည်။ နေ့ ၁-နာရီပြလို့ ရွာသို့ ဝင်ခါနီးမှာ စည်တော်များနှင့် ကြိုဆိုကြသည်။ ၃-နာရီမှ ထမင်းစားကြရသည်။ ၎င်းနေ့က ထမင်းတစ်ထပ်စားကြပြီးနောက် တပ်အသီးသီး ဘုရားတန်ဆောင်ထဲများမှာ ခေါင်းအုံးများကို ခင်း၍ အိပ်ကြရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉. ၁၂. ၃၈-ခု နတ်တော်လဆုတ် ၁၃-ရက် တနင်္လာနေ့ နံနက် ၆-နာရီ ပြလို့ရွာမှ နှစ်ယောက်တစ်တွဲ ထွက်ကြသည်။ စည်တော်တီး၍ လိုက်ပို့လိုက်ကြသေးသည်။ ညနေ ၂-နာရီ တုံးရေခေါ်သော သံကြိုးဝိုင်း၊ မင်းလမ်းမကြီး၏ ဘေးသစ်ပင်ကြီးများအောက်မှာ အသီးသီး တပ်စခန်းချကြရ၏။ အောက်လွှတ်တော်အမတ် ဦးရွှေက ရွက်ထည်အမိုးများ၊ ဖျာများ၊ ရေကို ကားတစ်စီးနှင့် တင်ယူလာသည်။ ထမင်းထုပ်များကို ကားတစ်စီးနှင့် တင်ယူလာ၍ ကိုယ်တိုင်ဝေငှသည်။ တော်တော်စေတနာရှိရုံနှင့် အလွန်ဝေးသော ခရီးကြီးမှာ ဤကဲ့သို့ ဒုက္ခခံလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဦးရွှေ၏ ကျေးဇူးကို ဘယ်အခါမှ မေ့ကြမည်မဟုတ်ပါ။ ၎င်းစခန်းမှာ အလွန်အေးသော ဆောင်းရာသီဖြစ်၍ မီးများဖိုပြီးလျှင် ဝိုင်း၍ အိပ်ကြရာ၊ သို့အိပ်သော်လည်း အေးလွန်း၍ မပျော်တစ်ချက် ပျော်တစ်ချက်နှင့် ည ၂-နာရီအချိန် ရောက်သောအခါ အားလုံးတပ်သားများ အိပ်၍မပျော်ကြသောကြောင့် သဘောတူ တပ်ထွက်ကြသည်။ ကတ္တရာစေးလမ်းဖြစ်၍ အလွန်မှောင်မိုက်သော ညအခါပင်ဖြစ်သော်လည်း ကောင်းမွန်စွာ သွားလာကြရ၏။

၂၀. ၁၂. ၃၈-ခု နတ်တော်လဆုတ် ၁၄-ရက် အင်္ဂါနေ့ နံနက် ၇-နာရီ ပြည်မြို့သို့ ရေနံတပ်ကြီး ဝင်ခါနီးမှာ မြို့က နံနက် ၁၁-နာရီမှ ရောက်မည်ဆို၍ အေးအေး ဆေးဆေးနေသည့်အတွက် ရေနံတပ်မြို့ကို ဝင်လာပြီး ထိုမှအဆောတလျှင် အတီးအမှုတ်များနှင့် ကြိုဆိုကြသည်။ လမ်းအမျိုးမျိုးတို့ကို လှည့်လည်ပြီးမှ ပြည်ဆံတော် ဘုရားကြီး၏ အနောက်ဘက်ဇရပ်ကြီးများမှာ ၁၁ နာရီ အချိန်မှ တပ်စခန်းချကြရသည်။ ၎င်းပြည်မြို့မှ သခင်မ မတင်သိန်းကြီးမှူး၍ ထမင်းဟင်းများ မနက်ပြန် ညပြန် အထူးဂရုစိုက်၍ ကောင်းမွန်စွာ ကျွေးမွေးသည်။ ရောက်သည့်အချိန်ကစ၍ ပဲလှော်နှင့် လက်ဖက်ရည်များ နေ့မီး၊ ညမီးမစဲ ကျိုး၍ ပေးကြသည်။ ဆေးပေ့ါလိပ်၊ ဆေးပြင်းလိပ်၊ သွားရည်စာအမျိုးမျိုးများ မရေတွက်နိုင်အောင် ကျွေးမွေးလှူဒါန်းကြသည်။

၂၁. ၁၂. ၃၈-ခု ပြာသိုလဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့က ပြည်မြို့မှာပင်လျှင် တပ်မထွက်ပဲနား၍ နေကြသည်။ ရန်ကုန် သမဂ္ဂကျောင်းသားများ (၁၄၄)ပုဒ်မကို အာဏာဖီဆန်ရာတွင် ဗိုလ်အောင်ကျော်တို့ ပုလိပ်ရိုက်ခံရကြောင်း ကြားသိရသည်။ နေ့ ၁-နာရီအချိန်မှာ သခင်တင်ဦးကြီးမှူး၍ ရွှေဘုန်းပွင့်ဘုရားအတွင်း စာဖတ်ဓမ္မာရုံကြီးမှာ အားလုံးသခင်များနှင့် တပ်လူကြီးများ အစည်းအဝေးပြုလုပ်ရာ မြို့က ကလေးများပြုတင်ပေါက်များ၌ ဝိုင်းအုံ၍ နေသောကြောင့် အပေါက်ရှိသမျှ ပိတ်၍ အစည်းအဝေး ပြုနေစဉ် တိုက်ပိုင်တစ်ယောက်နှင့် ဘုရားလူကြီးတစ်ဦးလာပြီးလျှင် တံခါးအပြင်က ခေါက်၍ခေါ်ကာ မည်သူလဲဟု ကျွန်တော်များက မေးသောအခါ ဖွင့်ပါဟုဆို၍ ဖွင့်ပေးရာ ခင်ဗျားတို့ကို ၎င်း ဓမ္မာရုံမှာ မည်သူက အခွင့်ပြုသနည်းဟု မေးသည်။ ကျွန်တော်များက ဦးက ဘယ်လိုအရာရှိပါသလဲဟု မေးရာ ဘုရားလူကြီးဟု ပြောသည်။ နေပါဦး ဦးရယ် အစိုးရနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ အလုပ်ကို ကျွန်တော်များ မစည်းဝေးပါ။ ဦးလည်း အစိုးရကို အရမ်းမဲ့မကြောက်ပါနှင့်ဟု ပြောသောအခါ တိုက်ပိုင်က ပေါင်ကို လှန်၍ ကျွန်တော်လဲ ဗမာပါပဲဟုဆို၍ ခင်ဗျားတို့ အပေါက်တွေပိတ်ပြီး အစည်းအဝေးပြုသည့်အတွက် အစိုးရကြီးတွေ ခေါင်းချင်းရိုက်၍ နေကုန်ကြပြီဟု ပြောပါသည်။ သခင်တင်ဦးက ကျွန်တော်များ အစည်းအဝေးဆုံးဖြတ်ချက်ကို ခင်ဗျားစောင့်၍ ယူပါ။ သို့သော် ခင်ဗျားသည် မရှိမသေပေါင်ကို လှန်ပြသည့်အတွက် အစိုးရကြီးများထံ စာရေးမည်ဟုပြောရာ တိုက်ပိုင်သည် အလွန်ကြောက်သော အမူအရာဖြင့် သခင်များကို လက်ဖက်ရည် အချိုတိုက်ပြီးမှ ကျွန်တော်၏အပြစ်ကို ကျေနပ်ပါဟု တောင်းပန်သည့်အတွက် ကျေနပ်လိုက်ရသည်။ ၎င်းအစည်းအဝေးမှာ ခရီးထွက်မည့်အချိန် ရေနံချောင်းမှ ဝင်ယူလာသော ငွေ ၄၅ ကျပ်တန် လှေကို ရောင်းချရန်အတွက် စားအိုး၊ စားခွက်များ သယ်ယူရန်အတွက် အစည်းအဝေး ပြုလုပ်ကြသည်။ ဖက်တန်းရပ် ပထမံ ဆရာတုတ်က မမာမကျန်းသော ရေနံတပ်သားများကို ကုသိုလ်အဖြစ် ဆေးလှူဒါန်းကုသပေးလိုက်သည်။ မြို့ကလည်း ဆေးအမျိုးမျိုး လှူဒါန်းလိုက်ပါသည်။ စားအိုး၊ စားခွက်များကို မော်တော်ကားနှင့် တင်ဆောင်လာသည်။ လှေကိုလည်း ၄၅ ကျပ်နှင့် ရောင်းထားခဲ့သည်။

၂၂. ၁၂. ၃၈-ခု ပြာသိုလဆန်း ၁-ရက် ကြာသပတေးနေ့ နံနက် ၄-နာရီ ပြည်မြို့ကတပ်၏ ထုံးစံအတိုင်း ရွှေတောင်လမ်းသို့ ထွက်ကြရာ ရွှေတောင် မြို့သို့ နံနက် ၁၀ နာရီ အဝင်တွင် မြို့က စည်တော်များနှင့် တွဲရဲတပ်သုံးတပ်လာ၍ ကြိုဆိုပြီးလျှင် ရွှေပြောင်ပြောင်

www.burmeseclassic.com



ဘုရားအတွင်းသို့ တပ်စခန်းချပြီးနောက် နံနက်စာ ထမင်းကောင်းမွန်စွာ ကျွေးမွေးသည်။ ဆေးလိပ်များလည်း များစွာလှူဒါန်းသည်။ တပ်ဗိုလ်ကလေးများအတွက် ပင်နီအင်္ကျီအစများလည်း လှူဒါန်းလိုက်ကြသည်။ ညနေ ၄-နာရီ ရွှေတောင်မြို့ကအထွက်တွင် ဦးတိုး၊ မစောရင်တို့က တပ်သားတစ်ယောက်လျှင် ပိုက်ဆံတစ်ပဲကျ လှူဒါန်းလိုက်သည်။ အလွန်စေတနာကောင်းသည့်အတွက် ကျွန်တော်များက သာဓုအနုမောဒနာ ခေါ်ခဲ့ပါသည်။ ည ၈-နာရီ ရှမ်းကုန်းဘုန်းကြီးကျောင်းမှာ ရောက်၍ ညအိပ်သည်။ ၎င်းနေ့ ထမင်းတစ်နပ်သာလျှင် စားကြရ၏။ အချို့မှာ အိပ်ရာနေရာမရှိ၍ မြက်တောထဲမှာပင် ပိုးမွှားများကို မကြောက်နိုင်ပါပဲ အိပ်ကြရ၏။

၂၃. ၁၂. ၃၈-ခု ပြာသိုလဆန်း ၃-ရက် သောကြာနေ့ နံနက် ၄-နာရီ ရှမ်းကုန်းဘုန်းကြီးကျောင်းမှ မင်းလမ်းမကြီးသို့ ထွက်၍ တပ်များစီစဉ်ပြီးလျှင် ထွက်ကြရာ နံနက် ၁၁-နာရီ ဝက်ပုတ်လေသာကျောင်းသို့ ရောက်၍ နံနက်စာ စားပြီးနောက် နေခိုခဲ့၍ ညနေ ၃-နာရီ ၎င်းအဆိုပါကျောင်းက ထွက်ခဲ့ကြရာ ပေါင်းတည်မြို့သို့ ညနေ ၅-နာရီ ရောက်၍ ကိုဘိုးစိန်၏ သက်ငယ်မိုးဇာတ်ရုံကြီးအတွင်းမှ တပ်စခန်းချပြီးလျှင် ဒေါက်တာသိန်းမောင်က ညစာထမင်း ကောင်းမွန်စွာ ကျွေးမွေးပါသည်။ မြို့သူမြို့သားများက ဆေးလိပ်၊ မီးခြစ်နှင့် ကောင်းညှင်း ဆိုင်းထုပ်ပေါင်းကိုတော့ မရေမတွက်နိုင်ပါ။ ဆန်အိပ်နှင့် ၅ အိပ်အပြည့် လှူဒါန်းပါသည်။ ည ၈-နာရီအချိန်မှာ သခင်ကိုယ်တော်မှိုင်းကြီး၊ သခင်မြနှင့် ဒေါက်တာသိန်းမောင်တို့လာ၍ နှုတ်ဆက်စကားတရားများ ဟောပြောကြသည်။ ၎င်း ဇာတ်ရုံမှာ ညအိပ်သည်။

၂၄. ၁၂. ၃၈-ခု ပြာသိုလဆန်း ၄-ရက် နံနက် ၇-နာရီ ပေါင်းတည်မြို့က နှစ်ယောက်တစ်တွဲထွက်ခဲ့ကြရာ နတ်သလင်း မြို့သို့ ရောက်ခါနီးတွင် စည်တော်များနှင့် မြို့သူမြို့သားများ၊ ကျောင်းသူ ကျောင်းသားများပါ ကြိုဆိုကြသည်။ နံနက် ၁၁-နာရီ ရောက်သည်။ နံနက်စာ ထမင်းထုပ်များ မကုန်နိုင်မခမ်းနိုင် စားကြသည်။ ညနေ ၂-နာရီ နတ်သလင်းက ထွက်ခဲ့ရာ ဇီးကုန်းမြို့ရောက်ခါနီးမှာ မြို့သူ၊ မြို့သားများနှင့် ကျောင်းသားများပါ စည်တော်တီး၍ ကြိုကြသည်။ ည ၆-နာရီ ဘုရားကြီး၏ တောင်ဘက် ဘုန်းကြီးကျောင်းကြီးမှာ တပ်စခန်းချပြီးလျှင် မြို့က သခင်မများက အထူးဂရုစိုက်၍ ထမင်းထုပ်များစား၍မကုန်နိုင်အောင် ညစာ ထမင်းနှင့် ဟင်းရည်သောက်များ အိုးကြီးအိုးငယ်နှင့် ချက်၍ ကျွေးမွေးကြသည်။ ၎င်းနေ့ညမှာ သခင်အသီးသီးသို့ နိုင်ငံရေး တရားများ ဟောပြောကြသည်။

၂၅. ၁၂. ၃၈-ခု ပြာသိုလဆန်း ၅-ရက် တနင်္ဂနွေနေ့ ဇီးကုန်းမြို့မှာပင် တပ်မထွက်ပဲနေကြသည်။ တို့ဗမာအစည်းအရုံးက သခင်ဘကြမ်းတို့ကလည်း အလွန်အထူးဂရုစိုက်၍ ထမင်းထုပ်များ မနက်ပြန် ညပြန်ကျွေးမွေးကြသည်။ ဆေးလိပ်များ မကုန်မခမ်း ပေးလှူကြသည်။ ဆုတောင်းပြည့်ဘုရားကြီးကိုလည်း ဘုရားဖူးခဲ့ကြသေးသည်။ ဆံပင်ညှပ်ဆိုင်များကလည်း အခလွတ်ဆံပင်ညှပ်ပေးသည်။ အထူးဝမ်းမြောက်ခဲ့ပါကြောင်း။

၂၆ . ၁၂ . ၃၈-ခု ပြာသိုလဆန်း ၆-ရက် တနင်္လာနေ့ နံနက် ၇-နာရီ အဆိုပါ ကျောင်းကြီးက တောင်ဖက်မြို့၏ အလယ်သို့ မင်းလမ်းမကြီးအတိုင်း နှစ်ယောက်တစ်တွဲ ထွက်ခဲ့ကြရာ ကြို့ပင်ကောက်မြို့သို့ ရောက်ခါနီးမှာ သပိတ်မှောက် ကျောင်းသားများနှင့် မြို့လုံးကျွတ် စည်တော်အတီးအမှုတ်နှင့် ကြိုဆိုပြီးလျှင် နံနက် ၁၁-နာရီ ဇာတ်ရုံကြီးအတွင်းသို့ ရောက်လျှင် ရောက်ချင်း ဆရာတော် ဦးဝါယမကိုယ်တော်ကြီးနှင့် သခင်ဘိုးလှကြီးပါ မကွေးထောင်ကြီးမှ လွတ်လာ၍ တွေ့ကြရသည်။ တပ်သားများက ဝမ်းမြောက်ကြသဖြင့် လက်ရုံးကို မြှောက်၍ တို့ဗမာ-တို့ဗမာ-တို့ဗမာဟု ဆူညံစွာ နှုတ်ဆက်ကြကြောင်း။ နောက်မြို့၏ တောင်ဘက် ဘုရားကြီးအတွင်းမှာ ထမင်းများ ကျွေးမွေးသည့် ဘုရားများအတွင်းမှာ နေခိုပြီးနောက် ညနေ ၃-နာရီ တပ်အထွက်တွင် မြို့က ဝါးဖတ်ခမောက် ၆၀ ကျော်နှင့် လွှာဖိနပ်များပါ လှူဒါန်းလိုက်ကြသည်။ ည ၈-နာရီ အုတ်ဖိုမြို့ကို ဝင်ရာ မြို့က သခင်မများက အရေးတော်ပုံအောင်ပါစေဟု သပြေပန်းအိုးကြီးများကို ရွက်၍ အကြိမ်ကြိမ် ဆုတောင်းလိုက်ကြသည့်အတွက် အလွန်ဝမ်းမြောက် ကျေးဇူးတင်ပါကြောင်း။ အုတ်ဖိုမြို့က အစဉ်တစ်စိုက်အထွက်မှာ အလွန်မှောင်မိုက်သည့်အတွက် လမ်းဘေးတစ်လျှောက် အိမ်များက ဖရောင်းတိုင် မီးများ၊ ကောက်ရိုးမြက်များ မီးတုတ်များနှင့် နေ့ကဲ့သို့ ထိန်ထိန် လင်းအောင် ခြင်း [illegible] လက်ကင်းအတွက် စိုးရိမ်စရာမရှိအောင် မျိုးခုံမီး [illegible] လိုက်၍ ပို့လိုက်ကြသည်။ ည ၉-နာရီ အ[illegible]မြို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်ကွာ သရက်ပင်ဆိပ် ဘုန်းကြီးကျောင်းမှာ ညစာ ထမင်းစား၍ အိပ်ကြသည်။ ညတရားပွဲများတွင် သခင်ကိုယ်တော်မှိုင်း ကြီးတို့ တရားများ ဟောပြောကြသည်။

၇. ၁၂. ၃၈-ခု ပြာသိုလဆန်း ၇-ရက် အင်္ဂါနေ့ နံနက် ၆-နာရီ သရက်ပင်ဆိပ်က တပ်ထွက်ကြရာ အိုးသည်ကုန်းအနီး ဂုံညှင်းတန်းသို့ နံနက် ၉-နာရီ ရွာ၏အလယ် မင်းလမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက် သစ်ပင်ကြီးများ၏ အောက်မှာ ထမင်းစား နေခိုသည်။ နေ့ ၂-နာရီ ဂုံညှင်းတန်းက ထွက်ခဲ့ကြသည်။ ညနေ ၃-နာရီ သရက်တစ်ပင်ကျောင်း မရောက်မီ မင်းလှမြို့က စည်တော်အတီးများနှင့် ကြိုဆိုကြသည်။ ၎င်းကျောင်းမှာ ထမင်းထုပ်များစား၍ ညအိပ်ကြသည်။ မင်းလှမြို့နှင့် ခရီးတစ်တိုင် ဝေးကွာသည်။ သခင်အေးမောင်လည်း တပ်ဗိုလ်အဖြစ်နှင့် လိုက်ပါလာသည်။ ညတရားပွဲဆင်၍ ဟောပြောသေးသည်။

၂၈. ၁၂. ၃၈-ခု ပြာသိုလဆန်း ၈-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၆-နာရီ သရက်တစ်ပင်ကျောင်းကအထွက် တပ်ပေါင်း ၁၇ တပ်ကို တစ်တပ်လျှင် အလံကိုင် တစ်ယောက်လည်းကောင်း၊ အလံကိုင်နှင့်ယှဉ်လျက် တပ်ဗိုလ်မှူးကလေးတစ်ယောက်ကျ၊ ၁၇ ယောက်ခန့်ပြီးလျှင် သခင်ဘိုးလှကြီးက တပ်ဦးဗိုလ်ချုပ်ကြီး သခင်ထွန်းစိန်က ဒုတိယတပ်ဦး ဗိုလ်ချုပ်အဖြစ်နှင့် အသီးသီး တာဝန်ယူပြီးလျှင် ထွက်ခဲ့ကြရာ စစ်ကွင်းမြို့နှင့် နှစ်မိုင်လောက်အကွာတွင် မြို့လုံးကျွတ် စည်တော်များနှင့် လာ၍ကြိုဆိုကြပါသည်။ အုတ်တွင်းကျောင်းသို့ နံနက် ၉-နာရီ ရောက်၍ မနက်စာထမင်းများ ကောင်းမွန်စွာ ဝမ်းဘဲဥဟင်းများနှင့် ကျွေးမွေးလိုက်ပါသည်။ ၎င်းပွဲမှာ တရားပွဲများဆင်၍ ဟောပြောကြသေးသည်။ မကွေးမြို့တွင် ဖမ်းဆီး၍ မြင်းခြံထောင်သို့ အပို့ခံရသူများအားလုံး ထောင်ကလွတ်၍ စစ်ကွင်းမှာ မီလာကြသည်။ ၂-နာရီ ရောက်သောအခါ ရေနံတပ်ကြီး နှစ်ယောက်တစ်တွဲ ထွက်ကြပြန်သည်။ ည ၇-နာရီ လက်ပံတန်းက မြို့လုံးကျွတ်မျှ အတီးအမှုတ်များနှင့် ကြိုဆိုကြရာ တပ်စခန်းချရာဖြစ်သော ဘိုးပိုက်ဆံကျောင်းကြီးသို့ ရောက်ရှိကြတော့သည်။ များမကြာမီ ထမင်းထုပ်များ အိပ်ယာပေါ်သို့ ချလာကြ၍ ထမင်းထုပ်များမှာ မကုန်နိုင်၊ မခန်းနိုင် ဖြစ်၍နေတော့သည်။ မကွေးမြို့မှာ မြို့အုပ်ဦးဖေ ပြောဆိုလိုက်သော စကားများကို ပြန်လည်အမှတ်ရတော့၏။ ဆေးလိပ်များလည်း မြောက်များစွာ လှူဒါန်းလိုက်ပါသည်။

၂၉. ၁၂. ၃၈-ခု ပြသိုလဆန်း ၉-ရက် ကြာသပတေးနေ့ နံနက် ၇-နာရီ အဆိုပါ ကျောင်းကြီးမှ လက်ပံတန်းမြို့ကိုဖြတ်၍ တပ်ကြီးဖြတ်ခဲ့ရာ နံနက် ၁၂-နာရီ ဂုံမင်းမြောင်သို့ ရောက်၍ ထမင်းစား နေခိုသည်။ ညနေ ၃-နာရီ တပ်ထွက်ခဲ့ကြပြန်၏။ ည ၆-နာရီ အချိန်မှ သုံးဆယ်မြို့သို့ရောက်၍ ညစာထမင်းများ စားကြပြီးနောက် တရားများ ဟောပြောကြသေးသည်။ ဇာတ်ရုံကြီးအတွင်းမှာ ညအိပ်ကြရသည်။ ၎င်းညက ရေနံတပ်သားတစ်ယောက် ပိုးအထိခံရသည်။ အသက်ကို အန္တရာယ်မပြုပါ။ ဆေးလိပ်များလည်း မြောက်များစွာ လှူဒါန်းလိုက်ကြသေးသည်။ မြို့အဝင်မှာ စည်တော်များနှင့် ကြိုလာကြသည်။

၃၀. ၁၂. ၃၈-ခု ပြာသိုလဆန်း ၁၀-ရက်နေ့ သောကြာနေ့ နံနက် ၇-နာရီ သုံးဆယ်မြို့ ဇာတ်ရုံကြီးက စည်းကမ်းသေဝပ်စွာ မင်းလမ်းမကြီး၏ လက်ဝဲဘက်ဘေးအတိုင်း တပ်ထွက်ခဲ့ကြပြန်ရာ နေ့ ၁-နာရီ ဥက္ကံမြို့သို့ရောက်၍ ကန်ကြီး၏ တောင်ဘက်ကျောင်းဝိုင်းဘုရားတန်ဆောင်းကြီး၏အတွင်းမှာ တပ်စခန်းချ၍ နံနက်စာနှင့် ညစာပါ ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံပါသည်။ ၎င်းစခန်းမှာပင် ညအိပ်ကြရသည်။

၃၁. ၁၂. ၃၈-ခု ပြာသိုလဆန်း ၁၁-ရက်နေ့ နံနက် ၇-နာရီ ဥက္ကံမြို့က နှစ်ယောက်တစ်တွဲ တပ်ဗိုလ်များ အုပ်စိုးလျက် ထွက်ကြသည်။ နံနက် ၁၁-နာရီ ဖလုံရွာဘုန်းကြီးကျောင်းသို့ ရောက်၍ နံနက်စာ ထမင်းများ မြူစွမ်ဟင်းရည်သောက်နှင့် ကောင်းမွန်စွာ ကျွေးမွေးသဖြင့် စားကြရပါသည်။ ဘုန်းကြီး ဝမ်းနှုတ်ဆေးများလည်း များစွာ လှူဒါန်းလိုက်ပါသည်။ ဖလုံမှ နေ့ ၂-နာရီ သုံးရောင်ခြယ်အလံကြီး ၁၇ လံကို လွှင့်ထူ၍ ထွက်ခဲ့ကြရာ ဥတို့တာကွ ဘုန်းကြီးကျောင်းသို့ ည ၅-နာရီ ရောက်၍ ညစာ ထမင်းများ စားကြရသည်။ ညတရားပွဲများ ဟောပြောကြသေးသည်။

၁. ၁. ၃၉-ခု ပြာသိုလဆန်း ၁၂-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီ ဥတို ဘုန်းကြီးကျောင်းမှ တပ်ဗိုလ်ချုပ်တပ်ကြီး သခင်ဘိုးလှကြီး၏ အမိန့်အာဏာအတိုင်း တပ်ထွက်ကြရာ နံနက် ၁၁-နာရီ တိုက်ကြီးမြို့သို့ ရောက်ခါအနီးတွင် မြို့လုံးကျွတ် သခင် သခင်မများ သံချပ်အမျိုးမျိုးတို့ဖြင့် ထိုး၍ စည်တော်အတီးများနှင့် အထူးတလီကြိုဆိုကြသည်။ ရေနံတပ်အတွက် လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တိုင်း တစ်ပန်းကန် တစ်ပြားနှင့် ရောင်းကြသည်။

၂။ ၁။ ၃၉-ခု ပြာသိုလဆန်း ၁၃-ရက် တနင်္လာနေ့က ၎င်းတိုက်ကြီးမြို့ မှာ တပ်မထွက်ပဲ နေခဲ့ကြသည်။ နိုင်ငံရေးတရားပွဲများ ဗိုလ်အသီးသီးတို့ ဟောပြောကြသည်။ မိုးကုတ်မြို့မှ တပ်ဗိုလ်အဖြစ်နှင့် ခသင်လှမောင် တိုက်ကြီးမြို့သို့ ရောက်ရှိလာသည်။ ည နံနက် ထမင်းထုပ်များ ကောင်းမွန်စွာ ကျွေးမွေးကြပါသည်။

၃။ ၁။ ၃၉-ခု ပြာသိုလဆန်း ၁၄-ရက် အင်္ဂါနေ့ နံနက် ၇-နာရီ တိုက်ကြီးမြို့မှ တပ်အစီအစဉ်အတိုင်း ထွက်ခဲ့ကြသည်။ မြောင်းတကာ ဘုန်းကြီးကျောင်းသို့ နံနက် ၁၁-နာရီ ရောက်၍ နံနက်စာ ညစာများ ထမင်းအထုပ်များဖြင့် ကောင်းမွန်စွာ ကျွေးမွေးပါသည်။ နိုင်ငံခြား မျက်နှာဖြူ သတင်းထောက်တစ်ယောက်လည်း ရောက်၍လာသည်။ ၎င်းမျက်နှာဖြူလည်း ထမင်းထုပ်များကို ယူစားသည်။ တရားများကိုလည်း ဗိုလ်အသီးသီးတို့ ဟောပြောကြသည်။ ၎င်းကျောင်းမှာ ညအိပ်သည်။

၄။ ၁။ ၃၉-ခု ပြာသလိုလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇-နာရီ မြောင်းတကာမှ တပ်ထွက်မည်အပြုတွင် သခင်ဘိုးလှကြီးက ပထမအလံကိုင် ၁၇ ယောက်ကို ခရာမှုတ်၍ ခေါ်ပြီးလျှင် တပ်ဗိုလ်ကလေး ၁၇ယောက်တို့ကို နောက်ထပ်ခရာမှုတ်သည်နှင့် တပြိုင်နက် မိမိတို့အလံကိုင်နှင့်တွဲ၍ စီတန်းလျက်နေခိုင်းရာ အဆိုပါ မျက်နှာဖြူသတင်းထောက်က မိမိ၌ပါလာသော ဓာတ်ပုံကလေးနှင့် ဓာတ်ပုံရိုက်၍ယူသည်။ နောက်တပ်၏ အစီအစဉ်အတိုင်း ထွက်ကြသည်။ ၎င်း မျက်နှာဖြူသတင်းထောက်လည်း ခြေလျင်လိုက်ပါလာသည်။ နံနက် ၁၁-နာရီ မှော်ဘီမြို့သို့ ရောက်ခါနီးမှာ မြို့လုံးကျွတ်စည်တော်များတီး၍ ကြိုဆိုကြသည်။ ၎င်း မှော်ဘီဘုရားကြီးအတွင်းမှာပင် တပ်စခန်းချကြသည်။ မျက်နှာဖြူသတင်းထောက်လည်း အတူနေထိုင်သည်။

၅။ ၁။ ၃၉-ခု ပြာသိုလဆုတ် ၁-ရက် ကြာသပတေးနေ့ နံနက် ၇-နာရီ မှော်ဘီမြို့က ရေနံတပ်မတော်ကြီး ထွက်ခဲ့ကြသည်။ ထောက်ကြံ့သို့ ရောက်ခါနီးမှာ အိုးစည်းအတီးအကများနှင့် ကြိုဆိုကြသည်။ နံနက် ၁၁-နာရီ ထောက်ကြံ့ ဘုန်းကြီးကျောင်းဝိုင်း အတွင်းမှာ တပ်စခန်းချသည်။ ဇာတ်ပွဲကလေးတစ်ခုနှင့်လည်း ဧည့်ခံသည်။ နံနက် ညထမင်းများ အထူးအားစိုက်၍ ကျွေးမွေးလိုက်သည်။ ညတရားပွဲများလည်း ဟောပြောကြသေးသည်။ ၎င်းည ရန်ကုန်မြို့မှ သခင်လေးမောင်တို့ ကားနှင့် နှုတ်ဆက်ရန် ရောက်လာကြသည်။

၆။ ၁။ ၃၉-ခု ပြာသိုလဆုတ် ၂-ရက် သောကြာနေ့ နံနက် ၄-နာရီခွဲ ထောက်ကြံ့ဘုန်းကြီးကျောင်းက နှစ်ယောက်တစ်တွဲ ထွက်ခဲ့ကြရာ ၉-နာရီ အချိန်လောက်မှာ မင်္ဂလာဒုံခေါ် ခံတပ်အဖြတ်တွင် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် တွေ့ကြရတော့သည်။ စစ်တပ်အမျိုးမျိုးတို့၏ အလယ်တွင် သေသေဝပ်ဝပ်နှင့် သခင်ဘိုးလှကြီး၏ အမိန့်အာဏာအတိုင်း ရဲရဲဝံ့ဝံ့ကြီး သွားကြရသည်။ နံနက် ၁၁-နာရီ အင်းစိန်မြို့သို့ရောက်၍ ကြီးကျယ်စွာ ဆောက်လုပ်၍ထားသော မဏ္ဍပ်ကြီးအတွင်းမှာ တပ်စခန်းချ၍ နံနက်စာ ညစာထမင်းထုပ်များ ကောင်းမွန်စွာ ကျွေးမွေးလိုက်ကြသည်။ နေ့လယ် ၁-နာရီလောက်မှာ သခင်ဘိုးလှကြီးက အင်းစိန်ထောင်မှာရှိတဲ့သခင်များကို သွားရောက်တွေ့ဆုံရာ ထောင်အတွင်းရှိ သခင်များက ရေနံတပ်ကြီးနှင့် နှုတ်ဆက်လိုသည်ဟု ပြောသောကြောင့် ထောင်မှူး၊ ထောင်ပိုင်များထံမှ သခင်ဘိုးလှကြီးက အခွင့်တောင်းပြီးလျှင် တပ်စခန်းကိုလာခေါ်၍ တပ်ကြီးနှင့် သွားရောက်နှုတ်ဆက်ခဲ့ရာ သမဂ္ဂကျောင်းသား ဥက္ကဋ္ဌ ကိုဘဟိန်းက အခြားထောင်ကျသခင်များနှင့် ထောင်ကြီး၏ အမိုးပေါ်မှာနေ၍ တို့ဗမာသီးချင်းနှင့်စ၍ နှုတ်ဆက်သည်။ နောက် တရားများအနည်းငယ် ဟောပြောလိုက်သေးသည်။ ၎င်းအခါက အင်းစိန်ထောင်ကြီး၏အတွင်းမှာ ကိုဘဆွေ၊ ကိုထိန်ဝင်း၊ သခင်ထွန်းခင်၊ သခင်ဖေသန်း၊ ဦးအာစရကိုယ်တော်နှင့် အားလုံး ၁၀ ဦး လောက်ရှိလိမ့်မည်ဟု ထင်ရသည်။

၇။ ၁။ ၃၉-ခု ပြာသိုလဆုတ် ၃-ရက် စနေနေ့ နံနက် ၇-နာရီ အင်းစိန်မြို့ တပ်ထွက်ခဲ့ကြသည်။ နံနက် ၉-နာရီ သမိုင်းသို့ရောက်၍ ဥယျာဉ်ကွင်းကြီးတစ်ခုမှာ ထမင်းအထုပ်များနှင့် ကျွေးမွေးကြသည်။ ဗိုလ်လသာ ဆေးပြင်းလိပ်ခုံ ပိုင်ရှင်ဦးဘဦးက ဆေးပြင်းလိပ်၊ ခဲဆေးပေါ့လိပ်၊ ပဲဟင်းများချက်၍ များစွာ လှူဒါန်းလိုက်သည်။ ညနေ ၄-နာရီ ကမာရွတ်က အတီးအကအခမ်းများနှင့် တပ်စခန်း ရောက်အောင်လာ၍ ကြိုဆိုသည်။ ည ၅-နာရီ ကမာရွတ်သို့ ရောက်၍ ဘုန်းကြီး ကျောင်းမှာ [illegible] ချသည်။ ဝန်ကြီးချုပ်များ၏ ရုပ်ပုံကို ဖောက်[illegible]၍ လမ်းစုံပြပြီးနောက် ဦးဘလှိုင်တို့က မီးရှို့[illegible]။ ည



www.burmeseclassic.com

www.burmeseclassic.com



တရားပွဲများဆင်၍ ဟောပြောသည်။ ညစာ ထမင်းထုပ်များ မကုန်မခမ်း ကျွေးမွေးလိုက်ကြသည်။

၈. ၁. ၃၉-ခု ပြာသိုလဆုတ် ၄-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီ ကမာရွတ်က ထွက်ခဲ့ကြရာ ကျောင်းသား အာဇာနည် ကိုအောင်ကျော်၏ သင်္ချိုင်းသို့ ရှေ့ရှုသွားကြ၍ နှုတ်ခွန်းများဆက်ပြီးနောက် ကြည့်မြင်တိုင်ရှိ လမ်းစုံအောင် လျှောက်ပြီးမှ နံနက် ၁၂-နာရီ အလုံဉယျာဉ်ရောက်၍ နံနက်စာ ထမင်းထုပ်များ တောင်ပုံရာပုံထား၍ ကျွေးမွေးကြသည်။ ၎င်းဌာနမှာ လယ်သမားတပ်နှင့် တွေ့ဆုံကြသည်။ ညနေ ၂-နာရီ အလုံဉယျာဉ်မှ ကျောင်းသားများနှင့် လယ်သမားတပ်များက ရှေ့က၊ ရေနံတပ်က နောက်က စည်းကမ်းသေဝပ်စွာ နှစ်ယောက်တစ်တွဲ လမ်းမတော်ကဖြတ်၍ ရွှေတိဂုံဘုရားကြီးသို့ ရှေးရှုချီတက်ခဲ့ရာ ဘုရားကြီးခြေထောက်ရင်း တောင်ဘက်စောင်းတန်းအနောက်ဘက် မင်းလမ်းမကြီးတစ်လျှောက်တွင် သခင်ဘိုးလှကြီးက တပ်ကိုရပ်ရန် ခရာသံများပေး၍ အလံကိုပြလိုက်သည်နှင့် တစ်ပြိုင်နက် မတ်တတ်ရပ်လျက် နေကြရသည်။ နောက်အလံတစ်မျိုးပြရာ ဘုရားကြီးဘက်သို့ မျက်နှာလှည့်နေကြရသည်။ နောက်အလံတစ်မျိုးပြပြန်ရာ တညီတည်း ထိုင်ကြရသည်။ နောက်အလံတစ်မျိုးပြလိုက်ရာ သုံးကြိမ်ဝတ်ချကြရသည်။ နောက်တစ်မျိုးအလံကျမှ အားလုံးဘုရားကြီးကို ရှိခိုးကြပြီးမှ မတ်တတ်ရပ်သော အလံကိုပြ၍ မတ်တတ်ရပ်ရသည်။ နောက်သွားသောအလံကိုပြမှ အားလုံးဖြည်းညှင်းစွာဖြင့် သွား၍ တောင်ဘက်စောင်းတန်းက တက်ပြီးလျှင် ဘုရားကြီးရင်ပြင်တော်ကို တစ်ပတ်လှည့်ပြီး၍ ဘုရားတဖန်ဖူးပြီးနောက် အလယ်ပစ္စယံ အနောက်တောင်ထောင့် အရပ်သို့ ခေတ္တတပ်စခန်းချ၍ ထမင်းများစားပြီးမှ မိမိတို့အမြဲနေရန် တပ်စခန်းဇရပ်များကို ချပေးသည်။

၉. ၁. ၃၉-ခု ပြာသိုလဆုတ် ၅-ရက် တနင်္လာနေ့ကစ၍ ဘုရားကြီးအရှေ့ဘက်အလယ်ပစ္စယံ၌ နေထိုင်၍ မြို့လုံးကျွတ် အစည်းအဝေးကြီးများ တစ်လကျော်မျှ နေ့တိုင်းဆုံးဖြတ်၍ ခနရှင်ကုမ္ပဏီများထံ လိုလားနစ်နာချက်များကို တောင်းဆိုသော်လည်း မအောင်မြင်ခဲ့ပါ။ မကျန်းမာသော လူများကိုလည်း ဇရပ်တစ်ခုမှာ ခွဲခြားထားပြီးလျှင် ဆရာအမျိုးမျိုးနှင့် ကုသနေထိုင်ခဲ့ရာ တပို့တွဲလဆန်း ၁-ရက် သောကြာနေ့မှာ မောင်အောင်ခင်ဆိုသူသည် အဖျားရောဂါနှင့် ၎င်းခနရှင်နှင့် တိုက်ပွဲမှာ ကျဆုံး၍ သေခဲ့ရသည်။ တပို့တွဲလဆန်း ၃-ရက် တနင်္ဂနွေနေ့ ၂-နာရီအချိန်မှာ တာမွေသုသာန်သို့ ယူဆောင်၍ သင်္ဂြိုဟ်လိုက်ရသည်။ တပို့တွဲလဆုတ် ၈-ရက် စနေနေ့ည ၁၂-နာရီ မိနစ် ၃၀ အချိန်မှာ ချောက်က ပါလာသူ ကိုဘအေးဆိုသူသည် အဖျားရောဂါနှင့်လည်းကောင်း ခနရှင်တိုက်ပွဲမှာ ကျဆုံး၍ သေခဲ့ရပြန်သည်။ တပို့တွဲလဆုတ် ၁၀-ရက် တနင်္လာနေ့ ၂-နာရီ အချိန် ကြံတောသုသာန်သို့ ယူဆောင်၍သင်္ဂြိုဟ်လိုက်ရသည်။

ကျေးဇူးရှင်ကြီးများဖြစ်ကြသော ရန်ကုန်မြို့-မြို့သူမြို့သားများ၏ စေတနာသဒ္ဓါနှင့်တူသော ထမင်းထုပ်များကိုစား၍ ရက်လရှည်စွာ ဘုရားကြီးကို အာရုံပြုလျက်နှင့် နေထိုင်လာခဲ့ကြရာ ကုမ္ပဏီများကလည်း ဘယ်လိုအကြောင်းမျှ မထူးခြားသောကြောင့် အာဏာဝက သခင်ဘိုးလှကြီးက နောက်တစ်မျိုး ခြေလှမ်းပြင်ရန် သတင်းစာက ကြေငြာပြီးလျှင် တပေါင်းလဆုတ် ၇-ရက် စနေနေ့ နံနက် ၆-နာရီ မိနစ် ၃၀ အချိန်ကစ၍ ရွှေတိဂုံဘုရားကြီးကို လွမ်းလွမ်းနှင့် တောင်ဘက်စောင်းတန်းမှ ကိုးထပ်ကြီးဘုရားသို့ ရေနံတပ်ကြီး ထွက်ခွာလာခဲ့ရာ နံနက် ၁၀- နာရီအချိန်ရောက်၍ ထမင်းထုပ်များ ကားနှင့်လာပို့သောကြောင့် နံနက်စာ ညစာများ စားကြရသည်။ ၎င်းနေ့ ကိုးထပ်ကြီးဘုရားမှာ အိပ်သည်။

တပေါင်းလဆုတ် ၈-ရက်၊ တနင်္ဂနွေနေ့ နံနက်စာ ကိုးထပ်ကြီးမှာပင် စားကြရသည်။ ညနေ ၃-နာရီရောက်သောအခါ ဗိုလ်တထောင်ဘုရားသို့ ရွှေ့ပြောင်းခဲ့ရတော့သည်။

တပေါင်းလဆုတ် ၉-ရက် တနင်္လာနေ့ နံနက် ၅-နာရီ သခင်ဘိုးလှကြီးက စစ်ခရာကြီးမှုတ်ပြီးလျှင် တပ်များကို စီစဉ်၍ အရှေ့သို့ တူရှုထွက်ကြရာ ခနိတောဘီအိုစီရုံးသို့ ၆-နာရီရောက်၍ သပိတ်တားလုပ်ငန်းကို လုပ်ကြရသည်။ အားလုံး နှစ်ယောက်တစ်တန်း စီတန်းထိုင်နေပြီးလျှင် ရုံးကိုပိတ်၍ သပိတ်တား၍ နေရာ၊ များမကြာမီ ပုလိပ်မင်းကြီး ရောက်လာ၍ပြောသည်မှာ သည်အနားမှာ မတားပါနှင့် အပြစ်ရှိသည်ဟုပြောရာ သခင်ဘိုးလှကြီးက အလျားမှောက်ရာကနေ၍ ကျုပ်ကိုသတ်လိုက်ပါ။ ဒုက္ခသည် ရေနံသပိတ် အလုပ်သမားတို့၏ အခွင့်အရေးကို ပေးလိုက်ပါဟု ပြန်ပြောလိုက်သည်။

နောက်များမကြာမီ ပုလိပ်မင်းကြီးသည် ကားနှင့်ထွက်သွားပြီးလျှင် ဂေါ်ရာတပ်၊ ကုလားတပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာ၍ ဘတ်စ်ကားကြီးများနှင့် ပုလိပ်များက သပိတ်တားနေသော တပ်သားများကို ဆွဲ၍ အတွဲလိုက် အတွဲလိုက် ကားပေါ်သို့ တင်ဆောင်ပြီးလျှင် စတီးဝပ်(ခေါ်) အချုပ်ကြီးသို့ အပို့ခံရတော့သည်။ သခင်ဘိုးလှကြီးနှင့် တကွ ကျွန်တော်ပါ လူပေါင်း ၆၇ ယောက် တချိန်တည်း အဖမ်းခံရသည်။ တပေါင်းလဆုတ် ၁၁-ရက်နေ့ ၁-နာရီ စတီးဝပ် အချုပ်ကြီးမှ ရန်ကုန်ထောင်ကြီးသို့ အပို့ခံကြရသည်။ ထောင်ကြီး၏အတွင်းသို့ ရောက်လျှင်ရောက်ချင်း မိုးကြိုးတိုက်မှာ နှစ်ယောက်တစ်ခန်း တံခါးကို သော့ခတ်ပြီးလျှင် ပိတ်ထားသည်။ အဆိုပါတိုက်မှာ သုံးရက်အပိတ်ခံရပြီးနောက် အာ-ရ-အီး-တီက သပိတ်သမားရှိရာ ထောင်သို့ပို့ထားခြင်း ခံရပြန်သည်။ သခင်ဘိုးလှကြီးသည် ထောင်ကိုရောက်သည့်နေ့မှစ၍ စကားမပြော၊ ထမင်းမစား နေတော့၏။

နှောင်းတန်ခူးလဆန်း ၁-ရက်နေ့သို့ ရောက်သောအခါ ထောင်ကြီးအတွင်းမှာ အရေးပိုင်ဆိုလား ဝဝ ဘောင်းဘီဝတ်နှင့် နောက်ပါ သုံးလေးယောက်တို့ ပါလာ၍ ကျွန်တော်တို့ကို ဝတ်ကျေတန်းကျေ စစ်ဆေးပြီးလျှင် နောက်တစ်နေ့ (၁၄၃) ပုဒ်မနှင့် ထောင်တစ်လ အလုပ်နဲ့ ဆို၍ အပြစ်ပေးခံရတော့သည်။ တပေါင်း လဆုတ် ၁၂-ရက်နေ့က ရေနံတပ်သား ၁၉၄ ယောက်ကို တစ်လအရင် အပြစ်ပေးနှင့်သည်။ နှောင်းတန်ခူးလဆန်း ၃-ရက်နေ့ နံနက် ထောင်ဝတ်များကိုလဲ၍ ဝတ်ကြရသည်။ ၎င်းနေ့ ထောင်ဆေးရုံသို့ပို့သည်။ ဆရာဝန်၏ အစမ်းခံရသည်။ ဆရာဝန်များသည် တော်တော်ကျွမ်းကျင်ပုံရသည်။ အဘယ်ကြောင့်ဆိုသော် မမာသောလူကိုတော့ ကျန်းမာသည်ဟု ပြောသည်။ ကျန်းမာတဲ့ လူကိုတော့ မမာဘူးဟုဆိုပြီး သုံးလေးရက်ခေါ်ထားပြီးလျှင် ဘာဆေးကိုမျှ မတိုက်ဘဲသည်အတိုင်း ဆေးရုံမှာ ထားတော့သည်။ အစိုးရကိုညာ၍ စားသည်မှာ အလွန်ထင်ရှားပါကြောင်း။ ဆေးရုံက ပေါင်ချိန်သည်၊ ပေတိုင်းသည်၊ နောက်တစ်နေ့ ကျောက်ထိုးသည်၊ နောက်အသီးသီးတချို့ ဂျုံကြိတ်၊ တချို့ ဂျုံချေး၊ တချို့ စပါးကြိတ်ထိုး၊ တချို့ သစ်ပင်ရေလောင်း အလုပ်လုပ်ကြရတော့သည်။ ညအိပ်ရာမှာလည်း ဂုံနီ တစ်ခု၊ အခင်းအတွက် စောင်က မြင်းခြံတဲ့ စောင်မျိုး တစ်ခုနှင့် အိပ်ကြရသည်။

န-နာရီအချိန် မျက်နှာသစ်ပြီးနောက် နှစ်ယောက်တစ်တွဲ ထိုင်နေရသည်။ ကော်ရေယူလာမှ ခွက်

> ဤကဲ့သို့ အဝတ်ဆင်းရဲ၊ အစားဆင်းရဲ၊ အအိပ်ဆင်းရဲနှင့် ကျပ်ကျပ်တည်းတည်း နေလာခဲ့ရ၍ တစ်လနီးပါးရှိသောအခါ ၁၃၀၁ – ခု၊ တန်ခူးလဆုတ် ၇ – ရက် တနင်္လာနေ့မှာ ထောင်ဝတ်များကိုချွတ်၍ လူပေါင်း ၂၆၀ ကို ထောင်တစ်ခုမှာ လှောင်ပိတ်ထားပြန်သည်။

နှင့်ခံ၍ ခွက်စောင်းသောက်ကြရမည်။ ဤကဲ့သို့ အဝတ်ဆင်းရဲ၊ အစားဆင်းရဲ၊ အအိပ်ဆင်းရဲနှင့် ကျပ်ကျပ်တည်းတည်းနေလာခဲ့ရ၍ တစ်လ နီးပါးရှိသောအခါ ၁၃၀၁-ခု၊ တန်ခူးလဆုတ် ၇-ရက် တနင်္လာနေ့မှာ ထောင်ဝတ်များကိုချွတ်၍ လူပေါင်း ၂၆၀ ကို ထောင်တစ်ခုမှာ လှောင်ပိတ်ထားပြန်သည်။ တန်ခူးလဆုတ် ၉-ရက်နေ့က ပထမအကြိမ် လူပေါင်း ၆၀ ပို့သည်။ လဆုတ် ၁၄-ရက်နေ့ ည ၇-နာရီအချိန် နှစ်ယောက် တစ်တွဲ လက်ထိတ်ခတ်ပြီးလျှင် ဆယ်ယောက်တွဲသီ၍ ထားပြန်သည်။ ည ၉-နာရီ အရှိတွင် ထောင်ကြီး ဗူးဝသို့ ရောက်လျှင် ရောက်ချင်း ကားတစ်စီး လူ ၂၀ တင်၍ ကွမ်းခြံဘူတာရုံကြီးသို့ တင်ဆောင်သွားပြီးလျှင် မီးရထားပေါ်သို့တင်၍ ပြည်မြို့သို့ သေနတ်ကိုင် စစ်ပုလိပ် ၂၀ ကျော် တို့နှင့် ပို့လိုက်သည်။ ရောက်သည့်ဘူတာတိုင်း၌လည်း သေနတ်ကိုင်စစ်ပုလိပ်များ စောင့်လျှက်ရှိသည်။ ပြည်မြို့မှ သင်္ဘောနှင့် လက်ထိတ်မဖြုတ်ပဲ ခေါ်လာရာ ကဆုန်လဆန်း ၂-ရက် မကွေးမြို့သို့ သင်္ဘောဆိုက်သောအခါ ရာဇဝတ်ဝန်များ၊ ထောင်ဆရာဝန်များ သင်္ဘောပေါ်သို့ တက်လာ၍ သင်္ဘောလက်မှတ် ထမင်းစရိတ်ပိုက်ဆံပေး၍ လက်ထိတ်ဖြုတ်ပြီးလျှင် သွားချင်ရာ သွားတော့ဟု လွှတ်လိုက်လေသတည်း။

**သခင်ဗေ (ဖေးဖျာ)**



www.burmeseclassic.com

www.burmeseclassic.com





# သခင်ဘိုးလှကြီးနှင့် မှုလာဝပ်

ကိုကို (မြည်)

အောက်ပါကြေငြာချက်သည် သမိုင်းဝင်ကြေငြာချက် တစ်ခုဖြစ်ခဲ့သည်။ မိမိတို့အပေါ်၌ နစ်နာသောအချက်တို့ကို ဖော်ပြပြောဆိုရန်အကြံနှင့် ရန်ကုန်မြို့အထိ ခြေလျင်ချီတက်သွားရောက်ရန် ရည်ရွယ်၍ ရေနံမြေအရပ်ရပ်များမှ အလုပ်လက်မဲ့ လူပေါင်း ၈၀၀ ခန့်တို့သည် မကွေးမြို့သို့ ၁၉၃၈-ခု၊ ဒီဇင်ဘာလ ၄-ရက်နေ့တွင် ခြေလျင်ခရီးဖြင့် ဆိုက်ရောက်လာကြကြောင်း။ ရန်ကုန်မြို့၏အခြေအနေမှာလည်း ယခုအခါ လှုပ်ရှားလျက် ရှိသေးသည်ဖြစ်၍ ရန်ကုန် စီရင်စုနယ် ရာဇဝတ်တရားသူကြီးက အစည်းအဝေးများမပြုလုပ်ရန် တားမြစ်ထားသည့်အမိန့်များ ထုတ်ဆင့်ထားလျက်ပင် ရှိသေးသည်။ အလုပ်လက်မဲ့ခြေလျင်အဖွဲ့တို့သည်လည်း ရန်ကုန်သို့ ရောက်အောင်သွား၍ ပြန်လာနိုင်ရန် စရိတ်ကြေးငွေအခြေအနေ လုံလောက်ထင်ရှားစွာ မရှိသည်လည်းတစ်ရပ်။ မိမိတို့၏ ခေါင်းဆောင်များကလည်း မိမိတို့ ငြိမ်ဝပ်ပိပြားစွာ ရှေ့သို့ဆက်လက် ခြေလျင်ချီတက်သွားနိုင်ရန်ကိစ္စအတွက် မကွေးစီရင်စုနယ် ရာဇဝတ်တရားသူကြီးက တောင်းဆိုထားသည့် အနည်းငယ်မျှသော အာမခံငွေကလေးကိုပင် မတင်နိုင် ရှိနေကြသည်ကလည်း တစ်ကြောင်း၊ မကွေးမြို့၏ တောင်ဖက်ကျရောက်သော ကျေးရွာများမှာလည်း ဆင်းရဲနွမ်းပါး၍ ဤနယ်အတွင်း ဖြတ်သန်းသွားရမည့် လူပေါင်း ၈၀၀ခန့်တို့ကို ကျွေးဖို့ မဆိုထားဘိ၊ ကျေးရွာသားများမှာ မိမိတို့အတွက် ပင်လျှင် အနိုင်နိုင် စားသောက်နေကြရပေသည်။ အထက်ပါအကြောင်းများကြောင့် မကွေးမြို့၏ တောင်ဖက်သို့ ကျော်လွန်၍မသွားကြစေရန် မကွေးနယ်ပိုင် ရာဇဝတ်တရားသူကြီးကလည်း ၎င်းခြေလျင် တပ်အဖွဲ့ဝင်အပေါင်းတို့အားလည်း ဆင့်ဆိုတားမြစ်ထားပေး၏။ ၎င်း တားမြစ်သောအမိန့်ကို ၁၉၃၈-ခု၊ ဒီဇင်ဘာလ ၆-ရက်နေ့က ထုတ်ဆင့်လျက်ရှိသော်လည်း ခြေလျင်တပ်အဖွဲ့မှာ ယနေ့အထိ မကွေးမြို့၌ပင် ရှိနေသေးသည် ဖြစ်ကြောင်း။

အထက်ဖော်ပြရာပါ အကြောင်းများကို စဉ်းစားဆင်ခြင်လျှင် ၎င်းခြေလျင်တပ်အဖွဲ့ဝင် သူတို့မှာ ရှေ့အဖို့မည်ကဲ့သို့ ပြုလုပ်သင့်ပါသလဲဟု တွေးကြည့်ကြလျှင် မိမိတို့အိမ်များကိုသာ ပြန်လည်သွားသင့်သော လမ်းတစ်ခုသာရှိကြောင်း ထိုခြေလျင်တပ်အဖွဲ့ဝင်သူတို့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှအပြစ်မရှိပဲ လူရိုးလူဖြောင့်များစွာ ပါဝင်လျက် ထိုသူတို့မှာ မိမိအိမ်သို့ ပြန်သွားလိုကြသော်လည်း မသွားရန် ဆူပူနှောက်ယှက်လိုသူများက ပြန်မသွားရန်သာ သွေးဆောင်ထားသည်ဖြစ်ကြောင်း၊ ထိုသို့ ဆူပူနှောက်ယှက်သူများမှာလည်း ခြေလျင်တပ်အဖွဲ့သားတို့၏ အကျိုးများကိုသာ စင်စစ်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒသဘောမျိုးဖြင့် ပြုလုပ်သည် မဟုတ်ပဲ မိမိတို့ကိုယ်ကျိုးသက်သက်ကိုသာ အဓိကထား၍ ဆူပူနှောက်ယှက်ရန် ကြိုးစားကြခြင်းမျှသာဖြစ်ကြောင်း။

နယ်ရှင်အစိုးရတို့ကလည်း ခြေလျင်တပ်ဖွဲ့၏ နစ်နာချက်များကို အစိုးရတို့ထံသို့ လျှောက်ထားခြင်း မပြုစေရန် တားမြစ်လိုသော ဆန္ဒအလျဉ်းမရှိကြောင်း။ မိမိတို့၏ နစ်နာချက်များကို မကွေးမြို့ရှိ ခရိုင်ဝန်ထံသို့ဖြစ်စေ၊ အရေးပိုင်ထံသို့ဖြစ်စေ သေချာကျနစွာ လျှောက်လွှာဖြင့် ရေးသားလျှောက်ထားလျှင်လည်း လိုရင်းကိစ္စပြီးမြောက်ဖွယ်ရှိကြောင်း သို့တည်းမဟုတ် မိမိတို့အထဲမှ ကိုယ်စားလှယ်များရွေးချယ်၍ ရန်ကုန်မြို့သို့ စေလွှတ်လိုလျှင်လည်း စေလွှတ်နိုင်ကြသည် ဖြစ်ကြောင်း။

## အက်ဖ်-အိချ်-စီ ပူလာဝပ်
## အရေးပိုင်မကွေးမြို့

ဖော်ပြပါ ကြေငြာချက်ကို လက်မှတ်ရေးထိုးသော အက်ဖ်-အိချ်-စီပူလာဝပ်သည် ထိုစဉ်အချိန်က ထင်ရှားလူသိများသည့် မကွေးမြို့အရှေ့ပိုင်းဖြစ်သည်။ ထိုစဉ်က မကွေးရာဇဝတ် ဝန်ကြီးကား ဘတ်စ်တောလ် ဖြစ်သည်။ နယ်ချဲ့လက်ပါးစေကြီးနှစ်ယောက် ပူးပေါင်း၍ ရေနံမြေသပိတ်တပ်ကြီးကို ဖြိုခွဲရန် ကြံစည်ခဲ့လေသည်။

သပိတ်တပ်များ၏ ခေါင်းဆောင်များကား အာဋ္ဌာဝက သခင်ဖိုးလ၊ သခင်ဗတင်၊ သခင်ဗမောင်၊ သခင်ခင်၊ သခင်ခင်ကြီးနှင့် ဆရာတော်များဖြစ်ကြသော ဦးဝယမ၊ ဦးဇောတိက၊ ဦးကန္တရနှင့် သျှင်နန္ဒတို့ကို ဒီဇင်ဘာလ ၄ ရက် နံနက် ထမင်းစားချိန်တွင် အာရ် ၁၄၀၀ ဘတ်စ်ကားဖြင့် ဖမ်းဆီးလိုက်သည်။

ထိုသို့ခေါင်းဆောင်များ ဖမ်းဆီးလိုက်ခြင်းဖြင့် သပိတ်တပ်ကြီး ပြိုကွဲသွားလိမ့်မည်ဟု အထင်ရှိခဲ့သည်။ သို့သော်လည်း ရေနံမြေတပ်ကြီးများ ကြံ့ကြံ့ခံလျက် တစ်လုံးတစ်စည်းတည်း စည်းကမ်း သေဝပ်စွာဖြင့် ရပ်တည်နေသည်ကို တွေ့ရသောအခါ တစ်မျိုးတစ်မည် ပရိယာယ်ဆင်၍ အထက်ပါကြော်ငြာများ ရိုက်နှိပ်ကာ သပိတ်တပ်သား၏ သွေးချင်းသားချင်းများရှိရာ ရေနံများကို ဝေငှာစေခဲ့သည်။ အဆောက်အဦ နံရံအနှံ့အပြားတွင်လည်း ကပ်ထားခဲ့သည်။ ခေါင်းဆောင်နှင့် နောက်လိုက်များအား သွေးခွဲရုံမျှမက တိုင်းပြည်ကလည်း အယုံအကြည်ကင်းမဲ့ရန် ရည်သန်ကာ ကြော်ငြာချက်နှင့် တိုက်စစ်ဆင်ခြင်း ဖြစ်သည်။

ဤကြော်ငြာဝေငှပြီးနောက်မှပင် ရေနံမြေမှ ကျန်ရစ်ခဲ့သူ သပိတ်သမားများ လိုက်လာ ပူးပေါင်းကြပြန်တော့သည်။ ထိုကြောင့် လက်ပါးစေတို့သည် သပိတ်အင်အားကို ကြောက်ရွံ့လာတော့၏။ အစိုးရိမ်တကြီး ဖြစ်လာတော့၏။ မည်မျှ ကြောက်ရွံ့ထိပ်လန့်လာသနည်း၊ ၁၃၀၀ပြည့် နတ်တော်လပြည့်ကျော် ၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဤသို့ တွေ့ရသည်။

မကွေးနယ်ပိုင်ဝန်ထောက်က ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အရ တားဆီးခြင်းခံရသော ရေနံမြေသပိတ်များမှာ မကွေးတွင် ရပ်နားနေရကြောင်း။ ၎င်းတို့မှာ ဘုန်းကြီးကျောင်းဝင်းအတွင်း ၆ ရက်တိတိ လှုပ်ရှားခြင်း မရှိပဲနေရသဖြင့် ကျန်းမာရေးအလို့ငှာ စနေနေ့က နံနက်စောစောထ၍ ကိုယ်လက်လှုပ်ရှားမှု ဒရိမ်းပြကြကြောင်း။

## ဘုန်းကြီးကျောင်းကို စစ်ပုလိပ်ဝိုင်းခြင်း

ထိုကဲ့သို့ ဒရိမ်းပြခြင်းကို ပုလိပ်အရာရှိများက တစ်မျိုးတစ်မည်ထင်ကြသဖြင့် စစ်ပုလိပ်ဗိုလ်မှူးနှင့် ရာဇဝတ်ဝန်ထောက်ကြီးမှူးသည့် မြင်းစီးပုလိပ်များ၊ မြို့မပုလိပ်များ၊ အခြားစစ်ပုလိပ်တို့ဖြင့် ဘုန်းကြီးကျောင်းကို ဝိုင်းဝန်းထားကြကြောင်း၊ မကွေးမြို့သူမြို့သားတို့မှာ ပုလိပ်တို့၏ အပြုအမူကို များစွာ အံ့သြရယ်မောကြကြောင်း။

## အစည်းအဝေး မကျင်းပရ

ဒီဇင်ဘာလ ၉ ရက် နေ့ညက သပိတ်သမားတို့ အရေးနှင့် စပ်လျဉ်း၍ ရွှေဥဒေါင်းရုပ်ရှင်ရုံ၌ မြို့လုံးကျွတ် အစည်းအဝေးကျင်းပရန် စီစဉ်ထားရာ ရွှေဥဒေါင်းရုံနီးပတ်ဝန်းကျင်ရှိ နေရာအသီးသီးတွင် လူထုအင်အားကြီး



www.burmeseclassic.com

www.burmeseclassic.com



များ ပြည့်နှက်နေကြောင်း သို့ရာတွင် နယ်ပိုင်ဝန်ထောက်က ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်သဖြင့် အများပင် စိတ်ပျက်ပြန်သွားရကြောင်း။

စသည်ဖြင့် ဖော်ပြသော မြန်မာ့အလင်း သတင်းစာပါ သတင်းအရ အခြေအနေကို သိရပေ၏။ ဤသို့ "လှဖျား ပုဇင်းနား ကျီးကန်းချေးပါ" သည့်ပုံနှယ် မကွေးနယ်ခွဲ့အာဏာပိုင်တို့ အထိတ်တလန့်ဖြစ်နေရာမှ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သံဃာ၄ပါး၊ သခင်ဖိုးလှကြီး ဦးဆောင်သော အဖမ်းခံ ရေနံမြေ သခင် ၅ဦး တို့နှင့် အရေးပိုင်းမူလာဝပ်တို့ မကွေးတရားရုံးတွင် တရားဆိုင်ကာ ရင်ဆိုင်တွေ့ခဲ့ကြရပြန်သည်။

အင်္ဂလိပ် တရားဥပဒေများသည် ကမ္ဘာပေါ်တွင် တရားနည်းလမ်းအမှန် အကျနဆုံး ဖြစ်သည်သာမက သဘာဝဓမ္မ နည်းအားဖြင့်လည်း ယထာဘူတ ကျပါသည်ဟု အစဉ်ကြွားဝါခဲ့သော ရေနံဝန်ဟောင်း အိုင်စီအက်စ်မူလာဝပ်သည် ထိုအရေးတွင် အရေးပိုင်အဖြစ် အမိန့်ပေးခဲ့ပြီး ယင်းအမှုတွင်ပင် ဒိစကြိတ် တရားသူကြီးအဖြစ်လည်း စစ်ဆေးခဲ့ပြန်လေသည်။ ရာဇဝတ်ဝန်ကြီး ဘတ်စတောလ်က သက်သေခံလျက်အမှုလိုက် အင်စပိတ်တော်မစ္စတာကိုလိုဒင်က အစိုးရဖက်မှ လိုက်လေသည်။

ထိုစဉ်အခါက မကွေးမြို့တွင် မြန်မာအမျိုးသား တရားသူကြီးများ အမှုလိုက်များရှိသော်လည်း မြန်မာများ အပေါ်ယုံကြည်မှု ကင်းမဲ့နေသဖြင့် မျက်နှာဖြူဖြူ အချင်းချင်း တစိတ်တဝမ်းတည်း ဖန်တီးသွားကြသည်မှာ နည်းကျမကျ စဉ်းစားရန်ပင် မလိုပါတော့ချေ။

တရားစစ်ဆေးသည့်နေ့ (ဒီဇင်ဘာ၁၂ရက်) တရားခွင်တွင် အာဏာဝက သခင်ဖိုးလှကြီးနှင့် မူလာဝပ်တို့ အစစ်အဆေး အမေးအမြန်းတွင် ထေ့လုံး-ငေါ့လုံး-သောလုံးများဖြင့် စည်စည်ကားကား ရှိနေသည်ကို တွေ့ရသည်။

ထောင့်သုံးရာပြည့် အရေးတော်ပုံစာအုပ်မှ မူရင်းအတိုင်း ထုတ်နုတ်ပြရပါမူ-

"ရာဇဝတ်ဝန်ကြီး မစ္စတာဘစ်စတောလ်ကို စတင်စစ်ဆေးရာ၊ သခင်ဖိုးလှကြီးက ရာဇဝတ်ဝန်ကြီး အလုပ်လုပ်တာ ဘယ်နှစ်နှစ်ရှိပြီလဲ။ ရာဇဝတ်ကြီး အလုပ်လုပ်စဉ် အတောအတွင်း ထုချေလွှာ အတောင်းခံရဘူးလား။ ရာဇဝတ်ဝန်ကြီး ၁၉၃၇ခု ဒီဇင်ဘာလ ၂၂ ရက်နေ့က ရေနံချောင်း ဘီအိုစီလေဘာဖြူရှိ ဝန်ထောက် မစ္စတာဝက်စတားအိမ်မှာ ညစာထမင်း စားပါသလား။ ရာဇဝတ်ဝန်ကြီးရေနံချောင်းလာစဉ် မော်တော်ကားပျက်နေ၍ လူတစ်ယောက်က မော်တော်ကား ပြင်ပေးတာပြင်တဲ့ အခပေးရပါသလား။ ရာဇဝတ်ဝန်ကြီး ရေနံချောင်း လာသည့်အခါ ဘီအိုစီမှ ဓာတ်ဆီကို မော်တော်မှာထည့်တာ ငွေပေးရပါသလား-စသည့် မေးခွန်းများနှင့် အခြား မေးခွန်းအမြောက်အမြားကို သခင်ဖိုးလှက ပြန်လှန်မေးခွန်ထုတ်ရာ အမှုလိုက်က ၎င်းမေးခွန်းများ မမေးနိုင်ကြောင်း အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်သည့်ပြင် ရာဇဝတ် ဝန်ကြီးကလည်း မဖြေကြားပဲ ငြင်းဆိုသည်ကများကြောင်း။

သခင်ဖိုးလှ ။ ။ "ကျုပ်တို့ မထွက်မီ ကြော်ငြာအစီအစဉ်ကို ပေးလိုက်တာ ရပါသလား။

ရာဇဝတ်ဝန်။ ။ "ရပါတယ်"

မေး ။ ။ "ကြော်ငြာအစီအစဉ်ကို ရုံးတော်သက်သေခံတင်ပြပါ။"

ဖြေ ။ ။ "သက်သေခံမပါဝင်၍ မပြနိုင်ပါ။"

ထိုအခါ အသင့်ပါလာသော ကြော်ငြာကိုထုတ်၍ "တူ ပါသလား" ဟုပြရာ ဝန်ခံသဖြင့် သက်သေတင်ရာ အရေးပိုင်က လက်မခံကြောင်း။

"ကျွန်တော်တို့ လာမဲ့အကြောင်း ကြော်ငြာထားပါလျက်နှင့် ဘာပြု၍မထွက်မည်က မတားသလဲ၊ ရေနံချောင်းရောက်တဲ့အခါ တားနိုင်ခွင့်အာဏာရှိတဲ့ ရေနံဝန်၊ နယ်ပိုင်ဝန်ထောက်၊ ရာဇဝတ်ဝန်ကလေးများ ရှိပါလျက် သူတို့ဘာပြုလို့ မတားသလဲ" စသည့် မေးခွန်းများမေးရာ ဖြေသူများမှာ အခက်အခဲဖြစ်လျက် လှည့်ပတ်ဖြေကြားကြောင်း။

"ကျုပ်တို့ချောက်က ရေနံချောင်း၊ ရေနံချောင်းက မကွေးလာတဲ့လမ်းမှာ ရိုက်ခြင်း၊ ပုတ်ခြင်း၊ လုယက်ခြင်း၊ ခိုးခြင်းဖြစ်တယ်လို့ ကျုပ်တို့နှင့်အတူတူပါလာတဲ့ ပုလိပ်များက စီရင်ခံပါသလားဟု မေးရာ ရာဇဝတ်ဝန်က "အစီရင်ခံစာပါဟု" ဖြေကြားကြောင်း။

မေး ။ ။ "လူတစ်ယောက်အစာငတ်နေလျှင် ဘယ်သူတာဝန်လဲ"

ဖြေ ။ ။ "အစိုးရတာဝန်၊ ပုလိပ်နှင့်လည်း ဆိုင်ပါသည်။"

မေး ။ ။ "လူတစ်ယောက်အစာငတ်နေလျှင် ဘာလုပ်ရသလဲ။"



www.burmeseclassic.com

www.burmeseclassic.com





ဖြေ ။ ။ "စောက်ရှောက်ရပါသည်။"
မေး ။ ။ "ဗမာလူမျိုးမှာ ဒါနဆိုတာရှိတယ်၊ သိပါသလား။"
ဖြေ ။ ။ "သိပါတယ် ၊ အလှူလုပ်တာပါ။"
မေး ။ ။ "ဗမာများအလှူလုပ်လျှင် အလှူရှင်တစ်ဦးတည်းက လူ ၅၀၀၊ ၆၀၀ကို ထမင်းကျွေးနိုင်တယ် မဟုတ်လား။ ဗမာမှန်ရင် အလှူလုပ်တာ နားလည်ကြတာပဲ မဟုတ်လား၊ ယခုအချိန်မှာ ဒီနယ်မှာ နှမ်း၊ ပဲ၊ ဆီများ ဒီနယ်မှာပေါ်လို့ ရောင်းပြီးခါစဖြစ်လို့ အလှူပေးမဲ့သူမရှားလမ်းမှာ မငတ်နိုင်ပါ" စသဖြင့် သခင်ဖိုးလှက ရှည်လျားစွာမေးပြီး ညနေစောင်းသည့်အခါ "ကျုပ် ယခု ခေါင်း ရှုပ်သွားပြီး မေးစရာ စဉ်းစားလို့ မရတော့ဘူး။ နောက် စဉ်းစားရတဲ့အခါ မေးနိုင်သလား" ဟုမေးရာ တရားသူကြီးက "မမေးနိုင်ဘူး၊ တစ်ခါတည်းပြီးအောင် မေးရသည် " ဟုပြောကြောင်း။

ထိုအခါ သခင်ဖိုးလှက " ဒါဖြင့်ရင် တော်ပါပြီ၊ ရာဇဝတ် ဝန်ကြီးမောသွားတယ်ထင်တယ်" ဟု ပြောရာ ရာဇဝတ်ဝန်ကြီးက "ပြောဖို့ မလိုပါဘူး" ဟုပြောလိုက်ကြောင်း။ သခင်ဖိုးလှက ထပ်မံ၍ "အော်-မောသွားသလားလို့ပါ " ဟု ပြောလိုက်ကြောင်း။

မနေရှင်များ၏ လက်ပါးစေ ပီပြင်သော အာဏာပိုင်တို့မှာ ရေနံမြေခေါင်းဆောင်၏ အချက်ကျကျ မေးခွန်းများကို ခုံခံဖယ်ရှားနိုင်ခြင်း မရှိချေ။ သို့ရာတွင် ဇွတ်အဓမ္မပင် ထောင်ဒဏ် အသီးသီးပေးလိုက်သည်။

သို့ အဓမ္မထောင်ဒဏ်ချလိုက်ခြင်းဖြင့် သူတို့အဖို့ အကျိုးများသည်ဟု ထင်ခဲ့သော်လည်း တိုင်းပြည်အတွင်း ကြီးစွာသော အမြတ်ကျန်ရစ်ခဲ့သည်ကို နယ်ချဲ့လက်ပါးစေတို့ မသိယောင်တကား။

( ပြည်မြို့ ရွှေဘုန်းပွင့် စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် "ရှားပါးစာပေစာစင်"မှ ထုတ်နှုတ်ဖော်ပြပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# တို့ဗမာအစည်းအရုံးနှင့်
# ၁၃၀၀ပြည့် အရေးတော်ပုံ

သခင်သိန်းမောင်ကြီး(မီးတုတ်)

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့သမားတို့က သိမ်းပိုက်အုပ်စိုးခဲ့ချိန်မှစ၍ အလုပ်သမားနှင့် တောင်သူလယ်သမားတို့သည် တိုက်ပွဲပေါင်းအဆက်မပြတ် တရစပ်ဝင်ခဲ့ကြ၏။

ထိုတိုက်ပွဲများတွင် အလုပ်သမားတိုက်ပွဲနှင့် လယ်သမားတိုက်ပွဲများ စနစ်တကျ မဆက်စပ်မိ၍ အရေးနိမ့်ခဲ့ရခြင်းများလည်း ရှိ၏။ သို့သော် အချည်းအနှီးကား မဖြစ်ခဲ့ချေ။ တစ်နှစ်ထက်တစ်နှစ် ကျောင်းသားလူငယ် အလုပ်သမားလယ်သမားများ၏ စည်းလုံးညီညွတ်မှုများကို တိုက်ပွဲများအားဖြင့် တည်ဆောက်လာနိုင်ခဲ့၏။ လွတ်လပ်ရေးတိုက်ပွဲတိုင်းအား ဗြိတိသျှနယ်ချဲ့သမားတို့သည် တိုင်းရင်းလူမျိုးများနှင့် မြန်မာကို သွေးခွဲပေးသောစနစ်ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီများအား အုပ်ချုပ်ရေးအာဏာခွဲဝေပေး၍ လည်းကောင်း၊ အလုပ်သမားသပိတ်တိုက်ပွဲများကို ကုလား-ဗမာအဓိကရုဏ်း၊ ဟိန္ဒူ-မူဆလင် အဓိကရုဏ်းတို့ဖြင့် လုပ်ကြံဖျက်ဆီးခဲ့၍လည်းကောင်း၊ မိမိတို့ စိုးမိုးခြယ်လှယ်မှု သက်ဆိုးရှည်ဖို့ရန် အစွမ်းကုန်ကြိုးစားခဲ့ကြ၏။ သို့သော် လွတ်လပ်ရေးတိုက်ပွဲဟူသမျှသည် အချည်းအနှီး မဖြစ်ခဲ့ဘဲ တိုးတက်မှုကိုသာလျှင် ရှေ့ရှုလာခဲ့လေသည်။

၁၉၁၇-ခုနှစ်မှ စပြု၍ ရေနံမြေတွင် အလုပ်သမား တိုက်ပွဲပေါင်း အလီလီ ဆင်နွှဲခဲ့ကြပြီးနောက် ၁၉၃၀-ခုနှစ်တွင် "ဂဠုန်"ဟု အမည်တွင်ခဲ့သည့် ဆရာစံဦးစီးသော လယ်သမားတော်လှန်ရေးကြီးတွင် ဗြိတိသျှနယ်ချဲ့သမားတို့၏ လူမဆန်မှု၊ ရိုင်းပြမှု၊ ရက်စက်မှုတို့သည် အထင်းအရှား ပေါ်လွင်လာ၏။

## နယ်ချဲ့ဆန့်ကျင်ရေးအစည်းအရုံး

အနိုင်မခံ အရှုံးမပေး ထွန်းပြောင်သည့် လွတ်လပ်ရေး တိုက်ပွဲကြီးကြားမှာ ၁၉၃၃-ခုနှစ်တွင် နယ်ချဲ့ဆန့်ကျင်ရေးအဖွဲ့ဖြစ်သည့် ရေနံမြေတွင် ပထမညီလာခံကျင်းပအပြီး၌ အခြေစိုက်ခဲ့၏။

" သခင် " အမည်ကို ခံယူကြစေကာ ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေ၍ လွတ်လပ်ရေးတိုက်ပွဲ၏ သေနင်္ဂဗျူဟာကို ချမှတ်ပြီး -

(၁) သခင်မျိုးဟေ့ တို့ဗမာ
(၂) ဒါတို့မြေ ဒါငါတို့မြေ
(၃) မီးတုတ် မီးတုတ် ရှို့ ရှို့
(၄) သူပုန် သူပုန် ထထ စသည့် ရဲရဲတောက်

တိုက်ပွဲတံခွန် ကို လွှင့်ထူလျက် လှုံ့ဆော်စည်းရုံးခဲ့၏။

သခင်များသည် အလုပ်သမားများနှင့် လယ်သမားများ၏ လူနေမှုဘဝ မြင့်မားရေး၊ ကျွန်ပညာစနစ်ကို အမြစ်ပါမကျန် မြေလှန်ရေး စသည့် တိုက်ပွဲအလီလီတို့ကို မဆုတ်မနစ်သော ဇွဲတိုက်ပွဲတို့ဖြင့် ပြင်းထန်သော တိုက်ပွဲများကို ရှေ့ဆောင်ရင်း (၁) အလုပ်သမားများ၊ (၂) လယ်သမားများ၊ (၃) ပညာတတ်လူတန်းစားများ၊ (၄) အမျိုးသမီးများနှင့် (၅) ကျောင်းသားများကို စည်းလုံးစေ၍ နယ်ချဲ့ဆန့်ကျင်ရေး အစည်းအဝေးကြီးတစ်ရပ်ကို တည်ဆောက်နိုင်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်ဆောင်ကာ တိုက်ပွဲဝင်ခဲ့သည်အထိ အုံကြွခဲ့ကြ၏။

## ရှေ့ပြေးတပ်ဦး

ဗမာ့လွတ်လပ်ရေးတိုက်ပွဲကြီး၌ အလုပ်သမားတို့၏ ရှေ့ပြေးတပ်ဦးသည် ရေနံမြေအလုပ်သမားဟု ဆိုလျှင် ငြင်းဆိုနိုင်ဘွယ်ရာ အကြောင်းမရှိပေ။ ၁၃၀၀ ပြည့်နှစ်တွင် တပြည်လုံးရှိ အလုပ်သမား -------- လာရေးလှုပ်ရှားမှု -------- နိုးကြားထကြွမှုသည် ----------- ပေါက်ဖွားရေး --------- သမားသပိတ် ------- ညနေ --------- တို့ ဘဝမြင့်မားရေးအတွက်

(၁) အလုပ်သမားနေ့သားအား လခလုပ်ခအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲရန်။

(၂) လုပ်ခအပြည့်ဖြင့် ပိတ်ရက်တစ်ဦးလျှင် (၅၃)ရက် ပေးရန်။

(၃) ဆန်ကိုဒေါင်များကို အလုပ်သမားတို့ အုပ်ချုပ်ရန်။

(၄) အလုပ်သမားများအား ညဥ်းပန်းသည့် "လေဘာရုံး" တွင် အလုပ်သမားကိုယ်စားလှယ် ထည့်ပေးရန်။

(၅) အလုပ်သမားများ နေထိုင်ရန် အိမ်အခမဲ့ပေးရန်။

(၆) အိုမင်းမစွမ်းသူ လုပ်သားများအား ပင်စင်ပေးရန် အစရှိသော တောင်းဆိုချက် အချက် (၂၀)အပြင် "ရေနံမြေကို ဘိုး ဘွားပိုင်ပစ္စည်းဖြစ်သည့်အတွက် အလုပ်သမားလက်ဝယ်သို့ ပေးအပ်ရန်တို့ကို တောင်းဆိုခဲ့၏။

လက်ဝါးကြီးအုပ်အရင်းရှင်ဘီအိုစီသည် ယင်းတောင်းဆိုချက်များကို လျစ်လျူရှုရုံတွင်မကဘဲ အလုပ်သမားတစ်ဦးအား အလုပ်မှ မတရားထုတ်ပယ်ပစ်သည့်နေ့တွင်ပင် ချောက်မြို့မှအစ ရေနံချောင်းလမ်းရွာ၊ ရေနံချောင်း အလုပ်သမားသပိတ်မီးသည် ဟုန်းဟုန်းတောက်ခဲ့တော့သည်။ ရေနံမြေရှိ သခင်၊ သခင်မအပေါင်းတို့သည်လည်း သပိတ်အလုပ်သမားတို့အား ကိုယ်ဖိရင်ဖိ ကူညီကြတော့သည်။

ထိုစဉ် နယ်ချဲ့အစိုးရသည် အရင်းရှင်ဘီအိုစီနှင့် ပူးပေါင်းကာ ပုလိပ်၊ စစ်တပ်၊ မြင်းတပ်တို့အားထုတ်၍ ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ အလုပ်ထုတ်ပစ်ခြင်းများတို့ဖြင့် သွေးရူးသွေးတန်း ဖိနှိပ်ချုပ်ချယ်လာတော့၏။ ဤမှနောက်တွင် သပိတ်တိုက်ပွဲသည် ယာယီအားဖြင့် အေးမယောင်ယောင် ရှိခဲ့၏။

## သံလျင်သပိတ်

သို့သော် အလုပ်သမားနှင့် သခင်ခေါင်းဆောင်တို့သည် မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် သံလျင်ဘီအိုစီ အလုပ်သမားတို့၏အကူအညီကိုတောင်းခံရင်း လှုံ့ဆော်စည်းရုံးခဲ့၏။ ၁၉၃၈-ခုနှစ်၊ ဩဂုတ်လလောက်တွင် သံလျင် ဘီအိုစီအလုပ်သမား ၃၀၀၀ ကျော်တို့သည် သပိတ်မှောက်၍ ၎င်းတို့၏ ဝတ်ရေး၊ စားရေး၊ နေရေးအတွက် အခကြေးငွေများကို တောင်းဆိုသည့်ပြင် ရေနံမြေအလုပ်သမားများအား အလုပ်ပြန်ခန့်ရေး တောင်းဆိုခဲ့၏။ ခနရှင်တို့က မလိုက်လျောဘဲ နေခဲ့သည့်ပြင် အမျိုးမျိုးသောဖိနှိပ်မှုတို့ဖြင့် တန်ပြန်တိုက်ခိုက်လာ၏။ ဤသည်တွင် ဖယောင်း ဂိုဒေါင်ကို မီးစွဲလောင်၍ သိန်း ၄၀ ဘိုး ဆုံးရှုံးတော့မှ ခနရှင်ဘီအိုစီသည် သံလျင်သပိတ်အတွက် ဖြန်ဖြေစေ့စပ်ရေးခုံကို လက်ခံပါသော်လည်း ၎င်းခုံတွင် ရေနံအလုပ်သမားကိစ္စကို မဆွေးနွေးဘဲ ငြင်းပယ်ခဲ့တော့၏။

## ရေနံသပိတ်တပ်

ထို့ကြောင့် ၁၉၃၈ ခုနိုဝင်ဘာလကုန်လောက် ရေနံမြေ သပိတ်သမားတို့သည် ကမ္ဘာပေါ်၌ အလုပ်သမားလှုပ်ရှားမှုတွင် ရာဇဝင်တွင်မည့် ရန်ကုန်သို့ ခရီးရှည် (မိုင် ၄၀၀) ချီတက်ပွဲကို ဆင်နွှဲခဲ့ကြ၏။

## မကွေးတိုက်ပွဲ

နယ်ချဲ့အစိုးရသည် ခနရှင်ဘီအိုစီ၏ အကျိုးကို ကာကွယ်ရန် အသင့်ပြင်လျက် ၎င်းတို့၏ လက်ပါးစေများကို တာဝန်ပေးထား၏။ ရေနံမြေခြေလျင်သပိတ်တပ်ကြီး မကွေး ဆုံလယ်ကျောင်းတွင် နားနေခိုက် သခင်ဖိုးလှကြီး အစရှိသော သပိတ်ခေါင်းဆောင် ၂၁ ဦးကို ဖမ်းဆီးကာ သပိတ်တပ်ကြီးအား ဖြိုခွင်းတော့၏။ နယ်ချဲ့သမားတို့သည် သပိတ်တပ်စခန်းကို မြင်းတပ်နှင့် ဝိုင်းရံထားရုံမျှမက လူမှုအခွင့်အရေးဖြစ်သော လွတ်လပ်စွာ ဟောပြောခွင့်ကိုပါ ထိပါးလာ၏။ ဌာနချုပ် တို့ဗမာအစည်းအရုံးကလည်း ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်သို့ အရောက်ပို့ရန် အသေခံဗိုလ်များ တိုင်းပြည်တွင် ခေါ်ရာ အသေခံဗိုလ်ပေါင်း ၄၀ စာရင်းသွင်း၏။

## မြင်းတပ်ကိုတိုးထွက်ခြင်း

သပိတ်တပ်ကြီးအား စစ်ပုလိပ်၊ ရိုးရိုးပုလိပ်နှင့် မြင်းစီးပုလိပ်တပ်များဖြင့် ရှေ့မတိုးနိုင်အောင် တားဆီးရာ သွေးသံရဲရဲ ဖြစ်ကုန်ကြပြီး မြို့သူမြို့သား၊ ကျောင်းသားလူငယ်နှင့် အမျိုးသမီးတို့၏ အားပေးမှုဖြင့် မြင်းတပ်ကို အတင်းတိုးထွက်ကာ ဧရာဝတီမြစ်သောင်ထဲသို့ အတင်းဆင်း၍ အာလံဘက်သို့ ချီ တက်လာတော့၏။

ရေနံတပ် အာလံသို့ မရောက်မီခင် ရေနံတပ်ကို ကြိုဆိုရေးအဖွဲ့ဝင်သခင်ဖန်းအား နယ်ချဲ့လက်ပါးစေတို့က သူတို့၏ တာဝန်ဝတ္တရားဆောင်ရွက်မှုကို ပိတ်ပင်သည်ဆိုကာ ပစ်သတ်လိုက်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ရွှေပုံတောင်ပေါ်မှ
# ၁၃၀၀ပြည့်အရေးတော်ပုံကို လှမ်းမျှော်ကြည့်ခြင်း



မြင့်ဆန်း

၁၉၀၀ပြည့်နှစ်၊ ဩဂုတ်လ ၁၆ရက်နေ့တွင် ချောက်ရေနံမြေက ပထမဆုံးရေနံတွင်းကို စတင်တူးဖော်ခဲ့တယ်။ စောင်းတွင်းနဲ့တူးဖော်ရတာဖြစ်ပြီး ၇လနဲ့ ၇ရက်ကြာ ၁၉၀၁ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ အနက်ပေ ၁၉၃၉သို့ရောက်ရှိခဲ့ပြီး ၁၉၃၇ခုနှစ်မှ နောက်ဆုံးအနက် ၁၈၈၀ပေအထိရောက်ခဲ့တယ်။ ဒီဒေသမှာ အေ (A) အမှတ်သဲက ရေနံအထွက်ဆုံးသဲဖြစ်တယ်။

ရေနံစိမ်းစည်ပေါင်း ၃၆၉၀၉၀ ထုတ်ယူပြီး ၁၉၂၉မှာ ပိတ်ထားတယ်။ ၁၉၃၄ခုနှစ်မှာ ရေနံဓာတ်ငွေ့တွေ ထိုးသွင်းခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်မှာ အဲဒီတွင်းကို စမ်းကြည့်တော့ ရေနံပိုက်ကြောင်း ပျက်စီးနေပြီဆိုတာတွေရှိရတယ်။ ဒါကြောင့် ၁၉၄၉ခုနှစ် ဇန်နဝါရီလမှာ ဒီတွင်းကို လုံးဝ ပိတ်လိုက်ရတယ်။ ဒီတွင်းက ချောက်ရေနံမြေမှာ ပထမဆုံးတူးဖော်တဲ့ တွင်းနံပါတ် (၁) ။ နောင်လာနောင်သားတို့ မှတ်သားမိစေဖို့ ကျောက်တိုင်စိုက်ထူထားခဲ့တယ်။

ရွှေဘုံသာဘုရားကနေ ရှေ့ဆက်လျှောက်ရင် လမ်းရဲ့ဝဲဘက်မှာ ရှိနေတယ်။

ရွှေပုံတောင်။

ဒီတောင်ပေါ်ကို အောက်တိုဘာလ(၇)ရက်နေ့ မနက်ပိုင်းမှာ ရောက်ရှိနေခဲ့တယ်။ ချောက်မြို့က ၁၃၀၀ပြည့်ရေနံမြေအရေးတော်ပုံ စိန်ရတုအခမ်းအနား ကျင်းပရေးကော်မတီက ရန်ကုန်မှ အရပ်ဘက် လူအဖွဲ့အစည်းတွင် မီဒီယာတွေနဲ့တွေ့ဆုံပွဲလုပ်မှာမို့ မနေ့ညက ရန်ကုန်ကနေ အဲဒီအဖွဲ့တွေနဲ့အတူ လိုက်လာခဲ့တာပါ။ ချောက်မြို့ မနက်အစောကြီးရောက်ခဲ့တယ်။

အရှေ့ရပ်က တိပိဋကလင်္ကာရကျောင်းမှာ တည်းခိုဖို့ နေရာထိုင်ခင်းရတယ်။ ပစ္စည်းချ၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ချောက်မြို့ ရွှေရတုအဖွဲ့ဝင်တွေနဲ့ စကားပြောဖြစ်ပါတယ်။ မြို့လယ်ခေါင်က လက်ဖက်ရည်ဆိုင်ကောင်းကောင်းတစ်ဆိုင်မှာ စုဝေးထိုင်ကြတယ်။ မနက်ခင်းစာ စားသောက်၊ အဲဒီနောက် ချောက်မြို့ခံတွေက အေးစေတီဘုရား လိုက်ပို့ပေးပါတယ်။ တောင်ပေါ်က ဘုရားအရပ်ရပ်ကို အပေါ်စီးက မြင်ရတယ်။ နှစ်ပဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြာလှပြီဖြစ်တဲ့ သမိုင်းနဲ့စေတီ။
ချောက်များ၊ တောင်ကုန်းမြင့်များ၊ စိမ်းစိုသောသစ်ပင်များ၊
ရေနံအလုပ်သမားတို့
ရဲ့ အိမ်တန်းလျားတို့ကို ကြည့်မြင်ခွင့်ရရှိခဲ့တယ်။

အေးစေတီကနေ ရွှေပုံတောင်ကို သွားတော့ မြို့ကိုဖြတ်ရတယ်။ မြို့အပြင်ရောက်ပြီး အတန်ကြာကြာ မော်တော်ကားခရီးစဉ်ပြီးတော့ ရွှေပုံတောင်ပေါ် ရောက်ရှိတယ်။ ရာဇဝင်ထဲကတောင်။ ရွှေပုံတောင်နိုင်တော်ကျွန်းကို ရဟန်းစာဆိုတစ်ပါး ရေးသားဖွဲ့သီခဲ့တဲ့နောက်ခံစကား။ ယခုတော့ ကြီးမားခိုင်ခံ့သော သာသနာ့အဆောက်အအုံကြီး ထည်းထည်းမြင့်မြင့် တောင်ပေါ်မှာ တည်ဆောက်ထားပြီး တောင်ပေါ်ဘုရားမှာ ကျယ်ပြန့်တဲ့၊ ပြေပြစ်တဲ့ အခင်းအကျင်း ရှိတယ်။ လက်ဝဲဘက်မှာ အနိမ့်ထဲက ဧရာဝတီက စီးဆင်းလျှက်။ တောင်နှင့်မြစ်ကြားမြေပြင်၊ ကုန်းစောင်းတန်းတစ်လျှောက် ရေနံတွင်းစင်မြင့်များ။ မြစ်ထဲမှာမြင်ရတဲ့ သင်္ဘောငယ်လေးက အရုပ်လေးပမာ မြစ်ရေထဲ ခုတ်မောင်းလျှက်။ တစ်ဘက်ကမ်းမှာ လမ်းရွာ။ လမ်းရွာကို ဒီဘက်ကမ်းကနေ လျှပ်စစ်မာတ်အားလိုင်း ဖြတ်သန်းသွယ်တန်းထားတယ်။ လမ်းရွာဆိပ်မှာ မှုန်ပြပြ။

၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံမှာ လမ်းရွာက သခင်တွေ၊ အလုပ်သမားတွေ ပါဝင်ကြတယ်။ လမ်းရွာက သခင်တစ်ဦးက ရေနံမြေကနေ ရန်ကုန်အထိ သပိတ်စစ်ကြောင်းရဲ့ခရီးစဉ်ကို မှတ်တမ်းတင်ထားတာ ဖတ်ရှုခဲ့ဖူးတယ်။ အရင်ခေတ်သတင်းစာအကြီးကြီးတစ်စောင်မှာ မေဒေးနေ့ အထူးထုတ်အချပ်ပိုအလယ်စာမျက်နှာကနေ ဖော်ပြဖူးတယ်။ အဲဒီမှတ်တမ်းကို ဖတ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ရွှေပုံတောင်ပေါ်ကနေ ပထမဆုံးရေနံတွင်း နေရာကို မှန်းဆကြည့်မိပါတယ်။ မရေရာလှပါ။ ဒါပေမဲ့ ရေနံထွက်တဲ့သမိုင်းနဲ့ မြို့ပြတည်ရှိမှုကိုတော့ မှန်းဆနိုင်ခဲ့တယ်။ ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်တုန်းက ချောက်မြို့ဆိုတာ မရှိသေးဘူး။ စဉ့်ကူးကွင်းလို့ပဲ ခေါ်ဝေါ်မှတ်တမ်းတင်ခဲ့ကြတယ်။ ချောက်က အရင်တုန်းက ဆိပ်ကမ်းရှိတဲ့ရွာကလေးမျှသာ။ ရေနံလုပ်ငန်းနဲ့ ရေနံထွက်ရှိရာကနေ တစတစ တိုးချဲ့ကြီးထွားလာတဲ့ စည်ပင်ထွန်းကားလာတဲ့ မြို့ပြကလေးဖြစ်လာခဲ့တယ်။ ရေနံမြေရဲ့ အချက်အချာလည်း ဖြစ်လာခဲ့တယ်။

ရွှေပုံတောင်ပေါ်ကနေ စဉ့်ကူးဘက်ကို လှမ်းမျှော်ကြည့်တယ်။ အဝေးမှာ ရပ်ကြီးရွာကြီး ဖြစ်မယ်။ အဲဒီက လွန်သွားပြီး ဟိုအဝေးမှာ ပုဂံညောင်ဦးရှိတယ်။ ပုဂံဘုရားတို့ကို လှမ်းမမြင်နိုင်ပါ။ အဝေးမှ တန့်ကြည်တောင်တန်းကိုတော့ ပြပြကလေးမြင်ခဲ့တယ်။

မမြင်ရသောအရာများ၊ ဖြတ်သန်းသွားသော သမိုင်းများ၊ ပါဝင်ဆင်နွှဲခဲ့သော လူပုဂ္ဂိုလ်များကို ပုံဖော်ကြည့်နေဖြစ်ခဲ့တယ်။ သမိုင်းက ဧရာဝတီရေစီးလို ညင်ညင်သာသာ စီးသွားခြင်းတော့ မဟုတ်ခဲ့။ အောက်တိုဘာလ ရေပြင်က ငြိမ့်ညောင်းနေမယ်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် နွေးကွေး လေးလံလိမ့်မယ်။သောင်ထွန်းလာမယ်။ မြစ်ရေစီးကြောင်း ကျဉ်းမြောင်းလာမယ်။ ထိုအထဲမှာပင် စိတ်ခေတ်ရေအလျဉ်က စီးမြဲစီးပေလိမ့်မယ်။

မမြင်ရသေးသော အဝေးညောင်ဦးမြစ်ကမ်းပါးတွင် ခေတ်ပေါ်လက်ရာတံတားတစ်ဆင်းရှိတယ်။ ဧရာဝတီကို အပေါ်မှကျော်ဖြတ်၍ တဘက်ကမ်းပခုက္ကူသို့ ဖြတ်လမ်း။ ပခုက္ကူကို လွန်ခဲ့သော နှစ်အစိတ်ကျော်က ရောက်ဖူးတယ်။တက္ကသိုလ် ဒါမှမဟုတ် ဒီဂရီကောလိပ်ရှိတယ်။ နောက်ပြီးတော့ ထောင်ရှိတယ်။ အဲဒီထောင်မှာ ၁၃၀၀ပြည့် အရေးတော်ပုံတုန်းက သပိတ်တားခဲ့တဲ့ ချောက်မြို့က သခင်မကြီးတွေ၊ သခင်မငယ်တွေ၊ မြို့သူမတွေမှာ အကျဉ်းကျခံခဲ့ရတယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားအောက်မှာ ချောက်မြို့သူတွေ နယ်ချဲ့နဲ့ အရင်းရှင်စနစ်ကို သပိတ်လက်နက်နဲ့ တော်လှန်တွန်းလှန်စဉ် နိုင်ငံရေးအကျဉ်းသားများ ဖြစ်ခဲ့ကြတယ်။ အဲဒီအထဲမှာ ကျွန်တော့်အဘွား ဒေါ်ငွေခဲပါတယ်။ သမိုင်းခေတ်ထဲကျရောက်ခဲ့တဲ့ တာဝန်ကို ထမ်းဆောင်ခဲ့ကြသူများ။ ကလေးဘဝမှာ မိခင် ပခုက္ကူထောင်ထဲပါသွားတာကို မျက်ဝါးထင်ထင်မြင်ခဲ့ရတဲ့ ၁၃၀၀ပြည့်အရေးတော်ပုံ အပ်ချမတ်ချ ကြည့်မြင့်ခဲ့ရတဲ့ ကျွန်တော့်ဖခင်ဖြစ်သူကတော့ ရေနံမြေအရေးတော်ပုံကို ဇာတ်အိမ်ဖွဲ့ပြီး သမိုင်းနောက်ခံ ဝတ္ထုရှည်ရေးသားခဲ့တယ်။

တကယ်က ၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံက အရင်းရှင်ဘီအိုစီရဲ့ကုတ်သွေးစုတ်မှုဒဏ်ကို မခံရပ်နိုင်ကြတဲ့ မြန်မာအလုပ်သမားတွေ သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြတာဖြစ်တယ်။ အဲဒီတိုက်ပွဲမှာ အလုပ်သမား၊ မြို့ခံမြို့မိမြို့ဖ၊ အမျိုးသား အမျိုးသမီးနဲ့ လူငယ်ပါဝင်ခဲ့တယ်။

www.burmeseclassic.com



**၁၉၃၄၃၅ခုနှစ်မှာ ရေနံတတ်ငွေတွေ ထိုးသွင်းခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက်မှာ အဲဒီတွင်းကို စမ်းကြည့်တော့ ရေနံပိုက်ကြောင်း ပျက်စီးနေပြီ ဆိုတာ တွေ့ရှိရတယ်။ ဒါကြောင့် ၁၉၄၉၃ခုနှစ် ဇန်နဝါရီလမှာ ဒီတွင်းကို လုံး၀ ပိတ်လိုက်ရတယ်။ ဒီတွင်းက ချောက် ရေနံမြေမှာ ပထမဆုံးတူးဖော်တဲ့ တွင်းနံပါတ် (၁) ။ နောင်လာနောင်သားတို့ မှတ်သားဖို့စေဖို့ ကျောက်တိုင် စိုက်ထူထားခဲ့တယ်။**

အရင်းရှင်ဘီအိုစီဘက်ကို အင်္ဂလိပ်အစိုးရက အကာအကွယ်ပေးခဲ့တယ်။ နည်းမျိုးစုံနဲ့သပိတ်ကိုဖြိုခွင်းတယ်။

၁၃၀၀ပြည့် အရေးတော်ပုံ အကြိုကာလနဲ့ အရေးတော်ပုံရက်စွဲမှတ်တမ်းတွေကို ပြန်လှေ့လာကြည့်ရင် ၁၉၀၀ပြည့်လွန်ကာလ ချောက်ရေနံမြေမှာရေနံကို စီးပွားဖြစ် ထုတ်လုပ်လာကတည်းက အလုပ်သမားနဲ့ အရင်းရှင်ကုမ္ပဏီ ထိပ်တိုက်တွေ့ခဲ့ကြတာ အကြိမ်ကြိမ်။ ၁၉၁၅ခုနှစ်ကရေနံချောင်း BOC မှာအမေရိကန် တွင်းတူးအင်ဂျင်နီယာတွေက ပထမကမ္ဘာစစ်အကြောင်းပြုပြီး လစာတိုးတောင်းရာကနေ သပိတ်ဖြစ်ခဲ့တယ်။ နောက်ဆက်တိုးသပိတ်များက ၁၉၁၇ ရေနံချောင်း BOC စာရေးများ သပိတ်။ ၁၉၂၀ သန်လျင်ရေနံချက်စက်ရုံ သပိတ်။ (၁၉၂၁ ဧပြီ ၃ရေနံချောင်းမှာ အလုပ်သမားများ၏အသင်းချုပ် Labour Union ပေါ်ပေါက်လာခဲ့) ၁၉၂၃ လေဘာယူနီယံက ဦးဆောင်ပြီး အုပ်ချုပ်ရေးပြုပြင်ပေးဖို့ လစာမပျက်ခွင့်ပေးဖို့ တောင်းဆိုတဲ့သပိတ်။ ၁၉၂၆ ရေနံချောင်းရေနံမြေ အလုပ်သမားများအား၊ အလုပ်မှ ရပ်စဲခြင်း မပြုရန်၊ အလုပ်ချိန်(၈)နာရီ သတ်မှတ်ရန် သပိတ်။

အဲဒီလို သပိတ်အဆင့်ဆင့် တိုက်ပွဲဆင်နွှဲခဲ့ကြသလို အလုပ်သမားယူနီယံကလည်း စည်းရုံးမှုတွေ လုပ်ဆောင်ခဲ့တယ်။ တို့ဗမာအစည်းအရုံးနဲ့ ဆက်သွယ်ခဲ့ကြပြီး တို့ဗမာအစည်းအရုံးဝင်သခင်၊ သခင်မတွေ ဖြစ်လာခဲ့ကြတယ်။ ရန်ကုန်တို့ဗမာအစည်းအရုံးဌာနချုပ်ကလည်း ရေနံချောင်းမှာ အလုပ်သမားတွေနဲ့ လာရောက်တွေ့ဆုံခဲ့တယ်။ တို့ဗမာသခင်များ၊ အမျိုးသားရေး၊ အလုပ်သမားရေးတို့ကို စည်းရုံးလှုံ့ဆော်လာနိုင်ခဲ့ကြပြီ။ တစ်ဖက် ကိုလိုနီနယ်ချဲ့တို့ကလည်း စလေစီရင်စုကနေ ချောက်မှာ မြို့အုပ်ရုံးပြောင်းဖွင့်တယ်။ တရားစီရင်ရေးအတွက် တရားမရုံးစဖွင့်တယ်။ အလုပ်သမား လူတန်းစားနဲ့ အရင်းရှင်ကုမ္ပဏီ နယ်ချဲ့ကိုလိုနီတို့ စစ်ရေးပြင်ဆင်ကြတဲ့ သဘောတွေ အခင်းအကျင်းတွေကို ဆက်စပ်လေ့လာကြည့်ရင် စိတ်ဝင်စားစရာကောင်းလှတာကို တွေ့မြင်ရလိမ့်မယ်။ စနစ်ကျကျ အကွက်ကျကျ စီစဉ်ရွှေ့ပြောင်းဆောင်ရွက်ကြတဲ့သဘောကို ခန့်မှန်းနိုင်မယ်။

၁၉၃၈ခုနှစ် ဇန်နဝါရီလ (၈) ရက်နေ့၊ စနေနေ့။ ချောက်ဘီအိုစီက သခင်ခင်ကို အလုပ်ကနေ ထုတ်ပစ်တယ်။ ယမန်နေ့က အလုပ်တစ်ရက် ပျက်ကွက်တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ စာနီပေးတယ်။ စာနီအနက်အဓိပ္ပါယ်က အလုပ်ရပ်စဲလိုက်ပြီဆိုတာပါပဲ။ ဒီစာနီက သမိုင်းဂုဏ်ရောင်ပြောင်းစေမယ့် မြန်မာတွင်မက ကမ္ဘာကပင် အသိအမှတ်ပြုရတဲ့ ၁၃၀၀ပြည့် ရေနံမြေ အရေးတော်ပုံစတင်ဖြစ်ပေါ်လာဖို့ အကြောင်းဖန်လာခဲ့တယ်။ ရေနံမြေသပိတ်ရဲ့စနက်တံ သခင်ခင်ကို အလုပ်က ထုတ်ပစ်လိုက်တာကို အကြောင်းပြုပြီး ချောက်ရေနံမြေကအလုပ်သမား ၃၀၀၀ ကျော်က တောင်းဆိုချက် ၁၂ချက် တောင်းဆိုပြီး သပိတ်မှောက်ဆန္ဒပြကြတယ်။

နောက်တစ်နေ့ ဇန်နဝါရီလ(၉)ရက်မှာ မိုလာ၊ အာအိုစီ၊ ပီဒီစီ၊ ဘီဘီပီပီ ကုမ္ပဏီတွေက အလုပ်သမား ၄၅၀ ကျော် သပိတ်မှောက်ကြတယ်။

တို့ဗမာအစည်းအရုံးက ချောက်ရေနံမြေသပိတ်ကို လာရောက်တွေ့ဆုံခဲ့တယ်။ တောင်းဆိုချက်(၂၀) ချက်အထိ တိုးမြှင့်လိုက်တယ်။ နောက်နေ့မှာ တစ်ဖက်ကမ်းလမ်းရွာက IPB ကုမ္ပဏီက အလုပ်သမားတွေ သပိတ်မှောက်ကြတယ်။ ၁၉၃၈ခု ဇန်နဝါရီလ ၁၂ မှာ ချောက်ရေနံမြေကို နေဝင်မီးငြိမ်း (ညမထွက်ရ) အမိန့်ထုတ်ပြန်တယ်။ ဇန်နဝါရီလ(၁၇)ရက်နေ့မှာ ရေနံချောင်းရေနံမြေကအလုပ်သမား၅၀၀၀ကျော်က ပုဒ်မ(၁၄၄) ထုတ်ထားတဲ့ကြားတဲ့ကပဲ သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြတယ်။

သပိတ်ကြောင့် ဒေသခံအလုပ်သမား ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်များ၊ သခင်ခေါင်းဆောင်များ ပေါ်ပေါက်လာခဲ့တယ်။ သမိုင်းမော်ကွန်းကမ္ပည်းမှာ အာဇာဝက သခင်ဘိုးလှကြီး၊ သခင်ခင် ၊ သခင်ဖေသန်း၊ သခင်တုတ်ကြီး၊ သခင်တုတ်ကလေးမောင်ဖြူ၊ သခင်ခင်မောင်ညိုစတဲ့ အမည်များရေးထိုးခဲ့ရတယ်။ ပြန်ပြောင်းအမှတ်ရရင်းနဲ့ သတိတရ ဂုဏ်ပြုရန် ကောင်းလှတာက သခင်မကြီးများရဲ့အပါဝင် ရေးထိုးခဲ့ရခြင်းပင်။ သခင်မဒေါ်ဆယ်၊ သခင်မဒေါ်သန်း၊ သခင်မဒေါ်အေး၊ သခင်မ ဒေါ်ဂျမ်း၊ သခင်မဒေါ်ညိုစတဲ့ အမျိုးသမီးသူရဲကောင်း အမည်နာမများ။

အရင်းရှင်ဘီအိုစီကုမ္ပဏီနှင့် နယ်ချဲ့အစိုးရက သပိတ်ကို အမျိုးမျိုးဖြိုခွဲပေမယ့် သပိတ်တားများ အလုပ်သမားထု၊ သူတို့ရဲ့ မိသားစုတွေနဲ့ ချောက်မြို့ မြို့သူမြို့သားတွေ၊ အနီးဝန်းကျင်ဒေသမှ ရဲဘော်ရဲဘက်များ၊ ဒေသခံပြည်သူများရဲ့ ထောက်ခံအားပေးမှုနဲ့ သပိတ်တိုက်ပွဲက ဆက်လက်ဆင်နွှဲနေဆဲပါပဲ။ သပိတ်တားတာတွေတော့ အကြိမ်ကြိမ် အကြမ်းဖက်ဖြိုခွဲခံရ၊ ရိုက်နှက်ခံရ၊ ဖမ်းဆီးအကျဉ်းချခံရတဲ့ဘဝတွေ အဖြစ်တွေရင်ဆိုင်ခဲ့ကြရတယ်။

၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံတပ်သားတို့ကတော့ အပူရှိန်ကဲလွန်းလှတဲ့ဒေသမှာ ဖိနှိပ်ရက်စက်မှုအဖုံဖုံကို ခါးစည်း ရင်ဆိုင်ခဲ့ကြတယ်။ စားဝတ်နေရေးနိမ့်ကျတာ၊ အကြပ်အတည်းတွေ့ကြုံရတာတွေကို စုပေါင်းညီညွတ်စွာ ဖြေရှင်းခဲ့ကြတယ်။ မြို့သူမြို့သားများ၊ ဒေသခံပြည်သူများရဲ့စိတ်ဓာတ်ကလည်း ဂုဏ်ပြုမှတ်တမ်းတင်ထားကြရမှာဖြစ်တယ်။ မွန်မြတ်ရဲရင့် ညီညွတ်ကြခြင်း၊ အနစ်နာခံကိုယ်ကျိုးစွန့်ကြခြင်း ထိုအရာများက သပိတ်ကို သံမဏိစိတ်ဓာတ် ခွန်အားဖြည့်ဆည်းပေးခြင်းပင်။

တန့်နေသော သပိတ်တိုက်ပွဲလမ်းကြောင်းကို လှုပ်ရှားအောင်နှိုးဆော်လိုက်သူမှာ လမ်းရွာမှ သခင်ငွေရှန်ဖြစ်တယ်။ သူကသပိတ်ကြီးကို ချောက်ရေနံ မြေကိုလိုနီအုပ်ချုပ်ရေးယန္တရားဗဟို ရန်ကုန်မြို့သို့ချီတက်ရန် အကြံပေးခဲ့တယ်။ စိတ်ကူးကြံစည်နိုင်လျှင် အကောင်အထည်ဖော်ဆောင်နိုင်ပါတယ်။ သပိတ်တပ်ဦးကို အာဇာဝက သခင်ဘိုးလှကြီးနှင့် ဦးဆောင်ချီတက်ခဲ့ပါတယ်။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်နေ့ နံနက်စောစောအာရုဏ်ဦးမှာ သပိတ်စစ်ကြောင်းက ချောက်မြို့မှ စတင်ချီတက် ထွက်ခွာခဲ့တယ်။ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ သပိတ်တပ်မှာ ချောက်မြို့မှ သပိတ်တပ်သား ၅၀၀ကျော် လမ်းရွာရေနံချက်က သပိတ်တပ်သား ၄၀၀ကျော် စုစုပေါင်း ၉၀၀ကျော် အရေးတော်တပ်ဖွဲ့လျှက်ပါဝင်ခဲ့တယ်။ သပိတ်တပ်အချီမှာ စည်တော်ရွှမ်းတာမို့အောင်ပွဲဆီ ချီတာပဲလို့ လက်ခမောင်းခတ်ချင်စရာစိတ်ဓာတ်တတ်ကြွဖွယ် ကောင်းလှတယ်။

ရောင်နီဦးမှာ ကြွေးကြော်သံတို့က ဘဝင်လျှံခဲ့တယ်။

" မနရှင် ဘီအိုစီပျက်စီးပါစေ "
" ညွန့်ပေါင်းအစိုးရ ပျက်စီးပါစေ "
" သပိတ် သပိတ် မှောက် မှောက် "
" မီးတုတ် မီးတုတ် ရှို့ ရှို့ "
" အရေးတော်ပုံအောင်ပါစေ "

စည်းကမ်းသေဝပ်စွာ ငြိမ်ငြိမ်သက်သက် ချီတက်နေကြသော သပိတ်တပ်ကြီးကို ဘေးမှ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ အပေါင်းအသင်းများ၊ မြို့သူမြို့သားများ၊ လူငယ်များက လိုက်လံနှုတ်ဆက်ခဲ့ကြတယ်။ တမာအိုင်ရပ်ကွက်အဆုံးထိ လိုက်ပါအားပေးနှုတ်ဆက်ကြတယ်။ ဒီမြင်ကွင်းကို ရွှေပုံတောင်ပေါ်ကနေ စိတ်ကူးဖြင့် လှမ်းမျှော်ကြည့်မိတယ်။ တမာအိုင်မှာ ဆိုနင့်ဖွယ်ရာဖြစ်သလို ဝမ်းနည်းကြေကွဲစရာလည်း ကောင်းလှတယ်။ တောင်ပေါ်မှ တမာအိုင်အရပ်ကို လှမ်းမမြင်နိုင်ပါ။ ဒါပေမယ့် သပိတ်တပ်ကြီးမြို့က အထွက်လိုက်လံနှုတ်ဆက်ခြင်းက ခမ်းနားသက်ဝင်နေတယ်။ သပိတ်တပ်သားနဲ့ ခေါင်းဆောင်များက အခက်အခဲ၊ အတားအဆီးမျိုးစုံကို ချွေး၊ သွေး၊ အသက်တို့ရင်းနှီးစတေးလျက် အစွမ်းကုန်တိုက်ပွဲဝင်ခဲ့ကြတယ်။ ပြောင်မြောက်သော တော်လှန်ရေး။ သပိတ်တပ်က တဗိုလ်ကျ တဗိုလ်တက်စနစ်ကို ရန်ကုန်ကို အရောက်ချီနိုင်ခဲ့တယ်။ တို့ဗမာ အစည်းအရုံးဝင်သခင်များရဲ့ပံ့ပိုးမှု၊ ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရွာနေပြည်တိုင်ဒေသခံတို့ရဲ့ အားပေးထောက်ပံ့မှုနဲ့ ကိုလိုနီအစိုးရက နည်းမျိုးစုံနဲ့ ဖြိုခွဲဖျက်ဆီးခဲ့ပေမယ့် ရည်မှန်းချက်ဆီအရောက်ချီတတ်ခဲ့တယ်။

၁၃၀၀ပြည့် အရေးတော်ပုံ မြန်မာနိုင်ငံတစ်ဝှမ်းက ထောက်ခံအားပေးတယ်။ ကြိုဆိုလက်ကမ်းခဲ့တယ်။ တောင်သူလယ်သမား၊ ကျောင်းသား၊ တိုင်းရင်းသားများ၊ ရဟန်းရှင်လူ ပြည်သူအစုစုက လိုက်လိုက်လှဲလှဲ အားပေးထောက် ခံခဲ့တယ်။ သထုံ၊ ပဲခူး၊ ဝေါနယ်တွေကလည်း လယ်သမားတွေစုစည်းပြီး သပိတ်စစ်ကြောင်းများဖွဲ့ကာ ချီတတ်လာကြရင်း ရေနံမြေသပိတ်တပ်ကို ပူးပေါင်း

www.burmeseclassic.com



အင်အားဖြည့်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက အင်္ဂလိပ်အစိုးရလက်ပါးစေအဖွဲ့ရဲ့ အတွင်းဝန်ရုံးကို ဝိုင်းဝန်းဆန္ဒပြခဲ့တယ်။

တို့ဗမာအစည်းအရုံးမှ သခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ သခင်များက သပိတ်ကို ထောက်ပံ့ရှုံသာမက အသေခံ သပိတ်တပ်ဗိုလ်များပင် ရွေးချယ်စေလွှတ်ခဲ့တယ်။ သခင်ဗဟိန်းက သပိတ်တပ်ကို သွားရောက် စည်းရုံးလှုံ့ဆော်ပြီး အဟန့်အတားတွေကို ကျော်လွှားနိုင်ဖို့ လမ်းစပြခဲ့တယ်။ "မြင်းခွာတစ်ချက် ပေါက်ရင် မြန်မာပြည် မီးတစ်ချက်တောက်ရမယ် "လို့ သူ ဗျာဒိတ်ပေးခဲ့တယ်။

အရင်းအနှီးများ ပေးဆပ်မှုများစွာနဲ့ အနစ်နာခံကိုယ်ကျိုးစွန့်တော်လှန်ခဲ့ခြင်းက မြန်မာပြည်သူတစ်ရပ်လုံးကို အမျိုးသားရေး၊ လွတ်လပ်ရေး အမြင်များကို ကြည်လင်သွားစေခဲ့တယ်။ အမျိုးသားလွတ်မြောက်ရေးအတွက် ထမ်းရွက်ကြရမယ်လို့ အသိဝင်လာစေခဲ့တယ်။

၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံက ခရစ်နှစ် ၁၉၃၈ခု နှစ်မှာ ဖြစ်ပွားခဲ့တာ။ မြန်မာ့တော်လှန်ရေးသမားများ အဆက်ဆက်တိုက်ပွဲဝင် တော်လှန်ပုန်ကန်ခြင်းကနေ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရရှိခဲ့တယ်။ အဆုံးစွန်းအောင်ပွဲသို့အရောက်ချီနိုင်ခဲ့ကြတယ်။ ၁၃၀၀ပြည့်အရေးတော်ပုံအပြီး နောက်၁၀နှစ်အကြာတွင် ဖြစ်ပါတယ်။

ချောက်မြို့ဈေး အနောက်ဘက်တွင် သခင်ခင်ရဲ့ သမီးဒေါ်မြိုင်မိသားစုနဲ့ နေထိုင်လျှက်ရှိပါတယ်။ ဒေါ်မြိုင်ကို တွေ့ဆုံမေးမြန်းကြည့်တဲ့အခါ သခင်ခင်ရဲ့အုတ်ဂူ ချောက်သင်္ချိုင်းတွင် ရှိတယ်လို့ သိရတယ်။ ဘယ်နေရာလဲ၊ ဘယ်လိုခြုံနွယ်တွေ ပိတ်ဖုံးနေမလဲ၊ စဉ်းစားကြည့်မိပါတယ်။ ၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံရဲ့ လက်ဦးမှုအစဖြစ်တဲ့ သခင်ခင် ချောက်ရေနံမြေတစ်နေရာတွင် လဲလျောင်းလျက်ရှိနေတယ်။ သူ့ကို ကျွန်တော်အလေးပြုမယ်။ သူ့ရဲ့အုတ်ဂူကိုရှာဖွေမယ်။ ဂုဏ်ယူစွာ၊ လေးစားခင်မင်စွာ၊ ရေနံမြေအလုပ်သမားကြီးသခင်ခင်ကို ဦးညွှတ်အလေးပြုမယ်။

ရွှေပုံတောင်မှ အရပ်လေးမျက်နှာကို ပြန်ကြည့်မိတယ်။ ရှုခင်းများက အဝေးမှာ မှုန်ပြပြ။ နေရောင်ကြောင့် စဥ့်ကူဘက်ကို လှမ်းမျှော် မကြည့်နိုင်တော့။ တောင်အရိပ်ကျရာ ဧရာဝတီမြစ်ပြင်ဘက်ကို လှည့်ကြည့်ရင်း စလေမြို့ပြပြကို ငေးမိတယ်။ ဧရာဝတီမြစ်ရေက စီးနေတယ်။ သပိတ်တပ်ကြီးကုန်းလမ်းခရီး ချီတတ်နေစဉ် ရိကျွာတင်ပြီး ရေကြောင်းလမ်းက လိုက်ခဲ့ကြတယ်။ သပိတ်တပ်က ဧရာဝတီမြစ်ကမ်းစပ်မှာ ရပ်နားရင် ထမင်းကို မြစ်ရေနဲ့ မျှောချကြခဲ့တယ်။ ဧရာဝတီမြစ်ကိုလည်း ဦးညွှတ်အလေးပြုပါတယ်။


၁၃၀၀ပြည့်အရေးတော်ပုံမှာ ပါဝင်ဆင်နွှဲခဲ့ကြသူအားလုံးနဲ့ ထောက်ခံအားပေးသူတိုင်းကို ဦးညွှတ်အလေးပြုပါတယ်။ တို့ဗမာအစည်းအရုံးဝင်သခင်ဗတင်၊ သခင်ထွန်းကျော်၊ သခင်ပေါ်တာ၊ သခင်ကျော်၊ သခင်ဖေ၊ သခင်ခင်ဇော်၊ သခင်သင်၊ သခင်လွင်၊ သခင်ဗဗ၊ သခင်ထွန်းအုပ်၊ သခင်ရှိန်၊ သခင်ညီ၊ သခင်သိန်းမောင်(မီးဒုတ်)၊ သခင်ဗသောင်း၊သခင်အုန်းဖေကြီး၊ သခင်ရဲရှိန်၊ သခင်ကျော်ဒင်၊ သခင်ပု၊ သခင်လက်မ၊ သခင်လူဝ၊ သခင်လှမောင်(ရွှေသွားလှမောင်)၊ သခင်အေးမောင်၊ သခင်ဗရှင်၊ သခင်ဗဦး၊ သခင်စံ၊ သခင်စိန်ခို၊ သခင်ဘညိမ်း၊ သခင်တင့်၊ သခင်မဲ၊ သခင်ဗလ၊ သခင်တင့်(သန်လျင်)၊ သခင်ဗ၊ သခင်ထွန်းစိန်၊ ပုဏ္ဏက၊ သခင်ခင်မောင်ညို၊ သခင်ခင်သန်း၊ သခင်သိန်းအောင်၊ သခင် ဖိုးတင့်၊ သခင်သာအောင်၊ သခင်နှင်းမောင်(ရေနံချောင်း)၊ သခင်စိုးမောင်၊ သခင်ကိုလေး၊ သခင်ဗရင်ကြီး၊ သခင်ဟန်၊ သခင်အောင်နိုင် (ဦးအာစရ)၊ သခင်ဘတင် (လက်ပုံးသီး)၊ သခင်ဘဂျမ် (ဗိုလ်လရောင်)၊ သခင်မြင့်၊ သခင်တင်ဦး၊ သခင်သာလွန်၊ သခင်ဗကိုး၊ သခင်ထွန်းစိန်။

တို့ဗမာအစည်းအရုံးဝင်သခင်မကြီးများ ဖြစ်ကြတဲ့ သခင်မဒေါ်ပု၊ သခင်မဒေါ်အေး၊ သခင်မဒေါ်ညို၊ သခင်မဒေါ်မှို၊ သခင်မဒေါ်အုန်း၊ သခင်မဒေါ်တင်အုန်း၊ သခင်မဒေါ်သိန်းတင်၊(ပြည်)၊ သခင်မဒေါ်မြခင်၊ သခင်မဒေါ်သိန်းနွဲ့၊ သခင်မဒေါ်အုန်းခင် (ဗိုလ်ကြားရဲ့ဇနီး)၊ သခင်မဒေါ်လှလှ၊ သခင်မဒေါ်အိုင်၊ သခင်မဒေါ်အေးမိ၊ သခင်မဒေါ်လှရင်၊ သခင်မဒေါ်မြင့်ဝင်း၊ သခင်မဒေါ်ကြည်ကြီး (နမ္မတူ)၊ သခင်မဒေါ်မြင့်၊ သခင်မဒေါ်ငွေညွန့်၊ သခင်မဒေါ်ခင်လှ အစရှိသူတို့ကို လေးစားစွာ ဦးညွှတ်အလေးပြုပါတယ်။

၁၃၀၀ပြည့် အရေးတော်ပုံစိတ်ဓာတ်၊ သခင်စိတ်ဓာတ်တို့နဲ့ ဖိနှိပ်ချုပ်ချယ်မှု၊ မတရားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု စတာတွေကို တွန်းလှန်ချေမှုန်းကြရမှာက လက်ရှိ မျိုးဆက်တို့ရဲ့တာဝန်ပါဘဲလို့ တွေးတောနေမိတယ်။

**မြင့်သန်း**

www.burmeseclassic.com




၁၃၀၀ ပြည့် အရေးတော်ပုံမှာ ဗမာ့လွတ်လပ်ရေးတိုက်ပွဲ သမိုင်းမှတ်တိုင်တစ်တိုင် ဖြစ်လေသည်။ သမိုင်းမှတ်တိုင်တစ်တိုင်အဖြစ် ထင်ကျန်အောင် ဖန်တီးလာသော အရင်းအမြစ်မှာ ရေနံမြေမှ အလုပ်သမားများ၏ တိုက်ပွဲရေနံမြေအရေးတော်ပုံဖြစ်လေသည်။

ရေနံမြေအရေးတော်ပုံသည် တစ်ပြည်လုံးရှိ အလုပ်သမား၊လယ်သမား၊ ကျောင်းသားများသို့ ကူးစက်ကာ မီးတောက်မီးလျှံကြီးအဖြစ် တောက်လောင်သွားခဲ့ပေသည်။ ဤတိုက်ပွဲမီးတောက်သည် ရေနံမြေမှ စတင်ခဲ့သည့်အတိုင်း ရေနံအလုပ်သမားများနှင့်အတူ ရေနံ အလုပ်သမားများ၏ ဇနီးများဖြစ်သည့် ရေနံမြေ အမျိုးသမီးများသည်လည်း တစ်ပါတည်း ပါခဲ့လေသည်။ ဗြိတိသျှနယ်ချဲ့နှင့် မနရှင်တို့အပေါ် ခုခံတော်လှန်သည့် တိုက်ပွဲတွင် ရေနံမြေမှ အမျိုးသမီးများ တတပ်တအား ပါဝင်တိုက်ပွဲ ဆင်နွှဲခဲ့မှုသည်လည်း သေးငယ်သော အကြောင်းအရာမဟုတ်ပေရာ ရေနံမြေအမျိုးသမီးများ၏ လှုပ်ရှားမှုကို ရေနံမြေအရေးတော်ပုံနှင့်အတူ မှတ်တမ်းတင်ကြရမည် ဖြစ်ပါသည်။

ဗြိတိသျှနယ်ချဲ့အစိုးရနှင့် ဘီအိုစီမနရှင်တို့၏ သွေးစုပ်ဖိနှိပ်မှုကို မခံနိုင်၍ ရေနံမြေအလုပ်သမားများ သပိတ်မှောက် တိုက်ပွဲဝင်သောအခါ ရေနံအလုပ်သမားများ၏ ဇနီးအမျိုးသမီးများသည် အနာခံထောင်တန်းကျခံ၍ ပါဝင်တိုက်ခဲ့ကြသည့် အမျိုးသမီးများ တိုက်ပွဲဝင်ပုံမှာ ဤသို့ဖြစ်သည်။

ရေနံမြေအလုပ်သမားများက အရင်းရှင်ဘီအိုစီကို သပိတ်မှောက်တိုက်ကြသည်။ အမျိုးသမီးများက သပိတ်တားကြသည်။ ဤသို့ပြုသဖြင့် နယ်ချဲ့လက်ပါးစေ ပုလိပ်များက မိန်းမသားများသော ကောဆို၍ ညှာသည်မဟုတ်၊ အမျိုးသမီးများကို အတင်းဆွဲဖယ်သည်။ မီးသတ်ပိုက်နှင့် ရေမွှန်းအောင်ထိုးပက်သည်။ မော်တော်ကားနှင့်တိုက်မည်ပြုသည်။ အမျိုးသမီးများက နောက်မတွန့်ပေ။ နောက်ဆုံးလူကိုဖမ်း၍ ကားပေါ်တင်သွားသောအခါ "တစ်ဗိုလ်ကျရင် တစ်ဗိုလ်တက် နောက်မဆုတ်နဲ့" ဟု ကြွေးကြော်ပြီး ထဘီကို အလံထူလျှက် လိုက်သွားလေသည်။

၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံကာလက သပိတ်တားခဲ့သော သခင်မဒေါ်အေးနှင့် ချောက်မြို့တွင် တွေ့စဉ်က ချောက်မြို့တွင် တွေ့စဉ်က မိမွေးတိုင်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးတစ်ဖက်ကို လက်နှင့်ပြရင်း "ဟောဒါ ဟိုတုန်းက ဒဏ်ရာပေါ့"ဟုပြောလေသည်။ ချောက်ရေနံမြေတွင် ရေနံအလုပ်သမားများ သပိတ်မှောက်ကြစဉ်က ဒေါ်အေးမှာ အမျိုးသမီးခေါင်းဆောင်ဖြစ်သည်။ သပိတ်တားစဉ်က နေပူအောက်မှ ကတ္တရာစေးလမ်းမပေါ်တွင် ဖင်ထိုင်ပြီး သပိတ်တားခဲ့ရသောကြောင့် အပူမိပြီး မျက်စိတစ်ဖက် ထိခိုက်ခံရသည်ကို ပြခြင်းဖြစ်သည်။

အခြားသပိတ်တားခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဒေါ်ညိုနှင့်တွေ့သည့်အခါတွင်လည်း ဟိုတုန်းက အလုပ်သမားများ၏ ဇနီးဆွေမျိုး အမျိုးသမီးများ တက်ကြွစွာ တိုက်ပွဲဝင်ခဲ့ပုံများကို ပြောပြသည်။

" ငါ့မောင်နှယ် အဲဒီတုန်းကများ သေရမှာတောင် မကြောက်ဘူး လူကမခံချင်စိတ်က သိပ်ပြင်းထန်နေတာကလား။မမတို့က ရဲဂိတ်ရှေ့မှာ သပိတ်တားကြတော့ ပုလိပ်တွေက မီးသတ်ပိုက်နဲ့ ရေတွေ နဲ့ပက်ပြီး လူစုခွဲတယ်။ နောက်မဆုတ်ပါဘူး။ ဖင်ပြန်ခေါင်း ပြန်တုံးလုံးလှဲပြီး သပိတ်တားတယ်။ အဲဒါ ရာဇဝတ်အုပ်က ကားနဲ့နင်းဖို့ အမိန့်ပေးတယ်။ ကားကလည်း မောင်းလာတယ်၊ မမတို့ကတော့ မထူးဘူး သေချင်သေပစေတော့ဆိုပြီး နေရာက မထဘူး။ ကားဘီးကို မမတို့အနားကပ်လာမှ ရပ်တယ်။ နောက်သူတို့ဘဲ ဆုတ်သွားတယ်။ ဒါ မမတို့ကို စမ်းတာ တကယ်နင်းလှဲခံမယ်ဆိုတာသိလို့ သူတို့က ဆုတ်သွားတာပဲ" ဟု ဒေါ်ညိုက ပြောပြပါသည်။

ရေနံမြေအလုပ်သမား သပိတ်ကြီးမှာ ၁၁လ နီးပါးကြာသော်လည်း အရင်းရှင်တို့က အလျှော့မပေး။ ဤ၁၁လအတွင်း အမျိုးသမီးများက သပိတ်အင်အားကို အဆင်းရဲအပင်ပန်းခံကာ ဖြည့်တင်းပေးသည်။

၁၁လ ကြာသည့်တိုင်အောင် အရင်းရှင်တို့ဘက်က ဘာမှမထူးခြားသည့်အခါ ရေနံအလုပ်သမားများက ဗြိတိသျှနယ်ချဲ့အစိုးရနှင့် ဘီအိုစီအရင်းရှင်တို့က အလုပ်သမားများအပေါ် ဖိနှိပ်ညှင်းပန်းသွေးစုပ်မှုများကို ကမ္ဘာသိအောင် တိုင်တန်းမည်ဆိုကာ ချောက်ရေနံမြေမှ မိုင်၄၀၀ကျော်ဝေးသော ရန်ကုန်မြို့သို့ ခြေလျင်ချီတက်တိုက်ပွဲဝင်ကြလေသည်။ ဤသို့ရေနံတပ်ကြီး ခြေလျင်ချီတက်ရာတွင်လည်း အမျိုးသမီးများက သပြေအိုးကို ရွက်ကာ ချောက်မြို့အထွက်အထိ လိုက်ပို့ကြလေသည်။

ရေနံတပ်ကြီး မကွေးသို့ရောက်၍ ပုလိပ်များက ဝင်း၊မြင်းတပ်များက ဝင်း၊ သပိတ်တပ်ကို မြင်းနှင့်တိုက်တုတ်နှင့်ရိုက်၍ ဒဏ်ရာရသူရ၊ အဖမ်းခံရသူ ခံရနှင့်ရှိသော်လည်း ရေနံမြေမှ အမျိုးသမီးများကား စိတ်ဓာတ်ကျသည့် အသံမကြားရ၊ သားသမီးများနှင့်အတူ အငတ်ပြဿနာကို ဖြစ်သလို ရင်ဆိုင်ကြသည်။ ရေနံတပ်ကြီး၏ သတင်းကိုကား အဆက်မပြတ် ကြားနေရသည်။ ရေနံတပ်ကြီး ရန်ကုန်ရောက်၍ ရန်ကုန်နှင့်အနီးတဝိုက်မှ အလုပ်သမားများပါ သပိတ်မှောက်ကြရန် သပိတ်တားကြသည်။ ဤတွင် နယ်ချဲ့နှင့်ရုပ်သေးညွှန့်ပေါင်း အစိုးရက သပိတ်ကို ဖြိုခွဲကြပြန်သည်။ ဤနေရာ၌ ၁၉၃၉ ခုနှစ် မတ်လ ၁၅ရက်နေ့ထုတ် ဗန္ဓုလဂျာနယ်က သတင်းပေးပုံကို အလျဉ်းသင့်သဖြင့် ဖော်ပြလိုပါသည်။

အာဠာဝက ဘိုးလှကြီးနှင့် လူပေါင်း ၁၂၅ ယောက်ကို ဖမ်းပြီ၊ လိုလားချက်မရလျှင် ဤနေရာမှ မထဟု ထိုင်နေကြခြင်း။

## ရေနံတပ်အလုပ်စပြီ

ရေနံတပ်မကြီးသည် မတ်လ ၁၃ရက်နေ့ နံနက် ၅နာရီ ကျော်ကျော်အချိန်တွင် ဘိုတစ်ထောင်ခနီတော ဘီအိုစီရေနံကုမ္ပဏီနှင့်အိုင်ဘီပီ ရေနံကုမ္ပဏီ အပေါက်ဝများတွင် တောင်းဆိုချက်မရမက မပြန်ဟု ခိဋ္ဌာန်ကာ လဲလျောင်းအိပ်လျက် သပိတ်တားနေကြကြောင်း။

## ပုလိပ်များ လက်မှိုင်ချခြင်း

နံနက်၇နာရီခွဲ အချိန်တိုင် ပုလိပ်မင်းကြီး၊ ဒုတိယပုလိပ်မင်းကြီးနှင့် စစ်ပုလိပ်များ၊ မြို့မပုလိပ်များမှာ လက်မှိုင်ချကာ စောင်းဆိုင်း ကြည့်ရှုနေကြရကြောင်း။

## အပေါက်ဝတိုင်း ပိတ်ဆို့ပုံ

ဘီအိုစီရုံးခန်း နံပါတ်(၁)အပေါက်တွင် အာဠာဝကဘိုးလှကြီးက တို့ဗမာအလံနှင့် အရိုးအလံကို ကိုင်ကာ မှောက်လျက်အိပ်နေ၍ ရေနံတပ်သားတစ်ဦးက အသံကောင်းဖြင့် ရေနံမြေအကြောင်းသီချင်းကို သီဆိုပြီး အပေါက်ဝတိုင်း တပ်သားများ ပိတ်ဆို့ကာ နေကြကြောင်း။ အပြင်ဘက်မှ အလုပ်ဆင်းလာသူတို့မှာ ရေနံတပ်သားများ၏ဖြစ်အင်ကို မချိတင်ကဲ ဝမ်းနည်းက ပြန်သွားကြကြောင်း။ ထိုကဲ့သို့ပြုလုပ်နေခြင်းကို မျက်ရည်ယိုဖုံးသုံး၍ တော့မည်ပြုပြီးမှ အဘယ်အကြောင်းကြောင့် မသိပြန် လည်ရုပ်သိမ်းလိုက်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



## ပွေ့ချီပြီးဖမ်းသွားခြင်း

၇နာရီအချိန်တွင် ဗိုလ်ချုပ်အာဏာဝက ဘိုးလှကြီးနှင့် ဗိုလ်၁၃ယောက်ကို စစ်ပုလိပ်များဖြင့် ကြပ်မတ်ကာ အတင်းပွေ့ယူချီမလျှက် အာရ်အီးတီမော်တော်ကား ၄စင်း အပြည့်နှင့် ဖမ်းဆီးသွားကြောင်း။ သခင်ဘိုးလှကြီးနှင့် ဗိုလ်၁၃ယောက်ကို ထောင်ကြီးချုပ်သို့ ယူဆောင်သွား၍ ကျန်တပ်သားများကို ဘားလမ်းအချုပ်ထောင်သို့ ပို့လိုက်ကြသည်ဟု ကြားသိရကြောင်း။

## ဒူးနှင့်တိုက်ကြိမ်နှင့် ရိုက်သည်ဆိုခြင်း

တပ်သားအချို့ကို မော်တော်ကားပေါ်တွင် ဒူးနှင့် တိုက်ကြိမ်နှင့်ရိုက်ပြီး ဖမ်းဆီးဆွဲပစ်သည်သာမက ဗိုလ်တစ်ထောင်အနီးအနားရှိ ရပ်သူရပ်သားများကိုပင် ဂေါ်ရာပုလိပ်များက ဆဲဆိုသေးသည်ဆိုကြောင်း။

## ကွေးမွေးကြခြင်း

ကျန်တပ်သားများကို ဗိုလ်တစ်ထောင်ရပ်ကွက်များမှ သောက်ရေနှင့် ဗိုလ်တစ်ထောင်မငွေနု ဆေးလိပ်ရုံမှ ဆေးလိပ်များဝေငှနေကြကြောင်း။ နံနက် ၁၀နာရီအချိန်ထိထိုနေရာတွင် ကြည့်သူများက စိတ်မချမ်းမသာဖြစ်ကာ ထမင်းထုပ်များ အလျှင်အမြန် စီစဉ်နေကြပြီဖြစ်ကြောင်း။ တပ်သားများမှ လမ်းနံဘေး ဘီအိုစီ၊ အိုင်ဘီပီရုံးဝင်းအနီးတွင်ပင် စိပ်ပုတီးများစိပ်လျက် ထိုင်နေကြကြောင်း။ တောင်းဆိုချက်မရမချင်း ထိုနေရာက မထတော့ဘဲ နေမည်ဟု ပြောဆိုကြောင်း၊ ၎င်းတို့တပ်ချရာ ဗိုလ်တစ်ထောင်ဘုရားထဲတွင် အတွင်းရေးမှူးနှင့် ပစ္စည်းထိန်းများသာလျှင် ကျန်ရစ်ခဲ့ကြောင်း။

ထိုနေ့က ရန်ကုန်မြို့ရှိ သပိတ်တပ်ပေါင်းစုတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ၅ နာရီကျော်အချိန်မှာပင် အလုံခာတ်ရထားရုံကြီးနှင့် ကျောက်မြောင်းခာတ်ရထားရုံ အပေါက်ဝတွင် အာရ်အီးတီ သပိတ်သမားများ သပိတ်တားကြကြောင်း။ ထိုကဲ့သို့ သပိတ်တားသဖြင့် လက်ရှိမောင်းနှင်လျှက်ရှိကြသော အာရ်အီးတီ ဒရိုင်ဘာအချို့မှာ ဝမ်းနည်းသည့် အထိမ်းအမှတ်အနေနှင့် အလုပ်မဆင်းဘဲ ပြန်သွားကြကြောင်း။

## အမျိုးသမီးတစ်စု

၎င်းပြင်ကုန်သည်လမ်းရှိ မြန်မာပြည် မီးခြစ်ကုမ္ပဏီကိုလည်း မီးခြစ်စက် သပိတ်မှောက်အမျိုးသမီးများက အပေါက်ဝတွင် တပြုံကြီးစုထိုင်လျှက်'သပိတ်တားနေကြသည်ကို မြင်ရသူတိုင်း ဝမ်းနည်းခြင်းမလှ ဝမ်းနည်းကြကြောင်း။

## လှဲအိပ်နေကြခြင်း

ခာတ်ရထားသပိတ်တားတို့သည့်လည်း နံနက်ကစ၍ ဖရေဇာလမ်းတစ်လျှောက် ပလက်ဖောင်းများပေါ်တွင် မိန်းမတစု၊ ယောကျ်ားတစ်စု အစုလိုက် လှဲအိပ်နေကြကြောင်း။ နံနက်၁၀နာရီအချိန်တွင် ဖရေဇာ လမ်းနှင့် သိမ်ကြီးဈေးဒေါင့်ရှိ အာရ်အီးတီထရော်လီများရှေ့တွင် လှဲအိပ်နေကြောင်း။

## အတင်းဆွဲ၍ဖမ်းခြင်း

၁၀နာရီခွဲအချိန်တွင် ပုလိပ်များက အတင်းဆွဲယူကာ ဘတ်စ်ကားပေါ်သို့တင်ပြီးလျှင် ဖမ်းဆီးလျှက် ထောင်ကြီးသို့ ခေါ်ဆောင်သွားကြောင်း။ အနီးအနားမှ ကြည့်နေကြသော ပရိတ်လူထုကြီးက ၎င်းတို့ကို ဖမ်းသွားသော အခါ သခင်မျိုးဟေ့ တို့ဗမာဟု ဩဘာသံပေးလိုက်ရာ သိမ်ကြီးဈေးတစ်ဝိုက်တွင် သိမ့်သိမ့်တုန်သွားကြောင်း။

## လူပေါင်း၁၂၅ယောက်

မတ်လ ၁၃ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံဌာနမှ ခာတ်ရထားရုံအနီး လူပေါင်း ၈၀၊ ပန်းဘဲတန်းဌာနမှာ ၁၆ယောက်၊ သိမ်ကြီးဈေးအနီးတွင် ဖမ်းခြင်း၊ ပန်းဆိုးတန်းဌာနမှ စပတ်လမ်းတွင် ၁၆ယောက် ပေါင်း ၁၁၂ ယောက်၊ ၎င်းပြင်ဗိုလ်တစ်ထောင်ဌာနမှ ၁၃ ယောက်ကို ဘီအိုစီနှင့် အိုင်ဘီပီ၌ ဖမ်းဆီးလိုက်ရာ အားလုံးလူ အစုစု ၁၂၅ယောက် ဖမ်းဆီးလိုက်ပြီး ဖြစ်ကြောင်း။

ဤသို့ရေနံတပ် ဗိုလ်ချုပ်အာဏာဝက သခင်ဖိုးလှကြီးနှင့် အခြားနေရာများတွင် စစ်ဗိုလ်တပ်သားများ အဖမ်းခံကြရသောအခါ ကျန်နေသော ရေနံတပ်ကို ကွပ်ကဲရန် သခင်ဖေကြီးကို တပ်ဗိုလ်ချုပ်အဖြစ် ခန့်ပြီး ဆက်လက်တိုက်ပွဲဝင်ကြသည်။

ရန်ကုန်တွင် အာဏာဝက၊ သခင်ဘိုးလှကြီးနှင့် ရေနံတပ်သားများ အဖမ်းခံရသောအခါ ရေနံမြေမှ အမျိုးသမီးများ၏ စိတ်ခာတ်မှာ ပိုမိုတတ်ကြွလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှ စိတ်ဓာတ်တတ်ကြွပြင်းထန်သည်ကို မြန်မာ့အလင်း သတင်းစာ ၁၉၃၉ခု၊ မတ်လ ၂၉ ရက်နေ့ထုတ်တွင် ဖော်ပြသည့်အောက်ပါစာက သက်သေခံလျှက်ရှိပါသည်။

**ရေနံမြေအမျိုးသမီးများထံမှပေးပို့သောစာ**

ရဲဘော်များသို့. . . .

မိုင်ပေါင်း ၄၀၀ ကျော်ဝေးကွာသော ခရီးကို ခြေလျင် ချီတတ် ၍ တရားသောနည်း သက်သက်ဖြစ်သော နှလုံးရည်စစ်ပွဲကျင်းပရာ မနရှင်အစိုးရတို့သည် မနရှင် ဘက်ကပင်းပြီး ရဲဘော်အလုပ်သမားဆင်းရဲသား ၃၀၀ ကျော်တို့ကို ထောင်အတွင်းအကျဉ်းချထားကြောင်း ငါတို့သိရ၏။

အို. . . . . ရဲဘော်တို့စိတ်မလျှော့ကြကုန်နှင့်။ ရွှေတိဂုံကုန်းပေါ်တွင် ကျန်သမျှသော လူအင်အားနှင့် ဆက်လက်တိုက်ကြကုန်လော့. ။

အသင်တို့ကား ယောကျ်ားတွေပင်၊ ယောကျ်ားဆိုသည်ကား သေခါမှ လျှော့ရမည်။ အသင်တို့၏ဆုံးဖြတ်ချက်ကို ရှိသေကြလော့၊ အမှတ်ရကြလော့. ၊နင်လားဟဲ့ မနရှင်ဆိုပြီး အစွမ်းကုန်ပြကြလော့၊ အသင်တို့၏ သွေးချင်းသားချင်းများ ဖြစ်ကြကုန်သောငါတို့အမျိုးသမီးများက စစ်ကူပေးရန်အသင့်ရှိ၏။ အရေးဆိုလျှင် ငါတို့အမျိုးသမီးများကို ချက်ခြင်းအကြောင်းကြား ဆင့်ခေါ်လိုက်ကြတော့။ အမြန်လိုက်လာကြမည်။ ငါတို့အမျိုးသမီးများ အစွမ်းက မည်မျှထက်ကြောင်း အသင်တို့မျက်မြင်ဖြစ်ပါ၏။ အစိုးရနှင့်မနရှင်တို့ကလည်း သေသေချာချာ သိကြ၏။ ရဲဘော်တို့နှင့်အတူ မနရှင်ကို အနိုင်တိုက်ပွဲဝင် တစ်ချီနွှဲလိုက်ချင် စမ်း ပါဘိ။ ငါတို့အား အလှည့်ပေးကြပါကုန်။ ငါတို့အမျိုးသမီးများအစွမ်းကြောင့် မနရှင်ဒူးတုတ်စေရမည်။ အခြားသောအမျိုးသမီးအဖွဲ့များမှ ရဲဘော်တို့အား သက်စွန့်ကြိုးပမ်းကူညီကြသည်ကိုလည်း ကြားသိရသဖြင့် ငါတို့ဝမ်းမြောက်ပါ၏ ချီးကျူးပါ၏။

(ပုံ) ရေနံမြေအမျိုးသမီးများ

၃၀၀၁-၂ဆန်း

၂၀. ၃. ၃၉

(အထက်ပါစာကို မတ်လ ၂၅ရက်နေ့ကရရှိရာ ရေနံမြေရဲဘော် အမျိုး သမီးများထံသို့ ရေနံတပ်က အောက်ပါအတိုင်း ပြန်ကြားလိုက်သည်ဟု သိရှိရကြောင်း။

**အို ရေနံမြေအမျိုးသမီးများတို့**

ငါတို့ကား သင်တို့၏စာကိုဖတ်ရခြင်းအားဖြင့် အထူးကျေးဇူးတင်ပါ၏။ ရဲဘော်အမျိုးသမီးများ၏ ရဲရဲတောက်စိတ်ထားကို ချီးကျူးပါ၏။ ယခုအခါ ငါတို့နှင့်ပင် မနရှင်ကိုတိုက်ရန် အားခဲနေကြပါသည်။ ငါတို့ကား အသက်ပင်သေသော်လည်း မလျှော့တော့ကြောင်း အသင်တို့သိထားကြစေလိုပါသည်။

**အို. . . အမျိုးသမီးများ။**

အသင်တို့၏ စစ်တပ်ကြီးကိုအသင့်ရှိကြပါစေ။ အမည်စာရင်း အရေအတွက်နှင့်တကွသိလိုပါ၏။ ငါတို့ ဆင့်ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက်ချက်ချင်း ချီတတ်လာခဲ့ကြပေတော့။ ဆင့်စာကိုမျှော်လင့်ပါ။

အရေးတော်ပုံအောင်ပါစေ

(ပုံ) သခင်ဖေကြီး

ရေနံတပ်ဗိုလ်ချုပ်ကြီးနှင့် ရေနံတပ်သားများ။

၂၇. ၃. ၃၉ ရန်ကုန်။

ဤသို့ရေနံမြေမှ အမျိုးသမီးများက စာရေးခဲ့သော်လည်း အမျိုးသမီးများ အနေနှင့်ကား ရန်ကုန်သို့ ချီတတ်ခြင်းမပြုလိုက်ကြရပေ။ ထိုစဉ်က နန်းရင်းဝန်ကြီး ဦးပုအစိုးရ၏ စေ့စပ်မှု၊ သို့မဟုတ် ချွေးသိပ်မှုကြောင့် ရေနံအလုပ်သမားတပ်ကြီးမှာ ချောက်ရေနံမြေသို့ ပြန်လည်တပ်ခေါက်ခဲ့ကြရပေသည်။

မည်သို့ပင်ဖြစ်စေ ရေနံမြေအလုပ်သမားတပ်ကြီး ချီတတ်ကြသည်ကစ၍ အလုပ်သမားတပ်ကြီးနှင့် လယ်သမားတပ်ကြီး ရန်ကုန်တွင် လက်တွဲတိုက်ပွဲဝင်ခဲ့ခြင်း၊ သပိတ်ပေါင်းစုံလက်တွဲတိုက်ပွဲဝင်ခဲ့ခြင်း၊ ကျောင်းသားဗိုလ်အောင်ကျော်အသက်ပေးသွားရခြင်းအာလံကိုဘဖိုးကျဆုံးရခြင်း၊ ပြည်သူလူထုက ထောက်ခံအားပေးခြင်း စသည့်တစ်ပြည်လုံး လှုပ်ရှားအုံကြွသည့် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ပေသည်။ ဤသည်မှာ နယ်ချဲ့အစိုးရခေတ်က ပြည်သူတွေ အုံကြွတိုက်ပွဲဝင်ခဲ့သည့် လွတ်လပ်ရေးတိုက်ပွဲကြီး ဖြစ်ပေသည်။ ဤတိုက်ပွဲတွင်ရေနံမြေမှအမျိုးသမီးများလည်း ပါဝင်တိုက်ပွဲဝင်ခဲ့ကြသည်ဖြစ်ရာ ရေနံမြေအမျိုးသမီးများ၏စာသည် ဗမာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းဝင်စာအနေနှင့် မှတ်တမ်းတင်ရမည်ဟု ဆိုချင်ပါသည်။

**မောင်သစ်ရွှင်း (ကျူတုတ်)**



www.burmeseclassic.com

www.burmeseclassic.com



**၁၃၀၀ ပြည့်** အရေးတော်ပုံ ၇၅ နှစ်ပင်တိုင်ခဲ့ပေပြီ။ ၁၃၀၀ ပြည့် အရေးတော်ပုံ၏ တွန်းအားကြောင့်ပင် နယ်ချဲ့ဗြိတိသျှကိုလိုနီစိုးမိုးမှု ဖယိုဖရဲ ပိုမိုဖြစ်လာရသည်။ ၁၃၀၀ ပြည့်တွန်းအားကြောင့်ပင် အလုပ်သမား လူတန်းစား နိုင်ငံရေးပါတီတစ်ရပ် ပေါ်ထွန်းခဲ့သည်။ ၁၃၀၀ ပြည့်တွန်းအားကြောင့်ပင် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတည်းဟူသော မြန်မာနိုင်ငံ၏ အဓိကပင်မအင်အားစုကြီး သုံးရပ် စုစည်းမိသွားသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသော ပြည်သူလူထု စုစည်းမိကြသည် မဟုတ်လော။ ဤ ၁၃၀၀ ပြည့် အရေးတော်ပုံ၏ တွန်းအားကြောင့်ပင် ၁၃၀၀ ပြည့် အလွန် ဆယ်စုနှစ်တစ်စုအကြားတွင် အမျိုးသားလွတ်ရေး ရှိခဲ့သည်ဆိုလျှင် မမှားနိုင်ပေ။ သို့ဖြစ်ပါ၍ ၁၃၀၀ ပြည့် အရေးတော်ပုံ၏ ကျေးဇူးတရားကား ဂုဏ်ပြုထိုက်သော ကျေးဇူးတရား။ ထိုကာလက ပါဝင်ဆင်နွှဲခဲ့သော အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် ပြည်သူလူထု အပေါင်းအား မျိုးဆက်သစ် ပြည်သူများက ဦးညွှတ် အလေးပြုကြရပေမည်။

၁၃၀၀ ပြည့်အရေးတော်ပုံသည် နိုင်ငံရေးအရ ပေါင်းချုပ် သုံးသပ်ကြည့်သော် ဗြိတိသျှကိုလိုနီအရင်းရှင်စနစ်၏ ကုမ္ပဏီဖြစ်သော ဘီ၊ အို၊ စီ ရေနံ ကုမ္ပဏီက ရေနံမြေအလုပ်သမားများအပေါ် အဆမတန် ဖိနှိပ်ခိုင်းစေ သွေးစုပ်၊ အမြတ်ထုတ်မှုအား မခံရပ်နိုင်လွန်းမက မခံရပ်နိုင်ဖြစ်လာသောကြောင့် သပိတ်လက်နက်ဆွဲကိုင် ပုန်ကန်တော်လှန်တိုက်ပွဲ ဆင်းခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားလည်း သပိတ်မှောက်ဆန္ဒပြခွင့်ကို ဗြိတိသျှ စစ်ပုလိပ်များက တားဆီး နှောင့်ယှက်၊ ဖမ်းဆီး၊ ထောင်ချခြင်းမှာ ဒီမိုကရေစီ အခွင့်အရေးများကို ပိတ်ပင်တားဆီးခြင်းဖြစ်သည်။ ဤ ပိတ်ပင်တားဆီးမှုများကို အလုပ်သမားများက ထိုးဖောက်ကျော်နင်း ချီတက်ခြင်း၊ ရန်ကုန်မြို့အတွင်းဝန် များရုံးကို ဝိုင်းဝန်းပိတ်ဆို့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားတို့ ဆန္ဒပြတိုက်ပွဲ ဝင်ခြင်းတို့သည် ဒီမိုကရေစီအခွင့်အရေး အပြည့်အဝ ရရှိရေးအတွက် စွန့်လွှတ် တိုက်ပွဲဝင်ကြခြင်း ဖြစ်သည်။ ဤသို့နယ်ချဲ့ကျွန်သားပေါက်အဖြစ် ရေနံမြေ အလုပ်သမားများ သွေးစုပ်အမြတ်ထုတ်ခံရခြင်း၊ လွတ်လပ်စွာ သပိတ်မှောက်ဆန္ဒပြခြင်းကို ပိတ်ပင်တားဆီးဖိနှိပ်သတ်ဖြတ်ခြင်းတို့မှာ အမျိုးသားလွတ်လပ်ရေး ဆုံးရှုံးခြင်းအောက်၌တည်း ရှိနေသော အနိဋ္ဌာရုံပင် မဟုတ်ပေ။ ထို့ကြောင့် အလုပ်သမား၊ လယ်သမား၊



www.burmeseclassic.com



ကျောင်းသားတို့ စုရုန်းပြီး ၁၃၀၀ ပြည့်အရေးတော်ပုံ ဆင်နွှဲခြင်းသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲလိုက်ခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤ ၁၃၀၀ ပြည့် အရေးတော်ပုံ၏ အနှစ်အသားကို စုစည်းကြည့်ပါမူ (၁) အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရေး၊ (၂) ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝရရှိရေး၊ (၃) အမျိုးသားလွတ်လပ်ရေး ရရှိရေးတို့ဖြစ်ကြောင်း တွေ့ရှိရပေသည်။

အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရေးနှင့် ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝရရှိရေးသည် နယ်ချဲ့ ကျွန်သားပေါက်ဘဝ မြန်မာပြည်၌ ရရှိနိုင်ဖွယ်ရာ မရှိဟုထိုစဉ်ကပြည်သူလူထုက ဘဝတိုက်ပွဲအတွေ့အကြုံများရ သိရှိကြပေသည်။ ထို့ကြောင့် အမျိုးသားလွတ်လပ်ရေး ရရှိရေးသည်သာ အမျိုးသားလုံးပြည်သူများ၏ အန္တိမဖြစ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်ဂျပန် ခုခံရေးစစ်ပွဲများကို အားသွန်ခွန်စိုက် တိုက်ပွဲဝင်ခဲ့ကြခြင်းမဟုတ်ပါလော။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟူ၍ ကိုလိုနီကျွန်အဖြစ်မှ လွတ်မြောက်ခဲ့ပေပြီ။ အဓိပ္ပာယ်မှာ ၁၈၂၆ ခုနှစ် ရန္တပိုစာချုပ်ဖြင့် ကျွန်ပြုခံခဲ့ရသော မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုသော နူအက်တလီစာချုပ်ပြီးနောက် အနှစ် ၁၂၀ ကျော် ကိုလိုနီဗြိတိသျှတို့၏ ကျွန်ပြုမှု နိဂုံးချုပ်သွားပြီဟု ဆိုလိုပေသည်။ သို့သော် လွတ်လပ်ရေးကား ပြည့်ပြည့်ဝဝ ရခဲ့ပါ၏လော။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ဗြိတိသျှနယ်ချဲ့သမားသည် စစ်ရှုံး၍ ထွက်ပြေးရသော ဂျပန်ဖက်ဆစ်ကဲ့သို့ ဆုတ်ခွာသွားခြင်းတော့မဟုတ်ပေ။ မြန်မာပြည်လူထုတစ်ရပ်လုံးက ယုံကြည်၍ ပုံအပ်ထားခြင်းခံရသော ဖ . ဆ . ပ . လ ဆိုရှယ်လစ်အဖွဲ့ချုပ်နှင့် ဗြိတိသျှနယ်ချဲ့ အစိုးရတို့နှစ်ဦးသဘောတူချုပ်ဆိုသော လွတ်လပ်ရေးစာချုပ်သုံးခုဖြင့် လွတ်လပ်ရေးရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါစာချုပ်သုံးခု၏ အနှစ်သဘောမှာ နိုင်ငံရေးအရ စီးပွားရေးအရ အနှောင်အတံသဘောများ ပါဝင်ခဲ့သည်။ နှစ်ဘက်အကျိုးစီးပွားစေ့စပ်၍ ချုပ်ဆိုရသောစာချုပ်များ ဖြစ်သည်။ လုံးဝ လွတ်လွတ်ကျွတ်ကျွတ်တော့ မဟုတ်ခဲ့။ အထူးသဖြင့် စီးပွားတွင် နယ်ချဲ့အကျိုးစီးပွားကို အကာအကွယ်ပေးခဲ့ရသည်။ နယ်ချဲ့စီးပွားရေးအဖေါ် မှီခိုရသောနိုင်ငံ၌ မြေယာစနစ်သည် မြေရှင်စနစ်ကြီးစိုးမှုခံရသည်။ ခေတ်နောက်ကျသည့် ကုန်ထုတ်ကိရိယာများပေါ် အခြေစိုက်ထားသည်။ အချုပ်သဘောမှာ မြန်မာနိုင်ငံသည် စီးပွားရေးအရ ခေတ်နောက်ကျရတော့သည်။ စက်မှုလုပ်ငန်းသည် ကိုလိုနီခေတ်အတိုင်း နယ်ချဲ့စီးပွားရေးစနစ်အလိုကျ ကုန်ကြမ်းထုတ်စက်ရုံများသာ အဓိကဖြစ်ရသည်။ နယ်ချဲ့စီးပွားရေး၏ နောက်ဖေးမီးဖိုချောင်စီးပွားရေးဘဝ ဖြစ်ရသည်။ မဖွံ့ဖြိုးချေ။

ဤသို့ ခေတ်နောက်ကျသော မြေယာစနစ်နှင့် ခေတ်မမီသော စက်မှု ကုန်ထုတ်စနစ်တို့ပေါ် အခြေခံပြီး နယ်ချဲ့စီးပွားပေါ် မှီခိုရသောမြန်မာ့စီးပွားရေးတွင် ၁၉၆၂ ခုနှစ် စစ်ဘက်အာဏာသိမ်းပိုက်ပြီးနောက် စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်ပေါင်းရှင်စနစ် ထွန်းကားလာသည်။ ကိုးဆယ်စုနှစ်များ၌ နိုင်ငံခြားစက်ရုံလုပ်ငန်းအချို့ဝင်ရောက်လာသည်။ နောက်ပိုင်းတွင် စက်မှုဇုန်ဆိုသည်များ ဖွဲ့စည်းလာသည်။ မည်သို့ပင်ဖြစ်စေ မြန်မာပြည် လူဦးရေ တိုးပွားလာသည်နှင့်အမျှ စက်မှုကုန်ထုတ်လုပ်ငန်းများတိုးပွားလာသည်နှင့်အမျှ အလုပ်သမားဦးရေ တိုးပွားလာသည်။ အထူးသဖြင့် မြို့နေလူဦးရေ တိုးပွားလာသည်။ သဘာဝအတိုင်း လူမျိုးနွယ်သစ်များ မွေးဖွားလာခြင်းလည်း အကြောင်းအချက်တစ်ရပ်ဖြစ်သကဲ့သို့ ပြည်တွင်းစစ်ကြောင့် ကျေးလက်ပြည်သူများ မြို့တက်ခိုလှုံလာရခြင်းသည် အကြောင်းအချက်ကြီးတစ်ရပ် ဖြစ်ပေသည်။ တစ်ဆက်တည်းတွင် ကျေးလက်စီးပွားရေး အထူးသဖြင့် မြေယာစီးပွားရေးသည် ကိုလိုနီအရင်းရှင်စီးပွားရေးဈေးကွက်နှင့် ဆက်စပ်မိကတည်းက မတည်မငြိမ် ဖြစ်လာသည်။ ကုန်ထုတ်လုပ်ငန်းအာမခံချက် ပိုမိုကင်းမဲ့လာသည်။ ကုန်ထုတ်စားရိတ်ကြီး သီးနှံဈေးနှုန်းအာမခံချက်ကင်းမဲ့၊ ကျေးလက်နှင့် မြို့ပြဝင်ငွေ ခြားနားချက် ကြီးမားလာ။ ဤအခြေအနေများကြောင့် မြို့တက်စီးပွားရှာလာကြသည်။ စက်မှုအလုပ်သမားများသည် ကျေးလက်လယ်ယာမြေလုပ်သားများအဖြစ်မှ ကူးပြောင်းလာသူများ တိုးပွားလာသည်။

မြန်မာနိုင်ငံ၌ အလုပ်လုပ်နိုင်သူဦးရေ ၃၄. ၇ သန်းရှိသည်။ လယ်ယာလုပ်ကိုင်သူ ၂၂. ၃ သန်း၊ စက်မှုလုပ်ငန်းလုပ်ကိုင်သူ ၄. ၈ သန်းရှိပြီး ဝန်ဆောင်မှုလုပ်သူ ၇. ၅သန်းရှိပေသည်။ ဤသည်မှာ မြန်မာ့ကုန်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်ငန်းတစ်ခုလုံးအား ကိုင်လှုပ်နေသော ကုန်ထုတ်စွမ်းအားစု၏ လူသားပိုင်းဟုဆိုသော် ရနိုင်ပေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စာရင်း ထုတ်ပြန်ချက်အရဆိုပါမူ ၂၀၀၅ ခုနှစ်ကုန်ပိုင်းက မြန်မာ့စက်မှုလုပ်ငန်းပေါင်း ၄ သိန်းကျော်တွင် စက်မှုအလုပ်သမားပေါင်း (၃)သိန်းကျော်ရှိသည်။ စက်ရုံအများဆုံးရှိသော ရန်ကုန်မြောက်ပိုင်းမှာ အလုပ်သမားပေါင်း ၆၀၀၀ဝကျော် ရှိပေသည်။ အစိုးရထုတ်ပြန်သော စာရင်းအရ စက်မှုဇုန် ၁၈ မှာ ရန်ကုန်မြို့တွင်ရှိပြီး အလုပ်သမားဦးရေ ၁၆၀၀၀၀ ကျော်ရှိသည်ဆိုသော်လည်း စက်မှုဇုန်ပြင်ပ စက်ရုံအလုပ်ရုံဦးရေပါ ထည့်ပေါင်းလျှင် ၃၀၀၀၀၀ အထိ ရှိနိုင်ပေသည်။ လုပ်ငန်းအဖိုးအစားအရ အထည်ချုပ်စက်ရုံများတွင် အမျိုးသမီးအလုပ်သမား ဦးရေ ၉၀ ရာခိုင်နှုန်းသာ ရှိပေသည်။

ဤလုပ်သားများသည် မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း၏ အရေးပါသောလူသားအရင်းအမြစ်ဖြစ်သည်။ သို့သော်ကုန်ထုတ်လုပ်သားများသည် ဘဝနစ်နာချက်များ ပြည့်နက်နေ၏။ အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေသည် ဆိုးရွားလှပေသည်။ လုပ်ငန်းအမျိုးအစားအရ အလုပ်သမားအများစုမှာ အမျိုးသမီးများဖြစ်သည်။ ၁၅ နှစ် ၁၆ နှစ်အရွယ်များသည်။ ထောက်ခံချက် အလိမ်များဖြင့် အလုပ်လုပ်ကြရသည်။ ထိုအလုပ်သမားများ ထိခိုက်ဒဏ်ရာရက တရားဝင် အကျိုးခံစားခွင့်များ မရရှာကြပေ။ အလုပ်သမားများသည် ၈ နာရီ လုပ်၊ ၈ နာရီနား၊ ၈ နာရီပျော်ဆိုသော အခွင့်အရေးကို နားမလည်ရှာကြ။ ယခုလုပ်နေရသောအချိန်ပိုမတရားခိုင်းစေမှု၊ အလုပ်ပိတ်ရက် ခံစားခွင့်ရက် ဆုံးရှုံးမှု လူမှုဖူလုံရေးအကျိုးခံစားခွင့် မရရှိမှုတို့ကို အများစုက နားမလည်ရှာကြ။ စားဝတ်နေရေးမဖူလုံ၍သာ အခြေခံလုပ်ခပြဋ္ဌာန်းရေးသာ ဦးစားပေးတောင်းဆိုရပေသည်။ အလုပ်သမားများသည် တစ်လအလုပ်ချိန်ကို နာရီ ၉၀ နှင့် ၁၀၀ အထိ အချိန် ပိုလုပ်နေရသည်။ ဥပဒေအရ သတ်မှတ်ထားသော ရက်သတ္တတပတ်လျှင် ၄၈ နာရီလုပ်ခွင့်သာ ပြုသည်။ သို့သော်လည်း လက်တွေ့တွင် ရက်သတ္တတပတ်လျှင် ၇၃ နာရီလုပ်နေရသည်။ ရသည့်လုပ်ခလစာနှင့် လူနေမှုစားရိတ် ကွာဟလွန်းသည်ကို မဖြည့်ဆည်းနိုင်ကြ။

လွန်ခဲ့သော ၇၅နှစ်က ဗြိတိသျှရေနံကုမ္ပဏီ၏ ရေနံမြေလုပ်သားများ အခြေအနေဟာလည်း ခြစ်ခြစ်တောက် နေရောင်အပူရှိန်အောက်တွင် နရန်ငွေ့များ အမြဲမပြတ် ရှူရှိုက်ပြီး ပင်ပန်းကြီးစွာ အလုပ်လုပ် ရရှာသည်။ ရေနံတွင်ပါသော ကန့်ဓာတ်ငွေ့ကို နာရီမလပ် ရှူရှိုက်အလုပ်လုပ်ရသည်။ မျက်စိ၊ အသားအရေများ ထိခိုက်သကဲ့သို့ အဆုတ်၊ နှလုံး၊ သည်းခြေပျက်ရောဂါများ တဖြည်းဖြည်း စွဲကပ်ခံစားရသည်။ ဤသို့ ပင်ပန်းကြီးစွာ ထုတ်လုပ်ရသော်လည်း အလုပ်သမားများ ငတ်မွတ်စွာ လုပ်ခဲ့ကြရသည်။

၁၉၃၇ ခုနှစ် ဘီအိုစီကုမ္ပဏီ နှစ်ချုပ်စာရင်းအရ အမြတ်ငွေပေါင်း ကျပ်သန်း ၄၀ကျော် အိတ်ဝင်သပိတ်ဝင် မြတ်စွန်းခဲ့ကြောင်း ၁၉၃၇ ခုနှစ် အစီရင်ခံစာအရ သိရသည်။ ၁၉၃၇ ခုနှစ်တွင်မူ အမြတ်အစွန်းကျပ် ၆၇ သန်းကျော် ရခဲ့သည်။ ကုမ္ပဏီ၏ အမြတ်ခွန်မီးအာမခံ ကျပ် ၅၃ သန်းထုတ်ပေးရ ငွေမှာ အသားတင်အမြတ်တွင် မပါသေးချေ။ အလုပ်သမားလုပ်ခ စုစုပေါင်းမှာ ကျပ် ၈ သန်းကျော်သာဖြစ်သည်။ ထိုစာရင်းဂဏန်းအရ ထိုနှစ်တစ်နှစ်အတွင်း ငွေကျပ် ၁၂၈ သန်းကျော် မြတ်သည်။ အဓိပ္ပာယ်က အမြတ်ငွေမှ အလုပ်သမား ပေါင်း ၂၀၀၀၀ ကျော်အတွက် ငွေကျပ် ၈ သန်းမျှ ထုတ်ပေးပြီး ဘီအိုစီ သူဌေး တစ်စုက ငွေကျပ် သန်း ၁၂၀ ယူလိုက်ပေသည်။ အချိုးချကြည့်လျှင် အလုပ်သမားက ၁ ကျပ်ရချိန်၌ လတ်တဆုပ်စာ လုပ်ငန်းရှင် ဓနရှင်တို့က ၁၅ ကျပ် ရရှိခံစားနေရသည် မဟုတ်လော။

လွန်ခဲ့သော ၇၅ နှစ်က အလုပ်သမားများ သွေးစုပ်ဖိနှိပ်ခံရမှုနှင့် မျက်မှောက်အလုပ်သမားများ ဖိနှိပ်သွေးစုပ်ခံရမှုသည် ခြားနားချက် မရှိပေ။ အပေါင်းလက္ခဏာအဖြစ် ဖိနှိပ်သွေးစုပ်ခြိမ်းခြောက်မှုများ တိုးပွားလာခြင်းသာရှိပေသည်။

နယ်ချဲ့လက်အောက်က အလုပ်သမားထုသည် သွေးစုပ်ဖိနှိပ် ချယ်လှယ်ခံရသော်လည်း စိတ်ဓာတ်လှည့်လည် ဆန္ဒပြဖော်ထုတ်ကြ၍ အစုလိုက် အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုမျိုး မရှိချေ။ လွတ်လပ်ရေးခေတ် မေဒွန် အလုပ်သမား ဆန္ဒပြပွဲများကို ချေမှုန်းရာ၌ စစ်တပ်က ပစ်ခတ်၍ သဘောကျင်း၌ သွေးချောင်းစီး သတ်ဖြတ်ခံခဲ့ရသည်။ ပျောက်ကျားပစ်ခတ်ခံရမှုများလည်း မနည်းလှပေ။ ရှစ်လေးလုံး အရေးတော်ပုံ၌ အလုပ်သမား အမှုထမ်း၊ ကျောင်းသားသပိတ်ကော်မတီများ၊ ကျေးလက်လယ်သမားများ ဦးဆောင်သော သပိတ်ကော်မတီများ



www.burmeseclassic.com

www.burmeseclassic.com



၏ စစ်တပ်တစ်ပါတီအာဏာရှင် မဆလအစိုးရ ဆန့်ကျင်ရေး အုံကြွမှု၌ လက်နက်မဲ့ ဆန္ဒပြလူထု ရာပေါင်းများစွာ ပစ်ခတ်သတ်ဖြတ်မှု ခံခဲ့ရပြန်သည်။

ယခု ၂၀၀၀ ဖွဲ့စည်းပုံအရ ရွေးကောက်ပွဲဖြင့် တက်လာသည်ဆိုသော ဦးသိန်းစိန် ကြံ့ခိုင်ရေး အစိုးရ လက်ထက်၌လည်း မြန်မာ့စီးပွားရေး အသက်သွေးကြော ၈၀ ရာခိုင်နှုန်းကို ချုပ်ကိုင်သွေးထုပ် ချယ်လှယ်နေသော စစ်ဗျူရိုကရက် အရင်းရှင်စနစ်အောက်၌ ဖွင့်လှစ်ထားသော စက်မှုဇုန် စက်မှုအလုပ်သမားများသည် အထက်၌ ဖော်ပြခဲ့သကဲ့သို့ ပြင်းထန်စွာ သွေးစုပ်ခံနေရသည်။ အရင်းရှင်လူတန်းစား၏ ဖိနှိပ်သွေးစုပ်မှုကြောင့် အလုပ်သမားပေါင်းများစွာ လူတန်းစေ့အောင် မနေကြရချေ။ ဘဝလုံခြုံမှု ကင်းမဲ့သည်။ မိမိတို့ဘဝရပ်တည်ရေး၊ ကာကွယ်ရေးအတွက် အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့် မရပေ။ အလုပ်သမားဆန္ဒပြမှုများ နည်းသဏ္ဍာန်မျိုးစုံဖြင့် ဖိနှိပ်ခံရ၊ အလုပ်ထုတ်ခံရပေသည်။ အလုပ်သမားအခွင့်အရေး ကာကွယ်ရေးထက် အလုပ်ရှင်တို့ ဖိနှိပ်ရေးကို အကာအကွယ်ပေးနေပေသည်။ အလုပ်သမားတို့ မိမိတို့ဘဝကာကွယ်ရေးအတွက် ဆူညံပွက်လောရိုက်အောင် တိုက်ပွဲဝင်နေရချိန်တွင် ဆင်းရဲသားပပျောက်ရေး ဆောင်ရွက်နေပါသည်ဆိုသော ကြံ့ခိုင်ဖွံ့ဖြိုးရေးအစိုးရက အလုပ်သမားတို့အခြေခံလစာ လုံလောက်စွာရရှိရေးကို လုံးဝဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကား အံ့ဩဖွယ်ရာပေတော့ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အစိုးရကိုယ်တိုင်က ဦးပိုင်စီးပွားရေးအဖွဲ့ကတစ်ဆင့် တစ်နိုင်ငံလုံးကို သွေးစုပ်ချယ်လှယ်နေသောကြောင့်ပင် ဖြစ်သည်။

ယနေ့သည် ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့ အလုပ်သမားထုပေါ် သွေးစုပ်ချယ်လှယ်သည့်အတွက် မခံရပ်နိုင်၍ ရေနံမြေလုပ်သားထု အုံကြွတိုက်ပွဲဝင်ခဲ့သကဲ့သို့ အခြားသော ဗြိတိသျှနယ်ချဲ့စီးပွားရေး ကုမ္ပဏီများနှင့်အတူ လက်ဝေခံအရင်းရှင် ကုမ္ပဏီများ၏ သွေးစုပ်ချယ်လှယ်မှုကို မခံရပ်နိုင်သော လုပ်သမားများလည်း သပိတ်လက်နက်ကိုင်ဆွဲ တိုက်ပွဲဝင်ထုံးများရှိသည်။ ၇၅ နှစ်တိုင်ခဲ့သော်လည်း အရင်းရှင်စနစ်သည် ကမ္ဘာ့စနစ်အဖြစ် လွှမ်းမိုးနေသေးသကဲ့သို့ ယနေ့သော် အလိုဘယ်အရင်းရင်စနစ်လည်း ကမ္ဘာ့ပတ်စနစ်ဖြစ်ဆဲဖြစ်သည်။ ထို့အတူ မြန်မာလုပ်သားထုဘဝလည်း ၇၅ နှစ်ကာလနှင့် အခြားအနားမရှိ သွေးစုပ်ဖိနှိပ် ခံနေရဆဲပင် မဟုတ်ပါလော. . .။

နယ်ချဲ့ဗြိတိသျှတို့စိုးမိုးစဉ်က လုပ်သားထုသည် မိမိတို့အလုပ်သမား ဘဝ အခွင့်အရေးအတွက် မနားမနေ တိုက်ပွဲဝင်ခဲ့ကြရင်း တစ်ချိန်တည်းမှာ နယ်ချဲ့အရင်းရှင်စနစ်၏ အရင်းအမြစ်ဖြစ်သော ဗြိတိသျှနယ်ချဲ့တို့ ကျွန်လုပ်ထားခြင်းကို လယ်သမား၊ ကျောင်းသားနှင့် အခြားပြည်သူများပါ လက်တွဲပြီး အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးနှင့် အလုပ်သမား အခွင့်အရေးအပြည့်အဝရမည်ဟု ယုံကြည်၍ဖြစ်သည်။

ယနေ့ကာလ၌လည်း အလုပ်သမားများသည် မိမိအခွင့်အရေး အပြည့်အဝ ရရှိရေးများ မိမိတို့ ယာယီအခွင့်အရေး (ဝါ) အခွင့်အရေးရရှိရေးအတွက် ဆင်နွှဲကာ တပြိုင်နက်တည်း ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေးအတွက် တိုက်ပွဲဝင်ကြရပေသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝဖျက်သိမ်းပြီး ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းကာ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ကြရပေမည်။ သို့မှသာ လုပ်သားထုပေါ် မတရား ဖိနှိပ်ခြင်း၊ လုပ်သားခေါင်းပုံဖြတ်ခြင်းများကိုပြုပြင်ပြောင်းလဲနိုင်မည်။ အလုပ်သမားသမဂ္ဂများ၏ တန်ခိုးအာဏာ စူးရှနိုင်မည်။ အရင်းရှင်လုပ်ငန်းရှင်တို့ မတရားဖိနှိပ်မှုကို ဟန့်တားနိုင်မည် ဖြစ်သည်။

ကိုလိုနီခေတ်က လွတ်လပ်ရေးမရဘဲ အလုပ်သမားအခွင့်အရေး မရှိနိုင်သကဲ့သို့ မျက်မှောက်အလုပ်သမားဘဝ မတရားဖိနှိပ်သွေးစုပ်ခံရမှုမှ လွတ်မြောက်ရေးအတွက် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအစား ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစားထိုးရေး တိုက်ပွဲကို ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲခိုင်ခိုင် ညီညွတ်စွာ တိုက်ပွဲဝင်မှသာ လုပ်သားလူထုဘဝ သာယာဖြောင့်ဖြူးရေး လောကဆီသို့ အဆင့်ဆင့် ကူးပြောင်းချီတက်သွားနိုင်မည်ဟု ဖြစ်ကြောင်းပါဗျာ။

**ဇော်ဝင်း**

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီ ဦးဝင်းတင်

# မပြီးဆုံးသေးတဲ့အရေးတော်ပုံ မပြေငြိမ်းသေးတဲ့တောင်းဆိုချက်

၁၃၀၀ ပြည့်အရေးတော်ပုံကြီး ပေါက်ကွဲလှုပ်ရှားခဲ့တာ ၇၅နှစ် ပြည့်မြောက်ခဲ့ပြီ။ အရေးတော်ပုံကြီး ပြီးဆုံးသွားပြီလား။ မပြီးဆုံးသေး။ အရေးတော်ပုံကြီးက တောင်းဆိုခဲ့တဲ့ တောင်းဆိုချက်တွေလည်း မပြေငြိမ်း၊ မပြည့်စုံသေး။

ချောက်ရေနံမြေအလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲကြီးက စတင်ခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ နယ်ချဲ့ကိုလိုနီအစိုးရစိုးမိုးနေတဲ့ မြန်မာတစ်ပြည်လုံးကို မီးတောင်ရှို့လိုက်သလို ပွက်လောရိုက်သွားခဲ့တယ်။ သပိတ်တပ်မတော်ကြီး (ထိုစဉ်က အမည်သညာ) ဟာ မြို့စဉ် ရွာစဉ် ဖြတ်သန်းပြီး မိုင် ၄၀၀ကျော် ချီတက်ခဲ့တယ်။ ကိုလိုနီအစိုးရရဲ့ အသည်းနှလုံးတည်ရာ ရန်ကုန်မြို့ကြီးကို ဝိုင်းခဲ့တယ်။

အရေးတော်ပုံတပ်သားတွေကို တပြည်လုံးအနှံ့ မြို့ရွာတွေက တစ်ခဲနက်ကြိုဆိုကြတယ်။ အားပေးကြတယ်။ ထောက်ပံ့ကြတယ်။ နိုင်ငံရေးပါတီတွေ၊ လူမှုရေးအဖွဲ့အစည်းတွေက အင်တိုက်အားတိုက် ဝန်းရံပေါင်းစည်းကြတယ်။ ရေနံမြေအလုပ်သမားတွေဟာ ၁၉၃၈ ဇန်နဝါရီ ၈ရက် (စနေနေ့)မှာ ချောက်ရေနံမြေသပိတ်ကြီးမှောက်တယ်။ ချောက်ရေနံမြေရဲ့ အလုပ်သမား ၉၅ ရာခိုင်နှုန်း သပိတ်မှောက်ကြတယ်။

ရေနံမြေအလုပ်သမားတွေက ဘီအိုစီကုမ္ပဏီကို တောင်းဆိုချက် ၁၂ ချက်တောင်းဆိုတယ်။ ကုမ္ပဏီက သုံးချက်သာလိုက်လျောတဲ့အတွက် သပိတ်ကြီးမှောက်ကြတယ်။ သပိတ်ကြီးမှောက်တော့ တောင်းဆိုချက် ၁၂ ချက် တောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေနံမြေအလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေမှာ လစာငွေကိစ္စ၊ ခွင့်ရက်ကိစ္စ၊ အလုပ်ထုတ်စာနီကိစ္စ၊ နေ့စား လစားကိစ္စ၊ ဆေးဝါးကုသရေးကိစ္စ၊ လွတ်လပ်စွာ စုရုံးစည်းဝေးခွင့်ကိစ္စ၊ တစ်နေ့လုပ်ချိန်ရှစ်နာရီကိစ္စတွေ ပါဝင်တယ်။ အလုပ်သမားတွေဟာ လုပ်ငန်းခွင်ကိစ္စတွေလောက်ပဲ တောင်းဆိုတာ မဟုတ်ဘူး။ ရေနံတွင်းတွေကို တိုင်းရင်းသားလက် ပြန်အပ်ရန် ကိစ္စလို နိုင်ငံရေး တောင်းဆိုချက်ကိုလည်း တောင်းခဲ့တယ်။

ရေနံမြေအလုပ်သမားတွေနဲ့အတူ လယ်သမားတွေလည်း သပိတ်မှောက်ကြတယ်။ တောင်းဆိုချက်တွေ တောင်းကြ၊ ခရီးရှည်ချီတက်ကြ၊ ဆန္ဒပြကြနဲ့ အုံကြွကြတယ်။ ကျောင်းသားတွေကလည်း ဒုတိယကျောင်းသား သပိတ်ကြီးမှောက်ကြတယ်။ အလုပ်သမား၊ လယ်သမားတွေနဲ့ လက်တွဲခဲ့ကြတယ်။ စက်ရုံ၊ အလုပ်ရုံပေါင်းများစွာကလည်း သပိတ်တွေ မှောက်ကြတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း အလုပ် သမားထုကြီးဟာ တော်လှန်တက်ကြွနေတယ်။ သပိတ်တပ်မဟာကြီး၊ အလုပ်သမားလွှတ်တော်ကြီးစတဲ့ ဒိတ်ဒိတ်ကြဲ စကားလုံးတွေကို သုံးခဲ့ကြတယ်။

ဒီနေ့အထိ ၁၃၀၀ပြည့်အရေးတော်ပုံကြီးရဲ့ တိုက်ပွဲခေါ်သံ၊ သပိတ်တောင်းဆိုချက်၊ အလုပ်သမားထုရဲ့ ရဲရဲတောက်စိတ်ဓာတ်တွေဟာ မမှေးမှိန်၊ မတိုးတိမ်၊ မပြီးပြယ်သေးဘူး။

အလုပ်သမားအရေး၊ လယ်သမားအရေး၊ ကျောင်းသားလူငယ်အရေး၊ နိုင်ငံရေးတောင်းဆိုချက်တွေဟာ ဒီနေ့ ဒီအချိန်အထိ ကျယ်လောင်မြည်ဟိန်းနေဆဲပဲရှိသေးတယ်။

အဲဒီတောင်းဆိုချက်တွေကို ဒီနေ့ အလုပ်သမားထု၊ လယ်သမားထု၊ ကျောင်းသားထုတွေဟာ ဆက်လက် တောင်းဆိုသွားကြမှာ ဖြစ်ပါတယ်။

မိုင်လေးရာကျော် ခရီးရှည်ကြီး ချီတက်ပြီး ပြည်သူတစ်ရပ်လုံးနဲ့ ပေါင်းစည်းချိတ်ဆက်ခဲ့တဲ့ ရေနံမြေ အလုပ်သမားထုသပိတ်ကြီးရဲ့ သတ္တိပြောင်တဲ့ ရဲစိတ်၊

**“**

**အချုပ်ပြောရရင်တော့**

**၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့**

**မတိုးတိတ်သေးတဲ့ တိုက်ပွဲခေါ်သံတွေကို**

**ဒီနေ့ ကျွန်တော်တို့အားလုံး**

**ပဲ့တင်ပြန်နေကြရမှာ ဖြစ်တယ်။**

**”**

ရဲမာန်တွေကို ဒီနေ့အလုပ်သမားတွေ၊ လယ်သမားတွေ၊ ကျောင်းသားလူငယ်တွေ၊ ပြည်သူတွေကပဲ ဆက်လက် မွေးမြူကိုင်စွဲသွားရမှာ ဖြစ်တယ်။

အချုပ်ပြောရရင်တော့ ၁၃၀၀ပြည့်အရေးတော်ပုံကြီးရဲ့ မတိုးတိတ်သေးတဲ့ တိုက်ပွဲခေါ်သံတွေကို ဒီနေ့ ကျွန်တော်တို့အားလုံး ပဲ့တင်ပြန်နေကြရမှာ ဖြစ်တယ်။

ရေနံမြေသပိတ်ကြီး တပ်ဦးချီအလုပ်သမား ခေါင်းဆောင်ကြီး သခင်ဖိုးလှကြီးရဲ့ မေးရိုးထောင်ကားတဲ့ မျက်နှာထားကြီးကို စေ့စေ့ကြည့်ပါ။ မပြီးဆုံးသေးတဲ့ သမိုင်းစကား၊ တိုက်ပွဲစကား၊ သတ္တိစကားတွေကို အားရပါးရ ကြားရပါလိမ့်အုန်းမယ်။ ။

**ဖားသာဝတီဦးဝင်းတင်**

www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ ပြည့် အရေးတော်ပုံ သမိုင်းနိဒါန်း



ငွေဝင်းခ

**သမိုင်းနောက်ခံ**

မြန်မာနိုင်ငံမှ ရေနံစိမ်းကို ခါတ်ဆီ၊ ရေနံဆီ ချက်လုပ်ရောင်းချ ရေးအတွက် သက္ကရာဇ် ၁၈၇၁ ခုနှစ်၊ (၁၂၃၂)ကတည်းက စကော့တလန်ပြည် ဂလပ်စ်ဂိုမြို့၌ ဘားမားအွိုင်းကုမ္ပဏီ (Burma Oil Company ,Ltd ) လီမိတက်ဟူသောအမည်နှင့် အရင်းငွေပေါင်း စတာလင် ၃၀၀၀ မတည်၍ ဖွဲ့စည်းပြီး ရန်ကုန်တွင် ရေနံချက်စက်ရုံ တည်ဆောက်ခဲ့သည်။

သို့သော် ထိုစဉ်က ရေနံစိမ်းရယူရေးမှာ မြန်မာ ဘုရင်မင်းမြတ် လက်အောက်ရှိ အထက်မြန်မာနိုင်ငံ ကုန်တိုက်များမှတစ်ဆင့် လာရသည် ဖြစ်သောကြောင့် လုပ်ငန်းမစရသဖြင့် လုပ်ငန်းစလုပ်၍ (၅)နှစ်အကြာ ၁၈၇၆ ခုနှစ်၌ ပေါင်စတာလင် ၁၅၀၀ နှင့် လုပ်ငန်းကို မစ္စတာဒီအက်စ်ဘာဂီး ဆိုသူအား ရောင်းချခဲ့ရသည်။

နောင်တွင် (၁၀)နှစ်အကြာ ၁၈၈၆ ခုနှစ်၌ အထက်မြန်မာနိုင်ငံတစ်ခုလုံးကို ဗြိတိသျှအစိုးရက သိမ်းပိုက်လိုက်ပြီး နောက်(တစ်)နှစ်မှာပင် ဘီအိုစီက လည်း အရင်းငွေပေါင်စတာလင် (၁) သိန်း၊ (၂)သောင်း မတည်လျှက် ဂလပ်စ်ဂိုမြို့၌ ဘီအိုစီလီမိတက်မှ ထပ်မံ ဖွဲ့စည်း၍ ရေနံတူးဖော်ရေးလုပ်ငန်းများကိုပါ အထက် မြန်မာနိုင်ငံတွင် လုပ်ဆောင်တော့သည်။

မြန်မာနိုင်ငံမှထွက်ရှိသည့်ရေနံအမျိုးအစားမှာ ကမ္ဘာ့ပထမတန်း ရေနံအမျိုးအစားကို မှီသည်သာမက အချို့နေရာများတွင် ပန်းထွက်သည်အထိ ပေါများလှစွာ ရှိလေသောကြောင့် ဘီအိုစီသည် စလုပ်သည့်အချိန်က စ၍ မြတ်စွန်းလှသဖြင့် လုပ်ငန်းကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့လုပ်ကိုင်ခဲ့ရာ ၁၉၀၈ ခုနှစ်အတွင်း အရင်း မတည် ငွေမှာ ပေါင်စတာလင် ၂ သိန်းခွဲအထိ တိုးလာပြီး ထိုနှစ်က အသားတင်အမြတ်ငွေမှာ ပေါင်စတာလင် ၇ သိန်းနီးပါး ရရှိလေသည်။

ဘီအိုစီသည် ရေနံချောင်း၊ ရေနံချပ်၊ စဥ့်ကူ၊ မင်းဘူးနှင့် ချောက်အရပ်များတွင် ရေနံကိုစုပ်ယူ၍ ရန်ကုန်အနီး တစ်ဖတ်ကမ်းရှိ သံလျင်တွင်ဆောက်လုပ် ထားသော ရေနံချက်စက်ရုံ၌ ချက်လုပ်ရသည်။ ထို့ ကြောင့် ၁၉၀၇ ခုနှစ်၌ ရေနံတွင်းမှ ရေနံကို ချက်လုပ်

www.burmeseclassic.com



ရာ ဌာနသို့ သယ်ယူပို့ဆောင်ရေးတွင် စရိတ်သက်သာစေရန် ပိုက်လိုင်းတစ်ခု ရေနံချောင်းမှ ရန်ကုန်သို့ သွယ်ခဲ့သည်။ ထိုရေနံပိုက်လိုင်းမှာ မိုင်ပေါင်း ၂၇၅ မိုင်ရှိ၍ ပိုက်အလုံး ၁၀ လက်မရှိသည်။ ပိုက်တွင် စုပ်စက် (၄) လုံး တပ်ဆင်ထားသည်။ ဤပိုက်မှာ ရေနံများကို ချက်စက်ရုံသို့ စက်ဖြင့်စုပ်ပို့ရာ၌ စရိက်သတ်သာလှသဖြင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည့်ကာလအထိ ရေနံကို စက်ဖြင့်စုပ်ပြီး ချက်စက်ရုံသို့ ပို့ပေးလေသည်။

ဘီအိုစီသည် ၁၈၈၆ ခုနှစ်မှ စ၍ ၁၉၆၂ ခုနှစ်တိုင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေသည့်ကာလမှ လွဲ၍ မြန်မာ့ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့သည်။

## ချောက်ရေနံမြေဖြစ်ပေါ်လာပုံ

ချောက်မြို့ မြောက်ဘက် ဧရာဝတီမြစ်ထဲတွင် ရေနံရှာဖွေတွေ့ရှိ၍ ၁၉၃၃ ခုနှစ်မှ စတင်ကာ စဥ့်ကူအနီး ဧရာဝတီမြစ်ကမ်းပါးကြီးကို လူအင်အား စက်အင်အားဖြင့် မြေဖို့ပြီး ကျောက်နံရံကြီးတည်ဆောက်ရာ ၁၉၃၀ ခုနှစ် တွင် ပြီးစီးသည်။ အဆိုပါ ကျောက်ရိုးပေါ်တွင် ရေနံတွင်းတူးပြီး ယခုအချိန်အထိ ရေနံစုပ်ယူလျက်ရှိသည်။ ထိုကျောက်ရိုးကြီးနှင့် မျက်နှာချင်းဆိုင်တစ်ဖက်ကမ်းရှိ လမ်းရွာတွင်လည်း အလားတူပင် မြေဖို့ပြီး ကျောက်ရိုးကြီး တည်ဆောက်ကာ ရေနံစုပ်ယူလျက်ရှိသည်။ ၁၉၃၇ ခုနှစ်တွင် ချောက်မြို့၌ရေနံစထွက်ရာ အလားအလာကောင်း၍ ရေနံလုပ်ငန်းကို ဘီအိုစီက ရေနံချောင်းမှ ချောက်မြို့သို့ ကူးပြောင်း၍ အများအပြားလုပ်ကိုင်လာသည်။

## ချောက်မြို့၏ပထမဆုံးရေနံတွင်း

ချောက်မြို့တွင် ပထမဆုံးရေနံစမ်းသပ်တူးဖော်သည့်နေ့မှာ ၁၉၀၀ ပြည့်နှစ် ဩဂုတ်လ (၁၆)ရက်နေ့ဖြစ်သည်။ ၁၉၀၁ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့တွင် အဆိုပါ ရေနံတွင်းမှ ရေနံစတင်ထွက်သည်။ ထိုရေနံတွင်းကို ပေပေါင်း ၁၈၈၅ ပေ အထိတူးရသည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့တွင် ရေနံမထွက်တော့ဆို၍ ပိတ်လိုက်သည်။ ဤရေနံတွင်းမှာ ချောက်မြို့တွင် ပထမဆုံး အကြိမ်စတင် တူးဖော်သောရေနံတွင်းဖြစ်၍ အထိမ်းအမှတ်ကျောက်တိုင်ကလေး စိုက်ထူထားသည်။

ဘီအိုစီကုမ္ပဏီ၏အမြတ်အစွန်း

ဘီအိုစီအရင်းရှင် ကုမ္ပဏီသည် ၁၉၃၇ ခုနှစ်၊ နှစ်ချုပ်စာရင်းအရ ငွေပေါင်း (၇)ကုဋေ (၅)သန်းခန့် သပိတ်ဝင်အိတ်ဝင်မြတ်စွန်းလေသည်။ သွေးနှင့် ချွေးနှင့် ရင်းရသည့်အလုပ်သမားများ အတွက်ကား တစ်နှစ်လျှင် (၅)သန်းမျှသာ လုပ်ခအဖြစ်ပေးသည်။

ဘီအိုစီ အရင်းရှင်ကုမ္ပဏီသည် ဗြိုရိုကရေစီယန္တယားနှင့် လူမှုရေးအရ သွေးခွဲအုပ်ချုပ်သည်။ သာမန်အလုပ်သမား၊ စာရေးစာချီနှင့် အရာရှိဟူ၍ ခွဲခြားအုပ်ချုပ်ခြင်းဖြစ်သည်။

ထိုလူတန်းစားသုံးရပ် မပေါင်းစည်းမိရေးအတွက် အခွင့်အရေးများ ခွဲခြားထားပြီး အစွမ်းကုန် ညစ်ပတ်အုပ်ချုပ်သည်။

## ချောက်ရေနံမြေအလုပ်သမားများဘဝ

အလုပ်သမားများကို အိမ်နိမ့်တန်းလျားကလေးနှင့် ကျဉ်းမြောင်း၊ ကျပ်တည်းသော အခန်းတွင် နေထိုင်စေသည်။ စာရေး၊ စာချီများကို သီးခြားအိမ်လုံးကလေးများဆောက်လုပ်ပေးထားသည်။ အရာရှိများကို အိမ်ကြီးကြီးများနှင့်သီးခြားဝန်းနှင့်ခြံနှင့် ဆောက်လုပ်ပေးထားသည်။ လူနေမှုအဆင့် ကွာသည်နှင့်အမျှ လူတန်းစားစိတ်ကွဲအောင် ဖန်တီးထားသည်။

အလုပ်သမားများအဖို့ (၁၀) ပေ ပတ်လည် အခန်းကလေးကိုပင် ဧည့်ခန်း၊ ထမင်းစားခန်း၊ အိမ်ထောင် ပစ္စည်းထားခန်း၊ အိပ်ခန်းဟူ၍ ရေလဲနှင့် သုံးနေရသော်လည်း ဥရောပတိုက်သား မျက်နှာဖြူအရာရှိများအတွက်မူ စတုရန်းပေပေါင်း (၁၀၀၀)ခန့် ကျယ်သည့် (၂)ထပ် အိမ်ကြီးနှင့် နေရလေသည်။ ထိုသို့ အိမ်ကြီးအိမ်ကောင်းနှင့် နေရသည့်အပြင် ထမင်းချက်၊ စာပွဲထိုး၊ မော်တော်ကားမောင်းသူ၊ ခြံစောင့်များလည်း ပေးထားသေးသည်။ ယင်းတို့နေသည့်အိမ်ကို ဥရောပတိုက်က အိမ်များကဲ့သို့ ထမင်းစားခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ သားအတွက်အခန်း၊ သမီးအတွက်အခန်း၊ လင်ကိုယ်မယားတစ်ခန်းစီ ခွဲထားသည်။ အိမ်ခြံဝင်းထဲတွင် အင်မတန်ပူပြင်းသည့် ကုန်းခေါင်ခေါင်၌ပင် မြက်ပင်များပေါက်အောင် စိုက်ပေးရသေးသည်။

အလုပ်သမားများ၏ အိမ်မှာ ရေနံမြေသပိတ်ကြီး မတိုင်ခင်က တန်းလျားကြီးတစ်ခုတွင် (၈၀)ပေ



www.burmeseclassic.com

www.burmeseclassic.com



> **နေပူသည်ကတစ်မျိုး၊ ရေနံငွေ့ရှိုက်သည်ကတစ်မျိုး၊ လေးလံသည့်ဝန်ကို ထမ်းရသည်က တစ်မျိုးနှင့် နဖူးကချွေး ခြေမသို့တိုင် ကျရလေသည်။ ဤချွေးသည်ကား ဘီအိုစီအရင်းရှင်က စုပ်ယူ သည့် ချွေးပင်တည်း။**

ပတ်လည်အခန်းတစ်ခန်းသာရသည်။ ထိုအခန်းမှာလည်း တစ်ထပ်အခန်းကလေးသာဖြစ်သည်။ ထိုတစ်ထပ်အခန်းကလေးတွင် ရေအိုးက လှေကားထစ်၌ ထားရသည်။ အိမ်ပေါ်တက်လိုက်သည်နှင့် ဆန်အိတ်နှင့် အိုးခွက်ပန်းကန်များ တွေ့ရပါမည်။ ဆန်အိတ်နောက်တွင်ကား အိပ်ယာကုတင်ထားရသည်။

ကုတင်ခြေရင်း၌ (၁)ပေခန့်သာရှိသည့် လူသွားလမ်းကလေးရှိသည်။ ထိုနေရာကလေးမှာပင် ကျပ်ကျပ်တည်းတည်းနေရသည်။ စားလည်းသည်နေရာ၊ အိပ်လည်း သည်နေရာပင်ဖြစ်သည်။ မိန်းမထဘီကို ကုတင်အောက် သွင်းထားရသည်။ ယောကျ်ားလုံချည်ထားလိုလျှင် ကုတင်ခေါင်းရင်းဘက်၌ ကြိုးတန်းကလေးတန်းပြီး တင်ထားရသည်။ ဤအခန်းလေးမှာ မိအိုဖအိုလူကြီးတစ်ယောက်ပါနေလျှင် မကောင်းတော့ပါ။ လင်ကိုယ်မယား သာနေ၍ရပြီး သား၊ သမီး (၂)ယောက်ရှိလျှင် နေ၍ မဖြစ်တော့ပါ။ သား၊ သမီးရှိလျှင် တစ်ခုတည်းသော ကုတင်ပေါ်တွင် သားအမိသားအဖတွေ ပြွတ်သိပ်အိပ်ရသည်။ ဤအခန်းကလေးရဖို့ကား လွယ်သည်မဟုတ်၊ လေဘာရုံးသို့ အကြိမ်ကြိမ်သွားပါမှ ရသည်။

ဘီအိုစီအလုပ်သမားများမှာ အိမ်နိမ့်နိမ့်ကလေးနှင့် ကျပ်ကျပ်တည်းတည်း နေရသည့်ဘဝနှင့် သာရှိပြီး မျက်စိပွင့်လင်းစရာဟူ၍ ဘာမျှမရှိခဲ့ပေ။ လေကောင်းလေသန့်မရသော အခန်းကလေးထဲတွင်ပင် အနားယူကြရလေသည်။ အပန်းဖြေနားနေစရာ ရိပ်သာကားမရှိပေ။ အပန်းဖြေရိပ်သာမရှိ၊ စာကြည့်ခန်းကလေးမှ မရှိသဖြင့် မိမိတို့အကျပ်အတည်းများကို ရင်ဖွင့်စရာ မရှိပေ။

ရေနံမြေ၌ မျက်နှာဖြူများအတွက် ဆောက်လုပ်ထားသည့် ကလပ်မှာ သီးခြားနယ်မြေကလေးဖြစ်သည်။ ကလပ်အနီးသို့ပင် ဗမာလူမျိုးများ မသွားဝံ့အောင် ဖန်တီးထားသည်။ ထိုကလပ်အနားသို့ သီလာလျှင် အစောင့်က သူခိုးကို ဆွဲသည့်ပမာ အဆွဲခံရသည်။

### "ရေနံမြေအလုပ်သမားများ သွေးနှင့်ချွေးနှင့် ရင်း၍ အလုပ်လုပ်ကြရပုံ"

ရေနံမြေဒေသမှာ မိုးခေါင်၊ ရေရှား၊ ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်သည်။ အလုပ်လုပ်ရသူမဆိုထားဘိ၊ နေ့အချိန်တွင် သာမာန်သွား စရာလာစရာရှိ၍ ဝန်ထုပ်ဝန်ပိုးမပါဘဲ သွားလာရသူပင်လျှင် နွေရာသီ၌ လမ်းထွက်သူမှာ ချွေးပြိုက်ပြိုက်ကျလှသည်။ ရေနံအလုပ်သမားများမှာ တောင်ကုန်းတောင်ချိုင့်များအကြားတွင် နေပူကျဲကျဲအောက်၌ သံပိုက်လုံးများ၊ သံထည်ပစ္စည်းများထမ်း၍ အလုပ်လုပ်ကြရသည်။ နေပူသည်ကတစ်မျိုး၊ ရေနံငွေ့ရိုက်သည်ကတစ်မျိုး၊ လေးလံသည့်ဝန်ကို ထမ်းရသည်က တစ်မျိုးနှင့် နဖူးကချွေး ခြေမသို့တိုင် ကျရလေသည်။ ဤချွေးသည်ကား ဘီအိုစီအရင်းရှင်က စုပ်ယူသည့် ချွေးပင်တည်း။

ရေနံတွင်းတူး အလုပ်သမားများသည် သက်စွန့်ဆံဖျား အလုပ်လုပ်ကြရပါသေးသည်။ ရေနံတွင်းများမှာ များသောအားဖြင့် ပေ (၉၀၀)ကျော်အထိ မြင့်ပါသည်။ သံထည်နှင့်ချည်းလုပ်ရသည်မှာ ပူလည်းပူလှသည်။ ထိုအပူဒဏ်ကား ထားပါဦးတော့၊ ထိပ်ဖျားသို့တက်၍ လိမ့်ကျကာ အသက်ဆုံးရှုံးရသူများလည်း ရှိသည်။ သွေးထွက်သံယိုဖြစ်ကြရသည်။ ဤသွေးသည် ဘီအိုစီအရင်းရှင်က စုပ်ယူသည့်သွေးပင်တည်း။

ရေနံမြေတွင် အလုပ်လုပ်ကြသော အလုပ်သမားများမှာ အဆိပ်ဓါတ်ငွေ့များဖြစ်သည့် ကန့်ခိုးနှင့် ရေနံခိုးတို့ကို နေ့စဉ်ရှူရှိုက်နေရသဖြင့် ကြာသော်နှလုံးပျက်၊ သည်းခြေပျက်ရောဂါများ ကပ်ရောက်ဖိစီး ခံကြရသည်။

အလုပ်ရုံအတွင်း အလုပ်များဖြစ်သော တွင်ခုံ၊ ဖောက်စက်ရုံ၊ ပန်းဘဲနှင့် သံရည်ကျို၊ လက်သမား၊ စသောရုံများတွင် အလုပ်လုပ်ရသော အလုပ်သမားများအဖို့ သွပ်မိုး၊ သွပ်ကာရုံကြီးအတွင်း၌ နေပူရှိန်ကြောင့် ပူပြင်းသည့်ဒဏ်ကို ခံရရုံသာမက ပန်းဘဲဖိုမီးအပူရှိန်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံရသည်။ စက်တူမကြီးထဲ ရိုက်မိ၍ ခြေကျိုးလက်ပဲ့ရသူများလည်းရှိသည်။ တွင်ခုံ အလုပ်သမားများလည်း လက်ပြတ်ခံရခြင်း၊ မျက်စိထဲ သံစဝင်၍ မျက်စိပျက်ခြင်းများရှိသည်။

ဓါတ်ဂဟေ၊ ခဲဂဟေ၊ လေဂဟေ ဌာနများ၌ အလုပ်လုပ်ကြရသူများမှာလည်း အပူဓာတ်၊ အလင်းဓာတ်လွန်သောကြောင့် အရွယ်မတိုင်မီ မျက်စိပျက်ခြင်းများ ရှိသည်။

ရေနံ၊ ဖယောင်းနှင့် အခြားရေနံမှထွက်ကုန်တို့ကို နေ့စဉ်နှင့်အမျှ အလုပ်သမားများ ထိတွေ့ကိုင်တွယ်နေရသဖြင့် အရေပြားယောင်ရောဂါ၊ အသားယောင်ရောဂါ၊ အသားတိုးရောဂါများ ဖိစီးခံရပါသေးသည်။ လေသန့်ကို လုံလောက်အောင် မရှုရှိုက်ရသဖြင့် အဆုတ်ရောဂါလည်း ရပါသေးသည်။

၁၉၃၈ ခုနှစ်က စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအရ ရေနံကုမ္ပဏီတွင် အလုပ်လုပ်သူ အလုပ်သမားတစ်ထောင်တွင် ဖျားနာ၍ မဟုတ်ဘဲ ရှောင်တခင် အနာတရဖြစ်သောကြောင့် (၂)ယောက် အသေခံကြရသည်။ (၅)ယောက်မှာ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းခံရသည်။ မိမွေးတိုင်း ဖမွေးတိုင်း ဘဝသို့ ပြန်မရချေ။

ဤကဲ့သို့ အလုပ်သမားများ သွေးနှင့်ချွေးနှင့် အသက်ကို စွန့်လွှတ်ပြီး ဆင်းရဲကျပ်တည်းစွာ နေထိုင်၍ လုပ်ကိုင်ပေးကြရသော်ငြားလည်း ရရှိသည့်လစာမှာ (၂၀) ကျပ်ကျော်သာဖြစ်ပြီး ဗိုလ်လွတ် (၄၅)ကျပ်သာ ရလေသည်။ အင်္ဂလိပ်မျက်နှာဖြူအရာရှိများအတွက် လစာငွေမှာ ကျပ်(၃၀၀၀)မှ (၈၀၀၀)အထိရှိသည်။ သုံးနှစ်တစ်ခါ အင်္ဂလန်သို့ပြန်ခွင့်ပေးသည်။ တစ်ခါပြန်လျှင် (၆)လစာ ဖြည့်ပေးသည်။ သင်္ဘောခကိုလည်း ခရီးစရိတ်အဖြစ် ပေးသည်။

### အလုပ်သမားများ၏ လက်သုံးစကားများ

အလုပ်သမားများရသော လခမှာ နည်းလွန်းလှသဖြင့် အလုပ်သမားများက သူတို့ရသောလခကို "ကြွေးမကင်းလခ"ဟုခေါ်ကြသည်။ အလုပ်သမားများ၏ ကြွေးကျော်သံမှာ "နာရီမှုတ်သနော်၊ အလုပ်ခေါ်၊ လခထုတ်သနော် အပြုတ်ဆော်" ဖြစ်သည်။ အလုပ်သမားတို့၏ ဘဝမှာ"စားတော့တစ်ဆုပ်၊ ဝတ်တော့အစုပ်၊ အိပ်တော့ငုပ်တုပ်" ဖြစ်သည်။

အလုပ်သမားတစ်ဦး ပင်စင်ခွင့်နီးသည့်အခါ ဘီအိုစီကုမ္ပဏီက ဆရာဝန်နှင့် ပေါင်းပြီး medical unfit ဟုဆိုကာ အကြောင်းရှာပြီး အလုပ်မှ ထုတ်ပယ်ခြင်းများလည်း ရှိပါသည်။

ဤသည်ကို "သက်ကြီးလျှော့ပင်စင်"ဟုခေါ်ကြသည်။ လုပ်သက်ရှည်၍ လခကြီးစားအလုပ်သမားများကို လခလျှော့ပစ်ခြင်း၊ အပြစ်ရှာ၍ အလုပ်မှ ထုတ်ပစ်ခြင်း၊ အလုပ်သမားဟောင်းကြီးများ နေရာတွင် လခအနည်းငယ်သာပေး၍ လူသစ်ခန့်ခြင်း၊ အလုပ်တွင် ထိခိုက်ဒဏ်ရာရ၍ ကိုယ်လက်အင်္ဂါချွတ်ယွင်းရင်လည်း လျော်ကြေး မပေးဘဲ အလုပ်ဖြုတ်တက်ခြင်းများ စသည်ဖြင့် BOC ကုမ္ပဏီက အလုပ်သမားများ အပေါ် ညစ်ပတ်စွာ ပြုမူ၍ မတရားကျင့်နေပေသည်။

### "သပိတ်တိုက်ပွဲစပြီ"

၁၉၃၇ခုနှစ် နိုဝင်ဘာလတွင် BOC ကုမ္ပဏီက မူလခွင့်ပြုပြီး ဘာသာရေးဆိုင်ရာ အလုပ်ပိတ်ရက် (၁၀) ရက်အစား လျှော့ချ၍(၇)ရက်သာ ခွင့်ပြုကြောင်း ပြင်ဆင်ချက်ထုတ်လိုက်လေသည်။ ကုမ္ပဏီ၏ အဆိုအရ ဘာသာရေးပိတ်ရက်ကို လျှော့ချသော်လည်း လုပ်ခမပျက်ခွင့်ရက်ကို (၁၀)ရက်အထိ အလုပ်သမားများလိုသည့်အခါ ခွင့်ယူခွင့် ပြုမည်ဟုဆိုသည်။

သို့ရာတွင် BOC စာရေးများကမူ တစ်နှစ် ဘာသာရေးခွင့် (၁၀)ရက်နှင့် လစာမပျက်ခွင့်ရက် (၂၀) ပင် မရရှိသည်ကတစ်ကြောင်း၊ အလုပ်သမားများမှာ ဘာသာရေး ပိတ်ရက် (၁၀) ရက်ကို မူလရရှိပြီးသား အခွင့်အရေးကြီးဖြစ်ပါလျက် ယခုမူ မတရားလျှော့ချခံရခြင်းဖြစ်သည်ကတစ်ကြောင်း၊ ဤကဲ့သို့ ဘာသာရေးရက်များကို အကြောင်းမဲ့လျှော့ချလိုက်ခြင်းသည် ဘာသာရေးအရ ဖိနှိပ်ခြင်းဖြစ်သည်။ လူမျိုးပျောက်၊ ဘာသာပျောက်အောင် ဖန်တီးထားခြင်းဖြစ်သည်။ ယင်းအကြောင်းများကြောင့် လုပ်သားထုအစည်းအဝေးကျင်းပ၍ အပြင်းအထန် ကန့်ကွက်အရေးဆိုပြီး အောက်ဖော်ပြပါ တောင်းဆိုချက် (၁၂) ချက်ပါ စာကို BOC ကုမ္ပဏီနှင့် တို့ဗမာအစည်းအရုံးသို့ ပို့လိုက်သည်။ မလိုက်လျောပါက လိုက်လျောသည်အထိ ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ရမည့်အကြောင်း ဆန္ဒပြသည့်အနေဖြင့် စတီသပိတ် (၃)ကိုမှောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) အလုပ်သမားတန်းလျား နေအိမ်များကို နေလောက်အောင် ဆောက်ပေးရန်၊

(၂) အလုပ်သမားတန်းလျားများကို လျှပ်စစ်မီးများ တပ်ဆင်ပေးရန်၊

(၃) အလုပ်သမားတန်းလျားနှင့် ရပ်ကွက်များ၌ သောက်ရေသုံးရေများ လုံလောက်စွာပေးရန်၊

(၄) အလုပ်သမား သား၊ သမီးများကို အခမဲ့ပညာ သင်ကြားပေးရန်နှင့် ကျောင်းများပြည့်ပြည့်စုံစုံ ဆောက်လုပ်ပေးရန်၊

(၅) အလုပ်သမားများ၏ ဇနီး၊ သားမယားများ၏ ကိုယ်ဝန်ဆောင်ကို ဆေးရုံဆရာဝန်က ဂရုစိုက် အချိန်ပြည့် စောင့်ရှောက်ကုသပေးရန်နှင့် ဆေးရုံတက်ခွင့် ပေးရန်။

(၆) အလုပ်သမားများအား လစာမပျက် နှစ်ပတ်လည်ခွင့်ရက်များ ပေးရန်။

(၇) အလုပ်ဌာနတိုင်း အလုပ်ခွင်တိုင်း၌ သောက်ရေ၊ သုံးရေများ လုံလောက်အောင်ထားပေးရန်၊ ထမင်းစားခန်းများ ထားပေးရန်၊

(၈) အလုပ်သမားများ အပန်းဖြေနိုင်ရန်နှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ထားပေးရန်၊

(၉) အလုပ်သမားများ ကျန်းမာရေးအခြေအနေအရ နေထိုင်မကောင်းသည့်အခါ ဆေးရုံတက်နေစဉ် လစာမပျက် ခွင့်ရက်ပေးရန်၊

(၁၀) ခွင့်သွားသော အလုပ်သမားနေရာတွင် အလုပ်ခွင်ရှိအလုပ်သမားတက်၍ လုပ်ကိုင်ခွင့်ပေးရန်နှင့် ခွင့်ယူသွားသော အလုပ်သမား၏ လစာ အဆင့်အတန်း **(Acting Pay)** အတိုင်း ပေးရန်၊

(၁၁) အလုပ်ခွင်တွင် အလုပ်လုပ်နေသော အလုပ်သမား သေဆုံးသွားပါက၊ သို့မဟုတ် အလုပ်မှနုတ်ထွက်သွားပါက အပြင်လူများ ခန့်အပ်မထားဘဲ အလုပ်ခွင်တွင်းမှ အလုပ်သမားများကို လုပ်သက်အရည်အချင်းအလိုက် ခန့်ထားပေးရန်၊

(၁၂) အစည်းအရုံးဝင် အလုပ်သမားများကို မတရားနှိပ်စက်ညှဉ်းပန်းခြင်း၊ ဖိနှိပ်ခြင်း မပြုလုပ်ရန်၊

အထက်ပါ (၁၂)ချက်အနက် ဘီအိုစီကုမ္ပဏီက (၃)ချက်သာ လိုက်လျောပြီး ကျန်အချက်များကို မလိုက်လျောခဲ့။ ကုမ္ပဏီက လိုက်လျောသော အချက်(၃)ချက်မှာ -

(၁) အလုပ်သမားတန်းလျားများတွင် လျှပ်စစ်မီးထွန်းညှိ တပ်ဆင်ပေးမည်။ သို့သော် တန်းလျားအိမ်အတွင်းတော့ တပ်ဆင်မပေးနိုင်။

(၂) အလုပ်သမားတန်းလျားများတွင် ရေများ လုံလောက်အောင် ရရှိရန် စီစဉ်ပေးမည်။

(၃) အလုပ်သမားတန်းလျားများနေလောက်အောင် ပြုပြင်ဆောက်လုပ်ပေးမည်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် တို့ဗမာအစည်းအရုံးက အလုပ်သမားအရေး ဖြေရှင်းပေးနိုင်ရန်အတွက် သခင်လေးမောင်နှင့် ဦးဘလှိုင်တို့ကို ရေနံမြေသို့ စေလွှတ်လိုက်သည်။ ၁၉၃၈ခုနှစ်၊ ဇန်နဝါရီလ၊ (၆)ရက်နှင့် (၇)ရက်နေ့တို့တွင် ရေနံချောင်း၌ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ကြသည်။ ချောက်အစည်းအရုံး ကိုယ်စားလှယ်အဖြစ် သခင်သင်၊ သခင်ဝတင်နှင့် သခင်ခင်တို့ကို ရွေးချယ်ပြီး ရေနံချောင်းသို့ စေလွှတ်သည်။

သခင်ခင်မှာ ချောက်မော်တော်ယာဉ်ဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ သခင်ခင်က အလုပ်သမားအစည်းအဝေးတက်ရန် ခွင့်တောင်းသည်။ ကုမ္ပဏီက မပေးနိုင်ဟုငြင်းသည်။ သခင်ခင်က ရေနံချောင်းအစည်းအဝေးသို့ ထွက်သွားသည်။

ဇန်နဝါရီလ (၈)ရက်နေ့တွင် သခင်ခင်ကို ဌာနကြီးမှူး မျက်နှာဖြူအရာရှိက “စာနီ” ပေးသည်။ စာနီ ဆိုသည်မှာ “အလုပ်မှရပ်စဲလိုက်ပြီ” ဟု မင်နီဖြင့်ရေးသားအကြောင်းကြားခြင်း ဖြစ်သည်။ အကြောင်းမှာ ခွင့်မဲ့တစ်ရက် ပျက်ခြင်းကြောင့် ဖြစ်သည်။

ဦးခင်သည် နေ့စားလပေးဖြစ်သည်။ ခွင့်မဲ့ပျက်ကွက်ပါက လစာမှ ဖြတ်တောက်ရုံသာဖြစ်သည်။ လစာ မဟုတ်သဖြင့် အလုပ်မှ မဖြုတ်နိုင်။

ဤသည်ကို မကျေနပ်သောကြောင့် အလုပ်သမားအပေါင်းက အလုပ်ခွင်မှ ထွက်ခွာကာ ဆန္ဒပြသပိတ်မှောက်ရာမှ (၁၃၀၀)ပြည့် အရေးတော်ပုံကို ဦးတည်စေသည့် ချောက်ရေနံမြေသပိတ်ကြီး စတင်ခြင်းဖြစ်သည်။

www.burmeseclassic.com





# မော်ကွန်းဝင် ရေနံလုပ်သား

ရေနံမြေသာဖေ

အလုပ်သမားအသင်းဝင် ပေါ်ပေါက်လာမည်ကို သူနဲ့ထကြွမည့်ကိစ္စလောက် အရေးထူးကာ ဖိနှိပ်ချုပ်မှု ဥပဒေပုဒ်မနည်းမျိုးစုံဖြင့် ကျင့်သုံးခဲ့သော နယ်ချဲ့အရင်းရှင်ခေတ်တွင် သတ္တိရှိရှိ တိုက်ပွဲဝင်ကြမည့် အလုပ်သမားအဖွဲ့ကြီးဟာ ရေနံချောင်းရေနံမြေ၌ ပေါ်ပေါက်တယ်။

ထိုအဖွဲ့ဟာ (လေးဘားယူနီယံ) ရေနံမြေအလုပ်သများ အသင်းဖြစ်တယ်။ လေးဘားယူနီယံ ရေနံမြေအလုပ်သများဟာ အသင်းကို (၁၉၂၁)ခု ဧပြီလ (၃)ရက်နေ့တွင် ဖွဲ့စည်းခဲ့၍ ဥက္ကဋ္ဌအဖြစ် ရေနံလုပ်သားများအရေးကို စိတ်ဝင်စားသူ ခေတ်ပညာတတ် ဦးမျိုးညွန့်ကို တင်မြှောက်သည်။ အတွင်းရေးမှူးအဖြစ် ရေနံချောင်းမြို့အမျိုးသားအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကို တင်မြှောက်ခဲ့ကြသည်။

ရေနံလုပ်သားထုသည် လေးဘားယူနီယံအလုပ်သမားအသင်းကြီး၏ အလံတော်အောက်တွင် စည်းရုံးမိ၍ ပထမဆုံးအကြိမ်မြောက် အလုပ်သမားကွန်ဖရင့်ကို ၁၉၂၂ ခုနှစ် နိုဝင်ဘာလ(၅)ရက်နေ့တွင် ရေနံချောင်းမြို့ ချောင်းတိမ်ရပ်၌ ထီးနီရုံကြီးထိုးကာကျင်းပခဲ့သည်။ အလုပ်သမားပေါင်း(၂၀၀၀)ကျော် တက်ရောက်ခဲ့ပြီး တောင်းဆိုချက်ပေါင်း (၃၀)ကျော် တင်သွင်းဆုံးဖြတ်ခဲ့သည်။

အလုပ်သမားကွန်ဖရင့် ဆုံးဖြတ်ချက်များကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး အရင်းရှင်ရေနံကုမ္ပဏီများသို့ ပေးပို့တောင်းဆိုခဲ့ရာ အကြောင်းမကြားသဖြင့် ၁၉၂၃ ခုနှစ်မတ်လ (၁၈)ရက်နေ့တွင် လုပ်သားထုအစည်းအဝေးကျင်းပ၍ တောင်းဆိုချက်များ မရမချင်း သပိတ်မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ပြီးနောက် ၁၉၂၃ခုနှစ် မတ်လ (၁၉)ရက်တွင် ပထမဆုံးသပိတ်မှောက် တိုက်ပွဲဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သပိတ်မှောက်မှုနှင့် ပတ်သက်၍ ရေနံကုမ္ပဏီများကိုယ်စားလှယ်များက လေးဘားယူနီယံအလုပ်သမားအသင်းဥက္ကဋ္ဌဦးမျိုးညွန့်နှင့်သပိတ်ခေါင်းဆောင်လုပ်သားကြီးများအား တွေ့ဆုံဆွေးနွေးရန်ဖိတ်ခေါ်သဖြင့် ရေနံချောင်းရှိ ရေနံဝန်ရုံးတော်၌ အလုပ်သမားနှင့် အလုပ်ရှင်ရေနံကုမ္ပဏီကိုယ်စားလှယ်များ မျက်နှာစုံညီတိုင်ပင်ကြရာ ဆွေးနွေးပွဲစမည်အပြုတွင် (IBP) အိုင်ဘီပီ ရေနံကုမ္ပဏီကိုယ်စားလှယ် မစ္စတာမေလာက အလုပ်သမားဥက္ကဋ္ဌဦးမျိုးညွန့်ကို လက်ညှိုးထိုး၍ အသင်းဝင်း၏ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုပြီး မိမိတို့ မဆွေးနွေးနိုင်။ ရေနံမြေတွင် မည့်သည့်အသင်းအဖွဲ့မျှ မရှိ။ လေးဘားယူနီယံအသင်းကိုလည်း မိမိအနေနှင့် အသိအမှတ်မပြုနိုင်ဟု ပြောဆိုလိုက်သောကြောင့် အလုပ်သမားဥက္ကဋ္ဌ ဦးမျိုးညွန့်သည် အရေးပိုင်က အလုပ်သမားသပိတ်ကိုစ္စမျက်နှာစုံညီဆွေးနွေးရပါမည်ဟု ဖိတ်သဖြင့် လာကြရခြင်းဖြစ်ပါသည်။ ယခုတော့ အလုပ်သမားအသင်းခေါင်းဆောင်များကိုခေါ်ပြီး အရှက်ခွဲခြင်းသာ ဖြစ်သည်ဟု ပြောပြောဆိုဆိုနှင့်ပင် အိုင်ဘီပီ ရေနံကုမ္ပဏီကိုယ်စားလှယ် မစ္စတာမေလာအား ဖိုင်တွဲနှင့်ပေါက်၊ လက်သီးနှင့်ထိုးပြုရာမှ ဆွေးနွေးပွဲပျက်သွားခဲ့ရသည်။

ထိုအရေးအခင်းဖြစ်ပွားပြီးနောက်ပိုင်း လေးဘားယူနီယံ အလုပ်သမားအသင်း အမှုဆောင်လက်သမားဌာနလုပ်သားကြီး ဦးပွကြီးကို ၁၉၂၃ခု ဇွန်လ (၂)ရက်နေ့တွင် ရေနံဝန်၏အမိန့်ဖြင့် ပုဒ်မ၆၀အရရေနံမြေမှ နယ်နှင်ဒဏ်ပေးခဲ့ပါသည်။ အလုပ်သမားဥက္ကဋ္ဌကြီး ဦးမျိုးညွန့်နှင့် ဦးဘသီတို့ကိုလည်း ၁၉၂၃ ခု ဇွန်လ(၁၉)ရက်နေ့တွင် ရေနံဝန်အမိန့်ဖြင့်ပင် ရေနံမြေမှ ပုလိပ်များ စောင့်ကြပ်ပြီး ရောဝတီအနောက်ဘက် သံကိုင်းရွာသို့ နယ်နှင်ခဲ့သည်။

မကြာမီရက်အတွင်းပင် အလုပ်သမားဥက္ကဋ္ဌ ဦးမျိုးညွန့်သည် သံကိုင်းဖက်မှ လှေဖောင်ဖြင့် ရေနံချောင်းရှိ စနေနံဘုရားကြီး အနောက်တည့်တည့်သို့လာရောက်ပြီး ရေပေါ်မှမဆင်းဘဲ အလုပ်သမားများအား နိုင်ငံတကာအလုပ်သမားအရေးနှင့် အလုပ်ရှင်တို့ အဖြစ်အပျက်များကို ဟောပြောတော့ရာ တရားဟောရာသို့ အရေးပိုင်မစ္စတာဆင်းကိုယ်တိုင် စစ်တပ်ဖြင့်ဝိုင်း၍ တရားမဟောရန်တားမြစ်သည်။ ဦးမျိုးညွန့်က "ခင်ဗျားတို့ ရေနံမြေကိုကျူပ်မဝင် ရေပေါ်မှာနေပြီး တရားဟောတာ ဘယ်ဥပဒေနဲ့ တားမြစ်နိုင်သလဲ "ဟု ပြန်လှန်မေး၍ ဥပဒေအရ မတားမြစ်နိုင်သောကြောင့် အရေးပိုင်နှင့်စစ်တပ်လက်လျှော့နောက်ဆုတ်ပြန်သွားကြရသည်။

အလုပ်သမားသပိတ်ကြီးမှာမူ မပြိုကွဲဘဲ ဆက်လက်မှောက်နေကြရာ လေးလတိတိကြာခဲ့သဖြင့် သပိတ်အလုပ်သမားများအတွက် လေးဘားယူနီယံအသင်းမှ ဆန်အိတ်ပေါင်း(၂၇၀၀)ကို ဝေငှပေးခဲ့သည်။

သပိတ်ကြီး၏ကြံ့ခိုင်မှုကြောင့် ၁၉၂၃ခု ဩဂုတ်လတွင် တောင်းဆိုချက်များရရှိ၍ သပိတ်လှန်ခဲ့ကြသည်။ အလုပ်သမားတို့၏ တောင်းဆိုချက်များဖြစ်သော အလုပ်သမားများထိခိုက်နာကျင်သေဆုံးလျှင် လျော်ကြေးရရှိခြင်း၊ လစာများတိုးတက်ပေးခြင်း၊ ဘာသာရေး အားလပ်ခွင့်(၁၀)ရက်ရရှိခြင်း၊ နေအိမ်တန်းလျားများ၊ စာသင်ကျောင်းများ၊ ဓမ္မာရုံ၊ သားဖွားခန်းများ၊ ဆေးပေးခန်းများနှင့် ရေမီးများရရှိခြင်း၊ တစ်နေ့လျှင် အလုပ်ချိန်(၈)နာရီ သတ်မှတ်ပေးခြင်းစသော အခွင့်အရေးများ ရရှိခဲ့သည်။

၁၉၂၄ ခု ဩဂုတ်လ ဘတ်ဂျက်အစည်းအဝေးတွင် အလုပ်သမားဥက္ကဋ္ဌ ဦးမျိုးညွန့်တို့ နယ်နှင်ခံရခြင်းကို ရုပ်သိမ်း၍ ရေနံမြေသို့ ပြန်ခေါ်ရန် လွှတ်တော်အမတ်ဦးဘဖေ(ဘကြီးဘဖေ)က ငွေတစ်ကျပ်ဖြတ်တောက်အဆိုသွင်းမဲခွဲရာ ဦးဘဖေအဆိုဖက်မှ ၄၇မဲ၊ အစိုးရဘက်မှ ၃၂မဲရသဖြင့် ဦးမျိုးညွန့်တို့မှာ ရေနံမြေသို့ ပြန်ဝင်ခွင့် ရခဲ့သည်။

ရေနံမြေတွင်ပထမဆုံးဖြစ်ပွားသည့် ရေနံအလုပ်သမားသပိတ်ကြီးကြောင့် အစိုးရဘက်မှ စစ်သားများပို့ရခြင်းအတွက် စရိတ်ငွေကျပ် (၄၉၀၀၀)၊ အခွန်တော်ငွေနစ်နာဆုံးရှုံးမှုကျပ် (၆၀၀၀၀၀)၊ စုစုပေါင်းငွေကျပ် (၆၅၇၀၀၀) ဖြစ်၍ အလုပ်သမားများဖက်မှ နစ်နာမှုငွေကျပ်(၁၀၀၀၀၀)ခန့် ဖြစ်သည်။

ကုမ္ပဏီများဖက်မှ ရေနံဂါလံပေါင်း (၉၉၂၇၆၇၇) ဂါလံ၊ ငွေပေါင်း (၂၇၉၂၁၅၉ ကျပ်၁၀ပြား)ဆုံးရှုံးရသည်ဟု အဆိုရှိသည်။ (၁၉၂၃)ခု မြန်မာနိုင်ငံဓာတ်သတ္တုထွက်ခြင်းမှတ်စု စာမျက်နှာ(၅)။

ဤသည်တို့မှာ မြန်မာနိုင်ငံရေနံချောင်း ရေနံမြေမှ စတင်ပေါက်ဖွားခဲ့သည့် အလုပ်သမားတို့၏ လှုပ်ရှားမှုသမိုင်း အစပင်ဖြစ်လေသည်။

ထိုသည့်နောက်တွင် နယ်ချဲ့ဆန့်ကျင်ရေး အရေးရှင်တော်လှန်ရေးစိတ်ဓာတ်များ အရှိန်အဟုန်ပြင်းပြနေပြီဖြစ်ကြသော ရေနံမြေလုပ်သားထုကြီးမှာ အနိုင်မခံ



www.burmeseclassic.com

www.burmeseclassic.com



" နယ်ချဲ့ဗြိတိသျှအစိုးရနှင့် အရင်းရှင်ကုမ္ပဏီ တို့သည် အလုပ်သမားတို့ကို မပေးလျှင် မဖြစ်သောအခွင့် အရေးများနှင့်သာ ချွေးသိပ်ခဲ့ပြီး တဖက်မှ ဖိနှိပ်မှုများ ပြင်းထန်ခြင်းပြုလာရာ ထိုဖိနှိပ်မှုများမှ လွတ်မြောက်ရန် နှင့်ရသင့်သော အလုပ်သမားအခွင့်အရေးများအတွက် မကြာခဏ သပိတ်လက်နက်ဆွဲကိုင်ကြရသည်။ "

အရှုံးမပေးတော့ဘဲ အရင်းရှင်ကုမ္ပဏီများကို သပိတ်လက်နက်စွဲကိုင်ပြီး အကြိမ်ကြိမ်တိုက်ပွဲဆင်ခဲ့ကြသည်။

ရေနံမြေအလုပ်သမားသပိတ် အရေးတော်ပုံများအနက် (၁၉၆၂)ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် ဘီအိုစီကုမ္ပဏီမှလခစား အလုပ်သမားများကို နေ့စားအဖြစ် ပြောင်းလဲလိုက်သဖြင့် ဒုတိယအကြိမ်အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ခဲ့ပြန်သည်။ ၁၉၂၃ခုနှစ် ပထမဆုံးအကြိမ်သပိတ်ထက်ပင်တိုးတက်ကာ အာမခံချက်များပါဝင်သော တောင်းဆိုချက်တို့ဖြင့်တခဲနက်ဆုံးဖြတ် တိုက်ပွဲဝင်ခဲ့ကြလေသည်။

ဒုတိယအကြိမ်ရေနံလုပ်သား သပိတ်ကြီးဆင်နွှဲနေကြစဉ် လေးဘားယူနီယံအလုပ်သမားအသင်းမှ လက်ရွေးစင် ရဲရဲတောက်တောက် လုပ်သားကြီးကိုးယောက်တို့သည် ရေနံချောင်း၊ ရေနံမြေ၊ ခံကုန်း၊ တွင်းကုန်း၊ ဘေးမဲ့ခိုတောင်မှ ရေနံတွင်းပေါင်း (၇၀)တို့ကို လူစုခွဲ၍ မီးရှို့ကြရာ မီးလောင်မှု(၃၃)ကြိမ်ဖြစ်ပွားသဖြင့် အရင်းရှင်ကုမ္ပဏီများမှာ ထိတ်လန့်တုန်လှုပ်သွားခဲ့ကြသည်။

နယ်ချဲ့အရင်းရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်ပြားပြားဝပ် ဒဏ်သင့်ခံခဲ့ကြရသော ကျောမွဲရေနံလုပ်သားထုကြီးမှာ လုပ်သားအချင်းချင်း စုစည်းမှုအင်အားဖြင့် ရှန်းကန်တော်လှန်အောင်ပွဲခံခဲ့ကြရာမှ ရေနံမြေလုံးဆိုင်ရာတို့ဗမာအလုပ်သမား အစည်းအရုံး၏ဦးဆောင်မှုကြောင့် ၁၉၃၈ခုနှစ် မေလ တစ်ရက်နေ့တွင် ရေနံချောင်း၊ ရေနံမြေအလုပ်သမားတို့၏ ပထမဆုံးအကြိမ် (မေဒေး) အလုပ်သမားနေ့အခမ်းအနားကြီးတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ထိုစဉ်က ရေနံချောင်းမြို့လယ်ပေါ် တန်ဆောင်ကြီး၌ကျင်းပခဲ့ရာအလုပ်သမား(၅၀၀၀)ကျော်တက်ရောက်၍ အစည်းအဝေး သဘာပတိအဖြစ် တို့ဗမာအစည်းအရုံး ဌာနချုပ်မှ သခင်လေးမောင်က ဆောင်ရွက်ခဲ့သည်။ အလုပ် သမား နေ့အခမ်းအနားတွင် ရေနံမြေအလုပ်သမားများအပေါ် နယ်ချဲ့အရင်းရှင်တို့ အနိုင်ကျင့်ရက်စက်ပုံများနှင့် အလုပ်သမားဘဝသစ် ထူထောင်ရန် အကြောင်းများကို ဟောပြောကြပြီး ကမ္ဘာတွင် နယ်ချဲ့ဂျာမနီနှင့် လက်ဝါးကြီးအုပ် ခနရှင်ဗြိတိသျှနယ်ချဲ့တို့ ဆင်နွှဲကြမည့် ကမ္ဘာ့စစ်ပွဲ၌ ဗမာပြည်လုပ်သားထုအပေါင်း မပါဝင်ကြဘဲ မိမိတို့လွတ်လပ်ရေးကိုသာ ရှေ့သို့အဆင့်ဆင့် တိုးတတ်အောင် ဆောင်ရွက်ကြရန် အဆိုတစ်ရပ်ချမှတ်ခဲ့ကြသည်။

နယ်ချဲ့ဗြိတိသျှအစိုးရနှင့် အရင်းရှင်ကုမ္ပဏီတို့သည် အလုပ်သမားတို့ကို မပေးလျှင်မဖြစ်သောအခွင့်အရေးများနှင့်သာ ချွေးသိပ်ခဲ့ပြီး တဖက်မှ ဖိနှိပ်မှုများပြင်းထန်ခြင်းပြုလာရာ ထိုဖိနှိပ်မှုများမှ လွတ်မြောက်ရန်နှင့်ရသင့်သော အလုပ်သမားအခွင့်အရေးများအတွက် မကြာခဏ သပိတ်လက်နက်ဆွဲကိုင်ကြရသည်။ အထူးသဖြင့်(၁၉၃၈)ခုဇန်နဝါရီလ (၈)ရက်၊(၁၂၉၉)ခုပြာသိုလဆန်း ၈ ရက်နေ့က ဖြစ်ပွားခဲ့သည့် ရေနံလုပ်သားအရေးတော်ပုံကြီးမှာ လွန်စွာကြီးမားလှသည်နှင့်အမျှ ၁၃၀၀ပြည့် နတ်တော်လဆန်း ၉ ရက်နေ့တွင် နိုင်ငံ၏သမိုင်းမှတ်တိုင်အထွဋ်အထိပ်သို့ရောက်ရှိစေသော ၁၃၀၀ပြည့်ရေနံမြေအလုပ်သမားများ အရေးတော်ပုံကြီး ပေါက်ဖွားစေရန် အင်အားပျိုးပေးခြင်းဖြစ်ခဲ့သည်။

ပြည်သူလူထုကြီး၏ တခဲနက်ထောက်ခံအားပေးမှုဖြင့် ရေနံမြေများမှ အလုပ်သမား (၁၀၀၀)ကျော်တို့သည် ရန်ကုန်မြို့အရောက် ခြေလျင်ချီတတ်နိုင်ခဲ့ကြပြီး ရေနံမြေ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတို့၏ အခွင့်အရေးများကို အရင်းရှင်ကုမ္ပဏီအသီးသီးနှင့် နယ်ချဲ့အစိုးရထံ ဝိုင်းဝန်းဆန္ဒပြတောင်းဆိုသည်မှအစ နယ်ချဲ့အရင်းရှင်တို့၏ ဆိုးရွားရက်စက်သည့် ဖိနှိပ်ချုပ်ချယ်မှုများ အစဉ်လိုက်ပေါ်ကာ နိုင်ငံလူထုကြီးအား တိုင်းပြည်လွတ်လပ်ရေး ရရှိအောင် လှုံ့ဆော်ဖန်တီးပေးနိုင်ခဲ့လေသည်။

၁၃၀၀ပြည့် အရေးတော်ပုံကြီးကို ရှေ့တန်းမှ ဦးဆောင်ခဲ့ကြသော အာဇာ၀က သခင်ဖိုးလှကြီး၊ သခင်ဗတင်၊ သခင်ခင်၊ သခင်ဘမောင်၊ သခင်ဖေကြီး၊ ဆရာတော်ဦးဝါယမသောမိ၊ ဦးဂန္ဓ၊ ဦးဇောတိက၊ ရှင်နန္ဒတို့အား နယ်ချဲ့ဗြိတိသျှအစိုးရပုလိပ်အဖွဲ့မှ ပုဒ်မ (၁၀၇) ဖြင့် ဖမ်းဆီးနိုင်ခဲ့ပြီး ရေနံအလုပ်သမား ခြေလျင်တပ်ကြီးအား အကူအညီပေးသည့် ရန်ကုန်မှ ကျောင်းသားခေါင်းဆောင် ကိုဗဆွေ၊ ကိုဗဟိန်းနှင့် သခင်ဖေသန်း၊ သခင်ထိန်ဝင်းတို့ကိုလည်း ဖမ်းဆီးခဲ့သည်။

ရေနံမြေအလုပ်သမားသပိတ်တပ်ကြီးမှ လုပ်သားကြီး(၅၀၀)ခန့်တို့မှာလည်း နယ်ချဲ့အစိုးရပုလိပ်တို့၏ အရိုက်အနှက် အဖမ်းအဆီးခံခဲ့ကြရသည့်အပြင် ချုပ်ချယ်မှု၊ ကန့်ကွက်ရေး၊ တိုက်ပွဲများတွင် ကျောင်းသားတို့ သွေးမြေသို့ ကျခဲ့ကြရသည်။ ဂျပ်ဆင်ကောလိပ်မှ ကျောင်းသား ကိုအောင်ကျော် (ဗိုလ်အောင်ကျော်)သည် ထိုတိုက်ပွဲ၌ပင် ၎င်း၏အသက်ကို စတေးလိုက်ရသည်။ မန္တလေးမြို့တွင်လည်း ချုပ်ချယ်မှု၊ ကန့်ကွက်မှု၊ စီတန်းလမ်းလျှောက်ဆန္ဒပြပွဲမှာပင် နယ်ချဲ့ဗြိတိသျှအစိုးရ၏ ရက်စက်မှု၊ သတ်ဖြတ်မှုကြောင့် အာဇာနည်(၁၇)ဦးကျဆုံးခဲ့သည်။

နောက်ဆုံးတွင် ရေနံမြေသပိတ်အခြား အလုပ်သမား၊ လယ်သမားသပိတ်နှင့် ကျောင်းသားသပိတ်တို့ ပေါင်းစည်းညီညွတ်ဆန္ဒပြမှုကြောင့် ၁၉၃၉ ခု ဖေဖော်ဝါရီလမှာပင် ဒေါက်တာဗမော် အစိုးရပြုတ်ကျသွားရလေသည်။

သံမဏိသပိတ်မှောက် ရေနံလုပ်သားတို့မှာ နောက်ထပ်တတ်လာသော (၉၁)ဌာနအုပ်ချုပ်ရေး ဦးစုအစိုးရထံ ရေနံမြေသပိတ် အရေးတော်ပုံအတွက် အာဏာရှိသော ဖျန်ဖြေစေ့စပ်ရေးအဖွဲ့ ဖွဲ့စည်းပေးရန် အစာငတ်ခံဆန္ဒပြတောင်းဆိုကြသဖြင့် လိုက်လျောပေးရသည်။

ရေနံတပ်ကြီးသည် ရန်ကုန်မြို့သည် ရန်ကုန်မြို့၌ ခြောက်လခန့် စခန်းချအရေးဆိုခဲ့ကြပြီး ၁၃၀၁ ခုနှစ် နယုန်ကာလအတွင်း ရေနံမြေများသို့ ပြန်လည်တပ်ခေါက်လျက် ၁၃၀၀ပြည့်အရေးတော်ပုံကြီးမှ သွေးချွေးများနှင့် ရင်းနှီး၍ အောင်ပွဲရယူနိုင်ခဲ့သည့်နည်းတူ နိုင်ငံအား ကျွန်ဘဝက လွတ်မြောက်ရေးနှင့် ပြည်သူ့ဘဝသစ်တည်ဆောက်ရေးအထိ ဆက်လက်ပါဝင်ဆင်နွှဲကြရန် အဓိဋ္ဌာန်ပြုခဲ့ကြသည်။

**ရေနံမြေဘအေ**





www.burmeseclassic.com

www.burmeseclassic.com

# အာဠာဝက
# သခင်ဘိုးလှကြီး

ဝဏ္ဏအောင်

(၁၄)နှစ်သား
အရွယ်ခပ်ငယ်ငယ်
ဘိုးလှကြီးသည်
သူ့ဖခင်အား
ပုလိပ်များဖမ်းသွားသည်ကို
မြင်လိုက်ရ သည်။
သူ့ဖခင်က
မျက်ရည်စက်လက်နှင့်
"မြေခွန် မပေးနိုင်လို့
ဖမ်းသွားတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက သခင် ဘိုးလှကြီး မှာ ၁၃၀၀ ပြည့် ရေနံမြေ သပိတ် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၁၃၀၀ ပြည့်ရေနံမြေသပိတ်ကို ချောက်မြို့မှစတင်ခြင်းဖြစ်သည်။ ချောက်ရေနံမြေတွင် အလုပ်သမားအားလုံးနီးပါးဗြိတိသျှနယ်ချဲ့ အစိုးရ B.O.C ရေနံကုမ္ပဏီ၏ ဖိနှိပ် ချုပ်ချယ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ အလုပ်သမားအခွင့် အရေးများ ဆုံးရှုံးနေသည်။ ထိုမတရားဖိနှိပ်ခံရမှုများကြောင့် မခံမရပ်နိုင်သည့်အဆုံးတွင် ပေါက်ကွဲ လွင့်ထွက်လာပြီး တစ်ပြည်လုံးသို့ ပြန့်နှံ့ရိုက်ခတ်ကာ အရေးတော်ပုံကြီး အဖြစ် ပြောင်းလဲသွားခြင်းဖြစ်၏။

သခင်ဘိုးလှကြီး၏ရုပ်တု ချောက်မြို့တွင်ရှိ၏။ သို့သော် ချောက်မြို့၌ ယခုခေတ် ကျောင်းသူကျောင်းသားများက ဘိုးလှကြီး၏ ရုပ်တုကိုမြင်သာ မြင်နေရသည်။ မည်သူမည်ဝါမှန်း မသိကြ။ အဘယ့်ကြောင့် ဆိုသော် ဘိုးလှကြီးရုပ်တုအောက်တွင် ကပ်ထားသော ကျောက်ပြားမှာ ကွာကျပြီး ပျောက်ဆုံးသွားသဖြင့် ဤသို့ မသိခဲ့ကြခြင်းဖြစ်သည်။ မြို့မိမြို့ဖများက သခင်ဘိုးလှကြီး၏ အမည် ရေးထိုးထားသော ကျောက်ပြားကို ပြန်လည်တပ်ဆင်ပေးရန် သက်ဆိုင်ရာသို့ ပန်ကြားတောင်းဆိုသောအခါ ဘိုးလှကြီး၏ အမည်စာလုံးပေါင်းအမှန်မှာ ဖဦးထုပ်နှင့်ဖိုးသည်လား၊ ဘကုန်းနှင့်ဘိုးသည်လား မသေချာသေး၍ တပ်မပေးသေးကြောင်း အကြောင်းပြပြောဆိုပြီး ယနေ့ အထိ ပြန်လည်တပ်ဆင်ပေးခြင်း မပြုပါ။ အမှန်မှာ ဘိုးလှကြီး၏ အမည်စာလုံးပေါင်း အမှန်မှာ ဘကုန်းနှင့် ဘိုးထားခြင်း ဖြစ်သည်ကို ဘိုးလှကြီးကိုယ်တိုင် ရေးထိုးထားသောလက်မှတ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ဘိုးလှကြီးမှ သခင်ဘိုးလှကြီး၊ ထို့နောက် အာဠာဝက သခင်ဘိုးလှကြီး ဖြစ်လာသည်။

အာဠာဝက ဖြစ်လာပုံမှာ တစ်ခုသော တရားပွဲ၌ တရားဟောစင်မြင့်ပေါ်တွင်ထားသော ဖန်ချိုင့်ထဲက ရေကို ဘိုးလှကြီးက ခွက်ထဲငှဲ့ထည့်မနေတော့ဘဲ ဒလဟောတစ်ဆက်တည်းနှင့် အကုန်သောက်ချလိုက်သည်။ ပြီးမှ ဆက်လက်တရားဟောသည်။ ဤတွင် မည်သူက အစပြုလိုက်သည်မသိ "အာဠာဝကကွ၊ အာဠာဝက ကြီးကွ" ဟူသော ကောင်းချီးပေးသံသည် လျှံထွက်လာ၏။ ဤသည်မှစ၍ နောက်ပိုင်း "အာဠာဝက သခင်ဘိုးလှကြီး" ဟု တွင်လာရခြင်း ဖြစ်သည်။

အာဠာဝကကြီး၏ ရုပ်ရည်သည် ယောက်ျားပီသစွာ ခန့်ထည်ကြမ်းတမ်းသည်။ ထောင်ထောင် မောင်းမောင်းနှင့် ခွန်အားဗလကောင်းသည်။ ပြောဆိုရာ၊ လုပ်ရာ၊ ကိုင်ရာ၌ ပြတ်သားသည်။

ဘိုးလှကြီးကို မကွေးခရိုင် သရက်ပင်လေးရွာ၌ မွေးဖွားသည်။ မိဘများမှာ သာမန်ဆင်းရဲသား ဇနီးမောင်နှံများဖြစ်ကြသည်။ ဘိုးလှကြီးမှာ ၁၉၃၈ ခု ရေနံမြေအရေးတော်ပုံကာလအတွင်း၌ အသက် (၃၀) ပတ်ဝန်းကျင်တွင်ရှိသည် ဟူသောအချက်ကို မှန်းဆသောအားဖြင့် ဘိုးလှကြီး၏ မွေးသက္ကရာဇ်မှာ ၁၉၀၈-၁၉၁၀ ခုနှစ်လောက်ဖြစ်မည်ဟု ယူဆရန် အကြောင်းရှိပါသည်။

ထိုခေတ်ကာလက မြန်မာပြည်ကို အုပ်ချုပ်သော အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြေခွန်ယာခွန်များ၊ မပေးဆောင်နိုင်လျှင် ပစ္စည်းသိမ်း၍ လေလံပစ်သည်။ သိမ်းရန် ပစ္စည်းမရှိလျှင် လူကိုဖမ်း၍ ထောင်ချသည်။ ဘိုးလှကြီး၏ ဖခင်မှာ မြေခွန်ဆောင်စရာ မြေခွန်ဆောင်စရာ ငွေလည်းမရှိ၊ သိမ်းရန် ပစ္စည်းလည်း မရှိသဖြင့် လူဖမ်းခြင်း ခံရရှာလေသည်။ ထောင် (၆)လ ကျသွားသည်။ (၁၄)နှစ်သား အရွယ်ခပ်ငယ်ငယ် ဘိုးလှကြီးသည် သူ့ဖခင်အား ပုလိပ်များဖမ်းသွားသည်ကို မြင်လိုက်ရသည်။ သူ့မိခင်က မျက်ရည်စက်လက်နှင့် "မြေခွန်မပေးနိုင်လို့ ဖမ်းသွားတယ် သားရယ်" ဟုပြောသည်။ ဤစကားကြောင့် သူ့ရင်တွင်းပြည့်ကျပ်ဆို့နစ်သော ဝေဒနာကို ခံစားရသည်။ သူ့မိခင်သည် မကျန်းမာလျက် ပုလိပ်ကို ပုဆစ်တုပ်ထိုင်ရင်း တောင်းပန်သည်ကို ဘိုးလှကြီး မြင်သည်။ တိုးလျှိုးတောင်းပန်သော အပြုမူမျိုးကို ဘိုးလှကြီး မနှစ်သက်။ အမှန်တကယ် မရှိ၍ မပေးနိုင်သည်ကို ခွင့်လွှတ်ရန်သာရှိသည်။ ယခုကား ရက်စက်လွန်းရာ ကျသည်။ လူမဆန်သော ပြုမူချက်သာဖြစ်သည်ဟု ဘိုးလှကြီး ယူဆသည်။ တိုင်းတစ်ပါးသားတို့၏ အုပ်စိုးမှုအောက်တွင်နေရသောကြောင့် ဤအပြုအမူမျိုး ခံစားရ

www.burmeseclassic.com

www.burmeseclassic.com



**“ ဘိုးလှကြီးမှာ ၁၉၃၀ ခု ရေနံမြေအရေးတော်ပုံကာလအတွင်း၌ အသက် (၃၀) ဝတ် ဝန်းကျင်တွင်ရှိသည် ဟူသောအချက်ကို မှန်းဆသောအားဖြင့် ဘိုးလှကြီး၏ မွေးသက္ကရာဇ်မှာ ၁၉၀၀ – ၁၉၁၀ ခုနှစ်လောက် ဖြစ်မည်ဟု ယူဆရန် အကြောင်းရှိပါသည်။ ”**

သည်ဟု သူမြင်လာသည်။ နယ်ချဲ့အင်္ဂလိပ်ကို ရွံမုန်းစပြုလာသည်။

ဘိုးလှကြီးသည် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်သော ဗိုလ်လရောင်၏ ညာလက်ရုံးဖြစ်ခဲ့ဖူးသည့် ဘုန်းတော်ကြီး၏ကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည်။ ထိုဘုန်းတော်ကြီးသည် ဗိုလ်လရောင်ကျဆုံးပြီးနောက် အခြေမကျသဖြင့် ရဟန်းဘောင်သို့ ပြောင်းဝင်လာသူ ဖြစ်သည်။ အင်္ဂလိပ်တို့ ယုတ်ပုံ၊ ညံ့ပုံ၊ မြန်မာတို့ ဇာတိသွေးရှိပုံ၊ ထက်မြက်ပုံ၊ အမျိုးကိုစောင့်ရှောက်ထိန်းသိမ်းထိုက်ပုံ၊ မြန်မာ့မြေပေါ်ရှိ ယုတ်မာသောနယ်ချဲ့အင်္ဂလိပ်တို့ကို မောင်းထုတ်ရမည့်ပုံ စသည်များကို ဇာတိသွေး ဇာတိမာန်တက်ကြွလာအောင် ဘိုးလှကြီးအား ပြောပြသည်။ ဘိုးလှကြီးလည်း အင်္ဂလိပ်တို့အား မခံချင်ဖြစ်လာရာမှ တစ်စတစ်စနှင့် ဇာတိသွေး ဇာတိမာန်တက်ကြွလာသည်။

၁၉၁၄၊ ၁၉၁၅ ခုနှစ်ကျော်တွင် ပထမကမ္ဘာစစ်ပွဲကြီး ဖြစ်ပွားလေသည်။ အင်္ဂလိပ်တို့သည် ပထမကမ္ဘာစစ်ပွဲအတွက် စစ်သားစုဆောင်းသောအခါ မြန်မာပြည်မှ မြန်မာလူမျိုးများလည်း အများအပြား ဝင်ရောက်ကြသည်။ ဤတွင် အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သော ဘုန်းတော်ကြီးက ဘိုးလှကြီးအား စစ်ထဲဝင်ရန် တိုက်တွန်းသည်။ ကျွန်အဖြစ် နေရမည့်အတူတူ စစ်မှုထမ်းရင်း ကိုယ့်အတွက် အမြတ်ထုတ်သင့်သည်။ စစ်အတွေ့အကြုံ ရှိသင့်သည်။ စစ်ပညာ တတ်ထားပါမှ တစ်နေ့ ဒီကောင်တွေကို ပြန်တိုက်နိုင်မည် စသည်ဖြင့် စစ်ထဲဝင်ချင်အောင် စည်းရုံးဟောပြောသည်။

ဘိုးလှကြီးသည် နဂိုကမှ အင်္ဂလိပ်ကို မုန်းတီးရွံရှာနေသူတစ်ယောက်ဖြစ်၍ မကြာမီပင် စစ်ထဲဝင်ခဲ့သည်။ မက်ဆိုပိုတေးမီးယား စစ်ပွဲသို့ အပို့ခံရသည်။ မက်ဆိုပိုတေးမီးယားသည် အောက်တမန် တူရကီအင်ပါယာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ မက်ဆိုပိုတေးမီးယားရှိ ဘာစရာ (Basara)မြို့ကို သိမ်းပိုက်ရန် အင်္ဂလိပ်တို့က သူတို့၏ လက်အောက်ခံ အိန္ဒိယတပ်ကို စေလွှတ်လိုက်သည်။ သို့ရာတွင် တပ်မှူး ဗိုလ်ချုပ်ချားစ်တောင်းရှာလေမှာ ကတ်အယ်လ်အမရာ (Kart-al-Amara)တွင် အဖမ်းခံရပြီး လက်နက်ချလိုက်ရသည်။ ဗြိတိသျှစစ်တပ်က စစ်ကူလွှတ်ပြီး တောင်းရှလေကို ကယ်တင်ရန် ကြိုးစားသော်လည်း မအောင်မြင်၊ အကျအဆုံးများစွာဖြင့် ရင်ဆိုင်ရသည်။

ထို့ကြောင့် အိန္ဒိယနှင့် မြန်မာပြည်ရှိ စစ်သားအများအပြားစုဆောင်းပြီး ပြန်လည်တိုက်ခိုက်ရန် အင်္ဂလိပ်တို့က ပြင်သည်။ ဤသို့ဖြင့် မြန်မာပြည်မှ စစ်သားများ စုဆောင်းသည့်အထဲတွင် ဘိုးလှကြီးလိုက်ပါသွားခြင်း ဖြစ်သည်။

စစ်မှုထမ်းနေစဉ် အင်္ဂလိပ်စစ်ဗိုလ်များနှင့် မျက်နှာကြော မတည့်ပေ။ သူတို့အပေါ်တွင် အမြဲတမ်း မာကျွတ်ကျွတ်နှင့် ဘုကျကျ ဆက်ဆံခဲ့သည်။ မကြာခဏလည်း အချင်းများလေ့ရှိသည်။ တစ်နေ့တွင် ကပ္ပလီတစ်ဦးနှင့် မျက်နှာဖြူအကြပ်တစ်ဦး လက်ဝှေ့ထိုးကြရာ မတရားသဖြင့် ထိုးသဖြင့် ကပ္ပလီလဲကျသွားသည်။ ဘိုးလှကြီးလည်း လက်ဝှေ့စင်မြင့်ပေါ် ပြေးတက်ပြီး “ဗမာ့အကြောင်း သိစေမယ်”ဟုပြောကာ မျက်နှာဖြူကို ထိုးသတ်တော့သည်။ မျက်နှာဖြူက အင်္ဂလိပ် Boxing နည်းအတိုင်း လက်ဝှေ့အိတ်ဖြင့် ထိုးသည်။ ဘိုးလှကြီးကမူ

www.burmeseclassic.com



လက်အိတ်မစွပ်ဘဲ ဒူး၊ တံတောင်နည်းများဖြင့် ဗမာ့နည်းအတိုင်း ထိုးသတ်ရာ မျက်နှာဖြူလဲကျသွားသည်။ ထိုကိစ္စတွင် မျက်နှာဖြူတို့ မကျေမနပ်ဖြစ်ကာ ဘိုးလှကြီးကို ကွာတားချလိုက်လေသည်။

အင်္ဂလိပ်များသည် မည်သည့်အခါတွင်မဆို လူမျိုးခွဲခြားဆက်ဆံသော အလေ့အထရှိသည်။ ကုလား၊ မြန်မာ၊ ကပ္ပလီစသော လူမျိုးများကို သူတို့နှင့်တန်းတူ ရည်တူ မထားပေ။ အစဉ်အမြဲ ခွဲခြားဆက်ဆံလေ့ ရှိသည်။

စစ်ပွဲတွင် အောင်ပွဲခံသော တစ်နေ့၌ ထုံးစံအတိုင်း အရက်သေစာများဖြင့် ညစာစားပွဲတစ်ခု ကျင်းပသည်။ ယခုကဲ့သို့ အောင်ပွဲခံရာတွင် အသားမည်း၊ အသားညို၊ အသားဝါ စစ်သားများကတခြား၊ သူတို့လူဖြူစစ်သားတို့က ရွက်ထည်တဲတစ်တဲဖြင့် တစ်နေရာ၊ ကျကျနန လူခွဲ၍ စားသောက်ကြသည်။ အစားအစာများမှာလည်း အစာခြင်း မတူ။ သူတို့က ပိုကောင်းသည်။ ကြက်သားကင်၊ ကြက်သားကြော်၊ ဆိတ်သား၊ သိုးသား၊ အမဲသား စသောအကြော်အနှပ်တို့က တင်းကြမ်း၊ ဝီစကီ၊ ဘရမ်ဒီ စသော အရက်သေစာတို့ကလည်း အကောင်းစား၊ သောက်မကုန် စားမခန်း၊ အသားညို အသားမည်းအုပ်စုမှ ဘိုးလှကြီးသည် ဤသို့ ခွဲခြားဆက်ဆံသည်ကို မခံမရပ်နိုင်ဖြစ်လာသည်။ အတော်ဒေါသထွက်နေသည်။ ထို့ကြောင့် သူ့အား ပေးလာသည့် အရက်ခွက်ကို မသောက်ဘဲ စားပွဲပေါ်သို့ တအားပစ် ပေါက်ချလိုက်သည်။ ယင်းနောက်စားပွဲပေါ်သို့ ခုန်တက်ကာ "စစ်မြေပြင်တိုက်တုန်းက အတူတူ၊ အခု အောင်သေအောင်သားစားတဲ့အခါကျတော့ ခွဲခွဲခြမ်းခြမ်း၊ အင်္ဂလိပ်တွေ သိပ်လူပါးဝတယ်။ ကုလားလည်း ကျွန်မဟုတ်၊ မြန်မာလည်း ကျွန်မဟုတ်၊ ကပ္ပလီလည်း ကျွန်မဟုတ်၊ အင်္ဂလိပ်မျောက်ကောင်တွေက မတရား ကျွန်လုပ်ထားလို့ ခံနေရတယ်။ ဒီထဲမှာ သတ္တိရှိတဲ့လူ ထွက်ခဲ့ကြ။ အင်္ဂလိပ်မျောက်တွေနဲ့ အရက်အတူတူ သောက်မယ်ကွ" ဟု ကုလားလို ပြောလိုက်လေသည်။ အားလုံးငြိမ်၍ နားထောင်နေသည်။ တုတ်တုတ်မျှ မလှုပ်၊ အံ့အားသင့်နေကြသည်။ ကုလားစစ်သား (၃)ယောက် နေရာမှ ထကာ ဘိုးလှကြီးစကားကို ထောက်ခံသည်။ အင်္ဂလိပ်စစ်သားများနှင့် အရက်အတူတူသောက်ရန် သဘောတူကြသည်။ ဘိုးလှကြီး ခေါင်းဆောင်သော လူတစ်စုသည် အင်္ဂလိပ်စစ်သားများရှိရာ ရွက်ထည်တဲသို့ ဝင်ကာ ခပ်တင်းတင်းပင် အသင့်ထည့်ထားသော အရက်ခွက်များကို ရဲတင်းစွာ သောက်လိုက်ကြသည်။ အစားအစာများကိုလည်း ယူစားကြသည်။ မျက်နှာဖြူစစ်သားများသည် ပထမ အံ့အားသင့်နေကြသည်။ နောက်တော့ ဆဲဆိုကာ တဲအတွင်းမှ ထွက်သွားရန် နှင်ထုတ်ကြသည်။ ဘိုးလှကြီးက ထွက်မသွားသေးဘဲ "ဘာလဲကွ၊ မင်းတို့က အသေခံတိုက်ပွဲဝင်တော့ အတူတူ၊ စားတဲ့ သောက်တဲ့ နေရာကျတော့ ခွဲခြမ်း ခွဲခြမ်းနဲ့ မင်းတို့ချည်း အကောင်းစားလို့ ဘာရမလဲကွ"ဟု ပြောပြောဆိုဆို စားသောက်ဖွယ်ရာများ တင်ထားသော စားပွဲကို ဆွဲမှောက်ပစ်လိုက်သည်။ နောက်ဆုံးတွင် ထုံးစံအတိုင်း ဘိုးလှကြီးမှာ တပ်တွင်းအချုပ်ခံရလေသည်။

ဘိုးလှကြီးသည် စစ်မြေပြင်တွင် သုံးနှစ် အမှုထမ်းခဲ့သည်။ ထိုစဉ်က စစ်ပြန်များကို မြေယာပေးလေ့ရှိသည်။ အမှုထမ်းလိုကလည်း ထိုက်သင့်ရာ အလုပ်ကို ပေးသည်။ တစ်နည်းအားဖြင့် အင်္ဂလိပ်များအား လေးစားကြည်ညိုလာအောင် စည်းရုံးသောနည်းပရိယာယ်တစ်ခုပင် ဖြစ်သည်။ ဘိုးလှကြီးသည် ဗမာ့မြေကို ဗမာပိုင်သည်။ အင်္ဂလိပ်က ပေးစရာမလိုဟု ယူဆကာ သက်ဆိုင်ရာရုံးသို့ မသွားဘဲ မြေယာများကို မယူခဲ့ပေ။

ဘိုးလှကြီးသည်ချောက်ရေနံမြေ ဘီအိုစီကုမ္ပဏီတွင် အလုပ်ကြမ်းသမားတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထိုအချိန်က ဘီအိုစီကုမ္ပဏီသည် အလုပ်သမားများကို အလုပ်ကြမ်းသမား၊ စာရေးစာချီ၊ အရာရှိစသည်ဖြင့် ခွဲခြားဆက်ဆံသည်။ လစာနှင့် အလုပ်အကိုင်၊ အနေအထိုင်မှာ မျှတမှုမရှိ၊ အလုပ်သမားများ၏ အမြင့်ဆုံးလခမှာ ကျပ် ၁၀၀ ဖြစ်သည်။ ဤလခ ရရှိရန် လုပ်သက် နှစ်အစိတ်ခန့်ရှိရမည်။ မျက်နှာဖြူအရာရှိများ ၏ လစာမှာ အနိမ့်ဆုံး ကျပ် ၃၀၀၀ မှ ၈၀၀၀ အထိရှိလေသည်။ အလုပ်သမားအားလုံးလိုလိုမှာ ဆင်းရဲပြီး နုံချာလှသည်။ လူစဉ်မှီအောင် အနိုင်နိုင် အားခဲနေရသည်၊ အင်္ဂလိပ်မျက်နှာဖြူများနှင့် ကပြားများမှာ တိုက်ဘာအဆောက်အဦးနှင့် ကားနှင့် ဝင်းခြံနှင့် ဇိမ်ယစ်နေကြ နတ်ပြည်ရောက်နေကြသည်။ ဘိုးလှကြီးတို့ကဲ့သို့ အလုပ်ကြမ်းသမားများမှာ ငရဲပြည်ရောက်နေကြသည်နှင့် တူလှသည်။

ဘိုးလှကြီးသည် စတိုစာရေးကြီး ဦးညိုခင်၏



www.burmeseclassic.com

သမီး မညွန့်နှင့် အိမ်ထောင်ကျသည်။ လူငယ်ချင်းမေတ္တာမှု၍ ခိုးပြေးကြခြင်းဖြစ်သောကြောင့် မညွန့်၏မိဘများက အမွေပြတ် စွန့်ပစ်ခဲ့သည်။

ယောက္ခမဖြစ်သူက "သူတောင်းစားလို ဒီကောင်ကို ယူရမလား"ဟု သူ့သမီးဖြစ်သူ စိတ်ပေါက်၍ ဆိုသည်ကို ကြားသည်နှင့် ကလေးများပါ ခေါ်သွားပြီး ယောက္ခမနေသည့် လမ်းထိပ်တွင် ဖျာစုတ်ကလေးခင်း၊ ခွက်ကလေးချ၍ တယောထိုးပြီး လမ်းသွားလမ်းလာများထံမှ ပိုက်ဆံတောင်းယူလေသည်။

၁၉၃၈ ခုတွင် ရေနံမြေသပိတ်ဖြစ်ပွားသောအခါ တို့ဗမာအစည်းရုံးဝင်ဖြစ်နေသော သခင်ဘိုးလှုကြီးသည် ချောက်ရေနံမြေသပိတ်တပ်ကြီးကိုဦးဆောင်ကာ ရန်ကုန်သို့ ချီတက်သည်။

ဤသို့ ချီတက်ရာ၌ သပိတ်တပ်သား ၁၀၀၀ ခန့်ကို (၂)ယောက်တစ်တွဲစီ စည်းကမ်းကျနစွာ ချီတက်နိုင်ရန် ဦးဆောင်ခဲ့သည်။ တစ်နေ့ကို ၁၅ မိုင်ခန့် ခြေလျင် ချီတက်ကြခြင်းဖြစ်သည်။ သပိတ်တပ်ကြီး၏ ရှေ့ဆုံးနှင့် နောက်ဆုံးမှ သုံးရောင်ခြယ်အလံကြီးကို အားပါးတရ တလွင့်လွင့်နှင့် ချီတက်လာခဲ့ကြသည်။

ဤသို့ဖြင့် ဒီဇင်ဘာလ (၄)ရက် တနင်္ဂနွေနေ့၌ မကွေးမြို့ မြောက်ဘက်ရှိ မြသလွန်စေတီသို့ ရောက်ရှိလာကြသည်။ ထို့နောက် မဲထီးကျောင်းတိုက်သို့ ချီတက်သွားကြပြီးနောက် ကျောင်းဝင်းအတွင်း ဓမ္မာရုံနှင့် ဇရပ်အသီးသီးတို့၌ နေရာချရပ်နားကြသည်။

ဤတွင် ရာဇဝတ်ဝန်နှင့် ပုလိပ်များ ရောက်ရှိလာပြီး သခင်ဘိုးလှု၊ သခင်ဗဒင်၊ သခင်ဗမောင်၊ သခင်ခင်၊ သခင်ဖေကြီးတို့နှင့်တကွ ၎င်းတို့၏ ဆရာတော်များဖြစ်ကြသော ဆရာတော် ဦးဝါယမ၊ ဦးဇောတိက၊ ဦးလာနန္ဒ၊ သျှင်နန္ဒတို့ကို ဝရမ်းနှင့် ဖမ်းဆီး ခေါ်ဆောင်သွားလေသည်။

ပုလိပ်များက လက်ထိပ်ခတ်မည်ပြုရာ သခင်ဘိုးလှုကြီးက လက်ထိပ်အခတ် မခံဘဲ မြေပေါ်တွင် လှဲအိပ်ချလိုက်သည်။ ထို့ကြောင့် ပုလိပ်များက လက်ထိပ်မခတ်တော့ဘဲ ချော့မော့ကာ ဘတ်စ်ကားနှင့် ဖမ်းဆီးခေါ်ဆောင် သွားလေသည်။

သပိတ်တပ်ကြီးသည် တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စနစ်ဖြင့် ဆက်လက်ချီတက်လာခဲ့ရာ နတ္တလင်းသို့ ရောက်သောအခါ သခင်ဘိုးလှုကြီး ပြန်လွတ်လာသည်။

အာဇာဝက သခင်ဘိုးလှုကြီးတို့ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်သို့ ရောက်သောအခါ စခန်းချနေစဉ်အတွင်းမှာပင် ခနီတော ဘီအိုစီနှင့် အိုင်ဘီစီစက်ရုံများမှ အလုပ်သမားများ အရေးကို ဆောင်ရွက်ခဲ့သည်။ အခွင့်အရေးများလည်း တောင်းဆိုခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရက သပိတ်ခေါင်းဆောင်ကို ဖမ်းသည်။ အချို့ကိုအပြစ်ပေး၍ ထောင်ချသည်။ ခေါင်းဆောင်စာရင်းပေးသောအခါ ဘိုးလှုကြီးအမည်ကို ပယ်ချလိုက်သည်။ ဦးနှောက်မကောင်း ရူးနေပြီဟု အကြောင်းပြကာ ဘိုးလှုကြီးကို အရူးထောင်သို့ ပို့လိုက်သည်။

အာဇာဝက သခင်ဘိုးလှုကြီး အရူးထောင်မှ ပြန်လာသောအခါ သပိတ်တပ်သား ၂၀၀ ခန့်သာ ရှိတော့သည်။ ခေါင်းဆောင်အချို့မှာ အခွင့်အရေးယူသွားကြသည်။ သခင်ဘိုးလှုကြီးမှာ စိတ်အပျက်ကြီးပျက်ကာ ကိုရင်ကြီးဝတ် သွားရှာသည်။ ကိုရင်ကြီးဘဝနှင့် ဝစီပိတ်ကျင့်သည်။ "သပိတ်စစ်ပွဲ" စာအုပ်ကိုရေးသည်။ ရသောငွေကို ရန်ပုံငွေ အဖြစ်သုံးသည်။ စိတ်မလျော့သေးဘဲ လူဝတ်လဲကာ လက်ကျန် သံမဏိ သပိတ်တပ်သား ၂၀၀ ခန့်ဖြင့် ရှေ့တစ်လှမ်း တိုးပြန်သည်။ ပထမသပိတ်စခန်းကို ရွှေတိဂုံဘုရားတွင် ထားသည်။ နောက်မှ ချောက်ထပ်ကြီးဘုရား၊ ၎င်းမှတဆင့် ကိုးထပ်ကြီးသို့ အဆင့်ဆင့် ရွှေ့ဘက်

" အာဇာဝက သခင်ဘိုးလှုကြီးသည် သပိတ်တပ်သားများအား မိမိတို့ကိုယ်တိုင် မိမိတို့ အရေးတော်ပုံ တင်ရန် ထိုက်တန်ပြီး အသုံးစရိတ်တော၊ ၁၀၀၀ ရိုက်၍ ငွေပြီး အတော် အသေး အနှုန်းဖြစ်ကြသည်။ ကိုးထပ်ကြီး ဘုရား သပိတ်စခန်းသို့ ကြည့်ရှုရန် လာသော ဝတ်ပုဒ်သတ်များ ကိုးဝေပါက်အောင် ရောင်းချလေသည်။ "

www.burmeseclassic.com



ကာ အမိဋ္ဌာန်ပြုကြသည်။

အာဋ္ဌာဝက သခင်ဘိုးလှကြီးသည် သံမဏိတပ်သားများအား မိမိတို့ကိုယ်တိုင် မိမိတို့ သရဏဂုံတင်ရန် တိုက်တွန်းပြီး အသုဘဖိတ်စာ၊ ၁၀၀၀ ရိုက်၍ ဝေငှပြီး အစာငတ် အသေခံ ဆန္ဒပြုကြသည်။ ကိုးထပ်ကြီးဘုရား သပိတ်စခန်းသို့ ကြည့်ရန် လာသောပရိတ်သတ်များ တိုးမပေါက်အောင် စည်ကားလှသည်။ ဆေးလိပ်၊ ကွမ်း၊ သွားရည်စာ စသည့်ပစ္စည်းများ လှူဒါန်းကြသည်။ ဦးပုည္ဆနှံ့ပေါင်းအစိုးရကလည်း ကျေအေးရန် အစွမ်းကုန်ကြိုးစားကြသည်။ အလုပ်ပြန်ဝင်လျှင် စပေါ်ငွေ ၁၀ကျပ်၊ ထမင်းဖိုး ၃ ကျပ် ပေးမည်ဟု ဖျောင်းဖျကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း "တပည့်တွေ ဘာမဟုတ်တဲ့ ပုရွတ်ဆိတ်နဲ့ နပမ်းလုံးပြီး အသေမခံနဲ့ဦး၊ ရှေ့မှာ ကျားနဲ့လုံးဖို့ ရှိသေးတယ်" ဟု ဆုံးမပြန်သည်။ ထို့ကြောင့် သခင်ဘိုးလှကြီးတို့ သံမဏိသပိတ်တပ်သားများ အစာပြန်စားရန် ဆုံးဖြတ်ပြီး ရေနံမြေကို ပြန်ကြလေသည်။



အာဋ္ဌာဝက သခင်ဘိုးလှကြီးသည် အလုပ်ပြန်မဝင်တော့ဘဲ အလုပ်သမား အစည်းအရုံးတွင် အချိန်ပြည့်ထိုင်ကာ အလုပ်သမားအကျိုး ဆောင်ရွက်သည်။ ၁၉၄၀ ခုနှစ်တွင် ရေနံမြေစခန်းထ၍ လှုပ်ရှားရန် အာဋ္ဌာဝက သခင်ဘိုးလှကြီးနှင့် သခင်တစ်စု ကြိုးစားကြသည်။ လုပ်သားထုလွှတ်တော်ကျင်းပရန် ကြံစည်ကြသည်။ အစည်းအဝေး ၂ ရက်အလိုတွင် လူဖမ်းဝရမ်းပြ၍ ဘိုးလှကြီးနှင့် အပေါင်းပါ သခင်တင်၊ သခင်ဘိုးသာ၊ သခင်မာတို့ကို ဖမ်းသွားကြသည်။ သခင်ဘိုးလှကြီးကို မြစ်ကြီးနားမှတဆင့် ဗန်းမော်ထောင်သို့ ပို့လိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဘီအိုင်အေတပ်များ ဝင်ရောက်လာချိန်တွင် ဘီအိုင်အေတပ်သားများက ဘိုးလှကြီးကို ဗန်းမော်ထောင်မှ ထုတ်ယူသွားကြပြီး ဗန်းမော်မြို့ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားလိုက်ကြသည်။

ဂျပန်တို့ ရေနံမြေ ပြန်စသောအခါ ဘိုးလှကြီးသည် ဗန်းမော်မှ ခြောက်လုံးပူးတစ်လက် ယူလာကာ ချောက်ရေနံမြေသို့ ပြန်လာခဲ့သည်။ ဂျပန်များက ဘိုးလှကြီးကို ချောက်မြို့၏ အုပ်ချုပ်ရေးမှူးရာထူးပေးသည်။ ဂျပန်ခေတ်အတွင်း အာဋ္ဌာဝက သခင်ဘိုးလှကြီးသည် အစာအိမ်ရောဂါဖြစ်၍ သခင်မြ၊ သခင်ကျော်စိန်တို့၏ တိုက်တွန်းချက်အရ ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသရင်း ၁၉၄၃ ခုနှစ် စက်တင်ဘာလ (၂၅)ရက်နေ့တွင် ကွယ်လွန်သွားပါသည်။ ကွန်လွန်စဉ် သားဖြစ်သူ မောင်အောင်သန်း ကျန်ရစ်သည်။


ထက္ကာအောင်

မှီငြမ်းကိုးကား

၁။ မောင်သစ်လွင် (လူထု)၊
၁၃၀၀ ပြည့်အရေး တော်ပုံ။
ပထမအကြိမ်၊ ၁၉၆၇ ခုနှစ်၊ မေလ၊
ကြီးပွားရေး ပုံနှိပ်တိုက်။
၂။ ဗွေးမောင်၊ အရေးတော်ပုံ၊
ပထမအကြိမ်၊ ရန်အောင်ပုံနှိပ်တိုက်။
၃။ သခင်သိန်းမောင်၊
ထောင့်သုံးရာပြည့်အရေးတော်ပုံ၊
ဒုတိယအကြိမ်၊ ၁၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၃၊
ဂန္ဓဝေါ်မြိုင်စာပေ။
၄။ Internet

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၃၀၀ပြည့် အရေးတော်ပုံသည် ကိုလိုနီခေတ် နိုင်ငံရေးလှုပ်ရှားမှုများစွာတို့တွင် ပြည်သူ လူထု၏ ပြင်းထန်သောလှုပ်ရှားမှုတစ်ခုဖြစ်၏။ ၁၃၀၀ ပြည့် (၁၉၈၃) နှစ်သည် ဗြိတိသျှနယ်ချဲ့သမားတို့က မြန်မာပြည်သို့ မလွှဲသာ၍ ပေးထားရသော ၉၁ ဌာန အုပ်ချုပ်ရေးကို စတင်စမ်းသပ်သောနှစ်လည်း ဖြစ်၏။ အဆိုပါ ၉၁ ဌာနအုပ်ချုပ်ရေးသည် စလျှင်စချင်း ပြည်သူ့လှုပ်ရှားမှုများနှင့် ရင်ဆိုင်တွေ့ဆုံရလေသည်။

၁၃၀၀ပြည့် (၁၉၃၈) နှစ် အရေးတော်ပုံကြီး၏ ပွဲဦးထွက်လှုပ်ရှားမှုမှာ ရေနံမြေလုပ်သမားများ သပိတ်ဖြစ်၏။ ၁၉၃၈ ဇန်နဝါရီလဆန်းတွင် ချောက်မြို့ရှိ ဘီအိုစီ ရေနံကုမ္ပဏီသည် လုံလောက်သောအကြောင်းမရှိဘဲလျက် ရေနံအလုပ်သမားများကို ဖိနှိပ်လာ၏။ ထို့ကြောင့် အလုပ်သမားများသည် ဇန်နဝါရီလ ၈ ရက်နေ့တွင် မိမိတို့၏ လုပ်ငန်းခွင်များမှ ထွက်ခွာလာကြပြီးလျှင် ကုမ္ပဏီကို သပိတ်မှောက်ခြင်းကို ထောက်ခံသောအနေဖြင့် အခြား

**ရေနံမြေအလုပ်သမားများ၏ လှုပ်ရှားမှုသပိတ် ကြီးသည်ကား တစ်ခဏချင်း၊ တစ်မဟုတ်ချင်းဖြစ်ပွားပေါ်ပေါက်လာသော လှုပ်ရှားမှု မဟုတ်ချေ။ ကာလ ကြာမြင့်စွာကတည်းက ရေနံကုမ္ပဏီများ၏ မတရားဖိနှိပ်မှုများကို ကြိတ်မှိတ်သည်းခံလာခဲ့ရသော အလုပ်သမားထုကြီး၏ အုံကြွ ပေါက်ကွဲမှုများသာ ဖြစ်ချေသည်။**

ရေနံကုမ္ပဏီများဖြစ်သော အိုင်ဘီပီ၊ အင်အိုစီစသော ရေနံကုမ္ပဏီအလုပ်သမားများသည်လည်း မိမိတို့လုပ်ငန်းများကို စွန့်ခွာ သပိတ်မှောက်လိုက်ကြလေ၏။ အဆိုပါ ရေနံမြေလုပ်သားသပိတ်သည် ချောက်မြို့မှ စတင်ပြီးလျှင် မိုလာ၊ လမ်းရွာ၊ စဉ့်လူ၊ ရေနံကြပ်၊ ရေနံချောင်း စသော ရေနံမြေအရပ်များအထိ တောမီးပမာ ပြန့်နှံ့သွား၏။ ဤနည်းအားဖြင့် ရေနံမြေတွင် ဘီအိုစီ၊ အိုင်ဘီပီစသော ရေနံကုမ္ပဏီများနှင့် အလုပ်သမားတို့၏ အင်အားပြိုင်ပွဲကြီး ပေါ်ပေါက်လာလေ၏။

ရေနံမြေအလုပ်သမားများ၏ လှုပ်ရှားမှုသပိတ်ကြီးသည်ကား တစ်ခဏချင်း၊ တစ်မဟုတ်ချင်း ဖြစ်ပွားပေါ်ပေါက်လာသော လှုပ်ရှားမှု မဟုတ်ချေ။ ကာလကြာမြင့်စွာကတည်းက ရေနံကုမ္ပဏီများ၏ မတရားဖိနှိပ်မှုများကို ကြိတ်မှိတ်သည်းခံလာခဲ့ရသော အလုပ်သမားထုကြီး၏ အုံကြွပေါက်ကွဲမှုများသာ ဖြစ်ချေသည်။

မြန်မာပြည်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် တောင်သူလယ်သမားများ ဖြစ်ကြ၏။ ၁½ ရာခိုင်နှုန်း လူဦးရေသည် ရေနံအလုပ်သမားများဖြစ်၏။ ထိုရေနံအလုပ်သမားများသည် တစ်နှစ်တစ်နှစ်လျှင် ၂၅ ကုဋေမျှ တန်ဖိုးရှိသော ရေနံ၊ ဓာတ်ဆီ၊ ရေနံဆီ၊ ဖယောင်း စသော လူသုံးစက်သုံး သဘာဝထွက်ကုန်များကို ထုတ်လုပ်ပေးကြရ၏။ ထိုအချိန်အခါ ကိုလိုနီအုပ်ချုပ်ရေး စက်ယန္တရားနှင့် စီးပွားရေးစနစ်ဆိုးအောက်သို့ ကျရောက်နေကြရသော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ လူနေမှုဘဝ အခြေအနေမှာ ရင်နင့်ဖွယ်ရာ ကောင်းလှပေသည်။ ဆန်စပါးစိုက်ပျိုးရသော လယ်သမားများ၏ဘဝမှာ ဝတ်တလှည့် ပြတ်တလှည့် ဆန်ကိုနပ်မှန်အောင် မစားကြရ။ ရေနံဆီရအောင် ထုတ်လုပ်ပေးရသော ရေနံအလုပ်သမား၏ မီးခွက်၌ ရေနံဆီမရှိ။ သစ်ဝါးထုတ်လုပ်ပေးရသော အလုပ်သမားတွင် နေစရာအိမ်မရှိ။

ဆန်စပါးနှင့် ဝါဂွမ်းကို အင်္ဂလိပ်ကုမ္ပဏီကြီးများဖြစ်သော ဘူလင်ဂျာပူးလ်နှင့် စတီးဘရားသားတို့က လက်ဝါးကြီးအုပ် လုပ်ကိုင်၏။ ရေနံ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဖယောင်းတိုင် စသည်တို့ကို ဘီအိုစီ၊ အိုင်ဘီပီ၊ ဘီပီပီစီ၊ အင်အိုစီ စသော အရင်းရှင်ကုမ္ပဏီကြီးများက ချယ်လှယ်ကြီးစိုးထား၍ ဘီအိုစီရေနံကုမ္ပဏီသည် ဗြိတိသျှအင်ပါယာနယ်မြေအတွင်း ရေနံလုပ်ငန်းများကို လက်ဝါးကြီးအုပ် လုပ်ကိုင်သော ကုမ္ပဏီကြီးဖြစ်လေသည်။ ရေနံမြေရှိ ကုမ္ပဏီကြီးအသီးသီးတို့၏ ငွေရင်းအင်အားတွင် ဘီအိုစီ ရေနံကုမ္ပဏီသည် အများဆုံး အကြီးကျယ်ဆုံးဖြစ်၏။ အိုင်ဘီပီကုမ္ပဏီက ငွေတစ်ရာလျှင် ငွေရင်း ၁၇ ကျပ်ဖြစ်လျှင် ဘီဘီပီစီက ၆. ၂ကျပ်ဖြစ်၏။ ကျန် ၇၆. ၈ ကျပ်သည် ဘီအိုစီ၏ ငွေရင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၅ ခုနှစ် တစ်နှစ်တည်းတွင်ပင် ဘီအိုစီ ကုမ္ပဏီသည် ထိုနှစ် နှစ်ချုပ်စာရင်းအရ အမြတ်ငွေ ကျပ်ပေါင်း သန်း ၄၀ ကျော် အိတ်ဝင် သပိတ်ဝင် အမြတ် အစွန်းရခဲ့ကြောင်းကို ဘီအိုစီချယ်ယာမင်၏ ၁၉၃၇ ခုနှစ် အစီရင်ခံစာအရ သိရ၏။ ၁၉၃၇ ခုနှစ်တွင် အသားတင် အမြတ်အစွန်း ငွေကျပ် ၆၇ သန်းကျော်ရခဲ့၏။ ကုမ္ပဏီ၏ အမြတ်ခွန် မီးအာမခံ စသည့်အတွက် ထုတ်ပေးသော ငွေပေါင်း ၅၃ သန်းမှာ အသားတင်အမြတ်တွင် မပါ သေးချေ။ အလုပ်သမားတို့အား လုပ်အားခအဖြစ် ထုတ် ပေးကုန်ကျငွေမှာ ၈ သန်းကျော်ဖြစ်၏။ အဆိုပါ စာရင်း ဂဏန်းများသည် ထိုနှစ်တစ်နှစ်အတွင်း အသစ်ပွား စည်းသော ငွေများသာဖြစ်ရာ အကြမ်းဖျင်းအားဖြင့် ငွေကျပ်ပေါင်း ၁၂၈ သန်းကျော်မြတ်ကြောင်း သိသာနိုင် ၏။ ယင်းအမြတ်ငွေမှ အလုပ်သမားပေါင်း ၂၀,၀၀၀ ကျော်အတွက် ငွေ ၈ သန်းမျှ ထုတ်ပေးပြီးလျှင် ဘီအိုစီကို အုပ်ချုပ်သူ အစုရှယ်ယာဝင်ထားသူ လက်တဆုပ်စာ လူတစုအတွက်မူကား ငွေကျပ် သန်းပေါင်း ၁၂၀ ယူယင် ထား၏။ ငွေပုံကျအလိုက် ခွဲစိတ်တွက်ချက်လိုက်သော် သွေးချွေး မြေအကျခံ၍ ရေနံကို ထုတ်လုပ်ပေးသော အလုပ်သမားတို့က ငွေတစ်ကျပ် အကျိုးခံစားရချိန်တွင် ဘီအိုစီကို ချယ်လှယ်ထားသော လက်တွင်းတစုပ်စာရှိ မနရှင်တို့က ၁၅ ကျပ် ခံစားနေကြ၏။ လုပ်ငန်းခွင် အချိန် နာရီဖြင့် ချိန်ထိုးကြည့်ခဲ့လျှင်လည်း အလုပ်သမားတို့ ဘက်မှပင် နစ်နာကြောင်း တွေ့ရ၏။ ရေနံမြေအလုပ် သမားတို့သည် အလုပ်ခွင်တွင် တစ်နေ့ရှစ်နာရီ ဝင်ရောက် လုပ်ကိုင်ကြရ၏။ ဝေပုံကျနည်းဖြင့် ခွဲဝေကြည့်လျှင် ငွေပေါင်း ၁၂၈ သန်းမြတ်သည့်အထဲမှ အလုပ်သမားတို့ ရငွေမှာ ၈ သန်းရသဖြင့် မနရှင်နှင့်အလုပ်သမား ၁ပိုင်း၁ အချိုးတစ်ချိုးခံစားကြောင်း တွေ့ရ၏။ နာရီအားဖြင့် အချိုးကျတွက်လျှင် အလုပ်သမားသည် မနရှင်တို့ကပေး သော လုပ်ခအတွက် တစ်နေ့လုပ်ချိန် ရှစ်နာရီ၏ ၁၆ပုံ တစ်ပုံဖြစ်သော နာရီဝက် လုပ်လျှင် တာဝန်ပြီးစီး၏။ ကျန် ၇½နာရီသည် ချယ်လှယ်သော လက်တစ်စုပ်စာ မနရှင် လူတစုအတွက် လုပ်ပေးနေရကြောင်း အဓိပ္ပာယ်ပေါ် လွင်နေ၏။ တစ်နေ့လုပ်ချိန်၏ အချိန်အားလုံးအတွက် သာ အလုပ်သမားများ အကျိုးခံစားရလျှင် အဆိုပါ အသားတင်အမြတ် ၁၂၈ သန်းလုံးကို အလုပ်သမားတို့ ခံစားရမည်ဖြစ်၏။

ဤကြားတွင် ကုမ္ပဏီသည် အလုပ်သမားများ အား အကြောင်းအမျိုးမျိုးပြပြီးလျှင် လူလျှော့ပစ်တတ် သေး၏။ ထိုသောအခါတွင် ယခင်က (၄-၅) ယောက် ဝိုင်းဝန်းလုပ်ကိုင်မှ ပြီးစီးသောကိစ္စကို လူလျှော့ပစ်ခြင်း ကြောင့် (၂-၃)ယောက်မျှဖြင့် လုပ်ကိုင်ကြရ၏။ ဤသို့ လုပ်အားကို ပိုမိုတိုးတက်စေခိုင်းခြင်းကိစ္စသည် တစ်နေ့ တာအတွက် မထောင်းတာလှသော်လည်း နှစ်ရှည်လများ ကြာ၍လာသော် ထိုသို့ လုပ်အားပို၍ ပိုလုပ်ကြရသော အလုပ်သမားများမှ ဒဏ်ပိုလာလေ၏။ ရေနံမြေအလုပ် သမားတို့မှာ မနရှင်တို့ အမြတ်အစွန်းကြီးမားစွာ ရရှိ ရေးအတွက် မိမိတို့ဘဝကို စတေးနေကြရလေသည်။

ရေနံမြေသည် အထက်မြန်မာပြည် ပူအိုက် သောဒေသတွင်ရှိရာ ခြစ်ခြစ်တောက်ပူပြင်းသော နေ ရောင်အောက်တွင် ရေနံငွေ့များကို အမြဲမပြတ်ရှူရှိုက်၍ ပင်ပန်းကြီးစွာ လုပ်ကိုင်လှုပ်ရှားနေရသော ရေနံမြေ အလုပ်သမားများ၏အဖြစ်မှာ ရင်နင့်စရာကောင်းလှ၏။ ရေနံတွင်ကန့်ဓာတ်သည် အနည်းနှင့်အများ ပူးတွဲပါဝင် လေ့ရှိ၏။ ကန့်ဓာတ်ပျက်ပြီးလျှင် အငွေ့ဖြစ်လာသော အခိုးအငွေ့များကို ရေနံမြေဒေသတွင် သိပ်သည်းနေ၏။ အဆိုပါကန့်ခိုးကန့်ငွေ့တို့ကို မိနစ်မလပ် နာရီမလပ် နေ့စဉ်ရှူရှိုက်နေရသော ရေနံမြေအလုပ်သမားတို့သည် တစ်နေ့တခြား ကျန်းမာရေးချို့တဲ့နေကြရလေ၏။ ရေခံခိုး၊ ရေနံငွေ့၊ ကန့်ခိုး၊ ကန့်ငွေ့များနှင့် နေ့တိုင်း ထိတွေ့နေ ကြရခြင်းကြောင့် အလုပ်သမားတို့မှာ မျက်စိဝေဒနာ အသားအရေ ခြောက်သွေ့အက်ကွဲခြင်း ဝေဒနာများကို ခံစားကြရ၏။ ယင်းအခိုး အငွေ့များကို နေ့စဉ် ရှူရှိုက် နေရခြင်းကြောင့် အဆုတ်ရောင်ရောဂါနှလုံးသည် ခြေ ပျက်ရောဂါများ တဖြည်းဖြည်း စွဲကပ်ခံစားလာကြရ လေ၏။

အလုပ်သမားတို့သည် မကျန်းမမာဖြစ်လျှင် လည်း ခွင့်မယူရဲကြ။ ခွင့်ယူလျှင် လစာအဖြတ်ခံရမည် စိုးသောကြောင့် တော်ရုံတန်ရုံရောဂါများကို အောင့် အည်းသည်းခံ၍ အလုပ်ခွင်သို့ ဆင်းကြ၏။ ပူပြင်းသော နေရောင်အောက်ရှိ ရေနံငွေ့၊ ကန့်ငွေ့များ သိပ်သည်းသော မြေပြင်နှင့် ပူပြင်းသော ဘွိုင်လာအိုး၊ မီးအိုးများအကြားရှိ စက်ကိရိယာများကို ကိုင်တွယ်မောင်းနှင်ရာဒေသသည် သူတို့၏ အလုပ်ခွင်ဖြစ်၏။ အလုပ်သမားတို့မှာ အလုပ်ရုံ၊ စက်ရုံများအတွင်း လုပ်ကိုင်ကြရာ၌လည်း သွပ်၊ ခဲ၊ ကြေးနီ



www.burmeseclassic.com

www.burmeseclassic.com



စသော သတ္တုခဲာတ်များနှင့် အစဉ်အမြဲ ကိုင်တွယ်တွေ့ထိနေရခြင်းကြောင့် အသားအရေပွခြင်း၊ သတ္တုဆိပ်မိခြင်းစသည့်ဒဏ်တို့ကို အမြဲမပြတ် ခံစားနေကြရ၏။ ခဲဂဟော၊ သွပ်ဂဟော၊ ကြေးဂဟောဆော်ခြင်း၊ ပုံသွန်းခြင်း၊ တံဆည်းစားခြင်းများကို ဆောင်ရွက်ရသော အချို့ဌာနများရှိ အလုပ်သမားများမှာ ထိုသတ္တုမှုန့်များကို အမြဲရှူရှိုက်နေကြရခြင်း၊ နှာခေါင်းထဲ ရောက်လာသော ထိုအမှုန့်များကို ဝမ်းထဲသို့ မျိုချမိခြင်းများကြောင့် သတ္တုဆိပ်တက်ခြင်း၊ သွေးကြောပိတ်ခြင်းရောဂါများကို ခံစားကြရ၏။ အဆုတ်ပွရောင်ခြင်း၊ အဆုတ်သွေးကြော၊ လေကြောပိတ်ခြင်းမှ ဖြစ်ပွားလာသော ရောဂါမျိုးစုံတို့ကို ခံစားကြရလေကုန်၏။

ဤကြားထဲတွင် စက်ကိရိယာတို့ကို ကိုင်တွယ်လုပ်ကိုင်ရင်း မတော်တဆ ထိခိုက်ဒဏ်ရာရမှု၊ ကိုယ်အင်္ဂါချွတ်ယွင်းခံရမှုများလည်း ရှိသေး၏။ အလုပ်ခွင်တွင် ဤသို့ ကျန်းမာရေးနှင့်ဆန့်ကျင်သော ဖြစ်ရပ်များကြောင့် အလုပ်သမားတို့၏ သက်တမ်းမှာ သိသိသာသာ ကျဆင်းတိုတောင်းလာကြရ၏။ မူမှန်အတိုင်း အသက် ၈၀ နေရမည့် အလုပ်သမားတို့သည် အသက် ၄၀ခန့်တွင် ရောဂါထူပြောလာပြီးလျှင် အသက် ၆၀ မပြည့်မီ သေဆုံးကြရသည်က များပြားကြောင်း ဖွားသေစာရင်းများကိုကြည့်က သိသာနိုင်၏။

ကျန်းမာရေးနှင့်ဆန့်ကျင်သော
ဖြစ်ရပ်များကြောင့် အလုပ်သမားတို့၏
သက်တမ်းမှာ သိသိသာသာ ကျဆင်း
တိုတောင်းလာကြရ၏။ မူမှန်အတိုင်း အသက်
၈၀ နေရ မည့် အလုပ်သမားတို့သည်
အသက် ၄၀ခန့်တွင် ရောဂါ
ထူပြောလာပြီးလျှင် အသက် ၆၀ မပြည့်မီ
သေဆုံးကြရသည်က များပြားကြောင်း
ဖွားသေစာရင်းများကိုကြည့်က သိသာနိုင်၏။

ဇန်နဝါရီလ ၈ ရက်နေ့က သပိတ်မှောက်လာခဲ့သော အလုပ်သမားများသည် ဇန်နဝါရီလ ၉ ရက်နေ့ညတွင် အလုပ်သမား လူထုအစည်းအဝေးကြီးကို ချောက်မြို့ ဈေးအနောက်ဘက်ရှိ မြေကွက်လပ်တွင် ကျင်းပပြီးလျှင် အောက် ပါတောင်းဆိုဆုံးဖြတ်ချက်များကို တညီတညွတ်တည်း ဆုံးဖြတ်တောင်းဆိုကြ၏။

၁။ ရေနံအလုပ်သမားတို့အား တစ်နှစ်လျှင် လစာမပျက် ခွင့် ၅၃ ရက် ခွင့်ပေးရေး။

၂။ လေဘာဗျူရိုရုံးကို အမြန်ဖျက်သိမ်းပြီးလျှင် ကုမ္ပဏီ၊ အစိုးရ၊ အလုပ်သမားကိုယ်စားလှယ်တို့ပါဝင်သော အလုပ်သမား စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့ပေးရန်။

၃။ အလုပ်သမားများကို လုပ်ခရှင်းပေးရာ၌ နေ့စားအဖြစ်မှ လပေး စနစ်အဖြစ် ရှင်းလင်းပေးရန်။

၄။ ဇန်နဝါရီလ ၈ ရက်နေ့က စတင်ဖြစ်ပွားပေါ်ပေါက်လာသော ဤသပိတ်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာခေါင်းဆောင်များကို အလုပ်ပြန်သွင်းရန်နှင့် ဌာနဆိုင်ရာ အရေးယူမှုများ မပြုလုပ်ရန်။

၅။ ဘီအိုစီကုမ္ပဏီက ဤတောင်းဆိုချက်များကို အရေးယူဆောင်ရွက်ပေးမည်ဟု ကတိပေးလျှင် အလုပ်သမားများသည် အလုပ်ခွင်သို့ ပြန်လည် ဝင်ရောက် ဆောင်ရွက်မည်။ မလိုက်လျောလျှင် ဆက်လက်သပိတ်မှောက်မည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သပိတ်မှောက်အလုပ်သမားများသည် ဘီအိုစီကုမ္ပဏီသို့ မိမိတို့၏ တောင်းဆိုချက်များကို စာရေးအကြောင်းကြားကြ၏။ ထိုနေ့တစ်နေ့လုံး ဘီအိုစီမှ အလုပ်သမားများထံ မည်သို့မျှ အကြောင်းမပြန်ကြားခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများသည် ထိုနေ့ ၁၂ နာရီအချိန်တွင် ဦးဘိုးချွန်၏ ဇာတ်ပွဲရုံကြီး၌ အလုပ်သမားလူထုအစည်းအဝေးပွဲကြီးကို ကျင်းပကြပြီးလျှင် ယခင်တောင်းဆိုချက်များကို ထပ်မံအတည်ပြု၍ နောက်ထပ် တောင်းဆိုချက်ရှစ်ချက်တို့ကိုပါ ဖြည့်စွက်တောင်းဆိုကြောင်း ဆုံးဖြတ်ကြလေ၏။ အဆိုပါ ဆုံးဖြတ်တောင်းဆိုချက်များကိုလည်း ဘီအိုစီသို့ စာရေးအကြောင်းကြားလိုက်ကြရ၏။ ထိုရက်များအတွင်း၌ ရေနံမြေအလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားသပိတ်သည် ချောက်၊ ရေနံချောင်းမြို့များတွင်မက သန်လျင် ရေနံချက်စက်ရုံအထိ ပြန့်ပွားလာခဲ့လေ၏။ ၁၉၃၈ ဇန်နဝါရီလ ၈ ရက်နေ့မှ စတင်သပိတ်မှောက်လာခဲ့သော အလုပ်သမားထု၏ နစ်နာချက်၊ တောင်းဆိုချက်များကို မကြာမီပင် ဘီအိုစီကုမ္ပဏီကအကြောင်းပြန်ကြားခဲ့၏။ အချို့အချက်များကို လိုက်လျောခဲ့သော်လည်း သပိတ်မှောက်အလုပ်သမားများအား အလုပ်ပြန်ခန့်ရေးကိစ္စတွင် ဘီအိုစီကုမ္ပဏီနှင့် အလုပ်သမားများ နားလည်ပုံချင်း ကွဲလွဲနေသဖြင့် သပိတ်ကိစ္စသည် ပြေလည်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများသည် နိုဝင်ဘာ ၂၉ ရက်နေ့တွင် လူထုအစည်းအဝေးပွဲကြီးကျင်းပပြီးလျှင် မိမိတို့၏ နစ်နာချက်၊ တောင်းဆိုချက်များကို အစိုးရအဖွဲ့သို့ အလုပ်သမားများကိုယ်တိုင် သွားရောက်တင်ပြရန် ဆုံးဖြတ်လိုက်ကြလေ၏။ ထိုသို့တင်ပြရန်အတွက် အလုပ်သမားသပိတ်တပ် ရန်ကုန်သို့ ခြေလျင်ချီတက်ကြရန်လည်း စီစဉ်လိုက်ကြ၏။

အဆိုပါသပိတ်မှောက် အလုပ်သမားထုကြီးထဲမှ ကျန်းမာ၍ လမ်းလျှောက်နိုင်မည့်သူများသာ ပါဝင်သော အင်အား ၁၄၀၀ ကျော်ရှိ သပိတ်တပ်ကြီးသည် နိုဝင်ဘာ ၃၀ ရက်နေ့ နံနက် ၆ နာရီတွင် လေးယောက်တစ်တွဲစီတန်းကာ ချောက်မြို့မှ စတင်ထွက်ခွာလာကြလေ၏။ မြို့သူမြို့သားများက ရန်ကုန်သို့ ခြေလျင်ချီတက်မည့် အလုပ်သမားများကို သပြေပန်းများကမ်းလှမ်းပြီးလျှင် စည်တော်တီးမှုတ်ကာ ခြောက်မိုင်ခန့်ကွာဝေးသော မိုလာအရပ်သို့အထိ လိုက်ပါပို့ဆောင်ကြ၏။ ထိုသပိတ်တပ်ကြီး စတင်ချီတက်မည့်အကြောင်းကို ထိုစဉ်က ထုတ်ဝေသည့် သတင်းစာတစ်စောင်က အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

တစ်နေ့လျှင် ၁၅ မိုင်ချီတက်မည်
(ချောက်မြို့ ကွန်နိုပ်တို့သတင်းထောက်ထံမှ)
'စည်တော်သံလား . . . မိုးသံလားဟေ့ . . .
စည်တော်သံပဲ . . . မိုးသံပဲဟေ့ . . .
အောင်ပါလေ . . . သပြေညိုတဲ့ပန်းရယ်နဲ့
ရေချမ်းကိုလောင်း . . . '

ဟု သီဆို၍ တီးမှုတ်လိုက်သောစည်တော်သံသည် တစ်မြို့လုံး သိမ့်သိမ့်တုန်အောင် မြည်ဟည်းထွက်ပေါ်လာသည့်အချိန်တွင် လမ်းပေါ်တွင် သွားလာနေသောသူများနှင့် အိမ်များမှထွက်ကြည့်ကြသော လူထုကြီးမှာ ကြိတ်ကြိတ်တိုးနေတော့ကြောင်း။ ထိုနေ့မှာ နတ်တော်လဆုတ်န်း ၉ ရက် (၃၀-၁၁-၃၈)၊ ဗုဒ္ဓဟူးနေ့ ဖြစ်ရာ နံနက် ၆ နာရီအချိန် ရေနံမြေသပိတ်များ ရန်ကုန်သို့ (ခြေလျင်)ချီတက်သည့်နေ့ကြီးပင် ဖြစ်ကြောင်း။

## ငိုကြွေးကြခြင်း

ရှေ့တန်းမှ သုံးရောင်ချယ်အလံကြီးကို ထမ်းလျက် ၎င်းနောက်မှ တစ်ဖန် စည်တော်ကြီးကို ရွှမ်းပြီးလျှင် မိမိတို့အခွင့်အရေးများကို မရမက ဒုက္ခကိုပင် သုခထင်၍ အရိုးကြေကြေ အရေခမ်းခမ်း ရန်ကုန်သို့ ခြေလျင်ချီတက်၍ တရားသဖြင့် ဆူပူတောင်းဆိုရန် သပိတ်မှောက်အလုပ်သမားပေါင်း ၆၀၀ ကျော်တို့သည် လေးယောက်စီတွဲလျက် ငြိမ်ဝပ်ပိပြားစွာ ချီတက်လာကြကြောင်း၊ မြို့မှထွက်ခွာနီးတွင် ပြည်လုံးဇ စေတီမြတ်ဘုရားကို ဖူးမြော်ကန်တော့၍ လိုရာဆုများကို တောင်းကြသေးကြောင်း၊ ချီတက်ကြသော သပိတ်အလုပ်သမားများအား တွေ့မြင်ရသော လူထုပရိသတ်ကြီးမှ မျိုးချစ်ပုဂ္ဂိုလ်များ၊ အချို့အမျိုးသမီးများ၊ တက်လူလူငယ်တစ်စုတို့သည် သနားခြင်းပြင်းပြလှသဖြင့် သည်းထန်စွာငိုကြွေးလျက် ဘီအိုစီခေရှင်ကုမ္ပဏီကိုလည်းကောင်း၊ ညွှန့်ပေါင်းအစိုးရကိုလည်းကောင်း အမျိုးမျိုးပြစ်တင်စကားပြောဆိုကြသည်ကိုတွေ့ရကြောင်း၊ မြို့သစ်ရပ်ကွက်အရောက် လိုက်ပို့ကြသော လူထုကြီးမှာ ၄၀၀၀ ကျော်ခန့်ရှိကြောင်း၊ အချို့လည်း ၆ မိုင်ခရီးဝေးကွာသော မိုလာရပ်ကွက်အရောက် လိုက်ပို့ကြသေးကြောင်း။

## နှုတ်ဆက်သံမှတပါး ဘာသံမျှမကြားရ

'သွားပြီဟေ့သူငယ်ချင်း' 'အေး . . . ကောင်းပြီ အစစအရာရာ စိတ်ချ သွားကြဟေ့၊ အောင်မြင်ခဲ့ကြပါစေကွာ'ဟု နှုတ်ခွန်းဆက်သံများမှတပါး ဘာသံမျှ မကြားရကြောင်း။ အခါအတိုင်းအချိန်တွင် အလွန်ဆူပူဟစ်အော်ကြွေးကြော်ကြသော လူတစ်စုမှာ ဤကဲ့သို့ စည်းကမ်းတကျ ဆိတ်ငြိမ်စွာချီတက်သွားရခြင်းကို လူတိုင်းကပင် အထူးအံ့သြ ချီးမွမ်းကြကြောင်း။

## တစ်နေ့လျှင် ၁၅ မိုင်

သပိတ်တပ်ကြီးသည် တစ်နေ့လျှင် အများဆုံး ၁၅ မိုင်လမ်းလျှောက် ချီတက်ကြရန် စီစဉ်ထားကြောင်း၊ အဆိုပါ ခြေလျင်ချီတက်သည့် သပိတ်တပ်ကြီးတွင် ကျန်း

www.burmeseclassic.com



မာရေးအဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့၊ ထောက်ပံ့ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ဟူ၍ အဖွဲ့ငယ်များလည်း အသီးသီးပါရှိလာကြောင်း၊ ကျန်းမာရေးအဖွဲ့မှာ မြန်မာဆေး၊ အင်္ဂလိပ်ဆေးသေတ္တာများ အသီးသီးလွယ်လျက် လိုက်ပါလာကြောင်း၊ ထောက်ပံ့ရေးအဖွဲ့မှာ စားမှု၊ သောက်မှု၊ အဆင်သင့်ဖြစ်စေရန် စီစဉ်ထားကြောင်း၊ ချက်ပြုတ်ရေးအဖွဲ့မှာ တပ်၏ရှေ့မှ ကြိုတင်ထွက်ခွာသွားကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့မှာ အလံနီ၊ အလံစိမ်းကလေးများဖြင့် ခရာတစ်ခုစီယူဆောင်လျက် သွားရန်၊ ရပ်ရန် အချက်ပေး၍ စောင့်ရှောက်လိုက်ပါကြကြောင်း၊ ကျန်းမာရေးအဖွဲ့ဝင်တို့မှာ အနီရောင်ခံတွင် အဖြူကြက်ခြေပြထားသော လက်မောင်းပတ်များကို လက်မောင်းတွင် စည်းပတ်ထားကြကြောင်း၊ ချက်ပြုတ်ရေးအဖွဲ့မှာ အပြာရောင်၌ အဖြူလေးထောင့်ပြလျက် လက်မောင်းတွင် စည်းပေးထားကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့မှာ သုံးရောင်ချယ်တံဆိပ်များ ရင်ပတ်၌ ထိုးချိတ်ထားကြကြောင်း၊ ထောင်ထွက် အမျိုးသမီးသပိတ်များကလည်း သပြေပန်းကိုယ်စီကိုင်လျက် အလုပ်သမားတပ်ကြီးကို လိုက်ပါ ပို့ဆောင်ကြကြောင်း၊ ယခုအခါ ချောက်မြို့ရှိ တို့ဗမာအစည်းအရုံးတည်ရာဌာနမှာ ခြောက်ကပ်ကပ်ဖြစ်နေတော့ကြောင်း။

ဖောက်ပြပါသတင်းစာမှ ကောက်နုတ်ချက်ကို ကြည့်ရခြင်းအားဖြင့် ထိုစဉ်က သပိတ်တပ်ချီတက်လာပုံ၊ စိတ်အားတက်ကြွပုံများကို တွေးခေါ် ခန့်မှန်း ကြည့်နိုင်၏။ အဆိုပါသပိတ်တပ်ကြီးသည် နောက်တစ်နေ့ ဒီဇင်ဘာ ၁ ရက်၊ ညနေ ၆ နာရီအချိန်တွင် ရေနံချောင်းသို့ ဆိုက်ရောက်သွားလေရာ ရေနံချောင်း ရေနံမြေအလုပ်သမားများနှင့် မြို့လူထုကြီးက စည်တော်တီးမှုတ် ကြိုဆိုကြ၏။ ထိုနေ့ညတွင် အလုပ်သမားသပိတ်တပ်ကြီးသည် တွင်းကုန်းရပ်၊ ဗလဲ့ဘဆရာတော်၏ ကျောင်းဝင်းအတွင်း၌ ညအိပ်စခန်းချကြလေ၏။ ဒီဇင်ဘာ ၂ ရက်နေ့ တွင် ရေနံချောင်း၌ အနားယူပြီးလျှင် ဒီဇင်ဘာ ၃ ရက်နေ့ နံနက်စောအချိန် ရေနံချောင်းမှ ဧရာဝတီမြစ်ကမ်း၊ ကမ်းနားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြ၏။ လမ်းတွင်တစ်ညအိပ်ပြီး ဒီဇင်ဘာ ၄ ရက်နေ့တွင် မကွေးမြို့သို့ရောက်ရှိခဲ့ရာ ဈေးမြောက်ဘက်ရှိ မဲထီးကျောင်းဝင်းအတွင်းတွင် စခန်းချရပ်နားကြလေသည်။ ယင်းသို့ မဲထီးကျောင်းတိုက်အတွင်း စခန်းချရပ်နားနေစဉ်မှာပင် ရေနံမြေသပိတ်တပ်ကြီး၏ ဦးစီးခေါင်းဆောင်များဖြစ်ကြသော သခင်ဖတင်၊ သခင်ခင်၊ ဘေးမဲ့ဆရာတော် ဦးဝါယမသာမိ၊ ဦးဂန္ဓ၊ ဦးဇောတိက၊ ရှင်နန္ဒ၊ သခင်ဖိုးလှကြီး၊ သခင်ဗမောင်၊ သခင်ဖေကြီးတို့အား ပုဒ်မ-၁၀၇ ဖြင့် ဖမ်းဆီး၍ မကွေး ထောင်ကြီးတွင် ချုပ်ထားလေ၏။ ထိုနေ့ည ၁၂ နာရီအချိန်တွင် စစ်ပုလိပ်တပ်တစ်တပ် သည် ဘင်ခရာများတီးမှုတ်လျက် ရေနံသပိတ်တပ် ချရပ်နားရာသို့ ချီတက်လာပြီးနောက် မကွေးအရေးပိုင် မစ္စတာမူလာဝပ် လက်မှတ်ရေးထိုးထုတ်ပြန်သော လူလေးယောက်ထက်ပို၍ စုရုံးခြင်း၊ စီတန်းလမ်းလျှောက်ခြင်း မပြုလုပ်ရ ဟူသည့် ပုဒ်မ-၁၄၄ အမိန့်ကို ဖတ်ကြားပြ၏။ ရေနံသပိတ်တပ်ကြီးသည် ခေါင်းဆောင်များအဖမ်းခံရသဖြင့် မကွေးမြို့တွင် ခေတ္တရပ်တန့်နေရလေ၏။

ရန်ကုန်မြို့ရှိ တို့ဗမာအစည်းအရုံးဌာနချုပ်သို့ ထိုသတင်းရောက်ရှိ လာသည်နှင့်တစ်ပြိုင်နက် ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့သည် ချက်ချင်းလူစုပြီးလျှင် အမှုဆောင်အစည်းအဝေး ကျင်းပကြ၏။ ရေနံအလုပ်သမားတပ်ကြီးကို မကွေးတွင်ရပ်တန့်မထားဘဲ ရန်ကုန်သို့အရောက် ရှေ့ဆောင်ချီတက်လာစေရန် ခေါင်းဆောင်မည့် ဗိုလ်များ လိုလာ၏။ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်စနစ်ဖြင့် ချီတက်လာနိုင်စေရန် 'ဗိုလ်'များ စုဆောင်းစေလွှတ်ရန် ဆုံးဖြတ်ကြ၏။ ထို့ကြောင့် နောက်တစ်နေ့ထုတ် မြန်မာသတင်းစာများတွင် -

## ဗိုလ်များအလိုရှိသည်
## တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်မည်

ဟူသောခေါင်းစဉ်ဖြင့် ရေနံမြေသပိတ်တပ်ကြီးကို မကွေးမြို့မှ ရန်ကုန်သို့အထိ ရဲရဲဝံ့ဝံ့ ဦးဆောင်ခေါ်ယူလာရန် မျိုးချစ်များ အလိုရှိကြောင်း၊ ထိုမျိုးချစ်များသည် ထောင်ကျခံရန်၊ အသေခံရန် ဦးမလေးသူများဖြစ်ဖို့လိုကြောင်း၊ ဗိုလ်စာရင်းသွင်းလိုသူများသည် တို့ဗမာအစည်းအရုံးဌာနချုပ်သို့ လာရောက်ပေးသွင်းကြ[illegible]ကြောင်း၊ စသည်ဖြင့် ကြေညာချက်တစ်စောင် [illegible] လာလေသည်။ မြန်မာပြည်အရပ်ရပ်မှ မျိုးချစ်[illegible] သခင်များ၊ ကျောင်းသားများတို့သည် သူထက်ငါ [illegible] အယက် ဗိုလ်စာရင်းသွင်းကြလေရာ လိုအပ်သည်[illegible] ပိုမိုများပြားနေ၏။

ရေနံသပိတ်တပ်ကြီးမှာ ခေါင်း[illegible] မရှိဘဲ မကွေးတွင် ခုနစ်ရက်မျှ ရပ်နားနေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တို့ဗမာအစည်းအရုံးဌာနချုပ်မှ ရွေးချယ်စေလွှတ်လိုက်သော ဗိုလ်သုံးဦးသည် ပုလိပ်စုံထောက်တို့အား လက်တလုံးကြားရှောင်ကွင်းကာ မကွေးသို့ ရောက်သွားကြလေ၏။ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ရေနံချောင်း ကျောင်းသားသပိတ်ကိစ္စကို ဖြေရှင်းပြီး ပြန်လာကြသော ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဗဆွေနှင့် အတွင်းရေးမှူးကိုဗဟိန်းတို့သည် မကွေးတွင် ရပ်နားနေသည့် ရေနံသပိတ်တပ်ကြီးကို ဝင်ရောက်ကြည့်ရှုအားပေးကြ၏။ ထိုနေ့ညတွင် ကိုဗဆွေ၊ ကိုဗဟိန်း၊ သခင်စိုး၊ သခင်ဖေသန်း၊ သခင်ထိန်ဝင်းတို့သည် ရေနံမြေသပိတ်စခန်း၌ မကွေးအရေးပိုင်၏ ပုဒ်မ-၁၄၄ အမိန့်ကို ဖီဆန်ကာ နိုင်ငံရေးတရား ဟောပြောကြ၏။

'ခင်ဗျားတို့ ရန်ကုန်ရောက်သည်အထိ ရှေ့ဆက်ချီတက်ကြပါ။ ပုဒ်မ-၁၄၄ကိုဖီဆန်ပြီး ဆက်လက်ချီတက်ကြပါ။ ခင်ဗျားတို့ တုတ်တစ်ချက်အရိုက်ခံရလျှင် နယ်ချဲ့အစိုးရမျက်ဖြူစိုက်စေ့မယ်။ မြင်းခွာတစ်ချက်ပေါက်လျှင် ဗမာတစ်ပြည်လုံး မီးဟုန်းဟုန်းတောက်စေရမယ်။ မကြောက်နဲ့၊ နောက်ပြန်မဆုတ်နဲ့ ဆက်လက်ချီတက်ပါ'ဟု ဟောပြောရာ အလုပ်သမားတပ်ကြီးသည် စိတ်အားတက်ကြွလျက်ရှိ၏။ တရားဟောပြောသော ကိုဗဟိန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းတို့အပြင် ကိုဗဆွေနှင့် သခင်ဖေသန်းတို့မှာလည်း တရားပွဲပြီးလျှင်ပြီးချင်း အာဏာဖီဆန်မှုဖြင့် အဖမ်းခံကြရလေ၏။ ရေနံမြေအလုပ်သမားများသည် ခေါင်းဆောင်မည့်ဗိုလ်များ အဖမ်းခံရပြီးလျှင်ပြီးချင်း ဆက်လက်ချီတက်ရန်အတွက် နောက်ထပ်ဗိုလ်အသစ်များကို ညတွင်းချင်း ဆွေးနွေးရွေးချယ်လိုက်၏။ ထိုသို့ခေါင်းဆောင်များ မကွေးတွင် အဖမ်းခံရကြောင်းကို မကွေးမှ တို့ဗမာအစည်းအရုံးဌာနချုပ်နှင့် ကျောင်းသားသမဂ္ဂဌာနချုပ်များသို့ တယ်လီဖုန်းဖြင့် ညတွင်းချင်း သတင်းပေးပို့သဖြင့် တို့ဗမာအစည်းအရုံးမှ နောက်ထပ်ခေါင်းဆောင်မည့် ဗိုလ်များကို ထပ်မံစေလွှတ်လိုက်ပြန်၏။

ရေနံသပိတ်တပ်ကြီး မကွေးအရေးပိုင်၏ ပုဒ်မ-၁၄၄ ကို ဖီဆန်ပြီးလျှင် မကွေးမြို့မှ ချီတက်လာနေချိန်ဖြစ်သော ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျောင်းသားများသည် သူတို့၏ ခေါင်းဆောင်နှစ်ဦး ဖမ်းဆီးခြင်းခံရခြင်းအတွက် လှုပ်လှုပ်ရွရွဖြစ်နေလေ၏။ အဆိုပါ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂများမှ အမှုဆောင်များသည် ကျောင်းသားခေါင်းဆောင် ကိုဗဆွေ၊ ကိုဗဟိန်းတို့ ဖမ်းဆီးခံရခြင်းအတွက် အရေးပေါ်အမှုဆောင်အစည်းအဝေး ခေါ်ဆိုကျင်းပဆွေးနွေး၏။

နောက်တစ်နေ့ ၁၉၃၈ခု၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာ ၁၃၀၀ ရာစု၊ နတော်လဆုတ် ၇ ရက်၊ အင်္ဂါနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းရှိ ကျောင်းသားသမဂ္ဂအသင်းတိုက်၌ ကျောင်းသားထု၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပ၍ (၁)နယ်ချဲ့တို့ မတရားဖမ်းထားသောကျောင်းသားခေါင်းဆောင်များကို ချက်ချင်းလွှတ်ရမည်၊ (၂)တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများကို သပိတ်မှောက်၍ တောင်းဆိုနေကြသော အလုပ်သမားများအား မချုပ်ချယ်ရ၊ (၃)မန္တလေးမြို့နှင့် မကွေးမြို့တို့တွင် အစိုးရထုတ်ပြန်ထားသော ပုဒ်မ-၂၃ နှင့် ပုဒ်မ-၁၄၄ တို့ကို ရုပ်သိမ်းပေးရမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ ထိုဆုံးဖြတ်ချက်များကို အစိုးရထံ ပေးပို့ပြီးလျှင် သတင်းစာတိုက်များသို့လည်း မိတ္တူများ ပေးပို့ကြ၏။

တဖန် ဒီဇင်ဘာလ ၁၇ ရက်နေ့ နေ့လယ် ၁၂ နာရီအချိန်တွင်လည်း ရန်ကုန်မြို့ပေါ်ရှိ ကျောင်းသားများအားလုံး ပါဝင်သော ကျောင်းသားထု၏ အစည်းအဝေးတစ်ရပ်ကို ရွှေတိဂုံဘုရားကြီး၏ ရင်ပြင်တော်ရာဟုထောင့်၌ စည်းဝေးကြ၍ တက္ကသိုလ်ကျောင်းသားများဆုံးဖြတ်ခဲ့သော အထက်ပါ ဆုံးဖြတ်ချက်များကိုပင် ထပ်မံ၍ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြ၏။

ဒီဇင်ဘာလ ၁၅ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ ကျောင်းသားတစ်သောင်းကျော်တို့သည် 'စီတန်းလှည့်လည်ခြင်းမပြုရ။ အစည်းအဝေး မလုပ်ရ' ဟူသော ရာဇသတ်ပုဒ်မ-၁၄၄ အရ အစိုးရတို့ ထုတ်ဆင့်ထားသောအမိန့်ကို တိုက်ဖျက်သည့်အနေနှင့် ရန်ကုန်တစ်မြို့လုံးကို စီတန်းလှည့်လည်၍ အာဏာဖီဆန်လိုက်ကြပြန်၏။

ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ အစိုးရထံမှ ပြန်ကြားချက်မရရှိ၍ ထိုနေ့ညတွင် ရန်ကုန်မြို့တက္ကသိုလ်ကျောင်းရှိ ကျောင်းသားသမဂ္ဂအသင်းတိုက်၌ ရန်ကုန်မြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားသမဂ္ဂအသင်းဝင်ကျောင်းသားထု အစည်းအဝေးတစ်ရပ်ကို ကျင်းပပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအစည်းအဝေးက ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတွင်းဝန်များရုံးကို ဝိုင်း၍ သပိတ်တားပြီး၊ မိမိတို့ ခေါင်းဆောင်များအား မတရားဖမ်းဆီးထားခြင်း စသည် တို့ကို အရေးဆိုရန် တိတ်တဆိတ် စီမံကြ၏။

ထိုအချိန်က ကျောင်းသားသမဂ္ဂအသင်းနှင့် တို့ဗမာအစည်းအရုံး ခေါင်းဆောင်သခင်များ၊ ၂၁ ဦး ပါတီအတိုက်အခံခေါင်းဆောင် ဦးဘဘေ၊ ဂဠုန်ဦးစော၊ သခင်မြခေါင်းဆောင်သော ကိုယ့်ကိုယ့်ချင်း အမတ်အဖွဲ့၊ ရဟန်းပျိုအဖွဲ့တို့သည် နှစ်ကိုယ့်တစ်စိတ် ဤကိစ္စများတွင် အတွင်းကျိတ်တိုင်ပင်ညီညွတ်လျက်ရှိနေသော အချိန် လည်းဖြစ်၏။ အဆိုပါနိုင်ငံရေးအဖွဲ့များသည် ကျောင်း သားများကို အားပေးကူညီလျက်ရှိကြ၏။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်၊ မြန်မာ ၁၃၀၀ ခု၊ နတ်တော်လကွယ်နေ့တွင် ရန်ကုန်ကျောင်းသား တို့က တညီတညွတ်တည်း နယ်ချဲ့တို့အား တိုက်ပွဲဝင် ခဲ့သော အဖြစ်အပျက်တစ်ရပ်ကို နောင်လာနောင်သားတို့ မှတ်သားထိုက်၏။ ထိုနေ့က မိုးကောင်းကင်တစ်ခုလုံးမှာ မဲမှောင်၍ နှင်းများလည်း တဖွားဖွားကျလျက် ရှိ၏။ ကျောင်းသားများသည် အိပ်ရာမှ စောစောထ၍ စိတ်မာန် တက်ကြွနေသောအခါဖြစ်၏။

မိုးလင်းစအချိန်ကစ၍ ရန်ကုန်မြို့ အတွင်းဝန်ရုံး ပတ်ပတ်လည်တွင် မြောက်ဘက်ရှိ ဘီဂန်ဒတ်လမ်း၊ အနောက်ဘက်ရှိ စပတ်လမ်း၊ အရှေ့ဘက်ရှိ ဂျူဒါအီ စကယ်လမ်း၊ တောင်ဘက်ရှိ ဒါလဟိုဇီလမ်း၊ လေးဖက် လေးတန်းတို့တွင် ကျောင်းသားကျောင်းသူ တစ်သောင်း ခန့်သည် စုရုံးရောက်ရှိလာကြပြီးလျှင် 'တို့ခေါင်းဆောင် တွေ အမြန်လွှတ်' 'လွတ်လပ်ရေးအမြန်ပေး' 'အရေးတော်ပုံ အောင်ရမည်။ တို့ဗမာဟေ့ . . . တို့ဗမာ'ဟု ဟစ်ကြွေး လိုက်ကြသော အသံများသည်လည်း ပွဲတင်ဟီး၍ သွား တော့၏။

အတွင်းဝန်ရုံးအလုပ်သမား စာရေးစာချီများ ဝင်ထွက်ကြသော ဝင်းတံခါးပေါက်ကြီးများ၌လည်း ကျောင်းသူကျောင်းသားတို့သည် မြေကြီးပေါ်တွင် အဆင့် ဆင့် ရှေ့နောက်စီတန်းထိုင်နေကြလျက် သပိတ်တား နေကြ၏။ ရုံးချိန်ကျသဖြင့် ကိုယ်ပိုင်ကားနှင့် လာကြသော မျက်နှာဖြူအရာရှိများသည်လည်း ရုံးတွင်းသို့ မဝင်နိုင်ကြ ၍ တပ်ခေါက်ပြန်သူက ပြန်၏။ အချို့အရာရှိနှင့် မြန်မာ အလုပ်သမားတို့ကလည်း တာဝန်ဝတ္တရားအရမို့ပါဗျာ ကန်တော့ဗျာ . . . စသဖြင့် ကျော်လွှား၍ ရုံးတွင်းသို့ ဝင်သူကလည်း ဝင်ကြ၏။ ရုံးတွင်းသို့ မဝင်နိုင်သော မျက်နှာဖြူအရာရှိများကလည်း အင်္ဂလိပ်ပုလိပ်မင်းကြီး ရုံးသို့ တိုက်ရိုက်သွား၍ သပိတ်တားကျောင်းသားများ ဝင်ပေါက်၌ ဆို့ပိတ်နေသည်ကို ရှင်းပေးဖို့ ပြောကြား၏။ ပုလိပ်စုံထောက်ဌာနမှ အင်စပက်တော်ဦးရွှေဘသည် ကျောင်းသားလှုပ်ရှားမှု စတင်ကတည်းက နောက်ယောင် ခံလိုက်လာပြီးလျှင် အတွင်းဝန်ရုံးတံခါးဝတွင် ကျောင်း သားများ စုဝေးသပိတ်တားသည့်နှင့်တပြိုင်နက် မဂိုလမ်း ဘက်သို့ သတင်းပို့ခဲ့၏။ ထိုအခါ ပုလိပ်မင်းကြီး မစ္စတာ ရေးနိုးသည် အင်အား ၄၀၀ ပါရှိသော ပုလိပ်တပ်ဖွဲ့တစ်ဖွဲ့ ကို ချက်ချင်းစုစည်း၍ အတွင်းဝန်ရုံးတောင်ဘက်၊ ဘရွတ်ကင်းလမ်းထဲရှိ မင်္ဂလာပုလိပ်ဂတ်တွင် နေရာ ချထားလိုက်၏။ ပုလိပ် ၁၀၀ နှင့် မြင်းစီးပုဂ္ဂိုလ်အချို့ကို ကျောင်းသားများရှိရာသို့ လက်ထောက်ပုလိပ်မင်းကြီး မစ္စတာတိုက် **(Tydd)**အား ဦးဆောင်စေ၍ စေလွှတ် လိုက်၏။

ရန်ကုန်တက္ကသိုလ်ကျောင်းမှ မြူနီစီပယ် မြန်မာ စာသင်ကျောင်းအထိ ကျောင်းပေါင်းစုံမှ ကျောင်းသား ထုသည် အတွင်းဝန်ရုံးကို ဆက်လက်ဝိုင်းပြီး သပိတ်တား လျက်ပင်ရှိ၏။ နေမင်းသည်လည်း မည်သို့မျှ မည္မာ မထောက် အစွမ်းရှိသလောက် အပူရှိန်ကို ကြဲဖြန့်လျက် ရှိ၏။ နေပူကျဲတဲတွင် ဇွတ်ဇွဲနှင့် သပိတ် တားနေကြသော ကျောင်းသူ၊ ကျောင်းသားတို့မှာ နေမြင့်လေ အထက်ကပူ အောက်ကပူနှင့် မခံနိုင်အောင်ရှိနေ၍ လူလဲ၍ ဇွဲနှင့် သပိတ်တားမြဲ တားလျက်ပင်ရှိနေသည်။ သပိတ်တား နေသည်ကို ဝိုင်းဝန်းကြည့်နေကြသော မြို့လူထုပရိသတ် ကလည်း သားချင်းသမီးချင်းစာနာသဖြင့် အနီးအနား ရုတ်တရက် ရှာဖွေရရှိသော ကန့်လန့်ကာ၊ စောင် စသည် တို့နှင့် အရိပ်ပြုလုပ်ပေးသူက လုပ်ပေးကြ၏။ နံနက်စာ စားချိန် လွန်ခဲ့သော်လည်း ကျောင်းသူ ကျောင်းသားတို့ မှာ ဘာမျှ မစားကြရသေးပေ။ ပရိသတ်က လိမ္မော်သီး စသော လက်လှမ်းမီရာ စားစရာများကို ဝယ်ယူဝေငှ လျှုဒါန်းကြ၏။ သပိတ်တား ကျောင်းသူကျောင်းသားတို့ မှာ ရသမျှကို ဝေငှစားသောက် ရောင့်ရဲကြရင်း နေ့လယ် ခင်း ၁ နာရီခန့် အချိန်သို့ ရောက်ခဲ့ပြီဖြစ်၏။

ထမင်းမစားရသေးသော ကျောင်းသူ၊ ကျောင်း သားတို့ကို ငဲ့ညှာ၍ ကျောင်းသားခေါင်းဆောင်များက



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဤမျှသပိတ်တားပြီး လှည့်၍ပြန်ကြမည်။ နောက်ရက်များတွင် မည်သို့ဆက်လက်ရှက်ဆောင်မည်ကို ထပ်မံစီစဉ်ကြမည်ဟု သပိတ်တားခေါင်းဆောင်များတိုင်ပင်၍ ဒါလဟိုဇီလမ်းဘက်မှ ကျောင်းသားများကို အတွင်းဝန်ရုံးအရှေ့ဘက်ရှိ ဂျူဒါအီစကယ်လမ်းဘက်မှလှည့်၍ ခေါ်လာ၏။ တဖန် ဂျူဒါအီစကယ်လမ်းရှိ ကျောင်းသားများ၊ ဘီဂန် ဒတ်လမ်းဘက်ရှိ ကျောင်းသားများကိုလည်း စည်းကမ်းသေဝပ်စွာ စုရုံး၍ စပတ်လမ်းနှင့် ဖရေဇာလမ်းဒေါင့် သူရိယသတင်းစာတိုက်အရှေ့ဘက်သို့ ရုပ်သိမ်း၍ စုရုံးပြန်လာကြ၏။ ကျောင်းသားခေါင်းဆောင် ကိုလှရွှေက မိန့်ခွန်း ပြောမည်ဖြစ်၍ ကျောင်းသားများအား ထိုနေရာသို့ စုဝေးစေခြင်းဖြစ်၏။ ဤတွင် ပထမဦးစွာ စပတ်လမ်းမှ ရောက်လာသော မြင်းစီးပုလိပ်များက ကျောင်းသားများကို စပတ်လမ်းထဲသို့ မဝင်ရန် ပိတ်ဆို့တားမြစ်၏။ ကျောင်းသားများက ဒါလဟိုဇီလမ်းဘက်ကလှည့်၍ ပြန်မည်ဖြစ်ကြောင်းကိုပြောကြ၏။ မြင်းစီးကုလားပုလိပ်တို့သည်ကျောင်းသားတို့ ပြောသည်ကိုနားမလည်ဘဲ နယ်ချဲ့ အစိုးရ၏ 'စေသည့် ကျွန်ပီပီ' အထက်ကချမှတ်လိုက်ပြီး ဖြစ် သော အမိန့်အတိုင်း ကျောင်းသားထုအတွင်းသို့ အတင်းချင်းနင်း၍ဝင်ပြီးလျှင် မြင်းနှင့်နင်း၊ မြင်းဘေးနှင့် အတင်း တွန်းတိုက်၍နေစဉ် မော်တော်ကားကြီးများနှင့်ရောက် လာသော နံပါတ်တုတ်ကိုင်ပုလိပ်များက ကျောင်းသူ၊ ကျောင်းသားတို့ကို ရိုက်နှက်တော့၏။ ရှေးဦးစွာ ကျောင်း သူ မစောရီမှာခေါင်းတွင်ဒဏ်ရာရရှိပြီး သွေးများယိုစီး ကျရှာ၏။ ကျောင်းသားကိုကြည်မောင်မှာ ပုလိပ်တုတ်ချက်ကြောင့် မြေပေါ်သို့ လဲကျသွား၏။ ရိုက်နှက်သော နံပါတ်တုတ်မှာ အရှေ့နှစ်ထောင့်ထွာ လုံးပတ် ငါးလက်မရှိ၏။

လက်နက်မဲ့ ကျောင်းသူ၊ ကျောင်းသားတို့မှာ ပုလိပ်တို့ အတင်းနင်း၍ ရိုက်နှက်သောဒဏ်ကြောင့် စပတ်လမ်းမပေါ်မှာပင် တုံးလုံးပက်လက် လဲကျကုန်ကြတော့၏။ သူရိယသတင်းစာတိုက်အပေါ်ထပ်မှ လူကြီးအချို့တို့ကလည်း 'ဟော့ . . . ဒီလိုမရက်စက်ပါနဲ့'ဟု အင်္ဂလိပ်လို အော်ဟစ်တားမြစ်ကြလေသေး၏။ ပတ်ဝန်းကျင်မှကြည့်နေကြသော အရပ်သားများက မခံမရပ်နိုင်လွန်းလှ၍ အနီးအနားလမ်းဘေးမှ ရရာအုတ်ခဲများ စသည်ဖြင့် ရိုက်နှက်သော ပုလိပ်တို့ကို ပြန်၍ ပေါက်ကြ၏။ သူရိယသတင်းစာတိုက်ပေါ်မှလည်း လက်ဖက်ရည်ခရား၊ လက်ဖက်ရည်ပန်းကန်၊ ခဲ၊ တုတ်၊ ပုလင်း ရရာများဖြင့် ပုလိပ်တို့အား ပစ်ခတ်ကြ၏။ ထို့ကြောင့် ပုလိပ်နှစ်ယောက် သုံးယောက် ဒဏ်ရာရသွားကြ၏။

**လက်နက်မဲ့ ကျောင်းသူ၊ ကျောင်းသားတို့မှာ ပုလိပ်တို့ အတင်းနင်း၍ ရိုက်နှက်သောဒဏ်ကြောင့် စပတ်လမ်းမပေါ်မှာပင် တုံးလုံးပက်လက် လဲကျကုန်ကြ တော့၏။ သူရိယသတင်းစာတိုက်အပေါ်ထပ်မှ လူကြီး အချို့တို့ကလည်း 'ဟော့ ... ဒီလိုမရက်စက်ပါနဲ့'ဟု အင်္ဂလိပ်လို အော်ဟစ်တားမြစ်ကြလေသေး၏။**

ဒဏ်ရာရသော ကျောင်းသူ၊ ကျောင်းသားများကို အခြင်းဖြစ်ပွားသော နေရာသို့ ချက်ချင်းရောက်လာသော ဦးဘနှင်း၏ အမျိုးသားသူနာပြုတပ်က လာရောက်ကယ်ဆယ်လေ၏။ အဆိုပါ အမျိုးသားသူနာပြု တပ်ဖွဲ့ဝင်များတွင် ကြက်ခြေနီလက်ပတ် ပါပါလျက် ပုလိပ်တို့၏ အရိုက်အနှက်ခံ၍ ဒဏ်ရာရသော ကျောင်းသားများကို အတင်းဝင်၍ ထမ်းထုတ်ပြီးလျှင် သူရိယသတင်းစာတိုက်ပေါ်သို့ တင်ပြီး ဆေးထည့်ပေးခဲ့ရ၏။ ဒဏ်ရာ ပြင်းထန်စွာ ရသူများမှာ ၁။ ဂျပ်ဆင်ကောလိပ် အိုင်အေအထက် တန်းမှ ကိုအောင်ကျောင်း၊ ၂။ ယူနီဗာစီတီ အိုင်အေ အထက်တန်းမှ ကိုရွှေမောင်၊ ၃။ ၎င်းအိုင်အေအထက်တန်း ကိုသိန်းလှိုင်၊ ၄။ ၎င်းအိုင်အေအထက်တန်း ကိုသန်း၊ ၅။ ၎င်းအိုင်အေအထက်တန်း ကိုတင်မောင်၊ ၆။ ဂျပ်ဆင်ကောလိပ် အိုင်အေအထက်တန်း ကိုထွန်းရှိန်၊ ၇။ ယူနီဗာ စီတီဘီအေအထက်တန်း ကိုတင်မောင် စသည်နှင့် ယူနီဗာစီတီဆေးရုံတွင် ဒဏ်ရာကြီးသဖြင့် အတွင်းလူနာအဖြစ်ဖြင့် လက်ခံထားရသောသူများမှာ ၁။ ယူနီဗာစီတီ ဘီအေအထက်တန်း ကိုဘသန်း၊ ၂။ အင်းလျားကျောင်းဆောင်မှ သခင်သန်း စသူတို့ဖြစ်ကြ၏။ အခြား မြူနီစီပယ်ကျောင်းသားများပါ စုစုပေါင်း ဒဏ်ရာ ရသူများမှာ ၃၀၀ ကျော်ရှိ၏။

ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရသော ကို



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်အား ရန်ကုန်ဆေးရုံကြီးတွင် ဆေးထည့်ပေးပြီးနောက် တက္ကသိုလ်ကျောင်းဆေးရုံသို့ရောက်အောင် အဖော်ကျောင်းသားများက တွဲ၍ ခေါ်လာပြီး ဆက်လက်ကုသ၏။ သို့ရာတွင် ဒဏ်ရာမှာ ဦးခေါင်းခွံအက်ကွဲအောင် ပြင်းထန်သောကြောင့် သတိမရသောအခြေတွင် ဒီဇင်ဘာလ ၂၂ ရက်နေ့ ည ၇ နာရီခွဲအချိန်၌ ဆေးရုံ ကြီးသို့ ပြန်လည်ယူဆောင်သွားရ၏။ ဆေးရုံကြီးတွင် ခွဲစိတ်၍ မကုရသေးမီ ထိုနေ့ည ၁ နာရီ ၂၅ မိနစ်တွင် ကိုအောင်ကျော် အနိစ္စရောက်ခဲ့၏။

ကွယ်လွန်ကျဆုံးသူ ကိုအောင်ကျော်သည် အသက် ၂၂ နှစ်သာရှိသေး၍ ဟင်္သာတခရိုင်၊ မဲဇလီကုန်းစာတိုက် ဂုန်းဇင်ရွာနေ ကုန်သည်ဦးအောင်ဒင်၏ သားဖြစ်၏။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင်တစ်ဦးဖြစ်၏။ ကိုအောင်ကျော်သည် ပုလိပ်များက ကျောင်းသူမလေးတစ်ဦးကို အတင်းရိုက်နှက်စဉ်တွင် မိမိကိုယ်ကို ကုန်းခံပြီး ထိုကျောင်းသူလေးကို ကာကွယ်ရင်း ဦးခေါင်းတွင် ပြင်းထန်သောဒဏ်ရာ ရခဲ့ရှာသူဖြစ်၏။ ကျောင်းသားအရေးတော်ပုံတွင် အသက်ပေး၍ သွားရှာသော ကိုအောင်ကျော်အား 'ဗိုလ်အောင်ကျော်'ဟူ၍ ဂုဏ်ပြုမှည့်ခေါ် ကြသည့်အပြင် ဗိုလ်အောင်ကျော်၏ ဈာပနကိစ္စမှာလည်း ပရိသတ်သုံးသိန်းခန့် ပို့ဆောင်သဖြင့် မကြုံဘူးအောင် ဝက်ဝက်ကွဲမျှ စည်ကားလှပေ၏။

ကျောင်းသား ဗိုလ်အောင်ကျော်၏ ဈာပနကိစ္စပြီးစီးပြီးနောက် ကျောင်းသားများသည် ညွန့်ပေါင်းအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို ကန့်ကွက်သောအားဖြင့် တစ်ပြည်လုံး တက္ကသိုလ်ကျောင်းမှ မူလတန်းကျောင်းကလေးများအထိ သပိတ်မှောက်ပြီးလျှင် အချို့ကျောင်းသားများက အစာငတ်ခံ၍ တက္ကသိုလ်ဥပဒေတွင် မကျေနပ်သောအချက်များကို ဆက်လက်တောင်းဆိုလျက်ရှိ၏။ လူထု၏ အုံကြွ မှုမှာ (၁၃၀၀ ပြည့်) ၁၉၃၈ ခုနှစ်တွင် ထူးခြားတက်ကြွပြင်းထန်၏။ တို့ဗမာအစည်းအရုံးဝင် သခင်များအား အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောမှု၊ ဆူပူသောင်းကျန်းအောင် လှုံ့ဆော်မှုတို့ဖြင့် အစိုးရက တို့ဗမာအစည်းအရုံးခေါင်းဆောင် ၁၆ ဦးတို့အား တရားစွဲ၍ ၁၄ ဦး ထောင်ချခဲ့ကြောင်း အစိုးရအစီရင်ခံစာတွင် တွေ့ရှိရ၏။

ဗိုလ်အောင်ကျော်၏ ဈာပနကိစ္စ ပြီးစီးပြီးနောက် ရက်အနည်းငယ်အတွင်းတွင် တစ်ညနေ၌ ဝန်ကြီးချုပ် ဒေါက်တာဘမော်၏ အလံတလူလူနှင့် သားသမီးများကို ကျောင်းကြို၍ပြန်လာ၏။ ကန်တော်ကြီးအနောက်ဘက် ဗဟန်းလမ်း သို့ရောက်သောအခါ တစ်စုံတစ်ယောက်သောသူက ပြင်းထန်စွာပေါက်ကွဲတတ်သော ပေထုပ်ဖြင့် ပစ်ဖောက်လိုက်သောကြောင့် ကား၏ဘေးသို့မှန်ပြီး ပေါက်ကွဲ မြည်ဟည်းသွား၏။ ကားအတွင်းရှိ ဒေါက်တာဘမော်၏ သားသမီးများအား မထိခိုက်သော်လည်း ကားဘေးဆေးရောင်များ ပျက်သွားလောက်အောင် ပြင်းထန်၏။ ဒေါက်တာဘမော်ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရကို လူထုက မည်မျှ မုန်းတီးနေကြောင်း ဤအဖြစ်ကိုကြည့်ခြင်းဖြင့် သိနိုင်လေသည်။

၁၉၃၈ ခုနှစ်တွင် အလုပ်သမားများ၏ အကြိမ်ကြိမ် သပိတ်မှောက်မှုများ ဖြစ်ပွားခဲ့၏။ ၁၉၃၈ ခု၊ မတ်လနှင့် ဧပြီလတွင် အင်းစိန်နှင့် ရန်ကုန်မြို့တွင် ဘတ်စ်ကားသပိတ်မှောက်ခဲ့၏။

ထို့နောက် အင်းစိန်မြို့ မြန်မာပိုးထည်ကုမ္ပဏီ၏ အလုပ်ရုံတွင်လည်း အလုပ်သမားများ အလုပ်ရပ်စဲနေကြ၏။ ကြည့်မြင်တိုင် စူရတီဈေးရှိ ဈေးသည်များက ဆိုင်ခွန်ဆိုင်ခကို ကန့်ကွက်၍ ဇူလိုင်လ ၂၇ ရက်နေ့တွင် မြို့တွင်းသို့ လှည့်၍ ဆန္ဒပြ၏။ သန်လျင်မြို့ ရေနံချက်ရုံရှိ အလုပ်သမားများကလည်း မိမိတို့၏ နစ်နာချက်များအတွက် ဇူလိုင်လ ၂၇ ရက်နေ့တွင် သပိတ်မှောက်၍ လိုလားချက်များကို တောင်းဆိုလျက်ရှိကြ၏။

ချောက်၊ ရေနံချောင်း၊ ရေနံမြေမှ သပိတ်မှောက်အလုပ်သမားတပ် ကြီးသည်လည်း ရန်ကုန်သို့ ချီတက်လာကြ၏။ ချီတက်လာကြသော ရေနံမြေသပိတ် အလုပ်သမားတပ်ကြီးအား တို့ဗမာအစည်းအရုံးခေါင်းဆောင်များက ခရီးလမ်းတစ်လျှောက်လုံးတွင် ကြပ်မတ်၍ အစားအသောက် တည်းခိုရန် နေရာထိုင်ခင်း စသည်များပါပြည့်စုံအောင် ကူညီစီစဉ်ပေး၍ ဦးဆောင်လာခဲ့ကြ၏။ ရေနံမြေသပိတ်တပ်ကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး ရင်ပြင်သို့ ၁၉၃၉ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဆိုက်ရောက်၍ စခန်းချလျက်ရှိ၏။

ရေနံမြေသပိတ်၏ တောင်းဆိုချက်များကို လိုက်လျောရန် အခြားအလုပ်သမားများကလည်း ကူညီ၍ သပိတ်မှောက်ခဲ့ကြရာ ၁၉၃၈ ခုနှစ် အထွေထွေသပိတ်ကြီးတွင်ပါဝင်သော သပိတ်မှောက် အလုပ်သမားဌာနများမှာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်းဖြစ်လေသည်။

၁။ သန်လျင် ရေနံချက်စက်ရုံ အလုပ်သမားများ

၂။ ဂျမားစက် အိုင်ဘီစီ ရေနံချက်ရုံ

၃။ သီလဝါစက် ဘီဘီစီစီ ရေနံချက်ရုံ

၄။ ပုသိမ်ညွန့် မီးခြစ်စက်

၅။ ဒလအစိုးရသင်္ဘောကျင်း

၆။ ကမာရွတ် ဒန်အိုးစက်

၇။ ကမာရွတ် ရော်ဘာစက်

၈။ ရန်ကုန် အာရ်အီးတီ ဘတ်စ်ကား ဒရိုင်ဘာသပိတ်

၉။ အလုံ ဧရာဝတီ သံရေကျိုဌာန

၁၀။ မှော်ဘီ အစိုးရ ရက္ခဗေဒဌာန

၁၁။ မစိန်ညွန့်ဆေးလိပ်ခုံ

၁၂။ ရန်ကုန် သပိတ်မှောက်ကျောင်းသားများ

နယ်များမှ

၁။ လယ်သမားတပ်ပေါင်းစု

၂။ မြို့နယ်တိုင်းရှိ မော်တော်ကားသမားများ

၃။ မြင်းခြံဆီစက် အလုပ်သမား

၄။ အာလံမြို့ စတီးစက်အလုပ်သမားများ

၅။ မန္တလေးဈေးချိုတော်ကြီး

၆။ သုံးဆယ် စတီကုမ္ပဏီ

၇။ နယ်သပိတ်မှောက် ကျောင်းသားများ

ရေနံမြေသပိတ်ကလည်း ရောက်ရှိနေ၏။ ကျောင်းသားများကလည်း လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် တစ်တိုင်းပြည်လုံးရှိ ကျောင်းများကို သပိတ်မှောက်ထားကြ၏။ ရေနံမြေသပိတ်နှင့် ကျောင်းသားများသပိတ်ကို ထောက်ခံသောအားဖြင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စက်ရုံများ၊ ဆေးလိပ်ခုံများ၊ ဈေးသည်များ၊ ဘတ်စ်ကားသမားများကပါ မိမိတို့လုပ်ငန်းခွင်များကို သပိတ်မှောက်ထားကြသဖြင့် တစ်စတိုင်းပြည်လုံး သပိတ်သံဖုံးလျက် အုံးအုံး ကြွက်ကြွက်ညံနေလေ၏။ ထိုအချိန်တွင် ၉၁ ဌာန အုပ်ချုပ်ရေးလွှတ်တော်၌ လယ်သီးစားဥပဒေကြမ်း၊ လယ်မြေလွှဲပြောင်းရေးဥပဒေကြမ်းနှင့် တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးနေချိန်ဖြစ်၏။ အဆိုပါ လယ်သီးစားဥပဒေကြမ်းနှင့် လယ်မြေလွှဲပြောင်းပေးရေး ဥပဒေကြမ်းများကို ဥပဒေပြု လွှတ်တော်က အတည်ပြုပေးစေရေးအတွက် တို့ဗမာအစည်းအရုံးကြီးလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော တောင်သူလယ်သမား အစည်းအရုံးကြီးကလည်း ပြင်းပြင်းထန်ထန် ဆန္ဒပြနေချိန်လည်း ဖြစ်လေသည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပဲခူးခရိုင်နှင့် သထုံခရိုင်တို့မှ တောင်သူလယ်သမားပေါင်း နှစ်သောင်း (၂၀,၀၀၀)တို့သည် ဥပဒေပြုလွှတ်တော်ကျင်းပနေသော ရန်ကုန်မြို့သို့ ဆန္ဒပြချီတက်လာကြ၏။ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အဆိုပါလယ်သမားတပ်ကြီးသည် ပဲခူးခရိုင်၊ ဝေါမြို့မှ ထွက်ခွာလာရာ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရေကူးကန်ပွဲအရပ်သို့ ရောက်ရှိ၏။ ထို့နောက် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာပြီးလျှင် ရွှေတိဂုံစေတီရင်ပြင်တော်တစ်ဝှန်းတွင် တပ်စွဲလိုက်ကြ၏။ ပဲခူးခရိုင်မှ လယ်သမားတပ်ကြီး ရောက်ရှိလာပြီး ရက်များမကြာမီ ၁၉၃၉ ခု၊ ဇန်နဝါရီလ ၈ ရက် နေ့တွင် မကွေးမြို့မှ ဆက်လက်ချီတက်လာနေသော ရေနံအလုပ်သမားသပိတ်တပ်ကြီးသည် ရန်ကုန်သို့ ရောက်ရှိလာပြီးလျှင် ရွှေတိဂုံစေတီရင်ပြင်တွင် တပ်စွဲထားလိုက်ပြန်၏။ ရွှေတိဂုံစေတီတည်ရှိရာ သိင်္ဂုတ္တရကုန်းတော်၌ သပိတ်အသီးသီးတို့မှ လွှင့်ထူထားသော ဝါ၊ စိမ်း၊ နီ သုံးရောင်ချယ်အလံတော်ကြီးများမှာ လေထဲတွင် တလူလူ လွင့်ပျံလှုပ်ရှားလျက် ရှိနေလေ၏။ ဇန်နဝါရီလ ၈ ရက် ( ၈-၁-၃၉ ) နေ့တွင် ရွှေတိဂုံဘုရားရင်ပြင်အနောက်တောင်ထောင့်၌ ရေနံသပိတ်တပ်၊ ကျောင်းသားသပိတ်တပ်၊ လယ်သမားတပ်နှင့် စာရေးစာချီ ကုန်သည် မြို့သူ မြို့သားများ ပါဝင်သော သပိတ်ပတ်ပေါင်းစုံလူထုအစည်းအဝေးကြီး ကျင်းပပြီးလျှင် ရေနံအလုပ်သမားများ၏ တောင်းဆိုချက်၊ လယ်သမားများ၏ တောင်းဆိုချက်၊ သပိတ်မှောက် ကျောင်းသားများ၏ တောင်းဆိုချက်များနှင့် ပြည်သူလူထု၏ ၉၁ ဌာန အုပ်ချုပ်ရေးတိုက်ဖျက်ရန် အဆိုများကို တစ်ခဲနက် ထောက်ခံလိုက်ကြ၏။ မြန်မာပြည် အမြို့မြို့အရွာရွာမှလည်း လူထုအစည်းအဝေးပွဲများ ကျင်းပပြီးလျှင် တပ်ပေါင်းစုံ လူထုအစည်းအဝေးကြီး၏ ဆုံးဖြတ်တောင်းဆိုချက်များကို ထောက်ခံကြလေ၏။

ဤသို့ ၁၃၀၀ ခုနှစ် အရေးတော်ပုံကြီး၌

www.burmeseclassic.com



အထွေထွေသပိတ်ကြီးတွင် အလုပ်သမား လယ်သမား ကျောင်းသားများ ပါဝင်လျက် အလွန်ပင် ညီညွတ်တက်ကြွလျက်ရှိကြ၏။ ရန်ကုန်မြို့ရှိ အသင်းအဖွဲ့များကလည်း ရွှေတိဂုံစေတီတွင် တပ်စခန်းချလျက်ရှိသော ရေနံမြေသပိတ်တပ်နှင့် လယ်သမားတပ်တို့အား ထမင်းထုပ်စသော စားဖွယ်သောက်ဖွယ်နှင့် အလှူငွေများကို လှူကြ၏။ ရန်ကုန်မြို့ရှိ စက်ရုံများ၊ အလုပ်ရုံများက ဆန္ဒပြ သပိတ်မှောက်၍ အင်အားပြကြရန် တို့ဗမာအစည်းအရုံး၊ ရဟန်းပျိုအဖွဲ့နှင့် ကျောင်းသားခေါင်းဆောင်များက နှိုးဆော်ဟောပြောကြရာ ထိုသို့သပိတ်မှောက်ရန် နှိုးဆော်သောသူများအား ပုလိပ်က ဖမ်းဆီးခြင်းကြောင့် ကန့်ကွက်ပွဲများ နေ့စဉ်လိုပင် ကျင်းပနေကြရလေ၏။

၁၉၃၉ ခု၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာ ၁၃၀၀ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့၌ တောင်သူလယ်သမားများ၏ တပ်ပေါင်းစုံ ညီလာခံကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ အလုပ်သမား သပိတ်တပ်ပေါင်းစုများ ကျောင်းသား သပိတ်များ ခြံရံ၍ ကျင်းပ၏။ ထိုညီလာခံတွင် တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်မြက သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်၏။ ထိုညီလာခံမှစတင်၍ ဗမာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့လေသည်။ ထိုညီလာခံသို့ တက်ရောက်ကြသော လူထုပရိသတ်မှာလည်း ဝက်ဝက်ကွဲမျှ စည်ကားလှ၏။

အလုပ်သမားသပိတ်များသည် ၁၉၃၅ ခုနှစ်၌ လေးကြိမ်၊ ၁၉၃၆ ခုနှစ်၌ လေးကြိမ်၊ ၁၉၃၇ ခုနှစ်၌လည်း လေးကြိမ် ဖြစ်ပွားခဲ့၍ အလုပ်သမားများအား စည်းရုံးခေါင်းဆောင်မှုကို ပေးသူများမှာ တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်များပင်ဖြစ်၏။

**“သပိတ်စခန်းမှ သပိတ်မှောက်ကျောင်းသားတို့သည် နံနက်စောစော ချမ်းချမ်းစီးစီး အရုဏ်မတက်မီအချိန် ကျောင်းအသီးသီးသို့ လေးဖက်လေးတန်မှ သပိတ်တားရန် ရောက်နှင့်ပြီးဖြစ်ကြ၏။”**

ရန်ကုန်တက္ကသိုလ် သမဂ္ဂခေါင်းဆောင်များ ဖမ်းဆီးခြင်းခံရခြင်းနှင့် ကိုအောင်ကျော် ကျဆုံးရခြင်းတို့ကြောင့် ကျောင်းသားသပိတ်အရေးတော်ပုံ ဖြစ်ပွားလာခဲ့ကြောင်း ဖော်ပြပြီးဖြစ်၏။ ရန်ကုန်သို့ ရေနံမြေအလုပ်သမား၊ လယ်သမားတပ်များ ရောက်လာချိန်နှင့် ကျောင်းသားအရေးတော်ပုံ ဖြစ်ပွားနေချိန်တို့တွင် မန္တလေးမြို့၌လည်း ၁၉၃၉ ခု၊ ဖေဖော်ဝါရီလတွင် ၁။ မန္တလေး ဥပစာကောလိပ်၊ ၂။ ဆရာဖြစ်သင် သိပ္ပံကျောင်း၊ ၃။ နေရှင်နယ် အထက်တန်း ကျောင်း၊ ၄။ ဘီတီအင်ကျောင်း၊ ၅။ ဝက်စလီ၊ ၆။ ပေါက်မြိုင်၊ ၇။ ကယ်လီ စသောကျောင်းများမှ ကျောင်းသားများသည်လည်း တညီတည်း သပိတ်မှောက်၍ ဗဟိုအမျိုးသားကျောင်း သပိတ်စခန်းသို့ ရောက်လျက်ရှိကြ၏။ သပိတ်စခန်းမှ သပိတ်မှောက်ကျောင်းသားတို့သည် နံနက်စောစော ချမ်းချမ်းစီးစီး အရုဏ်မတက်မီအချိန် ကျောင်းအသီးသီးသို့ လေးဖက်လေးတန်မှ သပိတ်တားရန် ရောက်နှင့်ပြီးဖြစ်ကြ၏။ နံနက်စောစော ကျောင်းတက်မည့် ကျောင်းသားများလည်း သပိတ်တားကျောင်းသားတို့ကြောင့် အိမ်သို့ ပြန်သွားကြ၏။

ဉာဏ်ပို၍ ညကကျောင်းထဲသို့ဝင်နေနှင့်သော အစိုးရအလိုတော်ရိတို့၏ သားဖြစ်သူ ကျောင်းသားအနည်းငယ်မှာလည်း နေမြင့်လေ ထမင်းဆာလေ ဖြစ်ကြ၏။ သပိတ်ကို အားမပေးသော အနည်းငယ်သော မိဘတို့မှာ ထမင်းချိုင့်နှင့် ကျောင်းပတ်ပတ်လည်တွင် တလယ်လယ်နှင့် ဝင်ပေါက်ရှာမရ ဖြစ်နေကြ၏။ အချို့ကျောင်းများ၌ သပိတ်တားကျောင်းသူကျောင်းသားများ အပေါ်သို့ ကျော်နင်း၍ဝင်ကျ၏။ အချို့အရာရှိက မော်တော်ကားကို စက်ကုန်နှိုး၍ သပိတ်တားတို့အား တိုက်မည့်ဟန် ခြိမ်းခြောက်၏။ သပိတ်တားကျောင်းသားများကား သည်းခံ၍ ဇွဲနှင့်နေပူကျဲကျဲတွင်ပင် သပိတ်တားလျက်ရှိလေသည်။

ကျောင်းသားထု၏ညီညွတ်ရေးကို ဖြိုခွဲရန် အတွက် အစိုးရသည် ကျောင်းသားသပိတ်ခေါင်းဆောင်များ ဖြစ်ကြသော ၁။ ကိုသာမြတ် (ယခုလယ်ဝန်)၊ ၂။ ကို... (ယခုအရှေ့တိုင်းနို့ဆီ)၊ ၃။ ကိုလှဖေ (ယခု ကပ္ပတိန်) ... ကိုကြည် (ယခု မြန်မာ့လမ်းစဉ်အယ်ဒီတာ)၊ ၅။ ကို... (တံတားဦးပါလီမန်အမတ်)၊ ၆။ ကိုကိုလေး (ယခု...) ၇။ ကိုအောင်ကျော်ဝင်း (ဖဆပလ အတွင်း...)



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင် စသည်တို့အား ၁၉၃၉ ခု၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မြန်မာ ၁၃၀၀ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့တွင် ဖမ်းဆီးလိုက်လေ၏။

သပိတ်မှောက်ကျောင်းသားတုသည် ချက်ချင်း စည်းဝေး၍ ညအချိန်တွင် မန္တလေးမြို့ စီဗီလိုင်းရှိ တိုင်းမင်းကြီးအိမ်သို့ ချီတက်၍ ဝိုင်းဝန်းအော်ဟစ်၍ အရေးဆိုကြ၏။ ထိုဆန္ဒပြသော ကျောင်းသားတို့အား ပစ်သတ်ရန် လမ်းဘေး အုတ်မြောင်းထဲမှ လက်နက်ကိုင် စစ်ပုလိပ်တို့သည် ချောင်း၍နေကြ၏။ အကယ်၍ မဆိုင်သူတစ်ဦးဦးက ခဲပုလင်းဖြင့်ပေါက်ခဲ့သော် လက်နက်နှင့် ချိန်ရွယ်ထားသော နယ်ချဲ့လက်ပါးစေ စစ်ပုလိပ်များမှာ ပစ်သတ်ရန်အခွင့်ရ၍ ကျောင်းသားများ၏ သွေးမြေကျပြီးလျှင် အသက်ပေါင်းအမြောက်အများဆုံးရှုံးရန် အကြောင်းရှိခဲ့၏။ ထိုအခါ သပိတ်မှောက်ကျောင်းသူ ကျောင်းသားတို့အား ခေါင်းဆောင်ခဲ့သူမှာ (အမျိုးသား ကျောင်းသားဟောင်း) ကျောင်းဆရာ ကိုခင်မောင်ကလေး (ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး)ပင် ဖြစ်၏။ နောက်မကြာမီရက်တွင် ဖမ်းထားသော ကျောင်းသား ခေါင်းဆောင်များအား အာဏာပိုင်များက လွှတ်ခဲ့ရ၏။

၁၉၃၉ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ မြန်မာ ၁၃၀၀ ပြည့် တပို့တွဲ လပြည့်ကျော် ၇ ရက်နေ့ နံနက် ၁၂ နာရီအချိန်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရား၌ အစိုးရ၏ ဖိနှိပ်မှုကို မကျေနပ်ခြင်းကြောင့် မြို့လုံးကျွတ် ဆန္ဒပြ လူထုအစည်းအဝေးကြီးတစ်ရပ်ကို ကျင်းပ၏။ အစည်းအဝေးသို့ ရဟန်းပျိုအဖွဲ့ဝင်များ၊ မန္တလေးမြို့တွင် ပညာသင်လျက်ရှိကြသော စာသင်သား သံဃာတော်များ၊ မြို့ ပေါ်ရှိ အသင်းအဖွဲ့များ၊ သပိတ်မှောက် ကျောင်းသူ ကျောင်းသာများပါ မကြွင်း ဘူးအောင် အထူးစည်ကားစွာ တက်ရောက်ကြရာ ပရိသတ်မှာ နှစ်သိန်းကျော် ပင်ရှိသည် ဟု ခန့်မှန်းခဲ့ကြ၏။

ကျင်းပခဲ့သော အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရ ဆန္ဒပြမည့် ရဟန်းရှင်လူတို့အား အဖွဲ့လိုက် အသင်းလိုက် စာရင်းအစီအစဉ်လုပ်၍ သုံးရောင်ခြယ် အလံများ၊ ဒေါင်းအလံများ၊ အသင်းအဖွဲ့အမည် ဆိုင်းဘုတ်စာတမ်းများကို ကိုင်စွဲ၍ အိမ်တော်ရာဘုရားမှ ဆိုင်းတန်းလမ်း၊ ၎င်းမှ အရှေ့နာရီစင်လမ်းသို့ အဆက်မပြတ် ကြွေးကြော်သံများကို ကြွေးကြော်လျက် ချီတက်ကြ၏။ လမ်းဘေး တစ်ဘက်တစ်ချက်စီတွင် ရဟန်းပျိုအဖွဲ့မှ ကိုယ်တော်များကလည်း အလံနီ အလံစိမ်းများကို ကိုင်ဆောင်၍ ရှေ့ဆောင်ချီတက်လာကြ၏။

ဆန္ဒပြ စီတန်းလှည့်လည်လာသော လူထုကြီး၏ တပ်ဦးသည် ၂၆ ဘီလမ်း ကြေးနန်းရုံ တောင်ဘက်သို့ ရောက်သောအခါ အရေးပိုင် မစ္စတာလက်၊ ရာဇဝတ်ဝန် မစ္စတာစီအိပ်ချ်ရိန်း၊ စုံထောက် အင်စပိတ်တော် မစ္စာဒေးဗစ်တို့ ကြီးမှူးသော ဘားမားရိုင်ဖယ်တပ်သည် ကျုံးဘက်မှနေ၍ စီတန်းလှည့်လည်လာသော လူထုကြီးအား သေနတ်နှင့်ပစ်ရန် ချိန်ရွယ်ထားကြ၏။

ထို့နောက် ရာဇဝတ်ဝန်က ‘ရှေ့မတိုးနှင့်’ဟု အော်၏။ ရှေ့ဆုံးမှချီတက်လာသော ရဟန်းပျိုအဖွဲ့မှ ကိုယ်တော်များသည် တွေ့၍ ရပ်လိုက်၏။ အနီးရှိ ကိုယ်တော်တစ်ပါးက ‘ကိုယ်တော်ကြောက်ရင် အလံကိုပေး’ဟု အလံကိုလှယူစဉ်ပင် အသင့်စောင့်နေသော စစ်တပ်က စစ်ခရာနှစ်ကြိမ်မှုတ်၍ သေနတ်နှင့် ဒလစပ်ပစ်ခတ်လေရာ ရဟန်းတော်ခြောက်ပါးမှာ သေနတ်ထိမှန်သဖြင့် ခတ်ရထားလမ်းပေါ်၌ လဲကျသွား၏။

ဒုတိယအကြိမ် ၂၆ ဘီလမ်း၊ အင်ပီရီးရဲဘဏ်တိုက်ရှေ့၌ ချီတက်လာသောလူထုသည် ရပ်၍ကြည့်နေစဉ် စစ်တပ်မှ သေနတ်များဖြင့် တစ်ဖန် ပစ်ပြန်သဖြင့် လေးယောက် လဲကျသွား၏။

တတိယအကြိမ် ရိုးကုမ္ပဏီတိုက်နားတွင် စစ်တပ်မှ ထပ်မံ၍ သေနတ်များဖြင့် တစ်ဖန် ပစ်ပြန်သဖြင့် ဒဏ်ရာရသူရနှင့် လဲကျသွားသူများလည်း မနည်းပါးလှပေ။ အရေးပိုင်နှင့် ရာဇဝတ်ဝန်တို့သည် သေနတ်နှင့် ပစ်ခတ်စေပြီးနောက် ဒဏ်ရာရနေသည့် နီးရာကိုယ်တော် ခုနစ်ပါးနှင့် လူကိုးယောက်ကို ဖမ်းဆီးလိုက်ပြန်၏။

လက်နက်မပါ ဆန္ဒပြရန် လှည့်လည်သော ရဟန်းရှင်လူတို့ပါဝင်သည့် ပရိသတ်ကြီးအား ရက်စက်စွာ ပစ်ခတ်ခြင်းကြောင့် မရှုမလှ ကျဆုံးကြရသော စာရင်းမှာ ရဟန်းတော်ခုနစ်ပါး၊ ကျောင်းသားသုံးယောက်နှင့် အရပ်သားခုနစ်ဦး စုစုပေါင်း ၁၇ ဦး ကျဆုံးပြီးလျှင် အများအပြား ဒဏ်ရာရရှိခဲ့၏။ ကိုမောင်သန့် (သံရုံး ဦးဇော်ဝင်း)မှာ ခြေထောက်သို့ ကျည်တစ်တောင့် ကျောက်လမ်းကို ထောက်၍မှန်၏။ ရန်ကုန်မှလာသော ကိုလှမောင် (ဗိုလ်ဇေယျ)မှာ ပေါင်တွင် ကျည်သင့်၏။

ကျဆုံးသော ပုဂ္ဂိုလ်များမှာ ၁။ ကုသိနာရုံတိုက် ဦးပဏ္ဍိတ၊ ၂။ ငွေးချို တိုက် ဦးပညာဇောတ၊ ၃။ အမရပူရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးမောင်းတိုက် ဦးဝေပုလ္လ၊ ၄။ စကုတိုက် ဦးဇနိတ၊ ၅။ ငွေတောင်တိုက် ဦးအာလောက၊ ၆။ ခင်မကန်တိုက် ဦးကေလာသ၊ ၇။ ဆင်တဲတိုက် ဦးကေတုဟူ၍ ရဟန်းတော်ခုနစ်ပါး ကျဆုံး၏။

ကျောင်းသားများမှာ ၁။ ဝက်စလီကျောင်း ဗိုလ်ဘငွေး၊ ၂။ ဦးနိုဗ္ဗိန္ဒကျောင်း ဗိုလ်လှမောင်၊ ၃။ ဗဟို အမျိုးသားကျောင်းမှ ၁၂ နှစ်အရွယ် ဦးစွန်းဖုတ်ယောင်ထုံးကလေးနှင့် ဗိုလ်တင်အောင်တို့သုံးဦး ကျဆုံး၏။

အရပ်သားများထဲမှ ၁။ ခုံတော်ဝင်းဗိုလ်မူ၊ ၂။ ဆိုင်းတန်းဗိုလ်ထွန်း အောင်၊ ၃။ ဒက္ခိဏဝန် ဗိုလ်အောင်ထူး၊ ၄။ ဥယျာဉ်တန်း ဗိုလ်ခင်မောင်၊ ၅။ မရမ်းခြံ ဗိုလ်ထွန်းအိ၊ ၆။ သရက်တပင် ဗိုလ်ဗလွန်း၊ ၇။ တရုတ်တန်း ဗိုလ်ခင်မောင်(ခေါ်) ရွှေရိုးတို့ ခုနစ်ဦး ကျဆုံး၏။

ထူးခြားချက်မှာ ရှေ့ဆုံးမှ ကိုယ်တော်များသည် သေနတ်ဒဏ်ဖြင့် လဲကျပုံလွန်သွားတော်မူကြသော်လည်း ကိုင်စွဲထားသော အလံကား မြေကြီးပေါ်သို့ မလဲကျချေ။ ငါတို့သည် အသက်နှင့်လဲ၍ လွတ်လပ်ရေးအလံကို လွှင့်ထူအံ့ဟူသော အဓိဋ္ဌာန်ပြုခဲ့လေရော့သလားမသိ။ သုံးရောင်ချယ် အလံတော်ကြီးမှာ လေထဲတွင် တလူလူ လွင့်မြလွင့်နေသည်ကို တွေ့မြင်ကြရလေ၏။

နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ဖြင့် မရှုမလှ ကျဆုံးကြရရှာသော ရဟန်းတော်ခုနစ်ပါး၊ ကျောင်းသား သုံးယောက်နှင့် အရပ်သား ခုနစ်ဦးတို့၏ အလောင်းများကို အမျိုးသားကျောင်းဝင်း၌ ပထမစုရုန်းထား၏။ ထို့နောက် အများသဘောတူချက်အရ အိမ်တော်ရာ ၁၄ ခန်း၊ ဇရပ်ကြီးသို့ ပြည်သူ့ရျာပနအဖြစ် ရွှေ့ရုပ်ကလပ်များအား မြို့သူ မြို့သားများနှင့် ရဟန်းတော် သံဃာတော်များပါ လူထုမစဲ အမြဲလာရောက်၍ အရိုအသေပြုကြ၏။ 'လုပ်ရက်ပလေ'ဟု ထောက်ခေါက် ညည်းသံနှင့် ငိုသံရှိုက်သံတို့မှာလည်း သဲသဲရတ်ရတ် သည်းအူပြုတ်မျှ ရှိကြ၏။ ဆေးရုံ၌ ဒဏ်ရာရ၍ အတွင်းလူနာအဖြစ် ကုသနေကြသော ရဟန်းတော်များ၊ ကျောင်းသားများ၊ အရပ်သားများမှာလည်း မိမိတို့ဝေဒနာကို အံကြိတ်၍ ခံစားလျက်ရှိ၏။

အာဇာနည်ပုဂ္ဂိုလ် ၁၇ ဦးတို့၏ ရျာပနနေ့၌ကား ပရိသတ်ထုကြီး မှာ မကြုံဘူးအောင် အထူးစည်ကားလှ၏။ ပြည်သူလူထု အစည်းအဝေးကြီးက ကျဆုံးသောအာဇာနည်ပုဂ္ဂိုလ်တို့အား 'နေမျိုးမဟာ သီဟသူရ'ဘွဲ့ထူးများပေးကာ ချီးကျူးကြ၏။ အနက်ရောင် နှစ်ဘီးတပ်ယာဉ်များပေါ်တွင် ရုပ်ကလာပ် သွင်းထားသော ခေါင်းများကိုတင်၍ အနီရောင်သူရဲကြီး အလံကြီးများကို လွှမ်းထား၏။ သူငွေးကုန်းခေါ် အာဇာနည်ကုန်းသို့ ရဟန်းရှင်လူ နှစ်သိန်းခန့်ရှိ ပရိသတ်ထုကြီးမှာ တရွေ့ရွေ့ ငြိမ်သက်စွာ အာဇာနည်တို့၏ ရျာပနကို ပို့ဆောင်ကြ၏။ အာဇာနည်ကုန်းသို့ ရောက်သောအခါ အာဇာနည်ပုဂ္ဂိုလ်များအား ချီးကျူးပြောကြား၍ လူထုကြီးသည် လွတ်လပ်ရေးကို မရရအောင်ယူကြမည်ဟူသော အဓိဋ္ဌာန်ကို တစ်ခဲနက် စိတ်အားထက်သန်စွာပြုကြလျက် ရျာပနကိစ္စကို ဆောင်ရွက်ခဲ့ကြလေသည်။

မန္တလေးမြို့တွင် စီတန်း လှည့်လည်သော လက်နက်မဲ့ ရဟန်းရှင်လူတို့အား အာဏာပိုင်များက ရက်စက်စွာ ပစ်သတ်ခဲ့သောသတင်းသည် နိုင်ငံတွင်းသို့ တမုဟုတ်ချင်း ပျံ့နှံ့သွားခဲ့လေ၏။ ထို့ကြောင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီရင်ပြင်တွင် ၁၉၃၉ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်၊ စနေနေ့ည၌ တို့ဗမာအစည်းအရုံးဝင် သခင်သခင်မများတို့သည့် တိတ်တဆိတ် စည်းဝေးကြလေသည်။ ညွန့်ပေါင်းအစိုးရ၏ ပြုမူချက်ကို ကန့်ကွက်သောအနေအားဖြင့် မနက်ဖြန် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၌ စီတန်းလှည့်လည်၍ လူထုကန့်ကွက်ပွဲကြီးကို ကျင်းပမည်။ ထိုသို့ စီတန်းလှည့်လည်လျှင် အာဏာပိုင်တို့သည် မန္တလေးမြို့မှာ ကဲ့သို့ပင် ရက်စက်စွာ ပစ်သတ်လိမ့်မည်ထင်သည်။ သို့ဖြစ်၍ တပ်ဦးမှ အသေခံဗိုလ်များ အလိုရှိသည်ဟု ကြေညာသောအခါ ရှေ့ဆုံးမှ အသေခံ အလံကိုင် ဗိုလ်သုံးဦး ထွက်ပေါ်လာ၏။ ထိုအသေခံ အလံကိုင်ဗိုလ်သုံးဦးမှာ- ၁။ သခင် မြသိန်း၊ ၂။ သခင်ဗဟန်၊ ၃။ သခင်မြကျော်တို့ဖြစ်၏။

ထိုအသေခံ တပ်ဦးဗိုလ်သုံးဦးနောက်မှ ၇ ထောင်စံ သခင်လှမောင်နှင့် သခင်ထွန်းရွှေတို့က တစ်ဗိုလ်ကျ တဗိုလ်တက်ရန် အသေခံဗိုလ်များအဖြစ်ဖြင့် ထွက်ပေါ်လာပြန်၏။ ထို့နောက် မျိုးချစ်လူငယ်များသည် သူ့ထက်ငါ အလုအယက် စာရင်းပေးသွင်းကြသဖြင့် အသေခံဗိုလ် ၃၂ ဦး ပေါ်ထွက်လာ၍ တော်လောက်ပြီဟု တားထားရ၏။ ညတွင်းချင်းပင် အသေခံဗိုလ်များအတွက် ရာနီ ဘောင်းဘီနှင့် ရှပ်အင်္ကျီတို့ကို ချုပ်စေ၏။

တနင်္ဂနွေနေ့နံနက် ၇ နာရီသို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ အသေခံ ဗိုလ် ၃၂ ဦးတို့အား ရှာနိဝတ်စုံညီတူဖြင့် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်စေ၍ ရဲရဲတောက် အာဇာနည်ဗိုလ်များ၏ ရုပ်သံများကျန်ရစ်စေရန် ဓာတ်ပုံများကို ရိုက်ယူထား၏။

လူထုအစည်းအဝေးပွဲကြီးကို ၁၉၃၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ မြန်မာ ၁၃၀၀ ခု တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ နံနက် ၇ နာရီတွင် စည်းဝေး၍ သုံးရောင်ချယ်အလံကြီးကို လွှင့်ထူကာ အသေသံဗိုလ် ၃၂ ဦးက ရှေ့ ဆောင်၍ တရားစင်ရှေ့မှ ချီတက်သွားစဉ်တွင် တစ်သိန်းမကသော ပရိသတ်ထုကြီးက ကောင်းချီးပေးကြ၏။ ကျန်ပရိသတ်တို့ကလည်း သေချင်သေပစေ ငါတို့ကိုးကွယ်ရာ ရဟန်းတော်များနှင့် အမျိုးသားများကို နယ်ချဲ့လက်ပါးစေ ညွန့်ပေါင်းအစိုးရက မန္တလေးမှာ မတရားသတ်သည်ကို ကန့်ကွက်ဆန္ဒပြအံ့ ဟူ၍ ပရိသတ်ကြီးလည်း နောက်မှလိုက်၍ ‘လူသတ်အစိုးရ အလိုမရှိ’ဟု ကြွေးကြော်ကြကာ စည်ကားစွာ ဆန္ဒပြခဲ့ကြရာ သေနေ့မစေ့သေးသော ထိုလူအုပ်ကြီးမှာ စစ်ပုလိပ်သေနတ်ဘေးမှ ကင်းဝေးခဲ့၍ ရွှေတိဂုံအောင်မြေဌာနသို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြပေသည်။

ဤကဲ့သို့ နယ်များတွင်လည်း ကန့်ကွက်ဆန္ဒပြကြရာ အာလံမြို့တွင် နယ်ချဲ့လက်ပါးစေများက သေနတ်ဖြင့်ပစ်သတ်၍ ဗိုလ်ဗဖိုး ကျဆုံးခဲ့ရ၏။ ဗိုလ်ဗဖိုး၏ ဈာပနကို စည်ကားစွာ ဂုဏ်ပြုသဂြိုဟ်ခဲ့ရပေသည်။

ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်း၌ ၁၃၀၀ ခုနှစ် အရေးတော်ပုံကြီးသည် မကြုံဘူးအောင် အထူးညီညွတ်ခဲ့သော အရေးတော်ပုံတစ်ခုဖြစ်ခဲ့၏။ ၉၁ ဌာန အုပ်ချုပ်ရေးစည်းမျဉ်းအရ ဖွဲ့ထားသော ဒေါက်တာဘမော်ခေါင်းဆောင်သည့် ညွန့်ပေါင်းအစိုးရ၏ အခြေအနေမှာလည်း နိုင်ငံခြားသားအင်္ဂလိပ်နှင့် ကုလားမဲများက ထောက်ခံနေခြင်းကြောင့်သာလျှင် အစိုးရအဖြစ် တည်မြဲနေခဲ့ခြင်းဖြစ်၏။ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရအဖွဲ့က သဿမေဓနှင့် လူခွန်ကိုဖြုတ်၍ နိုင်ငံခြားမှလာသော အရက်စသော ကုန်စည်တို့အား အကောက်ခွန်တိုးခြင်း၊ ရေနံ၊ ဓာတ်ဆီတို့ကို အကောက်ခွန်တိုးခြင်းများကို စီမံသည့်အတွက်လည်း အတွင်းရေးအားဖြင့် အင်္ဂလိပ်ကုန်သည်ကြီးများ၏ ကိုယ်စားလှယ်အမတ်များက ညွန့်ပေါင်းအစိုးရအား မကျေမနပ်ဖြစ်နေကြချိန်လည်း ဖြစ်ခဲ့၏။ တဖန် အတိုက်အခံ နိုင်ငံရေးအဖွဲ့များဖြစ်သော ကိုယ့်မင်းကိုယ်ချင်း အမတ်အဖွဲ့၊ ဂဠုန်ဦးစောကြီးမှူးသော မျိုးချစ်အမတ်အဖွဲ့နှင့် ဖေဘီယံအမတ်တို့ကလည်း ၁၉၃၈ ခုနှစ်၊ ဩဂုတ်လကပင် လက်ရှိအစိုးရကို ဖြုတ်ချရန် သဘောတူညီချက် ပြုလုပ်ထားခဲ့ပြီးလည်း ဖြစ်ခဲ့၏။ တဖန် တက္ကသိုလ်သပိတ် ကျောင်းသားများကလည်း ဗိုလ်အောင်ကျော်သေရခြင်းအတွက် အထူးမကျေနပ်၍ တစ်တိုင်းပြည်လုံးရှိ မြို့တိုင်း၊ နယ်တိုင်းတွင် ‘ဘမော် ဘဦးတို့က ရှုပ် သနော်’ဟူသော သီချင်းများကို အော်၍ သီခြင်း၊ ‘ဘမော် . . . ဘမော် . . . အို့ . . . အို့ . . .’ ‘မီးတုတ် . . . မီးတုတ် . . .၊ ရှို့ . . . ရှို့ . . .’ ဟု ဆန္ဒပြရင်း ကြွေးကြော်နေကြလေရာ ညွန့်ပေါင်းအစိုးရအား မကျေနပ်သံတို့မှာ တစ်ပြည်လုံး အုံးအုံးကြွက်ကြွက် ဆူညံလျက် ရှိနေလေ၏။

ထိုအချိန်တွင် ၉၁ ဌာန အောက်လွှတ်တော် အစည်းအဝေးလည်း ကျင်းပလျက်ရှိ၏။ ၁၉၃၉ ခု၊ ဖေဖော်ဝါရီလတွင် ကျင်းပသော ဘတ်ဂျက်စာရင်း တင်သွင်းစဉ်းစားမည့် အောက်လွှတ်တော်ဥပဒေပြုအမတ်

“တက္ကသိုလ်သပိတ် ကျောင်းသားများကလည်း ဗိုလ်အောင် ကျော်သေရခြင်းအတွက် အထူးမကျေနပ်၍ တစ်တိုင်း ပြည်လုံးရှိ မြို့တိုင်း၊ နယ်တိုင်းတွင် ‘ဘမော် ဘဦးတို့က ရှုပ် သနော်’ဟူသော သီချင်းများကို အော်၍ သီခြင်း၊ ‘ဘမော် ... ဘမော်... အို့... အို့...’ ‘မီးတုတ် ... မီးတုတ် ...၊ ရှို့... ရှို့...’ ဟု ဆန္ဒပြရင်း ကြွေးကြော်နေကြလေရာ ညွန့်ပေါင်းအစိုးရအား မကျေနပ်သံတို့မှာ တစ်ပြည်လုံး အုံးအုံးကြွက်ကြွက် ဆူညံလျက် ရှိနေလေ၏။”

www.burmeseclassic.com



များ အစည်းအဝေးတွင် ဒေါက်တာဘမော်ကြီးမှူးသော ညွန့်ပေါင်းအစိုးရအဖွဲ့အား အယုံအကြည် မရှိဟူသော အဆိုကို မဲခွဲဆုံးဖြတ်မည့်နေ့၌ နိုင်ငံရေးရပ်ကွက်များတွင် တောထုတ်သည်ဟူ၍ သံပုံးကို တီးသူက တီးကြ၏။ အချို့က အသုဘခေါင်းအနက်ကြီးများကိုလုပ်၍ ဒေါက်တာဘမော်အား မသာချကြ၏။ ထိုနေ့၌ပင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရသည် အတိုက်အခံအဖွဲ့၏ ဆန္ဒမဲဖြင့် ဖြုတ်ချခြင်းကို ခံလိုက်ရလေ၏။ ဒေါက်တာဘမော်ကြီးမှူးသော ညွန့်ပေါင်းအစိုးရ ပြုတ်ကျသောအခါ ဘုရင်ခံဆာအာခီဘော်ကော့ကရိန်းက အတိုက်အခံခေါင်းဆောင် ဝတ်လုံဦးပုအား အစိုးအရအဖွဲ့ ဖွဲ့စည်းစေ၏။ အစိုးရအဖွဲ့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ အတိုက်အခံခေါင်းဆောင် ဝတ်လုံဦးပု၊ ဝန်ကြီးချုပ်နှင့် ပြည်ထဲ ရေးဌာန (ငါးပွင့်ဆိုင်)

၂။ ပညာရေးဝန်ကြီး စောဘိုးချစ် (ကရင်အဖွဲ့)

၃။ သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဂဠုန်ဦးစော (မျိုးချစ်အဖွဲ့)

၄။ ဘဏ္ဍာရေးဝန်ကြီး ဦးထွန်းအောင်ကျော် (ရခိုင်အဖွဲ့)

၅။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးထွန်း (ငါးပွင့်ဆိုင်) (နောင်သောအခါ ဦးဘသန်း)

၆။ အခွန်တော်ဝန်ကြီး ဦးပေါ်ထွန်း (ဦးချစ်လှိုင်အဖွဲ့)တို့ ပါဝင်သော ဦးပုအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့၏။

၇။ တရားရေးရာဝန်ကြီး ဦးအေး (၁၉၄၀)

၈။ ပြည်ထဲရေးဌာနဝန်ကြီး ဦးဘဘေ (၁၉၄၀ ဇန်နဝါရီလတွင် ဦးပုနှင့် မတည့်သဖြင့် ဦးဘဘေ နုတ်ထွက်သွားရသည်။)

ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရအဖွဲ့ ပြုတ်ကျသွားသောအခါ ဝတ်လုံတော်ရ ဦးပုခေါင်းဆောင်သည့် အစိုးရအဖွဲ့ တက်လာခဲ့၏။ အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်သော်လည်း တိုင်းသူပြည်သားများအပေါ် ဖိနှိပ်ရက်စက်မှု များမှာ ယခင်အစိုးရထက်ပင် များပြား ပြင်းထန်လာသေး၏။ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ ကျင်းပသော ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင် မြင်းခြံအနောက်ပိုင်း အမတ်ဦးသီက 'ယခုတော့ နောက်ဝင်လာတဲ့ (မောင်ပု)လည်း ဒေါက်တာဘမော်ထက် ကဲနေပြီ . . .'ဟု ညည်းတွားပြောဆိုခဲ့လေ၏။

၁၉၃၅ ခုနှစ် အုပ်ချုပ်ရေးအက်ဥပဒေအရ ဖြစ်ပေါ်လာရသော ၉၁ ဌာန အုပ်ချုပ်ရေးသည် အနှစ်မပါ အကာသက်သက်မျှဖြစ်ကြောင်း ယခင်က ဖော်ပြခဲ့ပြီးဖြစ်၏။ အရေးကြီးသော ဌာနကြီးများကို ဘုရင်ခံက တိုက်ရိုက်ကြိုး ကိုင်ထားခြင်းဖြင့် ရာထူးလက်ခံထားသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများတွင် ထိထိ ရောက်ရောက် အာဏာအခွင့်အရေး မရှိကြချေ။ ဤအထဲတွင် ဦးပုအစိုးရအဖွဲ့သည် ဥရောပတိုက်သား အင်္ဂလိပ်ကုန်သည်ကြီးများနှင့် အိန္ဒိယအမျိုးသား ကိုယ်စားလှယ်အမတ်များတို့၏မဲကို အကူအညီယူ၍ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းရခြင်းဖြစ်လေရာ အင်္ဂလိပ်နှင့် ကုလားတို့၏ အကျိုးအခွင့်တို့ကို ကာကွယ်ပေးနေရလေ၏။ ညွန့်ပေါင်းအစိုးရလက်ထက်က ဖြစ်ပွားခဲ့သော ရေနံအလုပ်သမားသပိတ်၊ ကျောင်းသားများသပိတ်နှင့် လယ်သမားများ၏ ပြဿနာများကိုလည်း ဖြေရှင်းမပေးနိုင်ခဲ့ချေ။ အဆိုပါပြဿနာများကို ဖြေရှင်းမပေးနိုင်သည့်အပြင် မိမိတို့အခွင့်အရေးကို ခုခံကာကွယ်ကြသည့် ကျောင်းသား၊ အလုပ်သမား၊ လယ်သမားများအား ပိုမိုဖိနှိပ်ခြင်း၊ သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဖမ်းခြင်းများကိုပင် ဆက်လက်ပြုလုပ်လာခဲ့၏။ အထက်က ဖော်ပြခဲ့သော ဥပဒေပြုလွှတ်တော်အစည်းအဝေး၌ ပခုက္ကူအမတ် သခင်အုံးကြီး၏ ပြောဆိုချက်အရ ဦးပုအစိုးရ လက်ထက်တွင် နိုင်ငံရေးကြောင့် လူပေါင်းတစ်ထောင်ခန့် အဖမ်းအဆီးခံနေကြရကြောင်း သိရသည်။ မြင်းခြံအမတ်ဦးသီက 'ဆာဂျေအေ မောင်ကြီး ခေတ္တဘုရင်ခံဖြစ်စဉ်က စစ်ပုလိပ်များအသုံးပြုပြီး အခွန်တော်တောင်းခြင်းကြောင့် သူပုန်ထခဲ့တယ်။ အခုလည်း ခင်ဗျားတို့အစိုးရက သူပုန်အကြီးအကျယ်ထအောင် လုပ်နေတာလား'ဟု မေးမြန်းရသည်အထိ ဖိနှိပ်မှုများ ပြင်းထန်လာခဲ့လေ၏။။

× × × × ×

www.burmeseclassic.com

ခပ်လှမ်းလှမ်း ဘေးပတ်ဝန်းကျင်၌ကားခေတ်မီးတို့သည် တထိန်ထိန်ဝင်းနေလေသည်။ ကုလီရွာကလေးတွင် ကားသူကြီးအိမ်နှင့် လခ၇၀ကျပ်စား လက်သမား ဆရာတို့အိမ်မှတစ်ပါးအားလုံး မှောင်နေလေ၏။

ကောင်းကင်တွင်ကား ပြန့်ကျဲနေသောတိမ်တိုက် များကြားမှ ကြယ်တာရာတစ်ချို့သည် မနိုင့်တနိုင်မျက်နှာ ပြုနေကြလေ၏။

ထိုအချိန်တွင်

'ဘုန်းတော်ကြီးသော ဘုရင်၊ သက်တော်ရှည်စေအောင် ဘုရားကယ်မပါ။ အောင်ပွဲရွှင်ရွှင်ခံလျှက်၊ ဘုန်း တော် သမ္ဘာတိုးတက်စိုးစံပါစေ။ ဆက်ဆက်မတော်မူပါ' ဟူသော သီချင်းသံသည် အမှောင်ထုတွင် နှစ်နေသော ကူလီတန်းလျား တစ်ခုဆီမှ ချွဲချွဲငင်ငင် ထွက်ပေါ်လာလေ၏။

'ဟဲ့ကျော်ရင်. . . နင့်သီချင်းသံကကောင်းတော့ ကောင်းရဲ့၊တို့နားမလည်ဘူး၊ ဘာတဲ့တုံး'ဟုကိုလူတုတ်က အသက်ကိုးနှစ်အရွယ်ရှိ သားလေးကျော်ရင်အား မေးလိုက်လေ၏။ ကျော်ရင်သည် ပက်လက်လှန်အိပ်လျှက် ပျဉ်ထောင်တွင် ခြေကိုကျားကန်ထားရင်းဘီအိုစီကျောင်း မှ သင်ပေးသမျှကို ရွတ်ဖတ်နေလေသည်။

'မင်းဆိုတဲ့ သီချင်းက ဘာတဲ့တုန်းကွ'

'ဟာ အဖေကလည်း သီချင်းမဟုတ်ဘူး၊ ဘုရား ရှိခိုးဗျ။ ဆရာကသင်ပေးတာ'ဟု မျက်ခွက်ကို မမြင်ရ သော သူ့အဖေအား မျက်စောင်းထိုး၍ ကြည့်ကာ ဖြေလိုက်၏။

'ကြားကြားဖူးရကွာ၊ဘုရာရှိခိုးကလဲ၊ အဓိပ္ပာယ် ပြောစမ်းဦးကွာ။ ဟာ ကိုက်လိုက်တဲ့ ကြမ်းပိုးကလည်း လွန်ရော' ဟုပြောပြီးကိုလူတုတ်သည် အိပ်ရာမှထထိုင် လေ၏။ မယားမဆင့်က မီးခြစ်ပေးပြီး ကြမ်း ပိုးရှာကြလေ၏။




www.burmeseclassic.com

www.burmeseclassic.com



'မပြောတတ်ဘူး၊ ကျွန်တော်တို့ဘုရင်ကြီး ဘုန်းတော်ကြီးပါစေတဲ့၊ ကျွန်တော်တို့ဘုရင်ကြီး ရေတွေမြေတွေအများကြီးတိုးပါစေတဲ့။ ဘုရားသခင်ကို ရှိခိုးပြီး တောင်းရတာ အဖေရ' ဟု ကျော်ရင်သည် ပြောပြီးဆယ်နှစ်နှစ်အရွယ်ခန့်ရှိသော အစ်မကလေးမြညွန့်ကို လက်သီး နှင့်လှမ်းထုလိုက်ပြန် ၏။

'ဟာကွာ ငါအိပ်တော့မယ်ကွ။ နင်သိပ်ကျယ်တာပဲ'

'ကျယ်တယ်၊ ကျယ်တယ်' ဟု ကျော်ရင်က ပြောပြီး လက်သီးနှင့် မြညွန့်ကို ဆင့်ကဲဆင့်ကဲ ထုပြန်လေ၏။

'ဟဲ့ ငကျော်၊ ဖိနပ်စာ ဖြစ်ချင်လား။ အိပ်ပစေ' ဟု မဆင့်ကဟန့်လိုက်ရ၏။

'မင်းတို့ ပြောတာထဲမှာ ကျွန်တော်တို့ ဘုရင်ဆိုတာ ဘယ်သူလဲကွ။ တို့မှာ ဘုရင်မရှိဘူး ငကျော်ရ။ တို့ဘုရင်က ပါ သွားတာ ကြာပြီ'

'အဖေကလည်း အလွဲချည်းဗျာ။ ဟို. . ဟို အဝေးကြီးကဘိလပ်က ဆိုလားဘဲဗျာ။ အဲ့ဒီမှာ နေတယ်တဲ့'

'နင် ဘယ်သူက သင်သလဲ'

'ဆရာက'

'မှားတယ်'

'မမှားဘူး'

'ဝီခေါ်နေအောင် မှားတယ်။ စာအုပ်တစ်အုပ်ငါ့မှာရှိတယ်။ နင်ဖတ်ကြည့်၊ ကဲ ဒါထားပါဦး၊ နင် ဘုရားရှိခိုးများကော ရှိခိုးသံမကြားဘူးပါဘဲလား'

ဝယ်လို့မဖြစ်ဘူး၊
အကြွေးလည်း ပေးရဦးမယ်။
ဆန်လည်းဝယ်ရဦးမယ်။
မြညွန့်ဖို့ အကျႌလေးလည်းဝယ်ရဦးမယ်။
ရှင်ရမယ့် နေ့တွက်တွေတောင်
လောက်မှာ မဟုတ်ဘူး

'ခုနင်ကဟာ ဘုရားရှိခိုးပဲ အဖေရ'

'ဒါက သီချင်းတွေကွ။ ဩကာသတို့၊ ဣတိပိသော တို့ မရဘူးလား'

'မရဘူး' ပြောပြီး နံရံကိုခြေဖြင့်ပေါက်လိုက်၏။

'မရရင် ကျက်ရမယ်။ ဘုရားရှိခိုးရမှ လူနဲ့တူတာ' ဟု ပြောပြီး ကိုလူတုတ်သည် သား၏နဖူးတွင် လက်ဖဝါးအုပ်ပြီး အထက်ဟို့သပ်ပေး၏။

'မယ်ဆင့်ရေ မီထွန်းစမ်းကွာ'

'ရေနံ မရှိတော့ဘူးတော့' ဟု မဆင့်က ညည်းလိုက်၏။

'အစ်မရာ ရေနံတွေ ပြည့်နေတာပဲ'

'ဝယ်မှရတယ်တော့။ အလကား မရဘူး။ ကဲကဲ အိပ်ကြတော့လေ။ မရှိဘူး' ဟုပြောပြီး မဆင့်သည် တစ်ဖက်သို့ စောင်းကာမျက်စိကို ဇွတ်မှိတ်လိုက်လေ၏။

'အရင်တုန်းကတော့ ရေနံအလကားရတယ်။ ခုတော့ မရဘူး၊ကဲလေ၊ ငွေရှင်းတဲ့နေ့တော့ဝယ်တာပေါ့'

'ဝယ်လို့မဖြစ်ဘူး၊ အကြွေးလည်း ပေးရဦးမယ်။ ဆန်လည်းဝယ်ရဦးမယ်။ မြညွန့်ဖို့ အကျႌလေးလည်းဝယ်ရဦးမယ်။ ရှင်ရမယ့် နေ့တွက်တွေတောင် လောက်မှာမဟုတ်ဘူး'

မဆင့်က စီကာပတ်ကုံး ကန့်ကွက်လျှင် ကိုလူတုတ်မှာ သက်ပြင်းကြီးသာ ချနေရလေ၏။

ကျော်ရင်သည် သူ့အဖေပြောပုံနှင့် ဆရာသင်ပုံမှာ တောင်နှင့်မြောက်လို ဖီလာကန့်လန့်ကျပုံကို တွေးမိလေ၏။

'အဖေ လိမ်ပြောတာလား'

'မလိမ်ပါဘူးဟ၊ တို့မြန်မာဘုရင်ဟာမရှိဘူး၊ မင်း ရှိခိုးတာတို့ဘုရားရှိခိုး မဟုတ်ဘူး၊ မင်းအမှန်တွေကို ငါဖတ်ခိုင်းမယ်'

'ရေနံမရှိတာ ခတ်တာပဲ အဖေရာ'

သူတို့နေသော တန်းလျားတွင် အိမ်ထောင်စုငါးဦး နေရရာသူတို့တောင်ဘက်က ကပ်လျက်ရှိသော အခန်းတွင် ညားခါစလင်မယား တစ်စုံနေကြလေသည်။ သူတို့သည် ညားခါစ ရယ်ကာမောကာဖြင့် ပျော်ပျော်ပါးပါးမနေရဲရှာကြ။ တစ်ဖက်ခန်းက ကြားမည်ကိုရှက်နေကြလေသည်။ 'ဟိုဘက်က ကြားကုန်မယ်တိုးတိုးပြောပါ' ဟု မယားဖြစ်သူက တောင်းပန်ရှာလေ၏။

'ရေနံရအောင် ကြံမယ်ကွာ။ ငါ့သားကသာ



www.burmeseclassic.com

www.burmeseclassic.com



မပျင်းနဲ့၊ စာဖတ်' ဟု ကိုလူတုတ် ပြောသံမှာ တောင်ဘက်အခန်း တွင် ပဲ့တင်ထပ်၍ လာလေ၏။

'ကဲ အိပ်ကြစို့ကွာ' ဟု လင်ဖြစ်သူက ပြောလေရာ 'နေပါဦး၊ ဟိုဘက်အခန်းက မအိပ်ကြသေးဘူး' ဟု မယား၏ အဖြေကိုကြားလိုက်လေရာ လင်တော်မောင်မှာ ဟီးခနဲသက်ပြင်းကြီးချပြီး စိတ်အရှုပ်ကြီးရှုပ်သွားလေ၏။

'ဗျို့ ကိုလူတုတ်'

'ဘာတုန်းဟေ့'

'ဘယ်အချိန်လောက်ရှိပလဲ၊ တော်တော် ညဉ့်နက်ပြီထင်တယ်နော်'

'အေး' ဟုကိုလူတုတ်က အလိုက်တသိဖြေပြီး တိတ် တိတ်နေလိုက်လေသည်။

ကိုလူတုတ်ကား အိပ်၍မပျော်။ သူ့သားငယ်အကြောင်းကိုသာတွေးမိလေ၏။ "ငါ့သားဟာ မဟုတ်တာတွေကိုသာ တတ်နေတယ်၊ ဒီအရွယ်ရောက်တောင်ဘုရားရှိခိုးမှ မတတ်ဘူး၊ စာဖတ်တာတော့ကောင်းပါရဲ့။ မမှန်တာမကောင်းတာကို ဖတ်နေရတာခတ်လှတယ်" ဟု တွေးပြီးလက် နှစ်ဖတ်ကိုခေါင်းရင်းသို့ ဆန့်လိုက်လေ၏။ ဆိတ်ငြိမ်နေသော ရွာကလေးကိုဖောက်ထွင်း၍ စက်မောင်းသံများသည် ဟိန်း၍ဟိန်း၍ ထွက်ပေါ်နေလေ၏။ ငါ့သား စာဖတ်ဖို့ ရေနံဆီမဝယ်နိုင်ဘူး၊ ငါတို့ကလည်း ကံဆိုးတာကိုး။ ငါ အလုပ်လည်း ဒီလောက်လုပ်ရဲ့သားနဲ့ ကြွေးဘယ်တော့မှလည်းမပြေဘူး၊ ဒီဝဋ်ကြွေး ဘယ်တော့လောက်ကျွတ်ပါ့မလဲနော်"ဟု တစ်ကိုယ်ကြား ညည်းညူနေဆဲ တောင်ဘက်ခန်းမှ ခစ်ခနဲ ရယ်သံသည် အိမ်မြှောင်စုပ်သတ်သံလို ကျယ်လောင်စွာပေါ်လာသဖြင့် ကိုလူတုတ်၏အတွေးမှာ သဲလွန်စ ပျောက်သွားလေ၏။

ကိုလူတုတ်သည် ဒူးကိုထောင်၍ နဖူးပေါ်လက်အုပ်ကာ စဉ်းစားပြန်လေ၏။ "ငါ့သားအတွက်ရေနံဆီ ဘယ်လိုရအောင် လုပ်ရပါ့မလဲနော်။ အင်း. . . ပင်လယ်ခေါင် ရေငတ်တာနဲ့တူးနေပြီ" ဟုတွေးမိရင်း ဘီအိုစီဆိုင်၌ တပ်ထားသောရေနံပုံးများကို ပြေးမြင်မိလေ၏။ ဘီအိုစီဆိုင်သို့ သူသည် လော်ရီကားဖြင့် ခဏခဏရောက်ရ၏၊ ကုန်လှောင် ဂိုဒေါင်ရှေ့၌ လော်ရီကားရပ်ထားပြီး ဂိုဒေါင်တွင်းသို့ သူတစ်ယောက်တည်းဝင်ရန်လည်းမခဲယဉ်းလှ။ စောင့်သူမှာ သူ့ ကိုယုံကြည်သဖြင့် လော်ရီမှ ကုန်ချဆဲတွင် သူ့ကိုမျက်နှာလွှဲထားလေ့ရှိ၏။ တွေ့ပြီ။ ဤသည်ပင် အကွက်ကောင်းတည်း။ လူလစ်ခိုက်တွင်ရေနံတစ်ပုံးကို ကားပေါ်တင်သွင်းနိုင်သည်။ "မကောင်းပါဘူးလေ။ ခိုးတာဟာ အဒိန္နဒါန အပြစ်ကြီးပဲ၊ ငါငရဲကြီးနေမယ်ထင်တယ်" ဟု တွေးမိပြန်ပြီး ကိုလူတုတ်သည် သက်ပြင်းကြီး ချမိပြန်လေ၏။ ဒူးတစ်ဖတ်ကိုလျှော့ချ လိုက်ပြီး ခြေဆင်းထားလိုက်၏။

"ပြီးတော့ ဒီမြေတွေဟာ တို့မြန်မာမြေတွေပဲဆိုပဲ။ ရာဇဝင်အစကတည်းက တို့လူမျိုးတွေပိုင်သတဲ့။ တို့မြေကထွက်တဲ့ ရေနံကိုတို့ပိုင်မှာပေါ့။ ဘာဖြစ်လို့ ငရဲကြီးလိမ့်မလဲ၊ တို့ဟာတို့ပြန်ယူတာပဲ၊ ခိုးမယ်ခိုးမယ်"

သို့ ဆုံးဖြတ်ခိုက် သူသည် သူ၏အသက် ရှူသံကို ပြန်၍ ကြားနေရလေ၏။

ထိုကြောင့်ရက်အတန်ငယ်ကြာသော်ကိုလူတုတ်၏ အခန်းတွင်ညဉ့်အခါ၌ မီးခွက်ကလေး တစ်လက်လက်ဖြင့် ဖြစ်နေလေ၏။ ကျော်ရင်၏ စာဖတ်သံမှာ တစာစာနှင့် ကြားနေရလေ၏။ ထိုတန်းလျားကလေးတွင် ငါးအိမ်ထောင်ရှိသည့်အနက် မြောက်ဘက် အစွန်ဆုံးအခန်းမှ အဘိုးကြီးကား ကျော်ရင်ဘုရားရှိခိုး ဖတ်သံကိုကြားရ၍ သာဓုခေါ်၏။ တောင်ဘက်အခန်းမှမူ နားငြီးသည်ဟု ငြူစူကြ၏။ တောင်ဘက်အခန်းမှမူ စာဖတ်ခြင်းတွင် ငိုခြင်းသံများလိုသာ ကြားယောင်ယောင်ရှိနေလေ၏။ တောင်အစွန်ဆုံးအခန်းတွင်နေသူ အိမ်သားတစ်စုကား 'ဟိုဘက်အခန်းက ကောင်ကလေး တယ်စာဖတ်နေပါလား။ ဘုန်းကြီးလူထွက်သားမို့ ထင်တယ်'ဟု မလိုတမာ မှတ်ချက် ချနေကြလေသည်။

ကျော်ရင်၏ အစ်မမြညွန့်ကား မီးရောင်မျက်စိကို ထိုးသောကြောင့် အိပ်မပျော်နိုင်ကဖြင့် မောင်ငယ်ကိုငြူစူမိလေ၏။ မြညွန့်တွင် မိုးကြိုးလက်စွပ်ကလေးတစ်ခုရှိရာ မီးရောင်တွင် နီကျင့်ကျင့်အရောင်ပေးပြီးလက်၌ အလွန်ထင်ရှားလျက် ရှိနေလေ၏။

ကိုလူတုတ်ကား မိမိလက်သံကို မိမိကြားပြီး ရွှင်မြူးနေသော တယောသမားကဲ့သို့ သားလေး စာဖတ်သံ၊ ဘုရားရှိခိုးလည်း တက်တော့မယ်။ ငါ့သားမှ လူနဲ့တူတာ။ ဒီပြင်ကလေးတွေထဲက တစ်ယောက်မှငါ့သားလိုတော်တာမရှိဘူး။ ငါ့သားဟာ ဇော်ဆွဲကပြီ" ဟု သားအတွက် မာနတက်မိနေလေ၏။

သို့ကလိုသားအတွက်နှင့် ချမ်းမြေ့မြူးကာနေ၍ရက်အတန်ကြာသော် မြညွန့်သည် မျက်နှာကိုခေါင်းအုံးတွင် မြှုပ်၍ အိပ်လျှက်ရှိ၏။ ကျော်ရင်သည် စာဖတ်၍

www.burmeseclassic.com



မောသွားပြီး စာအုပ်ကိုရင်ပေါ်အုပ်လျှက် အိပ်ပျော်နေ၏။ မဆင့်သည်ခြေရင်း၌ ဆေးလိပ်လိပ်လျက်ရှိ၏။ ကိုလူတုတ် ကားအပေါက်ဝတွင် တင်ပလ္လင်ချိတ်၍ ထိုင်လျက်ရှိ၏။ မီးရောင်တွင် အခန်းတစ်ခုလုံးကို ကောင်းစွာမြင်ရလေ၏။ အခန်းမှာ ဆယ်ပေပတ်လည်မျှရှိပြီး အမိုးနိမ့်ကလေးဖြင့် ဖြစ်၏။ ကြမ်းများမှာ တစ်လက်မဆီကွာခြားကာ ခင်းထား၏။ သူတို့အိပ်ရာ ခေါင်းရင်းတွင် ဖိနပ်များကို စီတန်းတားကာ ထမင်းအိုးဟင်းအိုးများကား ဖိနပ်များအနီး၌ မှောက်လျက်နေကြ၏။ ပန်ကန်ပြားများလည်း ဟင်းအိုးများအနီး၌ မှောက်လျက်ပင် ရှိလေ၏။ ခြေရင်းဘက်၌ကား ခြောက်လက်မမျှရှိသော ဆန်အိတ်တစ်အိတ်ရှိ၍ ထိုဆန်အိတ်ပေါ်တွင် ထဘီများကို အခေါက်လိုက် တင်ထားလေသည်။ တောင်ဘက်နား၌ သနပ်ခါးကျောက်ပျဉ်တစ်ချပ်ရှိရာ ကျောက်ပြင်ပေါ်သို့ မဆင့်သည် ဆေးလိပ်တောင်းကို တင်ထားလိုက်လေ၏။

မဆင့်သည် ဆေးလိပ်တစ်လိပ်ကိုယူပြီး မီးညှိ၏။ ဘယ်ဘက်ခြေကို ခွေထားပြီး ညာဘက်ခြေကိုဆန့်လျက် ဆေးလိပ်ကို ဖွာနေလေသည်။

"ကိုလူတုတ် ဟိုဒင်း ကြားရလား"

"ဘယ်ဒင်းလဲဟေ့" ဟု ကိုလူတုတ်သည် သမင်လည်ပြန်လှည့်ကြည့်ကာ မေးလိုက်လေ၏။

"ဆိုင်ဂိုဒေါင်စောင့်တဲ့ ဦးမုန်း ဒဏ်တပ်ခံရသတဲ့"

မဆင့်က ပြောပြလိုက်ရာ ကိုလူတုတ်သည်ပို၍ စိတ်ပါလက်ပါ မေးမြန်းပြန်သဖြင့် 'ရေနံပုံး ဂိုဒေါင်က ပျောက်သွားလို့တဲ့တော်ရေ' ဟု မဆင့်ကထပ်ဖြေလေ၏။

သူသည် ပဒေသာလို မြိုင်နေသော ဓာတ်မီးပွင့်အများဆီသို့ မျှော်ကြည့်လိုက်၏။ ဓာတ်မီးတစ်ပွင့်ကို နှစ်ပွင့်ပွား၍ မြင်နေမိ၏။ သူသည် စဉ်စား၍မရ။ ဦးမုန်းကြီးမဲ့နေမည့် မျက်နှာကိုသာ မှန်းထားမြင်ယောင်မိလေ၏။ သူမျက်လုံး တွင် ဦးမုန်း၏မျက်နှာနှင့် ရေနံဆီပုံးကို ကားပေါ် တိတ်တိတ် သူတင်ထားခဲ့ပုံသည် တစ်လှည့်စီ ပေါ်နေလေသည်။ သူ့ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။

'ရော့ ဆေးလိပ်' ဟု မဆင့်ကလှမ်း၍ ဆေးလိပ်ပေးလာရာ ကိုလူတုတ်သည် ခေါင်းခါ၍ ပြလိုက်လေ၏။

"ငါ ခိုးတာ၊ ငါ ခိုးတာ။ ငါ ခိုးလို့ ကိုမုန်းဒဏ်ရိုက်ခံရပြီ"ဟု ကိုလူတုတ်သည် သဘောပေါက်ပြီး သူ့ကိုယ်သူ မုန်းလာလေ၏။ သူ့ကိုယ်သူ ရွံလာလေ၏။

'ငါ ယုတ်မာလို့ တစ်ဖက်သား ဒုက္ခရောက်ရပြီ။ ကိုမုန်း ခင်ဗျားကတော့ မသိရှာဘူး၊ ခင်ဗျား နှိပ်စက်တာ ကျုပ်ဗျ။ ဟောဒီက ခွေးမျိုးဗျ"

ကိုလူတုတ်သည် မတ်တပ်ရပ်လိုက်၏။ ရင်ကိုကော့ မထားနိုင်ဘဲ ပျော့ထားရပြီး ခါးကို ကုန်းလိုက်၏။ ခေါင်းကို ငိုက်စိုက်ချပြီး အောက်သို့ ဆင်း၏။

'ကိုလူတုတ်၊ ဘယ်လဲ ညဉ့်နက်ပြီ'ဟု မဆင့်က ဆေးလိပ်ကို ချထားပြီး မေးလေ၏။

'ဒီနားတင်ပါကွ'ဟု ပြောပြောဆိုဆို တန်းလျားရှေ့ တွင် လေးကန်စွာ လူးလာသွားလာနေ၏။

"ငါ မိုက်မိတာ၊ ငါဟာ တစ်ခုမှ ဒီလို မခိုးဖူးဘူး၊ မယုတ်မာဖူးဘူး။ ဟော ငါယုတ်မာလို့ တခြားတစ်ယောက် ဒုက္ခရနေပြီ။ ငါဟာ ခွေး၊ ငါဟာ လူနဲ့ မတူဘူး၊ ဟောဒီ လူလောကနှင့်မတော်ဘူး။ ဒီသူဌေးတို့ကလည်းဗျာ နည်းနည်းပါးပါးပျောက်တာ အသာမထားဘူး၊ မဆိုင်တဲ့လူကို နှိပ်စက်သေးတယ်။ သူတို့မှာ တစ်နေ့ကုဋေကုဋာ ရေနံတွေ ရနေလျက်နဲ့၊ ဘယ့်နှယ့်ကြောင့် ခွက်တစ်ဆယ်ပျောက်ရုံနဲ့ လူတစ်ယောက်ကို အပြစ်ပေးရတာတုံး။ ခင်ဗျားတို့ မသနားတော့ဘူးလား၊ ဒီရေနံဟာ ကျုပ်တို့ရေနံတွေပဲ။ ဘာကြောင့် ကျုပ်တို့ ရေနံဖျောက်ပစ်တာကို အပြစ်ပေးနိုင်ရသလဲ၊ ပြောစမ်း"

သူသည် အခန်းဆီသို့ လှမ်းကြည့်လိုက်၏။ မဆင့် သည် စောင်းလျက် အိပ်နေ၏။ မီးခွက်ကလေးကား တစ်ခန်းလုံးကို အသက်သွင်းပေးနေလေ၏။ သူသည် အခန်းပေါ် သို့ ပြန်တက်ပြန်၏။

"ကိုမုန်းတော့ ဒဏ်ရိုက်ခံရပြီ။ ငါ့ကြောင့် သူ့မှာ ဒဏ်ရိုက်ခံရတာ။ ငါ ဒဏ်ငွေပေးရမှာ။ ငါသာ ပေးထိုက်တယ်။ သူနဲ့မဆိုင်ဘူး။ ငါ စိုက်ပေးမယ်။ ငါ ငွေရှာမယ်"

သူသည် ဒဏ်ငွေကို ရနိုင်ရန် ကြံ၏။ ဟိုကြည့်သည် ကြည့် ကြည့်ကာ ငွေရနိုင်မည့်လမ်းကို တွေး၏။ မြညွန့်သည် ပက်လက်လှန်လျက် အိပ်ရင်း ဘယ်လက်ကလေးကို ရင်ပေါ် သို့ တင်ထား၏။ မီးရောင်တွင် မိုးကြိုးလက်စွပ်ကလေးသည် တလက်လက် ဝင်းနေ၏။ ကိုလူတုတ်သည် လက်စွပ်ကြာ မျက်စပစ်သည်ကို မြင်မိလေ၏။

www.burmeseclassic.com



"ဟော တွေ့ပြီ၊ ဒီလက်စွပ်ကလေးကို ယူပြီး တိတ်တိတ် ကိုမုန်းဆီကို ပို့လိုက်မယ်။ ဟန်ပြီ၊ နေရာကျပြီ။ ဒီလက်စွပ်ကို ရောင်းရင် သုံးကျပ်တော့ အဖျင်းဆုံး ကိုမုန်း ရနိုင်တယ်။ ငါပို့တာမှန်း မသိအောင်ပို့မယ်။ ဟီး ဟုတ်ပြီ"

သူသည် သမီးအနားသို့ တိုးသွားပြီး လက်ကလေးကို ဆွဲကိုင်ထားလိုက်၏။ သေးသွယ်လှပသော လက်ချောင်း ကလေးများနှင့် လက်စွပ်ပန်းစားနေသည်ကို ကြည့်ပြီး လက်စွပ်ကို မချွတ်ရက်သေးဘဲ ငေးနေမိ၏။

နံနက်လင်းသောအခါ မြည္ဒွန့်သည် အိပ်ရာမှနိုးလျှင် သူ့အဖေကို အနီး၌ မတွေ့ရတော့ချေ။ သူသည် မျက်နှာသစ်ပြီးနောက် မျက်နှာသုတ်သောအခါ လက်စွပ်ပျောက်နေသည်ကို တွေ့ရလေ၏။

မြည္ဒွန့်သည် စောင်ကလေးများကို ခါ၍ရှာ၏။ မတွေ့။ နောက်အမေအား လက်နှင့်လှုပ်နှိုးလျက် 'အမေ အမေ၊ ကျွန်မလက်စွပ်ပျောက်နေတယ်' ဟု တိုင်လေ၏။

မဆင့်သည် ပစ်တိုင်းထောင်ရုပ် ထောင်သလို ငေါက်ခနဲထပြီး မျက်စိကို လက်ဖြင့်ပွတ်၏။

'ဘာဖြစ်တယ်၊ လက်စွပ်ပျောက်တယ်'

'ဟုတ်တယ်'

'ဟဲ့ ကျော်ရင်၊ ထစမ်း'

မြည္ဒွန့်သည် ကျော်ရင်ကို လှုပ်နှိုး၏။

'အား၊ ဘယ်သူလဲ။ သွား၊ မနှိုးနဲ့' ဟု ကျော်ရင်က ငေါက်သော်လည်း မြည္ဒွန့်သည် ဇွတ်နှိုးပြန်လေ၏။

'အား ဘာလဲဟ'

'ငါ့လက်စွပ် ပျောက်တယ်၊ နင်ယူထားသလား'

'ဖြိုဟ်မွှေတဲ့ရေနံ၊
ငါ့သား ငါ့သမီးချင်းရန်ဖြစ်စေတဲ့
ရေနံ၊ငါ့သူငယ်ချင်းကို ဒုက္ခပေးတဲ့ရေနံ၊
ငါ့ကိုလူယုတ်မာ ဖြစ်စေတဲ့ ရေနံ၊ သောက်ရေနံ၊
သွားဟာ သွားဟာ'

'အောင်မာ၊ နင့်လက်စွပ် ငါ ဘာလို့ ယူရမလဲ'

'မယူဘူး၊ သွား ငါ အအိပ်ပျက်အောင် မလုပ်နဲ့၊ ငါထိုးလွှတ်မှာ။ သွားဆိုတာ သွား'

'မသွားဘူး၊ ခွေးကလေး နင်ခိုးတာ'

ကျော်ရင်သည် သူ့အား ဇွတ်အကြောင်းမဲ့သူခိုးယိုး သည်ကို မခံမရပ်နိုင်ဖြစ်ပြီး ခြေနှင့်ကန်လေ၏။

မြည္ဒွန့်လည်း လက်သီးနှင့် သူ့မောင်ခေါင်းကို ထိုးလေ၏။

'ကဲဟာ ငါ့ကို ထိုးဦး'ဟု အော်ပြီး ကျော်ရင်သည် မြည္ဒွန့်၏ဆံပင်ကို ဆွဲဆောင့်လေ၏။

'နင် မယူရင် နင့်မီးခွက်ကြောင့် ငါ့လက်စွပ်ကို လူ မြင်ပြီး ချွတ်ယူတာ။ အီး အီး'ဟု ဆိုပြီး ကျော်ရင်ကို ဆက်၍ ဆက်၍ ရိုက်လေ၏။ ထိုအခိုက် ကိုလူတုတ် ရောက်လာပြီး 'ဟဲ့ ဘာဖြစ်ကြတာလဲ' ဟု မေးပြီး ပြေးလာလေ၏။

မှိုင်တွေကာ သားနှင့်သမီး ရန်ဖြစ်သည်ကိုမဖျဉ်ဘဲကြည့်နေသော မဆင့်က 'လက်စွပ်ပျောက်လို့ ရန်ဖြစ်တာတဲ့' ဟု တိုင်လိုက်လေ၏။

'ဟ မဖြစ်ကြနဲ့၊ တော်။ ငါ နှစ်ယောက်လုံး ရိုက်လိုက်မယ်နော်'

ရန်ပွဲကား စဲသွား၏။ ကိုလူတုတ်သည်တွေးပြီး သားနှင့် သမီးကိုကြည့်နေလေ၏။ လက်စွပ်ပျောက်၍ ငိုမဲ့ငို မဲ့ဖြစ်နေသောသမီးကိုမြင်ပြီး တဆွေ့ဆွေ့ တမြေ့မြေ့ဆွေး နေလေ၏။ စကားတစ်ခွန်းတမျှ မပြောနိုင်ဘဲ ရေနံကိုသာ စိတ် နာလာလေ၏။

အတန်ကြာလျှင် ရေနံပုံးကိုယူ၍ အောက်သို့ဆင်း ကာ အပေါက်ဖွင့်၍ မှောက်လိုက်လေ၏။

'ဗြိုဟ်မွှေတဲ့ရေနံ၊ငါ့သားငါ့သမီးချင်းရန်ဖြစ်စေတဲ့ ရေနံ၊ငါ့သူငယ်ချင်းကို ဒုက္ခပေးတဲ့ရေနံ၊ ငါ့ကိုလူယုတ်မာဖြစ်စေတဲ့ ရေနံ၊ သောက်ရေနံ၊ သွားဟာ သွားဟာ' ဟုရေရွတ်ပြီး ရေနံရေစက်ချလျက်ရှိလေသတည်း။

သိန်းဖေမြင့်
မြန်မာအလင်းနှစ်သစ်မင်္ဂလာသတင်းစာ၊
ဧပြီ၁၉၃၈



www.burmeseclassic.com

www.burmeseclassic.com

# ချောက်မြို့မှ လူကြီးလူကောင်း

**ငွေးဟောင်**



အသက် ခုနစ်ဆယ်ကျော် စာရေးသူသည် လူ့သဘာဝအတိုင်း ကိုယ့်ရပ်ရွာ အကြောင်း၊ ရပ်ရွာမှ ထူးခြားသည့်နေရာဒေသအကြောင်း၊ ဘုရားပုထိုးအကြောင်း၊ ဖြစ်ရပ်များအကြောင်းနှင့် လူပုဂ္ဂိုလ်အကြောင်း စသည်တို့ကို ပြန်ပြောင်း တွေးမိသည့်အခါတွင် ဦးခင်ကို ပြန်လည်မြင်ယောင် သတိရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်သည် အရပ်အမောင်းအနေတော်၊ မှန်းခြေ ငါးပေခွဲခန့်၊ ကိုယ်လုံး ကိုယ်ထည် တောင့်တောင့်တင်းတင်း၊ သန်စွမ်းဖျတ်လတ်သည်။ မျက်နှာအမူအရာက အမြဲတမ်းလို တည်ကြည်လေးနက်သည့်အသွင်ကိုဆောင်သည်။ လက်နှင့်အလုပ် မပြတ်မလပ်လုပ်ကိုင်တတ်သည်။

ချောက်မြို့ ဘီအိုစီကုမ္ပဏီ မော်တော်ကားပြင်ဌာနတွင် အလုပ်လုပ် ကိုင်ရင်း ဆန်၊ ဆီ၊ ပဲ စသည့် ကုန်များကို လက်လီလက်ကား ရောင်းချသည်။ အရောင်းအဝယ်စာချုပ်ကို ဇနီးဒေါ်တင့်က အဓိက ဦးစီးဆောင်ရွက်သည်။

ချောက်မြို့ ဈေးအနောက်ဘက် ပွဲစားတန်းမှာ နှစ်ထပ်အိမ်ကြီးဖြင့် နေထိုင်ပါသည်။ နှစ်ထပ်အိမ်မကြီး၍လည်း မဖြစ်ပါ။ ရောင်းကုန်များ ထားရသည်။ ပြီးတော့ သားသမီးကလည်း တစ်ဒါဇင်အောက် မလျော့ပါ။ ဒုတိယကမ္ဘာစစ် မတိုင်မီက ဦးခင်ဒေါ်တင့်တို့၏ သမီးများဖြစ်သည့် မမြရင်၊ မမြကျင် စသူတို့နှင့် ကျွန်တော် အတူကျောင်းနေဖူးသည်။ စစ်ပြီးခေတ်မှာတော့ သူ့သား ကိုသိန်းဟန်သည် ကျွန်တော်တို့ပြည်သူ့ရဲဘော်တပ်မှာ ပါဝင်ဆောင်ရွက်သည်။ အန္တရာယ်မကင်းသော တာဝန်များကိုပင် ကျေပွန်စွာ ဆောင်ရွက်သည်။

ယခင်တုန်းက မကြာခဏ ကျွန်တော် အတွေးပေါ်သည်။ ၁၉၆၄ ခုနှစ်က စာပေဆုရခဲ့သော ကျွန်တော်၏ 'အရေးတော်ပုံ'ဝတ္ထုကို ရုပ်ရှင်ရိုက် ဖြစ်လျှင် (ဆရာ ရွှေဒုံးဘီအောင်သည် ရိုက်ကူးရန် ဆန္ဒရှိသော်လည်း ဇာတ်ကကြီးသဖြင့် ထိုစဉ်က အကောင်အထည်မပေါ်ခဲ့ပါ) အာဇာ၀က သခင်ဖိုးလှကြီး နေရာတွင် သူ့သားကိုသိန်းဟန်က သရုပ်ဆောင်ပြီး ကျွန်တော်က သခင်ဗတင် နေရာယူရမည်ဟူ၍ဖြစ်သည်။ ကိုအောင်သန်းနှင့် ကိုသိန်းဟန်တို့သည် အဖေတူသားများဖြစ်သည်။ ယခု ကိုအောင်သန်း ကွယ်လွန်သည်မှာ ကြာပြီ။ ကိုသိန်းဟန်တော့ ရှိသေးသလားမသိနိုင်။

၁၂၆၅ တန်ခူးလတွင် အင်းစိန်ခရိုင်၊ တိုက်ကြီးမြို့အပိုင် သနပ်ချောင်းရွာ၌ ဖခင်ဦးလူရံ မိခင် ဒေါ်ဖွားသက်တို့မှ မောင်ခင်ကို ဖွားမြင်ခဲ့သည်။ မောင်ခင် ငါးနှစ်သားအရွယ်မှာ မိဘတို့သည် ရေကြည်ရာမြက်နုရာအဖြစ် အညာမြင်းခြံ သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

မောင်ခင် အသက် ခုနစ်နှစ်အရွယ်၌ ဦးစက္ကိန်၏ ဘုန်းတော်ကြီးကျောင်း၌ စာပေနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ယူသည်။ ကျောင်းသက် ငါးနှစ်ကြာသည်။ ဘုန်းကြီးကျောင်းမှထွက်ပြီး မိဘအလုပ် ဝိုင်းဝန်းလုပ်ကိုင်သည်။

မိဘနှင့်အတူ ငါးနှစ်လုပ်ကိုင်ပြီးသည့်အခါ ရေနံချောင်းမြို့ ဘေးမဲ့ရွာသစ်သို့သွားကာ ဘီအိုစီကုမ္ပဏီ ဒုတ္တံချွတ်ဌာန (ရေနံစုပ်ယူသည့်လုပ်ငန်း) တွင် လုပ်ကိုင်သည်။ နောက်နှစ် ၁၂၈၃ ခုနှစ်တွင် ချောက်မြို့ ဘီအိုစီသို့ပြောင်းရွှေ့လုပ်ကိုင်သည်။ အလုပ်မှာ လက်သမားဆရာဖြစ်သည်။ နောက်ပိုင်းတွင် မော်တော်ကားပြင်ဌာနသို့ ပြောင်းရွှေ့လုပ်ကိုင်ရသည်။

မောင်ခင်သည် လူလားမြောက်ကတည်းကလမ်းဘေးမှာ သစ်ပင်စိုက်သည်။ ရေအိုးစင်တည်သည်။ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့နှင့်ဖြစ်စေ ကန်တူးသည်။ အလှူမဏ္ဍပ်ဆောက်လုပ်၊ ဘုရားပွဲဆောင်ရွက်၊ စာဖတ်သင်းထူထောင် စသည့် လူမှုဝန်ထမ်းအလုပ်များ ဆောင်ရွက်သည်။

ကိုခင်သည် လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ရာမှ တစ်ဆင့်တက်ကာ အမျိုးသားရေးလုပ်ငန်းများကို ထမ်းဆောင်လာသည်။ တူ-သာ-သင်း ခေါ် ဦးဘတူ၊ ဦးဘိုးသာ၊ ဦးသင်းတို့၏ နိုင်ငံရေးဦးတည်ချက်ဖြင့် အသင်းသို့လည်းကောင်း၊ လှိုင်-ပု-ကျော် ခေါ် ဦးချစ်လှိုင်၊ ဦးပု၊ ဦးကျော်ရှိန်တို့၏ အသင်းသို့ လည်းကောင်း၊ ရေနံချောင်း ဦးမျိုးညွန့်၏ လေဘာယူနီယန်အသင်းသို့လည်းကောင်း ပါဝင်ခဲ့သည်။

ချောက်မြို့၌ ဟိုအရပ်သည်အရပ်တို့၌ ကျင်းပသော နိုင်ငံရေးတရား ပွဲများကို သွားရောက်နားထောင်သည်။ တရားဟော စင်ပြင်ဆင်ရာ၌ စားပွဲထမ်း ကုလားထိုင်သယ်အလုပ်များ လုပ်ကိုင်သည်။

၁၉၂၄ ခုနှစ်တွင် ကိုခင်သည် ဝံသာနုရက္ခိတအသင်းသို့ ဝင်သည်။ ယောလုံချည်နှင့် ပင်နီအင်္ကျီဝတ်သည်။ ဝံသာနုအသင်း လုပ်ငန်းအရပ်ရပ်ကို တက်ကြွကျေပွန်စွာ လုပ်ကိုင်ခဲ့သည်။

အမျိုးသားရေးကိစ္စတို့၌ သူ၏ စိတ်ဝင်စားမှုဆောင်ရွက်မှုတို့သည် တိုး၍ တိုး၍ မြင့်မားလာသည်။

၁၉၃၀ ပြည့်နှစ် သာယာဝတီ ဆရာစံခေါင်းဆောင်သည့် လယ်သမား အရေးတော်ပုံပေါ်ပေါက်လာသည်။ နယ်ချဲ့သမား အင်္ဂလိပ်အစိုးရကို ဒုက္ခပေးလိုက်သည်။ ချောက်မြို့၌ ဂဠုန်အသင်း လျှို့ဝှက်စွာ ဖွဲ့စည်းရာတွင် ကိုခင်ပါဝင် သည်။ လက်မောင်းနှစ်ဘက်မှာ ဂဠုန်တောင်ပံ



www.burmeseclassic.com

www.burmeseclassic.com



ပုံ ဆေးမင်ထိုးခဲ့သည်။

၁၉၃၂ ခုနှစ်ခန့် ခွဲရေးတွဲရေး ပြဿနာပေါ်ပေါက်ခဲ့ရာ ကိုခင်သည် ဒေါက်တာဘမော်ခေါင်းဆောင်သည့် တွဲရေးဘက်ပါဝင်ခဲ့ပြီး တက်ကြွစွာ ဆောင်ရွက်သည်။ သည့်နောက်တွင်ကား ကိုခင်သည် တို့ဗမာအစည်းအရုံးသို့ဝင်ပြီး 'သခင်'အမည်ခံယူရာ ဦးခင်မှ 'သခင် ခင်' ဟု တွင်လေတော့သည်။

ချောက်၊ ရေနံချောင်း ရေနံမြေတွင် အရင်းရှင် ဘီအိုစီနှင့် မြန်မာ အလုပ်သမားတို့ကြား၌ အမြဲတစေလိုပင် တိုက်ပွဲဖြစ်ပေါ်လျက်ရှိပါသည်။ ဘီအိုစီက အမြတ်များများရဖို့ သွေးစုပ်ဖို့ ကြိုးစားသလို အလုပ်သမားတို့ကလည်း လုပ်ခတိုးတက်ရေး၊ ဆေးဝါးကုသခွင့်၊ နေထိုင်ရေး ပိုမိုကောင်းမွန်စေရေး၊ သင့်တင့် လျောက်ပတ်သည့် ခွင့်ရက်ခံစားမှုရရှိရေးတို့ကို တောင်းဆိုပါသည်။ ဘီအိုစီနှင့် အလုပ်သမားအားပြိုင်ပွဲတိုင်းမှာ သခင်ခင်သည် သခင်လေးမောင်၊ သခင်ဖိုးလှကြီး၊ သခင်ဗတင်၊ သခင်ဖေသန်း၊ သခင်ထား၊ သခင်တုတ်ကလေး စသူတို့နှင့် အတူရှေ့တန်းမှ ပါဝင်သည်။

ဘီအိုစီကုမ္ပဏီမှ ဦးခင်ရသောလစာမှာ မိသားစု (၁၅) ယောက်ခန့် အတွက် ဖူလုံနိုင်မည်မဟုတ်ပါ။ အလုပ်ချိန်မှအပတွင် ဦးခင်သည် လူမှုရေးအလုပ်များ၊ တို့ဗမာအစည်းအရုံးများ၌သာ စားဝတ်နေရေးကို ဦးခင်အာရုံမစိုက်နိုင်ပါ။

**ကိုခင်က အလုပ်သမားရေးရာများ၊ အမျိုးသားရေးရာများ ဆောင်ရွက်သည်။ မတင့်သည် ဘာသာရေးကိစ္စများ၊ ရပ်ကွက် သာရေး နာရေး များ၌ ပါဝင်သည်။ ဝံသာနုရက္ခိတအသင်း ခေတ်စားလာသည့်အခါ မတင့်လည်း အသင်းဝင်ကာ ပြည်တွင်းဖြစ် အထည်များဝတ်ဆင်သည်။**

အိမ်အတွက် ဦးခင်လစ်ဟင်းမှုများကို ဇနီးဒေါ်တင့်က ဖြည့်ဆည်းပါသည်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ပဲ စသည်တို့ကို လက်လီလက်ကား ရောင်း၍ စား၊ ဝတ်နေရေးဖူလုံစေပါသည်။ လင်မယားနှစ်ယောက်သည် စိတ်ပိုင်းရော ရုပ်ပိုင်းပါ လိုက်လျောညီထွေရှိလှပါသည်။ အသွင်တူ၍ အိမ်သူဖြစ်ခြင်းပင်။ ဒေါ်တင့်သည် အရပ်အမောင်းကိုယ်လုံးကိုယ်ထည် ထွားကျိုင်းပါသည်။

ဒေါ်တင့်ကို မြင်းခြံမြို့မှာ ၁၂၆၆ ခု၊ ဝါဆိုလဆန်း ၁၀ ရက်၌ အဖဦး ပွား အမိဒေါ်ဂျမ်းတို့မှ မွေးဖွားခဲ့သည်။ ဦးခင်ထက် အသက်တစ်နှစ်ငယ်သည်။

မတင့် အသက် (၁၅)နှစ်အရွယ်တွင် ပြောင်းပြာရပ်၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းတွင် ပါဝင်ဆောင်ရွက်သည်။ (စကားချပ် - စာရေးဆရာ အကယ်ဒမီ မင်းသားမောင်သင်သည် စစ်ကြိုခေတ်က 'ပြောင်းပြာမောင်သင်'ကလောင် အမည်ဖြင့် စာပေရေးသားခဲ့သည်။)

မတင့်သည် ဘာသာရေးလုပ်ငန်းများ၊ ရပ်ကွက်လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရင်းမှ အသက် ၁၉ နှစ်တွင် ကိုခင်နှင့် အိမ်ထောင်ကျသည်။ ချောက်မြို့သို့ ပြောင်းရွှေ့နေထိုင်သည်။

ချောက်မြို့၌ ကိုခင်က ဘီအိုစီကုမ္ပဏီမှာ အလုပ်လုပ်သည်။ မတင့်က ဈေးရောင်းသည်။ ကိုခင်က အလုပ်သမားရေးရာများ၊ အမျိုးသားရေးရာများ ဆောင်ရွက်သည်။ မတင့်သည် ဘာသာရေးကိစ္စများ၊ ရပ်ကွက်သာရေး၊ နာရေး များ၌ ပါဝင်သည်။ ဝံသာနုရက္ခိတအသင်းခေတ်စားလာသည့်အခါ မတင့်လည်း အသင်းဝင်ကာ ပြည်တွင်းဖြစ် အထည်များ ဝတ်ဆင်သည်။ အခြားအမျိုးသမီးများကို ဗမာဖြစ်အထည်များကိုသာ ဝတ်ဆင်ရန် လှုံ့ဆော်စည်းရုံးသည်။

ခွင့်ရက်ကိစ္စနှင့်ပတ်သက်ပြီး ဘီအိုစီနှင့် အလုပ်သမားများ ပြဿနာ ဖြစ်ကြသည်။ ထိုအတွက် သခင်ခင်က ရေနံချောင်းမြို့သို့သွားပြီး အမတ် ဦးဘလှိုင်၊ သခင်လေးမောင်၊ သခင်ခတို့နှင့် တိုင်ပင်ဆွေးနွေးသည်။ နောက်တစ်နေ့ ချောက်မြို့သို့ပြန်သည်။

၁၉၃၈ ခု၊ ဇန်နဝါရီလ ၈ ရက်၊ စနေနေ့ နံနက် သခင်ခင်အလုပ်ဆင်း သွားသည့်အခါ ဌာနဆိုင်ရာမှူးက နှာမြူ

www.burmeseclassic.com

www.burmeseclassic.com



အရာရှိက အလုပ်ဖြုတ်ကြောင်း စာနီးပေး၍သိစေသည်။

သခင်ခင်ကို အလုပ်ဖြုတ်သောကြောင့် ချောက်မြို့ ဘီအိုစီအလုပ်သမားများ သပိတ်မှောက်ကြသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံဟု သမိုင်းတွင်မည့်အကြောင်းချင်းတို့ စတင်ပြီ။ သခင်ခင်သည် ၁၃၀၀ ပြည့် အရေးတော်ပုံ ကြီး၏ စနက်တံပေတည်း။

သပိတ်သည် လမ်းရွာ၊ ရေနံချပ်၊ ရေနံချောင်းမြို့များသို့ ကူးစက်သွားသည်။ အရင်းရှင် ဘီအိုစီက နည်းမျိုးစုံဖြင့် သပိတ်ကို ဖြိုခွဲသည်။ နယ်ချဲ့ အင်္ဂလိပ်အစိုးရက ဘီအိုစီကို အစွမ်းကုန်ကူညီသည်။

အလုပ်သမားခေါင်းဆောင်များနှင့် အလုပ်သမားအများစုက ဖွဲ့ ကောင်းကောင်း ကြံ့ကြံ့ခိုင်ခိုင် တိုက်ပွဲဆင်နွှဲသည်။ သပိတ်ကိစ္စမှာ သခင်ခင်နှင့် ဒေါ်တင့် ဇနီးမောင်နှံသည် ရှေ့တန်းမှ လက်ညီတက်ညီပါဝင်သည်။ သပိတ်တားအမျိုးသား၊ အမျိုးသမီးများကို ဒေါ်တင့်က လက်ဖက်သုပ်၊ ချင်းသုပ် လိုက်လံကျွေးသည်။ လက်ဖက်ရည်နှင့် မုန့်တိုက်ကျွေးသည်။ သပိတ်မှောက်မိသားစုများကို သူတို့ဆိုင်မှ ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ပဲများ အကြွေးရောင်းသည်။ အချို့သူများကို ခေါ်ဝင်ကျွေးမွေးသည်။

ရွာဟောင်းရပ် ပွဲစားဦးစံခြုံထံမှ ဆန်အိတ် ၅၀ (သုံးတင်းဝင်)၊ စဉ့်ကူ ဒေါ်လွန်းမြိုင်ထံမှ ဆန်အိတ် ၅၀ နှင့် ဦးဘခင်ထံမှ ငါးပိငါးလုံး (ဆယ်ပိဿာဝင်) တို့ကို ဒေါ်တင့်က အကြွေးယူပြီး သပိတ်မှောက် အလုပ်သမားများ စားရန် လှူဒါန်းခဲ့သည်။ ရေနံမြေသပိတ်သည် အချိန်ရှည်လျားလှသည်။

နောက်ဆုံးတွင် အလုပ်သမားတို့က ရန်ကုန်မြို့သို့ ချီတက်ရန် ဆုံးဖြတ် ပြီး ၁၉၃၈ ခု၊ နိုဝင်ဘာလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ချောက်မြို့မှ ရန်ကုန်မြို့သို့ ချီတက်ကြလေသည်။

လမ်းတွင် အခက်အခဲပေါင်းများစွာရှိသည်။ အနေအစား ဆင်းရဲခြင်း၊ ရာသီဥတုဒဏ်ခံရခြင်း၊ အင်္ဂလိပ်အစိုးရက တားဆီး၊ ဖမ်းဆီး၊ တိုက်ခိုက်ခြင်း စသည်တို့ဖြစ်သည်။ သို့သော် အာဏာဝကသခင်ဖိုးလှကြီး၊ သခင်ခင်၊ သခင်ဗတင်၊ သခင်သက်၊ လမ်းရွာမှ သခင်တင့်၊ သခင်ငွေရှိန်၊ ရေနံချပ်မှ သခင်မာ၊ ရေနံ ချောင်းမှ သခင်ဘမောင်၊ သခင်ဖေကြီးတို့ ဦးဆောင်သောအဖွဲ့က သပိတ်တပ်ကြီး ရန်ကုန်ရောက်သည်အထိ ချီတက်နိုင်ခဲ့ကြသည်။ ရန်ကုန် တို့ဗမာ အစည်းအရုံးမှ ခေါင်းဆောင်များကလည်း လာရောက်ကူညီသည်။

သပိတ်တပ်ကြီး ရွှေတိဂုံ ကုန်းတော်ပေါ်မှာ စခန်းချသည်။

ချောက်မြို့မှ နတ်တော်လဆန်း (၉)ရက် ထွက်ခဲ့သော သပိတ်တပ်ကြီး သည် ပြာသိုလပြည့်ကျော်နှစ်ရက်၌ အင်းစိန်သို့ရောက်သည်။ မိုင် ၄၀၀ ကျော် လမ်းခရီးတစ်လျှောက် အတွေ့အကြုံကားများလှပေသည်။

သပိတ်မှောက်အလုပ်သမားများ ရန်ကုန်တွင် လေးလခန့်လောက် ကြာမြင့်ခဲ့သည်။ အလုပ်သမား၊ ဘီအိုစီနှင့် အစိုးရတို့ ဆွေးနွေးပြီး အလုပ်သမားများ ချောက်မြို့သို့ တစ်သုတ်ပြီးတစ်သုတ် ပြန်လည်ရောက်လာကြသည်။ တောင်းဆို ချက်များ အထိုက်အလျောက်ရပြီး အလုပ်သမားများ အလုပ်ခွင်သို့ ပြန်ဝင်ကြသည်။

၁၉၆၄ ခုနှစ် အလုပ်သမား(မေဒေး)နေ့ အခမ်းအနားသို့ ဘုမိနက်သန် ချောက်မြို့၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ ၁၃၀၀ ပြည့်နှစ်တုန်းက ချီတက်ပွဲကို သရုပ်ပြကျင်းပသည်။ သခင်ဖိုးလှကြီးအဖြစ် သူ့သားကိုအောင်သန်းက ဆောင်ရွက်သည်။ မူလချီတက်ပွဲ၌ ပါဝင်ခဲ့သော အလုပ်သမားကြီးများ အများအပြားပါဝင်သည်။ ဤသရုပ်ပြပွဲကို ကျွန်တော်သည် ၁၃၀၀ ပြည့်နှစ် တုန်း ကလိုပင် လေးနက်စွာ ခံစားရသည်။

သခင်ခင်က သူ၏ဘဝတစ်သက်တာ အတွေ့အကြုံများကို လေ့ကျင့်ခန်းစာအုပ် စာမျက်နှာ-၁၀၀ကျော် မှတ်တမ်းရေးသားထားသည့် စာအုပ်အား ကျွန်တော့်ထံ ၁၉၆၅ ခုနှစ်ကတည်းက ပေးပို့ထားခဲ့ပါသည်။ ကျွန်တော်သည် အလျဉ်းသင့်သည့်အခါ မှတ်တမ်းတင်ထိုက်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ်နှင့် ရေးသားရန် ရည်ရွယ်ခဲ့ပါသည်။

ကျွန်တော်၏ 'အရေးတော်ပုံ'စာအုပ်တွင်လည်း အတော်များများ ဖော်ပြခဲ့ပါသည်။ ငွေမောင်၊ မင်းကျော် 'အာဏာဝက'စာအုပ်၌လည်း ပါဝင်ခဲ့ပါ သည်။

၁၃၀၀ ပြည့် အရေးတော်ပုံတွင် အရေးပါခဲ့သော သခင်ခင်၏ အကြောင်းကို တစ်စေ့တစ်စောင်းမျှ ဂုဏ်ပြုတင်ပြလိုက်ပါသည်။

**ငွေမောင်**

www.burmeseclassic.com

www.burmeseclassic.com



# အရေးတော်ပုံ မြန်မာ့နိုင်ငံရေးဇာတ်ခုံ

(၁၃၀၀ ပြည့်အရေးတော်ပုံ စိန်ရတုသဘင်ကို ဦးညွတ်ခြင်း)



ဇော်နောင်

ကမ္ဘာ့သမိုင်းကိုပြန်ကြည့်တဲ့အခါ နိုင်ငံတိုင်းမှာ လူထုအုံကြွမှုကြီးတွေ အရေးတော်ပုံကြီးတွေ ပေါ်ခဲ့တာ ချည်းပဲဆိုတာ တွေ့ရတယ်။ ဒါဟာ လူတွေက အားအား ယားယား ပျော်လို့ ထလုပ်ကြတာမဟုတ်ဘူး။ ဒီလိုလုပ်ရင် အာဏာပိုင်တွေက ပစ်မယ်၊ ခတ်မယ်၊ အင်အားသုံးပြီး ဖြိုခွင်းမယ်။ ဒါကို သိလျက်နဲ့ ဂရုမစိုက်ဘဲ လုပ်ကြတာဟာ တော်ရုံကိစ္စမဟုတ်ဘူး။ အုပ်စိုးသူလူတန်းစားရဲ့ တရားလွန် ဖိနှိပ်မှုတွေကို မခံမရပ်နိုင်လွန်းလို့ လုပ်ကြတာပဲ။ ဖိနှိပ်ချုပ်ချယ်မှုကို ဘယ်သူမှ မလိုလားဘူး။ အကြောင်း ကြောင်းတွေကြောင့် တစ်စုံတစ်ရာ အတိုင်းအတာ အထိတော့ သည်းခံကောင်း သည်းခံနေမယ်။ အလွန်အကျွံတွေ ဖြစ်လာရင်တော့ သည်းမခံနိုင်တော့ဘူး။ ဒါဟာ တရား သဘာဝတစ်ခုပဲ။ ဒါကြောင့် အုပ်စိုးသူ လူတန်းစားဟာ လူထုလှုပ်ရှားမှုတွေ၊ ဆန္ဒပြပွဲတွေကို သိပ်ကြောက်တယ်။ အဲသလို ကြောက်တဲ့အတွက် လူတွေကို မလှုပ်ရဲအောင် လို့ဆိုပြီး သူတို့ရဲ့ အာဏာပါဝါတွေနဲ့ လူတွေကို ဖြဲခြောက်တယ်။ ဖိနှိပ်တယ်။ တစ်ဆင့်ထက် တစ်ဆင့်တိုး ပိုမိုပြီး ဖိနှိပ်တယ်။ အဲသလို ပိုပြီးဖိနှိပ်လေ လူထုရဲ့ မကျေနပ်မှုက ပိုပြီး ကြီးထွားလာလေပဲ။ အဲဒီ မကျေနပ် မှုတွေက နောက်ဆုံးမှာ အရေးတော်ပုံ ဆိုတဲ့ ဖိနှိပ်တဲ့ အုပ်စိုးသူ လူတန်းစားရဲ့ ရာဇပလ္လင်ပေါ်က (. . . ကျ . . . ကျ) ကို ပြုတ်ကျသွားတာ။ အရေးတော်ပုံဆိုတဲ့ ဖောက်ပြန်တဲ့ အုပ်စိုးသူတွေအတွက် သေမင်းတမန်ပါပဲ။ ဒါကြောင့် သူတို့က လွှတ်ကြောက်တာ။

မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် အလွန်ထင်ရှားတဲ့ အရေးတော်ပုံကြီး (၃)ခုကို တွေ့ရမယ်။ (၂)ခုက နယ်ချဲ့ အင်္ဂလိပ် ကိုလိုနီအစိုးရလက်ထက်မှာ ပေါ်ပေါက်ခဲ့တာဖြစ် ပြီး (၁)ခုကတော့ ဒီဘက်ခေတ် စစ်အာဏာရှင်အစိုးရ လက်ထက်မှာ ပေါ်ပေါက်ခဲ့တာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

**“ မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် အလွန်ထင်ရှားတဲ့ အရေးတော်ပုံကြီး (၃)ခုကို တွေ့ရမယ်။ (၂)ခုက နယ်ချဲ့အင်္ဂလိပ် ကိုလိုနီအစိုးရလက်ထက်မှာ ပေါ်ပေါက်ခဲ့တာဖြစ်ပြီး (၁)ခုကတော့ ဒီဘက်ခေတ် စစ်အာဏာရှင်အစိုးရ လက်ထက်မှာ ပေါ်ပေါက်ခဲ့တာဖြစ်တယ်။ ”**

ပထမဦးဆုံး ပေါ်ပေါက်ခဲ့တဲ့ အရေးတော်ပုံကြီးက ၁၉၂၀ ကျောင်းသားသပိတ်ကြီးပဲ။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ သူများနိုင်ငံကို ကျူးကျော်နယ်ချဲ့ မတရားသိမ်းပိုက်အုပ်စိုးတယ်။ မြန်မာ့မြေပေါ်ကရတဲ့အရာမှန်သမျှ အကုန်လုံး ထုတ်နှုတ်ယူငင်သုံးစွဲပြီး မြန်မာပြည်သူလူထုကြီးရဲ့ ဘဝသာယာရေး တိုးတက်ကြီးပွားရေးတွေ ကျတော့ ဘာတစ်ခုမှ မယ်မယ်ရရ လုပ်မပေးဘူး။ ပညာရေးမှာလည်း ဒီအတိုင်းပဲ။ တိုင်းပြည်မှာ မြန်မာပညာတတ်တွေ ဖြစ်လာအောင် လုပ်မပေးဘူး။ သူတို့ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားမှာအသုံးချလို့ရတယ့် လူအရေ အတွက်လောက်ကိုပဲ ထုတ်လုပ်ပေးတယ်။ တက္ကသိုလ် ကောလိပ်တွေက ဆင်းရဲသား သားသမီးတွေက ဘဝနာပြီး လူတန်းစားအသိရှိတော့ သူတို့လိုရာပုံကို သွင်းလို့မရနိုင်ဘူး။ သူတို့ လိုရာပုံကိုသွင်းနိုင်တာက လူချမ်းသာ သားသမီးတွေပဲ။လူချမ်းသာ သားသမီးတွေဆိုတာက ရာထူး၊ အာဏာ စသဖြင့် အခွင့်အရေးတစ်ခုခု ဘန်းပြပြီး စည်းရုံးလိုက်ရင် အလွယ်ကလေးပါလာတတ်တာမျိုးကို။ ဒါကြောင့် တက္ကသိုလ်ကောင်းတွေကို လူချမ်းသာ သားသမီးတွေသာ သင်ယူနိုင်စေတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူလူထုရဲ့ အလိုဆန္ဒနဲ့ ဆန့်ကျင်ပြီး တက္ကသိုလ် ဥပဒေသစ်ကို အတင်းအကြပ်ပြဋ္ဌာန်းလိုက်တယ်။ ပြဋ္ဌာန်းလိုက်တဲ့ တက္ကသိုလ်ဥပဒေသစ်အရ ကျောင်းသားတစ်ယောက်ဟာ ဆယ်တန်းအောင်ပြီးရုံနဲ့ တက္ကသိုလ်ကို တစ်ခါတည်း တန်းတက်လို့မရဘူး။ တက္ကသိုလ်ဝင်ခွင့်ရဖို့ ပြင်ဆင်ရေးကာလအနေနဲ့ ကြားမှာ တစ်တန်းထပ်တက်ရဦးမယ်။ အဲဒါပြီးမှ တက္ကသိုလ်ကို တက်လို့ရမှာ။ ဒီတော့ တစ်နှစ်ပညာသင်စရိတ် ပိုကုန်တာပေါ့။ ချမ်းသာတဲ့မိဘက တစ်နှစ်စာ ပညာရေးစရိတ်ဆိုတာက နည်းတဲ့ငွေမှမဟုတ်တာ။ ဒီတော့ ကိုယ့်သားသမီးကို ပညာတတ်စေချင်ပေမယ့် စဉ်းစားရပြီပေါ့။ ဒါဟာ တက္ကသိုလ်ကို ဆင်းရဲသား သားသမီးတွေ ရောက်မလာအောင် တမင်ရည်ရွယ်ပြီး လုပ်တာပဲ။ နောက်တစ်ချက်က တက္ကသိုလ်ကျောင်းသားတွေဟာ ကျောင်းအိပ် ကျောင်းစားနေရမယ် ဆိုတဲ့အချက်။ နယ်ကနေ ကျောင်းလာတက်ကြရတဲ့ ကျောင်းသားများဟာ နီးစပ်ရာတွင် ဆွေမျိုးညာတိတွေ အိမ်မှာနေရင်နေ မဟုတ်ရင်လည်း ဘုန်းကြီးကျောင်းများမှာလည်း တည်းခိုနေထိုင်ပြီး ကျောင်းတက်ကြရတာ။ သူတို့အတွက် နေစရိတ် စားစရိတ်သက်သာအောင် ကြံဖန်လုပ်ရတာ။ အဲဒါကို အပြင်ကနေ ကျောင်းလာတက်လို့မရဘူး။ အားလုံး အဆောင်နေကြရတယ်ဆိုတော့ နယ်ကလာကျောင်း တက်ရတဲ့ ကျောင်းသားတွေအတွက် အဆောင်ကြေး၊ ထမင်းလခ စတာတွေ အပိုကုန်ရကျရတော့မယ်ပေါ့။ ဒီအချက်ကလည်း ဆင်းရဲသား သားသမီးတွေ တက္ကသိုလ်ကိုရောက်မလာစေချင်တဲ့ သဘောပဲဆိုတာ ထင်ရှားနေတယ်။ အဲသလိုဆိုတော့ ကျောင်းသားမိဘတွေကရော ကျောင်းသားတွေကပါ မကျေမနပ် ဖြစ်ကြတယ်။ ဒီဥပဒေကို မပြဋ္ဌာန်းဖို့ ကန့်ကွက်ကြတယ်။ အဲဒီကြားထဲက ကိုလိုနီအစိုးရဟာ ငါ့အစိုးရပဲ၊ ငါ့အာဏာရှိတဲ့သူပဲဆိုပြီး ဇွတ်အတင်း ပြဋ္ဌာန်းဖို့ လုပ်တယ်။ ဒီမှာတင် တက္ကသိုလ်ကျောင်းသားတွေကစပြီး သပိတ်မှောက်ကြတော့ တာပဲ။ ကျောင်းမတက်ကြတော့ဘဲ ရွှေတိဂုံဘုရားခြေရင်း ဗဟန်းဘက်က ဘုန်းကြီးကျောင်းတွေ တန်ဆောင်းတွေ၊ ဇရပ်တွေမှာ သွားရောက် သပိတ်စခန်းဖွင့် ကြတယ်။ တဖြည်းဖြည်းနဲ့ အင်အားကြီးထွားလာတယ်။ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ တစ်ပြည်လုံးက ကျောင်းသားတွေ ဒီသပိတ်မှာ ပါဝင်လာတယ်။ နောက်တော့ ကျောင်းသားတွေတင်မကတော့ဘဲ ရဟန်းရှင်လူ မိဘပြည် သူတစ်ရပ်လုံး သပိတ်မှာ ပါဝင်လာတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ကိုလိုနီအစိုးရ လက်ထက်မှာ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြီးကျယ်တဲ့ အရေးတော်ပုံကြီး ဖြစ်ပွားခဲ့တော့တယ်။ ဒီအရေးတော်ပုံကြီးမှာ အောင်မြင်မှုတွေ တော်တော်များများ ရလိုက်တယ်။ တချို့ ကိစ္စတွေကို ကိုလိုနီအစိုးရက လိုက်လျောခဲ့တယ်။ အဓိကကျတဲ့ အောင်မြင်မှုကြီးကတော့ အမျိုးသားကျောင်းတွေ ပေါ်လာတာ၊ ပြည်သူလူထုရဲ့ နိုင်ငံရေးရေချိန် (မျိုးချစ်စိတ်ဓာတ်)ကို မြင့်တင် ပေးနိုင်ခဲ့တာပဲဖြစ်တယ်။ ဒါကြောင့် ၁၉၂၀ ဒီဇင်ဘာလ (၅)ရက်၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက် ကျောင်းသားနေ့တွေ သပိတ် စတင်မှောက်တဲ့နေ့ကို အမျိုးသားအောင်ပွဲနေ့ရယ်လို့ သတ်မှတ်ခဲ့ရတာပဲ။

ဒုတိယအရေးတော်ပုံကြီးကတော့ '၁၃၀၀ ပြည့် အရေးတော်ပုံ'ကြီးပဲ။ ဒီအရေးတော်ပုံကို ရေနံမြေက စတင်လိုက်တာပါ။ အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီအစိုးရဟာ ရေနံမြေ အလုပ်သမားကြီးတွေကို မတရားခိုင်းစေ၊ ရေနံမြေတစ်နှစ် တစ်နှစ် အမြတ်ငွေတွေကို အမြောက်အမြား ရယူနေပေမယ့် အလုပ်သမားတွေကိုပေးတဲ့ လုပ်အားခဟာ တစ်နှစ်လုံးမှ အနည်းငယ်သာဖြစ်တယ်။ လုပ်အားနဲ့ လုပ်ခဟာ ဘယ်လိုမှမတန်ဘူး။ အင်မတန် ကျဉ်းမြောင်းတဲ့ အခန်းကျဉ်းကလေးမှာ မိသားစု ကျပ်ကျပ်တည်းတည်း နေကြရတယ်။ ရေနံကို ထုတ်လုပ်ပေးတဲ့ ရေနံလုပ်သားကြီးတွေရဲ့ အခန်းတွေမှာ ရေနံမီးအိမ်ကလေးတောင် မထွန်းရှာပါဘူး။ သူတို့ ဘီအိုစီအရာရှိတွေရဲ့ အိမ်မှာတော့ မီးတွေ ထိန်ထိန်လင်းလို့၊ မတရားမှုတွေဟာ တစ်နေ့တခြား ဒီရေအလား တိုးတက်နေတယ်။ ဒီလိုနဲ့ တစ်နေ့တော့ ဘီအိုစီ အရာရှိများဟာ ရေနံမြေ အလုပ်သမားတစ်ဦးဖြစ်တဲ့ ဦးခင် (သခင် ခင်)ကို ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲနဲ့ အလုပ်ကထုတ်ပစ်လိုက်တယ်။ ဒါဟာ ယမ်းပုံပေါ် မီးပွားကလေးတစ်ပွင့် ချပေးလိုက်တာပါပဲ။ နဂိုကတည်းက နယ်ချဲ့ကိုလိုနီ အစိုးရအပေါ် ရေနံမြေက အုပ်ချုပ်သူ မျက်နှာဖြူအရာရှိတွေအပေါ် မကျေမနပ်ဖြစ်နေတဲ့ ရေနံမြေအုပ်သမားတွေရဲ့ ပစ္စည်းမဲ့ဒေါသဟာ အကြီးအကျယ် ပေါက်ကွဲပါတော့တယ်။ မတရားအလုပ်ထုပ်ခံရတဲ့ ဘ၀တူ အလုပ်သမားဦးခင်အတွက် ရေနံမြေအလုပ်သမားတွေ ကန့်ကွက်ဆန္ဒပြကြ တယ်။ ရေနံမြေအလုပ်သမားတွေဟာ ရေနံမြေမှာ ဆန္ဒပြရုံတင်မဟုတ်ပါဘူး။ နယ်ချဲ့မျက်နှာဖြူအစိုးရရုံးစိုက်ရာ ရန်ကုန်မြို့အထိ ချီတက် ဆန္ဒပြကြတယ်။ (သပိတ် သပိတ် မှောက် မှောက်၊ မီးတုတ် မီးတုတ် ရှို့ရှို့) ဆိုတဲ့ ရေနံမြေ အလုပ်သမားတွေရဲ့ ကြွေးကြော်သံဟာ ချီတက်ရာ လမ်းတစ်လျှောက်မှာ အုန်းအုန်းခြိမ့်ခြိမ့် ညံ့လို့ပါပဲ။ ဒေါသအကြီးအကျယ်ထွက်နေတဲ့ ရေနံမြေအလုပ်သမားထုကြီးဟာ လမ်းခရီးမှာ ကြုံတွေ့ရတဲ့ အခက်အခဲ မှန်သမျှကို ရင်ဆိုင်ကျော်လွှားခဲ့ကြတယ်။ မကွေးမြို့ အရောက်မှာ ဆန္ဒပြသမားတွေ ရှေ့ဆက်မချီတက်နိုင်အောင်လို့ နယ်ချဲ့ကြေးစား မြင်းစီးပုလိပ်တွေက ဟန့်တားကြတယ်။ အဲဒီမှာ သခင်ဗဟိန်း အလုပ်သမားတွေကို 'ရဲဘော်တို့ ရှေ့ဆက်ချီတက်ကြပါ'လို့ ပြောပြီးနယ်ချဲ့ ပုလိပ်တွေကို 'မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်'လို့ ကြုံး ဝါးလိုက်တယ်။ ဒီကြုံးဝါးသံဟာ ဆန္ဒပြအလုပ်သမားတွေကို အားတက်စေပြီး နယ်ချဲ့သမားနဲ့ သူ့နောက်လိုက်တွေကို ကြောက်ဒူးတုန်စေခဲ့ပါတယ်။ ဒီဆန္ဒပြပွဲတွေဟာ ရေနံမြေအလုပ်သမားတွေ စတင်ခဲ့တဲ့ အလုပ်သမားအရေးအခင်းတစ်ခု ဖြစ်ပေမယ့် နောက်ဆုံးတော့ လယ်သမားတွေ . . . ကျောင်းသားတွေပါ ပါဝင်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးအရေးတော်ပုံကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဒီအရေးတော်ပုံ ကြီးဟာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ မကြာတော့ မီကာလမှာ 'စိန်ရတု' ကို ရောက်ပါတော့မယ်။

တတိယအရေးတော်ပုံကြီးကတော့ ပူပူနွေးနွေး ပဲရှိပါသေးတယ်။ မြန်မာပြည်တင်မက ကမ္ဘာကျော်သွားတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးပါပဲ။ ဒီအရေးတော်ပုံကြီးဟာလည်း တကယ်တော့ သေးငယ်တဲ့အဖြစ်အပျက်ကလေးက အစပြုခဲ့တာပါပဲ။ လက်ဖက်ရည်ဆိုင်မှာ စက်မှုကျောင်းသားတစ်ယောက်နဲ့ အရပ်သား လူငယ်တစ်ယောက်ဆိုင်ရှင်ကို သီချင်းခွေအရင်ဖွင့်ခိုင်းရင် အချင်းများကြတာ။ အရပ်သားလူငယ်က ရမ်းရမ်းကားကားလုပ်လို့ ကျောင်းသားတွေက ရဲကိုတိုင်တယ်။ အဲဒါ ရဲက အရပ်သားလူငယ်ကို ကောင်စီလူကြီးရဲ့သား ဆိုပြီး အရေးမယူဘူး။ အဲဒါသာကြည့်တော့။

အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်ဟာ လူထုကို မထီမဲ့မြင်ပြုကြတာ။ ဒီတော့ ကျောင်းသားတွေဟာ ဒေါသဖြစ်ပြီး လူစု ဟိုကိုဝိုင်း ဒီကိုဝိုင်း ဖြစ်ကြတာ။ အဲဒီ အခြေအနေမှာ ပြည်သူလူထုကြီးတစ်ရပ်လုံးက ဖ. ဆ. လ စစ်အစိုးရရဲ့ ဖိနှိပ်မှုကို အနှစ်နှစ်ဆယ်ကျော် ဒုက္ခအမျိုးမျိုး လိုမ့်ခံရလို့ အစိုးရ ကို အကြီးအကျယ် မကျေမနပ်ဖြစ်ကြတာ။ လူတွေက မကျေနပ်တာ၊ ဒေါသဖြစ်တာလည်းမပြေနိုင်။ တိုင်းပြည်ဖွံ့ဖြိုးဖို့ အရှိန်ရကာစ စက်မှုလုပ်ငန်းတွေ အစ



www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀ပြည့်

# အရေးတော်ပုံ

စိန်ရတုမင်္ဂလာ

ပျိုးကာစ အချိန်ကောင်းမှာမှ ပြည်သူလူထုက တင်မြှောက်ထားတဲ့ အစိုးရကို ဖြုတ်ချခဲ့တယ်။ အာဏာသိမ်းတယ်။ စီးပွားရေးလုပ်ငန်းမှန်သမျှကို ပြည်သူပိုင်သိမ်း၊ ပြည်သူက တင်မြှောက်ထားတဲ့အစိုးရကို အကာအကွယ်ပေးရမယ့် စစ်တပ်က အစိုးရကို ဖြုတ်ချခဲ့တဲ့လုပ်ရပ်ဟာ နိုင်ငံတော်သစ္စာဖောက်မှုကြီးပဲ။ တိုင်းပြည် ချောက်ထဲကျတော့မှာမို့လို့ အာဏာသိမ်းရတာပါဆိုတဲ့ အကြောင်းပြချက်ဟာ အလွန်ရယ်စရာကောင်းတဲ့ 'ပြက်လုံး'ပါပဲ။ တကယ်တော့ 'ရှေ့နေကယ် မှ ထောင်လုံးလုံးကျ'ဆိုတဲ့အဖြစ်မျိုးပါ။ အရပ်သားအစိုးရ လက်ထက်မှာထက် ဗိုလ်နေဝင်းတို့ စစ်အစိုးရလက်ထက်မှာထက် ဗိုလ်နေဝင်းတို့ စစ်အစိုးရလက်ထက်မှာမှ ပြည်သူလူထုဟာ ဒုက္ခလှလှကြီး တွေ့တော့တာ။ ရာသီဥတုကလည်းကောင်း၊ မြေဩဇာကလည်းကောင်း၊ သဘာဝ သယံဇာတ အရင်းမြစ်တွေကလည်း အလျှံပယ်ကြွယ်ဝတဲ့ မြန်မာနိုင်ငံဟာ ဒင်းတို့စစ်အစိုးရလက်ထက်ရောက်မှပဲ **LDC** နိုင်ငံဖြစ်ရတော့တယ်။ တိုးတက်ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ **LDC** နိုင်ငံလို့ပြောတာဟာ ကြားကောင်းအောင်လို့ ယဉ်ယဉ်ကျေးကျေးပြောတာ။ ရှိုင်းရှိုင်းပြောရရင် သူတောင်းစားနိုင်ငံပါပဲ။ အရှေ့တောင်အာရှမှာ အကြွယ်ဝဆုံးဖြစ်တဲ့ မြန်မာနိုင်ငံ က အခုလိုအခြေအနေဖြစ်သွားတာကို ကမ္ဘာက အံ့တော့်ကို အံ့သြသွားကြတယ်။

'အမွှဲတကာ့ထွဋ်ခေါင် ဖွတ်မင်းနောင်'လို့ပဲ ပြောရမလား။ 'ဖွတ် ဖိုးအေ' မ. ဆ. လ စစ်အစိုးရဟာ ပြည်သူတွေရဲ့ စားဝတ်နေရေး အခြေခံလိုအပ်ချက်ကိုတောင် မဖြည့်ဆည်းပေးနိုင်တဲ့ အစိုးရ။ မုံရွာသား 'အစ်ကိုကြီးအံ့'ရဲ့ စကား ကို ငှားပြောရရင် ဗိုလ်နေဝင်း စစ်အစိုးရဟာ လိမ်-နှိမ်-ဖိမ် အစိုးရပဲ။ ပြည်သူကို လိမ်တယ်။ ဆိုရှယ်လစ်ဝါဒမဟုတ်တာကို ဆိုရှယ်လစ်ဝါဒပါလို့ စပြီးလိမ်တယ်။ ပြည်သူတွေက မကျေနပ်လို့ ဆန္ဒပြရင် သေနတ်နဲ့ ပစ်ခတ်ပြီး နှိမ်နင်းတယ်။ ပြည်သူတွေက ငတ်ပြတ်ပြီး ဆင်းရဲတွင်း နက်သထက်နက်လာလို့ ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ ပြည်သူတွေရဲ့ဘဝကိုလျစ်လျူရှုပြီး သူ တို့ကတော့ စည်းစိမ်အမျိုးမျိုးနဲ့ 'ဖိမ်'ကျနေခဲ့ကြတယ်။ ဖ. ဆ. လ စစ်အစိုးရရဲ့ သမိုင်းကို လိမ်-နှိမ်-ဖိမ် သမိုင်းပဲလို့ ပြောရမှာပါပဲ။ အဖိနှိပ်ခံပြည်သူလူထုဟာ ကြက်ခြင်းထဲက ကြက်တွေ မဟုတ်ပါဘူး။ အာဏာရှင်တွေ ပြုသမျှနုကြရမယ့် သတ္တဝါတွေမဟုတ်ပါဘူး။ အချိန်မတန်လို့ ဘာမှမဖြစ်သေးတာကို အုပ်စိုးသူရှူတန်းစားက သူတို့ကိုယ်သူတို့ အဟုတ်ကြီးထင်နေခဲ့တယ်။ ရှစ်ဆယ့်ရှစ် အရေးတော်ပုံကြီးအစ စက်မှုကျောင်းသားတွေနဲ့ အရပ်သားလူငယ်လေးတွေဖြစ်ကြတဲ့ ရန်ပွဲဟာ စစ်အစိုးရပြုတ်ကြဖို့ ကြမ္မာငင်လာတာပဲ။ ကျောင်းသားတစ်စုရဲ့ လှုပ် ရှားမှုကနေ ကျောင်းသားထုကြီးရဲ့ လှုပ်ရှားမှုဖြစ်လာတယ်။ ကျောင်းသားထုကြီးရဲ့ လှုပ်ရှားမှုကနေ လူထုလှုပ်ရှားမှုကြီးဖြစ်လာတယ်။ နောက်ဆုံးတော့ အုပ်စိုးသူလူတန်းစားက ဘယ်လိုမှ ဟန့်တားလို့မရတဲ့ အရေးတော်ပုံကြီးဖြစ်လာတယ်။ ဒီအရေးတော်ပုံကြီး အတွက် ရဟန်းရှင်လူ ပြည်သူ လူငယ် ကျောင်းသား ကျောင်းသူ အမြောက်အမြား အသက်ပေးသွားခဲ့ရတယ်။ ၈၈ အရေးတော်ပုံကြီးဟာ အလွန်အရင်းအနှီးကြီးမားတဲ့၊ တန်ဖိုးကြီးမားတဲ့ အရေးတော်ပုံကြီးပါ။ အရင်းအနှီးကြီးကြီးမားမားပေးရတဲ့အတွက်၊ တန်ဖိုးကြီး ကြီးမားမား ပေးရတဲ့အတွက် အရေးတော်ပုံကြီးရဲ့ ရလဒ်ဟာလည်း ရလဒ်ကောင်း ဖြစ်ခဲ့တယ်။ စစ်အစိုးရကို ရာဇပလ္လင်ပေါ်က ဆွဲချနိုင်ခဲ့တာဟာ အရေးတော်ပုံရဲ့ အကြီးမားဆုံး အောင်မြင်မှုကြီးပါပဲ။

အရေးတော်ပုံတွေကို သမိုင်းအမြင်နဲ့ ကြည့်တဲ့အခါ အရေးတော်ပုံဟာ အလိုအလျောက် ပေါ်ပေါက်လာခဲ့တာမဟုတ်ပါဘူး။ သမိုင်းရေးတောင်းဆိုမှုကို ငြင်းပယ်သူတိုင်းဟာ သမိုင်းရဲ့ဒဏ်ခတ်မှုကို ခံစားရပြီး နောက်ဆုံးမှာ သမိုင်းရဲ့ နိဂုံးချုပ်ပေးမှုကို ခံသွားရသူချည်းပါပဲ။ဖောက်ပြန်ရေးသမားဆိုတာ ကိုယ့်အမျိုးသား အစိုးရပဲဖြစ်ဖြစ်၊ တိုင်းတစ်ပါး အမျိုးသားပဲဖြစ်ဖြစ်၊ ပြည်သူလူထုကိုနှိပ်စက်တာ၊ ဖိနှိပ်ချုပ်ချယ်ကြတာဟာ အတူတူပါပဲ။ ကိုယ့်အမျိုးသား အစိုးရမို့ ကိုယ့်ကို ညှာလိမ့်မယ်လို့ လျှော့တွက်လို့ မရဘူး။ ဒါကို အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့အစိုးရ၊ ကိုယ့်အစိုးရတွေဖြစ်တဲ့ မ. ဆ. လ အစိုးရ၊ န. ဝ. တ အစိုးရ၊ န. အ. ဖ အစိုးရများရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်များက အထင်အရှား သက်သေပြခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့ အစိုးရ မိမိတို့ရဲ့ အစိုးရတွေဖြစ်တဲ့ မ. ဆ. လ အစိုးရ၊ န. ဝ. တ၊ န. အ. ဖ အစိုးရများကို သမိုင်းနိဂုံးချုပ်ပေးခဲ့ပြီ။ ဖောက်ပြန်တဲ့ အစိုးရများကို အရေးတော်ပုံကြီးတွေက ဖယ်ရှားပစ်တတ်ပြီး သမိုင်းက နိဂုံးချုပ်ပေးတတ်တယ် ဆိုတဲ့အချက်ဟာ အလွန်လေးနက် မှန်ကန်တဲ့ ထာဝရသစ္စာတရားပဲဖြစ်ပါတယ်။

ဖော်နောင်

www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ပြည့် ရေနံမြေ သပိတ်မှောက်အရေးတော်ပုံနှင့် ဗမာတစ်နိုင်ငံလုံး သပိတ်မှောက်ကျောင်းသားများ အရေးတော်ပုံကြီးတွင် မိမိ ကိုယ်တိုင်ပါဝင်လှုပ်ရှားခြင်းမှတ်တမ်းအကျဉ်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုကြီးနှင့် သခင်ခေါင်းဆောင် သခင်ဖေကြီး၊ သခင်ဗတင်ပါ အားလုံးတို့အားဖမ်းပြီး မကွေးထောင်မှာ အကျဉ်းချခြင်း၊ ထိုအချိန်တွင် သပိတ်တပ်ဖွဲ့ကြီးကိုအားပေးရန် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများ၊ သပိတ်ခေါင်းဆောင် ကိုဘဟိန်း(ဥက္ကဋ္ဌ)နှင့် အတွင်းရေးမှူး ကိုဘဆွေကိုသပိတ်တပ်ဖွဲ့ကြီးကို အားပေးတရားပွဲ ပြုလုပ်စဉ် သခင်စိုးပါအဖွဲ့အား မကွေးထောင်ကြီး၌ အကျဉ်းချလိုက်ကြောင်းသတင်းကို ကြားလျှင်ကြားချင်း မြန်မာတစ်နိုင်ငံ လုံးရှိကျောင်းများအားလုံးလိုလို သပိတ်မှောက်ကြသည်။ ဖမ်းထားသော ခေါင်းဆောင်တွေ အမြန်လွှတ်၊ ပုဒ်ထီးပုဒ်မအလိုမရှိ အရေးတော်ပုံအောင်ရမည်ဟု ကြွေးကြော်သံများအော်ဟစ်ကြသည်။

၄။ (၁၉၃၈)ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်တွင်ရန်ကုန်မြို့ရှိ တက္ကသိုလ် ကျောင်းသားများ ခွပ်ဒေါင်းအလံများ ကိုင်ဆောင်၍ ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးကြီးကို ဝိုင်းဝန်းဆန္ဒပြကြရာ ပုလိပ်များက မြင်းနှင့်တိုက်၊ နံပါတ် တုတ်နှင့် ရိုက်နှိမ်နင်း၍ တက္ကသိုလ် ကျောင်းသားကိုအောင်ကျော် သေဆုံးရကြောင်း ဗမာပြည်တစ်ပြည်လုံးပြန့်နှံ့သွားပြီး ပြည်သူများအားလုံး ယူကြုံးမရ ဖြစ်ရပါတော့သည်။

ကျွန်တော်၏ သူငယ်ချင်းမှတ်ကြီးဆိုသူသည်
စက္ကူထုပ်တစ်ခုကို ကိုင်လာ၍
ကျွန်တော်ထံမှ ကြွေးကြော်သံများရေးသားထားသော
စာရွက်ကို တောင်းပြီး ပါလာသော
ခွေးလျှားသီးမှုန့်များကို စာရွက်ထဲထည့်ကာ
စားပွဲအောက်ဝင်ပြီး ရေနံ့ဝန်၏
ဘောင်းဘီကြားထဲ မှုတ်ထည့်၍ မနေနိုင်တော့ဘဲ
ဆေးရုံသို့ထွက်သွားရခြင်းကြောင့်

၅။ ထိုသတင်းများကို ကြားရတဲ့နေ့ကစ၍ ဗမာတစ်နိုင်ငံလုံးရှိ ကျောင်းများအားလုံးလိုလို သပိတ်မှောက်ပြီဟုသိရသည်။ ကျွန်တော်များသင်ကြားနေသော ဆိပ်ဖြူမြို့ဦးဝိသုဒ္ဓ အလယ်တန်းကျောင်း၊ တဖန်သပိတ်မှောက်ပြီဟု ကျွန်တော်ကိုယ်တိုင် ချောက်မြို့ရေနံမြေ စာပုံနှိပ်တိုက်တွင် ကြော်ငြာ(၁၅၀)ခန့်ရိုက်ပြီး မြို့တွင်း သပိတ်မှောက်လှည့်လည်ရင်း ကြော်ငြာများဝေငှပြီး မကွေးထောင်မှာအကျဉ်းချထားသော ရန်ကုန်မှ ကျောင်းသားခေါင်းဆောင်ကိုဘဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့ကို လွှတ်ပေးလွှတ်ပေး၊ တက္ကသိုလ်ကျောင်းသား ကိုအောင်ကျော်ကျဆုံးရတာ အလိုမရှိ။ သပိတ် သပိတ် မှောက်မှောက်သခင်မျိုးဟေ့ ဒို့ဗမာအရေးတော်ပုံအောင်ရမည်- အောင်ရမည်ဟု မြို့တွင်းသို့စီတန်းလှည့်လည်၍ အော်ဟစ်ကြသည်။

၆။ နောက်နေ့မနက်တွင် ကျွန်တော်သည် ချောက်မြို့အေးစေတီကျောင်း သားသပိတ်ခေါင်းဆောင်ဖြစ်သူဦးကေသရကြီးနှင့် ဆက်သွယ်ရန်နှင့် အကူအညီတောင်းထွက်လာရာ ချောက်ရဲဌာနဝင်းအပြင်ဘက်တွင် ပုလိပ်မြင်းစီးတပ်နှင့် နံပါတ်တုတ်ကိုင်ပုလိပ်များတွေ့၍ အခြေအနေဟန်ပုံမပေါ်တဲ့အတွက် ၎င်းတို့နှင့် ဝေးအောင်သွား၍ လမ်းမကြီးအရောက်တွင် အေးစေတီဘက်မှ ချီတတ်လာသောကျောင်းသားသပိတ်မှောက်များတွေ့၍ ၎င်းတို့နှင့်အတူ ရောတန်းစီချီတတ်သွားရာ စောစောကပုလိပ်များအနီးအရောက်တွင် ၎င်းတို့ကရှေ့ဆက်မသွားရန် အမျိုးမျိုးတားမြစ်ခြင်း၊ အမျိုးမျိုးအကြမ်းဖက်နှိမ်နင်းပြီး ပုလိပ်ဌာနသို့ဖမ်းခေါ်သွား၍ သပိတ်မှောက်ကျောင်းသားများအားလုံး ပုလိပ်ဌာန ဝင်းအတွင်း ပြည့်လျှံသွားပြီး၊ များမကြာမီ ရေနံ့ဝန်ဆိုသူ ကားဖြင့်ရောက်လာပြီး စားပွဲတွင် ဝိုင်းရပ်စေပြီး ၎င်းက မောင်မင်းတို့အထဲက ခေါင်းဆောင် ဘယ်သူလဲပြောပါ။ ကျွန်တော်တို့ အားလုံး ခေါင်းဆောင်ဟု အော်ဟစ်ပြောနေ၍ ငြိမ်ငြိမ် နေကြ၊ ကောင်းကောင်း မပြောရင်အားလုံး ထောင်ချပစ်မယ်ဟု ပြောနေခိုက် ကျောင်းသားများ ရုတ်ရုတ်သဲသဲဖြစ်နေ ခိုက် ရေနံ့ဝန်ဆိုသူမှာ ငြိမ်ငြိမ် ထိုင်မနေနိုင်တော့ဘဲ ဟိုကုတ်ဒီကုတ်နှင့် ပွတ်သပ်ပြီး မောင်မင်းတို့ကိုမနက်ဖြန်စစ်မယ်။ ကျွန်ုပ် ယားနေ၍ ဆေးရုံသွားမယ်ဟုပြောပြီး ထွက်သွားသည်။ ရေနံ့ဝန်ဆိုသူ ယကျွလိုဖြစ်ရခြင်းသည် ကျွန်တော်၏ သူငယ်ချင်း မှတ်ကြီး ဆိုသူသည် စက္ကူထုပ်တစ်ခုကို ကိုင်လာ၍ ကျွန်တော်ထံမှကြွေးကြော်သံများ ရေးသားထားသော စာရွက်ကိုတောင်းပြီးပါလာသော ခွေးလျှားသီးမှုန့်များကို စာရွက်ထဲထည့်ကာစားပွဲအောက်ဝင်ပြီး ရေနံ့ဝန်၏ ဘောင်းဘီကြားထဲမှုတ်ထည့်၍ မနေနိုင်တော့ဘဲ ဆေးရုံ သို့ထွက်သွားရခြင်းကြောင့် ဒို့သပိတ်တိုက်ပွဲကြီး အောင်ပြီ အောင်ပြီဟု ကခုန်ဟစ်အော်ကြွေးကြော်လျက် သပိတ်စခန်းကို ပြန်၍ အနားယူကြသည်။

၇။ ကျွန်တော်လည်း ဆိပ်ဖြူသပိတ်စခန်းသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



အနားယူအိပ်သည်။ နောက်တစ်နေ့တွင် ချောက်မြို့သို့သွား၍ ရေနံချောင်းထွက်မည့်ကားစီး၍ ရေနံချောင်းသို့သွားရာ ညနေ(၄)နာရီခန့်ရောက်သည်။ ရေနံချောင်းကျောင်းသားသပိတ်ခေါင်းဆောင် သခင်ခင်ဇော်နေသော ဆုံးတိုက်ရပ်သွားပြီး သခင်ခင်ဇော်အားကျွန်တော် ဆိပ်ဖြူမြို့ ဦးဝိသုဒ္ဓကျောင်းသပိတ်မှောက် ကျောင်းသားများ စားဝတ် နေရေးကိစ္စ အခက်အခဲရှိနေ၍ ကူညီပါရန်ဟုပြောရာ ၎င်းကဒီညဒီမှာပဲအိပ်ပါ။

မနက်ကျရင် ကျွန်တော်တို့ ရေနံချောင်းဈေးထဲသွားအလှူခံကြတာပေါ့ဟု ပြောသည်။

၈။ နောက်တစ်နေ့မနက် (၈)နာရီခန့်တွင် ကျွန်တော်နှင့်သခင်ခင်ဇော်ပါ(၄)ယောက်တို့သည် ဦးထုပ်များနှင့် ရေနံချောင်းဈေးထဲ လျှောက်အလှူခံရာတွင် အင်္ဂလိပ်ငွေ (၅၅/)ရ၍ ကျွန်တော့သပိတ်စခန်းရှိရာ ဆိပ်ဖြူမြို့သို့ပြန်ခဲ့သည်။

(၁၉၃၉)ခုနှစ်တွင် ကျောင်းသားသပိတ်ကြီး ပြန်လှန်ပြီး ဗမာတစ်နိုင်ငံလုံး အေးချမ်းပြီဟုသိရ၍ ကျွန်တော်၏အစ်ကိုဖြစ်သူ ကိုမြတ်ကျော် ချောက်မြို့နယ်၊ နယ်ခြားသရော်ကုံးရပ်တွင် **(BBPC)** ရေနံကုမ္ပဏီမှာ အလုပ်လုပ်နေသူက ဒို့အရပ်မှာ ကုမ္ပဏီက ကျောင်းဖွင့်ပေးတော့မယ်။ ငါ့ညီ ကျောင်းထွက် လက်မှတ်ယူပြီးလိုက်ခဲ့ရန် ခေါ်၍ မိမိနေသောကျောင်းမှ သတ္တမတန်းကျောင်းပြောင်းလက်မှတ်ကို တောင်းပြီး လိုက်သွားပါသည်။ ထိုကျောင်းတွင် စနေခွင့်ရရာ ကျွန်တော်ပါ သတ္တမတန်းကျောင်းသား (၂) ယောက်ရှိပါသည်။ ကျွန်တော်ကိုယ်တိုင် ချောက်မြို့ရှိ အာဇာဝကသခင်ဘိုးလှကြီးနှင့် သွားတွေ့ရာ ကျောင်းသားများစု၍ ရေနံမြေ လက်ရုံးတပ်ထောင်ရန် တာဝန်ပေးလိုက်သည်။ ရေနံမြေအာဇာဝက သခင်ဘိုးလှကြီး၊ သခင်အုံးဖေကြီးတို့ ကြီးမှူးသော ဒို့ဗမာအစည်းအရုံးက ရေနံမြေ လက်ရုံးတပ်ဖွဲ့ရန် လူလို၍ ကျွန်တော်တို့ကို လာစည်းရုံးရာ ကျွန်တော်နှင့်ကိုမြအောင် ရေနံမြေလက်ရုံး တပ်ဖွဲ့ဝင်ကြသည်။ ကျွန်တော်တို့အား ရေနံချောင်းမှဦးကိုလေးဆိုသူကSide Drumအတီးသင်ပေးခြင်း၊ အပ္ပနားရေနံအလုပ်သမား ဘောလုံးကန်သမားအား ဘင်ကြီးတီးခွင့်၊ ကိုစောအေးအား ရင်ကွင်းတီးခွင့်၊ သခင်သိန်းမောင်အားဖြူကလာ အမှုတ်သင်ပေး၍ ကျွန်တော်များ ရေနံမြေလက်ရုံး တပ်ဝတ်စုံမှာ ရှားရောင်ဘောင်းဘီတို၊ ရှပ်အင်္ကျီအနီလက်တိုနှင့် လက်မောင်းတံဆိပ် အစိမ်းရောင်အောက်ခံပေါ်တွင် အဖြူရောင်တူသဇင်တံဆိပ် အဖြစ်ဝတ်ဆင်ရသည်။

၁၀။ ထိုသို့ ရေနံမြေလက်ရုံးတပ်ကြီးဖွဲ့ပြီး တစ်နေ့တာတွင် အာဇာဝက သခင် ဘိုးလှကြီးနှင့် သခင်အုံးဖေကြီးတို့ ကြီးမှူး ပြုလုပ်သော ဒို့ဗမာအစည်းအရုံး၏ လွှတ်တော်အစည်းအဝေးပွဲကို ချောက်မြို့ မြို့မကွင်းပြုလုပ်၍ ကျွန်တော်တို့ရေနံမြေလက်ရုံးတပ်ရုံးဦးဆောင်၍ ချောက်ဈေးပတ်ပြီး ပျဉ်းမလမ်းအတိုင်း ချီ တတ်ပွဲ တတ်ရောက်ခြင်း၊ အခါအားလျော်စွာ ဧည့်ခံပွဲများလုပ်ရာတွင် ကျွန်တော်တို့ရေနံမြေ လက်ရုံးတပ် အမြဲလိုလိုပါပါသည်။

၁၁။ (၁၉၄၁)ခုနှစ်စတွင် ဂျပန်လေယာဉ်က ကသာထောင်ကို လေယာဉ်ဖြင့်ဗုံးကျဲ၍ သခင်များနှင့် ထောင်သားများ အားလုံးလွတ်မြောက်သွားကြောင်း သိရသည်။ အာဇာဝက သခင်ဘိုးလှကြီးနှင့် သခင်ဖေကြီးတို့အား အချုပ်ဖြင့် မော်လိုက်ထောင်ပို့လိုက်ပြီဖြစ်ကြောင်း သိရ၍ ရေနံလုပ်သား သခင်သာထွန်းဆိုသူက ၎င်းတို့အား မြစ်ကြီးမော်လိုက် ဖော်တစ်သိုက်နှင့် ပျော်ပိုက်ပါစေ။ ဒို့မိတ်ဆွေဟုဆောင်းပါးရေးပို့ကြောင်း သိရသည်။ မရှေးမနှောင်းမှာပဲ ဂျပန်စစ်တပ်ကြီး ဗမာပြည်၊ မြိတ်၊ ထားဝယ်မှ ဝင်လာနေကြောင်း ကြားသိရ၍ ကျွန်တော်တို့နေသောကျောင်းအား ရက်အကန့်အသတ်ရှိမောင်မြအောင်ကိုအား သတ္တမတန်း စာမေးပွဲ အအောင်ပေးလိုက်သည်။ ကျောင်းသားအားလုံး မိမိတို့နေရပ်သို့ ပြန်နိုင်သည် ဟုပြောပါသောကြောင့် ကျွန်တော်နှင့်အစ်ကိုဖြစ်သူ ကိုမြတ်ကျော်မိသားစု ဆိပ်ဖြူမြို့သို့ ပြန်ကြသည်။ တစ်ပတ်ခန့်အကြာ ကျွန်တော်တို့ဆိပ်ဖြူမြို့သို့ရောက်ပြီး မျှားမကြာမီ ဂျပန်စစ်တပ်ကြီးနှင့် **(BIA)** ဗမာ့တပ်မတော်ကြီး ဆိပ်ဖြူသို့ရောက်လာပါတော့သည်။ ကျွန်တော်သည် ဗိုလ်စန်ကွန်း၊ ဗိုလ်သိန်းတို့ ဦးစီးသောတပ်တွင် အစ်ကိုဖြစ်သူကိုထွန်းကြိုင်နှင့် ဝင်ခဲ့ကြသည်။

ကျွန်တော့်အနေဖြင့် ဗြိတိသျှတို့လက်အောက်ကျွန်သဘောက်ဖြစ်ခဲ့ရသော်လည်း ၎င်းတို့၏စည်းကမ်းကိုတော့ ယနေ့တိုင် မမေ့နိုင်ပါတော့သည်။. . . .

ဦးသော်၊ အသက် (၉၄)နှစ် (အငြိမ်းစား)
တပ်မတော် (ရေတပ်)
အမှတ် (၁၃၅)၊ ၁၃လမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၁–၅၂၉၁၁၄

www.burmeseclassic.com

www.burmeseclassic.com



# "ကိုင်းထထကြွကြွနဲ့၊ ဝိုင်းကြွပေရော့"

ချစ်ဆောင် (မြည်)

အဲဒီလိုပိန်နိပ်ချုပ်ချယ်မှု အမျိုးမျိုးတွေ
ခံနေကြရတဲ့ အခြေအနေအရပ်ရပ်တွေရဲ့
ဖိစီးမှုအောက်မှာ
တို့ဗမာအစည်းအရုံးကြီးက
သခင်၊ သခင်မတွေဦးဆောင် တဲ့အလုပ်သမား၊
ကျောင်းသား၊ လယ်သမားတွေရဲ့ညီညွတ်တဲ့
(၁၃၀၀)ပြည့် အရေးတော်ပုံ
အထွေထွေ သပိတ်တိုက်ပွဲကြီးဟာ
ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။
ဒီကြေိုတိသျှ နယ်ချဲ့တွေကို အပြင်းထန်ဆုံးနဲ့
အနက်ရှိုင်း သုံးဆန့်ကျင်ခဲ့တဲ့
အမျိုးသားလွတ်မြောက်ရေးနဲ့
နယ်ချဲ့ဆန့်ကျင်ရေး
ပြည်သူ့ဒီမိုကရေစီ လှုပ်ရှားမှုကြီးဆိုတာ
ဘယ်သမိုင်းပညာရှင်မှမေ့ပြင်းနိုင်ပါဘူး။

ဟေမန္တရဲ့ မြောက်ပြန်လေအနွေ့မှာ ဟိုးလွန်ခဲ့တဲ့ (၂၅)နှစ်က ဝါစိမ်းနီ သုံးရောင်ခြယ်ပေါ်၊ တူ၊ တံဇဉ် တပ်ထားတဲ့ အလုပ်သမားထုကြီးရဲ့ အောင်လံတော်ဟာ မြင့်မြင့်မားမား စွင့်စွင့်ငွါးငွါး ကြွားရရားမြင့်တတ်၊ ဘဝင် တိုင်ခဲ့ရဲ့ ချောက်ရေနံမြေကအာဠ္ဌာဝက သခင်ဖိုးလှကြီး တို့ရဲ့ ခေါင်းဆောင်မှုနဲ့ ဗြိတိသျှနယ်ချဲ့တွေရဲ့ ဘီအိုစီ ကုမ္ပဏီကို ဆန့်ကျင်တော်လှန်အာခံခဲ့တဲ့ (၁၃၀၀)ပြည့် အရေးတော်ပုံ တိုက်ပွဲကြီး ဂုဏ်ရောင်ပြောင်ခဲ့ပါတယ် လေ။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲပြီးတဲ့ နောက်ပိုင်းက စပြီး ဗြိတိသျှရေနံကုမ္ပဏီကြီးတွေဟာ မြန်မာနိုင်ငံရဲ့ အရေးပါတဲ့ သယံဇာတရင်းမြစ်၊ ရေနံထုတ်လုပ်ရေးကို အားသွန်ခွန်စိုက် ဇောက်ချလို့ ထုတ်လုပ်ခဲ့ကြပါတယ်။ (၁၉၀၄) ခုနှစ်လောက်ကစပြီး အဲဒီခေတ်ကာလက ခေတ် အမီဆုံးနည်းလမ်းတွေသုံးပြီး ရေနံထုတ်လုပ်ရေးကို တိုးချဲ့ လာခဲ့ကြပါတယ်။ (၁၉၀၈)ခုနှစ်လောက်ကျတော့ ရေနံမြေ ဒေသတွေကနေ မိုင်(၃၀၀)ကျော်ကွာလှမ်းတဲ့ သန်လျင် အထိ ရေနံစိမ်းတွေတင်ပို့ဘို့ ပိုက်လိုင်းကြီးတွေ သွယ် တန်းပြီး သန်လျင် ရေနံချက်စက်ရုံကြီးမှာ သန့်စင်ကာ နိုင်ငံတကာကို တင်ပို့ခဲ့ကြပါတယ်။ ဘီအိုစီကုမ္ပဏီကြီးက မြန်မာ့ရေနံ ထုတ်လုပ်ရေးရဲ့ (၈၀) ရာခိုင်နှုန်းကျော်ကို Monopoly (လက်ဝါးကြီးအုပ်) လုပ်ကိုင်ခဲ့ပါတယ်။ (၁၉၃၉)ခုနှစ်မှာ မြန်မာရေနံမြေကနေပြီး ရေနံစိမ်း တန်(၁)သိန်းကျော် ထုတ်ယူခဲ့ကြတယ်လို့ ဆိုပါတယ်။ ရေနံစိမ်းအဆင့်ကနေပြီး သန်လျင်ရေနံချက်စက်ရုံကြီးမှာ ဓာတ်ဆီ၊ ရေနံဆီ၊ ရေနံချေး၊ ဖယောင်း၊ ကတ္တရာစတဲ့



www.burmeseclassic.com



ကုန်ချောနဲ့ ဘေးထွက်ပစ္စည်းတွေ ထုတ်လုပ်ခဲ့ပြီး ပြည်တွင်း ဈေးကွက်၊အိန္ဒိယဈေးကွက်နဲ့ အခြားကမ္ဘာ့ဈေးကွက်များအထိ တင်ပို့လာနိုင်ပါတယ်။ ဘီအိုစီကုမ္ပဏီကြီး အနေနဲ့ ပါးစပ်နဲ့ပြောပြ၊ စာနဲ့မှတ်တမ်းတင်လို့တောင် မရနိုင်လောက်တဲ့ အကျိုး အမြတ်တန်ဖိုးတွေ ရနေပေမယ့် ရေနံလုပ်သားကြီးတွေရဲ့ လုပ်ခလစာ လုံလောက်ရုံ အဆင့်ကိုတောင် ဂရုမစိုက်ခဲ့ပါဘူး။ အလုပ်သမားထု ရရှိသင့်တဲ့ အလုပ်သမားအခွင့် အရေးတွေဆိုတာ ဝေးလာဝေးခဲ့ရပါတယ်လေ။

အဲဒီလိုဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးတွေ ခံနေကြရတဲ့ အခြေအနေအရပ်ရပ်တွေရဲ့ ဖိစီးမှုအောက်မှာ တို့ဗမာအစည်းအရုံးကြီးက သခင်၊ သခင်မတွေဦးဆောင်တဲ့အလုပ်သမား၊ ကျောင်းသား၊ လယ်သမားတွေရဲ့ ညီညွတ်တဲ့ (၁၃၀၀)ပြည့် အရေးတော်ပုံ အထွေထွေ သပိတ်တိုက်ပွဲကြီးဟာ ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။ ဒါကဗြိတိသျှ နယ်ချဲ့တွေကို အပြင်းထန်ဆုံးနဲ့ အနက်ရှိုင်းဆုံးဆန့်ကျင်ခဲ့တဲ့ အမျိုးသားလွတ်မြောက်ရေးနဲ့နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့ဒီမိုကရေစီ လှုပ်ရှားမှုကြီးဆိုတာ ဘယ်သမိုင်းပညာရှင်မှမငြင်းနိုင်ပါဘူး။

၁၃၀၀ပြည့် နတ်တော်လဆန်း (၉) ရက်။
သမိုင်းတွင်တဲ့ အရေးတော်ပုံကြီးစတင်ရာနေ့။
ချောက်ရေနံမြေကနေ ရန်ကုန်မြို့တော်အထိ။
မိုင်(၄၀၀)ခရီးရှည်။
ရက်ပေါင်း (၄၀)။

ရန်ကုန်ကို (၁၃၀၀)ပြည့် ပြာသိုလဆုတ် (၄) ရက်နေ့မှာ ရောက်ပါတယ်။

မဟာခရီးရှည် **(Great Long March)** ကြီး သမိုင်းမှာ ကဗ္ဗည်းတင်၊ မော်ကွန်းဝင်တဲ့။

"အရေးတော်ပုံကြီး"

အရေးတော်ပုံ ခရီးရှည်ချီတတ်ရာ မြို့တွေရွာတွေမှာ ရှိတဲ့ တောင်သူလယ်သမားထုကြီးက စိတ်ရောကိုယ်ပါ နှစ်ပြီး ရိက္ခာဝေကြိုဆိုကာ သမဂ္ဂစိတ်ဓာတ်ကို ပြခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂက ၊ ရဲဘော်ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုဗဆွေတို့ကလည်းခွပ်ဒေါင်းအောင်လံတော်ကို မြင့်မြင့်မားမားလွှင့်ထူရင်း (၁၃၀၀)ပြည့်အရေးတော်ပုံကြီးကိုကူညီဦးဆောင်ခဲ့ကြပါတယ်။ ရဲဘော်ဗဟိန်းရဲ့ "မြင်းခွာ တစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်" ဆိုတဲ့ တိုက်ပွဲခေါ်သံဟာ ဗြိတိသျှတို့ကို အရိုးထဲ

အလျှုံခံထွက်ရင်းနဲ့
ရှုငယ်ကလေးတွေကို မေးကြည့်မိပါတယ်။
(၁၃၀၀)ပြည့် ရေနံမြေအရေးတော်ပုံကို
သိသလားလို့ မေးတော့ မသိပါဘူးလို့ပြောပါတယ်။
သခင် ဖိုးလှကြီးကိုရော သိရဲ့လားလို့
မေးလိုက်ပြန်ပါတယ်။
ဒီတော့လည်း မသိပါဘူးဆိုတဲ့။
"ဘူးအသင်းတစ်သင်းပေါ် လာလေသလား
အောက်မေ့မိရပါတယ်....."။

အကြောထဲက စိမ့်နေအောင် တုန်လှုပ်သွားစေခဲ့ပါတယ်။ ဒီအရေးတော်ပုံ ခရီးရှည်ချီတတ်ပွဲကြီးဟာတူ၊ တံဇဉ်၊ ခွပ်ဒေါင်းတို့ရဲ့ သွေးစည်းညီညွတ်မှုဆိုင်ရာ ပြယုဂ်ဖြစ်ပါတယ်။

(၁၃၀၀)ပြည့်အရေးတော်ပုံ မဟာတိုက်ပွဲကြီးရဲ့ ရလဒ်ကတော့ ဗြိတိသျှအလိုတော်ရဲ့ ညွန့်ပေါင်း အစိုးရပြုတ်ကျခဲ့ပြီး အလုပ်သမားတွေ အလေးအနက် တောင်းဆိုခဲ့တဲ့ အလုပ်သမားအခွင့်အရေးတွေ ရရှိနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အောင်ပွဲဟာ တိုက်ရဲသူတွေရဲ့ လက်ထဲမှာသာရှိပါတယ်။ (၂၀၁၃)နိုဝင်ဘာ(၂၂)ရက်နေ့ထုတ် "လူထုပုံရိပ်"မှာသိန်းမြင့်ညို ချောက်ရဲ့ "(၁၃၀၀)ပြည့်အရေးတော်ပုံကို သမိုင်းထဲမှာ ချန်ထားကြမှာလား။" ဆောင်းပါးကို ဖတ်ရတော့ အထူးစိတ်မကောင်းဖြစ်ရပါတယ်။ အဲဒီဆောင်းပါးမှာ -----------

(က) "ရန်ပုံငွေအတွက် အလျှုံခံထွက်တော့ မြို့မိမြို့ဖ ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်အမေထွေးက အမြင်သိပ်မကြည်လင်ပါဘူး။ "အေးအေးဆေးဆေးနေကြစမ်းပါတဲ့ " "နောက်ကြောင်းမပြန်ချင်စမ်းပါနဲ့တဲ့။"

(ခ) ခက်နေတာက အရေးတော်ပုံဆိုရင် ကန့်လန့်တိုက်တယ်ထင်နေသလား မသိပါဘူး။ဒီအရေးတော်ပုံဆိုတဲ့ စကားလုံးလေးကြောင့် ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၀၀ပြည့် အရေးတော်ပုံ စိန်ရတုမှတ်တမ်း

မျက်လုံးပေါင်းများစွာ စောင့်ကြည့်နေကြတယ်ထင်ပါတယ်။ ရန်ပုံငွေအလှူခံထွက်တော့လည်း မြို့သူမြို့သားတွေ ကိုယ်တိုင်မဝံ့မရဲဖြစ်နေကြတယ်။

(ဂ) အလှူခံထွက်ရင်းနဲ့ လူငယ်ကလေးတွေကို မေးကြည့်မိပါတယ်။ (၁၃၀၀)ပြည့် ရေနံမြေအရေးတော်ပုံကို သိသလားလို့မေးတော့ မသိပါဘူးလို့ပြောပါတယ်။ သခင်ဖိုးလှကြီးကိုရော သိရဲ့လားလို့ မေးလိုက်ပြန်ပါတယ်။ ဒီတော့လည်း မသိပါဘူးဆိုတဲ့။ " ဘူးအသင်းတစ်သင်းပေါ်လာလေသလား အောက်မေ့မိရပါတယ်. . . . . . "။

သိန်းမြင့်ညို (ချောက်)က အဲဒီလို "ချောက်မြို့မှာ ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကို ရေးဖွဲ့ထားတာမို့ (၁၃၀၀)ပြည့်အရေးတော်ပုံကြီးရဲ့ သမိုင်းဆိုင်ရာတန်ဖိုးတွေဟာ ခုခေတ်မှာ မှေးမှိန်ကုန်သွားကြပြီလား။ တစ်ချို့တစ်ချို့ ပြည်သူလူထုတွေနဲ့ သမိုင်းမသိတဲ့ လူငယ်တွေရဲ့ နှလုံးသားထဲမှာ (၁၃၀၀)ပြည့်အရေးတော်ပုံကြီးရဲ့ စိတ်ဓာတ်ဟာမကိန်းဝပ်နိုင်တော့ဘူးလားဆိုတာ စဉ်းစားခဲ့ပါတယ်။ "သမိုင်းမှာန်တွေ ဖျောက်ခံရတာကလည်း ကြာတောင့်ကြာလှပေါ့ကိုး " ဆိုပြီး ပြန်ဖြေသိမ့်ရပါတယ်။ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသူတွေ၊ သမိုင်းရဲ့အရေးပါတဲ့ တန်ဘိုးကို နားလည်သူတွေ၊ အနေနဲ့ လူငယ်တွေကို သမိုင်းမှန်တွေ လက်ဆင့်ကမ်းပေးဖို့ လိုအပ်နေပြီဆိုတာကိုလည်း ဆင်ခြင်မိလိုက်ရပါတယ်။

ယခုမျက်မှောက်ကာမှာလည်း ရန်ကုန်မြို့တော်နဲ့ဗမာပြည် တနံ့တလျား ဒေသတိုင်းမှာ ခရိုနီကြီးတွေနဲ့ အလုပ်သမားပြဿနာများ လက်ပံတောင်းတောင်ဒေသ၊ လယ်ယာမြေသိမ်းဆည်းလုယူခံရမှု အပါအဝင် တောင်သူလယ်သမားများရဲ့ မူလအခွင့်အရေးထိပါးခံရမှုပြဿနာများ အကြမ်းဖက် အနိုင်ယူဖြေရှင်းနေခြင်းများ၊ မမြင်မတွေ့မကြားချင်အဆုံးရှိနေပါတယ်။ (၂၀၀၈)ဖွဲ့စည်းပုံအသစ် ရေးဆွဲရေးမှာလည်း မလိုလား၊ မရှုစိမ့်နိုင်တဲ့သူတွေရှိနေဆဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်နေဆဲမှာပဲ ၊တခြားတစ်ဖက်မှာ တိုက်ပွဲတွေ ဆက်လက်ရှိနေဆဲဆိုတာကို လည်း ကြားသိနေရပါတယ်။

အဲဒီအချင်းအရာတွေကို ကျွန်တော်တို့နိုင်ငံရေးအင်အားစုတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဖြေရှာနိုင်ရေးအတွက် လက်တွဲမဖြုတ်စတမ်း တညီတညွတ်တည်းလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ခရိုင် (၁၃၀၀)ပြည့်အရေးတော်ပုံ စိန်ရတုအခမ်းအနား ကျင်းပရေးကော်မတီအနေနဲ့ (၂၀၁၃)ဒီဇင်ဘာ(၃၁)ရက်နေ့မှာ အောက်ပါနိုင်ငံရေးဦးတည်ချက်များနဲ့အညီ ပြည်မြို့မှာ (၁၃၀၀)ပြည့် စိန်ရတုသဘင်ကြီးကို အဖွဲ့အစည်းပေါင်းစုံ ပါဝင်ပြီး ကျင်းပသွားကြမှာဖြစ်ပါတယ်။

အဲဒီနိုင်ငံရေး ရည်မှန်းချက်တွေကတော့

(၁) အလုပ်သမား၊ လယ်သမား၊ ကျောင်းသားထု အပါအဝင်ပြည်သူလူထုကြီး တစ်ရပ်လုံးအတွက်

(က) လွတ်လပ်ခြင်း

(ခ) တရားမျှတခြင်း

(ဂ) တန်းတူညီမျှခြင်း အခြေခံမှုများ ရရှိရေး

(၂) အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများနှင့် ကွန်ရက်များ အခြားလူထုလူတန်းစား အဖွဲ့အစည်းများ၊ တရားဝင် လွတ်လပ်စွာ ရပ်တည်ခွင့်ရရေး

(၃) အလုပ်သမားအခွင့်အရေးများ၊ လယ်သမားအခွင့်အရေးများနှင့် ကျောင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ကာကွယ်သည့် ဥပဒေများ ပြဋ္ဌာန်းရေး။

(၄) သိမ်းဆည်းခံ လယ်ယာမြေများ အမြန်ဆုံးပြန်လည်ရရှိရေးနှင့် လယ်ယာမြေ ပြဿနာများနှင့် ထွန်တုံးတိုက်ပွဲများတွင် ဖမ်းဆီးခံရသူများ အမြန်ဆုံးပြန်လွတ်ရေး။

(၅) ၁၃၀၀ပြည့်အရေးတော်ပုံ စိတ်ဓာတ်ကို ဆက်လက်ဆွဲကိုင်ကာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးတစ်ရပ်လုံး သွေးစည်း ညီညွတ်ရေး ။

(၆) ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိရေးနှင့် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများ၊ ခြွင်းချက်မရှိ အမြန်ဆုံးလွတ်မြောက်ရေး။

(၇) ပြည်သူလူထုကြီး တစ်ရပ်လုံး၏ ဆန္ဒမှန်ဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာစေရေး။ စတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း မြွက်ဟတဲ့ အတိုင်း. . .


" အရေးကြီးရင်ဖြင့် သွေးစည်းပြီး သွေးနီးရာဆိုသည့်အတိုင်း ကိုင်းထထကြွနှင့်ဝိုင်းကြပေရော့"။

ချစ်အောင် (ပြည်)




www.burmeseclassic.com


www.burmeseclassic.com



သခင်အောင်ဖေ



သခင်ဗဗ



သခင်ဗမောင် (ခု တပ်ဗိုလ်)



သခင်ဗစိန်




www.burmeseclassic.com


www.burmeseclassic.com




သခင်ဘသောင်း



သခင်ဗတင်–၁




သခင်ဗတင်–၂




သခင်ခင်ညွန့်

www.burmeseclassic.com


www.burmeseclassic.com




သခင်လေးမောင်



သခင်ငွေရှန့်




သခင်ဖေကြီး




သခင်ဖေသန်း

www.burmeseclassic.com






သခင်ဘိုးလှကြီး



သခင်စိန်ခို



သခင်တုတ်ကြီး



သခင်လှိုင်


www.burmeseclassic.com

www.burmeseclassic.com







သခင်ခ (ရေနံမြေ)



သခင် ခင်



သခင် ဖေ (ယစုဘုန်းကြီးဝတ်လျှက်)




သခင်သိန်းမောင်

www.burmeseclassic.com

www.burmeseclassic.com






သခင်တင်ဦး



သခင်ထွန်းအုပ်



ဦးဘလှိုင်




ဦးဘစော
(လေဘာကွန်ဂရက် ဥက္ကဋ္ဌဟောင်း)


www.burmeseclassic.com

www.burmeseclassic.com







ဦးဘသိ



ဦးဓမ္မ



သခင်လှကြီး




ဦးဝါယမ (တပ်ဦးဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



သခင်မ ဒေါ်ဆယ်



သခင်မ ဒေါ်သန်း
(ထောင် ဥလကျသူ)



သခင်မ မအေး
(အရေးပိုင် ပါးရိုက်သူ)



သခင်မ မအေး (ရွာဟောင်း)

www.burmeseclassic.com

www.burmeseclassic.com





သခင်မ မညို



သခင်မ မပု



သခင်မ မသိန်းတင်

www.burmeseclassic.com

www.burmeseclassic.com





# ၁၃၀၀ ပြည့် အရေးတော်ပုံကြီး၏ သမိုင်းအကျဉ်းချုပ်

အောင်မြင့်ဦး (ပဟာမိတ္တ)

**နိဒါန်း**

မြန်မာနိုင်ငံဟာ ၁၈၈၅ ခုနှစ်မှာ နယ်ချဲ့ အင်္ဂလိပ် လက်အောက်သို့ တစ်နိုင်ငံလုံး လုံးလုံးလျားလျား ကျရောက်သွားခဲ့ရပါတယ်။ အဲဒီလို ကျရောက်သွားတဲ့ အတွက် မျိုးချစ်သူရဲကောင်းတွေဟာ နယ်ချဲ့အင်္ဂလိပ် တွေကို ကိုယ့်မြေ ကိုယ့်ဒေသနယ်ပယ်ထဲကို ဝင်ရောက် ကျူးကျော်လာတဲ့သူတွေလို့ သတ်မှတ်ပြီး ခုခံတော်လှန် တိုက်ခိုက်ခဲ့ကြပါတယ်။ သရက်ခရိုင်၊ မင်းတန်းနယ်မှ မင်းရောင် မင်းဘူးခရိုင် ပြည်လုံးကျော်ရွာမှ ဗိုလ်ကျား၊ မကွေးခရိုင်နတ်မောက်မြို့နယ်မှ ဗိုလ်မင်းရောင်၊ မင်းဘူး ခရိုင် ပြည်လုံးကျော်ရွာမှ ဗိုလ်ဥတ္တမ၊ မြင်းခြံခရိုင် ပုဂံ နယ်မှ ဗိုလ်ချုပ်၊ မြင်းခြံခရိုင် ပုပ္ပားနယ်မှ ဗိုလ်နက်ကျော် ရွှေဘိုနယ်မှ သိပ်တင် မှတ်၊ ဇီးပင်ကြီးမှ မြင့်စိုင်းမင်းသား၊ ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွားဦးအောင်မြတ်၊ ဝဲလောင် နယ်မှ မြင်းခေါင်းကြီးဗိုလ်ရာညွန့်၊ ရွှေကျင်နယ်မှ ရှမ်း အမျိုးသားများနှင့် မရမ်းချောင်းဘုန်းကြီး၊ ရှမ်းပြည် မိုး မိတ်မှရှမ်းအမျိုးသားဗိုလ်ကံလှိုင်၊ ယောနယ်မှ ရွှေချိုးဖြူ မင်းသား၊ မိုးကောင်းမှ မြို့ဝန်ဦးဘိုးစော၊ ရေဦးမှ ရန်ကြီး အောင်နဲ့ ဗိုလ်အဂ္ဂ အစရှိတဲ့ မျိုးချစ်သူရဲကောင်းတွေဟာ ရရာလက်နက် စွဲကိုင်တော်လှန်ခဲ့ကြပါတယ်။ မြန်မာ တစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်ကို ခုခံတော်လှန်ခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်ပေါင်း ၁၆၀ ကျော်မျှ ရှိခဲ့ တယ်လို့ စာရင်းဇယားများအရ သိရှိခဲ့ရပါတယ်။ မျိုးချစ် သူရဲကောင်းအပေါင်းတို့ကို နှိမ်နင်းဖို့အတွက် နယ်ချဲ့ အင်္ဂလိပ်အစိုးရဟာ ၁၈၈၇ ခုနှစ်မှာ စစ်သား ၃၂၀၀၀ နဲ့ နှိမ်နင်းခဲ့ရာကနေ စစ်သားနဲ့ အိန္ဒိယ ပုလိပ်စစ်အင်အား ၄၀၅၀၀ အထိ တိုးချဲ့သုံးစွဲခဲ့ရပါတယ်။ စစ်စရိတ်အနေနဲ့ မူလက ပေါင် ၃၀၀၀၀၀ သာ ကုန်ကျမယ်လို့ ခန့်မှန်းခဲ့ပေ မယ့် တကယ် သိမ်းယူတဲ့အခါ စစ်တိုက်တဲ့စရိတ်ထက် မျိုးချစ်တော်လှန်ရေးသမားတွေကို နှိမ်နင်းရတဲ့ ကုန်ကျ စရိတ်က ပိုများနေတာ တွေ့ရပါတယ်။ ၁၈၈၆ ခုနှစ် အထိ စစ်စရိတ်အကုန်ကျငွေမှာ ၆၃၅၆၀၀ ဖြစ်ပါတယ်။ မျိုးချစ် သူရဲကောင်းတွေကို နှိမ်နင်းရတဲ့ စစ်စရိတ်ဟာ ၁၈၈၅-၈၆ ခုနှစ်မှာ ပေါင် ၆၃၅၆၀၀။ ၁၈၈၇-၈၈ အဲဒီထက် နှစ်ဆကုန်ကျခဲ့ပါတယ်။ ၁၈၈၉ ခုနှစ်မှာ ပေါင် ၆၅၀၀၀၀၊ ၁၈၉၀ ခုနှစ်မှာ ၈၆၅၀၀၀ အထိ တိုးတက်မြင့်မား သုံးစွဲခဲ့ရတာ တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့အင်္ဂလိပ်တို့ဟာ မူလခန့်မှန်းထားတဲ့ စရိတ်ထက် ၃ဆနီးပါး ပိုမိုသုံးစွဲရုံမျှမက စစ်သည်အင်အားကိုလည်း ခန့်မှန်းထားတာထက် ပိုမိုသုံးစွဲခဲ့ကြပါတယ်။ အဲဒီလို အင်အားအလုံးအရင်းသုံးပြီး ရက်ရက်စက်စက် နှိမ်နင်းခဲ့တာကြောင့် မြန်မာတိုင်းရင်းသားတို့ရဲ့ ဇာတိမာန်စိတ်ဓာတ်ဟာ ခေတ္တခဏ ငုတ်လျှိုးသွားခဲ့ရပါတယ်။ မြန်မာနိုင်ငံကို အုပ်ချုပ်တဲ့နေရာမှာ မဟာဝန်ရှင်တော်မင်းကြီးတွေကိုငါးနှစ်တစ်ကြိမ် ခန့်ထားအုပ်ချုပ်ခဲ့ပါတယ်။ ဝန်ရှင်တော်မင်းကြီး အဆက်ဆက်က စစ်ဥပဒေတမျှ ပြင်းထန်လှတဲ့ အမိန့်အာဏာတွေနဲ့ မြန်မာနိုင်ငံကို ကွပ်ကဲအုပ်ချုပ်ရာမှာ ၁၈၈၇ ခုနှစ်မှ ၁၈၉၀ ခုနှစ်အထိ ဆာချားလ်ကရော့စ်ဝိတ် (၁၈၈၉ ခုနှစ်မှာ ခေတ္တဘုရင်ခံအဖြစ် မစ္စတာ အေပီ မက္ကဒေါ်နယ်) ၁၈၉၀ ခုနှစ်မှ ၁၈၉၅ ခုနှစ်အထိ ဆာအလက်ဇန္ဒားမက္ကဇီ၊ ၁၈၈၉ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ဆာဖရက်ဒရစ်ဖရိုင်ဟာ (၁၈၉၆ ခုနှစ်မှာ ခေတ္တ မဟာဝန်ရှင်တော်မင်းကြီးအဖြစ် မစ္စတာ ဒီအမ်မ်ဆမီတန်)တို့က အင်္ဂလန်နိုင်ငံမှ ခန့်အပ်တဲ့မဟာဝန်ရှင်တော်မင်းကြီးအဖြစ်ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်ခဲ့ကြပါတယ်။ မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်ကရော့စ်ဝိတ်လက်ထက်မှ စပြီး ပြင်းထန်လှတဲ့ ကျေးလက်ဥပဒေတွေ၊ အမိန့်တွေကို ထုတ်ပြန်အုပ်ချုပ်ခဲ့ပါတယ်။ ၁၈၉၇ မေလ ၁ ရက်နေ့ကစပြီး မြန်မာနိုင်ငံကို လက်ဖတင်နင်ဂါဗနာ လို့ခေါ်တဲ့ လက်ထောင်ဘုရင်ခံ အုပ်ချုပ်တဲ့ပြည်နယ်တစ်ခုအဖြစ် ပြောင်းလဲ အုပ်ချုပ်ခဲ့ပါတယ်။ ၁၈၉၇ ခုနှစ်အတွင်း ပါဝင်တဲ့ ပြည်နယ်တစ်ခုဖြစ်ကြောင်း ကျေညာခဲ့ပြီး မဟာဝန်ရှင်တော်မင်းကြီး ဆာဖရက်ဒရစ်ဖရိုင်ဟာကို လက်ထောက်ဘုရင်ခံအဖြစ် ခန့်ထားအုပ်ချုပ်စေခဲ့ပါတယ်။

အဲဒီ ၁၈၉၇ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှာ မန္တလေးမြို့ လက်ထောက် ပညာဝန် ဦးကျော်ရန်ဦးစီးပြီး ဗုဒ္ဓဘာသာ ကလျာဏမိတ္တအသင်းကို တည်ထောင်ခဲ့တယ်။ အဲဒီအသင်းကလည်း အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင် ဗုဒ္ဓသာသနာ နဂ္ဂဟ အထက်တန်းကျောင်းကို တည်ထောင်ခဲ့တယ်။ အဲဒီနှစ် နိုဝင်ဘာ ၆ ရက်နေ့မှာ မော်လမြိုင်မြို့နေ ရှေ့နေဦးရွှေသွင်က ဦးစီးပြီး သာသနာဓရအသင်းကို တည်ထောင်ခဲ့တယ်။ အဲဒီအသင်းဟာ ဘာသာရေး၊ ပေါင်းသင်းဆက်ဆံရေးနဲ့ ပညာရေးကို အားပေးတယ်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ရှင်မဟာ ဗုဒ္ဓဃောသကျောင်းကိုတည်ထောင်ခဲ့တယ်။ ပုသိမ်မြို့မှာလည်း ၁၉၀၂ ခုနှစ်မှာ အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးက ဦးစီးပြီး အသောကအသင်းကို တည်ထောင်ခဲ့ပါတယ်။ ဘာသာရေးနဲ့ပညာသင်ကြားရေးများကို အထူးအား ပေးဆောင်ရွက်ခဲ့တယ်။ ၁၉၀၅ ခုနှစ်ကစပြီး မုံရွာမြို့မှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးရဲ့ အသိမှာ သံခိပ်အသင်းတွေနဲ့ နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်း၊ သာသနဟိတအသင်း စတဲ့ အသင်းတွေကို မြို့တိုင်းမှာ တည်ထောင်ခဲ့ကြပြီး ဘာသာရေးနဲ့ ပေါင်းသင်းဆက်ဆံရေးတွေကို တည်ထောင်ခဲ့ကြတယ်။ ငုပ်လျှိုးနေတဲ့ အမျိုးသားစိတ်ဓာတ် ပြန်လည်စတင်နိုးကြားလာမှုကို ဘာသာရေးနဲ့ စာသင်ကျောင်းတွေ တည်ထောင်ခဲ့ခြင်းကနေစတင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ အင်္ဂလိပ်အစိုးရလက်အောက်မှာ အုပ်ချုပ်သူနယ်ချဲ့အစိုးရကို ပြားပြားဝပ်ကြောက်နေရတဲ့အချိန်ဖြစ်ပါတယ်။ အင်္ဂလိပ်အရာရှိတွေကို 'သခင်'ခေါ်ပြီး ဘုရားထူးနေတဲ့အချိန်အခါလည်းဖြစ်ပါတယ်။

အဲဒီအချိန်က ရန်ကုန်မြို့မှာ ဝိုင်အမ်စီ (Y.M.C.A) ခေါ် ခရစ်ယာန်ဘာသာ လူငယ်များရဲ့ အသင်းတိုက်ဟာ ဂျူဒါအီစကယ်လမ်း (ယခု-သိမ်ဖြူလမ်း)နဲ့ ဒါလဟိုဇီလမ်း (ယခု-အနော်ရထာလမ်း)ထောင့်မှာတည်ရှိပြီးပေါင်းသင်းဆက်ဆံရေး၊ပညာသင်ကြားရေး၊ ဘာသာတရား လေးစားရေးအတွက် ဟောပြောပွဲတွေ၊ စည်းလုံးပွဲတွေကို မပြတ် ကျင်းပလျက်ရှိပါတယ်။ အဲဒီလို အသင်းမျိုးကဲ့သို့ အသင်းတစ်သင်း တည်ထောင်ပြီး အမျိုးသားရေး ဝံသာနုလုပ်ငန်းတွေကို ဆောင်ရွက်လုပ်ကိုင်လိုတဲ့ ပညာတတ်လူငယ်တစ်စု ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီလူငယ်တွေကတော့ ကိုဘဘေ၊ ကိုမောင်ကြီးနဲ့ ကိုဘရင် တို့ဖြစ်ကြပါတယ်။ ဒီပညာတတ်လူငယ်တစ်စုဟာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဝိုင်အမ်ဘီအေ (Y.M.B.A Young Men Buddhist Association) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းဟူသော အမည်ဖြင့် တည်ထောင်ခဲ့ပါတယ်။ အသင်းရဲ့ရည်ရွယ်ချက်တွေကတော့ 'အမျိုးဘာသာ သာသနာ ပညာကြီးပွား မြင့်တင်ရေး' ဖြစ်ပြီး တည်ထောင်တဲ့နေ့ကတော့ ၁၉၀၆ ခုနှစ် မေလ ၁၀ ရက် နေ့ဖြစ်ပါတယ်။ ဝိုင်အမ်ဘီအေအသင်းကြီးရဲ့ လှုပ်ရှားဆောင်ရွက်မှုကို အဓိကထား ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပေမယ့် နောက်ပိုင်းကာလမှာ နိုင်ငံရေးပါဝင်လာတာကို တွေ့ရပါတယ်။ ပထမကမ္ဘာစစ်ကြီးဖြစ်လာတဲ့အခါ လိုအပ်တဲ့ ကုန်ကြမ်း၊ အခွန်ဘဏ္ဍာ၊ လူအင်အားတို့ကို လက်အောက်ခံကိုလိုနီနိုင်ငံတွေက နေရာယူခဲ့ကြတယ်။ စစ်ကြီးကြာလာတဲ့အခါ အဲဒီကိုလိုနီနိုင်ငံကပြည်သူတွေနဲ့ အဆင်ပြေ ပြေဖြစ်နိုင်ဖို့ ကြိုးပမ်းအားထုတ်လာခဲ့ကြရတယ်။ ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာပြုလုပ်တဲ့ ဗြိတိသျှ ပါလီမန်လွှတ်တော်အစည်းအဝေးမှာ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မစ္စတာမွန် ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာရာမှာ 'အိန္ဒိယနိုင်ငံအား ဗြိတိသျှ အင်ပါယာကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသည့် နိုင်ငံတစ်နိုင်ငံအဆင့်သို့ တစတစ တိုးမြှင့်ပေးသွားရန် ကြံရွယ်ထားပါကြောင်း ဖော်ပြပါရှိခဲ့ပါတယ်။ ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလမှာ အိန္ဒိယနိုင်ငံကို လာရောက်ပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအတွက် စုံစမ်းမေးမြန်းလိမ့်မယ်ဆိုတဲ့သတင်း ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒီတုန်းက မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုဖြစ်နေတာကြောင့် မြန်မာနိုင်ငံအတွက်လည်း အုပ်ချုပ်ရေးတိုးမြှင့်ပေးနိုင်တယ်လို့ ဝိုင်အမ်ဘီအေခေါင်းဆောင်တွေက ယူဆခဲ့ကြတယ်။ မြန်မာနိုင်ငံကို လာရင် မိမိတို့လိုလားချက်တွေကို တင်ပြမယ်။ မလာဖြစ်ဘူး ဆိုရင် အိန္ဒိယနိုင်ငံကို ကိုယ်စားလှယ်လွှတ်ပြီး တင်ပြမယ်ဆိုတဲ့သဘော ဆန္ဒရှိခဲ့ကြတယ်။ အတွင်းဝန် မွန်တေဂူ တကယ်တန်းလာတဲ့အခါ အိန္ဒိယနိုင်ငံကိုသာ လာခဲ့ပြီး မြန်မာနိုင်ငံကို ရောက်မလာခဲ့ဘူး။ ဒါကြောင့် အိန္ဒိယနိုင်ငံကို သွားရောက်ပြီး မစ္စတာမွန် တေဂူနဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့အတွက် ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့တယ်။ အဲဒီကိုယ်စားလှယ်တွေကတော့ ဦးဖေ၊ ဦးမေအောင်၊ ဦးဘဘေနဲ့ ဦးစုတို့ ဖြစ်ကြပါတယ်။ အဲဒီကိုယ်စားလှယ်တွေဟာ အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့ပြီး အတွင်းဝန် မွန်တေဂူ၊ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ချန်စဖို့ဒ်တို့နှင့်တွေ့ဆုံခဲ့ကာမြန်မာတို့လိုလားချက်များကို တင်ပြခဲ့ကြတယ်။ ဒါပေမယ့်လည်း မွန်တေဂူချန် စဖို့ဒ် အစီရင်ခံစာထွက်ပေါ်လာတဲ့အခါ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အုပ်ချုပ်ရေး ပြုပြင်ရေးကိစ္စ ပါမလာခဲ့ဘူး။ ဒါကြောင့် အင်္ဂလန်နိုင်ငံကို သွားရောက်အရေးဆိုဖို့ ၁၉၁၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ဦးဘဖေ၊ ဦးပုနဲ့ ဦးထွန်းရှိန်တို့ဟာ မြန်မာနိုင်ငံကနေ ထွက်ခွာခဲ့ကြတယ်။ မိမိတို့ရဲ့ လိုလားချက်တွေကို ပါလီမန်အစည်းအဝေးမှာ တင်ပြခဲ့ကြတယ်။ ငါးလမျှကြာပေမယ့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲဖို့ဆိုတာ ဖြစ်မလာခဲ့ဘူး။ ၁၉၂၀ ခုနှစ်မှာ ဦးဘဖေ၊ ဦးပုနဲ့ ဦးသိန်းမောင်တို့ဟာ ဒုတိယအကြိမ် အင်္ဂလန်ကို သွားရောက်ခဲ့ပြီး အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအတွက် အရေးဆိုရာမှာ အတော်အသင့် အောင်မြင်ခဲ့တယ်။ အဲဒီနှစ်မှာပဲ ဝိုင်အမ်ဘီအေကို ဂျီစီဘီအေ (General Council of Burmese Association) မြန်မာပြည်လုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးလို့ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြတယ်။

ဝိုင်အမ်ဘီအေကနေ ဂျီစီဘီအေတို့ ပြောင်းလဲခေါ်ဝေါ်ခဲ့တာ ၁၉၂၀ ခုနှစ်ထဲမှာပဲ ပထမကျောင်းသားသပိတ် စတင်ပေါ်ပေါက်ခဲ့ပါတယ်။ ပထမ ကျောင်းသားသပိတ်ကြောင့် အမျိုးသားကျောင်းတွေ၊ မြန်မာတစ်နိုင်ငံလုံးမှာ အနှံ့အပြား ပေါ်ပေါက်လာခဲ့ကြပြီး နိုင်ငံရေးမျက်စိပွင့်လာခဲ့ကြတယ်။ အဲဒီလို နိုးကြားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်ကို လျစ်လျူရှုလို့မရတော့ဘူးဆိုတာ သိရှိခဲ့တဲ့အတွက် အင်္ဂလန်ပါလီမန်ဟာ အိန္ဒိယဥပဒေပြုကောင်စီဥက္ကဋ္ဌ ဆာ အေဖရက်ဒရစ်ဝှိုက် ကြီးမှူးတဲ့ ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီရဲ့ အဓိကတာဝန်ကတော့ မြန်မာနိုင်ငံမှာ ဘုရင်ခံက မိမိစိတ်ကြိုက်လူများကို ရွေးချယ်ပြီး အမှုဆောင်အဖွဲ့ဖွဲ့စည်းအုပ်ချုပ်နေတဲ့ အုပ်ချုပ်ရေးကိုယ် ပယ်ဖျက်ပြီး လူထုမဲဆန္ဒနဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ပြီး ဥပဒေပြုကောင်စီ ဖွဲ့စည်း အုပ်ချုပ်ရန် သင့်၊ မသင့် ဒီအဆိုကို လူထုက သဘောကျမကျ သွားရောက် စုံစမ်းပြီး အစီရင်ခံဖို့ ဖြစ်ပါတယ်။ ဝှိုက်ကော်မတီက လာရောက်စုံစမ်းပြီး တွေ့ရှိချက်တွေကို ပါလီမန်ကို တင်ပြခဲ့ပါတယ်။ မြန်မာတို့က ဟုမ်းရူးခေါ်တဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ လိုလားကြောင်း တောင်းဆိုထားပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ဒိုင်အာစီအုပ်ချုပ်ရေးကို ၁၉၂၃ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့ပါတယ်။ ဒိုင်အာစီအုပ်ချုပ်ရေးဆိုတာ နှစ်ဦးနှစ်ဖက်အုပ်ချုပ်ရေးဖြစ်ပေမယ့် အဓိကအရေးကြီးတဲ့ဌာနတွေကို နယ်ချဲ့အစိုးရကသာ ကိုင်ထားတဲ့ အုပ်ချုပ်ရေးဖြစ်ပါတယ်။

ဒိုင်အာစီအုပ်ချုပ်ရေးဟာ ကိုယ်ပိုင်အုပ်ချုပ်ရေး မဟုတ်ဘဲ အခိုက်အတန့် ယာယီသာဖြစ်တယ်ဆိုတာ ဒိုင်အာစီအုပ်ချုပ်ရေးဥပဒေမှာ ပါရှိပြီးသား ဖြစ်ပါတယ်။

www.burmeseclassic.com



ဒိုင်အာစီအုပ်ချုပ်ရေး ဥပဒေပုဒ်မ-၈၄(က)မှာ ၁၀ နှစ်ကုန်လွန်သောအခါ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးအပ်ရန် မည်ရွေ့မည်မျှ သင့်တော်ပြီဟူ၍ စုံစမ်းစစ်ဆေးသော ကော်မရှင်အဖွဲ့တစ်ခုကို အင်္ဂလန်ပြည်မှခန့်ထား၍ စေလွှတ် စစ်ဆေးမည်ဖြစ်ကြောင်း အထင်အရှား ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတွေမှာ ၁၀ နှစ်မပြည့်ခင် အိုင်အာစီနဲ့ပတ်သက်ပြီး ပြည်သူတွေ မနှစ်သက်ဘူးဆိုတဲ့ကိစ္စတွေ မကြာခဏ ပေါ်ပေါက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲပေးဖို့ ဆာဂျွန်ဆိုင်မွန်ခေါင်းဆောင်တဲ့ ကော်မရှင်တစ်ခုကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဆိုင်မွန် ကော်မရှင်ရဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံအုပ်ချုပ်ရေးပြုပြင်ဖို့အတွက်တိတိကျကျမရှိခဲ့ပါဘူး။ ၁၉၃၅ ခုနှစ်မှာ အင်္ဂလန်နိုင်ငံသို့ အသက်နဲ့ အောက်လွှတ်တော်တွေမှာ မြန်မာနိုင်ငံအတွက် ၉၁ ဌာန အုပ်ချုပ်ရေးကို ပြဋ္ဌာန်းအတည်ပြုခဲ့ပါတယ်။ အဲဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က စပြီး မြန်မာနိုင်ငံမှာ စတင်ကျင့်သုံးခဲ့ပါတယ်။ နန်းရင်ဝန်အဖြစ် ဒေါက်တာ ဘမော်ခေါင်းဆောင်တဲ့ ညွန့်ပေါင်းအစိုးရဟာ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ပထမဆုံးသော အစိုးရအဖွဲ့ ဖြစ်ပါတယ်။ အဲဒီအစိုးရလက်ထက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ ရေနံမြေက အလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲတွေကတစ်ဆင့် အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ကျောင်းသူ၊ ရဟန်း၊ ရှင်လူ ပြည်သူ တစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြတဲ့ သမိုင်းဝင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ပါတယ်။

### ရေနံမြေအလုပ်သမားတို့၏ ဘဝအခြေအနေ

၁၃၀၀ ပြည့် အရေးတော်ပုံကြီး မဖြစ်ပွားမီ မြန်မာနိုင်ငံရဲ့ အခြေ အနေကိုကြည့်ရင် လူဦးရေရဲ့ ၈၅ ရာခိုင်နှုန်းဟာတောင်သူလယ်သမားတွေဖြစ်ကြပါတယ်။ ၁ ရာခိုင်နှုန်းသောလူဦးရေဟာ ရေနံမြေအလုပ်သမားတွေ ဖြစ်ကြပါတယ်။ အဲဒီ ရေနံမြေအလုပ်သမားတွေဟာ တစ်နှစ်ကို ၂၅ ကုဋေ တန်ဖိုး ရှိတဲ့ ရေနံ၊ ဓာတ်ဆီ၊ ရေနံဆီ၊ ဖယောင်း အစရှိတဲ့ လူသုံးကုန်စက်သုံး သဘာဝထွက်ကုန်တွေကို ထုတ်လုပ်ပေးကြရတယ်။ အဲဒီအချိန်က ကိုလိုနီနယ်ချဲ့တွေရဲ့ လက်အောက်မှာ ကျရောက်နေကြရတဲ့ တောင်သူလယ်သမားတွေနဲ့ အလုပ်သမားတွေရဲ့ ဘဝဟာ ရင်နင့်စရာကောင်းလှပါတယ်။ ဆန်ရှုစပါးစိုက်ပျိုးရတဲ့ လယ်သမားတွေရဲ့ဘဝမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ ထမင်းနပ်မှန်အောင် မစားခဲ့ကြရပါဘူး။ ရေနံဆီ၊ ဓာတ်ဆီရအောင် ထုတ်လုပ်ပေးရတဲ့ ရေနံအလုပ်သမားတွေရဲ့ မီးခွက်မှာ ရေနံဆီ မရှိခဲ့ကြပါဘူး။ သစ်ဝါးထုတ်လုပ်ပေးတဲ့ အလုပ်သမားတွေမှာ နေစရာအိမ်မရှိကြပါဘူး။ ဆန်စပါးနဲ့ ဝါဂွမ်းကို အင်္ဂလိပ် ကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ ဘူလင်ဂျာပူးနဲ့ စတီးဘရားသားတို့က လက်ဝါးကြီး အုပ်ထားခဲ့ကြတယ်။ ရေနံဆီ၊ ဓာတ်ဆီ၊ ရေနံ၊ ဖယောင်း အစရှိတာတွေကို ဘီအိုစီ၊ အိုင်ဘီပီ၊ ဘီပီပီစီ၊ အာအိုစီ အစရှိတဲ့ အရင်းရှင်ကုမ္ပဏီကြီးတွေက ချယ်လှယ်နေကြပြီး ဘီအိုစီကုမ္ပဏီဟာ ရေနံလုပ်ငန်းတွေကို လက်ဝါးကြီးအုပ် လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီး ဖြစ်ပါတယ်။ ငွေတစ်ရာမှာ အိုင်ဘီပီ ၁၇ ကျပ်၊ ဘီပီပီစီက ၆. ၂ ကျပ်ဖြစ်ပြီး ကျန်ငွေ ၇၆. ၈ ကျပ်မှာ ဘီအိုစီရဲ့ ငွေရင်းဖြစ်ပါတယ်။ ၁၉၃၇ ခုနှစ်မှာ ဘီအိုစီကုမ္ပဏီရဲ့ အမြတ်ငွေဟာ ကျပ်သန်းပေါင်း ၄၀ ကျော်ဖြစ်ပါတယ်။ ၁၉၃၇ ခုနှစ်မှာ အသားတင် အမြတ်အစွန်း ၆၇ သန်း ကျော်ဖြစ်ပြီး အလုပ်သမားပေါင်း ၂၀၀၀၀ ကျော်အတွက် လုပ်အားခမှာ ကျပ် ၈ သန်းကျော်သာဖြစ်ပါတယ်။ အလုပ်သမားတွေ ငွေ ၁ ကျပ်ခံစားချိန်မှာ ဘီအိုစီလက်တစ်ဆုပ်စာ အရင်းရှင် တွေက ၁၅ ကျပ် ခံစားနေရပါတယ်။

အရင်က လူလေးငါးယောက်လုပ်ရတဲ့ အလုပ်ကို လူလျှော့ပြီး နှစ် ယောက်၊ သုံးယောက်လောက်နဲ့သာ လုပ်ကိုင်စေပါတယ်။ နေ့စဉ်အမျှ လုပ်ကိုင်ရတဲ့အခါ လုပ်အားပိုရလာတဲ့အတွက် အလုပ်သမားတို့မှာ အလုပ်ဒဏ် ပိလာရပါတယ်။ ရေနံမြေဒေသဟာ အထက်မြန်မာနိုင်ငံ ရာသီဥတု ပူပြင်းတဲ့ ဒေသမှာရှိတဲ့အတွက် ခြစ်ခြစ်တောက်ပူပြင်းတဲ့ နေရောင်အောက်မှာ ရေခိုး ရေနံငွေ့တွေကို အမြဲမပြတ် ရှူရှိုက်ပြီး ပင်ပန်းစွာ လုပ်ကိုင်နေခဲ့ရပါတယ်။ ရေနံမှာ ကန့်ဓာတ်ဟာ အနည်းနဲ့အများ ပါဝင်လေ့ရှိပါတယ်။ ကန့်ဓာတ်ပျက်ပြီး အငွေ့ဖြစ်လာတဲ့ အခိုးအငွေ့တွေဟာ ရေနံမြေမှာ သိပ်သိပ်သည်းသည်း ရှိနေပါတယ်။ အဲဒီ ကန့်ခိုးကန့်ငွေ့တွေကို နာရီမလပ် မိနစ်မလပ် ရှူရှိုက်နေတဲ့ အလုပ်သမားတွေဟာ တစ်နေ့တခြား ကျန်းမာရေး ချို့တဲ့လာခဲ့ရပါတယ်။ မျက်စိဝေဒနာနဲ့ အသားအရေ ခြောက်သွေ့ခြင်းဝေဒနာ၊ အဆုတ်ရောင်ရောဂါ၊ နှလုံးရောဂါ၊ နှလုံးသည်းခြေပျက်ရောဂါတွေပါ

www.burmeseclassic.com



ခံစားလာခဲ့ရပါတယ်။ ရေနံမြေ အလုပ်သမားတွေဟာ မကျန်းမမာဖြစ်ရင် ခွင့်မယူရဲကြဘူး။ လခအဖြတ်ခံရမှာ စိုးလို့ဖြစ်ပါတယ်။ တော်ရုံတန်ရုံ ရောဂါမျိုး ဝေဒနာမျိုး တွေကို အောင့်အီးသည်းခံပြီး အလုပ်ခွင်ဆင်းကြရပါ တယ်။ ပူပြင်းတဲ့နေရောင်အောက်မှာရှိတဲ့ ရေနံငွေ့၊ ကန့် ငွေ့တွေသိပ်သည်းနေတဲ့ မြေပြင်နဲ့ ပူပြင်းတဲ့ ဘွိုင်လာအိုး၊ မီးအိုးတွေအကြားမှာရှိတဲ့ စက်ကိရိယာတွေကို ကိုင်တွယ် အသုံးပြုခဲ့ကြရပါတယ်။ အလုပ်သမား တွေဟာ အလုပ်ရုံ၊ စက်ရုံအတွင်း လုပ်ကိုင်ကြရမှာလည်း သွပ်၊ ခဲ၊ ကြေးနီ စတဲ့ သတ္တုဓာတ်တွေနဲ့ အစဉ်အမြဲ ထိတွေ့နေကြရတဲ့ အတွက် အသားအရေပွခြင်း၊ သတ္တုဆိပ်မိခြင်းဒဏ်တွေကို အမြဲမပြတ် ခံစားနေရပါတယ်။ ခဲဂဟေ၊ သွပ်ဂဟေ၊ သံဂဟေဆော်ခြင်း၊ ပုံသွင်းခြင်း၊ တံစည်းစားခြင်းတွေကို လုပ်တဲ့ ဌာနတွေမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေမှာ လည်း အဲဒီသတ္တုအမှုန်တွေကို အမြဲတမ်း ရှူရှိုက်နေ ရခြင်း၊ နှာခေါင်းထဲ ရောက်လာတဲ့ အဲဒီအမှုန်တွေကို ဝမ်းထဲမျိုချမိခြင်းတွေကြောင့် သတ္တုဆိပ်တက်ခြင်း၊ သွေး ကြောပိတ်ခြင်း၊ အဆုတ်ပွခြင်း၊ အဆုတ်ရောင်ခြင်း၊ သွေးကြောလေကြောပိတ်ခြင်းတို့မှဖြစ်ပွားလာတဲ့ ရောဂါ ပေါင်းစုံကို ခံစားခဲ့ကြရပါတယ်။ ဒါ့အပြင် စက်ကိရိယာ တွေကို ကိုင်တွယ် မောင်းနှင်လုပ်ကိုင်ရင်း မတော်တဆ ထိခိုက်ဒဏ်ရာရမှု၊ ကိုယ်အင်္ဂါချွတ်ယွင်းမှုတွေလည်း ဖြစ် ပေါ်ခဲ့ပါသေးတယ်။ အဲဒီလို ဆိုးရွားလှတဲ့ ပတ်ဝန်းကျင် အခြေအနေကြောင့် အလုပ်သမားတွေရဲ့ ဘဝသက်တမ်း ဟာ သိသိသာသာ ကျဆင်းလာတာကို တွေ့ရပါတယ်။ ပုံမှန် အသက် ၈၀ နေရမယ့် အလုပ်သမားဟာ အသက် ၄၀ လောက်မှာ ရောဂါထူပြောလာပြီး အသက် ၆၀ မပြည့်မီ သေဆုံးသွားကြတာကို အဲဒီခေတ် အဲဒီအခါက တည်ရှိနေတဲ့ ဖွားသေစာရင်းကိုကြည့်ခြင်းအားဖြင့် သိ နိုင်ပါတယ်။

ရေနံမြေအလုပ်သမားမိသားစုတွေဟာ ကျဉ်း မြောင်းတဲ့ ၈ ပေ ၁၀ ပေ အခန်းကျဉ်းလေးထဲမှာ ငပိသိပ် ငချဉ်သိပ် နေထိုင်ခဲ့ကြရပါတယ်။ အလုပ်သမား စောင့် ရှောက်ရေးအဖွဲ့ဆိုတာရှိပေမယ့် အဲဒီဌာနမှာ အထွေထွေ စာရင်း အမည်ခံစုံထောက်တွေ သူလျှိုတွေဖြစ်နေတဲ့ အလုပ်သမား ရပ်ကွက်သူကြီးတွေကို ခန့်ထားပြီး အလုပ် သမားတွေကို ရန်တိုက်ပေးခြင်း၊ ကုမ္ပဏီရဲ့ဖိနှိပ်ချုပ်ချယ် မှုတွေကို ဝေဖန်တဲ့ အလုပ်သမားတွေကို ကုမ္ပဏီ အာဏာပိုင်တွေက အရေးယူခြင်း၊ ကုမ္ပဏီကပေးတဲ့ ဝင်ငွေနဲ့ မလုံလောက်တဲ့အတွက် ပြင်ပမှာ ဝင်ငွေရှာသူ တွေကို အလုပ်မှ ထုတ်ပစ်ခြင်း၊ ရှင်ပြုနားသ ဘုရား ဆွမ်းကပ်လှူပွဲအထိ ချုပ်ချယ်မှုပြုခြင်း အစရှိတဲ့ ဖိနှိပ်မှု ပေါင်းများစွာကို အလုပ်သမားတွေအနေနဲ့ ခါးစည်းခံစား ခဲ့ရပါတယ်။ အဲဒီလို လူစဉ်မမီအောင် ဖိနှိပ်တဲ့ ဘီအိုစီ အရင်းရှင်တွေကို ၁၉၂၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာ ဦးမျိုးညွန့်၊ ဦးဘသီ၊ ဆရာဦးအေးမောင်တို့ ဦးဆောင်တဲ့ ရေနံမြေလုပ်သား ပထမတော်လှန်မှုမှာ ဦးဘသီ၊ ဦးပွနဲ့ ဦးမျိုးညွန့်တို့ကို နယ်နှင်ဒဏ် ပေးလိုက်ကြပါတယ်။ ဦးမျိုးညွန့်ဟာ လုပ်သားထုအား ရောဝတီမြစ်လယ်မှ ဖောင်နဲ့ တရားဟောခဲ့သူဖြစ်ပါတယ်။ အလုပ်သမားစာ ရေးတွေထဲမှာ ဦးခ(နောင်-သခင်ခ)နဲ့ ဦးလှစိုးတို့ အလုပ် ပြုတ်ပြီး ဦးဖေသန်း(နောင်-သခင်ဖေသန်း)ကို ညောင်လှ ကနေ ချောက်မြို့ကို ပြောင်းရွှေ့လိုက်ပါတယ်။ ၁၉၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဦးမျိုးညွန့်နဲ့ အလုပ် သမားတွေဖြစ်ကြတဲ့ ဦးပေါ်ဝ၊ ဦးအောင်မြင့်၊ ဦးဆိုးတော၊ ဦးသာဇံတို့ ဦးဆောင်တဲ့ ဒုတိယလုပ်သားတော်လှန်မှုကို အစိက ပစ်မှတ်ထားတဲ့ အလုပ်သမားစောင့်ရှောက်ရေး အမည်ခံ မစ္စတာဝက်စတာကြီးမှူးတဲ့ ကျွန်တော်သွင်းတဲ့ ဌာနကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ မျိုးဖျက် တွေလို့ အလုပ် သမားတွေမှည့်ခေါ်ထားတဲ့ လူ ၁၉ ဦး ပါဝင်ခဲ့ပါတယ်။ အလုပ်သမားသပိတ်တွေဟာ ဆက်ကာ ဆက်ကာ ပေါ်လာခဲ့ရာမှာ ၁၉၃၅ ခုနှစ်မှာ ၄ ကြိမ်၊ ၁၉၃၆ ခုနှစ်မှာ ၄ ကြိမ်၊ ၁၉၃၇ ခုနှစ်မှာလည်း ၄ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ အလုပ် သမားသပိတ်တွေကို စည်းရုံးခေါင်းဆောင်ပေးသူတွေ ကတော့ တို့ဗမာအစည်းအရုံးဝင် သခင်များပဲဖြစ်ကြပါ တယ်။

## ရေနံမြေနှင့် တို့ဗမာအစည်းအရုံး

ရေနံမြေအလုပ်သမား သပိတ်တွေအကြောင်း ပြောမယ်ဆိုရင် ဒါမှမဟုတ် ၁၃၀၀ပြည့်အရေးတော်ပုံကြီး အကြောင်းကို ပြောမယ်ဆိုရင် တို့ဗမာ အစည်းအရုံးကြီးရဲ့ အခန်းကဏ္ဍကိုဘယ်လိုနည်းနဲ့မှ ချန်ထားလို့မရနိုင်ပါဘူး။ တို့ဗမာအစည်းအရုံးဝင် သခင်၊ သခင်မကြီးတွေရဲ့ အကွက်ကျကျ လှုပ်ရှားမှုတွေကြောင့် ရေနံမြေအလုပ် သမားသပိတ်တွေ ပေါ်ပေါက်လာရခြင်းဖြစ်သလို ၁၃၀၀



www.burmeseclassic.com

www.burmeseclassic.com



ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်လာအောင်လည်း တို့ဗမာအစည်း အရုံးကြီးက ဦးဆောင်မှုပေးသွားတာကို တွေ့ရပါတယ်။ ရေနံမြေအလုပ်သမား တွေရဲ့ လာရာဘ၀ အစကို ကြည့်မယ်ဆိုရင် ရေနံမြေအလုပ်သမားတွေဟာ မြေရှင် ငွေရှင်တို့ရဲ့ ဖိနှိပ်သွေးစုတ်ခံတောင်သူလယ်သမား ဘ၀ကနေ ကူးပြောင်းလာကြသူတွေဖြစ်တဲ့အတွက် အစိုးရနဲ့ အရင်းရှင်အပေါ် အရာရာ ကြောက်နေကြတဲ့ အတွက် မှားသည် မှန်သည်အပထား မပြောရဲကြ၊ မပြောတတ်ကြ၊ အရေးမဆိုတတ်ကြ ဖြစ်ခဲ့ပါတယ်။ အဲဒီလို သဘောထားရှိနေကြတဲ့အတွက် အရင်းရှင် ဘီအိုစီ ကုမ္ပဏီက ကျင်လည်ပါးနပ်စွာ လှည့်စားချယ်လှယ်နိုင်ခဲ့ပါ တယ်။ အဲဒီလိုချယ်လှယ်မှုတွေဟာ အရင်းရှင်အကျိုးထက် အလုပ်သမားတွေရဲ့ အကျိုးဘက်ကို ပို၍ရောက်သွားတာ ကို တွေ့ရပါတယ်။ အရင်းရှင်တို့ရဲ့ လောဘရမက်မှာ ထိန်းချုပ်လို့မရတော့ဘဲ ရလေ လိုလေ ဖြစ်နေကြတဲ့ အတွက် အလုပ်သမားတွေအပေါ်မှာ ပိုပြီး ခေါင်းပုံဖြတ် အမြတ်ထုတ်လာခဲ့ကြတယ်။ အလုပ်သမားတို့ရဲ့ ဘ၀ ရပ်တည်ချက်ဖြစ်တဲ့ အနည်းဆုံး လိုအပ်ချက်တွေကို ထိခိုက်လာခဲ့ရပါတယ်။

ဒါကြောင့် အလုပ်သမားတွေရဲ့ အခွင့်အရေး တောင်းဆိုမှုဟာ မလွဲမသွေ ပေါ်ပေါက်လာရပါတယ်။ အဲဒီလိုနည်းအားဖြင့် ရပ်ဘ၀ရဲ့ အနည်းဆုံး လိုအပ်ချက်နဲ့ စိတ်ပိုင်းဆိုင်ရာ တောင်းဆိုမှုတွေဟာ ရေနံမြေအလုပ် သမားတွေရဲ့ တိုက်ပွဲလမ်းစ ဖြစ်လာပါတော့တယ်။ ဒီတိုက်ပွဲလမ်းစကို ပေါ်လာအောင် ဖော်ဆောင်ပေးတဲ့ အဖွဲ့အစည်းကတော့ တို့ဗမာအစည်းအရုံးကြီးပဲ ဖြစ်ပါ တယ်။

တို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့သူက တော့ သခင်ဘသောင်း ဖြစ်ပါတယ်။ 'သခင်အစ ဘသောင်းက' လို့ ဆိုခဲ့ကြပါတယ်။ ၁၉၃၀ ခုနှစ်၊ နွေဦး ပိုင်းကာလမှာ သခင်ဘသောင်းနဲ့ ဆန္ဒတူ မျိုးချစ်လူငယ် တွေ ဖြစ်ကြတဲ့ ဓာတုဗေဒကို လှသော်(သခင်လှသော်)၊ မြန်မာပြည်စာအုပ်အသင်းမှ ကိုသိန်းမောင် (သခင်သိန်း မောင်)၊ အမြတ်တော်ကြေးရုံးမှ ကိုအုံးခင်(ခြေလျင်) တို့ ဖြစ်ကြပါတယ်။ ဗမာ့လွတ်လပ်ရေးအတွက် အမျိုးသား ဇာတိမာန် ထက်သန်ရေးအတွက် လှုံ့ဆော်စည်းရုံးကြပြီး တိုက်ပွဲ၀င် အရေးဆိုရန် ပြတ်သားရဲရင့်ပြီး တိကျခိုင်မာ သော အမျိုးသားရေး၀ါဒတစ်ခု တီထွင်ရမယ်လို့ ယုံကြည် ခဲ့ကြပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းအမည်ကို 'တို့ဗမာ အစည်းအရုံး' လို့ မှည့်ခေါ်ပြီး အဖွဲ့၀င်တိုင်းရဲ့ အမည် ရှေ့မှာ 'သခင်'တပ်ခေါ်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ကုလား ဗမာ အဓိကရုဏ်းပြီးစ ၁၉၃၀ ခုနှစ် မေလ ၃၀ ရက်နေ့ မှာ ဗမာလူထုကို တပ်လှန့်လှုံ့ဆော်လိုက်တဲ့ ကြေညာချက် ကို တို့ဗမာအစည်းအရုံးက ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ကြေညာချက်အမည်စာတမ်းကို နိုင်ငံပြု စာစုအမှတ်(၁) လို့ ဖော်ပြထားပါတယ်။ ဒီစာတမ်းမှာ -

ဗမာပြည်သည် . . . တို့ပြည်
ဗမာစာသည် . . . တို့စာ
ဗမာစကားသည် . . . တို့စကား
ဗမာပြည်ကို . . . ချစ်ပါ
ဗမာစာကို . . . ချီးမြှင့်ပါ
ဗမာစကားကို . . . လေးစားပါ

ဟူ၍ တပ်လှန့်နိုးဆော်ထားပါတယ်။

၁၉၃၁ ခုနှစ် အလယ်ပိုင်းလောက်မှာ သခင် ဘသောင်းနဲ့ သခင်ဗစိန် တို့ဟာ ရေနံချောင်းမြို့သို့ သွား ရောက်ခဲ့ပြီး ဦးစိုးသိမ်း ဂျီစီဘီအေးနှင့် တွေ့ဆုံကာ တို့ဗမာသခင်များနဲ့ ဦးစိုးသိမ်းဂျီစီဘီအေတို့ မည်သို့ဆက် သွယ်လှုပ်ရှားသင့်သလဲဆိုတာကို တွေ့ဆုံဆွေးနွေးခဲ့ကြ ပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ ရေနံချောင်း ၀ံသာနု ဆရာတော်တွေဖြစ်ကြတဲ့ ဦးတေဇိန္ဒ၊ ဦးပဏ္ဍဝ၊ ဦးနန္ဒတို့နဲ့ ဦးစိုးသိမ်း ဂျီစီဘီအေရဲ့ဇနီး ဒေါ်သော့တို့လည်း ပါ၀င်ခဲ့ ကြပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး စွဲရေး တွဲရေး ပြဿနာကို အာရုံမထားဘဲ လုံး၀ လွတ်လပ်ရေးကို ဘယ်လိုရလာနိုင်မလဲဆိုတဲ့အပေါ်မှာသာ အဓိကထားကြ ဖို့ သဘောတူညီခဲ့ကြပါတယ်။ ရေနံချောင်းရောက်ချိန်မှာ တရားဟောပြောနိုင်ဖို့အတွက် ရေနံချောင်းမြို့သူ သူဌေး ကုန်းဈေးတန်းရပ်မှာနေတဲ့ သုစရိတယုစကုမ္ပဏီ အမျိုး သမီး ဥက္ကဋ္ဌ ဒေါ်ဖန်နဲ့သမီး မပုတို့က တာ၀န်ယူ ဖိတ် ခေါ် ဆောင်ရွက်ပေးခဲ့တဲ့အတွက် တွင်းကုန်းရပ် အာရုဏ်ခံတန်ဆောင်းကြီးမှာ ဟောပြောပွဲ ကျင်းပခဲ့ပါ တယ်။ အင်္ဂလိပ် အစိုးရနဲ့ ဓနရှင်တွေအပေါ် ပြတ်ပြတ် သားသား ရှုတ်ချပြီး အမျိုးသားရေး လွတ် လပ်ရေးတို့ အတွက် တို့ဗမာအစည်းအရုံးရဲ့ ရည်မှန်းချက်တွေကို သခင်ဘသောင်းနဲ့ သခင်ဗစိန်တို့က တိတိကျကျ ဟော ပြောခဲ့ကြတဲ့အတွက် ပရိသတ်တွေဟာ တမဟုတ်ချင်း အမျိုးသားစိတ်ဓာတ်တွေ တက်ကြွလာခဲ့ကြပြီး ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို တို့ဗမာအစည်းအရုံးဝင် သခင်အမည်တွေကို ခံယူလာခဲ့ကြပါတယ်။ တို့ဗမာ အစည်းအရုံးဝင် အင်အားမှာ တစ်နေ့တခြား တိုးပွားလာခဲ့ရာ ၁၉၃၃ ခုနှစ်၊ ဇွန်လတွင် ချောက်မြို့ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါတယ်။

ဥက္ကဋ္ဌ - သခင်အုန်းမောင် (ဘယဆေးကုန်သည်)
ဒု-ဥက္ကဋ္ဌ - သခင်ထပ်ကြီး (ဘီအိုစီအလုပ်သမား)
အတွင်းရေးမှူး - သခင်ဗဗ (ကုန်သည်)
တွဲဘက်အတွင်းရေးမှူး - သခင်မြသောင်း (ကုန်သည်)
ဘဏ္ဍာရေးမှူး - သခင်ဘိုးထွန်း (ကုန်သည်)
အမှုဆောင် - သခင်သန်း (ကုန်သည်)
အမှုဆောင် - သခင်ထွန်းမောင် (ပင်းမင်း)
အမှုဆောင် - သခင်ဗကို (ကုန်စိမ်း)
အမှုဆောင် - သခင်သာတင့်ကြီး (ကုန်သည်)

(သခင်သာတင့်ကြီးဟာ သခင်ခေါင်းပေါင်း စတင်တီထွင်သူလို့ သိရှိရပါတယ်)

ရေနံချောင်းမြို့မှာလည်း ၁၉၃၃ ခုနှစ် ဇွန်လမှာပင် တို့ဗမာအစည်း အရုံး အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါတယ်။

ဥက္ကဋ္ဌ - သခင်တင် (စာရေးကြီး)
ဒု-ဥက္ကဋ္ဌ - သခင်စံညွန့်
ဒု-ဥက္ကဋ္ဌ - သခင်မြင့်
အတွင်းရေးမှူး - သခင်ဗတင်
တွဲဘက်အတွင်းရေးမှူး - သခင်ခင်ညွန့်
တွဲဘက်အတွင်းရေးမှူး - သခင်သန့်
စာရင်းစစ် - သခင်လှိုင်
စည်းရုံးရေး - သခင်ခ
အမှုဆောင် - သခင်ဗမောင်
အမှုဆောင် - သခင်စိုးမောင်

တို့ဗမာအစည်းအရုံးဝင် သခင်တို့ဟာ ရေနံချောင်း တို့ဗမာ နိုင်ငံရေး စည်းရုံးလှုပ်ရှားမှုနှင့် အလုပ်သမားစည်းရုံးလှုပ်ရှားမှုများသာမက ရေနံမြေ အခွန်ထမ်းများရဲ့ ကိစ္စတွေကိုလည်း လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီအချိန်က ရေနံမြေမှာ နယ်ချဲ့နေရှင် ရေနံကုမ္ပဏီကြီးများ

**ဓနရှင်တို့ရဲ့ ရက်သွေးစုတ်မှုကို ဖော်ထုတ်တာ ပြင်းပြင်းထန်ထန် ဆန့်ကျင်တန့်လှန် ဟောပြောခဲ့ကြတဲ့အတွက် အလုပ်သမားလူများ၊ ရပ်များသာမက ဝံသာနုများနဲ့ အမျိုးသားရေးစိတ်ဓာတ်ရှိကြတဲ့ ဈေးသူဈေးသားနဲ့ ကုန်သည်တွေကပါ ဝမ်းပန်းတသာ အားတက်သရော ထောက်ခံခဲ့ကြပါတယ်။**

ရေနံတိုးချဲ့တူးဖော်နိုင်ဖို့အတွက် အစိုးရက မြို့သူမြို့သား ရပ်သူရပ်သားတွေရဲ့ အိမ်မြေ၊ ယာမြေတွေကို သိမ်းယူခြင်း၊ သဿမေဓ အခွန်ကောက်ခံခြင်း၊ ဒီစကြိတ်ဈေးများတွင် ဈေးသူဈေး သားများအပေး ဆိုင်ခွန်ကြီးမြင့်စွာကောက်ခံခြင်းတို့ကို ပြုလုပ်ခဲ့တဲ့အတွက် အခွန်ထမ်းပြည်သူလူထု အခက်အခဲ အကြပ်အတည်းတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် တို့ဗမာအစည်းအရုံးဝင် သခင်တို့ဟာ အခွန်ထမ်းပြည်သူလူထုနဲ့ စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ၁၉၃၃ ခုနှစ်တွင် ရေနံချောင်းမြို့မှာ 'တို့ဗမာအခွန်ထမ်းအစည်းအရုံး'ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါတယ်။ အခွန်တော်ကိစ္စတွေကို ဥပဒေဘောင်အတွင်းက စတင်စာရေးဆို ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလို ဆောင်ရွက်မှုကို နယ်ချဲ့အစိုးရနဲ့ နိုင်ငံခြားသား ဓနရှင်ကြီးတွေရဲ့ လက်ပါးစေတွေက လူဆိုးပုဒ်မ-၁၀၇-၁၀၈ တို့အရ သခင်ဗတင်၊ သခင်လှိုင်၊ ဦးကြီးဒန်၊ ဦးမြသိုင်း၊ ဦးထွန်းမြကြီး၊ ဦးမို၊ ဦးမြတ်ကြီးတို့အား ဖမ်းဆီးတရားစွဲဆိုခဲ့ပါတယ်။ အမှုစတင်စစ်ဆေးရာမှာ 'ငဗတင်၊ ငလှိုင်'ဆိုပြီး ရိုင်းပြစွာခေါ်ရာ သခင်တို့က မထူးဘဲ နေခဲ့ကြပါတယ်။ ဒုတိယအကြိမ်ခေါ်ရာမှာလည်း မထူးဘဲ နေခဲ့ကြပြန်ပါတယ်။ ရုံးကို သက်သေခံဖို့ရောက်နေတဲ့ ရေနံဝန် မစ္စတာအာနိုးဆိုသူက ဝရမ်းစာကို တောင်းယူကြည့်ပြီး သခင်အမည်တပ် ခေါ်ဖို့ အကြံပေးမှ သခင်ဗတင်၊ သခင်လှိုင်လို့ခေါ်ကာ အမှုကိုစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါတယ်။ သခင်တွေကို တရားရုံးအတွင်း ဖိနပ်မစီးရလို့ ကန့်သတ်ပြန်ရာ သခင်တို့ဘက်က ရှေ့နေလိုက်ပေးတဲ့ ရန်ကုန်မြို့မှ ရောက်လာတဲ့ ဝတ်လုံဦးချန်ထွန်းက ဖိနပ်စီးခြင်းကို မတားမြစ်နိုင်လို့ ဥပဒေအရ ထောက်ပြတဲ့အတွက် စီးခွင့်ပြုခဲ့ရပါတယ်။ ရန်ကုန်မြို့ ဟိုက်ကုပ်တရားလွှတ်တော်ကို ရေနံချောင်းသခင်တွေကို စွဲဆိုတဲ့အမှုနဲ့ ပတ်သက်ပြီး ပုဒ်မတပ် ပုံမမှန်ကြောင်း စောဒကတက်ခဲ့ကြတယ်။ အဲဒီ စောဒကအမှုကို စိစစ်ပြီး တရားဝန်ကြီးက သခင်တွေကို အနိုင်ပေးလိုက်တဲ့အတွက် ရေနံမြေမှာ ဆက်တိုက် တရားပွဲတွေ ပြုလုပ်ဟောပြောခဲ့ကြတယ်။ ခေနရှင်တို့ရဲ့ ဂုတ်သွေးစုတ်မှုကို ဖော်ထုတ်ကာ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက် ဟောပြောခဲ့ကြတဲ့အတွက် အလုပ်သမားလူမျိုးစုများသာမက ဝံသာနုများနဲ့ အမျိုးသားရေးစိတ်ဓာတ်ရှိကြတဲ့ ဈေးသူဈေးသားနဲ့ ကုန်သည်တွေကပါ ဝမ်းပန်းတသာ အားတက်သရော ထောက်ခံခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ နယ်ချဲ့အလိုတော်ရိတွေ သစ္စာဖောက်တွေရဲ့ ခြိမ်းခြောက်နှောင့်ယှက်မှုတွေ မဟုတ်မမှန် ဝါဒဖြန့်မှုတွေကိုပါ ကြုံတွေ့ခဲ့ရပါတယ်။ သခင်တွေရဲ့ ကြိုးပမ်း အားထုတ်မှုတွေကြောင့် တို့ဗမာအစည်းအရုံး အလုပ်သမားအဖွဲ့၊ အခွန်ထမ်းအဖွဲ့တွေသာမက၊ သူဌေးကုန်း၊ လက်မှတ်ကုန်း၊ သံကံကုန်း၊ တွင်းကုန်း၊ ဘေးမဲ့ စတဲ့ ရပ်ကွက်တွေမှာ လူငယ်များ အစည်းအရုံးခွဲများ၊ စာဖတ်ခန်းများ တည်ထောင်ဖွဲ့စည်းခဲ့ကြတယ်။ ရှင်အရိယ၊ သခင်ဗစိန်၊ သခင်လေးမောင်တို့ဟာ ချောက်မြို့သို့ သွားရောက်ခဲ့ကြပါတယ်။ ချောက်မြို့မှာ သခင်ခ၊ သခင်ဗဗတို့ရဲ့ ကြိုတင်ဟောပြောစည်းရုံးထားမှု ရှိခဲ့ပါတယ်။ လူငယ်ကျောင်းသား ဈေးသူဈေးသား အလုပ်သမားတို့အနေဖြင့်လည်း စာဖတ်အသင်း၊ ဘောလုံးအသင်းတွေကို သခင်တွေနဲ့ ပူးပေါင်းဖွဲ့စည်းထားခဲ့ကြတယ်။ ရှင်အရိယ၊ သခင်ဗစိန်၊ သခင်လေးမောင်တို့ ရောက်ရှိလာတဲ့အခါ ပိုမိုစည်းလုံးလာခဲ့ကြပြီး တပ်ဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ကာ ရှပ်နီတပ်ဖွဲ့ဟာ စစ်ရေးလေ့ကျင့်ရေးတွေပြုလုပ်ခဲ့ကြပြီး အလုပ်သမားများအပါအဝင် မြို့လူထုရဲ့ လုံခြုံရေးကို နေ့ညမပြတ်ကာကွယ်စောင့်ရှောက်ခြင်း၊ သာရေး နာရေးတို့မှာ ကူညီခြင်း၊ နိုင်ငံရေးနိုးကြားတက်ကြွမှု ဖြစ်စေရန် ဟောပြောလှုံ့ဆော်ခြင်း၊ ရေနံချောင်းသို့ ခြေလျင်ချီတက်ကာ ရှပ်နီတပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းရန်အတွက်လှုံ့ဆော်စည်းရုံးခဲ့ကြပါတယ်။

## ရေနံမြေက တို့ဗမာအစည်းအရုံးကြီး၏ ပထမအကြိမ် ညီလာခံ

တို့ဗမာအစည်းအရုံးဟာ နိုင်ငံရေး ဩဇာတက်လာတာနဲ့အမျှ မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ခိုင်မာတဲ့ခေါင်းဆောင်မှုနဲ့ ကျယ်ပြန့်တဲ့စည်းရုံးမှုမရှိရင် မဖြစ်နိုင်ဘူးဆိုတာ တို့ဗမာအစည်းအရုံးခေါင်းဆောင်ပိုင်းက သိရှိခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျီစီဘီအေရဲ့ ပြိုကွဲမှုအပေါ် စိတ်ပျက်နေကြတဲ့ ပြည်သူလူထုအနေနဲ့လည်း တို့ဗမာအစည်းအရုံးရဲ့ ပြတ်သားတဲ့ နိုင်ငံရေးသဘောထားရပ်တည်ချက်တွေကို နားလည်သဘောပေါက်လာခဲ့ကြတယ်။ အဲဒီအခြေအနေကို အခွင့်ကောင်းယူပြီး သခင်ခေါင်းဆောင်တွေဟာ မိမိတို့ရဲ့ အင်အားစုတွေကို စနစ်တကျ စည်းရုံးနိုင်ရေး၊ စည်းကမ်းကျနသော ပြည်လုံးကျွတ် တို့ဗမာအစည်းအရုံးအသွင် ဖော်ထုတ်နိုင်ရေးအတွက် ၁၉၃၅ ခုနှစ် နွေရာသီမှာ တို့ဗမာဝါဒ အခြေခံချမှတ်ပြီးသောနေရာလည်းဖြစ်၊ တို့ဗမာအစည်းအရုံးကြီးကို အားပေးကူညီနေတဲ့ ဂျီစီဘီအေဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ဦးစိုးသိမ်း အခြေစိုက်ဒေသလည်းဖြစ်တဲ့ အလုပ်သမားမြို့တော် ရေနံမြေဒေသကို ရွေးချယ်ပြီး ပြည်လုံးကျွတ်ကိုယ် စားလှယ် စုံညီ ပထမအကြိမ်မြောက် သခင်ကွန်ဖရင့် (ပထမအကြိမ်မြောက် သခင်ညီလာခံ) ခေါ်ဆိုဖို့ စီစဉ်ခဲ့ကြပါတယ်။ သခင်ကွန်ဖရင့်နဲ့အတူ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းကွန်ဖရင့်ကိုလည်း ပူးတွဲကျင်းပဖို့ သဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။ တို့ဗမာသခင်တွေဟာ ကွန်ဖရင့်ကြီးအောင်မြင်ထမြောက်ရေးအတွက် တာဝန်အသီးသီး ခွဲဝေထမ်းဆောင်ကြဖို့ တို့ဗမာအစည်းအရုံးရဲ့ ယာယီအမှုဆောင်အဖွဲ့ကို

ဥက္ကဋ္ဌ - သခင်သိန်းမောင်
ဒုတိယဥက္ကဋ္ဌ - သခင်လေးမောင်
အထွေထွေအတွင်းရေးမှူး - သခင်ဗစိန်
တွဲဖက်အထွေထွေအတွင်းရေးမှူး - သခင်ထွန်းအုပ်
ဘဏ္ဍာရေးမှူး - သခင်ဟန်
ဝါဒဖြန့်ပွားရေးမှူး - သခင်ညီ
ဝါဒဖြန့်ပွားရေးမှူး - သခင်ထွန်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တာဝန်ပေး ဖွဲ့စည်းခဲ့ကြပါတယ်။ ကွန်ဖရင့်ကို ရေနံချောင်းမြို့မှာ ၁၉၃၅ ခုနှစ်၊ မတ်လ ၃၀၊ ၃၁ နှင့် ဧပြီလ ၁ ရက် (၁၂၉၆ ခု၊ တပေါင်းလဆုတ် ၁၂၊ ၁၃၊ ၁၄ ရက်) နေ့တွေမှာ ကျင်းပဖို့ သတ်မှတ်ခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ အင်္ဂလိပ်အရင်းရှင်ကြီးများရဲ့ စီးပွားရေး ဗဟိုအချက်အချာဒေသမှာ သခင်တွေ ညီလာခံမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်သမားအရေးကိစ္စတို့ နိုးကြားလာရင် သူတို့အတွက် အန္တရာယ်ဖြစ် မှာကို ကြိုတင်တွက်ဆထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သခင်တွေရဲ့ညီလာခံကို မပျက်ပျက်အောင် ဟန့်တားနှောင့်ယှက် ဖျက်ဆီးခဲ့ကြပါတယ်။ ၁၉၃၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှာ ပုဒ်မ-၁၄၄ ကို ထုတ်ပြန်ခဲ့ပြီး ညီလာခံမလုပ်နိုင်အောင် တားဆီးခဲ့ကြပါတယ်။ ညီလာခံကို တက်ရောက်ကြမယ့် အနယ်နယ်အရပ်ရပ်မှ သခင်ခေါင်းဆောင် ၄၀ ကျော်တို့အား ရေနံမြေသို့မဝင်ရ၊ လူ ၅ ဦးထက် ပိုပြီး ရေနံမြေမှ စီတန်းလမ်းလျှောက်ခြင်း မပြုရဆိုတဲ့ အမိန့်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို တို့ဗမာအစည်းအရုံးခေါင်းဆောင်တွေက အဆင့်ဆင့်တင်ပြတောင်းဆိုခဲ့ရာ နောက်ဆုံး သဘောတူညီချက်တွေ ရရှိခဲ့ပြီး သတ်မှတ်ထားတဲ့ ရက်အတိုင်း တို့ဗမာအစည်းအရုံးကြီးရဲ့ ပထမအကြိမ် ညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

## ရေနံမြေအလုပ်သမားတို့၏ လှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာခြင်း

ရေနံချောင်းမြို့နှင့် ချောက်မြို့ကတွေမှာ ၁၉၃၅ ခုနှစ် တို့ဗမာအစည်း အရုံးရဲ့ ပထမအကြိမ် ညီလာခံ မစတင်ခင်ကပင် တို့ဗမာအစည်းအရုံးခေါင်းဆောင်တွေက မကြာခဏ လာရောက်ဟောပြော စည်းရုံးခဲ့ကြခြင်းကြောင့် နိုင်ငံ ရေးအသိတရားတွေ ခိုင်မာနေကြပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျယ်ကျယ် ပြန့်ပြန့် စည်းရုံးရေး မရသေးကြဘူး။ ဘီအိုစီကုမ္ပဏီကလည်း စုံထောက်အဖွဲ့တွေ ဖွဲ့ထားပြီး အလုပ်သမားတွေရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေခဲ့ကြတယ်။ တို့ဗမာအစည်းအရုံးက ဦးစီးကျင်းပတဲ့ ဆရာတော် ဦးဝိစာရနေ့၊ ပါတော်မူနေ့၊ အမျိုးသားနေ့၊ ၉၁ဌာနအုပ်ချုပ်ရေးကန့်ကွက်ပွဲနေ့တွေမှာ တို့ဗမာ အစည်းအရုံးဝင် သခင်တွေဟာ အမျိုးသားရေးကိစ္စနဲ့ ပတ်သက်ပြီး ရေနံမြေမှာ ရှိတဲ့ အလုပ်သမားတွေရဲ့ နစ်နာချက်တွေကို ထည့်သွင်း ဟောပြော လှုံ့ဆော်ခဲ့ကြတယ်။ အဲဒီလို ဟောပြောတိုင်း ကုမ္ပဏီက အရေးယူဆောင်ရွက်ပေးခဲ့တယ်။ ဒါကြောင့် ရေနံကုမ္ပဏီတွေက တို့ဗမာအစည်းအရုံးဝင်သခင်တွေ တရားပွဲတွေမှာ အလုပ်သမားကိစ္စတွေအတွက် ဟောပြောချက်တွေကို နားစွင့်ထားသလို အလုပ်သမားတွေကလည်း အရေးအကြောင်းရှိရင် တို့ဗမာအစည်း အရုံးဝင် သခင်တွေကို အားကိုးအားထားပြုခဲ့ကြတယ်။ အဲဒီလိုနည်းနဲ့ အလုပ်သမားတွေနဲ့ သခင်တွေရဲ့ဆက်ဆံရေးဟာ ပိုမိုကောင်းမွန်တိုးတက်လာပါတယ်။ ရေနံမြေမှာ တို့ဗမာအစည်းအရုံးရဲ့ နိုင်ငံရေးဩဇာ စိုက်ထူနေပြီဖြစ်ပေမယ့် အကျယ်ပြန့်ဆုံး မစည်းရုံးနိုင်သေးဘူး။ အလုပ်သမားထုအတွင်း အမြုတေအုပ်စု အသွင်သဏ္ဌာန်သာ ရှိနေပါသေးတယ်။ အလုပ်သမားစည်းရုံးရေး တိုက်ပွဲတွေအတွက်လည်း အစီအစဉ်စနစ်တကျ ရေးဆွဲခြင်း မရှိသေးဘူး။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလမှာ ဘီအိုစီကုမ္ပဏီက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့တယ်။ အဲဒီကြေညာချက်မှာ အလုပ်သမားတွေကို တစ်နှစ်လျှင် ဘာသာရေးခွင့် ၇ ရက် နှင့် အပိုခွင့် ၁၀ ရက် စုစုပေါင်း ၁၇ ရက်ကို လစာအပြည့်ပေးမည်ဖြစ်ကြောင်း ကြေညာချက်ဖြစ်ပါတယ်။ အလုပ်သမားတွေ မူလရရှိတဲ့ ဘာသာရေးခွင့်ရက်နှင့် ပြင်ဆင်သတ်မှတ်လိုက်တဲ့ ဘာသာရေးခွင့်ရက်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

မူလရရှိသော ဘာသာရေးခွင့်ရက်

တန်ခူးလ နှစ်သစ်ကူး ၃ ရက်
ကဆုန်လပြည့်နေ့ ၁ ရက်
ဝါဆိုလပြည့်နေ့ ၁ ရက်
ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ၁ ရက်
သီတင်းကျွတ်လပြည့်နေ့ ၁ ရက်
တန်ဆောင်မုန်းလပြည့်နေ့ ၁ ရက်
ရေနံချောင်းပင်းဘုရား ချောက်မြို့ အေးစေတီဘုရား ၁ ရက်
တပေါင်းလပြည့်နေ့ ၁ ရက်
စုစုပေါင်း ၁၀ ရက်

ပြင်ဆင်သတ်မှတ်သော ဘာသာရေးခွင့်ရက်

တန်ခူးလနှစ်သစ်ကူး ၂ ရက်

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လပြည့်နေ့ ၁ ရက်
ဝါဆိုလပြည့်နေ့ ၁ ရက်
သီတင်းကျွတ်လပြည့်နေ့ ၁ ရက်
တန်ဆောင်မုန်းလပြည့်နေ့ ၁ ရက်
တပေါင်းလပြည့်နေ့ ၁ ရက်
စုစုပေါင်း ၇ ရက်

အထက်ပါဇယားကိုကြည့်ခြင်းအားဖြင့် နှစ်သစ်ကူး ၁ ရက်၊ ရေနံ ချောင်းပင်းဘုရား + ချောက်မြို့အေးစေတီဘုရား ၁ ရက်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ စုစုပေါင်း ၃ ရက်ကို ပယ်ဖျက်ခဲ့ပြီး ဘာသာရေးခွင့်ရက် ၇ ရက်သာပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အလုပ်သမားထုအတွင်း လှုပ်လှုပ် ရှားရှားဖြစ်လာခဲ့ကြပြီး ရေနံချောင်းမြို့ တို့ဗမာအစည်းအရုံးနဲ့ ချောက်မြို့ တို့ဗမာ အစည်းအရုံးတို့မှ သခင်ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဘာသာရေးခွင့်ရက် ပြဿနာကို ရှေ့တန်းတင်ပြီး ရေနံချောင်းနှင့် ချောက် ပူးပေါင်းပြီး အလုပ်သမားကန့်ကွက်ပွဲကြီးတွေ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှာ ရေနံချောင်းမြို့တွင်းကုန်းရပ်ရှိ ဦးကြီးမောင် ဘုရားတန်ဆောင်းအတွင်းမှာလည်းကောင်း၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ချောက်မြို့ ဦးဘိုးချွန်ဇာတ်ရုံမှာလည်းကောင်း အလုပ်သမားအစည်းအဝေးကြီးတွေ ကျင်းပခဲ့ကြပြီး အောက်ပါအတိုင်း ဆုံးဖြတ်တောင်းဆိုခဲ့ကြတယ်။

(၁) အလုပ်သမားများအား စာရေးနှင့် တန်းတူ လက်ရှိစာရေးရရှိ နေသည့် ဘာသာရေးရက် ၁၀ ရက်နှင့် လစာမပျက် ခွင့် ၂၀ ရက်ပေးရန်။

(၂) လေဘာဗျူရိုခေါ် ဘီအိုစီ၏ အလုပ်သမားစောင့်ရှောက်ရေးရုံးအစား အစိုးရနှင့် ကုမ္ပဏီ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော အလုပ်သမားစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းပေးရန်။

အဲဒီကိစ္စကိုဆောင်ရွက်ဖို့ ရေနံချောင်းမှ သခင်အောင်ဖေ၊ သခင်လှိုင် နဲ့ သခင်ဗမောင်၊ သခင်ခါ၊ ချောက်မြို့မှ သခင်သက်၊ သခင်ဗတင်၊ သခင်သင် တို့ကို တာဝန်များ လွှဲအပ်ခဲ့ပါတယ်။ ဘီအိုစီကုမ္ပဏီက အလုပ်သမားတွေရဲ့တောင်းဆိုချက်တွေကိုဘယ်လိုမှအကြောင်းမပြန်တဲ့အပြင် သူတို့အလိုတော်ရိ ၁၉ ဦး ကော်မတီမှ တစ်ဆင့် နိုင်ငံရေးသမားများ ဦးဆောင်တောင်းဆိုပါက မရနိုင်ကြောင်း၊ အလုပ်သမားအရေးကိစ္စကို အလုပ်သမားများကသာ ဆောင်ရွက်ရမှာဖြစ်ကြောင်း သခင်များနဲ့ အလုပ်သမားများ မပူးပေါင်းမိစေဖို့အတွက် စာရွက်စာတမ်းများ ထုတ်ဝေပြီး ဝါဒဖြန့်ခဲ့ကြပါတယ်။ ရေနံချောင်း တို့ဗမာအစည်းအရုံးနဲ့ ချောက်မြို့ တို့ဗမာအစည်းအရုံးတို့ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး နောက်ထပ်အလုပ်သမားထု အစည်းအဝေးပွဲကြီးများ ထပ်မံကျင်းပ အရေးဆိုရန် စီစဉ်ခဲ့ကြပါတယ်။ အဲဒီအစီအစဉ်အရ ချောက်မြို့ တို့ဗမာအစည်းအရုံးနဲ့ မျက်နှာချင်းဆိုင်ရှိ ဈေးအနောက်ဘက် ကွက်လပ်ကြီးမှာ အလုပ်သမားထု အစည်းအဝေးတစ်ရပ် ခေါ်ယူပြီး အောက်ပါဆုံးဖြတ်ချက်တွေကို ချမှတ်ခဲ့ကြပါတယ်။

၁။ အလုပ်သမားတန်းလျားများ နေသာထိုင်သာရှိအောင် ဆောက်လုပ်ပေးရေး၊
၂။ အလုပ်သမားတန်းလျားများနှင့် အလုပ်သမားရပ်ကွက်များတွင် ရေလုံလောက်စွာပေးရန်၊
၃။ အလုပ်သမားတန်းလျားများကို လျှပ်မီး တပ်ဆင်ပေးရန်၊
၄။ အလုပ်သမားသားသမီးများအတွက် အခမဲ့ပညာသင်ပေးရန်နှင့် ကျောင်းများ ပြည့်စုံအောင် ဆောက်ပေးရန်၊
၅။ အလုပ်သမားများ၏ ကိုယ်ဝန်ဆောင် ဇနီးများအား ဆေးကုသ ပေးရန်၊
၆။ အလုပ်သမားများအား လစာမပတ် ခွင့်ရက်များပေးရန်၊
၇။ အလုပ်ဌာနတိုင်း၌ သောက်သုံးရေပေးရန်၊ ထမင်းစားခန်းထား ပေးရန်၊
၈။ အလုပ်သမားများ အပန်းဖြေရိပ်သာများ ထားရှိပေးရန်၊
၉။ အလုပ်သမားများမကျန်းမာပါက လစာမပျက် ခွင့်နှင့် ဆေးကုသ ပေးရန်၊
၁၀။ ခွင့်ယူသွားသော အလုပ်သမားများနေရာတွင် အလုပ်ခွင့်ရှိ အလုပ်သမားများကို ထိုနေရာ၏ လစာအဆင့်အတန်းဖြင့် လုပ် ခွင့်ပြုရန်၊
၁၁။ အလုပ်သမားတစ်ဦး သေဆုံး၍သော်လည်းကောင်း၊ နုတ်ထွက်၍သော်လည်းကောင်း သွားပါက အပြင်လူမခန့်ဘဲ အလုပ်ခွင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကိုသာ လုပ်သက်အရည်အချင်းအလိုက် ခန့်ထားရန်။

အဲဒီဆုံးဖြတ်ချက်တွေကို ၁။ဘီအိုစီကုမ္ပဏီ၊ ၂။အစိုးရနဲ့ ၃။တို့ဗမာ အစည်းအရုံးဌာနချုပ်တို့ကို ပေးပို့လိုက်ပါတယ်။ တို့ဗမာအစည်းအရုံးဌာနချုပ်မှ အလုပ်သမားအရေးအခင်းတွေကို ကူညီဖို့အတွက် ဥက္ကဋ္ဌသခင်လေးမောင်နဲ့ အလုပ်သမားအမတ် ဦးဘလှိုင်တို့ လာရောက်မှာဖြစ်တဲ့အတွက် ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နဲ့ ၇ ရက်နေ့တွေမှာ ရေနံချောင်းမြို့သို့ ချောက်မြို့တို့ဗမာ အလုပ်သမားအစည်းအရုံးမှ ကိုယ်စားလှယ်တွေလာရောက်ကြဖို့အကြောင်း ကြားလိုက်ပါတယ်။ ဌာနချုပ်ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ချောက်မြို့တို့ဗမာအစည်းအရုံးမှ သခင်ခင်၊ သခင်ဗတင်နဲ့ သခင်လွင် တို့ကို တာဝန်ပေးပြီး ရေနံချောင်းမြို့ကို စေလွှတ်ခဲ့ပါတယ်။

## သခင်ခင်အား အလုပ်မှထုတ်ပယ်ခြင်းနှင့် ရေနံမြေသပိတ် ပေါ်ပေါက်ခြင်း

ရေနံချောင်းမြို့မှာကျင်းပမယ့် အစည်းအဝေးကို တက်ရောက်ဖို့အတွက် သခင်ခင်က ၅. ၁. ၃၈ နေ့မှာ မိမိသက်ဆိုင်ရာ ဘီအိုစီထရန်စပို့မန်နေဂျာ မစ္စတာဘိရှော့ထံ ၆ ရက်နဲ့ ၇ ရက် စုစုပေါင်း ခွင့် ၂ ရက်ယူမှာဖြစ်ကြောင်း ခွင့်တင်ခဲ့ပါတယ်။ ဒါပေမယ့် ခွင့် ၁ ရက်သာပေးမှာဖြစ်ကြောင်း သခင်ခင်ကို ပြောကြားခဲ့ပါတယ်။ သခင်ခင်က ၅ ရက်နေ့ ညနေကားနဲ့ ရေနံ ချောင်းမြို့ကို သွားရောက်ခဲ့ပြီး -

(၁) ရေနံကုမ္ပဏီအသီးသီးရှိ အလုပ်သမားနစ်နာချက်များ၊

(၂) သီတင်းကျွတ်လဆုတ် ၁၁ ရက် ခွင့် ၁၂ ရက် ( )နေ့က အစည်းအဝေးဆုံးဖြတ်ချက်များ၊

(၃) ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ကုမ္ပဏီများသို့ ၁၇ ရက် အကြောင်းကြား သတ်မှတ်တောင်းဆိုရန်

(၄) အဆိုသွင်းထောက်ခံသူများသည်အလုပ်သမားများသာဖြစ် ကြစေရန်၊

(၅) လုပ်သားထု အစည်းအဝေးကို ရေနံချောင်းမြို့တွင် ၁၂၉၉ ခု၊ ပြာသိုလဆုတ် ၁၅ ရက်၊ စနေနေ့၊ ချောက်မြို့တွင် တပို့တွဲ လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပါတယ်။

သခင်ခင်ဟာ ၇ ရက်နေ့၊ နေ့လယ် ၁၂ နာရီမှာ ချောက်မြို့ကို ပြန် လည်ရောက်ရှိခဲ့ပါတယ်။ နောက်တစ်နေ့ ၈ ရက်၊ စနေနေ့ နံနက် ၆ နာရီမှာ သခင်ခင်ဟာ လုပ်ငန်းခွင်ဝင်ဖို့ ရောက်လာခဲ့ပါတယ်။ သခင်ခင်ဟာ ချောက်မြို့ ဘီအိုစီမော်တော်ယာဉ်ဌာနမှ မော်တော်ယာဉ်ပြင်ဆရာတစ်ဦးဖြစ်ပါတယ်။ ပို့ဆောင်ရေးဌာနရုံးလုလင်က သခင်ခင်ထံ လာရောက်ခဲ့ပြီး မစ္စတာဘိရှော့က သူနှင့် လာရောက်တွေ့ဆုံဖို့ခေါ်ကြောင်း ပြောကြားတဲ့အတွက် သခင်ခင်ဟာ အဲဒီရုံးလုလင်နဲ့ လိုက်သွားခဲ့ပါတယ်။ မစ္စတာဘိရှော့က ခွင့်တစ်ရက်သာပေးတာကို ခွင့်နှစ်ရက်ယူတဲ့အတွက် အလုပ်မှ ၁၅ ရက် ထုတ်ပစ်ကြောင်း ပြောကြားပြီး Red Chit ခေါ် အလုပ်ထုတ်ပယ်စာကို ယူပြီး သွားတွေ့တယ်။ သခင် ဗတင့်က မစ္စတာဘိရှော့ထံ သွားရောက်ကာ သခင်ခင်အား အလုပ်ပြန်ခန့်ရေးအတွက် ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ပါတယ်။ မစ္စတာဘိရှော့က ၁၅ ရက် ထုတ်ပယ်မှုကို ၇ ရက်သို့ ပြောင်းလဲပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ သခင်ဖေသန်းနဲ့ သခင်ထားတို့ဟာ ချောက်မြို့ တို့ဗမာအစည်းအရုံးခေါင်းဆောင်တွေရဲ့ ညွှန်ကြားချက်ကိုယူပြီး ဆန္ဒပြဖို့စီစဉ်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် စနေနေ့ ၁၂ နာရီအချိန်မှာ ဘီအိုစီစတိုတာဝန်ခံ သခင်ဖေသန်း ခေါင်းဆောင်ပြီး သယ်ယူပို့ဆောင်ရေးရုံးမော်တော်ကား အလုပ်ရုံတို့မှ အလုပ်သမားတွေကို စုရုံးကာ -

သပိတ် သပိတ် . . . မှောက်မှောက် . . .
မီးတုတ် မီးတုတ် . . . ရှို့ ရှို့ . . .
အရေးတော်ပုံ အောင်ရမည်
သခင်မျိုးဟေ့ တို့ဗမာ

ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ ရေနံမြေသပိတ်ကြီးကို စတင်ကြောင်း ကျေညာ လိုက်ကြပါတယ်။

### ရေနံမြေသပိတ်ဆင်နွှဲခြင်း

သခင်ဖေသန်းဟာ သူဝတ်ထားတဲ့ လုံချည်အနီကို အလံလုပ်ပြီး အလုပ်သမားတွေရှေ့မှာ ဦးဆောင်ဆန္ဒပြချိန်မှာ သယ်ယူပို့ဆောင်ရေးဌာန စာရေးကြီး

www.burmeseclassic.com



သခင်ထားကလည်း မော်တော်ယာဉ်မောင်းတွေကို ဦးဆောင် ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြပါတယ်။ သခင်ခင်ကလည်း မော်တော်ဝပ်ရှော့နဲ့ မေရှင် ရှော့ အလုပ်သမားတို့ကို စုပေါင်းကာ ကြွေးကြော်ဆန္ဒ ပြခဲ့ကြပါတယ်။ အဲဒီနောက် ပန်းဘဲ၊ သံဂဟေဆော်၊ တွင်ခုံတို့မှ အလုပ်သမားတွေကို အားဖြည့်ခဲ့ပြီး လေဘာဗျူရိုအလုပ်သမားရုံးကြီးကို ချီတက် ဆန္ဒပြခဲ့ကြတယ်။ အဲဒီကမှ တစ်ဆင့် အသင့်စီစဉ်ထားတဲ့ စဉ့်ကူးကျောက်ရိုးမှ အလုပ်သမားများ၊ တွင်းတူး၊ တုတ်သံချွတ်၊ လက်သမား၊ ဓာတ်မီးအလုပ်သမား၊ ဗာဟီရအလုပ်သမားများနဲ့ ပူးပေါင်းခဲ့ကြပါတယ်။ အပြန်ခရီးမှာ ဘီအိုစီအာဏာပိုင်တွေက အလုပ်သမားထုတစ်ရပ်လုံး အုံကြွထောက်ခံနေကြောင်း ကြားသိရတဲ့အတွက် အစည်းအရုံး ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် သခင်ဗတင်၊ သခင်ဖေသန်း၊ သခင်ဖိုးလှကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ သခင်ခင်ကို အလုပ်ပြန်လည်ခန့်ထားရေးကို သဘောတူခဲ့ပေမယ့် အရင်အလုပ်သမားများ တောင်းဆိုချက်တွေကိုတော့ အလုပ်သမားတွေ အလုပ်ပြန်ဆင်းတော့မှ စဉ်းစားမယ်လို့ အကြောင်းပြန်ခဲ့ပါတယ်။ အလုပ်သမားကိုယ်စားလှယ်တွေက တစ်ခါတည်း ဆွေးနွေးဖို့ တောင်းဆိုပေမယ့်လည်း မရခဲ့ပါဘူး။ ဒါကြောင့် သခင် ဖေသန်းနဲ့ သခင်ထားတို့ဟာ သပိတ်မှောက် ဆန္ဒပြအလုပ်သမားတွေကို စနစ်တကျ ရှေ့ဆောင်ပြီး မြို့တွင်းကို ဆက်လက်ချီတက်ခဲ့ကြတယ်။ တို့ဗမာအစည်း အရုံးရှေ့ကိုရောက်တဲ့အခါ အလုပ်သမားတွေကို သခင်ဖေသန်းနဲ့ သခင်ထွန်းခင်တို့က တရားဟောခဲ့ကြပြီး တောင်းဆိုချက်တွေ မရမချင်း သပိတ်ဆက်မှောက်ရန် အတည်ပြုခဲ့ကြပြီး ညဘက် တရားပွဲရှိကြောင်း ကျေညာကာ သပိတ်မှောက်ချီတက်ခြင်းကို ရုတ်သိမ်းခဲ့ကြတယ်။ အဲဒီနေ့ညမှာကျင်းပတဲ့ တရားပွဲအပြီး ချောက်မြို့ တို့ဗမာအလုပ်သမားအစည်းအရုံးကို ဖွဲ့စည်းပြီးကြောင်းနှင့် အမှုဆောင်အဖွဲ့ရဲ့ အမည်စာရင်းကို ကျေညာခဲ့ပါတယ်။

ဥက္ကဋ္ဌ - သခင်သက်
ဒု-ဥက္ကဋ္ဌ - သခင်သင်
အတွင်းရေးမှူး - သခင်ဗတင်
တွဲဘက်အတွင်းရေးမှူး - သခင်ဖေသန်း
ဘဏ္ဍာရေးမှူး - သခင်ခင်
အမှုဆောင် - သခင်ထား
အမှုဆောင် - သခင်ထွန်းခင်
အမှုဆောင် - သခင်တုတ်ကြီး
အမှုဆောင် - သခင်မောင်ကြီး
အမှုဆောင် - သခင်ဖိုးလှကြီး
အမှုဆောင် - သခင်လွင်

နောက်တစ်လခန့်အကြာမှာ အခြေအနေအရ အောက်ပါအတိုင်း ဖွဲ့စည်းရပြန်တယ်။

ဥက္ကဋ္ဌ - သခင်သက်
ဒု-ဥက္ကဋ္ဌ - သခင်သင်
အတွင်းရေးမှူး - သခင်ဖေသန်း
တွဲဘက်အတွင်းရေးမှူး - သခင်ထွန်းခင်
ဘဏ္ဍာရေးမှူး - သခင်ခင်
ပြန်ကြားရေးမှူး - သခင်ထားကြီး
အမှုဆောင် - သခင်တုတ်ကြီး
အမှုဆောင် - သခင်မောင်ကြီး
အမှုဆောင် - သခင်ဖိုးလှကြီး
အမှုဆောင် - သခင်လွင်

သခင်ဖိုးလှကြီးအား ရေနံချောင်း၊ သခင်လွင်အား လမ်းရွာတို့ကို သွားရောက်ပြီး စည်းရုံးရေးတာဝန်ယူကြရန် သတ်မှတ်ပေးလိုက်ပါတယ်။

ဘီအိုစီကုမ္ပဏီနဲ့ နယ်ချဲ့အစိုးရတို့ဟာ ကောက်ကျစ်သော နည်းလမ်းများကို ကျင့်သုံးလာကြပြန်တယ်။ သခင်ခင်ကို အလုပ်ပြန်ခန့်ဖို့ သဘောတူခဲ့ပေမယ့် သပိတ်ကို ဦးဆောင်ခဲ့တဲ့ ခေါင်းဆောင်တွေကို အပြစ်ရှာပြီး ဖမ်းဆီးဖို့ပြင်ဆင်လာခဲ့ကြပါတယ်။ နောက်တစ်နေ့ ဇန်နဝါရီလ ၉ ရက်နေ့မှာ တို့ဗမာ အစည်းအရုံးဌာနချုပ်မှ သခင်လေးမောင်၊ အလုပ်သမားအမတ် ဦးဘလှိုင်နဲ့ သခင်ခတို့ဟာ ရေနံချောင်းမြို့မှ ချောက်မြို့ကို ရောက်လာခဲ့ကြပါတယ်။ သခင် သင်ရဲ့အိမ်မှာ အလုပ်သမားခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အဲဒီ ညမှာပဲ ချောက်ရေနံမြေအလုပ်သမားအစည်းအဝေးကြီးကို ကွက်သစ်ရပ်ကွက်လပ်ကြီးမှာကျင်းပခဲ့ပါတယ်။ အောက်ဖော်ပြပါအချက်တွေကို တောင်းဆိုကြပြီး သပိတ်ကို ဆက်လက်မှောက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

၁။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့စွဲနှင့် ကုမ္ပဏီက ဦးခင်ကိစ္စကို အကြောင်းပြ၍ပေးသော 'စာ'တွင် ရှေ့အဖို့အခါ၌ အလုပ်သမားများ အခွင့်မရှိဘဲနှင့် အလုပ်မှထွက်ခွာသွားခြင်းများရှိခဲ့လျှင် ကုမ္ပဏီ၏ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မှ နုတ်ပယ် ခြင်းခံရလိမ့်မည်ဖြစ်ကြောင်းဟု ပါရှိရာ ၎င်းစည်းကမ်းမျိုးကို အလုပ်သမားများသို့ ရှေးယခင်က သိနားလည်စေခြင်းမရှိဘဲ ယခုမှ သိရသည့်အတွက် ဆိုင်ရာ ကုမ္ပဏီအား ကျန်အစည်းအဝေးကြီးက လေးနက်စွာ အပြစ်တင်ကြောင်း။

၂။ အထက်ပါဥပဒေမျိုး အမြဲတမ်းထားရှိခဲ့ပါလျှင် အလုပ်သမားများက ယခုကဲ့သို့ (နေ့စားအလုပ်သမား အဖြစ်) မထားဘဲ၊ ရှေးကကဲ့သို့ (လခစား အလုပ်သမား အဖြစ်သို့) အမြန်ပြောင်းလဲပေးရန် ဤအစည်းအဝေးကြီး က ကုမ္ပဏီသို့ လေးနက်စွာ တောင်းဆိုကြောင်း၊ အကယ်၍ (လခစားအလုပ်သမားအဖြစ်သို့) မပြောင်းလဲဘဲ နေ့စားအလုပ်သမားအဖြစ် ဆက်လက်ထားရှိလျှင် နေ့စားအလုပ်သမားအဖြစ် နေရသမျှ ကာလပတ်လုံး ကုမ္ပဏီက အခွင့်မပေးသော်လည်း မိမိတို့သဘောအတိုင်း အခွင့်မတောင်းဘဲ အလုပ်မှ နားနေလိမ့် မည်ဖြစ်ကြောင်း ကုမ္ပဏီသို့ ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

၃။ (က) အလုပ်သမားများ(စာရေးများပါ) တစ်နှစ်လျှင် ဘာသာရေး ရက်ထူးရက်မြတ် ၁၀ ရက်နှင့် လစာမပြတ် ၁၁ ရက်၊ အမျိုးသားနေ့နှင့် တစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားနေ့ဖြစ်သော မေလ ၁ ရက်နေ့ တို့ပါ ပေါင်း ၅၃ ရက်ပေးရန် ဆိုင်ရာသို့ ဤအစည်း အဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

(ခ) မိမိတို့ ရထိုက် ရခွင့်ရှိသော တောင်းဆိုထားသည့် အခွင့်အရေးများကို တိုးတက်ခံစားခွင့် မရမချင်း ဘီအိုစီက ယခုပေးနေသည့်ခွင့်ကို လုံးဝ ငြင်းပယ်ရန် အများသဘောတူ ဆုံးဖြတ်ကြကြောင်း။

၄။ ဆုံးဖြတ်ချက် ၁-၂-၃ တို့ကို ဘီအိုစီသို့ အမြန်ပေးပို့၍ ယင်းကိစ္စများအတွက် ကုမ္ပဏီက မည်ကဲ့သို့ အရေးယူမည့်အကြောင်း ရေနံမြေ တို့ဗမာ အလုပ်သမားအစည်းအရုံးကြီးသို့ သုံးရက်အတွင်း အကြောင်း ပြန်ကြားရန် ကုမ္ပဏီသို့ ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

၅။ (က) ကုမ္ပဏီ ကျေနပ်လောက်သော အကြောင်းပြန်စာ မရခင် အလုပ်သမားများ အလုပ်ရပ်စဲခြင်းကို ဆက်လက်ပြုလုပ်ကြရန် ဤအစည်း အဝေးကြီးက အသိအမှတ်ပြုကြောင်း။

(ခ) ချောက်အလုပ်သမားများ အလုပ်ရပ်စဲထား၍ လိုလားချက်များကို သုံးရက်အတွင်း ကျေနပ်လောက်အောင် အကြောင်းမပြန်လျှင် အလုပ်ရပ်စဲခြင်းကို ဆက်လက်ပြုလုပ်ကြရန် အများသဘောတူ ဆုံးဖြတ်ကြကြောင်း။

၆။ ဘီအိုစီကျောင်းများကို အလုပ်သမား အစည်းအရုံးကြီး၏ ကိုယ်စားလှယ်များအားဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ၏ အုပ်ချုပ်ခြင်း၊ နည်းပေး ပြုပြင်ခြင်းအားဖြင့်သာ တည်ရှိနေစေရမည်ဟု အများသဘောတူ ဆုံးဖြတ်ကြကြောင်း။

၇။ ဆေးဖက်ဆိုင်ရာ အရာရှိအဖွဲ့ကို အစိုးရ ဆရာဝန်တစ်ဦးနှင့် အလုပ်သမားအစည်းအရုံးကြီးက ခန့်အပ်သောဆရာဝန်နှစ်ဦး တွဲဖက်၍ စီမံအုပ်ချုပ်ခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာတောင်းဆိုကြောင်း။

၈။ ယခုလက်ရှိ အိမ်သာ၊ နေထိုင်ရာ တန်းလျား၊ မီးဖိုများ ကြပ်တည်း ကျဉ်းမြောင်း၍ ဖျက်ပြီးလျှင် ကျန်းမာရေးနှင့် ညီညွတ်ကျယ်ဝန်းသော အဆောက်အအုံများ ဆောက်လုပ်ပေးရန်အပြင် ထင်း၊ ရေနှင့် မီးများကိုလည်း အိမ်တွင်း အိမ်ပြင် လုံလောက်စွာ အခမဲ့ပေးရန် ဆိုင်ရာသို့ ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

၉။ ဆန်ဂိုဒေါင်ခေါ် အမြတ်ခွဲဝေရေးဌာနကို အလုပ်သမားများကို ကိုယ်စားလှယ်နှင့် ကုမ္ပဏီကိုယ်စားလှယ်တို့ တွဲဖက်၍ အုပ်ချုပ်ရန် အလိုရှိကြောင်း ဤအစည်းအဝေးကြီးက အများသဘောတူ တောင်းဆိုကြကြောင်း။

၁၀။ ယခု လေဘာဗျူရိုကို အမြန်ဆုံး ဖျက်သိမ်း၍ အလုပ်သမားများ၏ အကျိုးကာကွယ်ရေးအတွက် အလုပ်သမားအစည်းအရုံးကြီး၏ ကိုယ်စားလှယ်များ အုပ်ချုပ်သော အလုပ်သမားများစောင့်ရှောက်ရေးအဖွဲ့ တစ်ခု ဖွဲ့စည်းပေးရန် ဆိုင်ရာသို့ ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

၁၁။ အိုနာစာရန်ပုံငွေ၊ ဘဏ်ငွေများ၏ စည်းကမ်းများ၊ စာချုပ်များကို ဗမာလို ဘာသာပြန်၍ ထုတ်ဝေရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြကြောင်း အများသဘောတူ ဆုံးဖြတ်ကြကြောင်း။

၁၂။ တန်းလျားများနှင့် ရပ်ကွက်များတွင် အလုပ်သမားများ၏ ဓမ္မာရုံများ၌ အလုပ်သမားများ လွတ်လပ်စွာ

www.burmeseclassic.com



စုရုံးစည်းဝေးခြင်းများ မပြုစေဘဲ ချုပ်ချယ်ခြင်းများကို ဤအစည်းအဝေးကြီးက ပြင်းထန်စွာ ကန့်ကွက်အပြစ်ဆိုကြောင်း။

၁၃။ အလုပ်သမားများကို ကုမ္ပဏီနှင့် လေဘာဗျူရို သဘောအရ အပြစ်မဲ့ထုတ်ပယ်ခြင်းများကို ဤအစည်းအဝေးကြီးက လေးနက်စွာအပြစ်ဆို ကန့်ကွက်ကြောင်း။

၁၄။ အလုပ်သမားများကို ကိုယ်ရေးကိုယ်တာနှင့် ပေါင်းသင်းဆက်ဆံရေးတွင် လေဘာဗျူရို၏ စုံထောက်များနှောင့်ယှက်ခြင်း၊ ချုပ်ချယ်ခြင်း၊ ခြောက်လှန့်ခြင်းတို့ကို ဤအစည်းအဝေးကြီးက အထူးအပြစ်ဆို ကန့်ကွက်သည့်ပြင် စုံထောက်များထားခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြကြောင်း။

၁၅။ အိုင်ဘီပီနှင့် ဘီဘီပီစီ အလုပ်သမားများကို ၁၂ နာရီခိုင်းစေခြင်းအစား တစ်နေ့လျှင် ရှစ်နာရီသာခိုင်းစေရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

၁၆။ ရေနံမြေအတွင်းရှိ ရွာများ၊ ရပ်ကွက်များကို အစိုးရက ဖျက်သိမ်းပြောင်းရွှေ့စေခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ အများသဘောမတူ ကန့်ကွက်ကြကြောင်း။

၁၇။ အလုပ်သမားများ အားလုံး၏ ဘဏ်ငွေများကို အမြန်ဆုံး ပြန်ပေးရန်၊ နှစ်ပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ဘီစာရင်းပါငွေနှင့် စီစာရင်းပါ ငွေများကို ထည့်သွင်းပေးရန် ကုမ္ပဏီသို့ ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

၁၈။ အလုပ်သမားများ ရထိုက်သော ဆန်ဂိုဒေါင် အမြတ်ငွေများနှင့် လခငွေများကို အလုပ်သမားများ အလုပ်ရပ်စဲထားသော်လည်း ယခု တနင်္လာနေ့တွင် ဘီအိုစီရုံးကြီး တစ်နေရာတည်း၌သာလျှင် ထုတ်ပေးရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တောင်းဆိုကြောင်း။

၁၉။ ဗမာပြည် ရေနံတွင်းများနှင့် ရေနံလုပ်ငန်းအဝဝတို့မှာ နိုင်ငံခြားခနရှင်များ နှစ်ပေါင်း ၅၀ မျှ လက်ဝါးကြီးအုပ်ကာ ကြီးစိုးလာခဲ့ကြခြင်းဖြင့် တို့ဗမာတစ်မျိုးလုံးနှင့်တကွ အထူးသဖြင့် ရေနံမြေအလုပ်သမားတို့အား တစ်နေ့တစ်ခြား သွေးသားနစ်မွန်း ဆုံးရှုံးကြရစေသည့်အတွက် ဤအစည်းအဝေးကြီးက ၎င်းရေနံလုပ်ငန်းအားလုံးနှင့် ရေနံတွင်းများကို ဗမာပြည်တိုင်းရင်းသားများလက်သို့ ပြန်လည်ပေးစေရန် ဆိုင်ရာသို့ လေးနက်စွာ သတိပေးတောင်းဆိုကြောင်း။

၂၀။ ဖျားနာခွင့်ရက် ယခုတစ်နှစ်လျှင် သုံးလအထိ လစာတစ်ဝက်နှင့် ခွင့်ပေးခြင်းကိုတစ်လ လစာအပြည့်ခွင့် ကျန်နှစ်လ လစာတစ်ဝက်နှင့် ခွင့်ပြုရန်ဆိုင်ရာသို့ ဤအစည်းအဝေးကြီးက တောင်းဆိုကြောင်း။

၂၁။ အထက်ပါဆုံးဖြတ်ချက်များကို ဆောင်ရွက်ရန် တာဝန်ခံအမှုဆောင်များအဖြစ်ဖြင့် အောက်ပါပုဂ္ဂိုလ်များကို အလုပ်သမားများကိုယ်စား ဤအစည်းအဝေးကြီးက လုံးဝ တာဝန်လွှဲပြောင်းလိုက်ကြောင်း။

(၁) ဦးအောင်ဖေ၊ (၂) သခင်လှိုင်၊ (၃) သခင်မ၊ (၄) သခင်သင်၊ (၅) သခင်ဗတင်၊ (၆) ဦးဘလှိုင်(အလုပ်သမားအမတ်)ရန်ကုန်၊ (၇) သခင်လေးမောင်(ဥက္ကဋ္ဌ၊ ဗဟိုတို့ဗမာအစည်းအရုံး၊ ရန်ကုန်)၊ (၈) သခင်မြ၊ သာယာဝတီအမတ်၊ ကိုယ့်မင်းကိုယ့်ချင်း အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်။

ရေနံမြေသပိတ်ကြီးမှာ ရေနံလုပ်ငန်းတစ်ခုလုံးမှ အလုပ်သမား ၉၅ ရာခိုင်နှုန်းမျှ ပါဝင်ခဲ့တဲ့အတွက် ဘီအိုစီရေနံလုပ်ငန်းတစ်ခုလုံး ရပ်ဆိုင်းသွားခဲ့ရတယ်။ ချောက်ရေနံမြေသပိတ်ဟာ နေ့ချင်း ညချင်းပင် လမ်းရွာ၊ ရေနံချုပ် ရေနံမြေတွေကို ကူးစက်ပျံ့နှံ့သွားခဲ့တယ်။ အိုင်ဘီပီကုမ္ပဏီ၊ ပီစီဒီကုမ္ပဏီ၊ ဘီဘီ ပီပီ ရေနံကုမ္ပဏီတွေနဲ့ လူလာရေနံကုမ္ပဏီကလေးတွေရဲ့ အလုပ်သမားတွေပါ သပိတ်မှောက်ခဲ့ကြတယ်။ များမကြာမီ သန်လျင်ရေနံချက်စက်ရုံသို့ပင် ရေနံမြေသပိတ်က ကူးစက်သွားခဲ့တယ်။ နယ်ချဲ့အရင်းရှင်အစိုးရဟာ ဘီအိုစီကုမ္ပဏီဘက်က ရပ်တည်ခဲ့ပြီး ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှာ မကွေးစီရင်စု ရာဇဝတ်တရားသကြီး (အရေးပိုင်)က ရေနံမြေမှာ ည ၇နာရီမှ နံနက် ၆ နာရီ အတွင်း အပြင်မထွက်ရ နေဝင်မီးငြိမ်းအမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ချောက်မြို့မှာရှိတဲ့ ရေနံဝန်ကလည်း ရေနံမြေအတွင်းလက်နက်များ ကိုင်ဆောင်ခြင်း မပြုရလို့ အမိန့်ထုတ်ခဲ့တယ်။ ချောက်ရေနံမြေမှ သပိတ်မှောက်ပြီးတဲ့နောက် သပိတ်ခေါင်းဆောင်များနဲ့ သခင်လေးမောင်၊ ဦးဘလှိုင်တို့ဟာ ရေနံချောင်းမြို့မှာ တရားပွဲများကျင်းပကာ အလုပ်သမားများရဲ့ တောင်းဆိုချက်တွေကို ရှင်းလင်း ပြောကြားခဲ့ပါတယ်။ နယ်ချဲ့အစိုးရရဲ့ ဖိနှိပ်ညှဉ်းပန်းထဲကနေ အလုပ်သမားတွေရဲ့ ကြံ့ကြံ့ခံ တော်လှန်မှုတွေကို



www.burmeseclassic.com

www.burmeseclassic.com

အောက်ပါစာရင်းဇယားတွေကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။

၈. ၁. ၃၈ - ချောက် အလုပ်သမား ၃၀၀၀ ကျော် သပိတ်မှောက်ခြင်း။

၉. ၁. ၃၈ - မိုလာ၊ အာအိုစီ၊ ပီဒီစီ၊ ဘီဘီပီစီ ရေနံကုမ္ပဏီအလုပ်သမား ၄၅၀ မျှ သပိတ်မှောက်ခြင်း။

၁၀. ၁. ၃၈ - လမ်းရွာ၊ အိုင်ဘီပီ အလုပ်သမား ၇၀၀ ကျော် သပိတ်။

၁၇. ၁. ၃၈ - ရေနံချောင်းအလုပ်သမား ၅၀၀၀ ကျော် သပိတ်။

၂၀. ၁. ၃၈ - ရေနံချပ်အလုပ်သမား ၄၀၀ ကျော် သပိတ်။

၃၁. ၁. ၃၈ - ဗဟိုတို့ဗမာအစည်းအရုံးက ကြီးမှူး၍ ရန်ကုန်တွင် ရေနံမြေ သပိတ်မှောက် အလုပ်သမား စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့ရန် နှိုးဆော်ခြင်း။

၃၁. ၁. ၃၈ - မြစ်ကြီးနားရှိ နယ်ခြားစစ်တပ်ကို အရေးရှိလျှင် ရေနံမြေသို့ ပို့ ရန်ဆိုင်ရာ ကြေညာခြင်း။

၃၁. ၁. ၃၈ - ရေနံမြေသပိတ်တား အမျိုးသမီးများ အောင်မြင်နေခြင်း။

၃. ၂. ၃၈ - ရန်ကုန်မြို့လုံးကျွတ် ဗန္ဓုလပန်းခြံ အစည်းအဝေးကျင်းပ၍ လူမျိုးစုံသပိတ်စောင့်ရှောက်ရေး အဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၆. ၂. ၃၈ - ရေနံမြေ စုံစမ်းရေးကော်မတီကို အစိုးရက ခန့်ထားကြောင်းကြေ ငြာခြင်း၊ ရေနံချောင်းသပိတ်အလုပ်သမားများအစည်းအဝေးမှ ထိုကော်မတီကို သပိတ်မှောက်ရန် ဆုံးဖြတ်ခြင်း။

၇. ၂. ၃၈ - ရေနံမြေစာရေးများ တောင်းဆိုချက် ၁၆ ချက်ကို ကြေညာခြင်း၊ ရေနံချောင်းသခင်လှိုင်၊ သခင်ခနှင့် သခင်စိုးညွန့်တို့အား ပုဒ်မ-၁၂၄(က)၊ ၁၀၄ တို့အရ ဖမ်းဆီးခြင်း။

၉. ၂. ၃၈ - ချောက်သခင်သင်နှင့် သခင်ထွန်းခင် တို့အား ရေနံမြေတွင် အထိတ်တလန့်ဖြစ်အောင် လှုံ့ဆော်ခြင်း၊ ရာဇဝတ်မှုများဖြစ် အောင် လှုံ့ဆော်ခြင်း တို့ကို အကြောင်းပြု၍ လူဆိုးပုဒ်မ-၁၀၇အရ ဖမ်းဆီးခြင်း။

၁၈. ၂. ၃၈ - ချောက်မြို့ သပိတ်စောင့်ရှောက်ရေး အဖွဲ့ ဖွဲ့စည်းခြင်း။

၁၉. ၂. ၃၈ - ဝါးခယ်မမြို့နယ်လုံးဆိုင်ရာ တို့ဗမာ

**ဘီအိုစီအာဏာပိုင်တွေကလည်း ထပ်ပင်းတော်ရင် အလုပ်သမားတွေ သူတို့ထံ ပြန်လာမှာပဲလို့ တစ်ထစ်ချ ယုံကြည်ရင်း အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေကို မလိုက်လျောဘဲ အတင်းလက်တင်းဟနေခဲ့တယ်။ ဘီအိုစီကုမ္ပဏီအနေနဲ့ သပိတ်မှောက်အလုပ်သမားတွေကို အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ရုံမက သွေးထွက်အောင်လည်း ဖြိုလုပ်ခဲ့ပါသေးတယ်။**

အစည်းအရုံးမှ ရေနံမြေသပိတ်ထောက်ခံခြင်း၊ ယင်းတို့ နယ်တွင် ဘီအိုစီမှ လျှောက်ထားသော ရေနံစမ်းသပ်တူးဖော်ခွင့်လိုင်စင် ထုတ်မပေးရန် ကန့်ကွက်ခြင်း။

၂၀. ၂. ၃၈ - မိုးကောင်းမြို့တွင် ရေနံသပိတ်ရံပုံငွေ စာရင်းထည့်သူများအား ပုလိပ်ဘက်မှ စာရင်းကောက်ယူခြင်း။

၂၅. ၂. ၃၈ - အမျိုးသမီးသပိတ်တားခေါင်းဆောင် ၃ ဦး ချောက်မြို့၌ အဖမ်းခံရခြင်း၊ သခင်ဖိုးလှကြီး၊ သခင်ဖေသန်းတို့အား ဖမ်းဆီးခြင်း။

၄. ၃. ၃၈ - သပိတ်တားအမျိုးသမီး ၄ ဦး ဒဏ်ငွေရိုက်ခံရခြင်း၊ အမျိုးသမီး ၁၀၀၀ ကျော် မြို့တွင်းလှည့်လည်ဆန္ဒပြခြင်း။

၄. ၃. ၃၈ - ချောက်သပိတ်တားအမျိုးသမီး ၃ ဦး ထောင်ဒဏ်တစ်လစီချခြင်း။

၅. ၃. ၃၈ - ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးမှ ဘီအိုစီအား ရှုတ်ချခြင်း။

၆. ၃. ၃၈ - သခင်မြက ရေနံမြေကိစ္စဆွေးနွေးရန် လွှတ်တော်အစည်းအဝေးပွဲ ရွှေ့ဆိုင်းရေး အဆိုတင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၈. ၃. ၃၈ - ရေနံချောင်းလူထု ၅၀၀၀ အစည်းအဝေးကြီးက အမျိုးသမီးများ ချောက်တွင် ထောင်ချခံရခြင်းကို ကန့်ကွက်ကြခြင်း။

၁၂. ၃. ၃၈ - မြင်းခြံ တို့ဗမာအလုပ်သမား အစည်းအရုံးက ဦးဆောင်၍ စတီးဘရားသားချည်စက် သပိတ်မှောက်ခြင်း။

၁၆. ၃. ၃၈ - ရေနံချောင်းတွင် အမျိုးသမီးများ သပိတ်တား၍ လူ ၃၀၀ ကျော် အလုပ်မဆင်းနိုင်ခြင်း။

၁၇. ၃. ၃၈ - ဗမာပြည်လုံးဆိုင်ရာ ရေနံမြေ အစည်းအရုံး ဖွဲ့စည်းခြင်း။

**ဗမာနိုင်ငံလုံးဆိုင်ရာ ရေနံမြေအလုပ်သမားအစည်းအရုံး**

ဥက္ကဋ္ဌ - သခင်လေးမောင်
ဒု-ဥက္ကဋ္ဌ - သခင်ဗမောင်
ဒု-ဥက္ကဋ္ဌ - သခင်သင်
အတွင်းရေးမှူး - သခင်ဖေသန်း
တွဲဘက်အတွင်းရေးမှူး - သခင်လှိုင်
ငွေထိန်း - သခင်အင်ကရွတ်
အမှုဆောင်များ - သခင်ဖိုးလှကြီး
အမှုဆောင်များ - သခင်ထား
အမှုဆောင်များ - သခငွေရှိန်
အမှုဆောင်များ - သခင်မာ
အမှုဆောင်များ - သခင်ဖေ
အမှုဆောင်များ - သခင်သက်
အမှုဆောင်များ - သခင်စိန်ခို
အမှုဆောင်များ - သခင်ခ

၂၀. ၃. ၃၈ - ရန်ကုန်အနောက်ပိုင်း သာသနာမာမကအဖွဲ့ချုပ်မှ သပိတ်ကို ထောက်ခံခြင်း။

၂၂. ၃. ၃၈ - ရေနံချောင်းသပိတ်တားအမျိုးသမီးများ ထောင်ကျခံရခြင်း။

၂၈. ၃. ၃၈ - ရေနံချောင်းတွင် သပိတ်ကိစ္စကူညီရန် တို့ဗမာအစည်းအရုံးဌာနချုပ်မှ ရောက်လာသော သခင်သိန်းအောင်(အလုံ) အဖမ်းခံရ။

အထက်ဖော်ပြပါ အချက်အလက်တွေဟာ သပိတ်မှောက်တဲ့ ၃ လ ကာလအတွင်း ပြည်သူလူထုရဲ့ လှုပ်ရှားမှု၊ နယ်ချဲ့အစိုးရရဲ့ လှုပ်ရှားမှု တစ်စိတ်တစ်ဒေသသာလျှင်ဖြစ်ပါတယ်။ ရေနံမြေအလုပ်သမားသပိတ်ဟာ ၃ လကျော် ကြာလာတဲ့အခါ သပိတ်မှောက်အလုပ်သမား အချို့ စိတ်ဓာတ်ကျဆင်းလာခဲ့ကြတယ်။ တွေဝေလာခဲ့ကြတယ်။ ဒါပေမယ့် သပိတ်မှောက်အလုပ်သမား အများစုကြီးကတော့ 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်'ဆိုတဲ့ စိတ်ဓာတ်ကိုတော့ နည်းနည်းလေးမှ မလျှော့ခဲ့ကြပါဘူး။ ဘီအိုစီအာဏာပိုင်တွေကလည်း ထမင်းငတ်ရင် အလုပ်သမားတွေ သူတို့ထံ ပြန်လာမှာပဲလို့ တစ်ထစ်ချ ယုံကြည်ရင်း အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေကို မလိုက်လျောဘဲ ဆက်လက်တင်းမာနေခဲ့တယ်။ ဘီအိုစီကုမ္ပဏီအနေနဲ့ သပိတ်မှောက်အလုပ်သမားတွေကို အမျိုးမျိုးဖိနှိပ်ချုပ်ချယ်ရုံမက သွေးကွဲအောင်လည်း ပြုလုပ်ခဲ့ပါသေးတယ်။ ယခင် အလုပ်သမားအဖွဲ့အစည်းအဟောင်းတွေဖြစ်ကြတဲ့ လေဘာယူနီယံနဲ့ လေဘာကွန်ဂရက်တို့ကလည်း သပိတ်မှောက်အလုပ်သမားတို့ရဲ့ အရေးကိစ္စကို ဝင်ရောက်ကူညီသလိုနဲ့ သပိတ်ဖျက်လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ကြတာတွေ့ရပါတယ်။ ရေနံမြေ လေဘာယူနီယံဟာ ဦးမျိုးညွန့်၊ ဦးဘသီ၊ ဦးပု အစရှိတဲ့ ၂၁ ဦး နိုင်ငံရေးသမားတွေ ဖွဲ့စည်းပေးထားတဲ့အဖွဲ့ ဖြစ်ပါတယ်။ သူတို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံထားတဲ့ အစုအဖွဲ့ဖြစ်ပါတယ်။ ရေနံမြေလေဘာယူနီယံရဲ့လမ်းစဉ်ဟာ ၂၁ ဦး နိုင်ငံရေးလမ်းစဉ်ကို အကျိုးပြုရေးသာ ဖြစ်ပါတယ်။ ဒါကြောင့် ဝံသာနုအလုပ်သမားထုနဲ့ တဖြည်းဖြည်းကင်းကွာလာခဲ့ပါတယ်။ ရေနံမြေ လေဘာကွန်ဂရက်ဟာ ၁၉၃၅ ခုနှစ်လောက်က ဒေါက်တာဘမော်အဖွဲ့ဝင် ဦးဘစောနှင့် တို့ဗမာအစည်းအရုံးဝင်သခင်များ ပူးပေါင်းဖွဲ့စည်းခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ နောက်ပိုင်း သခင်တွေ နုတ်ထွက်သွားခဲ့ရာ အမည်ခံမျှသာ ရှိပါတော့တယ်။ ၁၉၃၈ ခုနှစ်၊ ရေနံမြေအလုပ်သမားသပိတ် ပေါ်ပေါက်လာတဲ့အခါ ဘာလှုပ်ရှားမှုကိုမျှ မလုပ်နိုင်တော့ဘူး။ လေဘာယူနီယံနဲ့ လေဘာကွန်ဂရက်တို့အပြင် ၁၉ ဦး ကော်မတီဟူ၍ ဆိုခဲ့ပါသေးတယ်။ အဲဒီ ကော်မတီဟာ ဘီအိုစီကုမ္ပဏီ လေဘာဗျူရိုက ဖွဲ့စည်းပေးထားတဲ့ အမည်ခံအလုပ်သမားအဖွဲ့ဖြစ်တဲ့အတိုင်း ဘီအိုစီကုမ္ပဏီ အရင်းရှင်တို့ရဲ့အကြိုက်ကိုသာ လုပ်ဆောင်ပေးတဲ့ အဖွဲ့အစည်းသာလျှင် ဖြစ်ပါတယ်။

**သန်လျင်သပိတ်နှင့် မြင်းခြံချည်စက်သပိတ်**

ရေနံမြေအလုပ်သမားတို့ရဲ့ သပိတ်တိုက်ပွဲ စတင်ပြီး ၅ လနဲ့ ရက် ၂၀ အကြာ (၂၇. ၆. ၃၈)မှာ

www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မြို့ ဘီအိုစီရေနံချက်စက်ရုံရှိ ကုလားဗမာ အလုပ်သမား ၂၀၀၀ ကျော်တို့အား ဘီအိုစီအရင်းရှင်တို့အား သပိတ်တိုက်ပွဲ ထပ်ဆင့် ဆင်နွှဲခဲ့ကြပါတယ်။ သန်လျင်သပိတ်ပေါ်ပေါက်လာရခြင်းမှာ အဓိကအချက် နှစ်ချက်ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ပထမတစ်ချက် က မိမိတို့ခံစားနေရတဲ့ နစ်နာချက်တွေ ရရှိရေးနဲ့ ဒုတိယတစ်ချက်က ဘဝတူရေနံမြေသပိတ်ကြီးကို ကူညီရေးပဲဖြစ်ပါတယ်။ သန်လျင်အလုပ်သမားတို့ဟာ တောင်းဆိုချက် ၂၅ ချက်ကို ဘီအိုစီကုမ္ပဏီ အာဏာပိုင်တွေထံ တင်ပြပေမယ့်လည်း လစ်လျူရှုထားခြင်းခံရတဲ့အတွက် သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြခြင်းဖြစ်ပါတယ်။ သန်လျင်အလုပ်သမားသပိတ်ကို ရေနံမြေသပိတ် တိုက်ပွဲဝင်အလုပ်သမားတွေက ချီးကျူးကြောင်း၊ ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်ခဲ့ကြတယ်။ သန်လျင် အလုပ်သမား ၂၀၀၀ နီးပါးဟာ ၄ ယောက်တစ်တွဲ တန်းစီပြီး သန်လျင်မြို့တွင်းကိုစီတန်းလှည့်လည်ခဲ့ကြတယ်။ သခင်ခ၊သခင်ဗ၊ သခင်လှမြိုင် အစရှိတဲ့ အလုပ်သမားခေါင်းဆောင်တွေက လည်း သပိတ်ကို ဦးဆောင်မှုပေးခဲ့ကြပါတယ်။ ဇူလိုင်လ ၈ ရက်နေ့မှာ ဗမာပြည်ဘုရင်ခံက သန်လျင်စီအိုစီအလုပ်သမားသပိတ်ကိစ္စကို ဆောင်ရွက်ဖို့ ဝါဏိဇ္ဇ ပဋိပက္ခအက်ဥပဒေ ပုဒ်မ-၁၃ အရ ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းပေးခဲ့တယ်။ ဇူလိုင်လ ၁၀ ရက်နေ့မှာ သပိတ်မှောက် အလုပ်သမားများ အစည်းအဝေးပွဲကို ကျင်းပခဲ့ကာ -

၁။ အလုပ်သမားများ၏ တောင်းဆိုချက်များကို လုံးဝထောက်ခံကြောင်း ထပ်မံအလေးအနက်ပြုခြင်း။

၂။ အလုပ်သမားတို့ ခေတ္တ အလုပ်ပြန်ဆင်းကြရန်။

၃။ စေ့စပ်ရေးကိစ္စကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန် တိုက်တွန်းခြင်း။

၄။ အလုပ်သမားတို့၏ နစ်နာချက်နှင့် တောင်းဆိုချက်တို့ကို ကျေနပ်လောက်အောင် မရလျှင် ပြန်လည်သပိတ်မှောက်ကြရန်။

၅။ အဖမ်းခံရသူ အကြံပေး သခင်ခ အစား သင်ခလှဘော်အေး ခန့်ထားရန်တို့ကို အများသဘောတူ ဆုံးဖြတ်ကြပြီးနောက် မြို့တွင်းသို့ လှည့်လည်ကြွေးကြော်ပြီး သပိတ်မှောက်ခဲ့ကြတယ်။

သန်လျင် အလုပ်သမားသပိတ် ခေတ္တမျှ ပြေလည်သွားပြီး မကြာမီ ၁၉၃၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ မြင်းခြံချည်စက်သပိတ် ပေါ်ပေါက်လာခဲ့တယ်။ အဲဒီချည်စက်ဟာ စတီးဘရားသားကုမ္ပဏီပိုင်ဖြစ်ပါတယ်။ ချည်စက် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့အား အလုပ်မှ မတရားထုတ်ပယ်ခြင်း၊ ယခင်သပိတ်ဦးဆောင်သူ အလုပ်သမား ၁၁ ဦးအား တရားစွဲ ဆိုထားစဉ် အလုပ်မှ ဖြုတ်ပစ်ခြင်း၊ တို့ဗမာ အလုပ်သမားအစည်းအရုံးအား အသိအမှတ်မပြုရုံမက အကြောင်းမဲ့သက်သက် အရင်းရှင်တို့က ဤကဲ့သို့ ပြုမူဆောင်ရွက်နေမှုကို မခံမရပ်နိုင်ဖြစ်တဲ့အတွက် အမျိုးသား၊ အမျိုးသမီးပေါင်း ၄၀၀ ကျော်ပါဝင်တဲ့ အလုပ်သပိတ်ဖြစ်ပေါ်လာခဲ့ပါတယ်။ ရွှေဂူကြီးဘုရားမှာ စခန်းချပြီး တောင်းဆိုချက် ၅ ချက်ကို တင်ပြခဲ့ကြတယ်။ သပိတ်မှောက်အလုပ်သမားတွေကိုကျောင်းသားသမဂ္ဂနဲ့ အခြားအဖွဲ့များ မြို့သူမြို့သားများက ကူညီစောင့်ရှောက်ခဲ့ကြတယ်။ ရေနံမြေသပိတ်မှောက် အလုပ်သမားတွေက ရေနံမြေသပိတ်ကိစ္စကို သန်လျင်ခုံသမာဓိအဖွဲ့မှ သန်လျင် သပိတ်ကိစ္စနှင့် တစ်ပါတည်းတွဲပြီး စဉ်းစားရန် တောင်းဆိုခဲ့ရာ မရရှိခဲ့ဘူး။ ၁၉၃၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ရေနံမြေသပိတ်အလုပ်သမားများကိုယ်စား သခင်ဖိုးလှ ကြီး၊ သခင်လှိုင်၊ သခင်ဗတို့ဟာ ယနေ့တိုင် ဆက်လက်သပိတ်မှောက်ဆဲ အလုပ်သမားတွေနဲ့ ရိက္ခာမလုံလောက်လို့အလုပ်ဆင်းလျက်ရှိတဲ့အလုပ်သမားတို့ရဲ့ အရေးကို အလျင်အမြန် အရေးယူဆောင်ရွက်ကြဖို့ သန်လျင်သမာဓိခုံရုံးသို့ အောက်ပါအကြံပေးချက်တွေကို တင်သွင်းခဲ့ကြပါတယ်။

၁။ ယနေ့တိုင် သပိတ်မှောက်လျက်ရှိနေကြသော အလုပ်သမားတို့အား မူလနှုန်းထားနှင့် မူလနေရာများတွင် ပြန်လည်သွင်းရန်။

၂။ သပိတ်မှောက်နေစဉ် ရိက္ခာ မလုံလောက်၍ မိမိတို့ဘဏ်ငွေများနှင့် လခများမှ နုတ်ယူစားသောက်နေကြရသူတို့အား မူလ ၎င်းတို့နေရာကို ပြန်လည်လုပ်ကိုင်လိုက ပြန်သွင်းရန်။

၃။ ရေနံချောင်း၊ ချောက်၊ လမ်းရွာ၊ ရေနံချုပ်၊ မိုလာ၊ သန်လျင် သပိတ်မှောက်အလုပ်သမားများ၏ ရက်တွက်လစာများကို ထုတ်ပေးရန်။

၄။ သပိတ်မှောက်အလုပ်သမားများ၏ တောင်းဆိုချက်ကို ဤခုံသမာဓိရုံးက ဆုံးဖြတ်ပြီးလျှင်

www.burmeseclassic.com



ပြီးချင်း ဆိုင်ရာသပိတ်မှောက် အလုပ်သမားအစည်းအရုံးများသို့ ပေးရန်။

သန်လျင်သပိတ်ခုံရုံးကို ၁၉၃၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစပြီး အထက်လွှတ်တော်အမတ် ဦးသွင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ စတင်ဆွေးနွေးခဲ့ကြပေမယ့် အောက်တိုဘာလကုန်အထိ နှစ်ဘက်သဘောတူညီချက် မရခဲ့ကြဘူး။ သန်လျင်ခုံသမာဓိရုံးရဲ့ အဆုံးအဖြတ်ကို ရေနံမြေအလုပ်သမားတို့က နားစွင့်လျက်ရှိနေကြတယ်။ အလုပ်သမားနှင့် လယ်သမားတို့၏ ပေါင်းစည်းဆက်စပ်မှု ၁၉၃၈ ခုနှစ်အတွင်းမှာ ပဲခူးတိုင်းနဲ့ ရခိုင်ဒေသတို့မှာ ရေဘေးနဲ့ လေဘေး ကျရောက်ခဲ့ကြပါတယ်။ အဲဒီအရေးကိစ္စတွေမှာ တို့ဗမာအစည်းအရုံးဝင်သခင်တွေဟာ အစိုးရတစ်ခုတည်းကိုသာ အားကိုးမနေဘဲ လူထုနည်းနဲ့ ဆောင်ရွက်ရင်း တောင်သူလယ်သမားတို့ရဲ့ နိုင်ငံရေးအမြင်များ တိုးတက်ပြောင်းလဲရေးကိုပါ တစ်ပါးတည်း ဆောင်ရွက်ခဲ့ကြပါတယ်။ ပဲခူးစီရင်စု ဝေါမြို့နယ်၊ ဗမာကုလား ဆင်းရဲသား တောင်သူလယ်သမားတွေဟာ ရေဘေးကြောင့် သီးနှံတွေ ပျက်စီးသွားတဲ့အခါ သူတို့ရဲ့ နစ်နာချက်တွေနဲ့ လိုလားချက်တွေကို တောင်းဆိုဖို့ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ တောင်သူလယ်သမား ၅၀၀၀ ကျော်စုရုံးပြီး ပဲခူးအရေးပိုင်ရုံးကို ချီတက်ဆန္ဒပြခဲ့ကြတယ်။ ၁၉၃၈ ခုနှစ်နဲ့ ၁၉၃၉ ခုနှစ်တစ်ဝိုက် တောင်သူလယ်သမားတို့ရဲ့ သီးစားခတိုက်ပွဲတွေအနက် ပဲခူးစီရင်စုအတွင်းမှာရှိတဲ့ တောင်သူလယ်သမားတွေရဲ့ တိုက်ပွဲ ကတော့ ထူးခြားမှုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နောင်ပေါ်ပေါက်လာမယ့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးနဲ့ တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူလ အစဖြစ်နေတာကြောင့်ပါပဲ။ ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့လယ် ၁ နာရီအချိန်မှာ ကုလားဗမာ တောင်သူလယ်သမား ၃၀၀၀ ကျော် ပါဝင်တဲ့ ဝေါမြို့နယ်လုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအဝေးကြီးတစ်ရပ်ကို ဝေါမြို့၊ ရွှေကုန်းသာ ဘုန်းတော်ကြီးကျောင်းအတွင်းမှာ ဥက္ကဋ္ဌဦးဘကြိုင်၊ အတွင်းရေးမှူး သခင်စုတို့က ဆောင်ရွက် ကျင်းပခဲ့တယ်။ အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက် ၅ ချက်ကို ချမှတ်ခဲ့တယ်။ အဲဒီဆုံးဖြတ်ချက်တွေ ကြည့်မယ်ဆိုရင် တောင်သူလယ်သမားတို့ရဲ့ တောင်းဆိုချက်တွေဟာ ၎င်းတို့ရဲ့ လောလောဆယ် နစ်နာချက်တွေဖြစ်ကြတဲ့ ကြွေးမြီပြဿနာ၊ တင်းကြီးတောင်းကြီးများနဲ့ မတရားခေါင်း ပုံဖြတ်ခံရမှုပြဿနာ၊ သီးစားခလျှော့ပေါ့ ကန့်သတ်ရေးနှင့် သီးစားခချထားရေး ပြဿနာတွေသာမက လယ်မြေဝေငှရေးနဲ့ လယ်လုပ်သူဟာ လယ်ပိုင်ဆိုင်ရေးမူအထိ ဆုပ်ကိုင်ကာ မြေယာတော်လှန်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြောင်း တွေ့ရပါတယ်။

ပဲခူးစီရင်စု တောင်သူလယ်သမားခေါင်းဆောင်တွေဟာ တောင်သူလယ်သမားတွေရဲ့ နစ်နာချက်တွေကို စနစ်တကျ ဖော်ထုတ်တိုက်ပွဲဝင်ရင်း စည်းရုံးရေးလုပ်ငန်းတွေကို ခိုင်မာသထက် ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြတယ်။ တို့ဗမာအစည်းအရုံး မြင်းခြံညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်အတိုင်း တောင်သူလယ်သမား စည်းရုံးရေးကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပေါ်ပေါက်လာစေဖို့ ကြိုးပမ်းခဲ့ကြတယ်။ ပဲခူးစီရင်စုအတွင်းမှာ အိန္ဒိယသား ကုလားတောင်သူလယ်သမား အမြောက်အမြားရှိခဲ့တယ်။ ဗမာလယ်သမား၊ ကုလားလယ်သမား လူမျိုးရေးကွဲပြားမှုကို အမိကမထားဘဲ ဘဝတူ သွေးစုတ်ခံတောင်သူလယ်သမားဖြစ်တယ်ဆိုတဲ့ လူတန်းစားအသိကို ဖော်ထုတ်စည်းရုံးခဲ့ကြတယ်။ စွပ္ပယားနယဒူး အစရှိတဲ့ ကုလား လယ်သမားခေါင်းဆောင်တွေကို ကုလားဗမာ မခွဲခြားဘဲ တောင်သူလယ်သမားခေါင်းဆောင်အဖြစ်လည်းကောင်း၊ တို့ဗမာအစည်းအရုံးဝင် သခင် ခေါင်းဆောင်အဖြစ်လည်းကောင်း လေးလေးစားစား အသိအမှတ်ပြု လက်တွဲလုပ်ကိုင်ခဲ့ကြတယ်။ ပဲခူးစီရင်စု တောင်သူလယ်သမားခေါင်းဆောင်တွေဟာ ဩဂုတ်လမှ စတင်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားညီလာခံကြီးတစ်ရပ်ကို ခေါ်ဆိုနိုင်ဖို့ စီစဉ်ခဲ့ကြတယ်။ တောင်ငူ တောင်ပိုင်း အောက်လွှတ်တော်အမတ် ဦးဘကို သဘာပတိအဖြစ် ရွေးချယ်ထားပြီး ညီလာခံခေါ်ဆိုဖို့ တာဝန်ခံအဖွဲ့အဖြစ် ရှစ်ဦးကော်မတီကို ဖွဲ့စည်းခဲ့ကြတယ်။ ကော်မတီအဖွဲ့ဝင်တွေကတော့ -

(၁) ဦးချစ်ဘ၊ ဆန်စက်ပိုင်ရှင်၊ ဝေါရှမ်းစု

(၂) ဦးဘကြိုင်၊ တို့ဗမာကြီးပွားရေးအသင်း ဥက္ကဋ္ဌ၊ ဝေါ

(၃) သခင်ကျော်အေး၊ ဝေါတိုက်နယ်ချယ်လာမင်၊ အဗျား

www.burmeseclassic.com

www.burmeseclassic.com



(၄) သခင်ချန်ထွန်း၊ ဝေါတိုက်နယ်၊ ဒုတိယ ချယ်ယာမင်
(၅) သခင် စွပ်ပွယားနာယဒူး၊ လယ်သမားအစည်းအရုံး၊ စက္ကရီစောရီ
(၆) သခင်စု၊ တို့ဗမာအစည်းအရုံး လယ်သမားအကျိုးဆောင်
(၇) ပဲရူးမားနာယဒူး၊ သတင်းစာကိုယ်စားလှယ်
(၈) ဆရာရှမ်း၊ လယ်သမားကြီး၊ ဇွဲဘတ်ရှာတို့ ဖြစ်ကြတယ်။

ရှစ်ဦးကော်မတီဟာ ပထမအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားများညီလာခံ အစည်းအဝေးဘကီးတစ်ရပ်ကို ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော်ပေါ်မှာ ၁၃၀၀ ပြည့်နှစ် နတ်တော်လဆုတ် ၁၃ ရက် (၁၉. ၁၂. ၃၈)၊ တနင်္ဂနွေနေ့မှာ ကျင်းပဖို့နဲ့ အဲဒီညီလာခံကို ရန်ကုန်အနီးမှာရှိတဲ့ ပဲခူး၊ ဟံသာဝတီ၊ အင်းစိန်၊ သာယာဝတီ၊ ဟင်္သာတနဲ့ ပုသိမ်တို့မှ တောင်သူလယ်သမားတွေ ခြေလျင်ချီတက်ကြဖို့ ဆုံးဖြတ်ခဲ့ကြပြီး ကျေညာချက်တစ်စောင်ကို ရှစ်ဦးကော်မတီအနေနဲ့ ထုတ်ပြန်ခဲ့တယ်။ သန်လျင်အလုပ်သမားသပိတ်နဲ့ ပတ်သက်ပြီး ဖွဲ့စည်းခဲ့တဲ့ ခုံသမာဓိအဖွဲ့ကနေ ရေနံမြေအလုပ်သမားသပိတ်ကိစ္စကို ထည့်သွင်းစဉ်းစားပေးဖို့ သန်လျင်အလုပ်သမားကိုယ်စားလှယ်တွေ ဖြစ်ကြတဲ့ သခင်ဗ၊ သခင်နာရမ်းဆင်၊ သခင်စိုးတို့ရဲ့ တင်ပြချက်တွေကို ခုံအဖွဲ့က ပယ်လိုက်ပါတယ်။ ရန်ကုန်မြို့ကို ရောက်နေတဲ့ ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဖိုးလှကြီးနဲ့ သခင်လှိုင်တို့ဟာ ၁၀ လကျော် တိုက်ပွဲဝင်နေတဲ့ ရေနံမြေအလုပ်သမားသပိတ်ကြီး ရှေ့တိုးဆောင်ရွက်ဖို့ လုပ်ဆောင်ရမယ့်အချိန်မှာ ဝေါတောင်သူလယ်သမားတို့ ရန်ကုန်မြို့ကို ချီတက်ဆန္ဒပြတော့မယ့် ဆုံးဖြတ်ချက်ကို သိရှိသွားခဲ့ကြတယ်။ ဒါကြောင့် သခင်ဖိုးလှကြီးဟာ ရေနံမြေကို ချက်ချင်းပြန်သွားခဲ့ပြီး အရင်းရှင်ဘီအိုစီ ရေနံကုမ္ပဏီနဲ့ နယ်ချဲ့လက်ကိုင်တုတ် ညွန့်ပေါင်းအစိုးရတို့ရဲ့ ပြုမူဆောင်ရွက်မှုကို ပြည်သူလူထုကို တင်ပြနိုင်ဖို့အတွက် ရန်ကုန်မြို့သို့ ခရီးရှည် ချီတက်ဆန္ဒပြဖို့ စီစဉ်ခဲ့ပါတယ်။

## ရေနံမြေအလုပ်သမားသပိတ်တပ်ကြီး ရန်ကုန်မြို့သို့ ခရီးရှည်ချီတက်ခြင်း

ရေနံမြေသပိတ်ကြီးဟာ ၁၀ လကျော်မျှ ကြာလာတာနဲ့အမျှ ရေနံကုမ္ပဏီတို့ဟာ အလုပ်သမားထုရဲ့ တရားသောတောင်းဆိုချက်တွေကို လုံးဝလိုက်လျောခြင်းမရှိဘဲ ပို၍ တင်းမာလာခဲ့တယ်။ ဘယ်နေ့ ဘယ်ရက်မှာ အလုပ်မဆင်းပါက ကုမ္ပဏီမှ အလုပ်ထုတ်ပယ်ပြီး ဖြစ်တယ်ဆိုတဲ့ ကြေညာချက်၊ ကုမ္ပဏီပိုင် အလုပ်သမားတန်းလျားတွေမှာ နေထိုင်ခွင့်မရှိ၊ နေထိုင်မယ်ဆိုရင် အရေးယူမယ်ဆိုတဲ့ အမိန့်တွေ ထုတ်လာခဲ့တယ်။ ဒါကြောင့် သပိတ်မှောက်အလုပ်သမားတွေဟာ စားရေးသာမက နေထိုင်ရေးပြဿနာကိုပါ ရင်ဆိုင်လာခဲ့ရတယ်။ သန်လျင်သပိတ်ကိစ္စအတွက် အစိုးရက ပြန်ဖြေရေးခုံရုံးကို ဖွဲ့စည်းပေးခဲ့ရာ သန်လျင်အလုပ်သမားခေါင်းဆောင်တွေဖြစ်ကြတဲ့ သခင်ဗ၊ သခင်နာရဆင်း၊ သခင်စိုးတို့ကို ရေနံမြေသပိတ်ခေါင်းဆောင်တွေက ရေနံမြေသပိတ်ကိစ္စကိုပါ ထည့်သွင်းဖြန်ဖြေနိုင်ရေးအတွက် နည်းလမ်းရှာကြဖို့ တိုက်တွန်းခဲ့ကြတယ်။ ရေနံမြေကိစ္စကို ရေနံမြေမှာ ဖြေရှင်းတာထက် ရန်ကုန်မှာဖြေရှင်းတာက ပိုကောင်းမယ်လို့ ယုံကြည်ကြတဲ့ ခေါင်းဆောင်အချို့အနေနဲ့ ရန်ကုန်နဲ့ ရေနံမြေ သပိတ်ခေါင်းဆောင်တွေဟာ ရေနံမြေသပိတ်ကိစ္စကို ဆက်လက်ဖြေရှင်းဖို့အတွက် အပူတပြင်း တိုင်ပင်ခဲ့ကြတယ်။ ပဲခူးရင်စုနဲ့တကွ ဗမာပြည်အရပ်ရပ်မှ ချီတက်လာကြမယ့် တောင်သူလယ်သမားတပ်ကြီးဟာ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့သို့အရောက် ချီတက်လာကြပြီး အစည်းအဝေးကြီးတစ်ရပ် ကျင်းပကြမယ်။ မိမိတို့လိုလားချက်တွေကို တောင်းဆိုကြမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ ချီတက်ပွဲနဲ့ ရေနံမြေသပိတ်တို့ ဆက်စပ်ပေးဖို့လိုတယ်။ ရေနံမြေသပိတ်မှောက် အလုပ်သမားတွေအနေနဲ့ အဲဒီ ဒီဇင်ဘာ ၁၉ ရက်နေ့အမီ ရန်ကုန်အရောက် ချီတက်လာနိုင်မယ်ဆိုရင် တောင်သူလယ်သမား၊ အလုပ်သမားသပိတ်တွေကနေ တစ်မျိုးသားလုံးပါဝင်တဲ့ အထွေထွေသပိတ်တိုက်ပွဲကြီးအဖြစ် ဆင်နွှဲနိုင်မယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ ရန်ကုန်ဘူတာကြီး စကြီအမှတ် - ၇မှာ သခင်စိုး၊ သခင်ထွန်းခင်၊ သခင်လှိုင်၊ သခင်ဖိုး လှကြီး၊ သခင်သင်၊ သခင်ဗတို့ဟာ ရေနံမြေ



www.burmeseclassic.com

www.burmeseclassic.com



သပိတ်မှောက်အလုပ်သမားတွေ ကိုယ်တိုင် ရန်ကုန်မြို့ကို စုဝေးချီတက် ဆန္ဒပြဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် အတိအကျဆွေးနွေးတာမဟုတ်ဘဲ ယေဘုယျဆွေးနွေးမှုသာဖြစ်ခဲ့ပါတယ်။ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချနိုင်မှုကိုတော့ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ချောက်မြို့ အလုပ်သမားအစည်းအဝေးမှလည်းကောင်း၊ နိုဝင်ဘာလ ၂၇ ရက်နေ့ ရေနံချောင်း ဘလဲ့ဘကျောင်းတိုက် အလုပ်သမားအစည်းအဝေးပွဲမှလည်းကောင်း မိုင် ၄၀၀ ကျော်ဝေးတဲ့ ရန်ကုန်မြို့ကို ချီတက်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပါတယ်။ ၁၃၀၀ ပြည့်နှစ် နတ် တော်လဆန်း ၅ ရက်၊ ၂၉. ၁၁. ၃၈ ညမှာ ချောက်၊ ရေနံချပ်၊ လမ်းရွာ သပိတ် တပ်ပေါင်းစု အစည်းအဝေးကို ချောက်မြို့မှာ ကျင်းပခဲ့ပြီး သပိတ်တပ် ချီတက်ရေး ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ချမှတ်ခဲ့တယ်။

၁။ ရေနံမြေအလုပ်သမားတို့သည် မိမိတို့ နစ်နာဆုံးရှုံးချက်အရပ်ရပ်တို့ကို ဗမာပြည်အစိုးရထံ တင်သွင်းပေးပို့ခဲ့သော်လည်း ယနေ့အထိ ထိုကိစ္စကြီး ပြီးပြတ်အေးချမ်းအောင် ဆောင်ရွက်ခြင်းမရှိသည့်အပြင် သပိတ်မှောက်အလုပ်သမားခေါင်းဆောင်များနှင့် သပိတ်တား အမျိုးသမီးတို့အား အပြစ်ဒဏ်ပေးခြင်း အလုပ်တို့ကိုသာ တွေ့ကြုံခဲ့ရပေသည်။ ထိုကဲ့သို့ ပြုမူချက်တွေကို ကြည့်ရှုခြင်းအားဖြင့် ဗမာပြည်အစိုးရတို့သည် နယ်ချဲ့ ခနရှင်အလိုကျ တစ်ဖက်သတ်ပြုမူဆောင်ရွက်သည်ထက် ပိုလာခဲ့ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးဆုံးရှုံးခဲ့သည့် ရေနံမြေသပိတ်မှောက် လူထု တောင်းဆိုချက်များကို နောက်ဆုံးအနေဖြင့် သက်ဆိုင်ရာသို့ တိုက်တွန်းတောင်းဆိုပေးရန် သို့မဟုတ် အလုပ်သမား တို့အပေါ် နှစ်ပေါင်း ၅၀ ကျော်ခန့် ကောက်ခံတောင်းဆိုခဲ့သည့် လူခွန်တော် သို့မဟုတ် သဿမေဓ အခွန်တော်များကို ပြန်လည်ထုတ်ပေးရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရအား လေးနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

၂။ အဆိုပါဆုံးဖြတ်ချက်အမှတ် ၁ ကို ဗမာပြည်အစိုးရထံသို့ သပိတ်မှောက်စာရင်းဝင် အလုပ်သမားစာရေး စာချီများပါ ညီညာဖျဖျ စုရုံး၍ ရန်ကုန်မြို့သို့ ခြေလျင်ချီတက် သွားရောက်ကြရာတွင် ပါဝင်သူတို့သည် ၁၂၉၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် ၈. ၁. ၃၈ နေ့ကစ၍ ယနေ့အထိ တရားသဖြင့် အေးချမ်းငြိမ်သက်စွာ ဆောင်ရွက်လာကြသကဲ့သို့ ရောက်လေရာ မြို့ရွာဒေသတိုင်းနှင့် ခြေလျင်ချီတက်ခြင်း ရည်မှန်းချက် ပြီးမြောက်သည့်တိုင်အောင် တရားဥပဒေအရ အေးချမ်းသာယာစွာ ဆောင်ရွက်သွားကြရန် သည်ကနေ့ တပ်ပေါင်းစုအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်း မေတ္တာရပ်ခံကြောင်း။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့ (၃၀. ၁၁. ၃၈)

အဲဒီနေ့ နံနက် ၆ နာရီအချိန်မှာ တူတံဇင် သုံးရောင်ခြယ် အောင်လံတော်အလံကို လွှင့်ထူပြီး ချောက်မြို့ ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံးကနေ လေးယောက်တစ်တွဲဖြင့် ချောက်မြို့မှ သပိတ်အလုပ်သမား ၅၀၀ ခန့်၊ လမ်းရွာရေနံချပ်မှ သပိတ်အလုပ်သမား ၄၀၀ ခန့်တို့ဟာ အောင်ဘာလေ သပြေညို ဆိုတဲ့ ပန်းရေချမ်းကို လောင်းဆိုတဲ့ တေးသံနဲ့ စည်တော်သွင်းပြီး ရန်ကုန်မြို့ကို စတင်ချီတက်ခဲ့ကြပါတယ်။ အုပ်ထိန်းစောင့်ရှောက်ရေးမှူး၊ ရေနံသပိတ် ရန်ကုန်ချီတက်ရေးတာဝန်ခံအဖွဲ့ကိုယ်စား သခင်ဖိုးလှကြီးရဲ့ ကွပ်ကဲမှုနဲ့ ချီတက်လာကြခြင်းဖြစ်ပါတယ်။ သခင်မပေါင်းကလည်း အောင်သပြေပန်းများ ကမ်းပြီး အရေးတော်ပုံ အောင်ပါစေလို့ တစ်ခဲတစ်နက် ကြွေးကြော်ခဲ့ကြပါတယ်။ ချီတက်နေကြတဲ့ ရေနံမြေသပိတ် အလုပ်သမားတွေကလည်း 'မီးတုန်ကြီး၊ မီးတုတ်ကြီး၊ ရေနံမြေက မီးတုတ်ကြီး၊ မီးတုတ်ကြီးရဲ့အလင်းရောင် ဗမာပြည်ထောင် ထွန်းပြောင်စေသား' လို့ လက်သီးလက်မောင်းတန်းကာ အားရပါးရ ကြွေးကြော်ခဲ့ကြတယ်။ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ကလည်း ရေနံမြေမိသားစုဝင်တွေဟာ ဝမ်းသာဝမ်းနည်း အားပေးခဲ့ကြတယ်။ ရေနံသပိတ်အလုပ်သမားတပ်မှာ ကုလားအလုပ်သမား ၅၀ မျှ ပါဝင်ခဲ့ကြတယ်။ ချောက်မြို့မှ ကားလမ်းတစ်လျှောက် ခြေလျင်ချီတက်ခဲ့ရာ ရွှေးချိုကို နေ့လယ် ၂ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ နံနက်စာစားပြီး ခေတ္တအနားယူခဲ့ကြတယ်။ ညနေ ၆ နာရီ မှာ ဆက်လက်ချီတက်ခဲ့ရာ ည ၁၀ နာရီအချိန်မှာ ကိုးဆူရွာဆရာတော်ကျောင်းမှာ ညအိပ်ရပ်နားပြီး ရေ နှင့် ညစာစားခဲ့ကြတယ်။

www.burmeseclassic.com



## ၁၃၀၀ပြည့်နှစ် နတ်တော်လဆန်း ၁၀ ရက် ကြာသပတေးနေ့ (၁. ၁၂. ၃၈)

နံနက် ၆ နာရီ ကိုးဆူရွာမှ ထွက်ခဲ့တယ်။ ရေနံချောင်းဘေးမဲ့ရွာ ဆရာတော် ဦးဝါယမကျောင်းတိုက်ကို နံနက် ၁၀ နာရီမှာ ရောက်ခဲ့ကြတယ်။ နေ့လယ် ၁၂ နာရီ ငှက်ပျောတောရွာအနီး ရေကန်ကြီးဘေးမှာ တစ်ထောက်နားခဲ့ကြတယ်။ ရေနံချောင်းမြို့၊ တွင်းကုန်းပြေးရွာမှ ကားနှင့် နံနက်စာ ထမင်းလာရောက် ကျွေးမွေးခဲ့တယ်။ ညနေ ၄ နာရီမှာ ဆက်လက်ချီတက်ခဲ့ရာ ရေနံချောင်းတွင်းကုန်းသို့ညနေ၆နာရီမှာရောက်ရှိခဲ့ကြတယ်။ သခင်၊ သခင်မအပေါင်းနဲ့ မြို့သူမြို့သားအချို့က အောင်စည်အောင်မောင်းသံတွေနဲ့ အားရပါးရ ကြိုဆိုခဲ့ကြပြီး ဧည့်ခံကျွေးမွေးခဲ့ကြတယ်။ ညပိုင်းမှာ ရေနံချောင်းမြို့က သပိတ်အလုပ်သမားတွေကို လိုက်ပါဖို့အတွက် ဘလဲ့ဘကျောင်းဝင်းအတွင်း လှုံ့ဆော်ရေးတရားပွဲ ကျင်းပခဲ့တယ်။ အဲဒီ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ မှာ ရန်ကုန်ရာဇဝတ်တရားသူကြီး ဦးသိုးစက ပုဒ်မ-၁၄၄ ကို ထုတ်ပြန်ခဲ့တယ်။ ရန်ကုန်မြို့အတွင်း ဒီဇင်ဘာ ၁ ရက်နေ့မှစပြီး တစ်လအတွင်း စီတန်းလမ်းလျှောက်ခြင်းမပြုရ၊ မစုဝေးရဆိုတဲ့ အမိန့်ဟာ ရန်ကုန်မြို့ကနေပြီး ရေနံမြေအလုပ်သမားသပိတ်တပ်ကြီးကို ကြိုတင်ခြိမ်းခြောက်လိုက်ခြင်းသာဖြစ်တယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် (၂. ၁၂. ၃၈)

ရေနံမြေအလုပ်သမားတပ်ကြီး ဆက်လက်ချီတက်ရန် စီစဉ်နေဆဲ အခိုက်အတန့်အတွင်းမှာ သခင်ဖိုးလှကြီးကို ရေနံဝန်တီအက်စ်အက်စ်ကင်ဆင် အိုင်စီအက်စ်က ခေါ်ယူပြီး သပိတ်တပ်ကြီး နောက်ပြန်လှည့်ဖို့ စည်းရုံးခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ အလုပ်သမားတွေကို အလုပ်ပြန်ခန့်ပေးဖို့ တိတိကျကျ အဖြေမပေးခဲ့ဘူး။ အဲဒီညမှာ ရေနံချောင်းမြို့ ဘေးမဲ့ရွာဆရာတော် ဦးဝါယမဘုန်းကြီးကျောင်းကို နံနက် ၁၀ နာရီမှာ ရောက်ရှိခဲ့ပြီး အဲဒီမှာပဲ စခန်းချခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၂ ရက် (၃. ၁၂. ၃၈)

နံနက် ၅ နာရီမှာ ဆရာတော် ဦးဝါယမထံကနေ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြတယ်။ ရေနံချောင်းမှ သပိတ်အလုပ်သမား ၂၀၀ တပ်ကူဖြည့်ဖို့ ရောက်လာခဲ့ကြတယ်။ ဆရာတော် ဦးဝါယမသာမနှင့်အတူ ချောက်မြို့မှ ဦးဂန္ဓ၊ ရေနံချောင်းမှ ဦးဇောတိကနှင့် ရှင်နန္ဒတို့လည်း သပိတ်လွယ်ကာ အလုပ်သမားတပ်ကြီးနှင့်အတူ လိုက်ပါလာခဲ့ကြတယ်။ နေ့လယ် ၁၂ နာရီမှာပဲ ဘဲဆိပ်ရွာဆရာတော်ဦးနိန္ဒလကျောင်းမှာစခန်းချခဲ့ကြပြီး နေ့လယ် ၂ နာရီမှာ နံနက်စာထမင်းကို စားခဲ့ကြတယ်။ ည ၁၀ နာရီမှာ မန်ကျည်းခြေထောက်သို့ ရောက်ရှိခဲ့ကြပြီး ညစာထမင်းစားကာ ရပ်နားအိပ်စက်ခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၃ ရက် (၄. ၁၂. ၃၈)

မကွေးမြို့ကို နံနက် ၁၁ နာရီမှာ ရောက်ရှိလာခဲ့ရာ မကွေးမြို့မှ သခင်လှမောင်ခေါင်းဆောင်ပြီး ကြိုဆိုခဲ့ကြတယ်။ အလုပ်သမားတပ်ကြီးဟာ မကွေးမြသလွန်ဘုရားကို ဦးခိုက်ပူဇော်ခဲ့ကြတယ်။ ဧရာဝတီမြစ်ကမ်းဘေးမှာ နံနက်စာထမင်းကို စားသောက်ခဲ့ကြတယ်။ စားသောက်ပြီးတာနဲ့ ရှေ့ဆုံးနဲ့ နောက်ဆုံးမှ သံးရောင်ခြယ် တို့ဗမာအလံကြီးများ လွှင့်ထူပြီး နှစ်ယောက်တစ်တွဲတန်းစီကာ မြို့တွင်းကို ဝင်ခဲ့ကြတယ်။ မြို့လူထုကလည်း စည်းနှင့်ကမ်းနှင့် ညီညီညာညာ ချီတက်လာကြတာကို အိမ်တိုင်းမှ ထွက်ကြည့်ခဲ့ကြတယ်။ ကြိုဆိုရေးအဖွဲ့ဝင်တွေက အလုပ်သမားတပ်ကြီးကို မဲသီးကျောင်းတိုက်ဝင်းအတွင်း ဓမ္မာရုံကြီးနဲ့ ဇရပ်အသီးသီးတို့မှာ နေရာချထားပေးခဲ့ကြတယ်။ နယ်ချဲ့အစိုးရက အလုပ်သမားတပ်ကြီး ရန်ကုန်မြို့ကို မရောက်စေရေးနဲ့ မကွေးစီရင်စုနယ်မြေမှ မထွက်ရေးအတွက် နည်းလမ်းအမျိုးမျိုးသုံးပြီး ဖြိုခွဲခဲ့ကြတယ်။

နေ့လယ် ၂ နာရီအချိန်မှာ ပုလိပ်တွေဟာ အလုပ်သမားတပ်ကြီးရဲ့ သပိတ်ခေါင်းဆောင်တွေဖြစ်ကြတဲ့ သခင်ဖိုးလှကြီး၊ သခင်ဗတင်၊ သခင်ခင်၊ သခင်ဗမောင်၊ သခင်ဖေကြီး၊ ဆရာတော် ဦးဝါယမသာမိ၊ ဦးဂန္ဓာမာ၊ ဦးဇောတိက၊ ရှင်နန္ဒတို့ကို ပုဒ်မ-၁၀၇ တပ်ပြီး ဖမ်းဆီးလိုက်ကြတယ်။ အလုပ်သမားတပ်ကြီးဟာ အဲဒီညမှာ မကွေးမြို့မဲထီးကျောင်းတိုက်မှာ စခန်းချပြီး ခေါင်းဆောင်တွေ ဖမ်းဆီးခြင်းကို ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့ကြတယ်။ ခေါင်းဆောင်တွေ မလွှတ်မချင်း



www.burmeseclassic.com

www.burmeseclassic.com



အစာငတ်ခံ ဆန္ဒပြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီညကစပြီး အစာမစားကြတော့ဘဲ ဆန္ဒပြခဲ့ကြတယ်။ အဲဒီအဖြစ်အပျက်တွေကို မကွေးမြို့မှ သခင်လှမောင်က ရန်ကုန်တို့ဗမာအစည်းအရုံးဌာနချုပ်ကို တယ်လီဖုန်းနဲ့ ချက်ခြင်းအကြောင်းကြားခဲ့တယ်။ ဌာနချုပ်က အလုပ်သမားတပ်ကြီးရန်ကုန်အရောက် ချီတက်နိုင်ရေး၊ အာဏာပိုင်များနှင့် အရေးဆို ဆွေးနွေးနိုင်ရေး၊ အစာငတ်ခံ ဆန္ဒပြခြင်းကို ချက်ချင်းရပ်စဲပြီး ဆက်လက်ချီတက်နိုင်ရေးအတွက် သခင်ထွန်းခင်ကို ရှေ့ပြေးတာဝန်ခံအဖြစ် စေလွှတ်ခဲ့တယ်။ သခင်ဖေသန်း၊ သခင်စိုးနဲ့ သခင်ထိန်ဝင်းကို ဒုတိယတာဝန်ပေးစေလွှတ်ဖို့နဲ့ တက္ကသိုလ်သမဂ္ဂကျောင်းသားခေါင်းဆောင်တွေနဲ့ ဆွေးနွေးပြီး အလုပ်သမားတပ်ကြီးကို ကျောင်းသားတွေကပါ အားပေးကူညီကြဖို့ စီစဉ်ခဲ့ကြတယ်။ ရေနံချောင်းမှထွက်စဉ်က အလုပ်သမား ၁၅၀၀ ခန့် ပါခဲ့ပေမယ့် အခု ည ၇ နာရီမှာ စာရင်းစစ်တဲ့အခါ ၁၁၀၀ လောက်သာ ရှိတော့တာကို တွေ့ရတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၄ ရက် (၅. ၁၂. ၃၈)

အလုပ်သမားတပ်ကြီးမှ အလုပ်သမားအားလုံးတို့ဟာ မိမိတို့ ဆုံးဖြတ်ချက်အတိုင်း ငြိမ်သက်စွာ အစာငတ်ခံ တိုက်ပွဲဝင်ခဲ့ကြတယ်။ မကွေးလူထုဟာ အစာငတ်ခံ တိုက်ပွဲဝင်နေကြတဲ့ ရေနံမြေအလုပ်သမားတပ်ကြီးကို လာရောက် ကြည့်ရှုခဲ့ကြတယ်။ မကွေးမြို့မှာ ရေနံအလုပ်သမားတပ်ခေါင်းဆောင်တွေ အဖမ်းခံရတာကို ကြားသိရတာနဲ့တပြိုင်နက် ရေနံမြေမှာ အလုပ်ဆင်းနေကြတဲ့ အလုပ်သမား ၂၀၀၀ ကျော်ဟာ မခံမရပ်နိုင်ဖြစ်ခဲ့ကြတယ်။ ညဘက်မှာ ရေနံချောင်းတွင်းကုန်းရပ်ကန်ဦးကျောင်းတိုက်မှာ အလုပ်သမားအစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့ပြီး ဖမ်းဆီးထားတဲ့လူတွေ ပြန်လွှတ်ပေးဖို့ မကွေးအာဏာပိုင်တွေရဲ့လုပ်ရပ်ကို ပြင်းထန်စွာ အပြစ်ဆိုခဲ့တယ်။ ရန်ကုန်မှာ ထုတ်ပြန်ထားတဲ့ ပုဒ်မ-၁၄၄ ကို ပြန်ရုတ်သိမ်းဖို့ တောင်းဆိုခဲ့တယ်။ မန္တလေးမြို့မှာ ထုတ်ပြန်ထားတဲ့ ရာဇဝတ်ပြင်ဆင်ချက် ဥပဒေပုဒ်မ-၂၃ အပိုဒ်(၇)ကို အမြန်ရုတ်သိမ်းဖို့ တောင်းဆိုခဲ့တယ်။ မကွေးမှာရှိတဲ့ အလုပ်သမားတပ်ကြီးကို ရှေ့ဆောင်နိုင်ဖို့ သခင်လွင်နဲ့ သခင်ခင်မောင်ညိုကို စေလွှတ်လိုက်တယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၅ ရက် (၆. ၁၂. ၃၈)

ရေနံမြေအလုပ်သမားသပိတ်တပ်ကြီး နှင့် ချီတက်လာတော့မယ့် လယ်သမားတပ်ကြီးကို တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်နဲ့ အုပ်ချုပ်ရှေ့ဆောင်ဖို့ 'ဗိုလ်များအလိုရှိသည်။ တစ်ဗိုလ်ဆင်းလျှင် တစ်ဗိုလ်မည်'ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့တယ်။ တို့ဗမာအစည်းအရုံးဌာနချုပ်ခေါင်းဆောင်များ ရန်ကုန်စီရင်စု ခေါင်းဆောင်များနဲ့ ရန်ကုန်မြို့မှာရှိတဲ့ ရေနံမြေအလုပ်သမားခေါင်းဆောင်များ ဆွေးနွေးတိုင်ပင်ပြီး ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။ ရန်ကုန်တို့ဗမာအစည်းအရုံးဌာနချုပ်က လွှတ်လိုက်တဲ့ သခင်ထွန်းခင်ဟာ မကွေးမြို့ကို ရောက်ရှိခဲ့တယ်။ သပိတ်တပ်ကြီးကိုဦးဆောင်ဖို့ ဌာနချုပ်က လွှတ်လိုက်ကြောင်းနဲ့ အလုပ်သမားတွေ အစာပြန်စားဖို့ ပြောကြားခဲ့ရာ အားလုံးက အစာပြန်လည်စားခဲ့ကြတယ်။ သခင်ထွန်းခင်ဟာ မကွေးအရေးပိုင်နဲ့ တွေ့ဆုံပြီး ဖမ်းဆီးထားတဲ့ ခေါင်းဆောင်တွေကိစ္စကို ပြောဆိုပေမယ့် မအောင်မြင်ခဲ့ဘူး။ သခင်ထွန်းခင်ဟာ ထောင်တွင်းရောက် အလုပ်သမားခေါင်းဆောင်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့တယ်။ အဲဒီနောက် အလှူငွေများကို ကောက်ခံခဲ့တယ်။ ရေနံမြေမှရောက်လာတဲ့ သခင်ခင်မောင်ညိုနဲ့ သခင်ထွန်းခင်တို့နှစ်ဦးက သပိတ်စခန်းမှာ သပိတ်ကိစ္စအရပ်ရပ်နှင့်ပတ်သက်ပြီး အလုပ်သမားတွေကို ရှင်းလင်းပြောကြားခဲ့တယ်။ ည ၁၀ နာရီခွဲအချိန်မှာ သူတို့နှစ်ဦးစလုံးကို မကွေးအရေးပိုင်အမိန့်ဖြင့် ပုဒ်မ-၁၀၇ နဲ့ ဖမ်းဆီးပြီး ထောင်တွင်းကို ပို့ခဲ့တယ်။ ညတွင်းချင်းမှာပဲ သပိတ်စခန်းမှ သခင်ကျော်ဒင်၊ ဦးမြေ့၊ သခင်သိန်းမောင်၊ သမင်မာ ထောင်တွင်းရောက်လာကြပြီး မကွေးမြို့မှာ လူများစုဝေးခြင်း မပြုရဆိုတဲ့ ပုဒ်မ-၁၄၄ ကို ထုတ်ပြန်ကြေညာခဲ့တယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁ ရက် (၇. ၁၂. ၃၈)

ရေနံမြေမှ သခင်လွင် ရောက်ရှိလာခဲ့ပြီး ချက်ချင်း ဆိုသလို အဖမ်းခံလိုက်ရတယ်။ ပုဒ်မ-၁၄၄ကို ထပ်မံထုတ်ပြန်ခဲ့တယ်။ မကွေးမြို့ရဲ့ တောင်ဘက်လမ်းကို မသွားရ၊ နတ်မောက်လမ်းကိုမသွားရ၊ အိမ်ပြန်လိုက

www.burmeseclassic.com



ပြန်နိုင်တယ်လို့ အမိန့်ပေးခဲ့တယ်။

### ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ ရက်
### (၈. ၁၂. ၃၈)

တို့ဗမာအစည်းအရုံးဌာနချုပ်မှ နောက်ထပ်စေလွှတ်လိုက်တဲ့ သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းတို့ မကွေးမြို့ကို ရောက်ရှိလာခဲ့တယ်။ ကျောင်းသားခေါင်းဆောင်ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ကလည်း ရေနံချောင်း ကျောင်းသားများပဋိပက္ခကို ဖြေရှင်းရန်အကြောင်းပြု ထွက်ခွာလာခဲ့ပြီး ရေနံချောင်းကို ခဏဝင်ရောက်ကာ မကွေးမြို့ကို ရောက်လာခဲ့ကြတယ်။ အဆိုပါပုဂ္ဂိုလ် ၅ ဦးတို့ဟာ ရေနံမြေအလုပ်သမားတပ်ကြီးစိတ်ဓာတ်ကြံ့ခိုင်ရေးကို အစွမ်းကုန် ကြိုးပမ်းခဲ့ကြတယ်။ သခင်ဖေသန်း၊ ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ဟာ မကွေးမြို့အထက်တန်းကျောင်းမှာ ကျင်းပတဲ့ ကျောင်းသားများအစည်းအဝေးကို တက်ရောက်ခဲ့ကြပြီး ရေနံမြေသပိတ်အလုပ်သမားတို့ရဲ့ အခြေအနေကို ရှင်းပြခဲ့ကြတယ်။ မကွေးမြို့မှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများ၊ မြို့လူထုများက ကူညီလျှင် မကွေးမြို့မှ အလုပ်သမားတပ်ကြီး ထွက်ခွာရေးဟာ လုံးဝအောင်မြင်မည်ဖြစ်ကြောင်း ဟောပြောခဲ့ကြတယ်။ တက်ရောက်လာတဲ့ ကျောင်းသူ၊ ကျောင်းသား ၂၀၀ ကျော်က အစွမ်းကုန်ကူညီမှာဖြစ်ကြောင်း ပြောကြားခဲ့ကြတယ်။

### ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၃ ရက်
### (၉. ၁၂. ၃၈)

ရေနံမြေအလုပ်သမားတပ်ကြီးဟာ မကွေးမြို့မှာပဲ ထမင်းတစ်နပ်သာ စားပြီး ဆက်လက်နေထိုင်ခဲ့ကြတယ်။

### ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၄ ရက်
### (၁၀. ၁၂. ၃၈)

မဲထီးကျောင်းတိုက်အပြင်ဘက် အပေါက်တိုင်းမှာ ပုလိပ်တွေက နေ့ညမပြတ် စောင့်ဆိုင်းနေကြတယ်။

### ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၅ ရက်
### (၁၁. ၁၂. ၃၈)

အစိုးရအရာရှိများရောက်ရှိလာကြပြီး မကွေးမြို့တောင်ဘက်ပိုင်းဟာ ရွာသိမ်ရွာငယ်တွေဖြစ်တဲ့အတွက် သပိတ် အလုပ်သမားတစ်ထောင်ကျော်ကို ထမင်းကျွေးရန် မလွယ်ကူကြောင်း စားနပ်ရိက္ခာအတွက် ငွေဘယ်လောက် ပါသလဲလို့မေးခဲ့ရာ အလုပ်သမားတွေက ငွေကိုးထောင့်ငါးရာကျော်ကို ပြသလိုက်ပါတယ်။ အစိုးရအရာရှိတွေအနေနဲ့ ဘာမှမပြောတော့ဘဲ ပြန်သွားခဲ့ကြတယ်။ နေ့လယ် ၂ နာရီအချိန်မှာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌကိုဗဟန်းနဲ့ အထွေထွေအတွင်းရေးမှူး ကိုဗဆွေတို့က ရေနံချောင်းကျောင်းသားသပိတ်အတွက် စစ်ဆေးပြီး အပြန်မှာ ထောင်တွင်းမှာရှိနေတဲ့ သခင်ဗတင်ကိုသွားရောက်တွေ့ဆုံခဲ့တယ်။ သပိတ်အလုပ်သမားတပ်ကြီး ချီတက်ရခြင်းရည်ရွယ်ချက်၊ ချီတက်မယ့်အစီအစဉ်တွေကို ၁၅ မိနစ်ခန့် မေးခဲ့ပါတယ်။ ဘယ်နေ့ထွက်မလဲလို့ မေးတဲ့အခါ သခင်ဗတင်က မနက်ဖြန်ထွက်ဖို့အမိန့်ပေးပြီးသားလို့ ပြောခဲ့တယ်။ သခင်ထိန်ဝင်းနဲ့ သခင်ဖေသန်းတို့ ပါရောက်ရှိလာခဲ့ကြပြီး သခင်ဗဟိန်းတို့နည်းတူ မေးမြန်းခဲ့ပါတယ်။ အဲဒီည ၇ နာရီမှာ တရားပွဲပြုလုပ်မယ့်အကြောင်း မောင်းတီးကြေညာခဲ့ပါတယ်။ ဒါပေမယ့် နှောင့်ယှက်မယ်ဆိုတာကို ကြိုသိနေတဲ့အတွက် ကိုဗဟိန်း၊ သခင်စိုးနဲ့ သခင်ထိန်ဝင်းတို့ဟာ ည ၆ နာရီ ၁၅ မိနစ်မှာ တရားပွဲစခဲ့တယ်။ မြို့သူ၊ မြို့သားတော်တော်များများ တက်ရောက်ခဲ့ကြတယ်။ တရားစွဲစတင်တာနဲ့တစ်ပြိုင်နက် ပုလိပ်တို့ဟာ ဝရမ်းနဲ့ ရောက်လာခဲ့ကြပြီး သခင်စိုးနဲ့ သခင်ဖေသန်းကို ဖမ်းဆီးလိုက်တယ်။ ကိုဗဟိန်းစကားစပြောတဲ့အချိန်မှာ ကိုဗဟိန်းကိုဖမ်းဖို့ ရောက်လာတယ်။

ကိုဗဟိန်းက - 'ကျွန်တော်သည် ရေနံချောင်းကျောင်းသားသပိတ်မှောက်ကိစ္စနှင့် ကျောင်းသားတစ်ယောက်ကို ဖမ်းထားသည့်အတွက် အသွားလမ်းခရီးတွင် ဒုက္ခသည်များတွေ့၍ ဝင်ရောက်ကူညီရကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်ပြီး ခရီးဆက်လက်သွားခွင့်ပြုရန် ခရိုင်မင်းကြီး အရေးပိုင်တို့ထံ လျှောက်ထားရာ ယနေ့နေ့လယ် ၁ နာရီအချိန် အမိန့်ချမည်ဟု ပြောခဲ့ပြီး လူကြီးပီပီ ကတိပျက်ကြတယ်။ ဒါကြောင့် ခင်ဗျားတို့ ကိစ္စအောင်မြင်ရန် နက်ဖြန်ထွက်ဖြစ်အောင် ထွက်ကြပါ။ အနှောင့်အယှက်တွေက အသေခံပါ။ ကျုပ်ကို အခုဖမ်းနေပြီ။ ကိစ္စမရှိပါဘူး။ ကျုပ်ကိုဖမ်းတဲ့အတွက် နက်ဖြန်ဗမာတစ်ပြည်လုံး ဘာဖြစ်သွားမယ်ဆိုတာ သိရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာတစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်ရမယ်' စသည်ဖြင့် ဒေါပါပါဟောပြီး အဖမ်းခံတယ်။

အဲဒီနောက် သခင်ထိန်ဝင်းက - 'ခင်ဗျားတို့ ရည်ရွယ်ချက်ရှိတဲ့အတိုင်း လုံ့လမလျှော့ကြနဲ့။ မနက်ဖြန် ထွက်ဖြစ်အောင်ထွက်ကြပါ။ ကျုပ်တို့ဖမ်းသွားပေမယ့် အားမငယ်ကြနဲ့။ လမ်းမှာ စောင့်ရှောက်ကျွေးမွေးမယ့် လူတွေ စောင့်နေကြတယ်။ ခင်ဗျားတို့ကို အန္တရာယ်ပေးတယ်ဆိုရင် ကျုပ်တို့ထောင်ထဲကနေပြီး ထမင်းမစားဘဲ အသေခံမယ်'လို့ ဟောပြောနေတုန်းမှာပဲ အဖမ်းခံရပြန်တယ်။ အဲဒီညက သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်း၊ ကိုဗဟိန်းတို့အပြင် ကိုဗဆွေပါ အဖမ်းခံလိုက်ရတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၁၂. ၁၂. ၃၈)

မနက် ၄ နာရီလောက်မှာ ရာဇဝတ်အဖွဲ့ဟာ ဈေးရပ်သူကြီး ဦးညို၊ တက်ခေတ်နာရီပြင်ဆိုင်ရှင် ဦးသာဟန်နဲ့ ရွာသစ်သူကြီးကိုလေးမောင်တို့ကို သက်သေအဖြစ်ခေါ်လာပြီး သပိတ်သမားများကိုယ်၌ လက်နက်ရှာဝရမ်းထုတ်ကြပြီး ရှာဖွေကြတယ်။ ဒါပေမယ့် ဘာလက်နက်မှ မတွေ့ခဲ့ကြဘူး။ မနက် ၂ နာရီလောက်ကတည်းက မဲသီးကျောင်းတိုက်ကို စစ်ပုလိပ်အဖွဲ့ဝင် မြင်းစီးပုလိပ်တွေ ဝါးရင်းတုတ်ကိုင်ပုလိပ်တွေ ပူးပေါင်းပြီး ဝိုင်းထားခဲ့ကြတယ်။ နံနက် ၆ နာရီခွဲမှာ အသင့်ပြင်လို့ တစ်ယောက်ကအော်လိုက်တဲ့အခါ နှစ်ယောက်တစ်တွဲစီ အားလုံးအဆင်သင့်ဖြစ်နေခဲ့ကြတယ်။ တံခါးဝကြီးမှာ မြောက်ဘက်တွင်ရှိနေပြီး ပုလိပ်တပ်၊ စစ်တပ်နဲ့ မြင်းတပ်တို့က စောင့်နေခဲ့ကြတယ်။အနောက်ဘက်မှာရှိတဲ့ လမ်းမြောင်ကျိုးကလေးမှ ထွက်လာတဲ့အခါ စစ်ပုလိပ်တွေက လာရောက်တားဆီးခဲ့ကြတယ်။ မြို့အုပ်က နောက်ပြန်ဆုတ်ဖို့ ရန်ကုန်မသွားဖို့ နစ်နာချက်များကိုပြောရင်း ဆောင်ရွက်ပေးမယ့် ရမယ် မရမယ်ဆိုတာတော့ တာဝန်မခံနိုင်ဘူးလို့ ပြောခဲ့တယ်။ အမျိုးမျိုးပြောပြီး တားဆီးပေမယ့် ရေနံမြေသပိတ်မှောက် အလုပ်သမားတပ်ကြီးကတော့ လုံးဝနောက်မဆုတ်ခဲ့ကြဘူး။ အလုပ်သမားတပ်ကြီးရှေ့ကို တိုးလာတဲ့အခါ အသင့်စောင့်ဆိုင်းနေတဲ့ ပုလိပ်တပ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ပထမရင်ဆိုင်ရတာကတော့ လှံစွပ်ကိုင် စစ်ပုလိပ်များဖြစ်ကြပြီး သူတို့နောက်မှာ မြင်းစီးပုလိပ်တွေ စီတန်းရပ်နေကြတယ်။ အလုပ်သမားတွေ တဟုန်ထိုးရှေ့တက်လာတော့ လှံစွပ်ကိုင်တပ် နောက်ဆုတ်သွားခဲ့ရတယ်။ လှံစွပ်ကိုင်တပ် နောက်ဆုတ်သွားတဲ့အခါ မြင်းတပ် ချီတက်လာခဲ့တယ်။ မြင်းတပ်က အလုပ်သမားတွေကို အတင်းဝင်တိုက်တယ်။ ဝါးရင်းတုတ်ကိုင်ပုလိပ်တွေကလည်း ဝါးရင်းတုတ်နဲ့ရိုက်တယ်။

အဲဒီလို အလုပ်သမားတွေကို အသက်ကိုပမာနမထားဘဲ အတင်းရှေ့တိုး မြင်းစီးပုလိပ်တွေကို အတင်းဝင်တိုက်၊ ဝါးရင်းထုတ်ကိုင် ပုလိပ်တွေကလည်း အတင်းဝင်ရိုက်ချိန်မှာ ကျောင်းသားမောင်တင်ဦးနဲ့ အဖွဲ့က မကွေးထောင်ကြီးရဲ့ အရှေ့တောင်ဒေါင့် ထောင်နံရံဘေးကိုပြေးလာကြပြီး အလုပ်သမားတွေကို မြင်းနှင့်နင်းပြီး ရိုက်နှက်သဖြင့် သေကြကုန်ပြီလို့ ဟစ်ကြွေးတိုင်ကြားလိုက်ကြပါတယ်။ အဲဒီအသံကိုကြားရတဲ့အခါ သခင်ခင်က ၁၁. ၁၂. ၃၈ နေ့က ရေနံ မြေအလုပ်သမားတပ်ခေါင်းဆောင် သခင်ဗတင်ပေးလိုက်တဲ့ နယ်ချဲ့ကို တွန်းလှန်ရင်း သေရတာက မြတ်သည့်အတွက် ရဲရဲဝံ့ဝံ့ မိမိတို့မျှော်လင့်တဲ့ပန်းတိုင် အရောက်ချီတက်ကြဆိုတဲ့ အမိန့်ကို ဖတ်ကြားပြခဲ့ပြီး အဲဒီအမိန့်ကို အလုပ်သမားတပ်ကြီးကို အသိပေးရန် ပြောကြားလိုက်ပါတယ်။ ထောင်တွင်းမှာရှိတဲ့ သခင်တွေကလည်း 'သူပုန် သူပုန် ထထ' 'မီးတုတ် မီးတုတ် ရှို့ရှို့' 'အရေးတော်ပုံ အောင်ပါစေ'လို့ ဆန္ဒပြကြွေးကြော်ခဲ့ကြတယ်။ သခင်များ နည်းတူ အခြား သာမန်အကျဉ်းသားတွေကလည်း လိုက်၍ ကြွေးကြော်ခဲ့ရာ ထောင်အာဏာပိုင်တွေက ထောင်အချက်ပေးသံချောင်းကို ပြင်းထန်စွာရိုက်ခတ်ပြီး ထောင်လှန့်လိုက်တဲ့အတွက် ရေနံအလုပ်သမားတပ်ကို ဝိုင်းထားတဲ့မြင်းစီးပုလိပ်တပ်ဟာမကွေးထောင်ကိုလာပြီး အထပ်ထပ်ဝိုင်းထားခဲ့ကြတယ်။ ရေနံအလုပ်သမားတပ်ကြီးဟာ အဆီးအတားတွေကြားထဲက လွတ်မြောက်ခဲ့ပြီး မကွေးမြို့က ထွက်ခွာသွားခဲ့ကြတယ်။ မကွေးမြို့တောင်ဘက်ကင်းရွာရဲ့ တစ်မိုင်ခန့်အကွာ အရောက်မှာ မကွေးမြို့မှလိုက်လာတဲ့ ရာဇဝတ်ဝန်နဲ့ မြင်းစီးပုလိပ်တပ်တို့က အလံကိုင်ခေါင်းဆောင် သခင်ခင်သန်း၊ သခင်သန်းအောင်၊ သခင်သိန်းမောင် လေး(ချောက်)၊ သခင်တင်လှတို့နဲ့ တပ်စုခေါင်းဆောင်လို့ထင်ရတဲ့ အလံကိုင်တွေကို ဖမ်းဆီးလိုက်ကြတယ်။

ဒါပေမယ့် ရေနံအလုပ်သမားတပ်ကြီးဟာ ဆက်လက်ချီတက်ခဲ့ကြတယ်။ရေနံအလုပ်သမားတပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ မကွေးတိုက်ပွဲအောင်မြင်ခဲ့တာကြောင့် နံနက်စာစားဖို့ သတိမရကြတော့ဘဲ မြင်ကွန်းမြို့ကို ညနေ ၅ နာရီမှာ ရောက်ခဲ့ကြတယ်။ မြို့သူကြီးထံခွင့်ပန်ပြီး စခန်းချခဲ့ကြတယ်။ ည ၇ နာရီမှာ ဌာနချုပ်မှ သခင်ဇ၊ သခင်ထွန်းစိန်၊ သခင်တင်ဦး၊ သခင်ဖေသန်းတို့ ရောက်လာခဲ့ကြတယ်။ သခင်ထွန်းစိန်က ချီတက်ရေးတာဝန်ခံအဖြစ် ဆက်လက်တာဝန်ယူခဲ့တယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၇ ရက် (၁၃. ၁၂. ၃၈)

နံနက် ၆ နာရီမှာ သခင်ထွန်းစိန် တာဝန်ခံအဖြစ် ဆက်လက်ချီတက်ခဲ့ရာ နေ့လယ် ၁၂ နာရီမှာ မိချောင်းရဲမြို့ကို ရောက်ရှိလာခဲ့တယ်။ သရက်စီရင်စု တို့ဗမာအစည်းအရုံးကို ဌာနချုပ် တို့ဗမာအစည်းအရုံးက ရန်ကုန်အရောက် ရေနံအလုပ်သမားတပ် ချီတက်ရေးနှင့် တစ်ဗိုလ်ကျ တစ်ဗိုလ်တက် အသေခံဗိုလ်များအဖြစ် ကူညီအားပေးရန် အကြောင်းကြားတဲ့အတွက် သခင်ဗအေး အမှူးပြုတဲ့ အာလံ(ယခု-အောင်လံ)အသေခံဗိုလ်တွေဟာ မိကျောင်းရဲမြို့ကို လှေဖြင့် ဧရာဝတီမြစ်မှ ဆန်တက်ရောက်ရှိလာခဲ့ကြတယ်။ ရေနံအလုပ်သမားတပ်ဟာ မိကျောင်းရဲမြို့မှာ ညအိပ်ခဲ့တယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၈ ရက် (၁၄. ၁၂. ၃၈)

နံနက် ၄ နာရီမှာ မိကျောင်းရဲမြို့ကနေ ဆက်လက်ထွက်ခွာခဲ့ကြတယ်။ သာမန်ခရီးစဉ်အရ တောင်တွင်းကြီး - အာလံမော်တော်ကားလမ်းမကြီး တစ်လျှောက် ချီတက်ဖို့ဖြစ်ပေမယ့် ခရီးရှည်တာက တစ်ကြောင်း၊ လမ်းခရီးမှာ လူနေကျေးရွာတွေ ပြတ်နေတာကတစ်ကြောင်း၊ စားရေးရိက္ခာနဲ့ တည်းခိုရပ်နားရေးအတွက် အခက်အခဲတွေရှိတာကြောင့် ဧရာဝတီမြစ်တစ်လျှောက် ချီတက်ခဲ့ကြရာ ဆင်ပေါင်ဝဲမြို့ကို နေ့လယ် ၂ နာရီကျော်ကျော်မှာ ရောက်ရှိခဲ့တယ်။ ဆင်ပေါင်ဝဲ တို့ဗမာအစည်းအရုံးက သခင်လှသန်း၊ သခင်သာဒွန်း အစရှိတဲ့ သခင်၊ သခင်မတွေက ကျွေးမွေးပြုစုခဲ့ကြတယ်။ ဆင်ပေါင်ဝဲမြို့မှာ ညအိပ်ရပ် နားခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက် (၁၅. ၁၂. ၃၈)

နံနက် ၆ နာရီမှာ ဆင်ပေါင်ဝဲမြို့ကနေ ဆက်လက်ထွက်ခွာခဲ့ရာမှာ ၃ နာရီခန့်အကြာ မင်းရွာကို ရောက်ခဲ့တယ်။ မင်းရွာသူရွာသားတွေက ကျွေးမွေးဧည့်ခံခဲ့ကြတယ်။ နေ့လယ် ၁ နာရီအချိန်မှာ ဆက်လက်ထွက်ခွာခဲ့ရာမှာ ညနေ ၇ နာရီကျော်မှာ မန်ကျည်းကန်ရွာကို ရောက်ခဲ့တယ်။ အဲဒီရွာမှာ ညစာစားပြီး ဘုန်းကြီးကျောင်းဝင်းအတွင်း ညအိပ်ရပ်နားခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၀ ရက် (၁၆. ၁၂. ၃၈)

မနက် ၅ နာရီ မန်ကျည်းကန်ရွာမှ ချီတက်ခဲ့ကြတယ်။ ကြိုတင် သတင်းရရှိပြီးတဲ့အတွက် အာလံမြို့ တို့ဗမာအစည်းအရုံးဝင် သခင်ချမ်းသာ၊ သခင်သွင်၊ သခင်ဗစံ၊ သခင်နေဒွန်း၊ သခင်ခင်မောင် အစရှိသူတို့ဟာ သပိတ် ကြိုဆိုရေးနှင့် ဧည့်ခံပြုစုရေးကို သေချာကျနစွာ စီစဉ်ထားခဲ့ကြတယ်။ နံနက်ပိုင်းမှစပြီး အာလံမြို့ မြူနီစပယ်ဈေးကြီးကို သပိတ်ကြိုဆိုရေးအတွက် ပိတ်ထားခဲ့ကြတယ်။ အာလံမြို့မှာရှိတဲ့ အင်္ဂလိပ်အရင်းရှင် စတီဘရားသားဝါးစက်ရုံနှင့် ဆီစက်ရုံတို့မှ အလုပ်သမား ၂၀၀၀ ကျော်တို့ကလည်း အလုပ်မဆင်းဘဲ မြို့သူမြို့သား ဈေးသူ ဈေးသားများနဲ့အတူ သပိတ်တပ်ကို ကြိုဆိုဖို့ စောင့် ဆိုင်းနေကြပါတယ်။ နံနက် ၉ နာရီထိုးတာနဲ့ တို့ဗမာအစည်းအရုံးဝင်တွေနှင့် မြို့လူထုကြီးဟာ အောင်စည်ရွှမ်းပြီး မြို့မြောက်ဘက်ကို ချီတက်ကြိုဆိုခဲ့ကြတယ်။ သိမ်ကုန်းဓမ္မာရုံကြီးကို ရောက်ခါနီးမှာ သပိတ်တပ်ကြီးဟာ မြို့လူထုကို အလေးပြုခဲ့ကြတယ်။ သိမ်ကုန်းဓမ္မာရုံကြီးမှာ စခန်းချ ညအိပ်ခဲ့ကြတယ်။ ညဘက်ရောက်တဲ့အခါ တို့ဗမာအစည်းအရုံးရဲ့ နှိုးဆော်ပန်ကြားချက်အရ အိမ်တိုင်းစေ့ ဆီမီးများ ထွန်းညှိကာ သပိတ်တပ်သားများ ကျန်းမာရေးနှင့် အရေးတော်ပုံအောင်မြင်ရေးအတွက် ဆုမွန်ကောင်း တောင်းခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၁ ရက် (၁၇. ၁၂. ၃၈)

ပန်းတိမ်ဆရာ ဦးအောင်ဖိုး+ဒေါ်ခေတ်တို့က ရေနံတပ်ကြီးကို နံနက်ည ထမင်းဟင်းစုံလင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခံကျွေးမွေးလိုတဲ့အတွက် တစ်ရက်နားရန် မေတ္တာရပ်ခံတာကြောင့် အောင်လံမြို့မှာပင် ဆက်လက်နေထိုင်ခဲ့ကြတယ်။ ရေနံတပ်ကြီးကို စားသောက်ဖွယ်ရာ စုံလင်စွာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၂ ရက် (၁၈. ၁၂. ၃၈)

မနက် ၆ နာရီမှာ နှစ်ယောက်တစ်တွဲ တန်းစီပြီး အာလံမြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။ ရွာထောင်ကို မနက်၉နာရီမှာရောက်ခဲ့တယ်။ ရွာထောင်လူငယ်တွေက စည်တော်ရွမ်းပြီး ကြိုဆိုကာ နံနက်စာ တည်ခင်းဧည့်ခံခဲ့တယ်။ ရွာထောင်စတီး အလုပ်သမားတွေက ဆီထမင်းထု၊ ဆေးလိပ်တွေကို ဝေငှပေးခဲ့ကြပါတယ်။ ရွာထောင်မှ ထွက်ပြီး ညနေ ၃ နာရီမှ ပြလို့ ရွာကို ဆိုက်ရောက်ခဲ့ကြတယ်။ အောက်လွှတ်တော်အမတ် ဦးရွှေခေါင်းဆောင်ပြီး ရွာသူရွာသားတွေက ကျွေးမွေးခဲ့ကြတယ်။ ပြလို့ရွာမှာ ညအိပ်ရပ်နားခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၃ ရက် (၁၉. ၁၂. ၃၈)

နံနက် ၆ နာရီအချိန် သပိတ်တပ်ကြီးဟာ ပြလို့ရွာမှ စတင်ထွက်ခွာလာခဲ့ကြတယ်။ ပြလို့ရွာမှ စည်တော်ဖြင့် စကားထောင်ကိုးကွေ့အထိ လိုက်ပို့ခဲ့ကြတယ်။ ညနေ ၄ နာရီမှာ ကျွန်းတောကြီးအတွင်းမှာရှိတဲ့ တုံရေရွာကို ရောက်ရှိနေစဉ် အောက်လွှတ်တော်အမတ် ဦးရွှေက ရွက်ဖျင်မိုး၊ ဖျာများ၊ ထမင်းနှင့် ရေတွေကို ကားနှင့် တင်ပို့ပေးပြီး ကိုယ်တိုင်လာရောက် ကျွေးမွေးခဲ့တယ်။ အလွန်ချမ်းအေးတဲ့ကာလဖြစ်တဲ့အတွက် မီးဖိုဘေးမှာဖွဲ့အိပ်ခဲ့ကြတယ်။ ဒါပေမယ့် ချမ်းလွန်းတဲ့အတွက် မအိပ်ကြတော့ဘဲ မနက် ၂ နာရီမှာ ချီတက်ထွက်ခွာခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၄ ရက် (၂၀. ၁၂. ၃၈)

မနက် ၂ နာရီမှာ ချီတက်ထွက်ခွာခဲ့တဲ့ သပိတ်တပ်ကြီးဟာ မနက် ၆ နာရီမှာ ပြည်မြို့အနီးကို ရောက်လာခဲ့ကြတယ်။ အဲဒီနေရာမှာ ပြည်မြို့မှ စေလွှတ်လိုက်တဲ့ ရွှေတော်ပြေး ဧည့်ခံကြိုဆိုရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး ခေတ္တနားခဲ့ကြတယ်။ မနက် ၈ နာရီမှာ ဆက်လက်ထွက်ခွာခဲ့ရာ သခင်မ ဒေါ်သိန်းတင်နှင့် သခင်မ ဒေါ်ခင်ခင်တို့ဦးစီးတဲ့ လူထုနှင့်ကျောင်းသားတို့က အတီးဝိုင်းစုံလင်စွာနှင့် ကြိုဆိုဧည့်ခံခဲ့ကြတယ်။ သခင်မ ဒေါ်သိန်းတင်ရဲ့ ဆန္ဒအတိုင်း မြို့လမ်းအသီးသီးကို လှည့်လည်စေပြီး ရွှေဆံတော်ဘုရားရင်ပြင်တော်ကို နေ့လယ် ၁၂ နာရီအချိန်မှာ ရောက်ရှိခဲ့ကြတယ်။ အဲဒီနေရာမှာ တည်းခိုရန် သတ်မှတ်ပြင်ဆင်ထားခဲ့တယ်။ ရေနံသပိတ်တပ်သား တစ်ထောင်ကျော်ကို သခင်မဒေါ်သိန်းတင်က ကြီးမှူးပြီး နံနက်ညစာတွေကို ဂရုတစိုက် ကျွေးမွေးဧည့်ခံခြင်း၊ ညအခါ လက်ဖက်ရည်ပဲကြီးလှော်များနှင့် ဧည့်ခံခြင်း၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်ပေါင်းစုံ မရေတွက်နိုင်အောင် လှူဒါန်းခြင်းတို့ကို ပြုလုပ်ရုံနှင့် အားမရသေးဘဲ တပ်သားတစ်ထောင်ကျော်ကိုတစ်ယောက်မကျန် လိုက်လံနှုတ်ဆက်ခဲ့ပါတယ်။ ကျန်းမာရေးအခြေအနေတွေကို မေးမြန်းပြီး လိုအပ်ပါက ကုသပေးခဲ့ပါတယ်။ ရေနံသပိတ်အလုပ်သမားတပ်ကြီး ပြည်မြို့ကို ရောက်တဲ့ ဒီဇင်ဘာ ၂၀ ရက်နေ့မှာ မကွေးမြို့မှာ ဖမ်းဆီးခံနေရတဲ့ ကိုဗဟိန်း၊ ကိုဗဆွေ၊ သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်းတို့ကို မကွေးစီရင်စု ရာဇဝတ်တရားသူကြီးက ထောင်သုံးလချခဲ့တယ်။ အဲဒီနေ့မှာပဲ ရန်ကုန်မြို့မှာ သမိုင်းဝင် တတိယကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့ပါတယ်။

## တတိယကျောင်းသားသပိတ်

မကွေးမြို့မှာ ခေတ္တရောက်နေတဲ့ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် ကိုဗဆွေကို နယ်ချဲ့အစိုးရက မတရားဖမ်းဆီးခဲ့တဲ့အတွက် ကျောင်းသားထုကြားထဲမှာ မခံမရပ်နိုင်အောင် ဖြစ်ခဲ့ကြတယ်။

'ဥက္ကဋ္ဌကိုဖမ်းပြီ ကန့်ကွက်ကြ'
'ပေါရိသာဒ ဆေးထိုးရန် သမဂ္ဂသို့ စုရုံးကြ'
'ရဲရဲတောက်ကျောင်းသား သွေးပြရန် အချိန်ကျပြီ'

အဲဒီကြွေးကြော်သံတွေဟာ တက္ကသိုလ်နယ်မြေမှာ သိမ့်သိမ့်ညံလျက်ရှိပါတယ်။ ဒီဇင်ဘာလ ၁၃ ရက်နေ့ ညမှာ တက္ကသိုလ်သမဂ္ဂအသင်းတိုက်မှာ ကန့်ကွက် အစည်းအဝေးပွဲတစ်ခု ကျင်းပခဲ့ကြတယ်။ အဲဒီ စည်းဝေးပွဲကနေ ပြည်သူ့လွှတ်လပ်ခွင့်တွေကို ချုပ်ချယ်တဲ့ ပုဒ်မတွေကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မကွေးမြို့တွေမှာ

www.burmeseclassic.com



ထုတ်ပြန်ထားတာတွေကို အမြန်ရုတ်သိမ်းရန်၊ ကျောင်းသားများသမဂ္ဂ ကိုဗဟိန်း၊ အတွင်းရေးမှူး ကိုဗဆွေနှင့် ရေနံမြေအလုပ်သမားတွေကို မတရား ဖမ်းဆီးထားခြင်းကနေ အမြန်ရုတ်သိမ်းရန် တောင်းဆိုခဲ့ကြတယ်။ ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေပိုင်းမှာ ရွှေတိဂုံရင်ပြင်မှာ ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းသူကျောင်းသားများအစည်းအဝေးပွဲကြီးကို ကျင်းပခဲ့ပြီး အထက်ပါဆုံးဖြတ်ချက်တွေကို ထပ်မံအတည်ပြုတောင်းဆိုခဲ့ကြတယ်။ ဒီဇင်ဘာလ ၁၅ ရက်နေ့ ညနေမှာ ကျောင်းပေါင်းစုံမှ ကျောင်းသား ၃၀၀၀ ခန့်ဟာ မြို့မကျောင်းဝင်းထဲမှာ စုရုံးကြပြီး ပုဒ်မ-၁၄၄ကို ကန့်ကွက်တဲ့ စာတမ်းတွေကို ကိုင်စွဲခဲ့ကြတယ်။ ကိုလှရွှေက ကျောင်းသားများတပ်ဦးမှ အာဏာဖီဆန်မှုစနစ်သဘောကို ဟောပြောခဲ့တယ်။ အဲဒီနေ့မှာ ကျောင်းသားတွေဟာ ပုဒ်မ-၁၄၄ကို ဖီဆန်တဲ့ အင်အားပြပွဲကြီးကို ကျင်းပခဲ့ကြတယ်။ ကျောင်းသား ၄ ယောက်တစ်တွဲ စီတန်းလှည့်လည်ခဲ့ကြတယ်။ ဂေါ်ဒွင်လမ်း၊ ကော်မရှင်နာလမ်း၊ မောင်ဂိုမာရီလမ်း အတန်းချီတက်ခဲ့ကြတယ်။ လမ်းတစ်လျှောက်လုံး လမ်းဘေးဝဲယာကနေ တရုတ်-ကုလား-ဗမာ မကွဲပြားဘဲ လူထုတစ်ရပ်လုံးက အားပေးခဲ့ကြတယ်။ ပုဇွန်တောင် လိပ်ကန်ပန်းခြံရောက်တဲ့အခါ လူစုခွဲခဲ့ကြတယ်။ ကျောင်းသားတွေရဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှုကိုကြည့်ရင် ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ကို ဖမ်းဆီးတာနဲ့ ကျောင်းသားတွေရဲ့လှုပ်ရှားမှုတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ကြတယ်။ ဒါပေမယ့် တောင်းဆိုချက်တွေကို အစိုးရက မလိုက်လျောတဲ့အတွက် အုပ်ချုပ်ရေးကြိုးကိုင်ရာဌာနဖြစ်နေတဲ့ အတွင်းဝန်များရုံးကိုဝိုင်းပြီး အာဏာဖီဆန်ကြဖို့အတွက် ဒီဇင်ဘာလ ၁၆ ရက်နေ့ ည ၁၁ နာရီမှာ သမဂ္ဂစာကြည့်ခန်းမမှာ တံခါးပိတ်စည်းဝေးပွဲလုပ်ပြီး ဆုံးဖြတ်ခဲ့ကြတယ်။ ယခင်ဆုံးဖြတ်ချက်ကို အစည်းအဝေးခန်းကလွဲပြီး ဆွေးနွေးပြောဆိုခြင်းမပြုကြဘဲ လျှို့ဝှက်ထားခဲ့ကြတယ်။ ကျောင်းသာမသဂ္ဂခေါင်းဆောင်ပိုင်းနဲ့ ပြင်ပက ကိုသိန်းဖေ(စပိန်ဖေမြင့်)နှင့် ကိုလှဖေ (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်) တို့သာ သိခဲ့ကြတယ်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှာ ရန်ကုန်တက္ကသိုလ်နယ်မြေမှာ ကျောင်းသားကျောင်းသူတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုဟာ တက်တက်ကြွကြွ ရှိနေခဲ့ကြပါတယ်။ အဓိပတိလမ်းမတစ်လျှောက်သမဂ္ဂမှ ဘွဲ့နှင်းသဘင်ခန်းမအထိ ဘတ်စ်ကား ၂၆ စီးခန့် စီတန်းရပ်ထားခဲ့ကြတယ်။ မနက် ၇ နာရီခွဲလောက်ကပင် တက္ကသိုလ်ခန်းမကြီးဟာ ကျောင်းသားကျောင်းသူတွေနဲ့ ပြည့်လျှံသွားခဲ့ကြတယ်။ ၈ နာရီမှာ ကိုလှရွှေခေါင်းဆောင်တဲ့ ကျောင်းသားကျောင်းသူတွေဟာ အစုလိုက် အစုလိုက် ကိုယ့်အစုခေါင်းဆောင်နှင့်ကိုယ် စည်းကမ်းတကျ ဖွဲ့ထားခဲ့ကြပြီး ဘတ်စ်ကားပေါ်ကို စည်းကမ်းစနစ်ကျစွာ တက်ရောက်ခဲ့ကြတယ်။ ဘတ်စ်ကားတန်းကြီးဟာ တက္ကသိုလ်ရိပ်သာလမ်းမှ ကုက္ကိုင်းဘက်၊ ကုက္ကိုင်းလမ်းတစ်လျှောက်မှ တိရစ္ဆာန်ရုံလမ်းကိုဖြတ်ကာ ကန်တော်ကလေးလမ်း၊ စကော့ကိတ်လမ်း (ယခု-သိမ်ဖြူလမ်း)၊ မောင်ဂိုမာရီလမ်း (ယခု-ဗိုလ်ချုပ်အောင်ဆန်းလမ်း)အတိုင်းသွားကာ စိန်ပေါဘုရားရှိခိုးကျောင်းကြီးရှေ့မှာရပ်ခဲ့ကြတယ်။ စိန်ပေါကျောင်းကြီးရှေ့မှာ ရန်ကုန်ကျောင်းပေါင်းစုံက ကျောင်းသား ၇၀၀၀ ကျော် ရောက်ရှိနေခဲ့ကြတယ်။ တက္ကသိုလ်ကျောင်းသားတွေ ဘတ်စ်ကားပေါ်က ဆင်းလာကြတဲ့အခါ 'သခင်မျိုးဟေ့ တို့ဗမာ' 'အရေးတော်ပုံအောင်ပါစေ'ဆိုပြီး အော်ဟစ်ဆီးကြို နှုတ်ဆက်ခဲ့ကြတယ်။ အတွင်းဝန်ရုံးကြီးရဲ့ တံခါးပေါက်တိုင်းကို အစုလိုက် အအုံလိုက် ပိတ်ဆို့ထားခဲ့ကြတယ်။ ၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ အာဏာဖီဆန်ရေးအင်အားပြပွဲမှာ ကျောင်းသူတွေပါဝင်ခွင့်မရခဲ့ပေမယ့် အတွင်းဝန်များရုံးကို ဝိုင်းတဲ့အခါမှာတော့ ကျောင်းသူတွေ ပါဝင်ခွင့်ရခဲ့ကြတယ်။ ကျောင်းသူ၊ ကျောင်းသားတွေ အတွင်းဝန်များရုံးကိုဝိုင်းထားပြီး မကြာမီမှာ ကုလားနှင့် ဂေါ်ရာပုလိပ်တွေ ရောက်လာခဲ့ကြတယ်။ စပတ်လမ်း (ယခု-ဗိုလ်အောင်ကျော်လမ်း)နှင့် ခပ်လှမ်းလှမ်းမှာ မြင်းစီးဂေါ်ရာ ပုလိပ်တွေကို တွေ့ခဲ့ကြရတယ်။ စပတ်လမ်းနှင့် ဖရေဇာလမ်းဒေါင့်နားရှိ တံခါးပေါက်မှာ ပင်မတံခါးပေါက်ဖြစ်တဲ့အတွက် ကျောင်းသား ၇၀၀ လောက် အင်အား စုစည်းထားခဲ့ကြတယ်။ မနက် ၁၀ နာရီထိုးတဲ့အခါ စာရေးစာချီဝန်ထောက်ဝန်ကလေးတို့ စတင်ရောက်လာခဲ့ကြတယ်။ ဂေါ်ရာပုလိပ်တွေက တံခါးပေါက်ဝမှာ ပိတ်ထားတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို အတင်းအဓမ္မ ဖယ်ရှားခဲ့ကြပေမယ့် ဒရွတ်ဆွဲ အဖယ်ခံရတဲ့ ကျောင်းသူ၊ ကျောင်းသားတွေနေရာမှာ အခြားကျောင်းသူ၊ ကျောင်းသားတွေက အစားထိုးဝင်ရောက် တာဝန်ယူခဲ့ကြတယ်။ ဂေါ်ရာပုလိပ်တွေလည်းလက်လျှော့ပြီးပြန်သွားခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုကလည်း နေပူကျဲကျဲအောက်မှာ ဆန္ဒပြ တိုက်ပွဲဝင်နေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို အားပေးရုံမျှမက ရေတိုက်ခြင်း၊ လိမ္မော်သီးများ ဝေငှ ခြင်း၊ ယပ်တောင်များဝေငှခြင်း၊ အမိုးအကာတွေ ပြုလုပ်ခြင်းအားဖြင့် ကိုယ်ထိလက်ရောက် ကူညီခဲ့ကြ တယ်။ ၁၁ နာရီကျော်တဲ့အခါ ရန်ကုန်ဒိစကြိတ် တရား သူကြီး ဦးဖိုးစရောက်လာခဲ့ပြီး ပုလိပ်မင်းကြီးမစ္စတာ ပရက်စကော့၊ ရန်ကုန်ပုလိပ်မင်းကြီး မစ္စတာရေးနိုး၊ ရာဇဝတ်ဝန်မစ္စတာလုပ်ဒါး၊မစ္စတာတာစ်၊ဦးထွန်းအုံတို့နှင့် ဆွေးနွေးခဲ့တယ်။ တခဏအတွင်းမှာပဲ မြင်းစီးပုလိပ်တွေ၊ စစ်ပုလိပ်တွေ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့ တာကို တွေ့ရတယ်။

နေ့ခင်း ၁၂ နာရီမှာ ကိုလှရွှေက အတွင်းဝန် များရုံးကို ဝိုင်းပိတ်ဆို့ကာ အာဏာဖီဆန်ရေးလုပ်ငန်း အောင်မြင်ပြီးဆုံးပြီဖြစ်တဲ့အတွက် ပြန်ကြရန် လူစုရမည် လို့ အမိန့်ထုတ်ပြန်ခဲ့တယ်။ ဖရေဇာလမ်း(ယခု- အနော်ရထာလမ်း)မှ ကျောင်းသူ၊ ကျောင်းသားတွေ ပထမရုတ်သိမ်းပြီး စုဝေးစေခဲ့တယ်။ အဲဒီနောက် ဂျူဒါအီစကယ်လမ်း (ယခု-သိမ်ဖြူလမ်း)ဘက်သို့ စီတန်း လျှောက်ခဲ့ကြတယ်။ ဒါလဟိုဇီလမ်း (ယခု- )ဘက်မှ ဝိုင်းထားတဲ့ ကျောင်းသားတွေက ရုတ်သိမ်းပြီး စုပေါင်း ချီတက်ခဲ့ကြတယ်။ စပတ်လမ်း ပေါ်ရောက်တဲ့အခါ မြင်းစီးပုလိပ်တပ်က ရှေ့တားဆီးထားခဲ့ကြတယ်။ သူတို့ ထဲမှာ ဗမာမပါဘူး။ ကုလားနှင့် ဂေါ်ရာကပြားတွေသာ ဖြစ်ကြတယ်။ လက်ထဲမှာ ကြာပွတ်ကိုင်ထားကြပြီး ခါးမှာ ခြောက်လုံးပူးထိုးထားခဲ့ကြတယ်။ သံခမောက်ပုံ ဦးထုပ် ကို ဆောင်းထားကြတယ်။ ဒို့အပြင် နံပါတ်တုတ်ကိုင် ထားတဲ့ကုလားနှင့် ဂေါ်ရာကပြားပုလိပ်တွေကလည်း အဆင်သင့်ရှိနေခဲ့ကြတယ်။ စပတ်လမ်းကမ်းနားဘက် အပိုင်းမှာတော့ သေနတ်ကိုင်စစ်ပုလိပ်တွေက အာရ်အီး တီ ဘတ်စ်ကားကြီးများပေါ်ကနေ စောင့်နေခဲ့ကြတယ်။ ချီတက်လာတဲ့ ကျောင်းသားတွေကို မြင်းစီးပုလိပ်တွေက ဝင်တိုက်ခဲ့ ကြတယ်။ ကျောင်းသားထုပြိုလဲသွားခဲ့တယ်။ နံပါတ်တုတ်ကိုင်ထားတဲ့ပုလိပ်တွေကဝင်ရိုက်ခဲ့ကြတယ်။ ကျားပွတ်နဲ့ ဝင်ရိုက်ခဲ့တယ်။ ဒါပေမယ့် ကျောင်းသားတွေ ဟာ ဖရိုဖရဲမဖြစ်အောင် ပြန်လည်စုစည်းခဲ့ကြတယ်။ စည်းကမ်းရှိကြသလို စိတ်ဓာတ်လည်း ခိုင်မာခဲ့ကြတယ်။ စပတ်လမ်းတစ်ခုလုံး ဒဏ်ရာနှင့်လဲသူလဲ၊ သွေးသံရဲရဲ ဖြစ်သူဖြစ်၊ မူးဝေခွေကျတွေနှင့် ပြည့်နှက်နေခဲ့တယ်။ ပုလိပ်တို့ရဲ့ရက်စက်မှုကြောင့် ဒဏ်ရာမကြီး၊ ဆေးရုံ မရောက် စာရင်းမပါသူတွေကလွဲရင် ရန်ကုန်ဆေးရုံကြီး မှာ ၆၇ ယောက်၊ တက္ကသိုလ်ဆေးရုံမှာ ၁၀ ယောက် စာရင်း ရှိခဲ့တယ်။ ဒီအထဲမှာ ဒဏ်ရာအပြင်းထန်ဆုံးက ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ဖြစ်ပါတယ်။ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် နေ့လယ် ၁ နာရီ ၂၅ မိနစ်အချိန်မှာ ကိုအောင်ကျော်ဟာ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှာ ကျဆုံးသွားရပါတယ်။ ဒီဇင်ဘာ ၂၄ ရက် နေ့မှာ ဈာပနကော်မတီက ကိုအောင်ကျော်ရဲ့ ရုပ် ကလာပ်ကို ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ကနေ ရန်ကုန် တက္ကသိုလ် သမဂ္ဂကို ယူဆောင်ခဲ့ပါတယ်။ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ 'နေမျိုးသီဟသူရ ဗိုလ်အောင်ကျော်' ဘွဲ့ကို ပေးအပ်ပြီး ကြံ့ဘောသုဿန်မှာ စည်ကား သိုက်မြိုက်စွာ သဂြိုဟ်ခဲ့ပါတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက် (၂၁. ၁၂. ၃၈)

ရေနံအလုပ်သမားတပ်ကြီးဟာ ပြည်မြို့မှာပဲ ဆက်လက်နေထိုင်ခဲ့ပါတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၂ ရက် (၂၂. ၁၂. ၃၈)

နံနက် ၅ နာရီမှ စတင်ပြီး ပြည်ရွှေဆံတော် ဘုရားကြီးကိုဦးညွှတ်ဖူးမျှော်ကာတပ်ဗိုလ်သခင်ထွန်းစိန်၊ သခင်တစ်ဦးတို့က အုပ်ချုပ်ပြီး တပ်ထွက်ခဲ့ကြတယ်။ ကားလမ်းအတိုင်း ဆက်လက်ချီတက်ခဲ့ကြရာ ရွှေတောင် မြို့ကို နံနက် ၉ နာရီမှာ ဆိုက်ရောက်လာခဲ့ကြတယ်။ မြို့သူ မြို့သားတွေက ဘုန်းကြီးကျောင်းဝင်းအတွင်း နံနက်စာကျွေးမွေးဧည့်ခံခဲ့ကြတယ်။ လက်ဆောင်တွေကို ပေးခဲ့ကြ တယ်။ အဲဒီမြို့မှာ ခေတ္တနားခဲ့ပြီး နေ့လယ် ၂ နာရီမှာ ခရီးဆက်လက်ထွက်ခွာခဲ့ကြတယ်၊ ညနေ ၅ နာရီမှာ ဝက်ပုတ်ရွာသို့ ရောက်ရှိကြပြီး ညစာစားသောက် ကာ အိပ်စက်ခဲ့ကြတယ်။ ဒီဇင်ဘာ ၂၀ ရက်နေ့က မကွေးမြို့မှာ ထောင်ဒဏ် ၃ လ ချမှတ်ခံရတဲ့ ကိုဗဆွေ၊ သခင်စိုး၊ သခင်ဖေသန်း၊ သခင်ထိန်ဝင်းတို့ ၅ ဦး နှင့်အတူ သခင်ထွန်းခင်၊ သခင်လွင်နှင့် သခင်ခင်မောင် ညိုတို့ဟာ အင်းစိန်ထောင်ကို ရောက်ရှိခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၃ ရက် (၂၃. ၁၂. ၃၈)

ရေနံအလုပ်သမားတပ်ကြီးဟာ နံနက် ၅ နာရီမှာ ခရီးဆက်လက်ထွက်ခွာခဲ့ကြရာ အင်းမရွာသို့ ၁၀ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ ဓာတ်ဆရာကြီး ဦးအောင်မောင်းက စည်တော်ရွမ်းကာ ရွာလူထုကြီးအတူကြိုဆိုဧည့်ခံ၍ နံနက်စာ ထမင်းဟင်းတို့နှင့် တည်ခင်းကျွေးမွေးဧည့်ခံကြတယ်။ အင်းမမှာ နေ့လယ် ၂ နာရီအချိန် ခရီးဆက်ကြပြန်ရာ ညနေ ၅ နာရီမှာ ပေါင်းတည်ကို ရောက်ခဲ့ကြတယ်။ ရေနံအလုပ်သမားတပ်ကြီး ပေါင်းမြို့ကိုအဝင်မှာ တို့ဗမာအစည်းအရုံး ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်တင်မောင်၊ သခင်မြ၊ သခင်အောင်မြတ် (မိုးကုတ်)နှင့် ပေါင်းတည်သခင်တွေဖြစ်ကြတဲ့ သခင်လှစော၊ သခင်မြသိန်း၊ သခင်တင်မောင်၊ သခင်သီဟန်(ဦးသီဟန်)အစရှိသူတွေနှင့် မြို့သူမြို့သားတွေ လာရောက်ကြိုဆိုခဲ့ကြတယ်။ ညစာကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိမ်းမောင်က ဝက်သားဟင်းနဲ့ ကျွေးမွေးခဲ့ကြတယ်။ ည ၈ နာရီမှာ တရားပွဲစတင်ခဲ့တယ်။ တရားပွဲအစမှာ သပိတ်တပ်ဗိုလ်ချုပ်သခင်ထွန်းစိန်က တို့ဗမာသီချင်းကို ဒေါဟန်ပါပါနှင့် သီဆိုခဲ့ရာ တက်ရောက်နားထောင်သူ လူထုပရိသတ်အနေနဲ့ ဇာတိသွေး ဇာတိမာန်တွေ တက်ကြွစေခဲ့တယ်။ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ ဒေါက်တာသိမ်းမောင်တို့က နှုတ်ဆက်တရားပွဲကျင်းပခဲ့ကြတယ်။ သခင်ကိုယ်တော်မှိုင်းက ရေနံအလုပ်သမားတို့ဟာ အာဇာနည်တွေဖြစ်ကြောင်း၊ ဆောင်ရွက်တာအောင်မြင်တဲ့အတွက် အထူးပင်ဝမ်းသာသွာကြောင်း၊ ဗမာ တစ်ပြည်လုံး အသိတရားရှိပြီး ဆောင်ရွက်ကြမယ်ဆိုရင် ဒီခွေးကောင်တွေကိုမြင်ရတော့မှာမဟုတ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ရေနံမြေအလုပ်သမားတပ်ရဲ့ ခရီးစဉ်ဟာ ထက်ဝက်လျော့လာခဲ့ပြီး ပြည်သူလူထုရဲ့ သောင်းသောင်းဖြဖြ ကြိုဆိုမှုတွေကလည်း တစ်မြို့ထက်တစ်မြို့ ပိုပြီး စည်ကားသိုက်မြိုက်လာခဲ့တာကို တွေ့ရပါတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၄ ရက် (၂၄. ၁၂. ၃၈)

ပေါင်းတည်မြို့မှ နံနက် ၆ နာရီမှာ ထွက်ခွာလာခဲ့ကြပါတယ်။ ပေါင်းတည်သခင်မြသိန်းက အသေခံဗိုလ်အဖြစ် စာရင်းသွင်းကာ လိုက်ပါလာခဲ့ပါတယ်။ နံနက် ၁၀ နာရီမှာ ခုတ်လင်းမြို့ကို ရောက်ခဲ့ကြတယ်။ ခုတ်တလင်းမြို့ မရောက်မီ ဖိုးသာအောင်ကုန်းမှ သခင်သန့်အမှူးပြုတဲ့ သခင်တွေနဲ့ မြို့သူ၊ မြို့သားတွေက လာရောက်ကြိုဆိုခဲ့ပါတယ်။ ခုတ်တလင်းမြို့မှာ နံနက်စာ စားပြီး နောက် ညနေ ၂ နာရီခန့်မှာ ထွက်ခွာခဲ့ကြရာ ညနေနေဝင်ချိန်မှာ ဇီးကုန်းမြို့ကို ရောက်ရှိခဲ့ကြပါတယ်။ သခင်ကြည်၊ သခင်ချစ်လှိုင်၊ သခင်သန်းတင်အမှူးပြုတဲ့ မီးတုတ်ကိုင် ဗမာ့လက်ရုံးတပ်ဖွဲ့နှင့် သခင်သခင်မ၊ တောင်သူလယ်သမားများ၊ မြို့နေမျိုး ချစ်ပြည်သူများက စည်တော်ရွမ်းပြီး ကြိုဆိုခဲ့ကြတယ်။ ညစာထမင်းကိုလည်း တည်ခင်းဧည့်ခံခဲ့ကြတယ်။ အဲဒီညမှာ သခင်များက ဗမာ့လွတ်လပ်ရေး ကြိုးပမ်း မှုတရားပွဲကို ကျင်းပခဲ့ရာမှာ ပရိသတ် ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြတယ်။ မြို့သူမြို့သားများက တောင်းပန်သည့်အတွက်ကြောင့်လည်းကောင်း၊ ခရီးပန်းလာသည့်အတွက်ကြောင့်လည်းကောင်း ဇီးကုန်းမြို့မှာ ၂ ည ရပ်နားခဲ့ကြပါတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၆ ရက် (၂၆. ၁၂. ၃၈)

နံနက် ၇ နာရီအချိန်မှာ ဇီးကုန်းမြို့ကနေ ထွက်ခွာလာခဲ့ရာ ကြို့ပင်ကောက်မြို့ကို နံနက် ၁၀ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ ကြို့ပင်ကောက်မြို့ကနေ သခင်ညွှန့်၊ သခင်သောင်း၊ သခင်ဖိုးကွန်း (ဆရာကြီးဗိုလ်ဖိုးကွန်း)၊ သခင်ဗကွန်း၊ သခင်စိုးမင်း၊ သခင်ဗစိန်တို့နှင့်တကွ ကျောင်းသူ၊ ကျောင်းသားများ၊ တောင်သူလယ်သမားများနှင့် မြို့သူမြို့သားများက သောင်းသောင်းဖျဖျ ကြိုဆိုကြတယ်။ မဟာစန္ဒာသီဟဘုရားတန်ဆောင်းအတွင်း စခန်းချပြီး သပိတ်တပ်ကြီးကို နံနက်စာ ကျွေးမွေးဧည့်ခံခဲ့ကြတယ်။ မကွေးထောင်ကနေ လွတ်မြောက်လာခဲ့ကြတဲ့ ရေနံသပိတ်တပ်ကြီး ခေါင်းဆောင်သခင်ဖိုးလှကြီးနှင့် ကျောင်းသားခေါင်းဆောင်တို့ ရောက်ရှိလာတဲ့အတွက် အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြပြီး အားတက်ခဲ့ကြတယ်။ မြင်ကျွန်းကစပြီး ရေနံမြေအလုပ်သမားသပိတ်တပ်ကြီးကို ဦးဆောင်လိုက်ပါခဲ့တဲ့ သခင်ထွန်းစိန်နှင့် အသေခံဗိုလ်တွေက သခင်ဖိုးလှကြီး ကို တာဝန်လွှဲပြောင်းပေးအပ်ခဲ့ကြတယ်။ ည ၉ နာရီမှာ အုတ်ဖိုမြို့ကို ရောက်ခဲ့ ကြတယ်။ သခင်တင်ဖေနှင့်သခင် သခင်မတွေက သပြေပန်းတွေနဲ့ ကြိုဆိုခဲ့ကြတယ်။ အုတ်ဖိုမြို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်မိုင်ခန့်အကွာ သရက်ပင်ဆိပ်ဘုန်းတော်ကြီးကျောင်းမှာ ညစာစားပြီး ညအိပ်ရပ်နားခဲ့ကြတယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၇ ရက် (၂၇. ၁၂. ၃၈)**

နံနက် ၆ နာရီမှာ ထွက်ခွာလာခဲ့ကြတယ်။ အိုးသည်ကုန်းအနီး ဂုံညှင်းတန်းကို နံနက် ၉ နာရီမှာ ရောက်ရှိခဲ့ကြပြီး ထမင်းစားခဲ့ကြတယ်။ ဂုံညှင်းတန်းကနေ ညနေ ၃ နာရီမှ ထွက်ခွာလာခဲ့ရာ မင်းလှမြို့မှ စည်တော်တီးပြီး ကြိုဆိုခဲ့ကြတယ်။ မင်းလှမြို့ သရက်တစ်ပင်တာဆုံရွာ ဘုန်းတော်ကြီးကျောင်းဝင်းကို ညနေ ၃ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ အဲဒီစခန်းမှာ မင်းလှမြို့ တို့ဗမာအစည်းအရုံးမှ သခင်လင်း၊ သခင်အုန်း၊ သခင်ပုလေး၊ သခင်ထွန်းရှုံ၊ သခင်ဖိုး မောင်၊ သခင်စောရိပ် အစရှိတဲ့ သခင်တွေက ကြိုဆိုဧည့်ခံကျွေးမွေးခဲ့ကြတယ်။ ညအချိန်သပိတ်တရားပွဲတွေ ပြုလုပ်ခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြတယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၈ ရက် (၂၈. ၁၂. ၃၈)**

သခင်အေးမောင်က တပ်ဗိုလ်အဖြစ် ဆောင်ရွက်ပြီး သရက်တစ်ပင် ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာခဲ့ကြတယ်။ စစ်ကွင်းမြို့ အုတ်တွင်းတာ ဆုံစခန်းကို နံနက် ၉ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ သခင်စောကြီး၊ သခင်လှကြူ၊ သခင်မြသိန်း အစရှိတဲ့ စစ်ကွင်းသခင် သခင်မများ တောင်သူလယ်သမားကြီးများက ချက်ပြုတ်ကျွေးမွေးတဲ့ နံနက်စာကို စားသောက်ခဲ့ကြတယ်။ ယင်းနေရာမှ ဆက်လက်ထွက်ခွာခဲ့ကြရာ ဝက်လုကြီးကျေးရွာမှ သခင်ပြူ၊ သခင်စိန်ဦး၊ သခင်ကြီးရှိန်တို့ ဦးဆောင်တဲ့ တောင်သူလယ်သမားတွေက သပြေပန်းတွေနဲ့ ကြိုဆိုခဲ့ကြပြီး ကွမ်း၊ ဆေး၊ လက်ဖက်တို့နှင့် တည်ခင်းဧည့်ခံခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် မန်ကျည်းကွင်း၊ ဂရန်ရွာသစ်၊ ခွေးတောက်ကွင်းစတဲ့ ကျေးရွာတွေက ရွာသူရွာသားတွေက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြတယ်။ ကွမ်းခြံရွာကို ရောက်တဲ့အခါ လက်ပံတန်းမှ သခင်သိန်းမောင်၊ သခင်ထွန်းဆိုင်၊ သခင်တင်အုန်း၊ သခင်စံခင်၊ သခင်ထင်ကြီး၊ သခင်ကြီးမြင့်၊ သခင်ပုကြီး၊ သခင်မ မလေးညွန့်၊ သခင်မ မလှညွန့်၊ သခင်သိန်း၊ သခင်ထွန်းစိန် အစရှိတဲ့ သခင်၊ သခင်မများ၊ မီးသတ်အဖွဲ့သားများ၊ ကျောင်းသူကျောင်းသားများ၊ ဆေးလိပ်ခုံအမျိုးသမီးများ၊ အမျိုးသားကျောင်းဆရာများက ကြိုဆိုခဲ့ကြတယ်။ စခန်းချ တည်းခိုမယ့် လက်ပံတန်းမြို့ ၁ လမ်းမှာရှိတဲ့ ဖိုးပိုက်ဆံကျောင်းကို ည ၆ နာရီခွဲမှာ ရောက်ရှိခဲ့တယ်။ ညစာစားပြီး သပိတ်တရားပွဲကို ၁ လမ်း မီးသတ်အသင်းတိုက်ရှေ့မှာ ကျင်းပခဲ့ကြတယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၉ ရက် (၂၉. ၁၂. ၃၈)**

နံနက် ၆ နာရီမှာ ဖိုးပိုက်ဆံကျောင်းကနေ ခရီးဆက်လက်ထွက်ခွာခဲ့ကြရာ ကွန်းကလေး၊ ပဒတ်ကုန်း၊ သဲဖြူကျေးရွာတို့မှာ နေထိုင်နေကြတဲ့ ရွာသူရွာသားတွေက ကြိုဆိုခဲ့ကြတယ်။ ရုံမင်းမြောင်ရွာထိပ်ရောက်တဲ့အခါ သာယာဝတီဧည့်ခံကြိုဆိုရေးအဖွဲ့ဝင် သခင်ခင်အောင်၊ သခင်သန်းတင်၊ သခင်သိန်းမောင် အစရှိတဲ့ သခင် သခင်မတွေက လာရောက်ကြိုဆိုခဲ့ကြပြီး သာယာဝတီမြို့မှာ နံနက်စာကို ဧည့်ခံကျွေးမွေးခဲ့ကြတယ်။ သခင်မြလေး၊ သခင်ကျော်၊ သခင်ကျော်ဒင်တို့ကလည်း သုံးဆယ်မြို့မှာ ဧည့်ခံကြိုဆိုရေးတွေကို ကြိုတင်ပြုလုပ်ထားခဲ့ကြတယ်။ သုံးဆယ်မြို့ကိုရောက်တဲ့အခါ စည်တော်ရွမ်းပြီး ကြိုဆိုခဲ့ကြတယ်။ ဇာတ်ရုံကြီးအတွင်းမှာ ညစာကို ကျွေးမွေးဧည့်ခံခဲ့ကြတယ်။ ညပိုင်းမှာ တရားပွဲကိုကျင်းပခဲ့တယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၀ ရက် (၃၀. ၁၂. ၃၈)**

နံနက် ၇ နာရီတွင် သုံးဆယ်မြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီခွဲ အချိန်မှာ ဥက္ကံမြို့သို့ ရောက်ရှိခဲ့ကြတယ်။ သခင်အေးမောင်၊ သခင်တင်မြ၊ သခင်ဗညွန့်တို့ဦးဆောင်တဲ့ကြိုဆိုရေးအဖွဲ့ဝင်တွေက မီးတုတ်များနှင့် မြို့တွင်း လှည့်လည်ခဲ့ကြတယ်။ ဥက္ကံမြို့ ဈေးသူဈေးသားမြို့သူမြို့သားတွေရဲ့ ဧည့်ခံမှု အစီအစဉ်အရ ဘုရားကြီးကျောင်းတိုက်အတွင်း စခန်းချပြီး နံနက်စာကို စားသောက်ခဲ့ကြတယ်။ အဲဒီနေ့ညမှာကျောင်းဝင်းအတွင်းမှာပင် တရားပွဲကျင်းပခဲ့ကြတယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၁ ရက် (၃၁. ၁၂. ၃၈)**

နံနက် ၇ နာရီမှာ ဥက္ကံမြို့မှ ထွက်ခွာခဲ့ကြတယ်။ နံနက် ၁၁ နာရီ ၃၀ မိနစ်မှာ ဘုန်းတော်ကြီးကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



တပ်စခန်းချစေပြီး နံနက်စာ စားသောက်ခဲ့ကြတယ်။ နေ့လယ် ၂ နာရီမှာ သုံးရောင်ခြည်အလံ ၁၇ ခုကို လွှင့်ထူပြီး ထွက်ခွာခဲ့ကြရာ ဥတိုတာဝ ဘုန်းတော်ကြီးကျောင်းကို ညနေ ၅ နာရီမှာ ရောက်ရှိခဲ့ပြီး ညစာစားသောက်ခဲ့ကြတယ်။ တရားပွဲကို ည ၈ နာရီမှ စတင်ဟောခဲ့ရာ ည ၁၂ နာရီမှာ တရားပွဲကို ရုတ်သိမ်းရာမှာ ပရိသတ်က ဆက်ဟောပါလို့ မေတ္တာရပ်ခံခဲ့တဲ့အတွက် ဆက်ဟောခဲ့ရာ နံနက် ၄ နာရီထိုးမှ ရုတ်သိမ်းခဲ့ရတယ်။

၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၂ ရက် (၁. ၁. ၃၉)

နံနက် ၇ နာရီမှာ ဥတုတာဝက ထွက်လာခဲ့ကြတယ်။ နံနက် ၁၁ နာရီ တိုက်ကြီးမြို့နှင့် တစ်မိုင်ခန့်အကွာလောက်မှာ သခင် သခင်မတွေက စည် တော်ဝိုင်း၊ အိုးစည်ဝိုင်း၊ သံချပ်အမျိုးမျိုးတိုက်ကာ ကြိုဆိုခဲ့ကြတယ်။ တိုက်ကြီး မြို့လမ်းမတော်အရှေ့ဘက် ဘုရားတန်ဆောင်းမှာ တပ်စခန်းချခဲ့ပြီး နံနက် ည ထမင်းထုပ်တွေနဲ့ ဧည့်ခံကျွေးမွေးခဲ့ကြတယ်။ မြို့သူ မြို့သားတွေကလည်း ဆေးပေါလိပ်တွေကို လှူဒါန်းခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၃ ရက် (၂. ၁. ၃၉)

မြို့သူမြို့သားတွေက ထပ်မံတားမြစ်ပြန်တဲ့အတွက် တရားပွဲ ဆက်လက်ကျင်းပခဲ့တယ်။ အဲဒီနေ့မှာ မိုးကုတ်မြို့မှ သခင်လှမောင်က တပ်ဗိုလ်အနေနဲ့ ဆောင်ရွက်ဖို့ တိုက်ကြီးမြို့ကို ရောက်ရှိလာခဲ့တယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၄ ရက် (၃. ၁. ၃၉)

နံနက် ၇ နာရီမှာ တိုက်ကြီးမြို့က ထွက်ခွာလာခဲ့ကြတယ်။ နံနက် ၁၁ နာရီ မြောင်းတကာ ဘုန်းတော်ကြီးကျောင်းမှာ တပ်စခန်းချခဲ့တယ်။ အဲဒီရွာမှ ဆရာတော်နှင့် သခင်တွေက မေတ္တာရပ်ခံတားမြစ်တဲ့အတွက် ညတရားပွဲကို ကျင်းပဟောပြောခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၁၅ ရက် (၄. ၁. ၃၉)

နံနက်ပိုင်းမှာ မြောင်းတကာမှထွက်ခဲ့တယ်။ နံနက် ၁၁ နာရီမှာ မှော်ဘီ မြို့ကိုရောက်ခါနီး သခင် သခင်မတွေနှင့် သပိတ်မှောက်ကျောင်းသားတွေ စည်တော်နှင့် လာရောက်ကြိုဆိုခဲ့ကြပြီး မှော်ဘီဘုရားကြီးအတွင်း ဇရပ်အသီးသီးမှာ တပ်စခန်းချခဲ့တယ်။ နံနက် ညစာကို ကြိုတင်စီမံထားတဲ့အတွက် ညအိပ်ပြီး တရားပွဲကျင်းပခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁ ရက် (၅. ၁. ၃၉)

နံနက် ၇ နာရီ မှော်ဘီမြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။ ဆက်သွားတော့ရွာမှာ ခေတ္တခဏရပ်နားခဲ့ကြတယ်။ နံနက် ၁၀ နာရီ ထောက်ကြံ့နှင့် ၂ မိုင်အကွာလောက်ကနေ အိုးစည်ဝိုင်းနှင့် အမြိုင်အဆိုင်ကပြီး ကြိုဆိုခဲ့ကြတယ်။ ထောက်ကြံ့ဘုန်းတော်ကြီးကျောင်းမှ တပ်စခန်းချပြီး နံနက်ည ကျွေးမွေးဧည့်ခံ ခဲ့ကြတယ်။ အင်းစိန်စီရင်စုမှ သခင်မျိုးညွန့်၊ ထန်းတပင်မြို့နယ်တို့ ဗမာအစည်းအရုံးမှ သခင်မြခိုင်၊ သခင်ကံဆောင်၊ သခင်အောင်ခင်အစရှိတဲ့ သခင်၊ သခင်မတွေက ကြိုဆိုဧည့်ခံခဲ့ကြတယ်။ အဲဒီညမှာ တို့ဗမာအစည်းအရုံးဌာနချုပ်မှ သခင်လေးမောင်နှင့် သခင်သန်းထွန်းတို့က လာရောက်နှုတ်ဆက်ခဲ့ကြတယ်။

## ၁၃၀၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ ရက် (၆. ၁. ၃၉)

နံနက် ၄ နာရီပတ်ဝန်းကျင်တွင် ထောက်ကြံ့မှ ထွက်လာခဲ့ရာ နံနက် ၉ နာရီတွင် မင်္ဂလာဒုံဦးဘနှင်း သူနာပြုတပ်က လာရောက်ကြိုဆိုခဲ့ပြီး ရေနံမြေအလုပ်သမားတပ်ကြီးနှင့်အတူ လိုက်ပါလာခဲ့ကြတယ်။ သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် ရေနံမြေအလုပ်သမားတပ်ကြီးဟာ မင်္ဂလာဒုံမှာ တွေ့ဆုံခဲ့ကြတယ်။ နံနက် ၁၁ နာရီမှာ အင်းစိန်မြို့ ဈေးကုန်းကျောင်းမှာ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်မှာ တပ်စခန်းချပြီး နံနက် ည ထမင်းထုပ်တွေနဲ့ ကျွေးမွေးဧည့်ခံခဲ့ကြတယ်။ နေ့လယ် ၁ နာရီမှာ ထောင်တွင်းသခင်များရဲ့ ဖိတ်ကြားချက်အရ အင်းစိန်ထောင်အရှေ့ဘက်လမ်းမှာ တန်းစီစေပြီး ထောင်ပိုင်ကြီးရဲ့ ခွင့်ပြုချက်နှင့် ကျောင်းသားသမဂ္ဂကိုဗဟိန်းက ထောင်နာရီစင်ပေါ်ကနေပြီး တို့ဗမာသီချင်းတစ်ပိုဒ် သီဆိုပြီး နှုတ်ဆက်ခဲ့ပါတယ်။ ဒါ့အပြင် သခင်ဗဟိန်းက အားပေးစကားပြောကြားခဲ့ပါတယ်။ ည ၇ နာရီမှာ တရားပွဲကျင်းပခဲ့ရာ သခင်ထား၊ သခင်ခင်၊ သခင်ဖိုးလှကြီး၊ သခင်ဗတင်တို့က ဟောပြောခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၀၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၇. ၁. ၃၉)

နံနက် ၇ နာရီ အင်းစိန်မြို့မှ ထွက်ခွာခဲ့ကြတယ်။ နံနက် ၉ နာရီမှာ သမိုင်းကိုရောက်ခဲ့တယ်။ သရက်ဥယျာဉ်ကြီးအတွင်းမှာ ထမင်းထုပ်တွေဝေငှ ကျွေးမွေးခဲ့ကြတယ်။ ညနေ ၄ နာရီမှာ ကမာရွတ်အမျိုးသားအမျိုးသမီးများက အတီးအမှုတ် အကအခုန်တွေနဲ့ လာရောက်ကြိုဆိုခဲ့ကြတယ်။ ညနေ ၅ နာရီမှာ တပ်တွင်းကျောင်းနှင့် ကျားကျောင်းအတွင်းမှာ စခန်းချခဲ့ကြတယ်။ မနက်ဖြန် ၈ ရက်နေ့မှာ တောင်သူလယ်သမားတပ်ကြီးနှင့် ပေါင်းစည်းကြပြီး ရွှေတိဂုံစေတီတော်ကို ချီတက်ကြမှာဖြစ်ပါတယ်။

## တောင်သူလယ်သမားတပ်ကြီး ရန်ကုန်သို့ ချီတက်လာခြင်း

ပဲခူးစီရင်စုအတွင်းမှာရှိကြတဲ့ တောင်သူလယ်သမားတွေဟာ ရှစ်ဦးကော်မတီဖွဲ့ပြီး ဗမာတစ်ပြည်လုံး တောင်သူလယ်သမားကွန်ဖရင့်ကြီးတစ်ရပ် ခေါ်ဆိုနိုင်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ ၁၉. ၁၂. ၃၈ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့မှာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကုန်းတော်ပေါ်မှာ ညီလာခံတစ်ရပ် ခေါ်ယူကျင်းပဖို့ စီဉ်ခဲ့ကြတယ်။ ဒါပေမယ့် ရေနံမြေတပ်ကြီး ၃၀. ၁၁. ၃၈ နေ့မှာ ချောက်မြို့ကနေ ရန်ကုန်မြို့ကို ချီတက်လာတဲ့အခါ ရန်ကုန်ရာဇဝတ်တရားသူကြီးဦးဘိုးစက ပုဒ်မ-၁၄၄ ကို ထုတ်ပြန်ခဲ့တယ်။ ရန်ကန်မြို့အတွင်း ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး တစ်လအတွင်း စီတန်းလမ်းလျှောက်ခြင်း မပြုရ၊ မစုဝေးရဆိုတဲ့ အမိန့်ကိုထုတ်ပြန်လိုက်တဲ့အတွက် တောင်သူလယ်သမားတပ်ကြီး ရန်ကုန်မြို့အရောက် ချီတက်ပြီး ညီလာခံကြီး ကျင်းပရေးအစီအစဉ်ကို ခေတ္တရပ်ဆိုင်းထားခဲ့ရတယ်။ ဒါပေမယ့် မကွေးမြို့မှာ သပိတ်တပ်ကြီးက ပုဒ်မ-၁၄၄ ကို တိုက်ဖျက်ပြီး ဇွတ်အတင်း ချီတက်ခြင်း၊ ကျောင်းသူ ကျောင်းသားများက ပုဒ်မ-၁၄၄ ကို ဖီဆန်ဆန္ဒပြခြင်း၊ ရေနံသပိတ်တပ်ကြီးချီတက်ရာ လမ်းတစ်လျှောက် မြို့ရွာများက သောင်းသောင်းဖျဖျ ကြိုဆိုကြခြင်း ထောက်ခံနေကြခြင်းအကြောင်းတွေကြောင့် ရန်ကုန်မြို့မှာ ထုတ်ပြန်ထားတဲ့ ပုဒ်မ-၁၄၄ ကို ရုတ်သိမ်းလိုက်ရတယ်။ အဲဒီလို ရုတ်သိမ်းလိုက်တာနဲ့ ရှစ်ဦးကော်မတီဟာ အရင်ခေတ္တရပ်ဆိုင်းထားခဲ့ရတဲ့ ရန်ကုန်မြို့သို့ ချီတက်ရေးနှင့် တောင်သူလယ်သမားညီလာခံကြီးကျင်းပရေးကို ပြန်လည်စတင်ခဲ့ကြတယ်။ ၃. ၁. ၃၉ နေ့မှာ ရန်ကုန်မြို့သို့ ခြေလျင်ချီတက်ရေးအစီအစဉ် ပြန်စမယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီအစီအစဉ်နဲ့ ချိတ်ဆက်မိစေဖို့ ဒီဇင်ဘာ ၂၈ရက် နေ့မှာ သထုံစီရင်စု တို့ဗမာအစည်းအရုံးမှ သခင်ဗသန်း(မြူနီစပယ်ဥက္ကဋ္ဌ)၊ သခင်ထွန်းမြင့်၊ သခင်စောလင်း၊ သခင်သိန်းထွန်း (ကျောင်းသား)၊ သခင်စံမြင်(ကျောင်းသား)၊ သခင်သောင်း(ကျောင်းသား)တို့နှင့် သိမ်ဆိပ်မှ သခင်သိန်းမောင်၊ သခင်ဗရွှေ၊ သခင်ဗလှ၊ သခင်သာဆိုင်၊ ကျောင်းသားခေါင်းဆောင်ကိုသာထွန်း၊ ကိုရန်အောင်တို့ဟာ သထုံမြို့နယ်ကလက်ရွေးစင်တောင်သူလယ်သမား ၁၀၀ နှင့် သိမ်ဆိပ်မှ တောင်သူလယ်သမား ၃၀၀ ခန့် စုစုပေါင်း သခင်သခင်မအပါအဝင် ခြေလျင် အဖွဲ့သား ၄၀၀ ကျော်ကို ဦးဆောင်ပြီး ရန်ကုန်မြို့ကို ချီတက်ခဲ့ကြတယ်။

ဒီဇင်ဘာ ၂၉ ရက်နေ့ နံနက် ၁၀နာရီမှာ ဘီးလင်းမြို့ကို ရောက်ရှိခဲ့ကြပြီး တစ်ထောက်နားခဲ့ကြတယ်။ ဆက်လက်ချီတက်ခဲ့ကြရာ အလူးရွာကို ညနေ ၆ နာရီမှာ ရောက်ရှိခဲ့ကြပြီး တစ်ညအိပ်ခဲ့ကြတယ်။ နောက်တစ်နေ့ ဒီဇင်ဘာ လ ၃၀ရက်နေ့ နံနက်စောစော ထိုရွာမှ ထွက်ခွာခဲ့ကြရာ ကျိုက်ထိုမြို့ကို နံနက် ၉ နာရီမှာ ရောက်ရှိလာခဲ့ကြတယ်။ ကျိုထိုမြို့မှာ နံနက်စာစားသောက်ခဲ့ကြပြီး တောင်သူလယ်သမား ချီတက်ပွဲအကြောင်း ရှင်းလင်းဟောပြောခဲ့ကြတယ်။ ကျိုက်ထိုမှ တောင်သူလယ်သမားအချို့လည်း လိုက်ပါလာခဲ့ကြတယ်။ အဲဒီနေ့ ၂ နာရီမှာ ဆက်လက်ထွက်ခွာခဲ့ကြရာ မုပ္ပလင်ကို ည ၇ နာရီမှာ ရောက်ရှိခဲ့ ကြတယ်။ နောက်တစ်နေ့ ဒီဇင်ဘာလ ၃၁ ရက်နေ့ နံနက်လင်းအားကြီးအချိန်မှာ ဆက်လက်ချီတက်ခဲ့ကြရာ အဗျားရွာကို နံနက် ၁၀ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ အဲဒီရွာမှာရှိတဲ့ သခင်ကျော်အေးရဲ့ စီစဉ်ပေးမှုနဲ့ နံနက်စာ စားသောက်ခဲ့ကြတယ်။ ညနေ ၃ နာရီမှာ ဝေါမြို့ဘက်ကို ချီတက်ခဲ့ကြရာ ၇ နာရီမှာ ရောက်ရှိခဲ့ကြတယ်။ ဝေါမြို့မှာ ရှစ်ဦးကော်မတီဦးဆောင်တဲ့ လယ်သမားတပ်ကြီးနဲ့ ဆုံမိကြပြီး မြို့သူမြို့သားတွေက အသင့်စုဆောင်းထားခဲ့ကြတဲ့ ထမင်းထုပ်တွေနဲ့ ဧည့်ခံပြုစုခဲ့ကြတယ်။ ဝေါမြို့မှာ သထုံစီရင်စု တောင်သူ



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတပ်၊ သခင်စုနှင့် သခင်စွပ္ပယားနိုင်ဒူး ဦးဆောင်တဲ့ ဝေါတောင်သူလယ်သမားတပ် စုစုပေါင်း ၁၀၀၀ ကျော် စုဝေးမိခဲ့ကြတယ်။ လယ်သမားတပ်ကြီးဟာ ပဲခူးဘက်ကို ဆက်လက်ထွက်ခွာခဲ့ကြရာ ည ၁၀ နာရီမှာ ဘုရားကြီးရွာကို ရောက်ရှိခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြတယ်။

၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၅ နာရီအချိန် ဘုရားကြီးရွာမှပဲခူးဘက်ကိုကားလမ်းအတိုင်း ဆက်လက်ချီတက်ခဲ့ကြရာ နံနက် ၉ နာရီအချိန်မှာ ပဲခူးမြို့ကို ရောက်ရှိခဲ့ကြတယ်။ ပဲခူးမြို့ကနေ မြို့သူမြို့သားတွေကသောင်းသောင်းဖျဖျ တိုက်ခိုက်ခဲ့ကြတယ်။ အဲဒီနေ့မှာ တောင်သူလယ်သမားတပ်ကြီးဟာ ဒိုက်ဦး၊ ပြွန်တံဆာ၊ ညောင်လေးပင်မြို့နယ်တို့မှ တောင်သူလယ်သမားတွေကို စောင့်ကြိုရင်း ရွှေမောဓောစေတီရင်ပြင်တော်ပေါ်မှာ စခန်းချခဲ့ကြတယ်။ ပဲခူးမြို့တို့ဗမာအစည်းအရုံးမှ သခင်အောင်ဖေ၊ သခင်လှထွန်း၊ သခင်ဘိုးသာ၊ သခင်သာဒင်အမှူးပြုတဲ့ သခင်သခင်မတွေဟာ တောင်သူလယ်သမားတပ်ကြီးကို ဧည့်ခံပြုစုခဲ့ကြတယ်။ မြို့လူထုနှင့် တောင်သူလယ်သမားတွေကို နိုင်ငံရေးသဘောတရားတွေကို ညအချိန်မှာ ဟောပြောခဲ့ကြတယ်။ တောင်သူလယ်သမားအပ်ပေါင်းစုဟာ ရွှေမောဓောရင်ပြင်တော်ပေါ်မှာ နှစ်ညတာမျှ ရပ်နားခဲ့ကြပါတယ်။ ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှာ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်ခဲ့ကြပါတယ်။ ညပိုင်းမှာ အင်းတကော်မှာ ညအိပ်ရပ်နားခဲ့ကြတယ်။ အဲဒီညမှာ တို့ဗမာအစည်းအရုံးဌာနချုပ်မှ သခင်လေးမောင်နှင့် ရေနံအလုပ်သမားတပ်ခေါင်းဆောင် သခင်ဖိုးလှကြီးတို့က တွေ့ဆုံနှုတ်ဆက်ခဲ့ကြပါတယ်။ ဇန်နဝါရီလ ၇ ရက်နေ့မှာ တောင်သူလယ်သမားတပ်ကြီးဟာ ရေကူးရွာအရောက် ချီတက်ခဲ့ကြပြီး ရေကူးရွာဘုန်းတော်ကြီးကျောင်းမှာ စခန်းချညအိပ်ခဲ့ကြပါတယ်။ နောက်တစ်နေ့ ၈. ၁. ၃၉ မှာ ရေနံအလုပ်သမားတပ်ကြီးနှင့် ပူးပေါင်းပြီး ရွှေတိဂုံစေတီတော်ကို ချီတက်ကြမှာဖြစ်ပါတယ်။

**၁၃၀၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၄ ရက်(၈. ၁. ၃၉)**
**ရေနံမြေအလုပ်သမားတပ်ကြီးနှင့်**
**တောင်သူလယ်သမားတပ်ကြီးတို့**
**ရန်ကုန်မြို့သို့ ပူးပေါင်းဝင်ရောက်ခဲ့ကြခြင်း**

ချောက်မြို့မှ ရန်ကုန်မြို့သို့ မိုင် ၄၅၀ကျော် ခြေလျင်ခရီးဖြင့် တစ်လကျော် ချီတက်လာကြတဲ့ ရေနံမြေအလုပ်သမားတပ်ကြီးဟာ ရွှေတိဂုံစေတီတော်ကိုချီတက်ဖို့ အသင့်ဖြစ်နေကြသလို သထုံဝေါတို့ဘက်ကနေ ခြေလျင်ခရီးဖြင့် ချီတက်လာကြတဲ့ တောင်သူလယ်သမားတပ်ကြီးဟာလည်း အဆင်သင့်ဖြစ်နေခဲ့ကြပါတယ်။ ရန်ကုန်မြို့လူထုဟာ အဲဒီတပ်ကြီးတွေကို လှိုက်လှိုက်လှဲလှဲ စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြဖို့ စီစဉ်ထားခဲ့ကြပြီး ဖြစ်ပါတယ်။ ၈. ၁. ၃၉ နေ့ နံနက် ၅ နာရီကစပြီး ရန်ကုန်မြို့မှာရှိကြတဲ့ အဖွဲ့အစည်းအသီးသီးနှင့် လူထုပရိသတ်ကြီးဟာ တက္ကသိုလ်ဓမ္မာရုံရှေ့ကနေ ကမာရွတ်ဘတ်အထိ ပြည့်ကျပ်လျက် ရှိနေကြပါတယ်။ သုံးရောင်ခြည်တူတံဇင်အလံ၊ ကျောင်းသားအလံနှင့်အဖွဲ့အစည်းအသီးသီးရဲ့အလံတွေဟာ တလူလူလွင့်ပျံနေကြပါတယ်။ ရေကြည်တော်ဝတ်အသင်းရဲ့ စည်တော်သံကလည်း လူထုပရိသတ်ရဲ့စိတ်တွေကို ကြည်နူးတက်ကြွစေလျက်ရှိပါတယ်။ အင်အား ၁၂၀၀ ကျော်ပါဝင်တဲ့ ရေနံမြေအလုပ်သမားတပ်ကြီးဟာ ညအိပ်စခန်းချရာဖြစ်တဲ့ ကမာရွတ်ကျားကျောင်းနှင့် တပ်တွင်းကျောင်းတွေကနေ ချီတက်လာကြစဉ်မှာ သထုံနှင့် ဝေါနယ်တို့မှာ တောင်သူလယ်သမားတပ်ကြီးများကို သံဃာတော်အပါး ၂၀၀ခန့်က ရှေ့ဆောင်ပြီး အမျိုးသား ၁၀၀ အပါအဝင် အင်အား ၁၀၀၀ ခန့်က ခမောက်ကိုယ်စီ ဆောင်းပြီး ညအိပ်စခန်းချရာနေရာဖြစ်တဲ့ ရေကူးဘုန်းတော်ကြီးကျောင်းကနေ ချီတက်လာခဲ့ကြပါတယ်။ အလုပ်သမားတပ်ကြီးနှင့် တောင်သူလယ်သမားတပ်ကြီးတို့ဟာ နံနက် ၈ နာရီအချိန် ကမာရွတ်ဂတ်တဲအနီး လမ်းခွဆုံမှာ ဆုံစည်းကြတဲ့အခါ ကျောင်းသားသပိတ်နှင့် အကြိုတော်တပ်တွေက အပြန်အလှန် 'တို့ ဗမာ' 'သခင်မျိုးဟေ့ တို့ဗမာ' 'အရေးတော်ပုံ အောင်ပါစေ'ဆိုတဲ့ နှုတ်ဆက်သံတွေ ပွဲတင်ထပ်လျက် ရှိနေခဲ့ကြပါတယ်။

ကြိုဆိုရေးကော်မတီဝင်တွေက ရွှေတိဂုံစေတီတော်အရောက် ချီတက်ရေးအစီအစဉ်တွေကို အသံချဲ့စက်နှင့် ကျေညာလိုက်ပြီးနောက် နံနက် ၈ နာရီ ၃၀ မိနစ်မှာ အောက်ပါအတိုင်း ချီတက်ခဲ့ကြပါတယ်။

၁။ သပြေပန်းအိုးများကိုင်ဆောင်ထားသော အထောက်တော် ၇ဦး

၂။ အလံပေါင်းစုံပါဝင်သော အလံကိုင်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့

၃။ ပရိတ်များရွတ်၍ လိုက်ပါကြသော ရွှေတိဂုံစေတီတော် ရေကြည်တော်အသင်း

၄။ ဘင်ခရာများတီးမှုတ်လိုက်ပါကြသော ရန်ကုန်ရဲတပ်ဖွဲ့

၅။ ဧည့်ခံကြိုဆိုရေးအဖွဲ့ ကော်မတီလူကြီးများ

၆။ လယ်သမားခြေလျင်တပ်မကြီး

၇။ ရေနံသပိတ်ခြေလျင်တပ်မကြီး

၈။ ရန်ကုန်မြို့ဘတ်စ်ကားအလုပ်သမားများ

၉။ စမ်းချောင်းကျောက်သွေး အလုပ်သမားများ

၁၀။ ရေကျော်စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့

၁၁။ ကန်တော်ကလေး စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့

၁၂။ ဂဠုန်တပ်

၁၃။ ဗမာ့လက်ရုံးတပ်

၁၄။ ကြည့်မြင်တိုင်စူရတီဈေးကြီးအသင်း

၁၅။ ကြည့်မြင်တိုင် လူငယ်များအသင်း

၁၆။ ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအစည်းအရုံး

၁၇။ အဖွဲ့အစည်းပေါင်းစုံနှင့်နောက်ဆုံးမှ မြို့သူမြို့သားများ

တပ်ပေါင်းစုကြီးဟာ ကမာရွတ်ဂတ်တဲ (ကမာရွတ်ရဲစခန်း)မှ ပြည်လမ်းတစ်လျှောက် ချီတက်ကြပြီး ဟံသာဝတီလမ်းကိုချိုးပြီး ကြံတောသုသာန်ထဲကို ဝင်ရောက်ကာ ဗိုလ်အောင်ကျော်အုတ်ဂူမှာ လွမ်းသူ့ပန်းခွေချပြီး အလေးပြုခဲ့ကြပါတယ်။ သခင်ဖိုးလှကြီးနှင့် သခင်ထွန်းစိန်တို့က ဗိုလ်အောင်ကျော်ကို တိုင်တည်အဓိဋ္ဌာန်ပြုခဲ့ကြပါတယ်။ ဟံသာဝတီလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ကြည့်မြင်တိုင်ဈေးကြီးလမ်းအရောက်မှာ ကြည့်မြင်တိုင်စူရတီဈေးကြီး အသင်းသူအသင်းသားတွေ ဧည့်ခံတဲ့ မဏ္ဍပ်မှာ သခင်ဖိုးလှကြီးက မိတ်ဆက်မိန့်ခွန်း ပြောကြားခဲ့ပါတယ်။ တပ်အသီးသီးတို့ ဈေးကြီးအလယ်လမ်းကို ရောက်တဲ့အခါ အသင့်ရောက်ရှိ စောင့်ကြိုနေကြတဲ့ အလုပ်သမားအမတ် ဦးဘလှိုင်ခေါင်းဆောင်တဲ့ အလုပ်သမားတွေက ပူးပေါင်းလိုက်ကြပါတယ်။ ဟုမ်းလမ်း၊ ကြည့်မြင်တိုင်လမ်း၊ အလုံဆူပါပင်လမ်းတို့ကနေ ချီတက်ခဲ့ရာ တစ်နာရီအချိန် မှာ အလုံပန်းခြံ(ယခု သခင်မြပန်းခြံ)ကို ရောက်လာခဲ့ကြတယ်။ ဧည့်ခံရေးအဖွဲ့ မှ ပြင်ဆင်ထားတဲ့ မြို့သူ မြို့သားတွေရဲ့ ထမင်းထုပ်တွေဟာ တောင်ပုံရာပုံ စားမကုန်ရှိနေခဲ့ပါတယ်။ ၂နာရီခွဲအချိန်မှာ ဆက်လက် ချီတက်ခဲ့ရာမှာ ကမ်းနားလမ်း၊ ဒါလဟိုဇီလမ်းအတိုင်း ချီတက်ခဲ့ကြပြီး လမ်းမတော်နှင့် ဖရေဇာလမ်းထောင့်အရောက်တွင် သန်လျင်မှ ရောက်ရှိစောင့်ကြိုနေကြတဲ့ အလုပ်သမား ၃၀၀၀ ခန့်က ပူးပေါင်းလိုက်ပါလာခဲ့ကြတယ်။ ဂေါ်ဒွင်လမ်း မြို့မကျောင်းရှေ့အနောက်သပိတ်မှောက်ကျောင်းသား မြောက်မြားစွာက ကြွေးကြော်ကြိုဆိုခဲ့ကြတယ်။ သပိတ်တပ်ကြီးကလည်း ပြန်လည်ကြွေးကြော်ခဲ့ကြတဲ့အတွက် အပြန်အလှန် ကြွေးကြော်သံတွေဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားခဲ့ကြတယ်။

ဂေါ်ဒွင်လမ်း၊ အလုံလမ်းမှတစ်ဆင့် ဦးဝိစာရကျောက်တိုင်ကိုပတ်ကာ အလေးပြုခဲ့ကြတယ်။ ညနေ ၅ နာရီမှာ ရွှေတိဂုံစေတီခြေတော်ရင်း တောင်ဘက်မုခ်ဦးကို ဦးတိုက်ခဲ့ကြတယ်။ ရွှေတိဂုံစေတီတော်ကြီးကို ဦးသုံးကြိမ်ချပြီး အနောက်ဘက်စောင်းတန်း မိုးညှင်းဓမ္မာရုံကြီးအနီးမှာရှိတဲ့ကွက်လပ်ကြီးမှာ နေရာယူခဲ့ကြတယ်။ စင်မြင့်ပေါ်မှာ အတွင်းရေးမှူးသခင်လှမောင်က ၁၃၀၀ ပြည့်အရေးတော်ပုံအစည်းအဝေးပွဲကြီးတွင် ကြေညာကာ တို့ဗမာသီချင်းဖြင့် အစည်းအဝေးကို ဖွင့်လှစ်ခဲ့တယ်။ အစည်းအဝေးပွဲကြီးတွင် သခင်ထိပ်တင်ကိုယ်တော်ကြီးက သဘာပတိ၊ သခင်လှမောင်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ သဘာပတိတပ်ပေါင်းစုကို ခရီးဦးကြိုပြုကြောင်း နှုတ်ဆက်မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး သထုံလယ်သမားတပ်ပေါင်းစု ခေါင်းဆောင်သခင်ဗသန်း၊ ဖြူးလယ်သမားတပ်ခေါင်းဆောင် သခင်ထွန်းပို၊ ဝေါလယ်သမားကိုယ်စားလှယ် သခင်လှထွန်း၊ ရေနံတပ်မကြီးရဲ့ ဗိုလ်ချုပ်သခင်ဖိုးလှကြီး၊ သန်လျင်လယ်သမားတပ်ကိုယ်စားလှယ် သခင်မျိုးချိတ်တို့က နှုတ်ဆက်မိန့်ကြား အသီးသီးပြောကြားပြီး အစည်းအဝေးကြီးကို ရုတ်သိမ်းလိုက်ပါတယ်။ အဲဒီအစည်းအဝေးကြီးမှာ ဒဂုံဆရာတင်(သခင်တင်)၊ ဂီတာစိမ်းမောင်(သခင်စိမ်းမောင်)၊ စိန်ပါတီ(သခင်မှ စိန်ပါတီ)

www.burmeseclassic.com

www.burmeseclassic.com



တို့ဟာသပိတ်သီချင်း၊ အာဏာရှင်သီချင်း၊ ဗိုလ်အောင်ကျော်သီချင်း၊ မနရှင်သီချင်းတွေကို သီဆိုညည့်ခံခဲ့ကြပါတယ်။ အစည်းအဝေးကြီးရုတ်သိမ်းပြီးတဲ့နောက် ပါဝင်ကြတဲ့ အဖွဲ့ပေါင်းစုံဟာ သတ်မှတ်ထားတဲ့ ဇရပ်အသီးသီးမှာ စခန်းချခဲ့ကြပါတယ်။ ကျောင်းသားသပိတ်တပ်တွေကတော့ မြို့မကျောင်းမှာ စခန်းချခဲ့ကြပါတယ်။

### ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး တည်ထောင်ခြင်း

နောက်တစ်နေ့ ဇန်နဝါရီလ ၉ ရက်နေ့ တနင်္လာနေ့ နံနက် ၁၁ နာရီ ၃၀ မိနစ်အချိန် ရွှေတိဂုံစေတီတော်အလယ်ပစ္စယံကွက်လပ်ကြီးမှာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအဝေးပွဲကြီးကို ကျင်းပခဲ့ကြပြီး ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးကို စတင်တည်ထောင်ကြောင်း ကြေညာခဲ့ပါတယ်။ ဆုံးဖြတ်ချက် ၁၄ ရပ်ကို ချမှတ်ခဲ့ပါတယ်။ ယာယီဌာနချုပ်အမှုဆောင်အနေနဲ့ အောက်ဖော်ပြပါပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌ - သခင်မြ
အလုပ်အမှုဆောင် - သခင်ခင်အောင်
အလုပ်အမှုဆောင် - သခင်သန်းထွန်း
အလုပ်အမှုဆောင် - သခင်အောင်ဆန်း
အလုပ်အမှုဆောင် - သခင်လှဘော်
အလုပ်အမှုဆောင် - သခင်တင်(သုံးဆယ်)
အလုပ်အမှုဆောင် - သခင်သိန်းဖေ(ဝါးခယ်မ)
အလုပ်အမှုဆောင် - သခင်စိုးမင်း(ကြို့ပင်ကောက်)
အလုပ်အမှုဆောင် - သခင်ဗသော်(ကညွတ်ကွင်း)
အလုပ်အမှုဆောင် - သခင်ကျော်လူကလေး(သန်လျင်)
အလုပ်အမှုဆောင် - သခင်လှထွန်း(ပဲခူး)
အလုပ်အမှုဆောင် - သခင်ဗငြိမ်း(မအူပင်)

### ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး တည်ထောင်ခြင်း

ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအဝေးကြီးကို ဇန်နဝါရီလ ၉ ရက် တနင်္လာနေ့ ညနေ ၃ နာရီ ၃၀ မိနစ်အချိန်မှာ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံကွက်လပ်ကြီးမှာ ကျင်းပခဲ့ရာ သပိတ်အလုပ်သမားပေါင်းစုံ ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ သခင်လေးမောင်က သဘာပတိ၊ သခင်လှမောင်(တောင်ငူ)က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်ပေါင်း ၁၂ ချက်ကို အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့ပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးကြီး **(ABTUC) All Burma Trade Union Congress** ကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌ သခင်လေးမောင်နှင့် အမှုဆောင် ၃၀ ဦး ပါဝင်ခဲ့ပါတယ်။

### သပိတ်တိုက်ပွဲများ အရှိန်အဟုန်မြင့်လာခြင်း

ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ရေနံအလုပ်သမားသပိတ်တပ်ကြီး စခန်းချပြီးတဲ့နောက်မှာ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် အင်းစိန်၊ ဟံသာဝတီ စီရင်စုအတွင်းမှာရှိတဲ့ အလုပ်သမားတွေရဲ့မကျေနပ်ချက်တွေက တဟုန်ထိုးပေါက်ကွဲလာခဲ့ကြပြီး သပိတ်မှောက်မှုတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ကြပါတယ်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ သပိတ်မှောက်မှု ၁၈ ခု ဖြစ်ပွားခဲ့ကြောင်း တွေ့ရပါတယ်။ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ စခန်းချနေတဲ့ ရေနံမြေအလုပ်သမား သပိတ်တပ်အပါအဝင် သပိတ်အင်အား ၁၅၀၀၀ ခန့် ရှိခဲ့ကြောင်း သိရှိရပါတယ်။ ရန်ကုန်အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှာ သိန်းချီ သပိတ်မှောက်ခဲ့ကြတဲ့ ကျောင်းသားကျောင်းသူအင်အားတွေကလည်း ရှိနေကြပါသေးတယ်။ တို့ဗမာအစည်းအရုံးဌာနချုပ်အနေဖြင့်လည်း သပိတ်တွေ ရွှေတိဂုံစေတီတော်မှာ တပ်စွဲတဲ့အချိန်ကစပြီး ညစဉ်ညတိုင်း သပိတ်ခေါင်းဆောင်တွေ၊ သပိတ်တပ်သားလက်ရွေးစင်တွေနှင့် တို့ဗမာအစည်းအရုံး ကေဒါတွေကို ဆွေးနွေးပွဲတွေ၊ ရှင်းလင်းပွဲတွေ၊ ဟောပြောပွဲတွေ မပြတ်မလပ် ပြုလုပ်ဆောင်ရွက်ခဲ့ကြတယ်။ တစ်ဖက်မှာလည်းအလုပ်သမားခေါင်းဆောင်တွေ၊ တောင်သူလယ်သမားခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေနဲ့ အရေးတော်ပုံကိစ္စအရပ်ရပ်ကို အမြဲမပြတ် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ တို့ဗမာအစည်းအရုံးဟာ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်လုံးကျွတ် နိုင်ငံရေးအစည်းအဝေးကြီးကနေ အာဏာလွှဲအပ်ချက်အရ အလုပ်သမားနဲ့ ကျောင်းသားတို့ရဲ့ တောင်းဆိုချက်တွေကို သက်ဆိုင်ရာအစိုးရက ဇန်နဝါရီလ ၅ ရက်နေ့အတွင်း ပြန်ကြားဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် နယ်ချဲ့အစိုးရဟာ တောင်းဆိုချက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို မလိုက်လျှောရုံမက ဖိနှိပ်မှု၊ ဖမ်းဆီးမှု၊ အုပ်ချုပ်မှုတွေကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါကြောင့် တို့ဗမာအစည်းအရုံးဟာ နယ်ချဲ့အရင်းရှင်တို့ရဲ့ တင်းမာမှုလက်ပါးစေ ညွန့်ပေါင်းအစိုးရရဲ့ အာဏာမက်မောမှုတွေကို ပြင်းပြင်းထန်ထန် တိုက်ဖျက်ရေးအတွက် အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်မှတစ်ဆင့် အထွေထွေသပိတ်တိုက်ပွဲကြီးအထိ တိုးတက်ဆင်နွှဲကြရန် ဆုံးဖြတ်ခဲ့ကြပြီး တစ်ပြည်လုံး အလုပ်ရပ်စဲရေးနှင့်ပတ်သက်တဲ့ ဌာနချုပ်တို့ဗမာအစည်းအရုံးကြီးရဲ့ ကြေညာချက် အမှတ်-၁ ကို ၁၈. ၁. ၃၉ နေ့မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

## တို့ဗမာအစည်းအရုံးဌာနချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များအား ဖမ်းဆီးခြင်း

သပိတ်အင်အား တစ်နေ့တခြား တိုးတက်လာခြင်း၊ ကျောင်းသားလှုပ်ရှားမှုနှင့် ပြည်သူလူထု၏ထောက်ခံမှု ပိုမိုမြင့်တက်လာခြင်း၊ ရန်ကုန်မြို့အတွင်း ဗမာရပ်ကွက်တိုင်းမှာ အလုပ်သမားသပိတ်တရားပွဲများ၊ ကျောင်းသားသပိတ် တရားပွဲများ၊ တို့ဗမာသခင်တရားပွဲများ ညစဉ်ကျင်းပလျက်ရှိနေတာကြောင့် တစ်ကြောင်း၊ အင်္ဂလိပ်အရင်းရှင်တို့ဟာ ဒီရေမြင့်တက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ကြောက်ရွံ့လာခဲ့ကြတယ်။ အင်္ဂလိပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ မစ္စတာရစ်ချက်က တို့ဗမာအစည်းအရုံးအား မတရားအသင်းကြေညာရန် တိုက်တွန်းသည်အထိ ကြောက်ရွံ့လာခဲ့တယ်။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ လူဖမ်းပွဲကြီး စတင်လာခဲ့တယ်။ သခင်နုကို ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ဖမ်းဆီးခဲ့တယ်။ တက်ဘုန်းတော်ကြီးသခင်သိန်းဖေကို ၁၄ ရက်နေ့၊ ကျောင်းသားခေါင်းဆောင် ကိုလှရွှေကို ၁၅ ရက်နေ့၊ အဲဒီနေ့မှာပဲ နဂါးနီကိုလှိုင်ကို ဖမ်းဆီးခဲ့တယ်။ ရန်ကုန်မြို့လုံးဆိုင်ရာ ကျောက်သွေးအသင်းဥက္ကဋ္ဌဦးစိန်ကို ၁၆ ရက်နေ့၊ ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်ဗရင်ကြီးနဲ့ အနောက်ပိုင်း သခင်ထွန်းတင်တို့ကို ၁၇ ရက်၊ ဒလသဘော်ကျင်း သပိတ်ခေါင်းဆောင် ကိုညိမ်းမောင်နှင့် ကိုမောင် ကိုတို့ကို ၁၉ ရက်၊ သန်လျင်ပိတ်ခေါင်းဆောင်သခင်နာရရန်ဆင်း၊ သခင်ဖိုးရှန်း၊ သီလဝါသပိတ်ခေါင်းဆောင် သခင်ဗချို၊ စူပုရာ၊ ကိုအောင်ညိမ်း၊ ကိုပုလေး သခင်သက်တင်(ရန်ကုန်)တို့ကို ၂၀ ရက်၊ ဗဟန်းမြေတူးသပိတ်ခေါင်းဆောင် ရှင်ဝိသုဒ္ဓ၊ ရှင်ဇောတ္တညာ၊ ရှင်ဝိလာသ၊ ကိုရင်သုံးပါးကို ၂၀ ရက်နေ့တွေမှာ ဖမ်းဆီးလိုက်ကြတယ်။

ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက် ၄ နာရီလောက်မှာ တရားသူကြီး ဦးညီပိတ်၊ ဦးဘဆိုင်၊ ဦးရွှေတင်နှင့် ဒုတိယပုလိပ်မင်းကြီး ပရက်စကော့ဦးစီးတဲ့ လက်နက်ကိုင် စစ်ပုလိပ် ၁၀၀ ကျော်တို့ဟာ ရင့်သီးစွာ စစ်ဖိနပ်တွေကိုစီးနင်းပြီးရွှေတိဂုံစေတီတော်တောင်ဘက်စောင်းတန်း၊ မော်လမြိုင်ဇရပ်မှ ဖွင့်လှစ်ထားတဲ့ တို့ဗမာအစည်းအရုံးဌာနချုပ်ကို တက်ရောက် ဝိုင်းတားခဲ့ကြတယ်။ တို့ဗမာအစည်းအရုံးပိုင် လက်နှိပ်စက်များ၊ ပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ဖိုင်တွဲများကို သိမ်းယူခဲ့ကြတယ်။ ဇရပ်မှာ အိပ်နေကြတဲ့ ဌာနချုပ်ခေါင်းဆောင်တွေကိုဖမ်းဆီးခေါ်ဆောင်သွားကြပါတယ်။ ဖမ်းဆီးခံရတဲ့သူတွေကတော့ -

၁။ သခင်ထိပ်တင်ကိုယ်တော်ကြီး - ဌာနချုပ်ဥက္ကဋ္ဌ
၂။သခင်အောင်ဆန်း - ဌာနချုပ်အထွေထွေအတွင်းရေးမှူး
၃။ သခင်သန်းထွန်း
၄။ သခင်သင်
၅။ သခင်ဗသာ - ဗမာ့လက်ရုံးတပ်တာဝန်ခံဗိုလ်
၆။ သခင်ထွန်းစိန် - ရေနံတပ်ဗိုလ်
၇။ သခင်လှသောင်း - ဘတ်စ်ကားများအရုံးဥက္ကဋ္ဌ၏
၈။ သခင်ဦးအာစရ
၉။ သခင်အေးကြည် - ဇီးကုန်းသာယာဝတီ
၁၀။ သခင်လှဖေ (ကလကတ္တာဒ)တို့ ဖြစ်ကြတယ်။

တစ်ချိန်တည်းမှာပဲ စမ်းချောင်း ချမ်းသာလမ်းမှာ နေထိုင်နေတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့နေအိမ်၊ အလုံဇရာဝတီလမ်းရှိ သခင်နုနေအိမ်နဲ့ ပန်းဆိုးတန်းဌာနချုပ် တို့ဗမာအစည်းအရုံးတို့ကိုလည်း တက်ရောက် ရှာဖွေခဲ့ကြတယ်။ မောင်ဂိုမာရီလမ်းရေကျော်မှာနေထိုင်တဲ့ ဒီးဒုတ်ဦးဘချိုကိုလည်း ဖမ်းဆီးသွားခဲ့တယ်။ အဲဒီလိုဖမ်းဆီးခြင်း၊ စာရွက်စာတမ်းတွေနဲ့ ပစ္စည်းတွေကို သိမ်းဆည်းသွားခြင်းတို့နှင့် အရေးတော်ပုံကြီးကို ခြိမ်းခြောက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဌာနချုပ်ခေါင်းဆောင်တွေကို ဖမ်းဆီးသွားတဲ့နေ့ နံနက် ၆ နာရီမှာ သပိတ်မှောက်အလုပ်သမားကိုယ်စားလှယ်ပေါင်းစုံအစည်းအဝေးတစ်ရပ်ကို အလယ်ပစ္စယံရှိ ဦးအေးမောင်ဇရပ်မှာ ကျင်းပစည်းဝေးခဲ့ပြီး အလုပ်ရပ်စဲသော

www.burmeseclassic.com



အလုပ်သမားလွှတ်တော် သို့မဟုတ် အလုပ်သမားပေါင်းစုံ သပိတ်လွှတ်တော်ကို ဖွဲ့စည်းလိုက်ကြတယ်။ ဥက္ကဋ္ဌအဖြစ် သခင်စံရ(အစိုးရဒေါပုံသဘော်ကျင်း)က ဆောင်ရွက်ခဲ့ပြီး အမှုဆောင် ၃၀ ဦး ပါဝင်ခဲ့တယ်။ ဒါ့အပြင် ဆိုင်ရာဆိုင်ရာ သပိတ်မှောက်အလုပ်သမားသမဂ္ဂတို့နှင့် အလုပ်ရှင်များ စေ့စပ်ကမ်းလှမ်းရေးကိစ္စနှင့် သပိတ်လုပ်ငန်းနှင့် စပ်လျဉ်းပြီး သပိတ်သမားတို့ကို ကြီးကြပ်ညွှန်ကြားဖို့ သခင်မြ၊ သခင်လေးမောင်၊ သခင်သိန်းမောင်ကြီးတို့ ပါဝင်တဲ့ သပိတ်ပေါင်းစုံ အထက်လွှတ်တော်ကို ဖွဲ့စည်းခဲ့ပါတယ်။

## ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ စတင်ဖွဲ့စည်းခြင်း

အရေးတော်ပုံကြီးအတွင်း နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အမျိုးသမီးများသည် အသွင်အမျိုးမျိုးဖြင့် ပါဝင်လာခဲ့ကြပါတယ်။ အလုပ်သမားတို့ရဲ့ သပိတ်တိုက်ပွဲများ၊ ကျောင်းသားများ၏ ဆန္ဒပြပွဲများမှာ အမျိုးသမီးများစွာ ပါဝင်ဆင်နွှဲခဲ့ကြတယ်။ ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ အလုပ်ဖြုတ်ခံရခြင်းတို့ကို အမျိုးသမီးတို့ကိုယ်တိုင် ခံစားလာခဲ့ကြရတယ်။ ညွှန့်ပေါင်းအစိုးရဖြုတ်ချရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဗမာပြည်လွတ်လက်ရေးအတွက် အမျိုးသမီးအဖွဲ့ကြီးတစ်ရပ် ဖွဲ့စည်းရန် လိုအပ်ကြောင်း သိမြင်လာခဲ့ကြတယ်။ ထို့ကြောင့် ရန်ကုန်မြို့လုံးဆိုင်ရာ ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ ဖွဲ့စည်းဖို့အတွက် မြို့လုံးကျွတ် အမျိုးသမီးအစည်းအဝေးကြီးကို ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နေ့လယ် ၁ နာရီအချိန် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံကွက်လပ်ကြီးမှာ ကျင်းပခဲ့တယ်။ အစည်းအဝေးသဘာပတိအဖြစ် ဒေါ်အုံ၊ အကျိုးတော်ဆောင်အဖြစ် မခင်မြ(ခင်မျိုးချစ်)တို့ကဆောင်ရွက်ပြီး ကြည့်မြင်တိုင်သခင်မ မခင်လှက တို့ဗမာသီချင်း သီဆိုဖွင့်လှစ်ခဲ့တယ်။ အဆို ၈ ရပ်ကို တင်သွင်းဆုံးဖြတ်ခဲ့ကြတယ်။ အစည်းအဝေးကြီးမှာ ဒီးဒုတ်ဦးဘချိုရဲ့ ဇနီးဒေါ်လှမေကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မခင်မြ(ခင်မျိုးချစ်)ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း တင်မြှောက်ခဲ့ကြတယ်။

## အာလံစတီးသပိတ်နှင့် ကျောင်းသားသပိတ်

အာလံမြို့ (ယခု-အောင်လံမြို့)မှာ အင်္ဂလိပ်အရင်းရှင်ပိုင် စတီးဘရားသားကုမ္ပဏီ ဆီစက်နှင့် ဝါစက်တို့မှ အလုပ်သမား ၂၀၀၀ ကျော်တို့ဟာ အရင်း ရှင်တို့ရဲ့ ဖိနှိပ်မှုကို မခံနိုင်တော့တဲ့အတွက် သပိတ်မှောက် ဆန္ဒပြဖို့ စီစဉ်ခဲ့ကြတယ်။ အာလံတို့ဗမာအစည်းအရုံးကို အကူအညီတောင်းတဲ့အခါ အာလံတို့ဗမာအစည်းအရုံးက ရန်ကုန်မြို့ ရေနံမြေသပိတ်စခန်းမှာ တာဝန်ယူနေရတဲ့ ခေါင်းဆောင် သခင်ဗအေးထံကို ကြေးနန်းရိုက်အကြောင်းကြားခဲ့တယ်။ သခင်ဗအေး အာလံမြို့ကိုရောက်တဲ့အခါ အလုပ်သမားခေါင်းဆောင်တွေနဲ့ အသေးစိတ်ဆွေးနွေးပြီး သပိတ်မှောက်လိုက်ကြတယ်။ သပိတ်စခန်းကို အာလံမြို့ ရွှေပြောင်ပြောင်တန်ဆောင်းကြီးအတွင်းမှာ ထားရှိခဲ့တယ်။ အလုပ်သမာသပိတ်နဲ့ မရှေးနှောင်းမှာပဲ ဗိုလ်အောင်ကျော် ကျဆုံးတာကို အကြောင်းပြုပြီး အာလံမြို့အထက်တန်းကျောင်းသားတွေဟာ သပိတ်မှောက်ခဲ့ကြတယ်။ အာလံ တို့ဗမာအစည်းအရုံးဟာ စတီးအလုပ်သမားများ၏သပိတ်ကိုသာမက ကျောင်းသားသပိတ်ကိုပါ အင်တိုက်အားတိုက် အကူအညီပေးရတယ်။ ဒါကြောင့် နယ်ချဲ့အစိုးရဟာ သပိတ်ကို ခေါင်းဆောင်မှုပေးနေတဲ့ သခင်တွေကို ဖမ်းဖို့ စီစဉ်ခဲ့တယ်။ ၁၃၀၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ရက် (    )နေ့မှာ သခင်ဗစံကို ရာဇဝတ်ဝန်မစ္စတာစီပီအောက ဖမ်းဆီးပြီး အာလံအချုပ်ထောင်ကို ပို့လိုက်တယ်။ သခင်ဗအေးနှင့် သခင်အချို့က ချက်ချင်း မြို့သူလူထုသိအောင် ကြေညာခဲ့တယ်။ သခင်ဗအေးဟာ သပိတ်စခန်းကိုပြန်ပြီး သပိတ်မှောက်အလုပ်သမားများ၊ ကျောင်းသားများကို ခေါ်ယူပြီး သခင်ဗစံ ပြန်လွှတ်ရေးအတွက် ဂတ်တဲ(ရဲဌာန)ကို ချီတက်ခဲ့ကြတယ်။ ဂတ်တဲရှေ့ကို ရောက်တဲ့အခါ သခင်ဗအေးကို ထပ်မံဖမ်းဆီးပြီး ဂတ်တဲအပေါ်ထပ်မှာ သခင်ဗစံနဲ့အတူ ထားရှိခဲ့တယ်။ အဲဒီအခါ အာလံမြို့ရဲ့ တောင်ဘက်မှလည်းကောင်း၊ မြောက်ဘက်မှလည်းကောင်း ချီတက်လာခဲ့ပြီး 'တို့ခေါင်းဆောင်ကိုလွှတ်'ဆိုပြီး ဝိုင်းဝန်းကြွေးကြော် တောင်းဆိုခဲ့ကြတယ်။ ပုလိပ်တွေက လူအုပ်ကြီးကို နံပါတ်တုတ်တွေနဲ့ ရိုက်ခဲ့ကြတယ်။

## ဗိုလ်ဘဖိုး ကျဆုံးခြင်း

ပုလိပ်တွေကရိုက်လိုက်၊ မြို့လူထုက နောက်ဆုတ်လိုက်၊ ပုလိပ်တွေကို ခဲနှင့်ပစ်ကာ ကြွေးကြော်ပြီး ရှေ့ကို ချီတက်လိုက်နှင့် သူတပြန်ကိုယ်တပြန် ဖြစ်နေ

www.burmeseclassic.com



သည်မှာ နံနက် ၇ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဖြစ်ပါတယ်။ အဲဒီလို လှုပ်ရှားနေစဉ်မှာ တစ်ယောက်ပြီး တစ်ယောက် အဖမ်းခံခဲ့ရတယ်။ သခင်ဗစ်၊ သခင်ဗအေး တို့အပြင် သခင်တင်မောင်၊ သခင်ရဲရှိန်၊ သခင်တင်လေး၊ သခင်တင်လှ၊ သင်ညီငယ်၊ ကိုခင်မောင်၊ သခင်ချမ်းသာ၊ ကိုလှမောင်၊ သခင်လှရွှေ၊ သခင်နေဒွန်း၊ ဦးထွန်းရင်၊ ကိုမောင်ကြီး၊ ကိုခင်သောင်း၊ ကိုဘိုးရွှေတို့ ဖြစ်ကြပါတယ်။ ၁၂ နာရီ ၃၀ မိနစ်ခန့်မှာ မြင်းစီးစစ်ပုလိပ် ၃၀ လောက် တုတ်ရှည်တွေကိုင်ဆောင်ကာ ဧရာဝတီမြစ်မှ ဂတ်တဲမြောက်ဘက်လမ်း၊ ဂတ်တဲရှိရာကို မြင်းခွာသံဆူဆူညံညံနဲ့ ရောက်လာခဲ့ကြတယ်။ ဂတ်တဲရှေ့ရောက်တဲ့ အခါ နံပါတ်တုတ်ကိုင်ပုလိပ်တွေနဲ့ ပူးပေါင်းလိုက်ကြတယ်။ မြို့လူထုကိုပြန်ခိုင်းပေမယ့် မပြန်တဲ့အတွက် အတင်းဝင်ရောက် ရိုက်နှက်ခဲ့ကြတယ်။ အဲဒီလူအုပ်ထဲမှာ ကိုဘိုးဆိုတဲ့ လူတစ်ယောက် ပါဝင်ခဲ့ပါတယ်။ ရာဇဝတ်အုပ်တစ်ယောက်ကသူ့ကိုနံပါတ်တုတ်နဲ့ရိုက်ခဲ့ရာကိုဘိုးမှာ မခံမရပ်နိုင်ဖြစ်တဲ့အတွက် အနီးနားမှာရှိတဲ့ လှည်းတစ်စီးက လှည်းထောက်ခွနဲ့ အဲဒီရာဇဝတ်အုပ်ကို ပြန်ရိုက်လိုက်တယ်။ ရာဇဝတ်အုပ်က ခါးမှာအသင့်ပါလာတဲ့ ခြောက်လုံးပူးနဲ့ ပစ်လိုက်တဲ့အတွက် ကိုဘိုးရဲ့ပေါင်ကို ထိမှန်ခဲ့တယ်။ အခြားလက်နက်ကိုင်ပုလိပ်တွေကလည်း သေနတ်နှင့်ပစ်ကြတဲ့အခါ လူပေါင်း ၆၀ ကျော် ဒဏ်ရာရခဲ့တယ်။ နေ့လယ် ၂ နာရီလောက်မှာ ကိုဘိုးကို အာလံဆေးရုံကိုယူသွားခဲ့တယ်။ ဆရာဝန်က ကြည့်လည်း မကြည့်၊ ဆေးလည်းမကုဘဲ သရက်ထောင်ထဲသာ ပို့ရန်ပြောခဲ့တယ်။ ဒဏ်ရာရတဲ့ကိုဘိုးကို သရက်မြို့ကိုပို့ရာမှာ သရက်မြို့ကိုရောက်တဲ့အခါ သွေးထွက်လွန်ပြီး အသက်ဆုံးရှုံးသွားခဲ့ရတယ်။

ကြွင်းကျန်ရစ်တဲ့ ဘိုးရုပ်ကလာပ်ကို နောက်တစ်နေ့မှာ အာလံမြို့ကို ပြန်လည်သယ်ဆောင်တဲ့အခါ လူထုက ဧရာဝတီမြစ်ကမ်းလုံးညွတ်မတတ် ပို့ ဆောင်ပေးခဲ့ကြတယ်။ တချို့ဟာ ဤကဲ့သို့ လိုက်ပို့ရုံအားမရဘဲ အာလံမြို့အထိ လှေကြီးလှေငယ်အသွယ်သွယ်နဲ့ ပို့ဆောင်ခဲ့ကြတယ်။ လိုက်ပါပို့ဆောင်တဲ့ လှေကြီးတစ်စင်းကို ဧရာဝတီကုမ္ပဏီပိုင်အာနန္ဒာသင်္ဘော ဝင်တိုက်လိုက်တဲ့အတွက် လှေပေါ်ပါလာတဲ့လူ ၁၁ ယောက် အသက်ဆုံးရှုံးသွားခဲ့ရတယ်။ ကိုဘိုးရဲ့အရိုးကိုကောက်ပြီးအာလံမြို့ တောင်ဘက်ဖျားရှိ ကုသိန္နာရုံဘုရားကြီး၊ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူခန်း၏ အနောက်တောင်ဘက်ဘေး မြေကွက်လပ်မှာဂူသွင်းပြီး '၁၃၀၀ ပြည့် အရေးတော်ပုံ အာဇာနည် ဗိုလ်ဘိုးဂူ' လို့ ကမ္ပည်းထိုးကာ မှတ်တမ်းတင် ဂုဏ်ပြုလိုက်ကြပါတယ်။

### ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် မန္တလေး

ရန်ကုန်မြို့မှာ လူထုလုတန်းစားအသီးသီး အဖွဲ့အစည်းအသီးသီးတို့ စုရုံးဆင်နွှဲနေတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးအတွင်းမှာ မန္တလေးမြို့မှာရှိတဲ့ ရဟန်းသံဃာ၊ ကျောင်းသားကျောင်းသူ၊ အလုပ်သမား လယ်သမား လူတန်းစားအသီးသီးဟာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးသွားတာနဲ့ ပတ်သက်ပြီး မခံမရပ်နိုင် ဖြစ်လာခဲ့ကြတယ်။ ရေနံမြေ အလုပ်သမားတပ်ကြီးရဲ့ တောင်းဆိုချက်တွေကို မပေး၊ ခေါင်းဆောင်တွေကို ဖမ်းတဲ့အပြင် ကျောင်းသားတွေကိုပါ မြင်းနဲ့တိုက်၊ တုတ်နဲ့ရိုက်ခဲ့ကြတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ထောက်ခံတဲ့အနေနဲ့ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက ဦးစီးပြီး သပိတ်မှောက်ခဲ့တယ်။ ဒီလှုပ်ရှားမှုမှာ ရဟန်းသံဃာတော်တွေ၊ အလုပ်သမား၊ လယ်သမားတွေနဲ့ မြို့မိမြို့ဖတွေက လိုလေသေးမရှိအောင် ကူညီခဲ့ကြတယ်။ မန္တလေးကျောင်းသားသပိတ်မှာ ပါဝင်ခဲ့ကြတဲ့ ကျောင်းတွေကတော့ မန္တလေးဥပစာကောလိပ်၊ ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ ဘီတီအင်အထက်တန်းကျောင်း၊ ဝက်စလီယောက်ကျောင်း၊ ဘုံကျော်ကျောင်း၊ ဆောင်းဒါးယက်ကန်းသင်ကျောင်း (အမရပူရ)၊ နော်မံကျောင်း အစရှိတဲ့ ကျောင်းတွေဖြစ်ကြတယ်။ ကျောင်းအသီးသီးက ခေါင်းဆောင်သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တွေကတော့ မန္တလေးဥပစာကောလိပ်က ကိုအောင်၊ ကိုကိုကြီး၊ ကိုကြည်မောင်၊ ကိုကြည်၊ ကိုခင်ညို၊ မသန်းလှ၊ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကိုစောလှ၊ ကိုအောင်ကျော်ဝင်း၊ ကိုချစ်ထွန်း၊ မအုန်းကြည်၊ ဝက်စလီကျောင်းက ကိုကိုလေး၊ မသန်းသန်း၊ ကယ်လီကျောင်းက ကိုမောင်ကို၊ ကိုထွန်းရှိန်၊ ပေါက်မြိုင်ကျောင်းက ကိုကြည်၊ ကိုအောင်သိန်း၊ ဘုံကျော်ကျောင်းက ကိုကျော်မောင်၊ ကိုဘအင်၊ ကိုဘဌေး၊ ဘီတီအင်ကျောင်းက ကိုထွန်းခင်၊ ကိုတင်ညို၊ ကိုသန်းညွန့်၊ စိန့်ပီတာကျောင်းက ကိုသော်၊ ကိုသိန်းဖေ၊ နော်မံကျောင်းက ကိုကျော်ဝင်း၊ ကိုကိုကြီး၊ ကိုညို

www.burmeseclassic.com

www.burmeseclassic.com



မနှင်းမေ အစရှိသူတို့ဖြစ်ကြပါတယ်။ ဒီခေါင်းဆောင်တွေထဲက ကျောင်းသားအများစုဟာ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအမှုဆောင်အဖွဲ့မှာ ပါကြတဲ့သူတွေ ဖြစ်ကြပါတယ်။ ဒီကျောင်းသားသပိတ်ကြီးမှာ နာမည်မခံဘဲ အဓိကခေါင်းဆောင်သူကတော့ ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ ကျောင်းဆရာ ရဲတပ်ဗိုလ် ဆရာဦးခင်မောင်ကလေးဖြစ်ပါတယ်။ ဆရာကြီးဦးရာဇတ်ရဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသားအားလုံးနီးနီး သပိတ်ထဲ ပါခဲ့ကြပါယ်။ ဒီသပိတ်ကြီးအားလုံးကို နောက်ကွယ်မှ လိုအပ်သလို အကြံပေးခြင်း၊ ညွှန်ကြားခြင်း၊ ရိက္ခာရန်ပုံငွေကို လိုအပ်သလို ဆောင်ရွက်ပေးတဲ့သူကတော့ အာဇာနည်ခေါင်းဆောင်ကြီး ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ ဆရာကြီးဦးရာဇတ်ဖြစ်ပါတယ်။ ဒီကျောင်းသားသပိတ်ကြီးအဖြစ်ကနေ ၁၃၀၀ ပြည့် မန္တလေးအရေးတော်ပုံကြီးအထိ အဆင့်တက်လှမ်းသွားအောင် ပါဝင်ခေါင်းဆောင်ပေးသူတွေကတော့ မန္တလေးလေးပြင်လေးပြင်ဆိုင်ရာ ရဟန်းပျို အဖွဲ့ချုပ်ရဲ့ ထိပ်တန်းခေါင်းဆောင်ဆရာတော်ကြီးများ ဖြစ်ကြပါတယ်။ လေးပြင်လေးရပ်လုံးဆိုင်ရာ ရဟန်းပျို အဖွဲ့ဥက္ကဋ္ဌကြီးများကတော့ -

ဥက္ကဋ္ဌ - ဆရာတော်ဦးဇောတိက

ဥက္ကဋ္ဌ - အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးကလျာဏ

ဥက္ကဋ္ဌ - ဆရာတော်ဦးဇဋိလ

တို့ ဖြစ်ကြပါတယ်။

နယ်ချဲ့အစိုးရဟာ ကျောင်းသားများရဲ့ သပိတ်လက်ခုတ်ဖြင့် အောင်မြင်စွာ စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ ရဟန်းပျိုအဖွဲ့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများ အရေးပါအရာရောက်လာခြင်းတို့ကြောင့် ၁၃၀၀ ပြည့်နှစ် တပို့တွဲ လဆုတ် ၅ ရက် (၈. ၂. ၃၉) နေ့ နံနက်လင်းအားခြင်း အချိန်မှာ ကျောင်းသားသပိတ်ဌာနချုပ် ပြုလုပ်ထားတဲ့ မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်း အဆောက်အအုံကို စစ်တပ်နဲ့ဝိုင်းပြီး သပိတ်မှောက် ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြတဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းသား ကိုချန်ထွန်း၊ ပေါက်မြိုင် အထက်တန်းကျောင်းသား ကိုကြည်၊ ဝက်စလီကျောင်းသား ကိုကိုလေးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်။ တချိန်တည်းမှာပဲ ရဟန်းပျိုအဖွဲ့ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ နန်းဦးတိုက်မှ ရွှေမျက်မှန်ဦးသြဘာသနှင့် အာဇာနည် ဦးသုမနတို့ကိုလည်း ဖမ်းဆီးလိုက်ကြတယ်။ သူတို့ကို မတရားတဲ့ပုဒ်မတပ်ပြီး ပုဒ်မ-၁၀၇/ ၁၀၈ ဗြိတိသျှအစိုးရကို အကြည်ညိုပျက်အောင် ဟောပြောပြီး ဆူပူအောင်လှုံ့ ဆော်သည်ဟူသော အကြောင်းပြချက်နှင့် ဖမ်းဆီးခြင်းဖြစ်ပါတယ်။ အဲဒီလို ဖမ်းဆီးတာကြောင့် မန္တလေးမြို့ လူထုတစ်ရပ်လုံး အုံကြွလာခဲ့ကြပြီး တပို့တွဲလပြည့်ကျော် ၆ ရက် (၉. ၂. ၃၉)နေ့၊ နေ့လယ် ၁၂ နာရီအချိန်တွင် မန္တလေး မြို့ အိမ်တော်ရာဘုရားအတွင်း ၁၄ ခန်း ဇရပ်ကြီးမှာ လူထုအစည်းအဝေးပွဲကြီး ကျင်းပခဲ့ကြတယ်။ အစည်းအဝေးပွဲကြီးမှာ သဘာပတိအဖြစ် ဆရာတော် ဦးကလျာဏဆောင်ရွက်ခဲ့ပြီး အတွင်းရေးမှူးအဖြစ် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ ဆရာဦးထွန်းမောင်က ဆောင်ရွက်ခဲ့တယ်။ လူထုနှစ်သောင်းကျော်တက်ရောက်ခဲ့ကြပြီးဘာသာရေးကိစ္စ၊ကျောင်းသားလွှတ်တော်ကို ထောက်ခံခြင်း၊ အုပ်ချုပ်ရေးတို့ကို တိုက်ဖျက်ရန် သဘောတူထောက်ခံခြင်း၊မြန်မာဖြစ်အားပေးရန် ဆုံးဖြတ်ခြင်းတို့ကို ချမှတ်ခဲ့ကြပါတယ်။

အစည်းအဝေးအပြီး စီတန်းလှည့်လည် ဆန္ဒပြဖို့ စီစဉ်ခဲ့ကြပေမယ့် အချိန်မရှိတော့တာကြောင့် နောက်တစ်နေ့ ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့် ကျော် ၇ ရက် (၁၀. ၂. ၃၉)နေ့ နံနက် ၁၁ နာရီအချိန်မှာ မန္တလေးမြို့ရှိ ရဟန်း သံဃာတော်များ၊ ကျောင်းသူကျောင်းသားများ၊ ဈေးသူဈေးသားများနှင့်တကွ မြို့သူမြို့သားများသည် ရပ်ကွက်အလိုက် အသင်းအပင်းအဖွဲ့အစည်းအလိုက် အစည်းအရုံးအလိုက် အိမ်တော်ရာဘုရားသို့ တဖွဲဖွဲ ချီတက်စုရုန်းခဲ့ကြတယ်။ မတ္တရာ၊ ကျောက်ဆည်၊ အမရပူရ၊ စစ်ကိုင်း အစရှိတဲ့ အနီးအနားမြို့များမှ ထောက်ခံအားပေးလိုသူများကလည်း အချိန်မီ စုဝေးရောက်ရှိနေကြတယ်။ နေ့ ၁ နာရီအချိန်မှာ ချီတက်ဆန္ဒပြပွဲ ဥက္ကဋ္ဌဦးကလျာဏရဲ့ အမိန့်အရ အမျိုးသားကျောင်းမှ ဆရာဦးထွန်းမောင်က အသံချဲ့စက်နှင့် စည်းကမ်းသေဝပ်စွာ ချီတက်ကြဖို့ မေတ္တာရပ်ခံပြီး စီတန်းလှည့်လည်ပွဲကို စတင်ချီတက်ရန် ကြေညာခဲ့ပါတယ်။ ချီတက်ရာမှ ရှေ့ဆုံးက ရဟန်းတော်တွေက သုံးရောင်ခြယ်တို့ဗမာ အမျိုးသားအလံကို ကိုင်ဆောင်လျက် စည်းကမ်းသေဝပ်စွာ ချီတက်ခဲ့ကြတယ်။ နေ့လယ် ၂ နာရီအချိန် ၂၆ လမ်း ထိပ် ကြေးနန်းရုံးတောင်ဘက်ကို ချီတက်လာကြတဲ့ တပ်ဦးရောက်ရှိလာတဲ့အခါ မန္တလေးအရေးပိုင် မစ္စတာ

www.burmeseclassic.com



လက်နှင့် ရာဇဝတ်ဝန်ကြီး မစ္စတာရိန်းတို့ခေါင်းဆောင်တဲ့ စစ်တပ်ပုလိပ်တပ်တို့နဲ့ ရင်ဆိုင်တွေ့ခဲ့တယ်။ အဲဒီအခါ မန္တလေးအရေးပိုင် မစ္စတာလက်က ရှေ့မတိုးဘဲ ပြန်ကြဖို့ စုံထောက်မစ္စတာဒေးဗစ်ကို သုံးကြိမ်ပြောခိုင်းလိုက်တယ်။ ရှေ့ဆုံးက ရဟန်းတော်တွေက ကျုပ်တို့မှာ လက်နက်ဆို၍ ဘာတစ်ခုမှမပါလို့ ပြန်ပြောခဲ့တယ်။ အရေးပိုင်ကမပြန်ရင် သေနတ်နဲ့ပစ်မယ်လို့ ပြောခဲ့ပြန်တယ်။ ရဟန်းတော်တွေက ငါတို့ရှေ့မတိုးဘူး ဥက္ကဋ္ဌအမိန့်ကို ဒီနေရာက ရပ်ပြီးစောင့်နေတယ်လို့ ပြန်ပြောခဲ့တယ်။ အရေးပိုင်က ကြိမ်လုံးကိုင်ကာ ရပ်နေတဲ့ ပုလိပ်တွေကို ရုပ်သိမ်းပြီးသေနတ်ကိုင်ဘားမားရိုင်ဖယ်စစ်သားတွေကို ရှေ့ကို တိုးစေခဲ့ကာ သေနတ်နှင့်ပစ်ဖို့ အမိန့်ထုတ်လိုက်တယ်။

ပထမအကြိမ် ပစ်ခတ်လိုက်တဲ့အခါ သံဃာတော် ငါးပါးနေရာမှာတင် ကျဆုံးသွားခဲ့ရတယ်။ အလယ်မှ ကျည်ဆန်ထိမှန်တဲ့ သံဃာတော်နှစ်ပါး ကိုင်ဆောင်ထားတဲ့ သုံးရောင်ခြယ်အလံတော်ဟာ လဲကျမသွားခဲ့ဘူး။ ကျဆုံးသွားတဲ့ သံဃာတော်ငါးပါးကတော့ -

၁။ ဦးပဏ္ဍိတ၊ တောင်ထီးလင်းတိုက်၊ မန္တလေး။ သက်တော် ၂၈ နှစ်

၂။ ဦးပညာတေဇ၊ ငွေးချိုတိုက်၊ မန္တလေး။ သက်တော် ၂၅ နှစ်

၃။ ဦးဝေပုလ္လ၊ တူမောင်းတိုက်၊ အမရပူရ၊ မန္တလေး။ အသက် ၂၇နှစ်

၄။ ဦးဇနိတ၊ စကုတိုက်၊ မန္တလေး။ သက်တော် ၃၅ နှစ်

၅။ ဦးအာလောက၊ ငွေတောင်တိုက်၊ မန္တလေး။ သက်တော် ၃၀ နှစ်တို့ ဖြစ်ကြတယ်။

ဒဏ်ရာရတဲ့ သံဃာတော်များကတော့ -

၁။ ဦးဥတ္တမ၊ နန်းဦးတိုက်၊ မန္တလေး။

၂။ ဦးကောသလ္လ၊ တောင်သမန်တိုက်၊ မန္တလေး။

၃။ ဦးတိလောက၊ ဆီမီးထွန်းတိုက်၊ မန္တလေး။

၄။ ဦးကေတု၊ ဆင်တဲတိုက်သစ်၊ မန္တလေး။ တို့ ဖြစ်ကြတယ်။

ဒုတိယအကြိမ်ပစ်ခတ်ရာမှာ ကျဆုံးသွားတဲ့သူတွေကတော့ -

၁။ ဦးကေလာသ - ခင်မကန်ကျောင်းတိုက်

၂။ မောင်ဘဒွေး - ဝက်စလီကျောင်း

၃။ မောင်လှမောင် - ဦးနိဗ္ဗန္ဓကျောင်း

၄။ မောင်မူ - ခုံတော်မင်းဝင်း၊ ကြေးနန်းရုံးမြောက်ဘက်တို့ ဖြစ်ကြတယ်။

ဒဏ်ရာရသူတွေကတော့ -

၁။ ကာကာဆင်ခေါ် မောင်ဘသန်း - ကယ်လီကျောင်း

၂။ မောင်အောင်သိန်း - ပေါက်မြိုင်ကျောင်း

၃။ မောင်လှမြင့် - အမျိုးသားကျောင်း

၄။ ကိုလှမောင် - ရန်ကုန်ကျောင်းသားများသမဂ္ဂကိုယ်စားလှယ်

၅။ မောင်ဒွေးခေါ် မောင်ဖေ - မင်္ဂလာဈေး

၆။ မောင်သန်းတို့ ဖြစ်ကြတယ်။

တတိယအကြိမ် ပစ်ခတ်ရာမှာ ကျဆုံးသွားသူတွေကတော့ -

၁။ ကိုထွန်းအောင် - ဆိုင်းတန်း

၂။ ကိုအောင်ထွန်း - ဒက္ခိဏာဝန်တိုက်

၃။ ကိုခင်မောင် - ဥယျာဉ်တန်း

၄။ ကိုဘလွန်း - သရက်ပင်

၅။ ကိုခင်မောင် (ခေါ်) ရွှေရိုး - တရုတ်တန်း

၆။ ကိုထွန်းအိ - မရမ်းခြံတို့ ဖြစ်ကြတယ်။

ဒဏ်ရာရသူတွေကတော့ -

၁။ ဦးနွဲ့ကြီး - တီးဝင်း၊ မန္တလေး။

၂။ သခင်ရွှေ (ခေါ်) ဂျွန်ရွှေ - ဆိုင်းတန်း၊ ဆံပင်ညှပ်ဆိုင်၊ မန္တလေး။

၃။ ဦးဘစော - ဆေးဆရာ၊ စိန်ပန်း။

၄။ မောင်ခင်မောင် - ထီးဝင်း၊ မန္တလေးတို့ ဖြစ်ကြတယ်။

နယ်ချဲ့ကလက်ပါးစေတွေဟာ အဲဒီလောက် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်သတ်ဖြတ်တာကို အားမရသေးဘဲ ဒဏ်ရာရလို့ ဆေးရုံတက်ကုသနေသူတွေကိုလည်း ပုဒ်မ-၁၄၅ နှင့် တရားစွဲခဲ့ပြန်တယ်။ နောက်တစ်နေ့ဖေဖော်ဝါရီလ၁၁ရက်နဲ့၁၂ရက်နေ့တွေမှာလည်း ခေါင်းဆောင်တွေကို ဖမ်းဆီးခဲ့ကြတယ်။ ၁၂ ရက်နေ့မှာ မန္တလေး ဒုတိယအရေးပိုင်ဦးဘစီက ထောင်အတွင်းမှာပဲ ရုံးထိုင်ပြီး -

၁။ ကိုချန်ထွန်း - ဗဟိုအမျိုးသားကျောင်း

၂။ ကိုအောင်ကျော်ဝင်း-ဗဟိုအမျိုးသားကျောင်း



www.burmeseclassic.com

www.burmeseclassic.com



၃။ ကိုကြည် - ပေါက်မြိုင်ကျောင်း
၄။ ကိုကိုကြည် - ဝက်စလီကျောင်း
၅။ ရွှေမျက်မှန်ဦးဩဘာသ - ရဟန်းပျိုအဖွဲ့
၆။ အာဇာနည်ဦးသုမန - ရဟန်းပျိုအဖွဲ့တို့ကို

ထောင်ဒဏ်တစ်နှစ်စီ၊ ရဟန်းပျိုအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးကလျာဏနှင့် ကျောင်းသားခေါင်းဆောင် ကိုအောင်တို့ကို ထောင်ဒဏ်နှစ်လစီ အပြစ်ပေးခဲ့တယ်။

ကျဆုံးသွားတဲ့ အာဇာနည် ၁၅ ဦးရဲ့ ရုပ်ကလာပ်တွေကို ဆရာကြီးဦးရာဇတ်ရဲ့ လမ်းညွှန်ချက်အတိုင်း ဆရာဦးခင်မောင်ကလေးက မြို့မိ၊ မြို့ဖတွေနဲ့ တိုင်ပင်ပြီး ဈာပနကော်မတီကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းခဲ့ကြတယ်။ မြို့လူကြီးတွေဖြစ်ကြတဲ့ ရွှေပြည်ဦးဘတင်၊ ကျက်သရေဆောင် ဦးဘတင်၊ ဆရာဦးထွန်းမောင်၊ မန္တလေး သူရိယသတင်းစာတိုက်ပိုင်ရှင်ဦးထွန်းရှင်၊ ဘီဘီအိုအေ ဘဏ်တိုက်မန်နေဂျာဦးတင်၊ မန်းညွန့်ဦးမောင်ကလေး၊ မင်းဘူးဦးမောင်မောင်၊ ဆရာကြီးဝဏ္ဏကျော်ထင်ဦးဘခင် အစရှိတဲ့ မြို့မိ၊ မြို့ဖတွေ ပါဝင်ခဲ့ကြတယ်။ ဆေးရုံမှာရှိတဲ့ ရုပ်ကလာပ်တွေကို ဈာပနကော်မတီက သက်ဆိုင်ရာများထံက ပြန်လည်တောင်းယူပြီး အိမ်တော်ရာမှာ ထားရှိခဲ့တယ်။ အာဇာနည် ၁၇ ဦး ဆို ပေမယ့် ၁၇. ၂. ၁၉၃၉ နေ့ အိမ်တော်ရာ ဘုရားကနေ အာဇာနည်ဗိမာန်ရှိတဲ့ သူကြွယ်ကုန်းကို ဈာပနအခမ်းအနားနဲ့ သယ်ဆောင်သွားတဲ့အခါ အာဇာနည် ၁၅ ဦးသာ ရှိပါသေးတယ်။ ဒီအာဇာနည် ၁၅ ဦးရဲ့ ရုပ်ကလာပ်တွေကို အခမ်းအနားနှင့် သဂြိုဟ်ပို့ သယ်ဆောင်သွားတဲ့နေ့မှာပဲ ဆေးရုံမှာ သေနတ်ဒဏ်ရာတွေနှင့် တက်ရောက်ကုသနေတဲ့ဆင်တဲတိုက်သစ်ကဦးကေတု ပျံလွန်တော်မူသွားခဲ့တယ်။ သက်ဆိုင်ရာကျောင်းတိုက်က ဒကာ၊ ဒကာမတွေက ချက်ချင်းအလောင်းတော်ကို ပြဿဒ်တင်မော်တော်ယာဉ်နှင့် ရွှေထီးလေးလက်မိုးကာ အာဇာနည် ၁၅ဦးနှင့် တစ်ပြိုင်နက်တည်း ဂူသွင်းမြှုပ်နှံဖို့ သယ်ဆောင်ခဲ့တယ်။ အာဇာနည် ၁၅ ဦးရဲ့ ရုပ်ကလာပ်တွေ သူကြွယ်ကုန်းအာဇာနည်ဗိမာန် ရောက်လာခဲ့ပြီးနောက် ညနေ ၃ နာရီမှာ ဦးကေတုရုပ်ကလာပ် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ ၁၇ ဦး မြောက် အာဇာနည်ကတော့ ဆေးရုံမှာ ၈ ရက်ကျ ကုသရင်း ကျဆုံးသွားရတဲ့ အာဇာနည်မောင်ခင်မောင် (ခေါ်) မောင်ရွှေရိုးဖြစ်ပါတယ်။

သူ့ရုပ်ကလာပ်ကိုလည်း မဟာလောကရံသီအိမ်တော်ရာ ဘုရားအတွင်းမှာရှိတဲ့ ၁၄ ခန်းဇရပ်မှာ ပြင်ဆင်ကြပါတယ်။ ရုပ်ကလာပ်ကို အခမ်းအနားနှင့် ထုတ်ယူလာကြပါတယ်။ အာဇာနည် ၁၆ ဦး ပိုပဆောင်တဲ့နည်းတူ မောင်ခင်မောင် (ခေါ်) မောင်ရွှေရိုးရဲ့ ဈာပနကို ကျင်းပခဲ့ကြတယ်။ ကျဆုံးသွားကြတဲ့ အာဇာနည် ၁၇ ဦးကို မန္တလေးလူထုက ဗိုလ်အမည်တပ်ကာ 'နေမျိုးမဟာသီဟ သူရ'ပြည်ချစ်အာဇာနည်ဘွဲ့ ပေးအပ်လိုက်ကြတယ်။ ဈာပနအခမ်းအနားမှာ ရတနာပုံ လေးပြင်လေးရပ်လုံးဆိုင်ရာ ရဟန်းပျိုများအဖွဲ့ချုပ်ကြီး ဥက္ကဋ္ဌ ဆရာတော်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ မိန့်ခွန်းကို ဒုတိယဥက္ကဋ္ဌကိုမောင်ကိုက ဖတ်ကြားခဲ့တယ်။ ဥက္ကဋ္ဌ ကိုအောင်မှာ အာဇာနည်များကျဆုံးတဲ့ညက နယ်ချဲ့အစိုးရရဲ့ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ လက်ညှိုးထောင်ကိုသိန်းအောင်ရဲ့ကိုယ်စားသမဂ္ဂကိုယ်စားလှယ် ကိုသိန်းမောင်က ဖတ်ကြားခဲ့တယ်။ ကိုဘဟိန်းအဖမ်းခံရတော့ ဒုတိယဥက္ကဋ္ဌ ကိုလှရွှေက ဥက္ကဋ္ဌတာဝန်ယူခဲ့တယ်။ ကိုလှရွှေအဖမ်းခံရတော့ ငွေထိန်း ကိုသိန်းအောင်က ဥက္ကဋ္ဌ တာဝန်ယူခဲ့တယ်။ ဈာပနအခမ်းအနားကို ညနေ ၆ နာရီကျော်မှ အေးချမ်းစွာ ရုပ်သိမ်းခဲ့ကြတယ်။ အာဇာနည်တွေရဲ့ ဈာပနကို အမြို့မြို့အနယ်နယ်အပါအဝင် မြို့လုံးကျွတ် ကြောက်ခမန်းလိလိ လိုက်ပါပို့ ဆောင်ခဲ့ကြပါတယ်။

## ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားခြင်း၊ ဦးပု ညွန့်ပေါင်းအစိုးရ တက်လာခြင်း

အလုပ်သမား လှုပ်ရှားမှုများ၊ တောင်သူလယ်သမား လှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများကို အခြေခံသော ပြည်သူလူထုတစ်ရပ်လုံး၏ လှုပ်ရှားမှုများ ဖြစ်ပေါ်နေစဉ် မြန်မာပြည်ဘုရင်ခံသည် ၉၁ ဌာနအုပ်ချုပ်ရေး ဥပဒေပြုလွှတ်တော်ကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ ကျင်းပရန် ခေါ်ခဲ့သည်။ အဲဒီလို ဆင့်ခေါ်လိုက်တဲ့အတွက် ညွန့်ပေါင်းအစိုးရကို ဖြုတ်ချဖို့ ကြိုးပမ်းမှုတွေဟာ ပိုမိုပြင်းထန်လာခဲ့ကြတယ်။ တို့ဗမာသခင်တွေက ၉၁ ဌာနအုပ်ချုပ်ရေးကို မပျောက်ပျက်အောင် တိုက်ဖျက်ရမယ့် နည်းဗျူဟာကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးကို လက်ခံတဲ့ အစိုးရအဖွဲ့တိုင်းကို တိုက်ဖျက်ရမှာ ဖြစ်ပါတယ်။ ဦးပု၊ ဦးဘဖေ၊ ဦးစော အစရှိတဲ့ လွှတ်တော်တွင်း

www.burmeseclassic.com



အတိုက်အခံတွေကတော့ ညွန့်ပေါင်းအစိုးရကို တိုက်ဖျက်ပြီး အစားထိုးဝင်ရောက်ကြမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ လွှတ်တော်အစည်းအဝေးမှာ ညွန့်ပေါင်းစိုးရ ဖြုတ်ချရေး အယုံအကြည်မရှိ အဆိုကို တင်သွင်းခဲ့ရာ ထောက်ခံသူ ၇၀၊ ကန့်ကွက်သူ ၃၇၊ ကြားနေ ၁၁ ဖြင့် အဆိုအခိုင်ရသွားခဲ့ပြီး ဒေါက်တာဘမော် ဦးဆောင်တဲ့ ညွန့်ပေါင်းအစိုးရပြုတ်ကျသွားခဲ့တယ်။ ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရနေရာမှာ ဦးပုညွန့် ပေါင်းအစိုးရ တက်ရောက်လာခဲ့တယ်။ ဦးပုညွန့်ပေါင်းအစိုးရတက်လာတဲ့ အခါကျောင်းသားသပိတ်အရေးကိစ္စကိုဖြေရှင်းဖို့အတွက် ကျောင်းသားခေါင်းဆောင် ကိုလှရွှေခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့် ဆာဦးသွင်အစရှိတဲ့ လူကြီးတွေကို ဗဟိုပြုကာ ဆွေးနွေးခဲ့ကြတယ်။ အဲဒီလို ဆွေးနွေးပြီးတဲ့နောက်မှာ ဖေဖော်ဝါရီလ ၂၇ ရက်နေ့စွဲနှင့် ကျောင်းသားသမဂ္ဂမှ ကျောင်းသားများသပိတ်လှန်ကြောင်း ကိုလှရွှေအမည်နဲ့ ကြေညာချက်ထုတ်ပြန်ခဲ့တယ်။ ဒါ့အပြင် အစိုးရနှင့် ကျောင်းသားတို့ရဲ့ သဘောတူညီချက်ကို သတင်းစာများမှာ ထည့်သွင်းဖော်ပြခဲ့တယ်။ ဦးပု၊ ဦးသွင်နှင့် ကိုလှရွှေတို့တွေရဲ့ သပိတ်အရေးက မပြီးပြတ်သေးခဲ့ဘူး။ အလုပ်သမားသပိတ်တွေ ဆက်လက်တိုးပွားလျက်ရှိခဲ့တယ်။ သပိတ်လွှတ်တော်ဟာ ဆိုင်ရာဆိုင်ရာ အလုပ်ရှင်ကုမ္ပဏီတွေနဲ့ စေ့စပ်ဆွေးနွေးညှိနှိုင်းခဲ့တယ်။ ကုမ္ပဏီတိုင်းလိုလိုက သပိတ်လွှတ်တော်တင်ပြခဲ့တဲ့ အလုပ်သမားတွေကို အနည်းဆုံးလုပ်ခ ဆယ်ရာခိုင်နှုန်း တိုးပေးဖို့ တောင်းဆိုခဲ့ကြတယ်။ ကုမ္ပဏီတိုင်းလိုလိုက လိုက်လျောမယ်လို့ ကတိပေးခဲ့ကြတယ်။ အလုပ်ရှင်နဲ့ စေ့စပ်ပြီး ပြေငြိမ်းမှုရတဲ့အခါ သပိတ်မှောက်အလုပ်သမား ခေါင်းဆောင်များစွာမှာ အလုပ်ပြန်မရခဲ့ကြဘူး။ သပိတခေါင်းဆောင်အများအပြား အလုပ်ပြန်မရပေမယ့် လုပ်ခတိုးရေးနှင့် လုပ်ငန်းခွင်သာယာရေးတို့မှာ အရင်ကထက်တိုးပြီး ရရှိလာတယ်ဆိုတာ ထင်ရှားလာပါတယ်။

**သုံးသပ်ချက်** - ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် သံဃာတော်တွေနဲ့လူပုဂ္ဂိုလ်တွေ စုစုပေါင်း ၃၁ ဦး ကျဆုံးခဲ့ပါတယ်။ လူပေါင်း ၂၀၀၀ ခန့် အဖမ်းခံခဲ့ရတယ်။ အမြို့မြို့အနယ်နယ်က ကျောင်းသားကျောင်းသူတွေ၊ အလုပ်သမားတွေ၊ လယ်သမားတွေ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြတယ်။ တို့ဗမာအစည်းအရုံးကြီးက အရေးတော်ပုံကြီးတစ်ရပ်လုံးကို နိုင်ငံရေးအရ ဦးဆောင်ခဲ့ပါတယ်။ ဝံသာနုခေတ်က မအောင်မြင်ခဲ့တဲ့ လူထုတော်လှန်ရေးတိုက်ပွဲကြီးကို တို့ဗမာအစည်းအရုံးက ပုခုံးပြောင်း တာဝန်ယူကာ ဆင်နွှဲခဲ့ခြင်းဖြစ်ပါတယ်။ ရေနံမြေအလုပ်သမားတို့ရဲ့ သပိတ်တိုက်ပွဲကို ၉၁ ဌာနရအုပ်ချုပ်ရေးတိုက်ပွဲကနေ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်တော်ရေးတိုက်ပွဲအထိ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအဖြစ် တိုးမြှင့်လုပ်ဆောင်ခဲ့ကြတယ်။ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ တရားသဖြင့် တောင်းဆိုမှုများကို ကျောင်းသားဝန်ကြီးနှင့် ပြည်သူတစ်ရပ်လုံးက ထောက်ခံအားပေးခဲ့ကြတယ်။ တကယ့်ရန်သူစနစ်ဖြစ်တဲ့ နယ်ချဲ့စနစ်ကို ကွက်ကွက်ကွင်းကွင်း သိမြင်စေခဲ့တယ်။ တို့ဗမာအစည်းအရုံး ရှေ့ဆောင်ခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ

၁။ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီးကို အဓိကအင်အားဖြစ်တဲ့ အလုပ်သမား၊ တောင်သူလယ်သမားများနှင့် ကျောင်းသားကျောင်းသူတို့၏ အဆင့်မြင့်နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဌာန်ဖြင့် ဖော်ထုတ်နိုင်ခဲ့ခြင်း။

၂။ မြောက်မြားစွာသော သပိတ်တပ်သားအပေါင်းတို့သည် လက်တွေ့တိုက်ပွဲ နိုင်ငံရေးတက္ကသိုလ်မှ အောင်မြင်သော ကျောင်းဆင်းတပ်သားများ ဖြစ်လာခြင်း။

၃။ သပိတ်တပ်သားများသည် မိမိတို့အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တစ်ခုခုကို ဝင်ရောက်လုပ်ကိုင်ကြရာ၌ သပိတ်တိုက်ပွဲများ၏ အတွေ့အကြုံများကို ရရှိအောင်နိုင်သူများဖြစ်လာခြင်း

၄။ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးနှင့် ကိုယ့်မင်း ကိုယ့်ချင်းနိုင်ငံ ထူထောင်ရေးများအတွက် အမြဲတေတပ်သားများ မွေးထုတ်နိုင်ခြင်း၊ ပြည်သူတို့၏ စည်းရုံးရေးတပ်ပေါင်းစု ပုံစံသစ်ကို ဖော်ထုတ်နိုင်ခြင်းဖြင့် အနာဂတ်လူမှုတော်လှန်ရေးအတွက် အင်အားအနေအထားကို ခန့်မှန်းတွက်ချက်နိုင်စေခြင်း။

စတဲ့ အချက်တွေဟာ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးက ပေးအပ်လိုက်တဲ့ သမိုင်းတန်ဖိုးများ ဖြစ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၀၀ပြည့်အရေးတော်ပုံကြီး၏အဆုံးသတ်ကဏ္ဍ

ဒေါက်တာဘမော်ခေါင်းဆောင်တဲ့ညွန့်ပေါင်းအစိုးရဟာ၁၃၀၀ပြည့်အရေးတော်ပုံကြီးကြောင့် ပြုတ်ကျသွားခဲ့ရတယ်။ ၁၉၃၉ခုနှစ် ဖေဖော်ဝါရီ (၁၆)ရက်နေ့မှာ လွှတ်တော်အစည်းအဝေးပြုလုပ်တဲ့အခါမှာ ညွန့်ပေါင်းအစိုးရကို အယုံအကြည်မရှိကြောင်းအဆိုကို မဲခွဲဆုံးဖြတ်ခဲ့တယ်။ ထောက်ခံသူ(၇၀)ဦးနဲ့ ကန့်ကွက်သူ(၃၇)ဦး၊ ကြားနေ(၁၁)ဦးနဲ့ အဆိုအနိုင်ရရှိသွားခဲ့တယ်။ ဒေါက်တာ ဘမော်ညွန့်ပေါင်းအစိုးရနေရာမှာ ဦးပုခေါင်းဆောင်တဲ့ ညွန့်ပေါင်းအစိုးရ တက်ရောက်ခဲ့လာတယ်။ ဦးပုအစိုးရ ဟာ တတ်လာလျှင်တတ်လာချင်း ကျောင်းသားသပိတ်အရေးကို ဖြေရှင်းဖို့ ကိုလှရွှေခေါင်းဆောင်တဲ့ ကျောင်းသား ကိုယ်စားလှယ်များ၊ ဆာဦးသွင်ခေါင်းဆောင်တဲ့ မြို့မိမြို့ဖများကို တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ အဲဒီလို ဆွေးနွေးပြီးနောက် ဖေဖော်ဝါရီ (၂၇)ရက်နေ့စွဲနဲ့ ကျောင်းသားများသပိတ်လှန်ကြောင်း ကိုလှရွှေအမည်နဲ့ ကြေငြာချက် ထုတ်ပြန်ခဲ့တယ်။ ဒါ့အပြင် အစိုးရနဲ့ ကျောင်းသားတို့ရဲ့ သဘောတူညီချက်ကိုလည်း သတင်းစာတွေထဲမှာ ထည့်သွင်းဖော်ပြခဲ့တယ်။ ကျောင်းသားများ သပိတ်လှန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်မြို့၊ မြို့မကျောင်းမှာဖွင့်ထားတဲ့ ကျောင်းသားသပိတ်စခန်းမှာ လက်ခံသူနဲ့ လက်မခံသူနှစ်ပိုင်းကွဲသွားတယ်။ ကိုသန်းတင် (ရဲရဲတောက်) ခေါင်းဆောင်တဲ့ သပိတ်မလှန်ရန် ဆုံးဖြတ်ခဲ့တဲ့ ကျောင်းသားတွေက သပိတ်မှောက်အလုပ်သမားတွေနဲ့ပူးပေါင်းဘို့ ရွှေတိဂုံစေတီတော်သပိတ်စခန်းကို ပြောင်းရွှေ့သွားခဲ့ကြတယ်။ ရွှေတိဂုံစေတီတော်အလယ်ပစ္စယံအရှေ့ဘက်စောင်းတန်းဇရပ်တွေမှာ စခန်းချခဲ့ကြတယ်။ ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ ၁၉၃၉-ခုနှစ် မတ်လ ပထမပတ်မှာ ထောင်က လွှတ်ခဲ့ကြတယ်။ လွှတ်လာချင်း ဒုတိယအကြိမ် ကျောင်းသားလွှတ်တော်အစည်းအဝေးကိုမတ်လ ၈-ရက်နေ့မှာခေါ်ယူခဲ့ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂရဲ့ သပိတ်တော်လှန်ရေး ဆုံးဖြတ်ချက်ကို လက်ခံကြောင်း မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ကြတယ်။ အဲဒီနည်းအားဖြင့် ကျောင်းသားသပိတ်မှာ နိဂုံးချုပ်သွားခဲ့ရတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း ကျောင်းသားတွေ သပိတ်လှန်ခြင်းဟာ အလုပ်သမားပေါင်းစုံသပိတ်ကြီးလို့ ပြင်းထန်စွာ ဂယက်ရိုက်ခဲ့တယ်။ မြို့နေလူတန်းစားအများစုက သွေဝေယိမ်းယိုင်မှုဖြစ်ခဲ့ပြီး ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ဆက်လက်ထောက်ခံမှု လျော့နည်းသွားခဲ့ရတယ်။ အလုပ်သမားတွေအတွင်းမှာလည်း စိတ်အားထက်သန်မှု လျော့ကျလာခဲ့တယ်။ ကျောင်းသားများ သပိတ်လှန်ခြင်းကြောင့် အလုပ်သမားသပိတ်ကြီးအပေါ် ပြည်သူတို့ စိတ်ဝင်စားမှုကြီးစွာ လျော့ကျသွားတာကို တွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ တို့ဗမာအစည်းအရုံးကြီးဟာ အရေးတော်ပုံကြီးအတွက် ရှေ့ဆောင်နေရစဥ်မှာ လောလောဆယ် ဖြစ်ပေါ်နေတဲ့ ပြည်တွင်းနိုင်ငံရေးနဲ့ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးတို့အပေါ် ဆင်ခြင်သုံးသပ်ပြီး တိကျမှန်ကန်တဲ့ ရှေ့လုပ်ငန်းစဥ်ချမှတ်နိုင်သို့ လိုအပ်လာကြသည်။ ဒါကြောင့် နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကြီးရဲ့ စတုတ္ထအကြိမ်မြောက်ညီလာခံကို မော်လမြိုင်မြို့မှာ ကျင်းပဖို့စီမံခဲ့ကြတယ်။ ၁၉၃၉ ခုနှစ် ဧပြီလဆန်းမှာ ကျင်းပမယ့် မော်လမြိုင်ညီလာခံကြီးအတွက် ရွှေတိဂုံစေတီတော်မော်လမြိုင်ဇရပ်မှာ ခေတ္တဌာနချုပ် ပြုလုပ်ထားတဲ့ တို့ဗမာအစည်းအရုံးကြီးရဲ့ အလုပ်အမှုဆောင်အဖွဲ့နဲ့တကွ ဌာနချုပ်တစ်ခုလုံး မော်လမြိုင်မြို့ကို မတ်လဆန်းကနေစပြီး ပြောင်းရွှေ့သွားကြတယ်။ ရန်ကုန်စီရင်စုခေါင်းဆောင်တွေက ကူညီပံ့ပိုးပေးဘို့ မော်လမြိုင်မြို့ကို ကြိုတင်သွားရောက်ခဲ့ကြတယ်။ ဒါ့ကြောင့် ရန်ကုန်သပိတ်စခန်းမှာ သခင်သိန်းမောင်ကြီး (မီးတုတ်)ခေါင်းဆောင်တဲ့ သခင်များနဲ့ သပိတ်မှောက်အလုပ်သမားခေါင်းဆောင်တွေသာ ကျန်ခဲ့ပါတယ်။ အလုပ်ရပ်စဲခံရသောအလုပ်သမားပေါင်းစုံ သပိတ်လွှတ်တော်ဟာ သပိတ်တပ်အသီးသီးက ခေါင်းဆောင်တွေ၊ ရေနံမြေခေါင်းဆောင်တွေနဲ့ ဒူးတိုက်ဆွေးနွေးပြီး သပိတ်တိုက်ပွဲကို ဆင်နွှဲခဲ့ကြတယ်။ သခင်ဖိုးလှကြီး၊ သခင်ဖေကြီး၊ ခေါင်းဆောင်တဲ့ရေနံတပ်သား(၁၀၀)ဦးဟာ ၁၉၃၉ ခုနှစ် မတ်လ(၁၂)ရက်ညနေမှာ ဗိုလ်တစ်ထောင်ဘုရားကိုချီတတ်သွားခဲ့ကြတယ်။ ဘုရားဖူးပြီးနောက် ဗိုလ်တစ်ထောင်ဘုရားမှာ ညအိပ်ခဲ့ကြတယ်။ နောက်တစ်နေ့(၁၃)ရက်နေ့မှာ ဗိုလ်တစ်ထောင်ဘုရားနဲ့ အနီးဆုံးဖြစ်တဲ့ ဗိုလ်တစ်ထောင် ခနိတော (ဘီအိုစီ) (အိုင်ပီ) ကုမ္ပဏီ ဓါတ်ဆီသိုလှောင်ရေးဌာနများသို့ သွားရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

## ၁၃၀၀ပြည့် အရေးတော်ပုံ

အပေါက်များပိတ်ကာ သပိတ်တားခဲ့ကြတယ်။ အလားတူ သပိတ်ပေါင်းစုံမ တပ်သား(၁၀၀)ကျော်တို့ဟာ စက်ရုံ အလုပ်ရုံအသီးသီးသို့သွားရောက်ပြီး သပိတ်တားခဲ့ကြရာ အလုံအာရ်အီးဘီဘတ်စ်ကား ဂိုဒေါင်ဝင်း၊ ကျောက်မြောင်း ဓါတ်ရထားဂိုဒေါင်၊ ပုသိမ်ညွှန့်မီးခြစ်စက်ရုံတို့ ဖြစ်ခဲ့ကြတယ်။ နံနက်(၇)နာရီမှာ လက်နက်ကိုင်ပုလိပ်တွေ ရောက်ရှိလာခဲ့ကြပြီး သပိတ်တားအလုပ်သမား(၄၀၀)ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြတယ်။

ရန်ကုန်ထောင်ကြီးအတွင်း အပြစ်ပေးခြင်းခံနေရတဲ့ သပိတ်သမားအားလုံးကို အမှတ် (၇) ထောင်မှာ အတူတကွထားရှိခဲ့ကြတယ်။ ၁၉၃၉ခုနှစ် ဧပြီလက စပြီး ရေနံမြေသပိတ်တားတွေကို တသီးတခြားအမှတ်(၅) နဲ့ ထောင်တွေကို ပို့လိုက်တယ်။ နောက်ပိုင်းမှာ သခင်ဖိုးလှကြီးနဲ့ရန်ကုန်ထောင်အတွင်းမှာရှိတဲ့ ရေနံတပ်သား အားလုံးကို ဧရာဝတီသင်္ဘောနဲ့ရေနံမြေကို ပြန်လည်ပို့ဆောင်ခဲ့တယ်။ သခင်ဖိုးလှကြီးဟာ (၂၉. ၄. ၃၉)နေ့မှာ ရေနံမြေမှာ ရန်ကုန်မြို့ကို မီးရထားနဲ့ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ သခင်ဖိုးလှကြီးနဲ့ ရေနံတပ်သား (၂၀၀)ကျော်တို့ဟာ မေလ(၁၀)ရက် နံနက်(၆)နာရီခွဲမှာ စည်းဝေးခဲ့ကြပြီး အစိုးရပေးတဲ့ ခရီးစရိတ်နဲ့ မပြန်ဘဲ ခြေလျင်ပြန်ဖို့ဆုံးဖြတ်ခဲ့ကြတယ်။ ရွှေတိဂုံသပိတ်စခန်း အသီးသီးကို စွန့်ပြီး ငါးထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ ဗိုလ်တစ်ထောင်ဘုရားတွေမှာ စခန်းချဖူးမျှော်ပြီး ဇွန်လ (၁)ရက်နေ့မှာ ကြည့်မြင်တိုင် ကိုးထပ်ကြီးဘုရားသို့ ရောက်ရှိစခန်းချကာ နှုတ်ဆက်တရားပွဲ ကျင်းပခဲ့ကြတယ်။ အဲဒီအချိန်မှာ သခင်ဖိုးလှကြီးဟာ ကိုရင်ဘဝနဲ့ သင်္ကန်းဝတ်လျှက်ရှိနေပါတယ်။ ကိုရင်ဘဝနဲ့ပဲ ရေနံမြေ အလုပ်သမားတို့ရဲ့ တောင်းဆိုချက်တွေနဲ့ပတ်သက်၍ သော်လည်းကောင်း၊ လောလောဆယ် ရန်ကုန်မြို့ရှိ ရေနံမြေသပိတ်မှောက် အလုပ်သမားအရေးနဲ့ ပတ်သက်၍သော်လည်းကောင်း၊ ဦးပုအစိုးနဲ့ စေ့စပ်ဆွေးနွေးခဲ့တယ်။ အဲဒီလိုဆွေးနွေးပြီးနောက် ရေနံမြေသို့ ပြန်ရန် ဆုံးဖြတ်ခဲ့တယ်။ သခင်ဖိုးလှကြီးဟာ ဇွန်လ(၁၇) ရက်နေ့မှာ လူဝတ်လဲလိုက်တယ်။ အဲဒီနေ့ နေ့လည်ပိုင်းမှာ မြို့မိမြို့ဖတွေကို ကိုးထပ်ကြီးဘုရားကို ဖိတ်ကြားပြီး နှုတ်ဆက်ပွဲ ကျင်းပခဲ့တယ်။

နှုတ်ဆက်ပွဲမှာ သခင်ဖိုးလှကြီးက အရင်းရှင်ဘီအိုစီကုမ္ပဏီဟာရေနံမြေအလုပ်သမားတွေရဲ့ တောင်းဆိုချက်တစ်ချို့ကို လိုက်လျောပေးလျက်ရှိကြောင်း၊ အဲဒီလို လိုက်လျောတာဟာ မလွဲမရှောင်သာ၍ဖြစ်ကြောင်း၊ အရေးတော်ပုံမှာ မပြီးဆုံးသေးကြောင်း မြို့မိမြို့ဖများကို မမေ့ပါကြောင်း၊ မိမိတို့မှာ ခုနှစ်လကျော်ရှစ်လမျှ ကြာအောင် ဧည့်သည်အဖြစ်နေခဲ့ရတာကို အထူးကျေးဇူးတင်ကြောင်း၊ ရေနံမြေရောက်လျှင် လုပ်စရာကိစ္စအဝဝ ရှိနေသေးသဖြင့် ပြန်ရခြင်းဖြစ်ကြောင်း မြို့မိမြို့ဖများနှင့် ပြည်သူလူထု၏ကျေးဇူးကိုတစ်သက်တာဆပ်၍ကုန်မည် မဟုတ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ သခင်ဘိုးလှကြီး ခေါင်းဆောင်တဲ့ ရေနံမြေသပိတ်တပ်သားတွေဟာ ဇွန်လ(၁၇) ရက်နေ့ညမှာ အစိုးရစရိတ်ဖြင့် သင်္ဘောစီးကာရေနံမြေသို့ပြန်လည်ထွက်ခွာသွားခဲ့ကြတယ်။ ၁၉၃၉ ခုနှစ်ဇူလိုင်လမှာ သပိတ်စခန်းချခဲ့ကြောင်း ရွှေတိဂုံကုန်းတော်က ဇရပ်အသီးသီးကို သပိတ်အလုပ်သမားတွေက ပြန်လည်ပေးအပ်ခဲ့ကြတယ်။ သခင်သိန်းမောင်ကြီး (မီးတုတ်)၊ သခင်အုန်းမောင်နှင့် ဇနီးဒေါ်ရင်ရင်၊ သခင်လှကျွေ (သင်္ဘောကြီးသပိတ်)၊ ကိုကျော်သန်း၊ ကိုလွန်း မောင်(ဘီအိုင်သပိတ်)၊ မစောဝန်(ပုသိမ်ညွှန့်မီးခြစ်စက်သပိတ်)တို့သာ ကျန်ခဲ့ပါတော့သည်။ ဤနည်းအားဖြင့် ၁၃၀၀ပြည့် အရေးတော်ပုံကြီးဟာ နိဂုံးချုပ်အဆုံးသတ်သွားပါတော့တယ်။

### မှီငြမ်းကိုးကားသော အထောက်အထား

(၁) ဦးလေးမောင်-မြန်မာနိုင်ငံရေးသမိုင်း(ပထမတွဲ)
(၂) ဦးလေးမောင်-မြန်မာနိုင်ငံရေးသမိုင်း(ဒုတိယတွဲ)
(၃)သခင်ဘမောင်-ဝံသာနုအရေးတော်ပုံသမိုင်း(၁၉၀၆-၁၉၃၆)
(၄) သခင်ဗတင်- ၁၃၀၀ပြည့်အရေးတော်ပုံမှတ်တမ်း
(၅) တို့ဗမာအစည်းအရုံးသမိုင်း(ပထမတွဲ)
(၆) တို့ဗမာအစည်းအရုံးသမိုင်း(ဒုတိယတွဲ)
(၇) သခင်ဖေ(လမ်းရှာ) ၁၃၀၀ပြည့်အရေးတော်ပုံရေနံမြေသပိတ်ကြီး မိုင်(၄၀၀)ကျော်ခရီးစဉ်မှတ်တမ်း၊ (၁၉၇၂) မေလ (၁)ရက်နေ့ထုတ်အလုပ်သမား ပြည့်သူ့နေ့စဉ်သတင်းစာ။

**အောင်မြင့်ဦး(တောစီး)**

www.burmeseclassic.com